LIVINGCOLOR



၂၀၀၈
မတ်တိုင်များ

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

နှစ်သစ်ကူးဆုတောင်း

Living Color စာဖတ်ပရိသတ်များ၊ စာမူရှင်၊ ဆောင်းပါးရှင်များ၊ ကြော်ငြာရှင်များနှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ၂၀၀၉ နှစ်သစ်တွင် ကိုယ် စိတ် နလုံး သုံးပါးစလုံး ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် မိမိတို့ ကိုယ်စီကိုယ်ငှ ပေးဆပ်ခဲ့သည်များနှင့်အညီ နှစ်စဉ် မျှော်လင့်တောင့်တလာခဲ့သော လိုအင်ဆန္ဒများ ရရှိပြည့်စုံကြကာ ရန်သူမျိုးငါးပါးမှ အထူးကင်းဝေးကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

RECYCLE
KEEP THE WORLD GREEN.

၁ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂ ။ ဤစာအုပ်၏ မြန်မာ့စီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ (အထူးသဖြင့် ဘောင်ဝတ် ဖော်ပြထားသောသတင်းများ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အဝိဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

Opportunity Cost

Opportunity Cost ဆိုသည့်စကားလုံးကို ဘောဂဗေဒနယ်ပယ်တွင် အဓိကသုံးစွဲသော်လည်း သဘောတရားတူခဲ့လျှင် အခြားနယ်ပယ်များ၌လည်း ယူငင်သုံးစွဲလေ့ရှိပါသည်။ အရေးကြီးသော နိုင်ငံရေးဘောဂဗေဒအသုံးအနှုန်းဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲမှုမရှိသေးသောကြောင့် မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းလည်း မရှိသေးသည်ကိုတွေ့ရသည်။

ဤသဘောတရားမှာ နိုင်ငံရေးခေါင်းဆောင်များက နိုင်ငံ၏စီးပွားရေးကို စီရင်ဆုံးဖြတ်ရာတွင် အရေးကြီးသောကြောင့် မြန်မာနိုင်ငံတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်ကျင့်သုံးသင့်သည့် သဘောတရားတစ်ခု ဖြစ်ပါသည်။

အမှန်အားဖြင့် Opportunity Cost ဆိုသည်မှာ မရွေးချယ်ဘဲ လက်လွတ်လိုက်ခြင်းကြောင့် ဆုံးရှုံးသွားသောအခွင့်အလမ်းများ၏တန်ဖိုးကို ဆိုလိုပါသည်။

နိုင်ငံတစ်ခု၏စီးပွားရေးကိုတည်ဆောက်ရာတွင် ရွေးချယ်စရာများစွာရှိနေရာ မည်သည့်လမ်းကြောင်းကိုရွေးချယ်လျှင် မည်သည့်အကျိုးအမြတ်ရ၍ မည်သည့်အခွင့်အလမ်းကိုဆုံးရှုံးသွားနိုင်သည်ဟု စဉ်းစားကြလေ့ရှိပြီး ဆုံးရှုံးသွားသောအခွင့်အလမ်းမှာ Opportunity Cost ဖြစ်သည်။

ဆယ်တန်းအောင်ပြီးချိန်တွင် မိဘတိုက်တွန်းမှုကြောင့် ဆေးတက္ကသိုလ်ကိုသွားလိုက်ရသဖြင့် ဝါသနာပါသော စီးပွားရေးပညာရပ်နယ်ပယ်တွင် လက်လွတ်သွားသောဖြစ်နိုင်ခြေအမျိုးမျိုးကို Opportunity Cost အဖြစ် သုံးစွဲနိုင်ပါသည်။

ပိုမို၍ရှင်းလင်းအောင် အများသိသောဥပမာတစ်ခုကို ဤနေရာတွင် ဖော်ပြလိုပါသည်။ ဂျပန်နိုင်ငံတွင် ကျပ် ၁၀ သိန်းသာပေးရသောကားတစ်စီးကို စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ကျပ်သိန်း ၅၀၀ နှင့်ဝယ်ယူသုံးစွဲသည်ဟုဆိုလျှင် နိုင်ငံစီးပွားရေးကို နောက်တစ်ဆင့်ဖွံ့ဖြိုးမှုဖြစ်ပေါ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှု Potential ကျပ်သိန်း ၄၉၀ ပျောက်ဆုံးသွားနိုင်သည်ဆိုသောသဘော ဖြစ်ပါသည်။

GDP ၏သဘောသည် ပြည်သူလူထုသုံးစွဲငွေ (C)၊ ပြည်သူလူထုက ရင်းနှီးမြှုပ်နှံမှုအလို့ငှာ သုံးစွဲငွေ (I)၊ အစိုးရသုံးစွဲငွေ (G)၊ ကုန်သွယ်မှုလိုငွေ သို့မဟုတ် ပိုငွေ (NX) တို့၏ ပေါင်းလဒ်ဖြစ်ပါသည်။ ပြည်သူလူထုသုံးစွဲငွေ (C)သည် GDP ကို တစ်ကြိမ်တစ်ခါသာ တိုးတက်စေနိုင်ပြီး ပြည်သူလူထုက ရင်းနှီးမြှုပ်နှံမှုအလို့ငှာ သုံးစွဲငွေသည် GDP ၏ ရေရှည်တိုးတက်မှုကို အထောက်အကူပြုရာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၏တန်ဖိုး (I)သည် အရေးကြီးလှသည်ဖြစ်သောကြောင့် (I) ကို ထိခိုက်စေမည့် Opportunity Cost များကို အလေးထားနိုင်ပါရန် ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

အယ်ဒီတာ

(၁၄-၁၂-၂၀၀၈)

LIVINGCOLOR

LIVING COLOR. No.162, JANUARY. 2009.

၁ အယ်ဒီတာ့အာဘော်

၅ ယခုနှစ်အကြိုက်ဆုံးဝန်ဆောင်မှု

၇ ယခုနှစ်အကြိုက်ဆုံးကုန်ပစ္စည်း

၈ ယခုနှစ်အကြိုက်ဆုံးကြော်ငြာ

၉ ယခုနှစ်သတင်းအညွှန်း

၁၂ မြန်မာ့စီးပွားရေးသတင်း

၁၆ မျက်နှာဖုံးဆောင်းပါး

၂၀၀၈ ခုနှစ်မှတ်တိုင်များ (နိုင်ငံရေး၊ စီးပွားရေး)

အယ်ဒီတာအဖွဲ့.

၃၀/၂၇ ၂၀၀၈ ခုနှစ်မှတ်တိုင်များ (လူမှုရေး)

အယ်ဒီတာအဖွဲ့.

၃၀/၅၃ ၂၀၀၈ ခုနှစ်မှတ်တိုင်များ (စာပေ၊ အနုပညာ)

အယ်ဒီတာအဖွဲ့.

၃၂ မြန်မာ့စီးပွားရေးမြင်ကွင်း

၂၀၀၈ မြန်မာ့ရွှေဈေးကွက်နှင့် ၂၀၀၉ ခုနှစ် အလားအလာ

Mass Peafowl News

၃၆ တွင်းထွက်ပတ္ထမြားကို စိန်ခေါ်ယှဉ်ပြိုင်လာသည့် သိပ္ပံပတ္ထမြား

စိုင်းအောင်

၄၂ ၂၀၀၈ ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ၊ ဇာလီကျော်

၄၈ မစားသော်လည်း အားထားစိုက်သည်

နိုင်မင်းဝေ

၅၂ **Sluggish** လား **Bubble** လား

ကေနိုင်ကျော်

၅၆ အချိုးအကွေ့များနှင့် ရေလုပ်ငန်းဈေးကွက် ၂၀၀၈

ကျော်ဆန်းမင်း၊ ကြူကြူသင်း၊ မိုးနိုင်

၆၂ စာတန်းထိုးဇာတ်လမ်းများ ဝင်ရောက်မှုနှင့် မြန်မာဗီဒီယိုဈေးကွက် ၂၀၀၈

ကျော်ဆန်းမင်း၊ မိုးနိုင်

CONTENTS

LIVING COLOR. No.162, JANUARY. 2009.

၆၆ မြန်မာ့စီးပွားရေးအမြင်
ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းကို
ဖွံ့ဖြိုးဆဲနိုင်ငံများ ကျော်လွှားနိုင်ရေး
ဒေါက်တာကိုကို (Economic Analyst)

၇၀ စီးပွားရေးလုပ်ငန်းတစ်ခု
စတင်တည်ထောင်လုပ်ကိုင်ခြင်း (၃)
မှူးခန့်စံ

၇၄ ရက်စွဲမှတ်တမ်း

၉၄(A) ဘယ်ပစ္စည်းဘာ့ကြောင့်

၉၆ ဈေးဝယ်လမ်းညွှန်

၉၈ ကာတွန်း
ဒါရိုက်တာအောင်ကြူကြူ
စိုးသော်တာ

၁၁၇ တစ်ဦးတည်းကိုယ်စားလှယ်

၁၁၈ ကုမ္ပဏီနှင့်စက်မှုလုပ်ငန်းများမိတ်ဆက်
D & D Group Co., Ltd.

၁၂၀ တွေ့ဆုံခြင်း
“အမေရိကန်ဖြစ်ဖြစ်၊ တရုတ်ဖြစ်ဖြစ်၊ အိန္ဒိယ
ဖြစ်ဖြစ်အားလုံးဟာ သူ့ကိုယ်ကျိုးအခြေခံပြီး လုပ်နေ
တာပါပဲ”
ပါမောက္ခ ဒေါက်တာတင်စိုးနှင့်တွေ့ဆုံခြင်း
Powerful News

၁၂၈ ကုန်စျေးနှုန်း

၁၃၄ တွေ့ဆုံဆွေးနွေးမှုများ

၁၃၆ အတွေးအမြင်
ရလဒ် (ယခင်လမှအဆက်)
မြသန်းသန်းနု

၁၄၀ ငွေကစကားပြောတတ်လျှင်
ယူနီဗာစီတီစံမောင်

၁၄၄ အဖေခွဲဝေပေးသောအမွေ
မောင်မောင်တင်

၁၄၈ တောင်ကြီးသို့ နောက်တစ်ခေါက် (၄)
သခင်တင်မြ

၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၁၆)
ဦးလှဝင်း (လေသူရဲတစ်ဦး)

Contents

Board of Editors

Chief Editor – ကျော်မင်းဆွေ

Deputy Chief Editor – ဇေယျသူ

Editor In Charge (Production) – မင်းခင်

Editor In Charge – ကျော်နိုင်

Senior Executive Editor – ရဲမင်းဦး

Research & Development Editor – နွေအိပြိမ့်

Executive Editors – နိုင်ဆွေခော်ဝင်းတင်၊ ခင်ခင်သော်၊
နွဲ့ကေနိုင်၊ သီရိခော်

Editors – မိုးကျော်လွင်၊ စန်းမော်အောင်၊ သိဂီတိုက်၊ မြနွဲးအေး

Senior Reporters – တင်လင်း၊ နိုးယုဝေ၊ ကျော်ဆန်းမင်း၊
လှိုင်းသစ်ခင်ဝေ၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်

Staff Reporters – ကေနိုင်ကျော်၊ ကျော်ဇေယျာထွန်း၊ အောင်နိုး၊
အိမွန်ကျော်၊ ခင်ဌေးကြွယ်၊ ကျော်ဇေယျာဝင်း၊ ကြူကြူသင်း(မိုးမြေ)

DTP Department

Supervisor – မခိုင်

Staff Operators – ဥဝါခိုင်၊ အေးမို့မို့အောင်၊ ခင်မာလွင်၊ သီတာနေး

Finance Department

General Manager – ဖေအောင်ခင်

Manager (Admin and Finance) – စန်းသီတာ

Assistant Manager – နိုင်ရတနာထိုက်

(Marketing/Distribution Accounts)

Marketing Department

Manager – ကျော်သန်း

Assistant Manager – ဖြူဖြူသီ

Designer – သိန်းအောင်ထွဋ်

Marketing Supervisor – စန္ဒာလှိုင်

Marketing Assistants – ခင်မျိုးရွှေ၊ မင်းအောင်၊
ပြည့်ဖြိုးအောင်၊ လဲ့ရည်ဦး

Receptionist – ဆုခိမာခြွေဦး၊ နုဝါဝင်း

Printing Department

Manager – စောမိုးခက်

Production Department

Manager (Production & External Relation) – အောင်ကျော်ဆန်း

Assistant Manager – ဟန်မြင့်

Distribution Department

General Manager – မင်းခင်

Assistant Manager – ထက်ဝေါင်

Assistants – ဆွေငြိမ်းအေး

Creation Department

Art Director – နိုးသော်တာ

Cover Idea & Design – KMS၊ မျိုးထူးထက်

Cover Logo – အောင်မင်း၊ ဘဒ္ဒေကြည်၊ မြင့်မောင်ကျော်

Illustrator – နိုးသော်တာ၊ ဇေသစ်တည့်

Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်-၁၁၅၉)
အမှတ် ၁၄၈-B ၊ အေဝမ်းလမ်း၊ ရွှမ်မိုင်မွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

Press

Living Color ပုံနှိပ်တိုက် (မြို-၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

Office

သမ္မတတိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၄၂၄၂၄၊ ၀၉-၅၀၀၀၉၉၇၊ ၀၉-၉၉၇၄၃၄၃
ဖက်စ်- ၂၄၂၄၂၄၊ ၃၃၅၅၉၂၈၊
hot line - ၀၉-၉၉၇၄၃၄၃

E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanto@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

Web Site - www.foreverspace.com.mm

Photographers – မိုးကျော်လွင်

B/W Film – PERFECT

Binding – သစ္စာ စာအုပ်ချုပ်

Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၄၁၂၃၄၁၀၀

Circulation – ၁၀၀၀

Distribution Price – ၁၃၅၀ ကျပ်

Copyright – Living Color (ကြော်ငြာနှင့်ရွေးဝယ်လမ်းညွှန်)

ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အိလက်ထရောနစ်၊ ကမ္ဘာ့ပွင့်ကုန်တိုက်၊ ဓာတ်ပုံပြောင်းတိုး၊ ဘုရင့်နောင်ကုန်စည်ဗိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ကန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ လေး၊ စာအုပ်ချုပ်အဖွဲ့၊ ဈေး၀ယ်သူများ၊ ဌာနရှေ့သူများ၊ ဓာတ်ပြားအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

SERVICE OF THE YEAR

ယခုနှစ်အကြိုက်ဆုံးဝန်ဆောင်မှု (၁)

ယခုနှစ်အကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် ရန်ကုန်မြို့တော်အတွင်း အင်တာနက်အသုံးပြုနေသည့်နေရာများတွင် WiFi ကြိုးမဲ့အင်တာနက်ကွန်ရက်စနစ်ဖြင့် အင်တာနက်အခမဲ့ချိတ်ဆက်အသုံးပြုနိုင်မှုကို ရွေးချယ်လိုက်ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ Myanmar Teleport တို့အပြင် ၎င်းတို့၏ Local Service Provider (LSP) ကုမ္ပဏီများက ၂၀၀၈ ခုနှစ်အတွင်း ADSL Broadband အင်တာနက်စနစ်သာမက WiMax Broadand Wireless အင်တာနက်စနစ်ကိုပါ တိုးမြှင့်ရောင်းချခဲ့ရာ အဆိုပါအင်တာနက်စနစ်အသုံးပြုသူနှင့် ကုမ္ပဏီအဖွဲ့အစည်းအရေအတွက် သိသိသာသာတိုးပွားလာခဲ့ပြီး ၎င်းတို့မှတစ်ဆင့် WiFi ကြိုးမဲ့ကွန်ရက်စနစ်ကို အသုံးပြု၍ ပတ်ဝန်းကျင်ရှိ ကွန်ရက်မိသည့်ဧရိယာအတွင်း WiFi စနစ်ပါရှိသော Laptop၊ Mobile Phone တို့ဖြင့် အင်တာနက်အသုံးပြုနိုင်ခြင်း၊ Skype ဖုန်းဆက်သွယ်ပြောဆိုခြင်း၊ G-talk ဖြင့် Chatting ပြုလုပ်ခြင်း၊ E-mail အသုံးပြုခြင်း၊ SIM Card မလိုဘဲ VOIP စနစ်ဖြင့် ဖုန်းဆက်သွယ်ပြောဆိုခြင်း စသည်တို့ကို အခမဲ့ချိတ်ဆက်ဆောင်ရွက်နိုင်သဖြင့် ယခုကဲ့သို့ ရွေးချယ်ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ထိုသို့ချိတ်ဆက်အသုံးပြုရာ၌ မိမိတို့ချိတ်ဆက်အသုံးပြုသည့် အင်တာနက် Bandwidth ပမာဏ၊ ဆက်သွယ်မှုလိုင်း (Connection) ကြည်လင်ပြတ်သားမှုနှင့်လုံခြုံမှု (Security) တို့အပေါ်မူတည်၍ ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ICT ဝန်ဆောင်မှုများဆောင်ရွက်လျက်ရှိသော Link Master Co., Ltd. နှင့် Myanmar ING အဖွဲ့တို့ပူးပေါင်းသုတေသနပြုနေသည့် WiFi City 2009 Yangon စီမံချက်အရ ရန်ကုန်မြို့တော်အတွင်း ယင်းကဲ့သို့ WiFi စနစ်ဖြင့် အများပြည်သူတို့ အင်တာနက်အခမဲ့ချိတ်ဆက်အသုံးပြုနိုင်မည့် Hotspot နေရာပေါင်း ၁၀၀ ကျော် ရှိနေသည်ဟု သိရပါသည်။

အယ်ဒီတာ

SERVICE OF THE YEAR

ယခုနှစ်အကြိုက်ဆုံးဝန်ဆောင်မှု (၂)

မြန်မာနိုင်ငံတွင် မေလ ၂ ရက်နှင့် ၃ ရက်နေ့က ကျရောက်သွားခဲ့သည့် သမိုင်းတစ်လျှောက် အပြင်းထန်ဆုံး၊ အဆိုးရွားဆုံး နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး တိုက်ခတ်မှုကြောင့် အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးသွားကာ ဘေးဒုက္ခအန္တရာယ်နှင့် ကြီးစွာရင်ဆိုင်နေရသော အပြစ်မဲ့ပြည်သူလူထုအတွက် မရှိမဖြစ် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ၊ အစားအသောက်နှင့် ဆေးဝါးများပေးပို့လှုဒါန်းကြသော သံဃာတော်များအပါအဝင် ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာပြည်သူနှင့် အစိုးရများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သောအသင်းအဖွဲ့များ၊ တစ်ဦးချင်း တစ်ယောက်ချင်း တစ်နိုင်တစ်ပိုင် လှူဒါန်းထောက်ပံ့သူများ၊ ဘေးဒုက္ခကျရောက်ရာဒေသများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ကူညီကြသူ စေတနာဝန်ထမ်းများ၊ မုန်တိုင်းသတင်းနှင့် မုန်တိုင်းနောက်ဆက်တွဲအခြေအနေဖော်ပြပေး သောပြည်တွင်းပြည်ပမီဒီယာအသီးသီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး၏ ကူညီကယ်ဆယ်ပံ့ပိုးမှုများကို ယခုနှစ်အကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် ထပ်မံရွေးချယ်လိုက်ပါသည်။

အယ်ဒီတာ

PRODUCT OF THE YEAR

ယခုနှစ်အကြိုက်ဆုံးကုန်ပစ္စည်း

ယခုနှစ်အကြိုက်ဆုံးကုန်ပစ္စည်းအဖြစ် အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၂ ရက်အထိ ရန်ကုန်မြို့တော်တပ်မတော်ခန်းမတွင်ကျင်းပသည့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းများ၏ (၁၀) နှစ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲတွင် ကွန်ပျူတာကုမ္ပဏီများက အထူးနှုန်းဖြင့်ရောင်းချခဲ့သော MP4, MP3 နှင့် Memory Stick များကို ရွေးချယ်ဖော်ပြလိုက်ပါသည်။ ယင်းပြခန်းများ၌ Sony အမှတ်တံဆိပ် 2GB MP4 Player တစ်ခုကို ၁၉,၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ Kingston အမှတ်တံဆိပ် 8GB Memory Stick တစ်ခုကို ၁၉,၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ 4GB Memory Stick တစ်ခုကို ၁၃,၅၀၀ ကျပ်ဖြင့် လည်းကောင်း၊ 2GB Memory Stick တစ်ခုကို ၉,၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ 1 GB Memory Stick တစ်ခုကို ၇,၅၀၀ ကျပ်ဖြင့်လည်းကောင်း မကြံစဖူးဈေးနှုန်းများ တစ်ပြိုင်နက်လျှော့ချရောင်းချခဲ့ရာ ပစ္စည်းပြတ်သည်အထိ ဝယ်ယူအားပေးသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့ပါသည်။ ထို့အပြင် အဆိုပါကွန်ပျူတာပြပွဲကာလအပြီးတွင်လည်း ၎င်းတို့၏ကုမ္ပဏီ အရောင်းပြခန်းများ၌ 8GB Memory Stick တစ်ခုကို ၁၅,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ 4GB Memory Stick တစ်ခုကို ၁၁,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ 2GB Memory Stick တစ်ခုကို ၇,၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ 1GB Memory Stick တစ်ခုကို ၅၀၀၀ ကျပ်ဖြင့်လည်းကောင်း အထူးနှုန်းဟုဆိုကာ ထပ်မံလျှော့ချရောင်းချခဲ့ပြန်ရာ လူတိုင်းဝယ်ယူသုံးစွဲနိုင်သည့်အဆင့်သို့ ရောက်ရှိလာခဲ့သောကြောင့် ယခုကဲ့သို့ ဖော်ပြလိုက်ရခြင်းပင် ဖြစ်ပါသည်။

အယ်ဒီတာ

ADVERTISEMENT OF THE YEAR

ယခုနှစ်အကြိုက်ဆုံးကြော်ငြာ

ယခုနှစ်အကြိုက်ဆုံးကြော်ငြာအဖြစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက်ပိုင်း ရုပ်သံမီဒီယာများတွင် မကြာခဏ ထုတ်လွှင့်ပြသခဲ့သော ရုပ်ရှင်သရုပ်ဆောင်ရာဇာနေဝင်း အဓိကပါဝင်သရုပ်ဆောင်ထားသည့် 'ပျောက်ဆုံးသွားခဲ့သောနိဗ္ဗာန်ဘုံ' အမည်ရှိ မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီကြရန် တိုက်တွန်းနှိုးဆော်ထားသည့် TV Spotကို ထပ်မံရွေးချယ်လိုက်ပါသည်။ ယင်းအစီအစဉ်တွင် မုန်တိုင်းဒဏ်အဆိုးရွားဆုံးခံစားခဲ့ရသော လပွတ္တာမြို့နယ်အပါအဝင် မုန်တိုင်းသင့်ဒေသများ၏ ပကတိပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ အသက်မသေဘဲ ကျန်ရစ်ခဲ့သူ မိသားစုဝင်များ၏ ကြေကွဲဖွယ် ပရိဒေဝသောကများကို နောက်ခံထား၍ သရုပ်ဆောင်ရာဇာနေဝင်းက လိုက်လံအားပေးနှစ်သိမ့်နေပုံမှာ ပရိသတ်များ၏ ရင်ထဲအထိ နက်ရှိုင်းစွာထိုးဖောက်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ ရွေးချယ်ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

စီစဉ်သည့်အဖွဲ့အစည်း	–	ရွှေသံလွင်ကုမ္ပဏီ
ထုတ်လွှင့်သည့်မီဒီယာ	–	ဘရဏီကြော်ငြာလုပ်ငန်း
ဒါရိုက်တာ	–	စင်ရော်မောင်မောင်
သရုပ်ဆောင်	–	ရာဇာနေဝင်းနှင့် မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းဒေသခံပြည်သူများ
ပြဿနိုန်	–	သုံးမိနစ်

အယ်ဒီတာ

NEWSMAKER OF THE YEAR

ယခုနှစ်သတင်းအညွှန်း (၁)

'ယခုနှစ်သတင်းအညွှန်း' ကဏ္ဍကို တစ်နှစ်အတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်အနေဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအားသတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းစာစ်မြစ်၏အာဘော်အတိုင်းဖြစ်ပါသည်။**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မှားယွင်းစွာတောင်းဆိုမှုကို လက်ခံနိုင်ခြင်းမရှိသဖြင့် ပယ်ချ

နိုင်ငံ၏အကျိုးစီးပွားကို အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆက်လက်ကာကွယ်စောင့်ရှောက်မည်

နေပြည်တော် နိုဝင်ဘာ ၆

မြန်မာ့သီးသန့်စီးပွားရေးဇုန်အတွင်း ကျရောက်သော ရခိုင်ကမ်းလွှန်လုပ်ကွက်အမှတ် AD-7 လုပ်ကွက်ကို ၂၀၀၅ ခုနှစ်တွင် တင်ဒါခေါ်ယူခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းမှ တင်ဒါအောင်မြင်ခဲ့ကြောင်း သိရှိရသည်။

ဥပဒေမဲ့ မှားယွင်းစွာတောင်းဆို

ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းအနေဖြင့် အဆိုပါ AD-7 လုပ်ကွက်အတွင်း ၂၀၀၇ ခုနှစ်၌ ရာဇဓေရေးလုပ်ငန်းများကို လည်းကောင်း၊ ၂၀၀၈ ခုနှစ် စက်တင်ဘာလမှစ၍ စမ်းသပ်တူးဖော်ခြင်းလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နေစဉ် အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံက AD-7 လုပ်ကွက်သည် ၎င်းတို့၏ပိုင်နက်အတွင်း ကျရောက်ကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံမှ တူးဖော်နေမှုများကို ချက်ချင်းရပ်စဲပေးရန်ဖြစ်ကြောင်း ဥပဒေမဲ့ မှားယွင်းစွာတောင်းဆိုလာခဲ့ကြောင်း သိရသည်။

ဆက်လက်ဆောင်ရွက်သွားမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသည် နယ်နိမိတ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာဥပဒေများအတိုင်း ဆောင်ရွက်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မှားယွင်းစွာတောင်းဆိုမှုကို လက်ခံနိုင်ခြင်းမရှိသဖြင့် ပယ်ချခဲ့ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆက်လက်ကာကွယ်စောင့်ရှောက်သည့်အနေဖြင့် AD-7 လုပ်ကွက်အတွင်း ဆောင်ရွက်ရန်ရှိသည်တို့ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိသော 'ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မှားယွင်းစွာတောင်းဆိုမှုကို လက်ခံနိုင်ခြင်းမရှိသဖြင့်ပယ်ချ၊ နိုင်ငံ၏အကျိုးစီးပွားကို အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်အညီ ဆက်လက်ကာကွယ်စောင့်ရှောက်မည်' သတင်းကို ရွေးချယ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

NEWSMAKER OF THE YEAR

ယခုနှစ်သတင်းအညွှန်း (၂)

'ယခုနှစ်သတင်းအညွှန်း' ကဏ္ဍကို တစ်နှစ်အတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်အနေဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအားသတိပြုမိစေလိုလျှင် ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းစာစ်မြစ်၏အာဘော်အတိုင်းဖြစ်ပါသည်။**

ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဧရိယာများဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဧရိယာများဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၈/၂၀၀၈)
၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၈ ရက်
(၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဧရိယာများဥပဒေကို ပြင်ဆင်သည့် ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဧရိယာများဥပဒေ၏ နောက်ဆက်တွဲပါ အပိုဒ် ၃ ၏နောက်တွင် အပိုဒ် ၄ နှင့် အပိုဒ် ၅ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄။ **ဝန်ဝဲရစ်ကျွန်းအုပ်စု**

(က)	နွားသားအမိကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western point of Cow and Calf Island)	မြောက်လတ္တီတွဒ်	၁၃°	၀၇"
		အရှေ့လောင်ဂျီတွဒ်	၉၃°	၄၆"
(ခ)	အုန်းပင်ကျွန်း၏ အနောက်ဘက်စွန်း (Western point of Olm Pin Island	မြောက်လတ္တီတွဒ်	၁၃°	၅၂' ၁၅"
		အရှေ့လောင်ဂျီတွဒ်	၉၃°	၃၄"
(ဂ)	သံဖြူကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western point of Thee Phyu Island)	မြောက်လတ္တီတွဒ်	၁၃°	၅၁' ၄၀"
		အရှေ့လောင်ဂျီတွဒ်	၉၃°	၃၄"
(ဃ)	ဆင်ကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western point of Sin Island)	မြောက်လတ္တီတွဒ်	၁၃°	၅၀' ၅၆"
		အရှေ့လောင်ဂျီတွဒ်	၉၃°	၃၀"

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိသော 'ပိုင်နက်ပင်လယ်နှင့် ပင်လယ် ဧရိယာများဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း' သတင်းကို ရွေးချယ်ဖော်ပြထားခြင်းဖြစ်ပါသည်။

မြန်မာ့စီးပွားရေးသတင်း

B U S I N E S S N E W S

အမှတ် ၁၆၂ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ

ရေကြောင်းတက္ကသိုလ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းသား ၄၀၀ ကျော်သာ ဝင်ခွင့်ရမည်

ရန်ကုန်၊ ဒီဇင်ဘာ ၅

မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်၏ ၂၀၀၈–၂၀၀၉ ပညာသင်နှစ် ပထမနှစ်သင်တန်းသို့ ကျောင်းသားကျောင်းသူ ၄၁၀ ဦးသာ ဝင်ခွင့်ရ တက်ရောက်နိုင်မည်ဖြစ်ကြောင်း ယင်းတက္ကသိုလ်၏ကြေညာချက် (၇၅/ ၂၀၀၈) ဖြင့် ဒီဇင်ဘာလ ၃ ရက်နေ့၌ တရားဝင်ထုတ်ပြန်ကြေညာထားချက်အရ သိရသည်။

ရေကြောင်းပညာတက္ကသိုလ်သို့ စုစုပေါင်း ကျောင်းသားကျောင်းသူ ၄၆၄ ဦးဝင်ခွင့်ဖြေဆိုရာ ၄၁၀ ဦးသာ ပထမနှစ်သင်တန်း တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ယင်းတက္ကသိုလ်၏ ၂၀၀၈–၂၀၀၉ ပညာသင်နှစ်တွင် ပထမဦးဆုံးအမျိုးသမီး ၆၇ ဦး ဝင်ခွင့်ဖြေဆိုရာ ၅၈ ဦး ဝင်ခွင့်ရကြောင်း၊ ယခုနှစ်ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းဖြေဆိုရာ၌ ယောကျ်ားလေးအမှတ်ပေါင်း ၅၄၂ မှတ်နှင့် အနိမ့်ဆုံး ၄၇၃ မှတ်နှင့် မိန်းကလေး အနိမ့်ဆုံး ၄၈၃ မှတ်ဖြင့်အောင်မြင်သူများကိုသာ ခေါ်ယူထားကြောင်း၊ ရေကြောင်းတက္ကသိုလ်၏ နှစ်စဉ်ခေါ်ယူသောအမှတ်ပေါင်းများထက် ယခုနှစ်အမှတ်ပေါင်း ပိုမိုမြင့်လာခဲ့ကြောင်း ရေကြောင်းတက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာဌာနမှူးတစ်ဦးက ပြောကြားသည်။

ရေကြောင်းတက္ကသိုလ်၌ သင်ကြားရေးဌာန ၁၅ ခုခွဲခြားထားပြီး အဓိကသင်ကြားရေးဌာနများဖြစ်သော ရေယာဉ်တည်ဆောက်မှုပညာဌာန၊ ရေကြောင်းအင်ဂျင်နီယာဌာန၊ ဆိပ်ကမ်းအင်ဂျင်နီယာဌာန၊ မြစ်ချောင်းနှင့် အဏ္ဏဝါအင်ဂျင်နီယာပညာဌာန၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ်ပညာဌာန၊ ရေကြောင်းသိပ္ပံဌာန၊ သဘော်လုပ်ငန်းစီမံခန့်ခွဲမှုပညာဌာနနှင့် ဆိပ်ကမ်းစီမံခန့်ခွဲမှုပညာဌာန၊ အထောက်အကူပြုသင်ကြားရေးဌာနများဖြစ်သော မြန်မာစာဌာန၊ အင်္ဂလိပ်စာဌာန၊ အင်ဂျင်နီယာသချိုင်္ဂဏိတ်ဌာန၊ အင်ဂျင်နီယာဓာတုဗေဒဌာန၊ အင်ဂျင်နီယာရူပဗေဒဌာန ကွန်ပျူတာသိပ္ပံဌာနနှင့် အလုပ်ရုံနည်းပညာဌာနတို့ကို ခွဲခြားသတ်မှတ်သင်ကြားပေးလျက်ရှိကြောင်း ၎င်း၏အဆိုအရ သိရသည်။

၂၀၀၈–၂၀၀၉ ပညာသင်နှစ်၏ အမျိုးသမီးကျောင်းသူများအနေဖြင့် ကျောင်းသားများသင်ကြားသောဘာသာရပ်များကို သင်ကြားရမည်ဆိုသော်လည်း Marine Engineering (ရေကြောင်းအင်ဂျင်နီယာပညာ) နှင့် Nautical Science ရေကြောင်းသိပ္ပံစသော ဘာသာရပ်နှစ်မျိုး ပါဝင်မည်မဟုတ်ကြောင်း သဃ်နိုးကျွန်းမြို့နယ်မှ ပထမနှစ်သင်တန်းလာအပ်သည့် အသက် ၁၆ နှစ်အရွယ်ရှိ ကျောင်းသူတစ်ဦးက ပြောကြားသည်။

၂၀၀၇ ခုနှစ် ပညာသင်နှစ်တွင် အမှတ်ပေါင်း ၄၅၆ အနိမ့်ဆုံးဖြင့် တက်ရောက်နိုင်သော်လည်း ယခုနှစ်၌ ကျောင်းသားများတက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ အမှတ်များများနှင့် အောင်ချက်ကောင်းမွန်သောကြောင့် အမှတ်မှာ တဖြည်းဖြည်းမြင့်လာကြောင်း၊ ယင်းတက္ကသိုလ်၌ ၂၀၀၇ ခုနှစ်၌ ကျောင်းသား ၁၇၀၀ ဦးခန့်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ကျောင်းသားဦးရေ တိုးလာကြောင်း ယင်းတက္ကသိုလ် (သင်ကြား/ စီမံ) ဌာနမှ ဌာနမှူးများ၏အဆိုအရ သိရသည်။

၂၀၁၂ ခုနှစ် မူပိုင်ခွင့်ဥပဒေတွင် ဆော့ဖ်ဝဲမူပိုင်ခွင့်ပါဝင်မည်

ရန်ကုန်၊ နိုဝင်ဘာ ၇

မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းမည်ဖြစ်ရာ ကွန်ပျူတာဆော့ဖ်ဝဲရေးဆွဲမှု၊ ကူးယူမှုများအတွက် မူပိုင်ခွင့်ကိုပါ အခန်းကဏ္ဍတစ်ရပ်အဖြစ် ပြဋ္ဌာန်းမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ဒါရိုက်တာ ဦးသောင်း တင်က ပြောကြားသည်။

ယင်းမူပိုင်ခွင့်ဥပဒေတွင် အနုပညာရပ်ဆိုင်ရာကို အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းထားသည်ဟု လူသိများကြသော်လည်း ကွန်ပျူတာပညာရပ်နှင့်သက်ဆိုင်သော အခန်းကဏ္ဍများ ထည့်သွင်းမည့်အကြောင်းကို လူသိနည်းနေကြသေးကြောင်း၊ ယင်းဥပဒေတွင် ကွန်ပျူတာဆော့ဖ်ဝဲရေးဆွဲမှု၊ ဆော့ဖ်ဝဲများကူးယူမှု၊ ခွင့်ပြုချက်မရဘဲ သုံးစွဲမှုများအတွက် ထည့်သွင်းပြဋ္ဌာန်းထားကြောင်း ၎င်းက ဆိုသည်။

ဆော့ဖ်ဝဲများကူးယူမှု၊ ပြင်ဆင်မှုများပြုလုပ်ပါ Electronic Transaction Law အရ ထောင်ဒဏ်ငါးနှစ်ကျခံရမည်ဖြစ်သည်ဟု ရေးဆွဲပြဋ္ဌာန်းထားမှုများရှိကြောင်း၊ သို့သော် ယင်းနှင့်ပတ်သက်၍ လူသိနည်းနေကြသေးကြောင်းနှင့် ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းမည့် မူပိုင်ခွင့်ဥပဒေတွင်လည်း ယင်းအခန်းကဏ္ဍကို ထည့်သွင်းပြဋ္ဌာန်းထားကြောင်း ဦးသောင်းတင်က ပြောကြားသည်။

WIPO (World Intellectual Property Organization, U.S Copyright Office) ၏ မူပိုင်ခွင့်အတည်ပြုရေးကို ၂၀၀၅ ခုနှစ် မေလ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ၂၀၀၉ ခုနှစ်တွင် စတင်အကျိုးဝင်မည်ဖြစ်သော်လည်း ၂၀၁၂ ခုနှစ်တွင် စတင်ကျင့်သုံးမည်ဖြစ်ကြောင်း ၎င်းကထပ်မံပြောကြားသည်။

မြသဲနိုင်

ဓမ္မဝိဟာရကျောင်းတိုက်မှ ကျောင်းသား ၂၀၀ ကို အခမဲ့ ပညာသင်ပေးမည်

ရန်ကုန်၊ နိုဝင်ဘာ ၁၄

ဓမ္မဝိဟာရဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ၂၀၀၉ ပညာသင်နှစ်အတွက် ကျောင်းသား ၂၀၀ ဦးခန့်လက်ခံ၍ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း ယင်းကျောင်းတိုက်မှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။

ကျောင်းသားများလက်ခံရာတွင် မုန်တိုင်းသင့်ဒေသမှ ကလေးငယ်များအပါအဝင် အသက် ၁၄ နှစ်မပြည့်သေးသောကလေးများကို ဦးစားပေး၍ လက်ခံသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ရှိ ဆင်းရဲနွမ်းပါးသောကလေးငယ်များ လက်ခံမည်ဖြစ်ပြီး မူလတန်းပညာသင်ပေးသွားမည်ဖြစ်ကြောင်း ဆရာတော်က ထပ်မံမိန့်ကြားသည်။

ယင်းသို့လက်ခံရာတွင် ကလေးငယ်များ၏ အုပ်ထိန်းသူဖြစ်စေ၊ တာဝန်ခံသူဖြစ်စေ ကိုယ်တိုင်လာရောက်အပ်နှံနိုင်ကြောင်း၊ နယ်မှလာရောက်ပညာသင်ကြားသောကလေးများကို ရှင်သာမဏေဝတ်စေ၍ ကျောင်းတွင်နေစေမည်ဖြစ်ကြောင်း ပညာသင်ကြားသောကလေးများအနေဖြင့် အခြေခံမူလတန်းအပြင် အခြေခံပရိယတ္တိပညာသင်ကြားလိုပါက သင်ယူစေမည်ဖြစ်ကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

အဆိုပါကျောင်းတိုက်တွင်သင်ကြားလိုသော အသက် ၁၄ နှစ်မပြည့်သေးသည့်သာမဏေများမှာ သဃ်နိုးကျွန်းမြို့နယ် (၄/က) ရပ်ကွက် ဓမ္မဝိဟာရပထမကျောင်စာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်သို့ လာရောက်လျှောက်ထားနိုင်ကြောင်း အဆိုပါကျောင်းတိုက်မှ စုံစမ်းသိရှိရသည်။

ယင်းကျောင်းတိုက်တွင် အခြေခံပရိယတ္တိပညာကို ၁၉၉၉–၂၀၀၀ ခုနှစ်က စတင်သင်ကြားပေးခဲ့သည်။

ရိုးမဘဏ် ငွေလွှဲလုပ်ငန်း ဆက်လက်လုပ်ကိုင်မည်

ရန်ကုန်၊ နိုဝင်ဘာ ၉

မြန်မာနိုင်ငံတွင် အရေအတွက် အနည်းငယ်သာရှိသော ပုဂ္ဂလိကဘဏ်များထဲမှ တစ်ခုဖြစ်သည့် ရိုးမဘဏ်အနေနှင့် ငွေအပ်နှံစုဆောင်းလက်ခံခြင်းနှင့် ငွေချေးလုပ်ငန်းများကို လုပ်ကိုင်ရန်မရှိသေးဘဲ ငွေလွှဲလုပ်ငန်းကိုသာ ဆက်လက်လုပ်ကိုင်ရဦးမည်ဖြစ်ကြောင်း အဆိုပါဘဏ်တည်ထောင်ထားသည့် First Myanmar Investment (FMI) ကုမ္ပဏီ၏ဥက္ကဋ္ဌ ဦးသိမ်းဝေက ပြောကြားသည်။

ရိုးမဘဏ်ကို ၁၉၉၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် Frist Myanmar Investment (FMI) က စတင်တည်ထောင်ခဲ့ပြီး လတ်တလော မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘဏ်ခွဲပေါင်း ၄၀ ကျော် ဖွင့်လှစ်ကာ ငွေလွှဲလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိသည်။

မွန်ဘိုင်းကမ္ဘာ့ဝိပဿနာစေတီတော် ထီးတော်တင်ပွဲ အိန္ဒိယသမ္မတအပါအဝင် အာရုဂေါင်းဆောင်အချို့တက်ရောက်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၁



အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ဆောက်ပြီးစီးလုနီးပြီဖြစ်သော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး၏ ထီးတော်တင်အခမ်းအနားကို ယခင်သတ်မှတ်ထားသည့်အတိုင်း ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ပြီး ယင်းအခမ်းအနားသို့ အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး Mrs. Rashtrapati နှင့် အာရုနိုင်ငံအချို့မှခေါင်းဆောင်များ တက်ရောက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်အခြေစိုက် စေတီတော်ဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးက ပြောကြားသည်။

ယင်းအခမ်းအနားသို့ နိုင်ငံခြေါင်းဆောင်များနှင့်အတူ ကမ္ဘာ့သာသနာပြုဆရာတော်ကြီးများ၊ ဘုရားဖူး ထောင်ပေါင်းများစွာတက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ထီးတော်တင်မည့်ရက်အတွင်း မွန်ဘိုင်းမြို့တွင် ကမ္ဘာ့ဗုဒ္ဓထိပ်သီးညီလာခံကြီးလည်း ကျင်းပမည်ဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

အဆိုပါစေတီတော်ကြီးကို ၁၉၉၇ ခုနှစ်တွင် အုတ်မြစ်ချစတင်တည်ဆောက်ခဲ့ပြီး အလုံးစုံပြီးစီးပါက စေတီတော်လိုဏ်ဂူတွင်း၌ လူရှစ်ထောင်ခန့် တစ်ပြိုင်တည်း တရားအားထုတ်နိုင်မည်ဖြစ်ကြောင်း စေတီတော်တည်ဆောက်ရေးမှတ်တမ်းများအရ သိရသည်။

ယင်းထီးတော်တင်အခမ်းအနားသို့ လိုက်ပါကြမည့်အလှူရှင်များ၊ ရေစက်သွန်းချမည့်သူများ၊ ဓမ္မမိတ်ဆွေများအတွက် ခရီးစဉ်ကို သုံးမျိုးစီစဉ်ထားကြောင်း၊ ယင်းတို့မှာ ၄ ရက်ခရီးစဉ်အတွက် ဗီဇာကြေးအပါအဝင် အမေရိကန်ဒေါ်လာ ၁၁၀၀၊ ၆ ရက်ခရီးစဉ်အတွက် ဒေါ်လာ ၁၂၀၀၊ ၈ ရက်ခရီးစဉ်အတွက် ဒေါ်လာ ၁၄၀၀ တို့ သတ်မှတ်ထားကြောင်း၊ လိုက်ပါမည့်သူများအနေဖြင့် စရန်ငွေတစ်ဝက်ပေးသွင်းပြီး ဒီဇင်ဘာ ၃၉ ရက်မတိုင်မီ ဖုန်း-(၀၉-၅၀၂၄၀၄၀၊ ၀၉-၅၀၁၀၈၀၀၊ ၀၉-၅၀၃၃၀၉၀) နှင့် (၂၄၅၃၃၇၊ ၂၄၅၂၀၁၊ ၂၅၃၆၀၁) တို့ကို ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ရန်ကုန်မြို့တော် အမှတ် (၇၇) ရွှေဘုံသာလမ်းရှိ အပြည်ပြည်ဆိုင်ရာ ဓမ္မဂိရိဝိပဿနာအဖွဲ့သို့ ကိုယ်တိုင်လာရောက်နိုင်ကြောင်းလည်း ယင်းအဖွဲ့မှ တာဝန်ခံတစ်ဦးက ရှင်းပြသည်။

ပြည်ပထွက်ခွာအလုပ်လုပ်မှုများကြောင့် ပြည်တွင်း၌ အီလက်ထရွန်နစ်ပညာရှင်ရှားပါး

သတင်းဆောင်းပါး - အိမွန်ကျော်၊ ၁၀-၁၁-၂၀၀၈

ပြည်တွင်းမှ အီလက်ထရွန်နစ်သင်တန်းဆင်းများနှင့် ပညာရှင်များ အလုပ်လုပ်ကိုင်ရန် ပြည်ပထွက်ခွာမှုများ များပြားလာသဖြင့် ပြည်တွင်း၌ ကျွမ်းကျင်အီလက်ထရွန်နစ်ပညာရှင်ရှားပါးလာကြောင်း ရန်ကုန်မြို့တော်ရှိ အသက်မွေးဝမ်းကျောင်းသင်တန်းများထံမှ စုံစမ်းသိရှိရသည်။

၁၉၉၉ ခုနှစ်ခန့်လောက်က အီလက်ထရွန်နစ်ပညာကို ပြည်ပနိုင်ငံများတွင် သွားရောက်သင်ကြားသူများသည် ပြည်တွင်း၌ ပညာပြန်လည်သင်ကြားပို့ချပေးမှုများရှိခဲ့သော်လည်း ယခု ၂၀၀၅ နောက်ပိုင်းတွင် ပြည်ပတွင် ပညာသွားရောက်သင်ကြားပြီးနောက် ယင်းနိုင်ငံများတွင် အလုပ်ပြန်လည်လုပ်ကိုင်သူများသာ တစ်နေ့တခြား ပိုမိုများပြားလာကြောင်း အမေရိကန်

ဆေးပစ္စည်းဆိုင်ရာ အသင်းဝင် ဒုတိယအများဆုံးရှိသော ကချင်ပြည်နယ်၌ အသင်းခွဲဖွင့်လှစ်နိုင်ရန်စီစဉ်

ရန်ကုန်၊ နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းဝင် ပြည်နယ်နှင့်တိုင်းများအနက် ဒုတိယအသင်းဝင်အများဆုံးဖြစ်သော ကချင်ပြည်နယ်၌ ၂၀၀၉ ခုနှစ်တွင် အသင်းခွဲဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း အဆိုပါအသင်း၏ သတ္တမအကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် အသင်း၏အတွင်းရေးမှူး ဦးဇော်မိုးခိုင်က ပြောကြားသည်။

ကချင်ပြည်နယ်တွင် ၂၀၀၈ ခုနှစ် ဩဂုတ်လမတိုင်ခင်က အသင်းဝင် သုံးဦးသာရှိသော်လည်း နိုဝင်ဘာလအတွင်း အသင်းဝင် ၄၃၄ ဦးအထိ တိုးတက်ခဲ့ရာ ရန်ကုန်တိုင်းပြီးလျှင် ဒုတိယအများဆုံးဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် ရရှိလာသောအသင်းဝင် တိုးတက်စည်းရုံးရေးအရှိန်အဟုန်ကိုထိန်းသိမ်းရန်နှင့် အသင်းခွဲဖွင့်လှစ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း၊ ကချင်ပြည်နယ်အသင်းခွဲဖြစ်မြောက်ရေးအတွက် အသင်းမှ အဖွဲ့ဝင်ကိုးဦးဖြင့် ကော်မတီဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းထံမှ သိရသည်။

စောကီထွဏ်း

ပြည်ထောင်စုတွင် ဆားကစ်၊ အီလက်ထရွန်နစ်ပညာများကို သွားရောက်သင်ယူထားသော တာမွေမြို့နယ်ရှိ အီလက်ထရွန်နစ်သင်တန်းကျောင်းမှ ဆရာဦးငွေသိန်းက ပြောကြားသည်။

"MITSUBISHI က ဖွင့်တဲ့ လေအေးပေးစက်ပြုပြင်ရေးသင်တန်းကို တစ်လတက်ပြီးတာနဲ့ ဒူဘိုင်းမှာအလုပ်သွားလုပ်ဖို့ စီစဉ်ထားတာ။ ဟိုက ကုမ္ပဏီက လက်တွေ့လုပ်ကိုင်ဖူးမှ အလုပ်ရမယ်။ လစာကောင်းမယ်ဆိုလို့ MITSUBISHI မှာလည်း အလုပ်ရတာနဲ့ အခုအလုပ်လုပ်နေပြီ။ Service ယူနေတာ။ လေအေးပေးစက်နဲ့ပတ်သက်ပြီး အခုတော်တော်ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်နေပြီ" ဟု MITSUBISHI ကုမ္ပဏီတွင် လေအေးပေးစက်ပြုပြင်တပ်ဆင်ရေးလုပ်ကိုင်နေသော ဦးသူရက ပြောကြားသည်။

ပြည်တွင်း၌လည်း ပြည်တွင်းထုတ် အီလက်ထရွန်နစ် ဓိမ်ခံပစ္စည်းများကို ထုတ်လုပ်လာသောကုမ္ပဏီကြီးများရှိလာခြင်း၊ အီလက်ထရွန်နစ်ဓိမ်ခံပစ္စည်းများပြုပြင်ရေးလုပ်ငန်းများနှင့် သင်တန်းကျောင်းများပိုမိုဖွင့်လှစ်လာခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အရေးများစွာရှိလာသော်လည်း လစာနှင့်အခွင့်အလမ်းကောင်းများ ပိုမိုရရှိမည့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေကြကြောင်း၊ ပြည်တွင်းရှိ နာမည်ကြီး အီလက်ထရွန်နစ်တပ်ဆင်ရေးကုမ္ပဏီကြီးများမှ အီလက်ထရွန်နစ်လုပ်ငန်း အမှန်တကယ်ကျွမ်းကျင်သူများကို စွဲဆောင်နိုင်ရန် လစာမြင့်မားစွာပေးလာကြောင်း ဦးငွေသိန်းက ရှင်းလင်းပြောကြားသည်။

"MITSUBISHI မှာ လစာကောင်းလာပြီ။ ဒါပေမဲ့ အိမ်က ဒူဘိုင်းမှာ လစာပိုရတယ်ဆိုပြီးသွားစေချင်တာ" ဟု ဦးသူရက ဆိုသည်။

အီလက်ထရွန်နစ်ပညာနှင့်ပတ်သက်ပြီး ပြည်တွင်း၌ ရေခဲသေတ္တာ၊ လေအေးပေးစက်သင်တန်း၊ အီလက်ထရွန်နစ်သင်တန်း ၊ TV၊ VCD နှင့် DVD ပြုပြင်

ခြင်းသင်တန်း၊ စက်ရုံ၊ အလုပ်ရုံ၊ အိမ်တွင်း လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း၊ ဂြိုဟ်တုစလောင်းပြုပြင်တပ်ဆင်ခြင်းသင်တန်း၊ ဂဟေဆက်ကျွမ်းကျင်မှုသင်တန်း (3G, 4G, 5G, 6G)၊ ပိုက်ဆက်သင်တန်း၊ မော်တာ၊ ဒိုင်နမို၊ ထရန်စဖော်မာလက်တွေ့သင်တန်း၊ မော်တော်ကားဝါယာရိန်းလက်တွေ့သင်တန်း စသည့် သင်တန်းများကို စာတွေ့လက်တွေ့ အခြေခံမျှတတ်ရောက်ပြီး ပြည်ပနိုင်ငံများတွင် အလုပ်သွားရောက်လုပ်ကိုင်သူများမှာ ယင်းနိုင်ငံများ၌ လစာငွေများစွာရရှိပြီး အဆင်ပြေချောမွေ့သူများရှိသကဲ့သို့ လုပ်ငန်းကျွမ်းကျင်မှုမရှိ၍ အခက်အခဲနှင့် ရင်ဆိုင်နေရသူများလည်းရှိကြောင်း စင်ကာပူနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းခွင်များ၌ လျှပ်စစ်မီးသွယ်တန်းတပ်ဆင်ရေးလုပ်ငန်းလုပ်ကိုင်နေသော ဦးရဲဝင်းအောင်က ပြောကြားသည်။

"မြန်မာပြည်မှာ သင်တန်းတက်ပြီး ဟိုမှာအလုပ်သွားလုပ်တော့ လုပ်ရင်းလုပ်ရင်းကြိုးစားမှုတွေကြောင့် အဆင်ပြေတယ်။ အိမ်ကထောက်ပံ့မှုနဲ့ အလုပ်လုပ်လို့ စုထားတဲ့ငွေပေါင်းပြီး စင်ကာပူနိုင်ငံမှာ အင်ဂျင်နီယာဘာသာရပ်နဲ့ပတ်သက်တဲ့ ကျောင်းတက်လိုက်တယ်။ အလုပ်ဆက်မလုပ်ဖြစ်တော့ဘူး။ ဒီကျောင်းက အောင်လက်မှတ်နဲ့ စင်ကာပူက အီလက်ထရွန်နစ်ကုမ္ပဏီမှာ အလုပ်ကောင်း နေရာကောင်းရနေတယ်။ အရင်စိတ်ကူးက မြန်မာပြည်ပြန်လာပြီး အီလက်ထရွန်နစ်သင်တန်းကျောင်းဖွင့်မလို့။ ဒါပေမဲ့ ဝင်ငွေချင်းယှဉ်ရင် ဟိုကသာမလားဆိုပြီး မပြန်ဖြစ်တာ ဖ နှစ်ကျော်ရှိပြီ" ဟု ဦးရဲဝင်းအောင်က ၎င်းအခြေအနေကို ပြောကြားသည်။

အလားတူ စင်ကာပူနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ရာ အဆင်ပြေသူများစွာရှိပြီး အခက်အခဲများနှင့် ရင်ဆိုင်ရသူများသည်လည်း ပြည်တွင်းမှာရှိစဉ်က အီလက်ထရွန်နစ်ပညာအမှန်တကယ်ကျွမ်းကျင်မှုမရှိဘဲ အောင်လက်မှတ်တစ်ခုကိုင်ဆောင်၍ သွားရောက်လုပ်ကိုင်သူများ အခက်အခဲဖြစ်နေကြောင်း၊ ပြည်တွင်းသို့ပြန်လာ၍ အီလက်ထရွန်နစ်ပြုပြင်ရေးလုပ်ငန်းပြန်လည်လုပ်ကိုင်ချင်သော်လည်း ပြည်ပသို့ထွက်စဉ်ကာလက ကုန်ကျထားသောငွေကြေးများပြန်လည်မရရှိ၍ ပြန်မလာနိုင်သေးကြောင်း မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော ဧရာဝတီတိုင်းတွင် ယခင်နေထိုင်သူ ဦးအောင်နိုင်ဌေးက ပြောကြားသည်။

"ရန်ကုန်ကိုရောက်လာတော့ SAMSUNG တီဗီ၊ ဗီစီဒီပြုပြင်ရေးမှာ အလုပ်လျှောက်လိုက်တာ အလုပ်ရတယ်။ သူငယ်ချင်းတွေက မလေးမှာအလုပ်လုပ်မယ်ဆိုလို့ အဲဒီအလုပ်မလုပ်ဘဲ သွားလိုက်တာ ဟိုမှာ ကိုယ်ကျွမ်းကျင်တာကတစ်ခု အလုပ်လုပ်နေရတာကတစ်မျိုးဆိုတော့ လုပ်ငန်းမကျွမ်းကျင်ဘူးဆိုပြီး လစာမကောင်းဘူး။ လုံးဝအဆင်မပြေပါဘူး။ ပြန်လာတော့မှာ

ချို့တဲ့ကျောင်းသူ ၆၀၀ ဝန်းကျင် MCC Foundation ကွန်ပျူတာပညာအခမဲ့သင်ကြား

ရန်ကုန်၊ အောက်တိုဘာ ၁၃

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဆင်းရဲချို့တဲ့သည့် ကျောင်းသား ၅၆၈ ဦးကို MCC Foundation မှ သင်တန်းကြေးအခမဲ့ဖြင့် ကွန်ပျူတာပညာသင်ကြားပေးခဲ့ကြောင်း အဆိုပါ Founadation မှ ပြောရေးဆိုခွင့်ရှိသူ ဦးငြိမ်းဦးက ပြောကြားသည်။

အဆိုပါအစီအစဉ်ကို MCC Computer သင်တန်းခွဲများတွင် ယခုနှစ် ဇူလိုင်လမှ စတင်ပြုလုပ်ပေးခဲ့ပြီး သင်တန်းသားဦးရေနှင့် သင်တန်းအချိန်အကန့်အသတ်မရှိ သင်ကြားပေးခဲ့ကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံအနှံ့ရှိ MCC Computer သင်တန်း ၆၃ ခုမှ သင်တန်းသားစုစုပေါင်း ၅၆၈ ဦးကို သင်ကြားပေးခဲ့ကြောင်း၊ အဆိုပါသင်တန်းသားများအနက် ဇူလိုင်လတန်းခွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူမှ သင်တန်းသားငါးဦးကို ရန်ကုန် MCC Computer ရုံးချုပ်တွင် အလုပ်ခန့်အပ်မည်ဖြစ်ကြောင်း၊ ခန့်အပ်မည့်သူများကိုလည်း အဆင့်မြင့်သင်တန်းများတက်ရောက်စေမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

စောကီထွဏ်း

မြန်မာပြည်ကို" ဟု ၎င်းက စိတ်ပျက်စွာ ပြောကြားသည်။

ပြည်တွင်းမှာ အီလက်ထရွန်နစ်နှင့် ပတ်သက်သော အလုပ်အကိုင်အခွင့်အလမ်းများစွာ ရှိလာသော်လည်း အမှန်တကယ် လုပ်ငန်းကျွမ်းကျင်သော အီလက်ထရွန်နစ်ပညာရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့် ဆန်းသစ်သော အတွေးအခေါ်များသည် ပြည်ပနိုင်ငံများအတွက်သာ ဖြစ်နေကြောင်း၊ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသော အီလက်ထရွန်နစ်ဓိမ်ခံပစ္စည်းများကို ဈေးကြီးပေးဝယ်ယူသုံးစွဲနေရသည့် အစား AA Electronic မှ FUJI ကဲ့သို့သော အမှတ်တံဆိပ်များ ပြည်တွင်း၌ အရေအတွက်များများထုတ်လုပ်လာလျှင် ပြည်သူများ ကုန်ကျစရိတ်များစွာ သက်သာနိုင်ကြောင်း ဦးငွေသိန်းက သုံးသပ်ပြောကြားသည်။

တစ်လတစ်ကြိမ်ငွေရှင်းစနစ်ဖြင့် စာပေလောက ကိုယ်စားလှယ်ပေးမည်

ရန်ကုန်၊ အောက်တိုဘာ ၂၇

သက်တမ်းကြာမြင့်ပြီဖြစ်သော နာမည်ကျော်စာပေလောကစာအုပ်တိုက်သည် စာအုပ်ဆိုင်ဖွင့်မည့်သူများကို တစ်လတစ်ကြိမ်ငွေရှင်းစနစ်ဖြင့် စာအုပ်များလက်ကားဖြန့်ချိနိုင်ရန်စီစဉ်နေကြောင်း ယင်းစာအုပ်တိုက်၏အကြီးအကဲဖြစ်သူ ဦးမျိုးညွန့်က ပြောကြားသည်။

စာပေလောက၌ စာအုပ်တိုက်ပေါင်းစုံမှ စာအုပ်များစုဆောင်းထားရှိပြီး စာအုပ်ဆိုင်ဖွင့်လှစ်ရန် စိတ်ပါဝင်စားသူများကို ကိုယ်စားလှယ်အဖြစ် ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ လက်ကားဖြန့်ချိပေးရန်စီစဉ်လျက်ရှိကြောင်း၊ စာအုပ်ဆိုင်ဖွင့်ရန် အခန်းနှင့် ဝန်ထမ်းအင်အားရှိရမည်ဖြစ်ပြီး တစ်လလျှင်တစ်ကြိမ် ငွေရှင်းရသည့် အတင်စနစ်ဖြင့် ဆိုင်၏နေရာအကျယ်အဝန်းနှင့် ပတ်ဝန်းကျင်ပေါ်မူတည်၍ စာအုပ်များဖြန့်ချိရောင်းချပေးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

စာပေလောကစာအုပ်ထုတ်ဝေဖြန့်ချိရေးလုပ်ငန်းကို ၁၉၅၆ ခုနှစ်မှစတင်၍ မိသားစုအစဉ်အဆက် လုပ်ကိုင်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းသက်တမ်း ၅၂ နှစ်ရှိပြီဖြစ်ပြီး ယခုလက်ရှိတွင် ဆိုင်ခွဲပေါင်း ကိုးဆိုင်ရှိသွားပြီဖြစ်သည်။

မြန်မာ့သနပ်ခါးနှင့် သနပ်ခါးထွက်ပစ္စည်းများ ဘင်္ဂလားဒေ့ရှ်အဝယ်လိုက်

မောင်တော၊ ဒီဇင်ဘာ ၂

မြန်မာ့သနပ်ခါးတုံးနှင့် သနပ်ခါးထွက်ပစ္စည်းများသည် မောင်တောမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရောင်းချနေရကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

သနပ်ခါးတုံးများ၊ သနပ်ခါးအမွှေးတိုင်များကို တစ်ပိုင်တစ်နိုင်ကုန်သွယ်သူများက သယ်ပို့ပေးနေပြီး သနပ်ခါးခဲများကို နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့ရောင်းချရကြောင်း နယ်စပ်ကုန်သည်တစ်ဦးက ဆိုသည်။

"ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်ဒေသမှာ ရခိုင်လူမျိုးတွေ၊ ရခိုင်မျိုးနွယ်စုတွေ နေထိုင်နေကြပါတယ်။ အမွှေးတိုင်ဆိုရင် ဗုဒ္ဓဘာသာဝင်တွေသာမက ဟိန္ဒူတွေပါ ဝယ်ယူအသုံးပြုကြတာပါ။ အိန္ဒိယနိုင်ငံကဝင်တဲ့ အမွှေးတိုင်တွေက ဈေးကြီးမြင့်ပြီး မြန်မာနိုင်ငံကတင်ပို့တဲ့

သနပ်ခါးအမွှေးတိုင်က ဈေးချိုပါတယ်။ အခုဆိုရင် ထုတ်လုပ်မှု၊ ထုပ်ပိုးမှုက အိန္ဒိယပစ္စည်းကို မီလာတဲ့အတွက်လည်း အရောင်းသွက်လာတာပါ" ဟု နယ်စပ်ကုန်သည်တစ်ဦးက ဆိုသည်။ သနပ်ခါးနှင့် သနပ်ခါးထွက်ပစ္စည်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားရှိ စတိုးဆိုင်ကြီးများတွင် ရောင်းချလျက်ရှိကြောင်း ဈေးကွက်တွင်းမှ စုံစမ်းသိရှိရသည်။

၂၀၀၈ ခုနှစ် ဧပြီလမှ အောက်တိုဘာလထိ သနပ်ခါးခဲ ၁၆၃၈၅ ဒါဇင် အမေရိကန်ဒေါ်လာ ၅၇၃၄.၇၅၀ ဖိုး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ထားသောသတင်းများအရ သိရသည်။

သတင်းထောက်ကောင်း

FMI ကုမ္ပဏီ စိုက်ပျိုးရေးကဏ္ဍ တိုးချဲ့ရင်းနှီးမြှုပ်နှံရန် ARDC ကုမ္ပဏီသစ် တည်ထောင်

ရန်ကုန်၊ ဒီဇင်ဘာ ၁

မြန်မာနိုင်ငံတွင်ထင်ရှားသည့် အများပိုင်ကုမ္ပဏီဖြစ်သော First Myanmar Investment Co., Ltd. (FMI) သည် စိုက်ပျိုးရေးကဏ္ဍတွင် ထပ်မံရင်းနှီးမြှုပ်နှံမှုအဖြစ် ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း Agribusiness & Rural Development Consultant Co.,Ltd (ARDC) ကုမ္ပဏီလုပ်ငန်းသစ်ကို တည်ထောင်ခဲ့ကြောင်း ယင်းကုမ္ပဏီဥက္ကဋ္ဌ ဦးသိမ်းဝေက ပြောကြားသည်။

FMI ၏ ၁၇ ခုမြောက်လုပ်ငန်းခွဲဖြစ်လာမည့် အဆိုပါ ARDC ကုမ္ပဏီကို ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သုပညာရှင်များ၊ သုတေသီများဖြင့် ဖွဲ့စည်းထားပြီး စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကာ စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်းသည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအထောက်အပံ့များကိုပါ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ယင်းကုမ္ပဏီကို FMI ကုမ္ပဏီက ၅၅ ရာခိုင်နှုန်းပိုင်ဆိုင်ရင်းနှီးမြှုပ်နှံထားပြီး မြန်မာနိုင်ငံနှင့် အာရှနိုင်ငံများရှိ အဖွဲ့အစည်းပေါင်း ၂၀ ကျော်နှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် ဘဏ်ခွဲအရေအတွက် အများဆုံးဖွင့်လှစ်ထားသည့် ရိုးမဘဏ်နှင့် နိုင်ငံတကာအဆင့်မီ ပန်းလှိုင်ဆေးရုံတို့အပါအဝင် ငွေကြေးလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့တွင် ကုမ္ပဏီလုပ်ငန်းခွဲပေါင်း ၁၇ ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည့် FMI ကုမ္ပဏီသည် ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်အတွင်း ဝင်ငွေစုစုပေါင်း ကျပ် ၁၀၇၇ သန်းနှင့် အမြတ်ငွေကျပ် ၈၁၀ သန်းရရှိခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်က ဝင်ငွေစုစုပေါင်း ကျပ် ၁၂၁၇ သန်းနှင့် အမြတ်ငွေကျပ် ၉၄၄ သန်းရရှိခဲ့ကြောင်း၊ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်ဝင်ငွေနှင့် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်ဝင်ငွေနှင့် အမြတ်ငွေတို့ကို နှိုင်းယှဉ်ပါက ၁၂ ရာခိုင်နှုန်းနှင့် ၉ ရာခိုင်နှုန်းစီ အသီးသီးကျဆင်းသွားကြောင်း ကုမ္ပဏီ၏ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်နှစ်ပတ်လည်အစီရင်ခံစာအရ သိရသည်။

ကုမ္ပဏီအနေဖြင့် ယခုနှစ်အတွင်း ထူးခြားသည့်ဝန်ဆောင်မှုတစ်ရပ်အဖြစ် SPA နှင့် FMI ကုမ္ပဏီအုပ်စုအတွင်းရှိ ကုမ္ပဏီများပူးပေါင်း၍ ဧရာဝတီတိုင်း ငပုတောမြို့နယ်နှင့် ဟိုင်းကြီးမြို့နယ်တို့ရှိ နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသခံပြည်သူများကို အရေးပေါ်အကူအညီပေးရေးလုပ်ငန်းများနှင့် ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖြစ် အလယ်ကျွန်းရှိ အောက်ပြွန်ဝကျေးရွာတွင် ဒေသပတ်ဝန်းကျင်နှင့်ကိုက်ညီမည့် အိမ်ခြေ ၁၂၇ လုံး၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဆိပ်ခံတံတား၊ ဓမ္မာရုံ စသည်တို့ပါဝင်သော ကျေးရွာသစ်တစ်ခုကို တည်ဆောက်ပေးခဲ့ကြောင်း ၎င်းက ဆိုသည်။

ဆံပင်ဆက်သူ အမျိုးသားနှင့် အမျိုးသမီးဦးရေ ဆတူရှိ

ရန်ကုန်၊ နိုဝင်ဘာ ၁၄

လူငယ်များအကြား အီမိုဆံပင်ပုံစံ ခေတ်စားလာခြင်းကြောင့် ဆံပင်ဆက်ပြုပြင်သူမှာ အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေ ဆတူဖြစ်လာကြောင်း ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ Ko Ko Beauty Salon မှ ဆံပင်ပြုပြင်မှုပညာရှင် ဦးညီ (လားရှိုး) က ပြောကြားသည်။

အမျိုးသားများသည် ယခုအခါ ရော့ခ်၊ ပန့်၊ အီမို စသည့် ၎င်းတို့နှစ်သက်ရာ ဆံပင်ပုံစံများကို ပုံသွင်းပြုပြင်လာခြင်း ပိုမိုများပြားလာကြောင်း၊ ယင်းကြောင့် ၎င်းတို့အလိုရှိသော ဆံပင်အတိုအရှည်ရရန် ပုံသွင်းရာတွင် ညှပ်ရုံသာမက ဆက်ခြင်းပါ ခေတ်စားလာကြကြောင်း ၎င်းက ရှင်းပြသည်။

"အလှပြုပြင်တာ အရင်လို မိန်းကလေးသာမဟုတ်ဘူး။ ယောကျ်ားလေးတွေလည်း လုပ်လာကြတယ်။ ဆံပင်ပုံစံကို ပေါင်းတင်ရုံ၊ ဆံပင်ဆက်ရုံသာမကဘူး ခြေသည်းလက်သည်း သန့်ရှင်းရေးတွေပါ လုပ်လာကြတယ်။ အီမိုဆံပင်ပုံစံလုပ်နည်းဆိုရင် လုပ်တဲ့သူများလို့ တချို့ ဆံပင်အလှပြင်တဲ့သူတွေတောင် မွန်းမံပြုပြင်မှုအနေနဲ့ သင်တန်းလာတက်တာရှိတယ်" ဟု Tony Tun Tun Beauty Salon မှ ဒေါ်ချောစုက ဆိုသည်။

အမျိုးသား လူငယ်အချို့မှာ ဦးခေါင်းတစ်ခုလုံး ဆံပင်ဆက်မှုကိုပါ ပြုလုပ်လာကြကြောင်း၊ ဆံပင်ဆက်ရာ၌ မူလဆံပင် နှစ်လက်မအထိရှိရုံဖြင့် ဆက်နိုင်ကြောင်း၊ အမျိုးသားလူငယ်အချို့မှာ နိုင်ငံခြားရှိသရုပ်ဆောင်များ၏ နမူနာဆံပင်ပုံစံများ၊ အင်တာနက်မှတွေ့ရှိသော ဆံပင်ပုံစံများကို နမူနာယူလာ၍ ပုံသွင်းခိုင်းကြကြောင်း၊ မိမိတို့ပင်မြင်ဘူးသည့် ဆံပင်ပုံစံများပင် ပါဝင်လာကြောင်း၊ အမျိုးသားလူငယ်တစ်ဦး ဆံပင်ဆက်ရာတွင် ဆံပင်များစု၍စည်းထားသော ဆံတုချောင်း ၂၀ မှ ၃၀ ခန့်သာသုံးစွဲရပြီး ငွေကျပ် နှစ်သောင်းခန့်သာကုန်ကျခြင်း၊ ဖြုတ်တပ်ရလွယ်ကူခြင်းကြောင့်လည်း အမျိုးသားလူငယ်များ ဆံပင်ဆက်ခြင်း ပိုမိုပြုလုပ်လာခြင်းဖြစ်ကြောင်း၊ တစ်ခါတစ်ရံ တစ်ရက်လျှင် အမျိုးသားလေးဦးခန့်ထိ အီမိုဆံပင်ပုံစံ လာရောက်ပြုပြင်ကြကြောင်း Ko Ko Beauty Salon နှင့် Tony Tun Tun Beauty Salon ဆိုင်များမှ တာဝန်ရှိသူများ က ပြောကြားသည်။

ဓာတ်ထွက်း

ကျေးလက်ကိုယ်ဝန်ဆောင်မိခင်များ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ပြဿနာအားနည်း

ရန်ကုန်ဆိုင်းအပါအဝင် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများမှ ကိုယ်ဝန်ဆောင်မိခင်လောင်းများအနေဖြင့် မိမိတို့၏ ကိုယ်ဝန်ကို ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးပြဿနာ အားနည်းနေသေးကြောင်း မြန်မာနိုင်ငံအမျိုးသမီးဆရာဝန်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဒေါက်တာခင်မာအေးက ပြောကြားသည်။

ကိုယ်ဝန်ဆောင်မိခင်လောင်းများသည် ကိုယ်ဝန်ရှိသည်ဟု သိရသည်နှင့်တစ်ပြိုင်နက် နားလည်ကျွမ်းကျင်သည့် သူနာပြု သို့မဟုတ် ဆရာဝန်ထံ ကိုယ်ဝန်ပြသသင့်သော်လည်း မိခင်အချို့မှာ ယင်းသို့ပြုလုပ်မှုမရှိကြောင်း၊ မွေးဖွားရာတွင်လည်း အရပ်လက်သည်နှင့်မွေးဖွားသည်များရှိကြောင်း၊ ပညာပေးထားခြင်းမရှိသည့် အရပ်လက်သည်နှင့် ကလေးမွေး၍ မအောင်မြင်ပါက မိခင်ရောကလေးပါ အသက်အန္တရာယ်ရှိနိုင်ကြောင်း ၎င်းက ဆက်လက်ဆိုသည်။

ကိုယ်ဝန်ဆောင်စဉ်ကာလတွင် သွေးအားနည်းခြင်း၊ အာဟာရချို့တဲ့ခြင်း၊

သောက်သုံးသင့်သော ဆေးများမသောက်သုံးခြင်း၊ ကိုယ်ဝန်ဂရုစိုက်မှုအားနည်းခြင်းတို့ ရှိပါက မွေးဖွားလာသည့် ကလေးသည် ဉာဏ်ရည်မမီခြင်း၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု အားနည်းခြင်း၊ ဦးနှောက်မဖွံ့ဖြိုးခြင်းတို့ ဖြစ်ပွားတတ်ကြောင်း၊ မိခင်အားနည်းပါကလည်း မီးဖွားရာတွင် အခက်အခဲများရှိနိုင်ကြောင်း၊ မွေးကင်းစကလေးငယ်ကိုလည်း ခြောက်လသားအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးသင့်ကြောင်း ရန်ကုန်အမျိုးသမီးဆရာဝန်အဖွဲ့နာယက ဒေါက်တာဒေါ်ခင်စန်းနွယ်က ဖြည့်စွက်အကြံပြုပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးအရာရှိများ၊ သူနာပြုများ၊ စေတနာဆရာဝန်များအနေဖြင့် ကျေးလက်ဒေသများတွင် မိခင်လောင်းများအား အသိပညာပေးဟောပြောခြင်း၊ သားဆက်ခြားခြင်းပညာပေးဟောပြောခြင်းတို့ကို မကြာခဏဆောင်ရွက်လေ့ရှိသော်လည်း လိုက်နာသူနည်းပါးကြောင်း၊ အရှက်အကြောက်ဖုံးလွှမ်းနေခြင်းကြောင့် လက်ခံလိုက်နာကျင့်သုံးသူနည်းပါးကြောင်း၊ သားဆက်ခြားခြင်းပညာကို အိမ်ထောင်ရှင်တိုင်းက နားလည်ထားသင့်ကြောင်း၊ မိခင်တစ်ဦးသည် ကလေးငါးဦးသာ မွေးသင့်ကြောင်း၊ ငါးဦးထက်ပိုမွေးပါက မိခင်ရောထပ်မွေးလာမည့်ကလေးပါ အန္တရာယ်ရှိနိုင်ကြောင်း၊ မွေးလာသည့်ကလေးငယ်မှာလည်း ယခင်မွေးပြီး ကလေးများထက် ဉာဏ်ရည်နိမ့်နိုင်ကြောင်း၊ ထို့အတူ မိခင်နို့ရည်သောက်သုံးရမှုတွင်လည်း အားနည်းတတ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ ကလေးအထူးကုဆရာဝန်ကြီးတစ်ဦးက ရှင်းလင်းပြောကြားသည်။

တွံတေးမြို့နယ် ဘုရားကြီးကျေးရွာမှ ကလေးနှစ်ဦး၏ မိခင် ကိုယ်ဝန်ငါးလရှိသူတစ်ဦးက ပြောကြားရာတွင် ၎င်းတို့ ကျေးလက်ဒေသအနေဖြင့် မိရိုးဖလာအရပ်လက်သည်များကိုသာ အားကိုးအားထားပြုပြီး ကလေးမွေးဖွားလာကြရကြောင်း၊ စားဝတ်နေရေးကို ဦးစားပေးနေခြင်းကြောင့်သော်လည်းကောင်း၊ ငွေရေးကြေးရေးအခြေအနေအရသော်လည်းကောင်း ဆေးရုံဆေးခန်းသို့ သွားရောက်ပြသလိုသော်လည်း မပြဖြစ်သည်ကများကြောင်း၊ ယခုလာရောက်ပြသသည်မှာလည်း အမျိုးသမီးဆရာဝန်အဖွဲ့က အခမဲ့စမ်းသပ်ကုသပေးမည်ဟု လာရောက်အကြောင်းကြားပေးထား၍ လာရောက်ပြသခြင်းသာဖြစ်ကြောင်း၊ ငွေကြေးအခက်အခဲကြောင့် ဆေးရုံ၊ ဆေးခန်းတွင် မမွေးနိုင်ဘဲ မိမိအိမ်၌သာ အရုပ်လက်သည်ဖြင့် ဖြစ်သလိုမွေး၍ အသက်ဆုံးရှုံးခဲ့ရသည့် မိခင်အချို့ရှိခဲ့ဖူးကြောင်း ပြောကြားသည်။

BenQ အမှတ်တံဆိပ် ကွန်ပျူတာဆက်စပ်ပစ္စည်းများ ကုမ္ပဏီနှစ်ခု ခွဲဝေတင်သွင်း

ရန်ကုန်၊ အောက်တိုဘာ ၈

BenQ အမှတ်တံဆိပ် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို ပြည်တွင်းကုမ္ပဏီနှစ်ခုက Authourized Distributor နှင့် Authourized Service Center အဖြစ် တာဝန်ယူခွဲဝေတင်သွင်းမည်ဖြစ်ကြောင်း Client Focus Technology မှ ဦးအောင်ကျော်မိုးက ပြောကြားသည်။

BenQ အမှတ်တံဆိပ် LCD မော်နီတာ၊ Laptop စသည့် ကွန်ပျူတာပစ္စည်းများကို Client Focus က တာဝန်ယူဖြန့်ချိမည်ဖြစ်ပြီး အဆိုပါပစ္စည်းများနှင့်ပတ်သက်သည့် ပြုပြင်ဝန်ဆောင်မှုကိုလည်း Client Focus ကပင် တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အဆိုပါအမှတ်တံဆိပ် ပရိုဂျက်တာ၊ ဒစ်ဂျစ်တယ်ကင်မရာ စသည့်ပစ္စည်းများကို Myanmar Technology Zone က တင်သွင်းဖြန့်ချိပြီး အဆိုပါပစ္စည်းများနှင့်ပတ်သက်သည့်ပြုပြင်ဝန်ဆောင်မှုကိုလည်း Myanmar Technology Zone မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

BenQ ကော်ပိုရေးရှင်းသည် နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် ရုံးခွဲပေါင်း ၁၁ ခုရှိကြောင်း ၎င်းက ဆိုသည်။

Living Color၊ မြသဲနိုင်

ကြောင်း ၎င်း၏ ရင်တွင်းခံစားချက်ကို ထုတ်ဖော်ပြောကြားသည်။

ယင်းနှင့်အတူ ကိုယ်ဝန်လာပြသည့် အခြားမိခင်လောင်းတစ်ဦးကလည်း "မိခင်တိုင်းကတော့ နားလည်တတ်ကျမ်းတဲ့ ဆရာဝန်နဲ့ပြချင်တာပေါ့။ ဒါပေမဲ့ ကျွန်မတို့က တစ်ရက်လုပ်မှတစ်ရက်စားရတဲ့ ဘဝသမားတွေလေ။ မိခင်လောင်းတိုင်းဟာ ကိုယ့်ကလေးကို အတော်ဆုံးဆိုတဲ့ သမားတော်ကြီးနဲ့ပဲ ပြချင်ကြမှာပါ" ဟု ဆိုသည်။ ငွေကြေးတတ်နိုင်သော်လည်း ပေါ့ပေါ့ဆဆနေတတ်သည့် မိခင်လောင်းအချို့လည်း ရှိကောင်းရှိနိုင်သည်ဟု ၎င်းက ထပ်မံဆိုသည်။

လေဘေးသင့်ကျေးရွာများ ရေးဦးပြုစုနည်း သင်တန်းပို့ချ

ဖြင်ခရိုင်၊ နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) တို့ ပူးပေါင်း၍ အသက်ကယ်ရေးဦးပြုစုနည်းသင်တန်းများကို နာဂစ်မုန်တိုင်းဒဏ်သင့်ကျေးရွာများအထိ လိုက်လံပို့ချပေးလျက်ရှိကြောင်း MRCS ၏ နာဂစ်လေဘေးပြန်လည်ထူထောင်ရေး ပုဂံမိန့်ရုံးခွဲမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

MRCS အနေဖြင့် ငပုတောမြို့နယ် ပြင်ခရိုင်ဒေသရှိ ဒီဒူးကုန်းကျေးရွာအုပ်စု၊ ဝက်ကုန်းကျေးရွာအုပ်စု၊ သက္ကယ်သောင်ကျေးရွာအုပ်စု၊ ကျောက်ချောင်းကျေးရွာအုပ်စုနှင့် ကန်ချိုင်ကျေးရွာအုပ်စုတို့တွင် ရေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းများ နိုဝင် ဘာလအတွင်း ဆက်တိုက်ပို့ချသွားခဲ့ကြောင်း၊ အရေးပေါ် အသက်ကယ်ရေးဦးသူနာပြုစုနည်းများကို အဓိကထား၍ ပို့ချခဲ့ကြောင်း ၎င်းက ဆိုသည်။

ကျေးရွာအုပ်စုတစ်စုတွင် ရွာပေါင်း ၁၃ ရွာမှ ဒေသခံများကို ခေါ်ယူ၍ သင်တန်းပို့ချပေးခြင်းဖြစ်ပြီး ကျန်းမာရေးဆိုင်ရာဗဟုသုတများကို တစ်ပါတည်း ပို့ချပေးခဲ့ကြောင်း ၎င်းက ရှင်းပြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုဒဏ် ဆိုးဆိုးရွားရွားခံစားခဲ့ ရသော ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း မြို့နယ်ကိုးခုတွင် IFRC ၏ပံ့ပိုးမှုဖြင့် လေဘေးသင့်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးရုံးခွဲများကို ဖွင့်လှစ်ဝန်ဆောင်မှုပေးလျက်ရှိသည်။

Living Color၊ ကျော်မျိုးထွန်း

စပါးသစ်အချို့ အမြတ်မပေါ်

ရန်ကုန်၊ အောက်တိုဘာ ၁၇

သက်လတ်မိုးစပါး စိုက်ပျိုးသောဒေသများတွင် စပါးသစ်များစတင်ထွက်ရှိလာပြီဖြစ်သော်လည်း လက်ရှိဖြစ်ပေါ်နေသောစပါးဈေးနှုန်းအရ အမြတ်မရရှိသေးကြောင်း သက်လတ်မိုးစပါး အများအပြားစိုက်ပျိုးသည့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်နှင့် ပဲခူးတိုင်း ညောင်လေးပင်ဒေသတို့မှ စပါးစိုက်ပျိုးထုတ်လုပ်သူများက ပြောကြားသည်။

သက်လတ်မိုးစပါးတစ်မျိုးဖြစ်သည့် ဧည့်မထစပါးသစ် တင်းတစ်ရာလျှင် ကျပ် ၁၈၀,၀၀၀ မှ ၂၀၀,၀၀၀ အထိသာ ဈေးနှုန်းသတ်မှတ်ပြီး စပါးကုန်သည်များ ကဝယ်ယူလျက်ရှိနေခြင်းကြောင့် တစ်ဧက စပါးစိုက်ပျိုးမှုကုန်ကျစရိတ်နှင့်နှိုင်းယှဉ်လျှင် အရင်းကျေရုံအဆင့်သာရှိသည်ဟု လှည်းကူးမြို့နယ်မှ စပါးစိုက်ပျိုးသူများက ဆိုသည်။

"အရင်နှစ်တွေက တစ်ဧကကို စပါးတင်း ၇၀ ကနေ ၈၀အထိထွက်ခဲ့ပေမယ့် ဒီနှစ်မှာ အများဆုံး တင်း ၇၀ အထိပဲ ထွက်တယ်။ ပျမ်းမျှအားဖြင့် တစ်ဧကကို ငါးတင်းနှုန်းလောက်လျော့သွားတဲ့သဘောပါ။ အခုစပါးဈေးက ကိုယ်သွားရောင်းရင် တင်း ၁၀၀ ကို နှစ်သိန်းရတယ်။ သူတို့ (ကုန်သည်) လာဝယ်ရင် တင်း ၁၀၀ ကို တစ်သိန်းရှစ်သောင်းရတယ်။ ပြန်တွက်ကြည့်တော့ သိပ်မကိုက်ဘူး" ဟု အထက်ပါမြို့နယ်မှ လယ်သမားကြီးတစ်ဦးက ပြောကြားသည်။

ဧည့်မထစပါးသစ်သည် ယမန်နှစ် ယခုအချိန်က တင်း ၁၀၀ လျှင် ကျပ်နှစ်သိန်းလေးသောင်းအထိ ဈေးပေးဝယ်ယူခဲ့ခြင်းရှိကြောင်း၊ ယခုနှစ်တွင်လည်း အဆိုပါဈေးနှုန်းအတိုင်း ရရှိမည်ဟုမျှော်မှန်းခဲ့သော်လည်း မရရှိခဲ့ကြောင်း ညောင်လေးပင်မြို့နယ်မှ စပါးစိုက်ပျိုးသူများက ပြောကြားသည်။

ယခုကဲ့သို့စပါးဈေးနှုန်းလျော့ကျနေခြင်းကြောင့် ဆန်သစ်ဈေးနှုန်းသည်လည်း ယမန်နှစ်ထက်လျော့ကျဖွယ်ရှိကြောင်း ယမန်နှစ်က ဧည့်မထဆန်သစ်တစ်အိတ်လျှင် ကျပ် ၁၁,၀၀၀ မှ ၁၃,၀၀၀ အတွင်း ဈေးကွက်၌ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရန်ကုန်မြို့ ဆန်ရောင်းဝယ်ရေးလုပ်ငန်းအသိုင်းအဝိုင်းထဲမှ စုံစမ်းသိရှိရသည်။

စိုင်းအောင်

LIVING COLOR MEDIA
၂၄၂၄၂၄ ၊ ၃၉၃၁၃၂

အရည်အသွေးကောင်းပတ္တမြား ဈေးကွက်တွင်ရှားပါး

သတင်းဆောင်းပါး – စိုင်းအောင်၊ ၁၄-၁၁-၂၀၀၈

ဖြည့်တွင်းကျောက်မျက်ရတနာရောင်းဝယ်ရေးဈေးကွက်၌ ကျောက်ကုန်သည်၊ ကျောက်ပွဲစား၊ ကျောက်မျက်ရတနာစုဆောင်းသူများ ဦးစားပေးရောင်းဝယ်စုဆောင်းရာ ရတနာတစ်မျိုးဖြစ်သော ပတ္တမြားသည် အရည်ကောင်း၊ အသွေးကောင်းရရန်အတွက် တစ်နှစ်ထက်တစ်နှစ် ရှာဖွေရ ပိုမိုခက်ခဲလာသည်ဟု ရန်ကုန်မြို့တော်၏ ကြီးမားသော ကျောက်မျက်ရတနာဈေးကွက်ဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဈေး ကျောက်မျက်ရတနာဈေးကွက်မှ ကျောက်မျက်အရောင်းအဝယ်ပြုသူ များနှင့် ကျောက်မျက်ရတနာစုဆောင်းသူ ဝါသနာရှင်များက တညီတညွတ်တည်းပြောကြားသည်။

ပတ္တမြားထွက်ရှိရာ ဒေသကြီးများဖြစ်သော မိုးကုတ်၊ မိုင်းရှူး၊ နန့်ယန်းဒေသများ၌ ပတ္တမြားတူးဖော်ရရှိမှု ပုံမှန်ရှိနေသော်လည်း ယင်းကျောက်များထဲတွင် အရည်ကောင်းအသွေးကောင်းပါဝင်မှု ရာခိုင်နှုန်းနည်းပါးလာကြောင်း၊ ယင်းသို့ နည်းပါးလာခြင်းကြောင့် ဈေးကွက်သို့ ရောက်ရှိမှုမှာလည်း နည်းပါးလာပြီး ဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားရသည်မှာ ရောင်းသူဝယ်သူစိတ်ကြိုက်မဖြစ်ရသည့် အခြေအနေသို့ ဦးတည်နေကြောင်း ကျောက်မျက်လောကအတွင်း ပတ္တမြားအပါအဝင် အခြားသော ကျောက်မျက်ရတနာရောင်းဝယ်အတိုင်ပင်ခံအဖြစ် သတ်မှတ်ခြင်းခံရသော ပညာရှင် ဦးဝင်းမြတ်က လက်ရှိပတ္တမြားဈေးကွက်အခြေအနေကို ပြောကြားသည်။

ဒင်းက "ပတ္တမြားထွက်ရာ ဒေသတွေမှာ ထုတ်ယူသုံးစွဲတဲ့ပမာဏက တစ်နှစ်တခြားများလာတယ်။ ကျောက်ဆိုတာ နှစ်ရာချီပြီးမှ ဖြစ်လာတာပါ။ ပတ္တမြားဆိုရင် နှစ်ပေါင်းသန်းချီပြီးမှ ဖြစ်ပေါ်တတ်တဲ့ ကျောက်တစ်မျိုး ဖြစ်ပါတယ်။ သူက ထုတ်ကုန်မဟုတ်ဘူး။ သဘာဝကပေးတဲ့ ထွက်ကုန်တစ်မျိုးပါ။ ထွက်ကုန်ဆိုတော့ အတိုင်းအတာရှိတယ်။ အတိုင်းအတာကုန်သွားရင် ပြီးပြီ။ ကျွန်တော်တို့ဆီမှာ ဒီပတ္တမြားမြေတွေက ထုတ်ယူသုံးစွဲခဲ့တာ မိုးကုတ်ဆိုရင် နှစ်ရာချီနေပြီ။ မိုင်းရှူးက နှစ် ၂၀ လောက်ရှိပြီ။ နန့်ယန်းကတော့ သိပ်မထွက်သေးဘူး။ မိုးကုတ်၊ မိုင်ရှူး နှစ်နေရာစလုံး အထွက်နည်းသွားတာ တဖြည်းဖြည်းသိသာလာတယ်။ ကျောက်သဘောအရ ထမင်းစားကျောက်တွေ ခပ်များများထွက်လာတာကိုကြည့်ရင် အရည်ကောင်းအသွေးကောင်းကျောက်အရ နည်းတာသိသာစေပါတယ်" ဟု ဒင်းက ဆိုသည်။

အရည်ကောင်းအသွေးကောင်း ပတ္တမြား ဈေးကွက်တွင်း ဝင်ရောက်မှုနည်းပါးလာခြင်းကြောင့် ဖြစ်ပေါ်ပြောင်းလဲလာ

ဆားဈေးနှုန်းကြောင့် မျှင်ငါးပိလုပ်ငန်း အမြတ်အစွန်းနည်း

ဟိုင်းကြီးကျွန်း၊ ဒီဇင်ဘာ ၁

လေဘေးသင့် ဟိုင်းကြီးမြို့နယ်ရှိ မျှင်ငါးပိလုပ်ငန်းလုပ်ကိုင်သူများမှာ ယခုနှစ်အတွင်း ဆားဈေးနှုန်းမြင့်တက်မှုကြောင့် အမြတ်အစွန်းနည်းပါးလာကြောင်း နကုန်းကျေးရွာမှ လုပ်သက် ၂၀ နှစ်ရှိ မျှင်ငါးပိလုပ်ငန်းရှင် ဒေါ်ဝင်းဝင်းချိုက ပြောကြားသည်။

"ဒီနှစ်က အဓိကကုန်ကြမ်းဖြစ်တဲ့ ဆားဈေးတွေမြင့်နေလို့ အမြတ်အစွန်းသိပ်မရှိပါဘူး" ဟု ဒင်းက ဆိုသည်။

မျှင်ငါးပိတစ်ပိသာလျှင် ဆား ၅၀ ကျပ်သားထည့်ရသဖြင့် အဓိကကုန်ကြမ်းဖြစ်သော ဆားဈေးနှုန်းမြင့်တက်မှုကြောင့် အမြတ်အစွန်းနည်းပါးရခြင်းဖြစ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း မျှင်ကောင်များ ပေါများစွာရရှိသော တော်သလင်း၊ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလများတွင် ဟိုင်းကြီးကျွန်းနှင့် လိပ်ကျွန်းကြားပင်လယ်ပြင်တွင် ကျားပိုက်များထောင်၍ ဖမ်းယူလေ့ရှိကြောင်း၊ ရရှိလာသော မျှင်ကောင်များကို ဆားနှင့်လူး၍အိတ်ထဲထည့်ကာ တစ်ညထားကြောင်း၊ နောက်တစ်နေ့တွင် မျှင်များကိုနေလှန်းပြီး ထောင်းရကြောင်း၊ ငါးရက်ခန့်ဆက်တိုက်နေလှန်းပြီးလျှင် မျှင်ငါးပိရရှိကြောင်း ၎င်းက ဆိုသည်။

မျှင် (ဆားလူးပြီး) ၁၅ ပိသာကိုနေလှန်းလျှင် မျှင်ငါးပိ ငါးပိသာရကြောင်း၊ တစ်လလျှင် မျှင်ငါးပိ ၇၀၀ ပိသာထွက်ရှိပြီး တစ်ပိသာလျှင် ၃၀၀၀ ကျပ်ဈေးရရှိကြောင်း၊ နတ်တော်လရောက်လျှင် မျှင်ကျောဝါများသာရရှိချိန်၌ မျှင်ငါးပိလုပ်ငန်းရာသီပြီးဆုံးကြောင်း၊ မိုးတွင်းကာလများတွင် မျှင်ငါးပိဈေးနှုန်း သုံးဆခန့်တက်လေ့ရှိကြောင်း ဟိုင်းကြီးကျွန်းအခြေစိုက် မျှင်ငါးပိလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဒေါ်တင်ညိုက ဆိုသည်။

ပြင်စလူဒေသ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် Actech ပံ့ပိုး

ဖြင်စလူ၊ နိဝင်ဘာ ၂၆

ပြင်စလူမြို့နယ်ခွဲရှိ ကျေးရွာအုပ်စုသုံးခုတွင် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ပြင်သစ်အခြေစိုက် Actech အဖွဲ့က Livelyhood Program အဖြစ် ပံ့ပိုးပေးမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ Area Coordinator Mr.Federico Motha က ပြောကြားသည်။

အဆိုပါအစီအစဉ်ကို စလူဆိပ်ကျေးရွာအုပ်စု၊ သင်္ကန်းကြီးကျေးရွာအုပ်စု၊ ရွေးကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ၂၆ ရွာတွင် အကောင်အထည်ဖော်မည်ဖြစ်ပြီး အခြား NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

စက်ချုပ်သင်တန်းကျောင်းနှစ်ခုကို သင်္ကန်းကြီးကျေးရွာနှင့် ပြင်ထောင်တွင်းကျေးရွာတို့တွင် တည်ဆောက်ထားကြောင်း၊ အဆိုပါကျေးရွာနှစ်ရွာအပါအဝင် အထက်ပါကျေးရွာအုပ်စုသုံးခုတွင် မျိုးစေ့နှင့် မြေဩဇာများပံ့ပိုးခြင်းနှင့် ကြက်၊ ဘဲအကောင်ပေါက်များထောက်ပံ့ခြင်းတို့ဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်စေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

Living Color ၊ ကျော်မျိုးထွန်း

သည့် ပတ္တမြားဈေးနှုန်းနှင့်ပတ်သက်၍ ဝါရင့်ကျောက်ကုန်သည်တစ်ဦးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဈေးမှ ဦးဖြိုးဝင်းထွန်းက "ပတ္တမြားဈေးက တစ်နှစ်ချင်းအလိုက် ဆို တွက်ချက်မရနိုင်ပါဘူး။ သူ့ရဲ့ဈေးနှုန်းကို တွက်ချက်ဖို့ဆိုရင် အနည်းဆုံး လေးငါးနှစ်လောက် ကြည့်ရပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ ၂၀၀၃ ခုနှစ်က ဈေးနှုန်းကို ကျွန်တော်တို့က ကိုင်ထားရတယ်။ ကြားနှစ်တွေမှာ အပြောင်းအလဲမရှိဘဲ ၂၀၀၇ အကုန် ၂၀၀၈ ထဲမှာ ဈေးအပြောင်းအလဲဖြစ်လာတယ်။ ဘယ်လောက်ဖြစ်သွားသလဲဆိုရင် ၂၀၀၃ ခုနှစ်က ပတ္တမြားတစ်ကာရက်ကို ကျပ်ခြောက်သိန်းလောက်ရှိခဲ့ပြီး ၂၀၀၈ ခုနှစ်မှာတော့ တစ်ကာရက်ကို ကျပ်ဆယ့်နှစ်သိန်းကျော်လောက်ရှိသွားတယ်။ နှစ်ဆခြင့်တဲ့သဘောပေါ့။ ဒါတောင် အလယ်အလတ် အဆင့်ရှိတဲ့ ပတ္တမြားဈေးကို ပြောတာနော်။ စပါယ်ရှယ်ဆိုရင်တော့ ဈေးက ဒီထက်မြင့်တယ်" ဟူ၍ ရှင်းပြသည်။

ဈေးကွက်အတွင်း အရည်အသွေးကောင်းပတ္တမြား ရှာဖွေရခက်ခဲလာသည့်အပြင် လိုက်မမီသည့် ဈေးနှုန်းအပြောင်းအလဲများနှင့်ပတ်သက်၍ ပတ္တမြားကျောက်ကိုသာ စွဲလမ်းစုဆောင်းတတ်သူ အင်းစိန်မြို့နယ်နေ ကျောက်မျက်ဝါသနာရှင် ဒေါ်ယဉ်ယဉ်လှက "ကျွန်မ ပတ္တမြားကို စုလာတာ နှစ် ၂၀ လောက်ရှိပြီ။ အရင်ကဆိုရွှေလို့တောင်မနိုင်ဘူး။ လာပြတဲ့ကျောက်အကုန်ကြိုက်တယ်လို့တောင်ထင်မိတယ်။ ဝယ်လည်းဝယ်တာပါပဲ။ အခုတော့ ရွှေလို့လည်းမရဘူး။ ဝယ်ဖို့လည်းမလွယ်ဘူးဖြစ်လာတယ်။ သွေးကျောက်တွေအများဆုံးဝယ်တတ်တာဆိုတော့ ရင်နှီးတဲ့ကုန်သည်တွေက သွေးပြီးသားကျောက်တွေလာလာပြတယ်။ အလုံး ၅၀ လောက်လာပြတယ်ဆိုရင် ကြိုက်တာက ငါးလုံး ၁၀ လုံးလောက်ပဲပါတယ်။ ဒါတောင် အရင်ကလို သိပ်ကြိုက်သွားတဲ့ကျောက်မျိုးမဟုတ်ဘူး။ အရင်ဝယ်ထားတဲ့ ကျောက်တွေနဲ့ယှဉ်ကြည့်မယ်ဆို အရည်အသွေးအရောင်က အစ ဈေးနှုန်းအထိ ကွာခြားနေတော့ အခုနောက်ပိုင်း သိပ်မဝယ်ဖြစ်တော့ဘူး" ဟူ၍ ပတ္တမြားကို လက်လီဝယ်ယူစုဆောင်းရသည့်နေရာ၌ အပြောင်းအလဲရှိလာပုံ တစ်စိတ်တစ်ဒေသကို ရှင်းပြသည်။

ပတ္တမြားထွက်ရှိသည့်ပုံစံအပြောင်းအလဲကြောင့် ၂၀၀၈ ခုနှစ် နောက်ပိုင်းနောက်ငါးနှစ်အတွင်းမှာပင် ပတ္တမြားဈေးနှုန်းသည် ထပ်မံပြောင်းလဲလာနိုင်ကြောင်း ကျောက်မျက်ပညာရှင် ဦးဝင်းမြတ်က ထပ်လောင်းသုံးသပ်ပြောကြားသည်။ ၎င်းက "၂၀၁၂-၂၀၁၃ လောက်ဆို ပတ္တမြားဈေးက ဒီထက်ကောင်းလာလိမ့်မယ်လို့ သုံးသပ်မိပါတယ်။ အဲဒီအချိန်မှာ အရည်အသွေးကောင်းကျောက်တွေလည်း တော်တော်ရှာဖွေရခက်လာပါလိမ့်မယ်။ ငွေရင်းနိုင်တဲ့သူတွေအတွက်က နှစ်ရှည်ရင်းနှီးမယ်ဆို ပတ္တမြား





က စီးပွားရေးလုပ်လို့ ကောင်းလာမယ့် အခြေအနေပါ။ နောက်တစ်ခုက ပြည်ပ ဈေးကွက်ဖြစ်ပါတယ်။ မြန်မာ့ပတ္တမြားက အာရှ၊ ဥရောပ၊ အမေရိကမှာ သိပ်နာမည်ကြီးပါတယ်။ ဝယ်လည်းဝယ်ကြပါတယ်။ ဥရောပနဲ့ အမေရိကဈေးကွက်အကြောင်း သိတဲ့ အာရှကုန်သည်တွေက မြန်မာ့ပတ္တမြားကို ဝယ်လိုအားကောင်းကောင်းနဲ့ ဝယ်ကြတာတွေရှိပါတယ်။ ပြောရရင် ယှဉ်ပြိုင်ဈေးကွက်ဖြစ်လာတာပေါ့။ မတူတာက ကျွန်တော်တို့ဆီက ပတ္တမြား Crazy တွေက ဈေးကြည့်တယ်၊ သူတို့က ဈေးမကြည့်ဘူး။ အရည်အသွေးကောင်းကျောက်တစ်လုံးကို ယှဉ်ပြိုင်ဝယ်ကြမယ်ဆို ဈေးပေးနိုင်တဲ့သူက ရာသွားမှာ ဓမ္မတာပဲလေ။ နောက်တစ်ခုဖြစ်လာနိုင်တာက ပတ္တမြားထွက်ရာဒေသတွေက အရည်အသွေးကောင်းကျောက် သိပ်မထွက်လာပေမယ့် ဈေးနှုန်းအခြေအနေကြောင့် စုဆောင်းထားတဲ့သူတွေဆီက ထွက်လာနိုင်တယ်။ ဒီလိုဆိုရင်တော့ ဈေးကွက်မှာ ပတ္တမြားပေါလာမယ်။ ဈေးကတော့မပေါဘူး" ဟူ၍ ဆိုသည်။

ပတ္တမြားထွက်နှုန်းနှင့် ဈေးနှုန်း အပြောင်းအလဲများ ပြောင်းလဲကွာဟလာခြင်းကြောင့် ပတ္တမြားကုန်သည်များသည် အခြားသောကျောက်မျက်ရတနာများထက် အရည်အသွေးကောင်းပတ္တမြားကို စိတ်ကြိုက်ရှာဖွေစုဆောင်းလာကြပြီး ၎င်းတို့၏ ဈေးကွက်ကစားမှုကို နောင်လာမည့်နှစ်သုံးနှစ်အတွင်း မြင်တွေ့လာရဖွယ်ရှိကြောင်း ပတ္တမြားနှင့် ကျောက်မျက်ရတနာကုန်သည် အသိုင်းအဝိုင်းက သုံးသပ်ကြသည်။

မျိုးရိုးဗီဇမြင့် ငါးမြစ်ချင်းများ တစ်နိုင်ငံလုံးဖြန့်ဖြူးမည်

ရန်ကုန်၊ နိုဝင်ဘာ ၃၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် လာမည့် ၂၀၀၉ ခုနှစ် ငါးသားပေါက်ရာသီတွင် နိုင်ငံတကာဈေးကွက်ယှဉ်ပြိုင်နိုင်ရန် မျိုးရိုးဗီဇမြင့် ငါးမြစ်ချင်းများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိုဝင်ဘာလ ၃၀ ရက်နေ့က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပသော နှစ်ပတ်လည်အခမ်းအနားဌာ ပြောကြားသည်။

ပြည်ပပညာရှင်များ၏ သုတေသနပြုလုပ်မှုအရ မျိုးရိုးဗီဇမြင့်ငါးမြစ်ချင်းများသည် ကြီးထွားနှုန်းမြင့်မား၍ မွေးမြူမှုကာလတိုတောင်းမှုတို့ကြောင့် မွေးမြူရေးကုန်ကျစရိတ်သက်သာကြောင်း၊ ယင်းငါးများသည် အရောင်အသွေးနှင့် အရည်အသွေးတို့ ပိုမိုကောင်းမွန်သည့်အတွက် နိုင်ငံတကာဈေးကွက်တွင် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးကဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် ငါးမြစ်ချင်း ဆေးထိုးသားဖောက်လုပ်ငန်းကို ၁၉၆၇ ခုနှစ်က စတင်ဆောင်ရွက်ခဲ့သော်လည်း ငါးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် နီးစပ်ရာမှ အလွယ်တကူဝယ်ယူရရှိသောငါးမျိုးများကိုသာ မွေးမြူနေခြင်း၊ အဆိုပါငါးမျိုးများကို နှစ်ကာလကြာမြင့်စွာ သားပေါက်ထုတ်လုပ်နေခြင်းကြောင့် လက်ရှိအနေအထားတွင် မျိုးရိုးဗီဇနိမ့်ကျကာ ကြီးထွားနှုန်းနှေးခြင်းနှင့် အရောင်အဆင်းညံ့ဖျင်းခြင်းတို့ကို ရင်ဆိုင်နေရကြောင်း ဝန်ကြီး၏ အဆိုအရ သိရသည်။

"ငါးမျိုးတွေကို တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမငါးမွေးမြူရေးလုပ်ငန်းတွေကို တစ်ပြိုင်နက်ဖြန့်ဖြူးပေးသွားမှာပါ" ဟု ဝန်ကြီးက ဆိုသည်။

"အခုလို မျိုးရိုးဗီဇမြင့်ငါးတွေကို ဖြန့်ပေးမယ်ဆိုတာ ဝမ်းသာစရာပါ။ အရည်အသွေးမြင့်လာရင်တော့ နိုင်ငံတကာဈေးကွက်မှာ ယှဉ်ရောင်းရင် မျက်နှာမငယ်ရဘူးပေါ့" ဟု ပြည်ပသို့ ငါးတင်ပို့ရောင်းချနေသူတစ်ဦးက ပြောကြားသည်။

လယ်ယာသုံးစက်ကိရိယာများ ဈေးနှုန်းအနိမ့်ဆုံးဖြင့် မြို့တော်စည်ပင်ငှားပေးမည်ဟုဆို

ရန်ကုန်၊ ဒီဇင်ဘာ ၂

ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများအတွက် လိုအပ်သည့် စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) က ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြောကြားသည်။

၎င်း၏ရုံးခန်း၌ ဒီဇင်ဘာလ ၂ ရက်နေ့က ပြည်တွင်းဂျာနယ်သတင်းထောက်များနှင့်တွေ့ဆုံစဉ် ၎င်းက အထက်ပါအတိုင်းပြောကြားခြင်း ဖြစ်သည်။

ယင်းငှားရမ်းမှုကို ကန်ထရိုက်လုပ်ငန်းများမှတစ်ဆင့် ငှားပေးမည်ဖြစ်ကြောင်း၊ အဓိကငှားရမ်းမည့်စက်ကိရိယာများမှာ လယ်ထွန်စက်၊ စပါးရိတ်သိမ်းခြင်လှေ့စက်တို့ဖြစ်ကြောင်း၊ ယင်းတို့ကို လာမည့်မိုးရာသီအတွက် အဓိကရည်ရွယ်ငှားရမ်းမည်ဖြစ်ကြောင်း၊ ငှားရမ်းရာတွင် ကန့်သတ်ချက်မထားဘဲ ဦးရာလူစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

၎င်းက "ခုလို ဈေးနည်းနည်းနဲ့ငှားရမ်းပေးသွားတာဟာ စပါးများများထွက်ဖို့နဲ့ အကျိုးအမြတ်ပိုမိုရရှိအောင် ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ဆိုသည်။

နာဂစ်မုန်တိုင်းကြောင့် ဒီရေတောအကျိုးကျေးဇူး ပိုမိုသိမြင်လက်ခံလာကြ

သတင်းဆောင်းပါး – စိုင်းအောင်၊ ဖြိုးဝေလင်း၊ ၂၅-၁၁-၂၀၀၈

ယင်လယ်ကမ်းနီးရေချိုရေငန်စပ်တွင် သဘာဝအားဖြင့်ပေါက်ရောက်နေကြသော ဒီရေတောများ၏ အကျိုးကျေးဇူးသည် နာဂစ်မုန်တိုင်းမဖြစ်ခင်က သားငါးရှာ၍ကောင်းသောနေရာ၊ အိမ်ရာတည်ဆောက်ရန်အတွက် လိုအပ်သောသစ်ဝါးများ ထုတ်ယူသုံးစွဲနိုင်သောနေရာအဖြစ် လက်ခံခဲ့ကြသော်လည်း နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးသောအခါ ဒီရေတောများသည် လူ့အသက်ကိုပင်ကယ်နိုင်သောသစ်ပင်များအဖြစ်ခံယူလာကြပြီး အကျိုးကျေးဇူးကို ပိုမိုသိမြင်လာကြကြောင်း ဒီရေတောဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ပင်လယ်ကမ်းနီးဒေသတွင် နေထိုင်ကြသူများက သဘောထားတူညီစွာဖြင့် ပြောကြားသည်။

ဒီရေတောများ၏ ဂေဟစနစ်အရသစ်တောထွက်ပစ္စည်းများ ရရှိသည့်အပြင် ၎င်းတို့ကိုမှီခိုရှိ၍ ငါး၊ ပုစွန်များ ရှင်သန်ကြီးထွားကြကြောင်း၊ ဒီရေတောများ၏ အရွက်အခက်များ ကြွေဆင်းရာမှဖြစ်လာသော သဘာဝအစာသည် ဒီရေတော နှစ်ဧကခွဲ (တစ်ဟက်တာ) လျှင် မက်ထရစ်တန်ချိန် ရှစ်တန်ခန့် နှစ်စဉ်ရရှိကြောင်း၊ ဒီရေတောပတ်ဝန်းကျင်နေဒေသခံများသည်ငါး၊ ပုစွန်များရှာဖွေခြင်းကို ပေါများစွာရရှိတတ်သော ဒီရေတောများအတွင်း ရှာဖွေခြင်းဖြင့် မိသားစုစားဝတ်နေရေးပြဿနာကို တစ်ဖက်တစ်လမ်းကကောင်းစွာဖြေရှင်းနိုင်သည်ကိုတွေ့ရကြောင်း၊ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ချိန်ကလည်း ယင်းဒီရေတောများကပင် အသက်ပေါင်းများစွာကို ကယ်တင်ပေးခဲ့ကြကြောင်း ဘိုကလေးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကံထွန်းက ပြောကြားသည်။

ယင်းကဲ့သို့ လူနေမှုဘဝအတွက် လိုအပ်ချက်၊ စီးပွားရေးနှင့် စားသောက်ရေးအတွက် လိုအပ်ချက်များဖြည့်ဆည်းပေးနေသော ဒီရေတောများအား တိုးပွားလာအောင် ဆောင်ရွက်ရမှာဖြစ်သကဲ့သို့ ရှိနေဆဲဒီရေတောများကို မလျော့ပါးအောင် ထိန်းသိမ်းကြဖို့လိုကြောင်း၊ သို့သော် ဒီရေ

တောအနီးအနားနေ ဒေသခံများအတွင်း အဆိုပါအချက်နှစ်ချက်ကို လိုက်ပါဆောင်ရွက်မှုသည် လွန်စွာအားနည်းခဲ့သော်လည်း နာဂစ်အပြီးတွင် ၎င်းတို့ကိုယ်တိုင်က တိုးချဲ့စိုက်ပျိုးရန် လိုလိုလားလားဖြစ်ပေါ်နေသည်ကို တွေ့မြင်လာရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"နာဂစ်တုန်းက ရေစီးနဲ့အတူမျောသွားပေမယ့် ကြိုးပိုင်းထဲရောက်သွားလို့ ဒီရေတောတွေကြား အသက်ရှင်ခဲ့သူ ၃၀၀ လောက်ရှိခဲ့တယ်" ဟု မပွေးတန်းကျေးရွာမှ ဒေသခံများကဆိုသည်။ ၎င်းတို့အနေဖြင့် ယခုချိန်ထိ ဒီရေတောများကို ကျေးဇူးတင်မိကြောင်း၊ ကြံကြိုက်၍ နာဂစ်အကြောင်း စကားစမြည်ပြောဆိုကြရာတွင် မိမိတို့အသက်ကိုကယ်ခဲ့သော ဒီရေတောများအကြောင်း မဖြစ်မနေထည့်သွင်းပြောဆိုတတ်ကြကြောင်း၊ နာဂစ်အပြီးနောက်ပိုင်း ဒီရေတောများနှင့်ပတ်သက်သည့် ပညာပေးကဏ္ဍကို မိမိတို့လေ့လာမိကြသည့်အပြင် စိုက်ပျိုးရမည်ဆိုသော အသိတရားတစ်ခုကိုလည်း ရရှိခဲ့ကြောင်း ၎င်းတို့က ထပ်လောင်းပြောကြားသည်။

ဘိုကလေးမြို့နယ် ကဒုံကနိကြိုးပိုင်းတွင် ဒီရေတောသုတေသနစိုက်ခင်းဧက ၂၀၀ ကို သစ်တောဦးစီးဌာနနှင့် ပူးတွဲဆောင်ရွက်နေသည့် JICA အဖွဲ့မှ တာဝန်ရှိသူတစ်ဦးကလည်း "ဒေသခံတွေအတွက် ဒီရေတောတွေ မရှိမဖြစ်လိုအပ်လာသလို ဒေသခံတွေအနေနဲ့လည်း ဒီရေတောတွေ မယုတ်မလျော့အောင် ထိန်းသိမ်းဖို့လိုပါတယ်" ဟူ၍ ဆိုသည်။ ဒီရေတောများသည် ဒေသခံစားဝတ်နေရေး၊ ကုန်းတွင်းရေငန်ဝင်ရောက်မှု စသည်တို့အပြင် ယခုလိုဆိုးရွားသော နာဂစ်ကဲ့သို့သဘာဝဘေးဒဏ်မှ ကာကွယ်နိုင်ရန်အတွက် အထူးလိုအပ်လာကြောင်း JICA မှ အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

နာဂစ်အပြီးနောက်ပိုင်းတွင် ဘိုကလေးမြို့နယ် ကဒုံကနိကြိုးပိုင်း၌ ဧက ၂၀၀၊ ပျဉ်ဒရယ်ကြိုးပိုင်း၌ ဧက ၁၀၀ စုစုပေါင်း ဧက ၃၀၀ တို့ကို အဆိုပါကြိုးပိုင်းနေ ဒေသခံများက စိုက်ပျိုးဖော်ထုတ်သွားရန် ရှိကြောင်း ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာန၏ ဆက်လက်လုပ်ဆောင်မည့် ဒီရေတောထိန်းသိမ်းရေးစီမံကိန်းများအရသိရသည်။ စိုက်ပျိုးမည့်ဧက ၃၀၀ တွင် ဆားငန်ဒဏ်ခံနိုင်သော ရေခရား၊ သရော်၊ မဓမ၊ သမုဉ်၊ ကနစို၊ ဗျူး၊ ယူကလစ်၊ မာလာလူးကား၊ ပုန်းညက် စသည့်အပင်များ စိုက်ပျိုးကြမည်ဖြစ်ပြီး ပျိုးပင်များကို မြို့နယ်သစ်တောဦးစီးဌာနက ထုတ်ပေးမည်ဖြစ်ကြောင်း ဦးကံထွန်းက ဆိုသည်။

"နာဂစ်ကြောင့် ရေကြီးလို့ ဥယျာဉ်ခြံတွေ ပျက်၊ လယ်တွေပျက်ဖြစ်ခဲ့ပေမယ့် ဒီရေတောတွေရှိနေသေးတဲ့အတွက် ဝမ်းစာတော့ ရှာလို့ရသေးတယ်" ဟု ပျဉ်ဒရယ်ကြိုးပိုင်းသစ်ရှိ ဘဝသစ်ကျေးရွာတွင် နေထိုင်သည့် ကျေးရွာဒေသခံများက ဒီရေတောနှင့်ပတ်သက်၍ ၎င်းတို့အပေါ်အကျိုး

တောသစ်စျေးကျသော်လည်း အရောင်းအဝယ်အေး

ရန်ကုန်၊ အောက်တိုဘာ ၂၃

ပျဉ်းကတိုးသစ်များ စျေးနှုန်းမာနေချိန်၌ တောသစ်များ ပုံမှန်မဟုတ်ဘဲ စျေးနှုန်းကျဆင်းလျက်ရှိကြောင်း ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းမှ သစ်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

တောသစ်များ ပွင့်လင်းရာသီမတိုင်ခင်က ပုသိမ်ဘက်မှဝင်လာချိန်နှင့် တိုက်ဆိုင်သွားသဖြင့် အရောင်းအဝယ်အေးပြီး စျေးကျလာခြင်းဖြစ်ကြောင်း၊ ပွင့်လင်းရာသီရောက်ရှိလာသော်လည်း သစ်အရောင်းအဝယ်အေးနေပြီး ပုံမှန်ဝယ်ယူနေကျဖောက်သည်များကို သာရောင်းနေရကြောင်း၊ တစ်ခါတစ်ရံ စျေးဦးမပေါက်သည့်ရက်များရှိကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ယခုနှစ်တွင် သစ်တန်နှင့်ချီပြီးရောင်းဝယ်မှုမရှိသလောက် နည်းပါးကြောင်း၊ တစ်ချောင်းစနှစ်ချောင်းစလောက်သာရောင်းရကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းအချို့မှ ဖောက်သည်များ တစ်လလျှင်တစ်ခေါက်ခန့် လာဝယ်သည့်အခါတွင် တန်ဖြင့်ရောင်းရကြောင်း၊ အောက်တိုဘာလတတိယပတ်တွင် တောသစ်တစ်တန် ကျပ်ငါးသိန်းခွဲမှ ကျပ်ငါးသိန်းခြောက်သောင်း၊ ပျဉ်းမ တစ်တန် ကျပ်ကိုးသိန်းခွဲ၊ လျှာထိုး ကျပ်ရှစ်သိန်းခွဲမှ ကိုးသိန်းခန့်ထိရှိကြောင်း သစ်စျေးကွက်မှ စုံစမ်းသိရှိရသည်။

TMC Bridging Program ပြည်တွင်း၌ တက်ရောက်နိုင်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၃

LCCI Diploma ရရှိထားသူများအတွက် စင်ကာပူနိုင်ငံရှိ TMC Educational Group ၏ Bridging Program (TMC Higher Diploma in Business Studies) ကို မြန်မာနိုင်ငံတွင်တက်ရောက်နိုင်တော့မည်ဖြစ်ကြောင်း TMC Educational Group မှ Country Manager Ms. Amber Jan က ပြောကြားသည်။

မြန်မာနိုင်ငံမှ LCCI ဒီပလိုမာရရှိပြီးသူများအနေဖြင့် ယင်း Program ကို ပြည်တွင်းတွင်တက်ရောက်နိုင်ရန် MCC နှင့်ပူးပေါင်းစီစဉ်ထားကြောင်း၊ ယင်း Program ကို ယခင်က စင်ကာပူနိုင်ငံရှိ TMC တွင်သွားရောက်သင်ကြားရကြောင်း၊ သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ပြီး လာမည့်ဧပြီလမှစတင်၍ MCC Business School တွင် တက်ရောက်ရန်စီစဉ်လျက်ရှိကြောင်း ၎င်းကရှင်းလင်းပြောကြားသည်။ အဆိုပါ Bridging Program ပြီးဆုံးပါက University of Greenwich ၏ B.A (Hons:) Accounting & Finance နောက်ဆုံးနှစ်ကို စင်ကာပူနိုင်ငံရှိ TMC တွင်ပင် တစ်နှစ် ဆက်လက်တက်ရောက်သင်ကြားရမည်ဖြစ်ကြောင်း MCC Business School မှ CEO ဦးမျိုးအောင်က ပြောကြားသည်။

MCC Business School ကို LCCI သင်တန်း Centre တစ်ခုဖြစ်ရန် ပြုလုပ်သွားမည်ဖြစ်ပြီး LCCI သင်တန်းများစွာကို အဓိကသင်ကြားပေးလျက်ရှိကြောင်း၊ MCC တွင်ပင် ခြောက်လသင်တန်းတက်ရောက်ပြီးပါက TMC မှ Higher Diploma in Business Studies Module Certificate ရရှိနိုင်စေရန် TMC နှင့် ပူးပေါင်းစီစဉ်ခြင်းဖြစ်ကြောင်း MCC Business School မှ ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က ဆိုသည်။

မြသဲနိုင်

ပေးနိုင်သေးကြောင်းကို ပြောကြားသည်။ ကြိုးဝိုင်းအတွင်း မိမိတို့သည် လယ်ယာမြေများ တိုးချဲ့လုပ်ကိုင်လာခဲ့ကြကြောင်း၊ လယ်ယာမြေတိုးချဲ့ခဲ့ခြင်းကြောင့် ဒီရေတောများရှင်းလင်းခဲ့ရခြင်းနှင့်ပတ်သက်၍ နာဂစ်အပြီးတွင် ပြန်လည်စိုက်ပျိုးရန်ဆုံးဖြတ်ခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဘိုကလေးမြို့နယ်မှ ထင်ရှားသည့် ကြိုးဝိုင်းကြီးများဖြစ်သော ကဒုံကနီကြိုးဝိုင်း၊ ပျဉ်ဒရယ်ကြိုးဝိုင်း၊ မိန်းမလှကျွန်းကြိုးဝိုင်းတို့မှ ဒီရေတောများသည် လေဒဏ်ကြောင့် ကျိုးပဲ့ခဲ့ကြကြောင်း၊ သို့သော် ပြန်လည်အစားထိုးစိုက်ပျိုးရမည့်ဧက နည်းပါးကြောင်း၊ သစ်တောရေးရာဝန်ကြီးဌာန၏ သဘာဝသစ်တောသယံဇာတထိန်းသိမ်းရေးစီမံကိန်းအရ အထက်ပါကြိုးဝိုင်းကြီးသုံးခုတွင် ပျိုးပင်ပေါင်း သိန်း ၄၀ ကို ထပ်မံထည့်သွင်းစိုက်ပျိုးရန်အတွက် ဌာန၊ INGO၊ NGO နှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်း ဦးစီးအရာရှိဦးကံထွန်းက ဆိုသည်။

"ကျွန်မတို့ရွာမှာတော့ လေကာပင်တွေဆိုပြီး စိုက်ထားတာမနည်းဘူး" ဟု နာဂစ်မုန်တိုင်းအပြီး စံပြကျေးရွာအဖြစ်ရှိနေသော ကြိမ်ချောင်းကြီးကျေးရွာမှ ဒေသခံအမျိုးသမီးတစ်ဦးက ပြောကြားသည်။

ကြိမ်ချောင်းကြီးနှင့် စက်ဆန်းကျေးရွာများတွင်တည်ဆောက်ထားသော တန်ဖိုးသင့်အိမ်ရာများ၏ဘေးပတ်လည်တွင် ဆားငန်ဒဏ်ခံနိုင်သော ဒီရေတောသစ်ပင်ပေါင်း ၃၀၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်း အဆိုပါကျေးရွာများ၏ လေကာပင်စိုက်ပျိုးနိုင်မှုမှတ်တမ်းများအရ သိရသည်။

နာဂစ်မုန်တိုင်းပြီးချိန်တွင် ပင်လယ်ကမ်းနီးနေ ဒေသခံများ၊ ကြိုးဝိုင်းနေ ဒေသခံများသည် ဒီရေတောများ၏ အကျိုးပြုလာပုံကို သိမြင်လာကြကြောင်း၊ အနာဂတ်တွင် နာဂစ်ကဲ့သို့ ဆိုးရွားသော သဘာဝဘေးဒဏ်မှကြိုတင်ကာကွယ်နိုင်ရန်နှင့် အသက်ရှင်ရပ်တည်နိုင်ရန် စွမ်းဆောင်ပေးနိုင်သော ဒီရေတောများကို အောင်မြင်စွာစိုက်ပျိုးရန် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ဦးကံထွန်းက တိုက်တွန်းပြောကြားသည်။

■

အော်ဂဲနစ်ချင်းခြောက်များ ဂျာမနီမှစျေးအမြင့်ဆုံးပေးဝယ်ယူ

ပုသိမ်၊ နိုဝင်ဘာ ၂၄

ပြည်တွင်း၌ အော်ဂဲနစ်စိုက်ပျိုးနည်းဖြင့် စိုက်ပျိုးသောချင်းများကို ကုန်ချောအဖြစ်ဖြင့် ပြည်ပနိုင်ငံများသို့တင်ပို့ရာ တွင် ဂျာမနီနိုင်ငံသို့တင်ပို့ရာ၌ စျေးနှုန်းအမြင့်ဆုံးပေး၍ ဝယ်ယူကြောင်း အော်ဂဲနစ်ချင်းပို့ဆောင်နေသည့် တစ်ခုတည်းသော လုပ်ငန်းဖြစ်သည့် Phyo Kyaw Company Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးမြင့်က ပြောကြားသည်။

အော်ဂဲနစ်ချင်းများကို ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်၍လှီးခြင်း၊ အခြောက်ခံခြင်းတို့ပြုလုပ်ပြီး ဂျာမနီနိုင်ငံအပါအဝင် ဥရောပနိုင်ငံများသို့ လွန်ခဲ့သည့် လေးနှစ်မှစတင်တင်ပို့ခဲ့ကြောင်း၊ ချင်းခြောက်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ မှ ၂၀၀၀ ကြားရရှိကြောင်း၊ ယင်းချင်းခြောက်များကို သက်ဆိုင်ရာ ဥရောပစားသောက်ကုန်စစ်ဆေးရေးအဖွဲ့များက အဆင့်ဆင့်စစ်ဆေးယူကြောင်း ၎င်းက ပြောကြားသည်။

ယင်းချင်းစိုက်ခင်းများကို အောင်ပန်းမြို့နယ် ပေါ်စံနီကျေးရွာတွင် မတ်လ၊ ဧပြီလများ၌ ဧက ၄၈၀ စတင်စိုက်ပျိုးကြောင်း၊ လိုအပ်သော အပူချိန်ဖြင့် အခြောက်ခံပြီး စီးပါက ၂၅ ကီလိုဝင်အိတ်များဖြင့် တင်ပို့ကြောင်း၊ အဆိုပါကုမ္ပဏီနှင့်တွဲဖက်၍ လုပ်ဆောင်သော Nadaraj International Company Ltd. မှ Executive Director A.Chandaran က ပြောကြားသည်။

ယင်းအော်ဂဲနစ်ချင်းများကိုမှာယူသောနိုင်ငံများသည် ချင်းအခြောက်မှ အဆီထုတ်၍ စားသောက်ကုန်များတွင် အသုံးပြုပြီး အချို့မှာ အမှုန့်ပြုလုပ်၍ လက်ဖက်ရည်ထဲတွင်ထည့်သောက်ကြကြောင်း၊ ဂျာမနီနိုင်ငံသို့ မြန်မာနိုင်ငံမှသာမက ပါကစ္စတန်နိုင်ငံမှလည်း ချင်းအခြောက်များ တင်ပို့သော်လည်း ချင်းအတက်လိုက် အခြောက်ခံထားခြင်းကြောင့် မြန်မာအော်ဂဲနစ်ချင်းများကဲ့သို့ ဈေးမရရှိကြောင်း ၎င်းက ပြောသည်။

ချင်းများကို အခြောက်ခံရာ၌ ကိုရီးယားနိုင်ငံထွက်ပစ္စည်းများကို ရန်ကုန်မြို့တောင်ဒဂုံဆိပ်ကမ်းစက်ရုံတွင် ထားရှိအသုံးပြုရာမှ စိုက်ခင်းများရှိရာ အောင်ပန်းမြို့သို့ ယခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း ပြောင်းရွှေ့မည်ဖြစ်ကြောင်း၊ အကြောင်းမှာ လမ်းခရီးတွင် ချင်းတက်များအား အောင်ပန်းမှ ရန်ကုန်သို့ ပို့ဆောင်ရခြင်းကြောင့် စရိတ်ကုန်ကျမှုများသောကြောင့်ဖြစ်ကြောင်း၊ စက်များအား အောင်ပန်းသို့ ပြောင်းရွှေ့ပါက ချင်းအစိုအခြောက်တစ်ပိသာလျှင် ၈၀ ကျပ်ဖြစ်သောကြောင့် ကုန်ကျစရိတ်စျေးနှုန်းမှာ ရှစ်ဆခန့်သက်သာနိုင်ကြောင်း ဦးစိုးမြင့်က ပြောကြားသည်။

စောထီထွဏ်း

ကွမ်းအထွက်နှုန်းနှင့် စျေးနှုန်းလျော့ကျ၊ ကွမ်းစိုက်တောင်သူများ အခက်အခဲကြုံ

သတင်းဆောင်းပါး –ခင်ဌေးကြွယ် (၇–၁၂–၂၀၀၈)

ရန်ကုန်တိုင်း တွံတေးမြို့နယ်အတွင်းရှိ ကွမ်းစိုက်တောင်သူများအနေဖြင့် ယခုနှစ်တွင်စိုက်ပျိုးထားကြသည့် ကွမ်းများ၏စျေးနှုန်းထိုးကျမှုနှင့် အထွက်နှုန်းလျော့ကျသွားခြင်းတို့ကြောင့် အကျိုးအမြတ်မရရှိသည့်အပြင် ရင်းနှီးမြှုပ်နှံထားသော အရင်းအနှီးပါ ဆုံးရှုံးသွားမည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း တွံတေးမြို့ ဘုရားကြီးရွာမှ ကွမ်းစိုက်တောင်သူ ဦးမျိုးဝင်းက ပြောကြားသည်။

တောင်တွင်းကြီး၌ ကျွန်းပင်များ တိုးချဲ့စိုက်ပျိုး

ရန်ကုန်၊ ဒီဇင်ဘာ ၃

တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနက ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် စီးပွားဖြစ်ကျွန်းစိုက်ခင်းဧက ၇၀၀ ၌ အပင်ပေါင်း ၃၈၇,၀၀၀ နှင့် ရေဝေရေလဲစိုက်ခင်း ဧက ၅၀၀ တွင် အပင်ပေါင်း ၁၀၀,၀၀၀ စိုက်ပျိုးသွားမည်ဟု အဆိုပါဌာနမှ သိရသည်။

ထိုဒေသရှိ ဆည်ရေလှောင်တမံများတွင် ရေဝေရေလဲစိုက်ခင်းများ စိုက်ပျိုးထားရာ ကင်ပွန်းတောင်တွင် ၂၁၅၀ ဧက၊ သန်းကုန်းဆည်တွင် ၅၅၀ ဧက၊ ငမင်ဆည်တွင် ၈၀၀ ဧက၊ ရန်ပယ်ဆည်တွင် ၄၁၀၀ ဧက စုစုပေါင်း ၇၆၀၀ ဧကရှိသည်။ ပဲခူး ရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်းအရ တောင်တွင်းကြီးမြို့နယ်သစ်တောဦးစီးဌာန၊ သဘာဝသစ်တောထိန်းလုပ်ငန်း၊ သဘာဝတောတန်းတိုးမြှင့်စိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ ကျွန်းစိုက်ခင်းများတည်ထောင်ခြင်း ရေဝေရေလဲစိုက်ခင်းများတည်ထောင်ခြင်း၊ လူထုဖြန့်ဝေစိုက်ပျိုးခြင်း၊ တိုးချဲ့ပညာပေးဆောင်ရွက်ခြင်း၊ နယ်လှည့်စည်းရုံးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ထင်းအစားထိုးလောင်စာအသုံးပြုစေခြင်း၊ သစ်စေ့ထုတ်ဓရိယာသတ်မှတ်၍ ထုတ်လုပ်ခြင်း၊ ကျွန်းမျိုးသန့်ဓရိယာထူထောင်ခြင်း၊ သဘာဝကျွန်းတောသတ်မှတ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ပယ်ဖျောက်ရေးအတွက် စာရင်းကောက်ယူခြင်း၊ သုတေသနပြုခြင်း၊ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်တွင် သစ်တောကြိုးဝိုင်း ၁၅၇,၅၅၅ ဧကရှိပြီး ကြိုးပြင်ကာကွယ်တော ၂၀၀၀ ဧကရှိကြောင်း သစ်တောဦးစီးဌာနမှ သိရှိရသည်။

ဦးလှမြင့်

အကြောင်းရင်းမှာ နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့မှုအပါအဝင် မျိုးအဖြစ်အသုံးအသုံးပြုမည့် ကွမ်းညွှန့်ဈေးနှစ်ဆမြှင့်သွားခြင်း၊ စိုက်ပျိုးပြီးအပင်များအတွက် လိုအပ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး လုံလုံလောက်လောက်အသုံးမပြုနိုင်ခြင်းနှင့် ဝန်ထမ်းစရိတ်ကြီးမြင့်ခြင်း စသည်တို့ကြောင့် ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ထို့အတူ အထွက်နှုန်းမှာလည်း ယခင်နှစ်ထက် ထက်ဝက်ခန့်လျော့ကျသွားကြောင်း၊ ထွက်ရှိပြီးကွမ်းများ၏ ဝယ်လိုအားမှာလည်း သိသိသာသာကျဆင်းပြီး ဈေးနှုန်းမှာ ယခင်နှစ်ထက် တစ်ဝက်ခန့် ကျသွားကြောင်း၊ နောက်ထပ်သုံးလခန့် ဈေးနှုန်းကျဆင်းနေမည်ဆိုပါက ကွမ်းစိုက်တောင်သူများ၏ စားဝတ်နေရေးကိုပါ ထိခိုက်လာနိုင်ကြောင်း ၎င်းက ဆက်လက်သုံးသပ်ပြသည်။

လွန်ခဲ့သည့်နှစ်က ကွမ်းဈေးနှုန်းမှာ ပိဿာချိန်တစ်ရာလျှင် ကျပ်သုံးသိန်းခွဲမှ လေးသိန်းခွဲထိရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ်တစ်သိန်းခွဲသာရှိသော်လည်း ဝယ်ယူသည့် သူနည်းပါးနေကြောင်း၊ ယခင်နှစ်များက သီရိမင်္ဂလာဈေးမှ ကုန်သည်တချို့ တိုက်ရိုက်ဆင်း၍ ဝယ်ယူလေ့ရှိသော်လည်း ယခုနှစ်တွင်မရှိတော့ကြောင်း၊ တွဲတေးမြို့ခံကုန်သည်များကလည်း အဝယ်နည်းပါးသွားကြောင်း၊ ကွမ်းစိုက်တောင်သူများ၊ ကွမ်းခြံလုပ်ငန်းများအနေဖြင့် သီရိမင်္ဂလာဈေးကိုသာ အဓိကအားထားနေရသော်လည်း သီရိမင်္ဂလာဈေး၌ ကွမ်းဈေးများထိုးကျနေကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဈေးနှုန်းကျဆင်းနေခြင်းဖြစ်၍ မိမိတို့လည်း မည်သို့မျှ တတ်နိုင်မည်မဟုတ်ကြောင်း ဘုရားကြီးရွာအနောက်ပိုင်းမှ ကွမ်းစိုက်တောင်သူ ဒေါ်အေးမြင့်ဝင်းက ပြောကြားသည်။

ဒေါ်အေးမြင့်ဝင်းက "နှစ်တိုင်း သီရိမင်္ဂလာဈေးက ဒိုင်တွေကိုသွားပို့တယ်။ အထွက်လည်းကောင်း၊ ဈေးလည်းကောင်းတယ်လေ။ ဒီနှစ်တော့ ခုနစ်သိန်းဖိုးလောက် ရင်းထားတာ ခုမှတစ်သိန်းဖိုးတောင် မရောင်းရသေးဘူး။ လာမယ့်နှစ် စိုက်တောင်စိုက်နိုင်မှာမဟုတ်တော့ဘူးနဲ့တူတယ်" ဟု ဆိုသည်။

ရင်းနှီးမြှုပ်နှံမှုပြုရာတွင် ကွမ်းညွှန့်တစ်ညွှန့်လျှင် ယခင်နှစ်က ဖိဝ ကျပ်သာရှိခဲ့ပြီး ယခုနှစ်တွင် ၁၁၀ ကျပ်ထိ ပေးရကြောင်း၊ ကွမ်းညွှန့်တစ်ထောင်စိုက်ပျိုးပြီးပါက ၁၀ ရက်၊ တစ်ပတ်လျှင် အနည်းဆုံး ၁၀ ပိဿာမှ ၁၅ ပိဿာထိရရှိကြောင်း၊ ပုံမှန်အထွက်နှုန်းမှာ အညွှန့်တစ်ထောင်လျှင် ၁၀ ပိဿာရှိကြောင်း၊ ယခုနှစ်တွင် ဆေးမီးကွက်ဖြစ်ခြင်း၊ အရိုးမဲခြင်း၊ ဆီစွမ်း

ခြင်း၊ အရိုးမဲအဆစ်ပြုတ်ခြင်း စသည့်ရောဂါများဖြစ်ပွားပြီးနောက်ဆုံးတွင် ပင်သေရောဂါအထိဖြစ်ပွားခြင်းတို့နှင့် ရင်ဆိုင်ရကြောင်း တွံတေးမှ ကွမ်းစိုက်တောင်သူလည်းဖြစ်၊ တွံတေးဈေး၌ ကိုယ်တိုင်လည်း ကွမ်းဆိုင်ဖွင့်ထားသူ ဦးကျော်မြင့်က ပြောကြားသည်။

"ကျွန်တော်တို့က မျိုးရိုးစဉ်ဆက် အိုးဖုတ်လုပ်ငန်းလုပ်ခဲ့တာဗျ။ အဖေလက်ထက်ကမှ ကွမ်းစိုက်စားလာတာ ခုဆို ၁၀ နှစ်ကျော်ပြီပေါ့။ ဒီလိုမျိုး တစ်ခါမှမကြုံဖူးဘူး။ ကွမ်းဆိုတဲ့အမျိုးက မြတ်ရင်လည်း မျိုးမျိုးမြတ်မြတ် မြတ်တတ်တယ်။ ရှုံးရင်လည်း ခွက်ခွက်လန်ပဲဗျာ" ဟု ၎င်းက ဆိုသည်။

တွံတေးမြို့နယ်၌ လူဦးရေနှစ်သိန်းကျော်ရှိပြီး အများစုမှာ စိုက်ပျိုးရေးကို အဓိကလုပ်ကြကြောင်း၊ အိုးဖုတ်လုပ်ငန်း၊ စဉ့်လုပ်ငန်း၊ ရေလုပ်ငန်းတို့လည်း လုပ်ကိုင်ကြကြောင်း၊ ကျေးရွာပေါင်း ၂၃၂ ရွာရှိ၍ ရွာလူဦးရေ၏ ၂၅ ရာခိုင်နှုန်းမှာ ကွမ်းစိုက်ပျိုးကြကြောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်တစ်ဦး၏ အဆိုအရ သိရသည်။

ကွမ်းစိုက်ရာသီမှာ နှစ်တစ်နှစ်၏ မိုးဦးရာသီတွင်စိုက်ပျိုးလေ့ရှိကြပြီး စိုက်ပျိုးပြီး သုံးလပြည့် သည့် နေ့မှစ၍ ခူးယူနိုင်ကြောင်း၊ သုံးလပြည့်ပြီးပါက အရွက်အနေအထားပေါ်မူတည် ခူးယူလေ့ရှိကြောင်း၊ မိုးတွင်းကာလတွင် ၁၀ ရက်တစ်ကြိမ်ခူးလေ့ရှိပြီး နွေရာသီတွင် ၁၅ ရက်တစ်ကြိမ်ခူးယူကြောင်း၊ ၁၀ ကြိမ်၊ ၁၂ ကြိမ်ခန့်ခူးယူပြီးပါက မျိုးပင်အသစ်စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းခွင်နှင့် ခူးယူသည့်နေရာတို့တွင် အလုပ်သမားတစ်ဦးလျှင် တစ်ရက်လုပ်အားခ ၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်ထိပေးရကြောင်း၊ ပျိုးပင်များမှာ မြန်မာပျိုးပင်နှင့် ထိုင်ဝမ်ပျိုးပင်ဟူ၍ရှိကြောင်း၊ အများစုမှာ မြန်မာပျိုးပင်ကို သုံးကြကြောင်း၊ အကောင်းဆုံးမျိုးနှင့် အကောင်းဆုံးကွမ်းမှာ ပန်းတနော်ကွမ်းဖြစ်ကြောင်း ဦးကျော်မြင့်ကရှင်းပြသည်။

ယခုနှစ်တွင် ကွမ်းဈေးနှုန်းကျဆင်းခြင်းမှာ တွံတေးမြို့နယ်တစ်ခုတည်းသာမဟုတ်ဘဲ ရန်ကုန်မြို့တော်၏ အဓိကဈေးတစ်ခုဖြစ်သော သီရိမင်္ဂလာဈေးတွင်လည်း ကွမ်းဈေးများထိုးကျလျက်ရှိကြောင်း၊ သီရိမင်္ဂလာဈေးသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကွမ်းဝင်ရောက်မှုမှာ နေ့စဉ်ပိသာချိန်တစ်သိန်းဝန်းကျင်ရှိကြောင်း၊ ဈေးနှုန်းကျရခြင်းမှာ ပြည်ပဝယ်လိုအားကျဆင်းသွား၍ မြန်မာနိုင်ငံအထက်ပိုင်းဒေသများမှ ကွမ်းများအားလုံးသည် သီရိမင်္ဂလာဈေးသို့ အများဆုံးဝင်ရောက်လာကြကြောင်း၊ ကွမ်း

ကျိုက်ထီးရိုးတောင် ခြေလျင်ခရီးလမ်း စဉ်ဆက်မပြတ်ပြုပြင်သွားမည်

ကျိုက်ထို၊ နိဝင်ဘာ ၁၅

စေတီတည်ထားပုံအနေအထားများကြောင့် ထင်ရှားကျော်ကြားသော ကျိုက်ထီးရိုးစေတီသို့ ကားလမ်းခရီးဖြင့် တက်ရောက်နိုင်ပြီဖြစ်သော်လည်း ရှေးဘိုးဘွားများဖောက်လုပ်ခဲ့ကြသော ခြေလျင်လမ်းကို ပျောက်ကွယ်သွားခြင်းမရှိစေရန် စဉ်ဆက်မပြတ် ထိန်းသိမ်းပြုပြင်သွားမည်ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ကင်မွန်းစခန်းမှ ရင်ပြင်တော်အထိ ခုနစ်မိုင်ခွဲခန့်ရှည်လျားသော ခြေလျင်လမ်းမှာ အသုံးပြုသူဦးရေ နည်းပါးသွားသော်လည်း ဘိုးဘွားများ၏ အမွေအနှစ်ဖြစ်သောကြောင့် ပျက်စီးချို့ယွင်းခြင်းမရှိအောင် ထိန်းသိမ်းသွားမည်ဟု ၎င်းကဆိုသည်။

ခြေလျင်ခရီးလမ်းအား ထိန်းသိမ်းပြုပြင်ခြင်း၊ တောင်ထိန်းနံရံများပြုပြင်ခြင်း၊ စေတီတော်ရင်ပြင် နေပူခံကျောက်ပြားများလဲလှယ်ခြင်းလုပ်ငန်းများအတွက် ကျပ်သိန်းပေါင်း ၉,၀၀၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း ဂေါပကအဖွဲ့၏ စာရင်းများအရ သိရှိရသည်။

ယခုအခါ ကျိုက်ထီးရိုးစေတီရင်ပြင်အနီးအထိ ကားလမ်းဖောက်လုပ်ထားပြီဖြစ်သော်လည်း သဘာဝတောတောင်အလှအပကို ခံစားလိုသူများနှင့် ဆယ်ကျော်သက်အရွယ်လူငယ်အများစုမှာ ခြေလျင်ခရီးကိုသာ အသုံးပြုနေဆဲဖြစ်ကြောင်း ကင်မွန်းစခန်းရှိ လူထုမေတ္တာရေချိုးဆိုင်လုပ်ငန်းရှင်က ပြောကြားသည်။

Living Color ၊ ဇာဏီထွဏ်း

ဈေးနှုန်းမှာ တစ်ပိဿာလျှင် အနည်းဆုံး ၇၀၀၀ ကျပ်၊ ၈၅၀ ကျပ်မှ ၂၂၀၀ ကျပ်၊ ၂၃၀၀ ကျပ်အထိရှိပြီး အများဆုံး ၅၀၀၀ ကျပ်၊ ၅၅၀၀ ကျပ်ထိရှိကြောင်း သီရိမင်္ဂလာဈေးမှ ကွမ်းခိုင်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

လက်ရှိတွင်ဖြစ်ပေါ်နေသော ကွမ်းဈေးကွက်အနေအထားသည် ကွမ်းဝယ်ယူစားသုံးသူများအတွက် အဆင်ပြေသော်လည်း၊ ဈေးနှုန်းရေရှည်ထိုးကျနေမည်ဆိုပါက တစ်နိုင်ငံလုံးမှ ကွမ်းစိုက်တောင်သူများ အထိနာနိုင်ကြောင်း၊ အထူးသဖြင့် နာဂစ်မုန်တိုင်းဒဏ်ကို ဆိုးဆိုးဝါးဝါးခံခဲ့ရသည့် ဧရာဝတီတိုင်းရှိ မြို့နယ်များမှ ကွမ်းစိုက်တောင်သူများ နစ်နာမှုရှိနိုင်ကြောင်း၊ ၎င်းတို့၏ ကွမ်းစိုက်လုပ်ငန်းများအတွက် ထောက်ပံ့ပေးနိုင်မည်ဆိုပါက ကွမ်းခြံလုပ်ငန်းများ ပြန်လည်ဦးမော့လာနိုင်ခြေရှိကြောင်း သီရိမင်္ဂလာဈေးမှ ကွမ်းခိုင်ပိုင်ရှင်တစ်ဦးက အကြံပြုပြောကြားသည်။

နိုင်ငံတကာအသိအမှတ်ပြု City & Guilds Tourism Certificate ပြည်တွင်း၌ တက်ရောက်ရယူနိုင်

ရန်ကုန်၊ ဒီဇင်ဘာ ၂၂

ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအတွက် ကျွမ်းကျင်မှုအရည်အချင်းမြင့်မားသော လူသားအရင်းအမြစ်များပေါ်ထွန်းလာစေရန်နှင့် ယင်းလုပ်ငန်းနယ်ပယ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဗြိတိန်နိုင်ငံရှိ City & Guilds က တိုက်ရိုက်ပေးအပ်ချီးမြှင့်မည့် နိုင်ငံတကာအသိအမှတ်ပြု Certificate in International Tourism သင်တန်းကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလနောက်ဆုံးပတ်အတွင်းက ပထမဦးဆုံးဖွင့်လှစ်ခဲ့ကြောင်း ယင်းသင်တန်းကို တာဝန်ယူဖွင့်လှစ်သည့် Ocean Gate Training Center မှ အမှုဆောင် အရာရှိချုပ်ဦးသိန်းစိုးက ပြောကြားသည်။

City & Guilds က အရည်အချင်းစစ်ဆေးပြီး အောင်လက်မှတ်ချီးမြှင့်မည့် ယင်းသင်တန်းတွင် နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံသဘောတရားနှင့် အလေ့အကျင့်များ၊ ခရီးသွားဝန်ဆောင်မှုစီးပွားရေးမြှင့်တင်ခြင်းနှင့် နိုင်ငံတကာဈေးကွက်ရှာဖွေခြင်း၊ စားသုံးသူဝန်ဆောင်မှုပေးခြင်း စသည့် ဘာသာရပ်ခုနစ်ခုကို အဓိကသင်ကြားမည်ဖြစ်ပြီး ပြည်တွင်းခရီးသွားဝန်ဆောင်မှု၊ အင်္ဂလိပ်စာနှင့် လုပ်ငန်းခွင်သုံးကွန်ပျူတာစနစ်တို့ကိုပါ ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလခြောက်လကို စာတွေ့လက်တွေ့သင်ယူအောင်မြင်ပြီးပါက ပြည်တွင်းပြည်ပရှိ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့်အပြင် City & Guilds Diploma သင်တန်းနှင့် Advanced Diploma သင်တန်းတို့ကို ဆက်လက်တက်ရောက်နိုင်သကဲ့သို့ နိုင်ငံတကာတက္ကသိုလ်များရှိ အသက်မွေးဝမ်းကြောင်း အဆင့်မြင့်သင်တန်းများကိုလည်း ပေါင်းတူးတက်ရောက်နိုင်ကြကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၏ လက်ရှိခရီးသွားလုပ်ငန်းနယ်ပယ်သည် အကြောင်းအမျိုးမျိုးကြောင့် အားစက်လျက်ရှိသော်လည်း ရှေ့ဟောင်းယဉ်ကျေးမှုနှင့် သဘာဝအလှများထွန်းကားသည့်နိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ ပြန်လည်ဦးမော့လာပါက အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်များစွာလိုအပ်လာမည်ဖြစ်ကြောင်း၊ ထို့အတူ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည့်အခါ၌လည်း အရည်အချင်းပြည့်မီနေမှသာ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မည်ဖြစ်ကြောင်း ခရီးသွားကုမ္ပဏီတစ်ခုမှ Tour Operartor တစ်ဦးက သုံးသပ်သည်။

မဂ်လာဈေး၌ ကုန်များများလောင်သူနည်း

ရန်ကုန်၊ ဒီဇင်ဘာ ၂

ရန်ကုန်မြို့တော်၌ အဝတ်အထည်၊ အလှကုန်၊ ဆေးနှင့် အစားအသောက် စသော လူသုံးကုန်ပစ္စည်းများကို လက်ကား ဖြန့်ချိရောင်းချနေသော အဆင့်မြင့် မဂ်လာဈေးကြီးတွင် ကုန်ပစ္စည်းများကို အရေအတွက်များစွာ သိုလှောင်ထားသောလုပ်ငန်းရှင်နည်းပါးလာကြောင်း ယင်းဈေးကြီးရှိ ဝါရင့်ကုန်သည်အချို့၏အဆိုအရ သိရှိရသည်။

အဆိုပါဈေးကြီးရှိ လုပ်ငန်းရှင်အချို့သည် နှစ်ကုန်ဒီဇင်ဘာလ၌ လက်ကျန်စာရင်းများကို ရှင်းလင်း၍ ကုန်ပစ္စည်းများ ထပ်မံကြိုတင်မှာယူလေ့ရှိသော်လည်း ယခုနှစ် ဒီဇင်ဘာလ၌ ကုန်ပစ္စည်းများ အကြိုမှာယူထားခြင်းမရှိကြောင်း၊ လက်ရှိဆိုင်များ၌ ပစ္စည်းများစွာရှိနေခြင်းနှင့် အရေအတွက်များစွာသိုလှောင်ခြင်းထက် ကုန်ပစ္စည်းတစ်ခုကုန်လျှင် တစ်ခုဝယ်စနစ်ဖြင့် ရောင်းချခြင်း စသည်တို့ကြောင့် လှောင်လက်နည်းလာခြင်းဖြစ်ကြောင်း ဝါရင့်ကုန်သည်များက သုံးသပ်ပြောကြားသည်။

မဂ်လာဈေးတတိယထပ်ရှိ ထိုင်းအလှကုန်လက်ကားဖြန့်ချိသူတစ်ဦးက "ကုန်ပစ္စည်းက အမြဲလှောင်ထားရတယ်။ ကျွန်မတို့ဆီမှာ ပစ္စည်းအမျိုးအမည်တစ်ခု အရေအတွက်နည်းသွားတာနဲ့ ဈေးကွက်မှာ ပစ္စည်းပြတ်လပ်မှုမရှိအောင် ထပ်လှောင်ရတာပဲ။ အခြေအနေတွေက ဘယ်လိုဖြစ်မလဲမသိတော့ လုပ်ငန်းရှင်တွေလည်း အမျိုးအမည်တစ်ခုကို (ဥပမာ–အခု ၁၀၀၀ ယခင်လှောင်ရင် ၈၀၀ လောက်ပဲ အခုလှောင်တော့တယ်) လုံးလုံးမလှောင်ထားရင်လည်း ပစ္စည်းပြတ်မှာစိုးရ များများလှောင်ဖို့ကလည်း ငွေသားက ပိုတန်ဖိုးကြီးလာတယ်" ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

ယင်းဈေးကြီးရှိ အဝတ်အထည်နှင့် အထည်အလိပ်၊ အစားအသောက် လက်ကားဖြန့်ချိရေးလုပ်ငန်းများသည် အရောင်းအဝယ်ပုံမှန်ရှိနေပြီး ကျောင်းဖွင့်ရာသီဖြစ်သောကြောင့် စားသောက်ကုန်ဈေးကွက်ပုံမှန်အရောင်းရှိနေကြောင်း၊ နာဂစ်မုန်တိုင်းတိုက်ခိုက်ပြီး ငါးလခန့်အကြာတွင် နယ်မှ အဝတ်အထည်ဝယ်လိုအား တက်လာချိန်၌ ရန်ကုန်မြို့၌ ဝယ်လိုအား လျော့သွားကြောင်း မဂ်လာဈေး ပထမထပ်နှင့် တတိယထပ်တွင် အောင်မြင်ခြင်း အဝတ်အထည်အရောင်းဆိုင်ဖွင့်လှစ်ထားသူတစ်ဦးက ပြောကြားသည်။

အဆင့်မြင့်မဂ်လာဈေးရှိ ဈေးသာယာရေးကော်မတီကို ဆက်သွယ်မေးမြန်းရာ ယင်းဈေးကြီးသို့ ကုန်ပစ္စည်းအဝင်အထွက်ပုံမှန်ရှိနေကြောင်း တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

တရုတ်ပန်းသီးဈေးကွက် သိသာစွာကျယ်ပြန့်

သတင်းဆောင်းပါး – နိုင်မင်းဝေ၊ ၂၀–၁၀–၂၀၀၈

ယခုနှစ် သစ်သီးဝလံရာသီ၏ ထူးခြားချက်တစ်ရပ်သည် တရုတ်ပန်းသီးဈေးကွက် နှစ်ဆတိုးကျယ်ပြန့်လာခြင်းပင်ဖြစ်ကြောင်း သီရိမဂ်လာဈေးရှိ ထိပ်တန်းပွဲရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ယခုအချိန်တွင် တစ်ရက်လျှင် တရုတ်ပန်းသီး ၁၀ ဘီးကား ၁၀ စီးခန့်ဝင်ရောက်ခဲ့သော်လည်း ယခုနှစ်တွင် အစီး ၂၀ ခန့် ဝင်ရောက်လာကြောင်း၊ သီရိမဂ်လာဈေးတွင် ပန်းသီးပွဲရုံများနှင့် ပြည့်နှက်နေကြောင်း ပန်းသီးရောင်းဝယ်ရေးလုပ်ကိုင်သူများက ပြောကြားသည်။

ပြီးခဲ့သောနှစ် သီတင်းကျွတ်ရာသီတွင် ပန်းသီးနှင့်အပြိုင် ရှောက်ချိုသီး၊ လိမ္မော်သီး၊ နာနတ်သီးကဲ့သို့သော သစ်သီးများ သစ်သီးဝလံဈေးကွက်သို့ ဝင်ရောက်ခဲ့သော်လည်း ယခုနှစ်တွင် ဝင်ရောက်ခြင်း

ကော့မှူးနှင့်တွံတေး သုံးဘီးဆိုင်ကယ်များ ပြေးဆွဲမည်

ရန်ကုန်၊ နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်နှင့် တွံတေးမြို့နယ်တို့၌ သုံးဘီးဆိုင်ကယ်များပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကော့မှူးမြို့နယ်တွင် အခြေစိုက်သော သုံးဘီးဆိုင်ကယ်များကို ဝါးဘလောက်သောက်၊ ကျိုက်ထော် စသည့်ကျေးရွာများသို့ ပြေးဆွဲမည်ဖြစ်ကြောင်း၊ သုံးဘီးဆိုင်ကယ်များကို သက်ဆိုင်ရာညွှန်ကြားချက်ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး စတင်ပြေးဆွဲပေးမည့်ရက်၊ ယာဉ်စီးခနှုန်းထားများကို မသတ်မှတ်ရသေးကြောင်း၊ ယခင်က အဆိုပါကျေးရွာများသို့ ဂျစ်ကားများဖြင့်သာ ပြေးဆွဲပေးပြီး ဂျစ်ကားများသည် ခရီးသည် ၁၅ ဦးရှိမှသာ ပြေးဆွဲပေးတတ်ကြောင်း၊ ယခုအခါ သုံးဘီးဆိုင်ကယ်များ ပြေးဆွဲပေးမည်ဆိုပါက ခရီးသည်ငါးဦးခန့်ဖြင့်လည်း ပြေးဆွဲပေးနိုင်မည်ဖြစ်ကြောင်း၊ သုံးဘီးဆိုင်ကယ်များကို မြို့နယ်အတွင်းရှိခရီးသွားများ လွယ်ကူစွာသွားလာနိုင်ရေးအတွက် အဓိကရည်ရွယ်ထားခြင်းဖြစ်ပြီး မည်သူမဆို ဝယ်ယူပြေးဆွဲသွားနိုင်ကြောင်း ၎င်းက ပြောကြားသည်။

နည်းပါးကာ ပန်းသီးဈေးကွက်ထူးထူးခြားခြားကျယ်ပြန့်လာကြောင်း ထိပ်တန်းပွဲရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခုနှစ်ပန်းသီးက မျှော်မှန်းထားတာထက် ပိုရောင်းရတယ်" ဟု ၎င်းကဆိုသည်။

ယခုကဲ့သို့ပန်းသီးများအဝင်များပြီး ဈေးနှုန်းလည်းသက်သာသဖြင့် ယခင်က လူကုံထံကြေးရတတ်များသာ စားသုံးနိုင်ခဲ့သောပန်းသီးသည် ဝင်ငွေနည်း အခြေခံလူတန်းစားပါ စားသုံးနိုင်သည့် လမ်းဘေးဈေးကွက်အထိ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိခဲ့သည်ဟု သီရိမင်္ဂလာဈေးမှ လုပ်သက်ရင့်ပွဲရုံပိုင်ရှင်တစ်ဦးက ဆိုသည်။

"ပန်းသီးတစ်လုံး ၅၀၊ ၁၀၀ ဆိုတာ လက်ဖက်ရည်တစ်ခွက်ဖိုးတောင်မရှိဘူး။ ခြောက်လုံးငါးရာဆိုတာ တော်တော်ကောင်းတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

သီရိမင်္ဂလာဈေးသို့ ပန်းသီးတင်ဆောင်လာသည့် ၁၀ ဘီးကားကြီး အစီး ၂၀ ပုံမှန်ဝင်ရောက်နေပြီး ၁၀ ဘီးကားတစ်စီးလျှင် ပန်းသီးစက္ကူပုံး ၈၅၀၊ ၉၀၀ ခန့် ပါရှိကာ စက်တင်ဘာလဆန်းမှ စတင်ဝင်ရောက်လာသော ပန်းသီးများသည် ဒီဇင်ဘာလတွင် ရာသီသိမ်းနိုင်သည်ဟု ဈေးကွက်အတွင်းမှ သိရှိရသည်။

သီရိမင်္ဂလာဈေးကြီးတစ်ခုလုံးနီးပါး ပန်းသီးများနှင့် ပြည့်နေသည်ဆိုသော်လည်း တရုတ်နယ်စပ်နှင့် ဆက်သွယ်လုပ်ကိုင်နေသည့် ပန်းသီးအဓိကရောင်းဝယ်သည့် ပွဲရုံကြီးသုံးရုံခန့်သာရှိပြီး ကျန်ပွဲရုံများသည် အခြားရောင်းချရန်မရှိ၍ ပန်းသီးကို အားပြုရောင်းရခြင်းဖြစ်သည်ဟု ဈေးကွက်အတွင်းမှ သိရှိရသည်။

ယခုနှစ် လမ်းဘေးပုံကျဈေးသည်များအနေဖြင့် အခြားသစ်သီးဝလံများထက် ပန်းသီးကိုသာ အရောင်းများသဖြင့် နေရာတကာပန်းသီးသည်များနှင့် ပြည့်နေကြောင်း၊ အကျိုးဆက်အနေဖြင့် ပန်းသီးလက်လီရောင်းသူများပြားနေပြီး မျှော်လင့်ထားသကဲ့သို့ ရောင်းအားမကောင်းသဖြင့် ဈေးလျှော့ချရောင်းရကြောင်း ကုန်သည်လမ်းနှင့် ဆူးလေဘုရားလမ်းထောင့်တွင် ၂ နှစ်ဆက်တိုက်ပန်းသီးရောင်းချသူတစ်ဦးကဆိုသည်။

လက်လီရောင်းချသူများအနေဖြင့် ပန်းသီးတစ်ဖာလျှင် အလုံး ၁၈၀ ခန့်ပါပြီး တစ်ဖာကို ၁၂,၀၀၀ ခန့် အရင်းရှိကာ တစ်

ဖာကို သုံးမျိုးခန့်ပြန်ခွဲ၍ ရောင်းကြကြောင်း၊ ပန်းသီးလုလျှင် တစ်လုံးလျှင် ၂၅၀၊ ၃၀၀ ကျပ်ဖြင့် ရောင်းချ၍ရသကဲ့သို့ အလုံးမလုလျှင် တစ်လုံးလျှင် ၅၀၊ ၁၀၀၊ ၁၅၀ ကျပ်ခန့်ဖြင့်ရောင်းချကြကြောင်း၊ ခပ်သွက်သွက်ရောင်းရန် ကြိုးစားရပြီး ဝယ်လိုအားပေါ်မူတည်၍ ပန်းသီးဖာ ၂၀ ကျော် အထိရောင်းချရသူများရှိကြောင်း တွံတေးမြို့မှ ပန်းသီးလာရောက်ရောင်းချသူတစ်ဦးက ဆိုသည်။

"တွေ့တဲ့အတိုင်းပဲ ပန်းသီးသည်တွေ လက်ညှိုးထိုးမလွဲဖြစ်နေတာ" ဟု အနော်ရထာလမ်း တရုတ်တန်းတွင် ပန်းသီးရောင်းနေသူတစ်ဦးက ဆိုသည်။

ပန်းသီးများသိသိသာသာ ပေါများလာခြင်းကြောင့် ရင်းနှီးငွေ ကျပ်သောင်းဂဏန်းခန့်သာ တတ်နိုင်သော မာလကာသီး၊ သံပရာသီး၊ ငှက်ပျောသီးရောင်းချသည့်အထမ်းသည်အချို့ အရင်းအနှီး လုံးဝဆုံးရှုံးသည်အထိ ရောင်းအားကျသွားရသည်ဟု လှိုင်မြို့နယ်တစ်ဝိုက် ဆိုင်းထမ်းဖြင့် ရာသီပေါ်သီးနှံများ ရောင်းချသူတစ်ဦးက ဆိုသည်။

နော်ဝေ၊ ဒိန်းမတ်၊ နယ်သာလန်၊ ဆွီဒင်၊ စကင်ဒီနေဗီးယန်းနိုင်ငံသားများအနေဖြင့် ပန်းသီးကို နတ်ဩသီး၊ နတ်ဘုရားနှင့် ထိုက်တန်သည့်အသီး Food of the God ဟု တင်စားထားကြပြီး ပန်းသီးတွင် ရုပ်နှင့် နာမ်ကို သစ်လွင်စေနိုင်စွမ်းရှိသည်ဟု ယုံကြည်ကြသည်။

ထို့အတူ ဥရောပမှ အာဟာရဓာတ်ခွဲပညာရှင်များက အခြားသောသစ်သီးများထက် ပန်းသီးတွင်ဖော့စဖိတ်ဓာတ်ပါဝင်မှုပိုမိုပြီး ယင်းဓာတ်သည် ဦးနှောက်နှင့် အာရုံကြောကို အားပေးသောအာနိသင်ရှိသည်ဟုဆိုသည်။

လွန်ခဲ့သောအနှစ် ၂၀ ကျော် ဗဟို ချုပ်ကိုင်စီးပွားရေးစနစ်အောက်တွင် ပန်းသီးကို လှည်းတန်းစျေး၊ ဗိုလ်ချုပ်အောင်ဆန်းစျေး၊ ဝင်ဒါမီယာနှင့် အင်းလျားလမ်းစျေးများလောက်သာ ရောင်းချရသော်လည်း ယခုစျေးကွက်စီးပွားရေးနှင့် ပန်းသီးများ လှိုင်လှိုင်ပေါများလာပြီး ယခင်က လူကုံထံကြွေးရတတ်များစားသုံးလေ့ရှိသည့် ပန်းသီးကို ဝင်ငွေနည်းလူတန်းစားများ စားသုံးနိုင်သည့် လမ်းဘေးတွင် ရောင်းချနိုင်သည်အထိ စျေးကွက်ကျယ်ပြန့်လာခဲ့သည်။

ဥယျာဉ်ခွံလုပ်ကိုင်သူများ ရေလုပ်ငန်းပြောင်းလဲလုပ်ကိုင်

ဒေးဒရဲ၊ နိုဝင်ဘာ ၈

နာဂစ်မုန်တိုင်းကြောင့် ငှက်ပျော၊ ကြံနှင့် ကွမ်းသီးခြံများပျက်စီးခဲ့သော လေဘေးသင့်ဒေသများမှ ဥယျာဉ်ခြံစိုက်ပျိုးလုပ်ကိုင်သူများက မုန်တိုင်းအပြီးတွင် ငါးဖမ်းလုပ်ငန်းများပြောင်းလဲလုပ်ကိုင်လာကြကြောင်း ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ရေတွင်းကုန်းကျေးရွာ ဥတိုတိုးချဲ့ရပ်ကွက်ရှိ ငါးရောင်းဝယ်ရေးဒိုင်မှ လုပ်ငန်းရှင် ဦးမောင်ဦးက ပြောကြားသည်။

အဆိုပါခြံပိုင်ရှင်များသည် ဥယျာဉ်ခြံပြန်လည်စိုက်ပျိုးရန် အရင်းအနှီးနည်းပါးသွား၍ လတ်တလော၌ ငွေရလွယ်သည့်ရေလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်လာကြကြောင်း၊ အဆိုပါဥယျာဉ်ခြံလုပ်ကိုင်သူများသည် ကျိုက်လတ်၊ ဒေးဒရဲ စသည့်ဒေသများမှဖြစ်ပြီး ပင်လယ်နှင့်နီးသောကျေးရွာများ၌ လာရောက်ငါးဖမ်းကြခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ခြံလုပ်သူများ ရေလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်ကြခြင်းကြောင့် ယခုနှစ်တွင် အခြားဒေသမှ လာရောက်ငါးဖမ်းသူဦးရေမှာ ယခင်နှစ်များထက် ၁၄ ဦးမှ ၅၀ ဦးအထိ များပြားလာကြောင်း၊ ထို့ကြောင့် ဒေသခံငါးဖမ်းသူဦးရေမှာ အနည်းငယ်သာရှိပြီး အခြားသောနယ်မှ လာရောက်ငါးဖမ်းသူမှာ အများစုဖြစ်နေသည်ကိုတွေ့ရကြောင်း ၎င်းက ဆိုသည်။

"နာဂစ်ကြောင့် ဥယျာဉ်ခြံတွေက လုံးဝကိုပျက်စီးသွားတာ။ အပြန်စိုက်ဖို့ဆိုတာ အရင်းအနှီးကလိုတယ်။ အရင်းအနှီးမတတ်နိုင်တော့ အခုမိသားစုစားဝတ်နေရေးအတွက် ငွေရလွယ်တဲ့ ငါးဖမ်းတဲ့အလုပ်ကို တခြားသူတွေနဲ့ပေါင်းပြီး လုပ်နေရတာပေါ့။ ကျွန်တော်တို့က ငါးမဖမ်းတတ်တော့ အဆင်မပြေဘူး။ နောက်ဆုံး ဒီနှစ်ငါးရှားတယ်လို့လည်းပြောတယ်" ဟု ကျိုက်လတ်မြို့နယ်အတွင်းရှိ ကျုံမင့်ရွာမှ ခြံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

Living Color ၊ ဖြိုးဝေလင်း

ခေတ္တရပ်ဆိုင်းထားသည့် ရန်ကုန်-မန္တလေးရေးသင်္ဘောပြန်လည်ပြေးဆွဲ

ရန်ကုန်၊ နိုဝင်ဘာ ၂၉

နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ခေတ္တရပ်ဆိုင်းထားသည့် ရန်ကုန်–မန္တလေးရေးသင်္ဘောကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် သင်္ဘောအချို့ ပျက်စီးခဲ့၍ ယင်းသို့ ရပ်နားထားခဲ့ ရခြင်းဖြစ်ကြောင်း၊ ယခုအခါ သင်္ဘောများကို ပြင်ဆင်ပြီးဖြစ်၍ ဒီဇင်ဘာလ ဒုတိယပတ်မှ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးတော့မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

အဆိုပါ ရေးသင်္ဘောကို ၁၉၉၃ ခုနှစ် မှစ၍ တစ်နှစ်လျှင်လေးကြိမ် ပြေးဆွဲပေးလျက်ရှိပြီး ခရီးစဉ်တစ်ခေါက်လျှင် အသွားအပြန် ၅၄ ရက်သတ်မှတ်ထားကြောင်း၊ ရန်ကုန်မြို့တော် ဗိုလ်တထောင်ဆိပ်ကမ်းမှစတင်၍ မအူပင်၊ ဇလွန်၊ ဟသ်ဘတ၊ အောင်လံ၊ မကွေး၊ ရေနံချောင်း၊ မန္တလေးစသည့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဆိပ်ကမ်းပေါင်း ၂၆ ခုတွင် ရပ်နား၍ ရောင်းချပေးလျက်ရှိကြောင်း၊ ရေးသင်္ဘောပေါ်တွင် အများဆုံးပါဝင်သည့် ပစ္စည်းများမှာ လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အသင့်ချိုင်အဝတ်အထည်များ၊ အလှကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ ငါးပိ၊ ငါးခြောက် စသည့်ကုန်ပစ္စည်းများ ပါဝင်ကြောင်း ဗိုလ်တထောင်ဆိပ်ကမ်းမှ ဆိပ်ကမ်းတာဝန်ခံတစ်ဦးက ဆိုသည်။

သင်္ဘောတစ်စီးလျှင် ၅ ပေ × ၁၀ ပေရှိ ဆိုင်ခန်းပေါင်း ၄၀ ပါဝင်ကြောင်း၊ ဆိုင်ခန်းတစ်ခန်းလျှင် အသွားအပြန်ငှားရမ်းခ ကျပ်တစ်သောင်းခွဲရှိကြောင်း၊ သင်္ဘောစီးနင်းခမှာ တစ်ဦးလျှင် ရန်ကုန်မှ မန္တလေးထိ ၂၂၇၀ ကျပ်၊ ကုန်ပစ္စည်းတစ်တန်လျှင် ၈၃၇၀ ကျပ် သတ်မှတ်ထားပြီး မည်သူမဆို လွတ်လပ်စွာလိုက်ပါရောင်းချနိုင်ကြောင်း ယင်းဌာနဆိ၏ ထုတ်ပြန်ချက်အရ သိရသည်။ ယင်းဌာနမှ ပြေးဆွဲနေသောရေးသင်္ဘောများမှာ မြသီတာ၊ မြဒီပါ၊ မြဇရာ၊ မြမာလာ စသည်ဖြင့် သင်္ဘောခြောက်စင်းရှိကြောင်း ယင်းဌာနထံမှ သိရသည်။

ဆေးဖက်ဝင်တောင်ကြာ တရုတ်ဝယ်ယူ

ရန်ကုန်၊ ဒီဇင်ဘာ ၃

မကွေးတိုင်း မင်းဘူးခရိုင်အတွင်း အမြင့် ပေ ၅၂၀၈ မြင့်သည့် နတ်ရေကန်တောင်၌ အဖိုးတန်ဆေးဖက်ဝင်အပင်အမျိုးမျိုးပေါက်ရောက်လျက်ရှိရာ ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သည့် တောင်ကြာကို ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဈေးကွက်သို့ တင်ပို့လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ယခုတစ်လော တရုတ်နိုင်ငံမှ အထူးမှာယူနေသော သဘာဝဆေးဖက်ဝင်အပင်မှာ တောင်ကြာပင်ဖြစ်ကြောင်း နယ်စပ်ကုန်သည်တစ်ဦးက ပြောသည်။ နတ်ရေကန်ဒေသဝန်းကျင်၌တွေ့ရသော တောင်ကြာပင်မှာ လွန်စွာတန်ဖိုးရှိပြီး ဒေသခံတိုင်းရင်းသားများက ဆီးဆေး၊ အားဆေးအဖြစ် အသုံးပြုကြကြောင်း၊ ဆီးကျင်၊ ဆီးနောက်၊ ဆီးကျောက်တည်ခြင်းများအတွက် တောင်ကြာဥအခြောက်ကို သွေး၍လည်းကောင်း၊ တောင်ကြာပင်အခြောက်ကိုပြုတ်၍လည်းကောင်း သောက်သုံးလျှင် သက်သာပျောက်ကင်းကြောင်း ဒေသခံများကဆိုသည်။

တောင်ကြာမှာ ညိုပြာရောင်ခြေတံအတိုမျိုး၊ ခြေတံအရှည်မျိုးနှင့် အစိမ်းရောင်ခြေတံအတိုမျိုးနှင့် ခြေတံအရှည်မျိုးဆိုပြီး လေးမျိုးရှိကာ အမြစ်တွင် ဥတစ်လုံးစီပါရှိကြသည်။ တောင်ကြာခြေတိုမျိုး အမြစ်သည် သုံးလက်မခန့်ရှိပြီး မြေတွင်းကပ်ပေါက်သည်ဟု ဆို၏။

ခြေတံရှည်မျိုးသည် အမြင့်တစ်ပေနီးပါးရှိပြီး အရွက်မှာ ရေတွင်ပေါက်သော ပဒုမ္မာကြာပုံစံရှိ၍ အရွယ်အကြီးဆုံးအရွက်သည် အချင်း သုံးလက်မခန့်ရှိသည်။ အပင်အရွယ်အစားပေါ်မူတည်ကာ ဥမှာလည်း အကြီးဆုံး ငါးစင်တီမီတာခန့်သာရှိသည်။ တောင်ကြာပင်ကို ဇူလိုင်လမှ ဒီဇင်ဘာလအထိ တောတောင်များအတွင်း တွေ့ရှိနိုင်သည်။

ဒေသတွင်းပေါက်ဈေးမှာ တောင်ကြာအစိုရှည်၊ တို၊ မျိုးဥအပါ တစ်ပိဿာ ၁၅၀၀ ကျပ်၊ ခြေတံရှည်မျိုးဥအပါ တစ်ပိဿာ ၂၀၀၀ ကျပ်ဖြင့် အဝယ်တော်များက ကျေးရွာများသို့ဆင်းကာ ဈေးပေးဝယ်ယူကြကြောင်း၊ တောင်ကြာအစိုတစ်ပိဿာကို အခြောက်လုန်းလျှင် ဥမပါ ၁၀ ကျပ်သားသာရရှိကြောင်း၊ ဥမပါဘဲ အရွက်နှင့် ရိုးတံအခြောက်ကို မန္တလေးဈေးကွက်သို့ရောင်းလျှင် တောင်ကြာခြေတံတိုအခြောက် တစ်ပိဿာ ၂၅၀၀၀ ကျပ်၊ တောင်ကြာခြေတံရှည် အခြောက်တစ်ပိဿာ ၃၂၀၀၀ ကျပ်ရတတ်ကြောင်း၊ တရုတ်နယ်စပ်ဈေးကွက်တွင် တောင်ကြာခြေတံရှည်အခြောက် တစ်ပိဿာ ၁၉၆ ယွမ်၊ တောင်ကြာခြေတံတို အခြောက် ၁၅၃ ယွမ်ရရှိကြောင်း တောင်ကြာရောင်းချသူတစ်ဦးထံမှ သိရသည်။

ဦးလှမြင့်

ပြင်ခရိုင် သီဟိုဠ်စိုက်ပျိုးမှု မိုးရာသီ၌ စတင်မည်

ဖြင်ခရိုင်၊ နိဝင်ဘာ ၂၂

နာဂစ်မုန်တိုင်းဒဏ်သင့် ငပုတော မြို့နယ် ပြင်ခရိုင်ဒေသတွင် သီဟိုဠ်စိုက်ပျိုးမှုလုပ်ငန်းကို လာမည့်မိုးရာသီမှ ပြန်လည်စတင်နိုင်မည်ဖြစ်ကြောင်း ပြင်ခရိုင်ဒေသ ဒီးဒုံးကုန်းကျေးရွာနေ သီဟိုခြံလုပ်ငန်းရှင်ဦးအောင်နိုင်က ပြောကြားသည်။

သီဟိုဠ်သည် စိုက်ပျိုးပြီး သုံးနှစ်ကြာလျှင် အသီးစသီးပြီး ငါးနှစ်ခန့်ရှိလျှင် လှိုင်လှိုင်သီးလာကြောင်း၊ အပင်ရင့်လေ အသီးတင်လေဖြစ်ကြောင်း၊ သီဟိုဠ်စိုက်ပျိုးရာတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ ဥယျာဉ်စိုက်ပျိုးခွင့်ပြေစာတောင်းခံပြီးမှ လုပ်ကိုင်ခွင့်ရကြောင်း အုတ်တွင်းကျေးရွာအုပ်စုတောင်ညိုကျေးရွာမှ သီဟိုဠ်စိုက်ပျိုးသူ ဒေါ်မြင့်သိန်းက ပြောကြားသည်။

သီဟိုဠ်ကို မိုးရာသီတွင် စတင်စိုက်ပျိုးလေ့ရှိကြောင်း၊ ကျန်ရာသီများတွင် အပင်ဖြစ်ထွန်းမှုနည်းပါးကြောင်း၊ သီဟိုဠ်တစ်ဧကလျှင် နေ့စဉ်တစ်ပိသာမှ နှစ်ပိသာခွဲအထိ ထွက်ရှိပြီး သက်ရင့်သီဟိုဠ်ပင်အမြောက်အမြားရှိသောခြံမှ အသီးပိုမိုရရှိကြောင်း ၎င်းကရှင်းပြသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြင်ခရိုင်ဒေသရှိ သီဟိုဠ်ခြံအားလုံးနီးပါး ပျက်စီးခဲ့ရကြောင်း၊ သီဟိုဠ်ပင်များပါ ရေနှင့်မျောပါသွားသောကြောင့် သီဟိုဠ်ခြံပိုင်ရှင်များအနေဖြင့် မူလအခြေအနေပြန်လည်ရောက်ရှိရန် ငါးနှစ်ခန့်အချိန်ယူလုပ်ကိုင်ရမည်ဖြစ်ကြောင်း ဦးအောင်နိုင်က ဆိုသည်။

Living Color၊ ကျော်မျိုးထွန်း

ပညာတော်သင်ရေကြောင်းအရာရှိ ခေါ်ယူရာတွင် မြန်မာကျောင်းသားများကို အနှစ်သက်ဆုံးဟုဆို

ရန်ကုန်၊ နိဝင်ဘာ ၂၉

ပြည်ပနိုင်ငံများ၏ ကုန်သွယ်ရေကြောင်းသဘော်ဘာများတွင် လိုအပ်သော အလုပ်သင်ရေကြောင်းအရာရှိများ ခေါ်ယူရာ၌ မြန်မာနိုင်ငံမှ ပညာတော်သင်ရေကြောင်းအရာရှိလောင်းများကိုသာ အများဆုံးခေါ်ယူလျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အရာရှိတစ်ဦးက ပြောကြားသည်။

မြန်မာကျောင်းသားအများစုကို နှစ်သက်ခေါ်ယူရခြင်းမှာ ရိုးသားကြိုးစား၍ အမိန့်နာခံတတ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ အတတ်ပညာတွင်လည်း ထူးချွန်မှုရှိကြောင်း၊ ယင်းသို့ မြန်မာနိုင်ငံမှ ခေါ်ယူရာတွင် ရေကြောင်းပညာတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသားများကို ခေါ်ယူကြောင်း၊ ယင်းသို့ခေါ်ယူမှုကို ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့ပြီး တစ်နှစ်လျှင် ၂၀၀ ဦးဝန်းကျင်ထိ ခေါ်ယူကြောင်း၊ ခေါ်ယူသည့်နိုင်ငံများမှာ ကိုရီးယား၊ ဂျပန်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ ဖြစ်ကြပြီး Nautical Seince (NS) နှင့် ME (Marine Engineering) တို့ကို အဓိကခေါ်ယူကြကြောင်း၊ ယခုနှစ်တွင်လည်း ခေါ်ယူရန် ကမ်းလှမ်းထားပြီးဖြစ်ကြောင်း ရေကြောင်းပညာတက္ကသိုလ်မှ စုံစမ်းသိရသည်။

လုပ်ငန်းခွင်ဝင်ကျောင်းသားများကို လုပ်ခအပြည့်အဝပေးထားကြောင်း၊ တစ်နှစ် လက်တွေ့ဆင်းပြီးပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်က နိုင်ငံတကာအသိအမှတ်ပြုဘွဲ့လက်မှတ်ကိုပေးအပ်ပြီး ၎င်းတို့လုပ်ငန်းခွင်ဝင်ခဲ့သည့် သဘော်ဘာများတွင် တတိယတန်းအရာရှိ (အင်ဂျင်နီယာ) နှင့် တတိယတန်းအရာရှိ (ကုန်းပတ်စက်မှုဆိုင်ရာဝန်ထမ်း) တို့ကို တိုက်ရိုက်ခန့်အပ်ကြောင်း စုံစမ်းသိရသည်။

မြန်မာနိုင်ငံမှ မော်တော်ယာဉ်များ အာဆီယံနိုင်ငံများသို့ သွားလာရာတွင် သူတစ်ပါးထိခိုက်မှုအာမခံ ဆောင်ရွက်ပေးမည်

ရန်ကုန်၊ ဒီဇင်ဘာ ၃

မြန်မာနိုင်ငံမှ မော်တော်ယာဉ်များ အခြားအာဆီယံနိုင်ငံများသို့ ဝင်ထွက်သွားလာရာတွင် သူတစ်ပါးထိခိုက်မှုအာမခံအကာအကွယ်အပြည့်အဝ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက ပြောကြားသည်။

အာဆီယံနိုင်ငံများနှင့် တစ်ပြေးညီဖြစ်စေရေးအတွက် ၂၀၀၃ ခုနှစ်တွင် သူတစ်ပါးထိခိုက်မှုအာမခံနည်းဥပဒေများကို ပြင်ဆင်ရေးဆွဲခဲ့သဖြင့် ASEAN Framework Agreement on the Facilitatioin of Goods in Transit ရှိ Protocol ကိုးခုအနက် Protocol (5) ASEAN Scheme of Compulsory Motor Vehicles Insur-

သူတစ်ပါးထိခိုက်မှုအာမခံ ဘဏ္ဍာရေးနှစ်အလိုက် နှစ်နာကြေးငွေပေးချေမှုဇယား

(ကျပ်သန်းပေါင်း)

စဉ်	ဘဏ္ဍာရေးနှစ်	သေဆုံးလျော်ကြေး		ဒဏ်ရာလျော်ကြေး		ပစ္စည်း		စုစုပေါင်း	
		ဦးရေ	ငွေ	ဦးရေ	ငွေ	ဦးရေ	ငွေ	ဦးရေ	ငွေ
၁။	၀၃–၀၄	၂၇၉	၂၀.၈၈	၈၇	၁.၂၆	၃	၀.၀၄	၃၆၉	၂၂.၁၈
၂။	၀၄–၀၅	၃၈၉	၃၈.၇၅	၇၈	၂.၀၆	၆	၀.၁၂	၄၇၃	၄၀.၉၃
၃။	၀၅–၀၆	၄၃၈	၄၃.၇၀	၁၄၂	၃.၅၈	၂	၀.၀၄	၅၈၂	၄၇.၃၂
၄။	၀၆–၀၇	၄၀၆	၄၀.၆၀	၆၅	၁.၈၈	၂	၀.၀၄	၄၇၃	၄၂.၅၂
၅။	၀၇–၀၈	၄၅၉	၄၅.၈၃	၁၀၇	၃.၁၆	၂	၀.၀၄	၅၆၈	၄၉.၀၃
	စုစုပေါင်း	၁၉၇၁	၁၈၉.၇၆	၄၇၉	၁၁.၉၄	၁၅	၀.၂၈	၂၄၆၅	၂၀၁.၉၈

Source: မြန်မာ့အာမခံလုပ်ငန်း

ance ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးအတည်ပြုပြီးဖြစ်ရာ အခြားသော ASEAN နိုင်ငံများသို့ မော်တော်ယာဉ်များဝင်ထွက်သွားလာရာတွင် သူတစ်ပါးထိခိုက်မှုအာမခံအကာအကွယ် အပြည့်အဝ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် မော်တော်ဆိုင်ကယ်အပါအဝင် စက်တပ်ယာဉ်စီးရေမှာ နှစ်စဉ်တိုးတက်လျက်ရှိပြီး ယာဉ်စီးရေမှာ သန်းဂဏန်းထိရောက်ရှိနေပြီဖြစ်သော်လည်း အလုံးစုံမော်တော်ယာဉ်အာမခံထားသော ယာဉ်စီးရေမှာမူ ၅၀၀၀ ဝန်းကျင်သာရှိသဖြင့် အချိုးအစားအားဖြင့် လွန်စွာနည်းပါးနေကြောင်း ၎င်းက ပြောကြားသည်။

အခြားသော အရှေ့တောင်အာရှနိုင်ငံများတွင်မူ အလုံးစုံအာမခံထားရှိသော ယာဉ်စီးရေမှာ နိုင်ငံတွင်းရှိ ယာဉ်စီးရေ ပမာဏနှင့် မတိမ်းမယိမ်းရှိနေသဖြင့် မြန်မာနိုင်ငံတွင် စက်တပ်ယာဉ်တိုင်း အလုံးစုံအာမခံထားရှိသည့် အဆင့်ရောက်ရှိရန် လိုအပ်နေသေးကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအားကောင်းလာခဲ့သောကြောင့် နိုင်ငံခြားငွေ ဖြင့်လက်ခံဆောင်ရွက်သော မော်တော်ယာဉ်အာမခံလုပ်ငန်းကို ၁၉၉၆ ခုနှစ်မှစတင်ခဲ့ကြောင်း၊ နိုင်ငံခြားငွေဖြင့် ဆောင်ရွက်သော မော်တော်ယာဉ်အာမခံလုပ်ငန်းမှာ မြန်မာ့အာမခံလုပ်ငန်းက တာဝန်ယူပေးလျော်ရမည်ဖြစ်ပြီး တာဝန်ကြီးမားသည့်အတွက် တစ်ဆင့်အာမခံကုမ္ပဏီနှင့် တစ်ဆင့်အာမခံထားရှိ စာချုပ်ချုပ်ဆိုကာ ပေးလျော်ရမည့် တာဝန်အားလုံးကို တစ်ဆင့်အာမခံကုမ္ပဏီက တာဝန်ယူမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

စစ်တွေ - မန္တလေး ယာဉ်ငယ်လိုင်းဖွင့်

စစ်တွေ၊ ဒီဇင်ဘာ ၃

ရွှေလမင်းအမည်ရှိ စစ်တွေ–မန္တလေး လူစီးသီးသန့်ယာဉ်ငယ်လိုင်းကို နိုဝင်ဘာလ ၄ ရက်နေ့တွင် စတင်ပြေးဆွဲလျက်ရှိကြောင်း ယင်းယာဉ်လိုင်းသစ်မှ စုံစမ်းသိရှိရသည်။

ယင်းယာဉ်ငယ်လိုင်းသည် စစ်တွေမြို့မှ တစ်ရက်ခြား နံနက် ၇ နာရီတွင် စတင်ထွက်ခွာပြီး လမ်းခရီး ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားနှင့် အမ်းမြို့တို့ရှိ ခရီးသည်များကို တင်ဆောင်ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယာဉ်စီးခမှာ တစ်ဦးလျှင် ၁၅၀၀၀ ကျပ်ဖြစ်ပြီး စစ်တွေမှ မန္တလေးသို့ တစ်ညအိပ်ပြေးဆွဲရကြောင်း ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ရခိုင်ပြည်နယ် မြောက်ပိုင်းမြို့နယ်များသည် မန္တလေးကို ဗဟိုပြု၍ ကုန်သွယ်ရောင်းဝယ်မှုပိုမိုများပြားလျက်ရှိကြောင်း၊ တောင်ကြီး၊ ဟဲဟိုး၊ အောင်ပန်းဒေသထွက် အာလူး၊ ကြက်သွန်ဖြူ၊ ချင်းတက်များကို နယ်စပ်ကုန်သွယ်ရေးအတွက် အများဆုံးဝယ်ယူလျက်ရှိနေပြီး ပခုက္ကူ၊ မုံရွာဒေသများမှ စောင်နှင့်အထည်အလိပ်များ၊ ပျော်ဘွယ်၊ ရမည်းသင်းမှ နံနံနှင့် နန်းတက်များ၊ ကျောက်ပန်းတောင်း၊ ရေစကြို ဒေသများမှ ထန်းလျက်၊ မန်ကျည်းသီးမှည့်၊ ဆီးသီးခြောက်များ ရေနံချောင်း၊ တောင်သာဒေသများမှ ကြက်သွန်နီဥများ၊ ဆောဒေသမှ ကြက်သွန်ဖြူများကို မှာယူလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ထွက် ရေထွက်ပစ္စည်း ငါးခြောက်မျိုးစုံ၊ ငါးဆားနယ်၊ ကဏန်းများ၊ ဖျဉ်ဥ၊ ပန်းရိုးကြီးခြောက် စသည်တို့ကိုလည်း မန္တလေးကို အခြေပြု၍ တင်ပို့ရောင်းချလျက်ရှိကြရာ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် မန္တလေးဒေသသို့ ကူးသန်းသွားလာမှုမှာ ပိုမိုများပြားလာကြောင်း ဒေသခံများက ဆိုသည်။

သတင်းထောက်ကောင်း

■

ရခိုင်ဒေသ ပဲမျိုးစုံစိုက်ပျိုးမှုတိုးတက်

မင်းပြား၊ ဒီဇင်ဘာ ၃

ရခိုင်ဒေသတွင်းမြို့နယ်များတွင် ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးလာကြကြောင်း ဒေသခံများက ဆိုသည်။

ထိုသို့စိုက်ပျိုးရာ၌ မြေပဲ၊ ဘိုကိတ်ပဲနှင့် မတ်ပဲတို့ကို အများဆုံးစိုက်ပျိုးလာကြပြီး ဘိုကိတ်ပဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝယ်လိုအားရှိနေကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း ကုန်သည်တစ်ဦးက ဆိုသည်။ ထို့အတူ မတ်ပဲကိုလည်း ရိုးမအရှေ့ ပြည်တွင်းဒေသများမှ ဝယ်လိုအား များပြားလာနေကြောင်း၊ ယခုနှစ် ပဲရာသီကာလနောက်ဆုံး၌ မတ်ပဲဈေးမှာ ဈေးအမြင့်ဆုံးရရှိခဲ့ကြောင်း မင်းပြားမြို့မှ ပဲကုန်သည်တစ်ဦးက ဆိုသည်။

ပြီးခဲ့သည်နှစ်မှစ၍ ရန်ကုန်ပဲ ခေါ်ပဲပြားဖြူတစ်မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းခဲ့ပြီး ရိုးမအရှေ့မှ ဝယ်လိုအားရှိနေသဖြင့် တိုးချဲ့စိုက်ပျိုးလာကြကြောင်း မင်းပြားမြို့နယ် ပန်းခြောင်းကျေးရွာမှ ပဲကုန်သည်တစ်ဦးက ပြောကြားသည်။ ပဲမျိုးစုံတို့ ဈေးကောင်းရသဖြင့် ငရုတ်ခင်းနှင့် ဆေးရွက်ကြီးစိုက်ခင်းများတွင် ပဲမျိုးစုံ ပြောင်းလဲစိုက်ပျိုးမှု ပိုမိုများပြားလျက်ရှိကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

သတင်းထောက်ကောင်း

ပြည်တွင်းပညာရေး Website myanmartraining.com လူတစ်သောင်းခန့် လစဉ်ဝင်ရောက်ကြည့်ရှု

ရန်ကုန်၊ နိုဝင်ဘာ ၁၁

ပြည်တွင်းရှိ ကျောင်းသားများနှင့် လူငယ်များအတွက် သင်တန်းများ၊ ပညာရေးအချက်အလက်များကို ဦးစားပေး ဖော်ပြထားသော myanmartraining.com Website ကို လစဉ်ကြည့်ရှုသည့် ပရိသတ်ဦးရေ ၁၀၀၀၀ ဝန်းကျင်ရှိကြောင်း အဆိုပါ Website မှ Designer ဒေါ်ဆူးခက်ကျော်က ပြောကြားသည်။

ယင်း Website တွင် ကျောင်းသား လူငယ်များ ပညာရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အဓိက ဖော်ပြထားပြီး ပညာရေးကဏ္ဍအတွက် လမ်းညွှန်တစ်ခုဖြစ်စေရန် ရည်ရွယ်ကြောင်း၊ ရန်ကုန်မြို့တွင်းသင်တန်းများ၊ အချိန်စာရင်းများကို မျက်ခြည်မပြတ် ဖော်ပြပေးနေသဖြင့် ပညာရပ်များကို လေ့လာနေသော ပညာရှင်များ၊ ကျောင်းသားကျောင်းသူများမှ မိမိတက်ရောက်လိုသော သင်တန်းများကို ထိရောက်စွာရှာဖွေနိုင်ကြောင်း ၎င်းက ဆိုသည်။



ထို့မျှမက နိုင်ငံခြားတက္ကသိုလ်များ၏ သက်ဆိုင်ရာနိုင်ငံအလိုက်၊ ကျောင်းများအလိုက် သတင်းအချက်အလက်များ ဖော်ပြပေးထားပြီး နိုင်ငံခြားပညာတော်သင်ဆုများကို ဖော်ပြပေးထားသဖြင့် လူငယ်အများစု စိတ်ဝင်စားသောကြောင့် တစ်နေ့လျှင် ကြည့်ရှုသူဦးရေ ၂၀၀ မှ ၅၀၀ ကြားအထိရှိကြောင်း ၎င်းက ပြောကြားသည်။

ယင်း Website ကို ၂၀၀၅ ခုနှစ်တွင် ပညာရှင်ငါးဦးဖြင့် စတင်တည်ထောင်ခဲ့သည့် Creative Web Studio က လွှင့်တင်ထားခြင်းဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များအတွက် ၂၀၀၇ ခုနှစ်အစပိုင်းမှစတင်၍ လွှင့်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

စောထီထွဏ်း

ကဏ္ဍန်းဈေးကွက် ရက်ရှည်ဈေးကျ

ရန်ကုန်၊ ဒီဇင်ဘာ ၂

တရုတ်နိုင်ငံဈေးကွက်သို့ အများဆုံး တင်ပို့နေသော ရေထွက်ကုန်စာရင်းဝင် ကဏ္ဍန်းမှာ မူဆယ် ၁၀၅ မိုင်ဈေးကွက်၌ ဈေးနှုန်းရက်ရှည်ကျဆင်းနေပြီး ကြမ်းခင်းဈေးဖြင့်သာ အရောင်းအဝယ်ပြုနေရသည်ဟု ၁၀၅ မိုင် ကဏ္ဍန်းဈေးကွက်သို့ တိုက်ရိုက်တင်ပို့နေသော ဘိုကလေးမြို့နယ် အခြေစိုက်နေ ငြိမ်းမိုးကဏ္ဍန်းဒိုင်မှ ဦးလီလီရှမ်းက ပြောကြားသည်။

နိုဝင်ဘာလ ၂၀ ရက်နောက်ပိုင်းမှစတင်ကာ ကျဆင်းလာခဲ့သော ကဏ္ဍန်းဈေးနှုန်းသည် ယခုအခါ ၁၀၀ ဂရမ်အထက် ကဏ္ဍန်းတစ်တန်လျှင် ကန်ဒေါ်လာ ၁၆၀၀ မျှသာရှိတော့ကြောင်း၊ အနိမ့်ဆုံး ကြမ်း ခင်းဈေးဖြစ်သော်လည်း တရုတ်ကုန်သည် များဘက်မှ ဈေးနှုန်းတိုးမြှင့်ပေးခြင်းမရှိ သည့်အတွက် တစ်တန်လျှင် ကန်ဒေါ်လာ ၁၆၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်သွား ကြကြောင်း ဒုင်းကဆက်လက်ပြောကြား သည်။

“နှစ်ရက်လောက်ဈေးပြန်ကောင်းလာသေးတယ်။ တစ်တန်ကို ကန်ဒေါ်လာ ၂၀၀၀ အထိ ကြမ်းခင်းဈေးဖြစ်သွားတဲ့ အခြေအနေပေါ့။ အဲဒီနှစ်ရက်လည်း ကုန်ပြတ်သွားတဲ့ရက်တွေဖြစ်သွားလို့ပါ” ဟု ဒုင်းက ဆိုသည်။ မူဆယ်ကဏ္ဍန်းဈေးအခြေအနေကြောင့် ကဏ္ဍန်းရှာဖွေရောင်းချသော လုပ်သားများထံမှ ဝယ်ဈေးကိုလည်း အနည်းငယ်လျှော့ချခဲ့ရကြောင်း ပုသိမ်မြို့အခြေစိုက် အောင်စည်ဟိန်းကဏ္ဍန်းဒိုင်မှ ဦးမောင်စိုးက ပြောကြားသည်။

“တရုတ်ကို အများဆုံးပို့တဲ့အလတ်ဆိုက်တွေကို တစ်ကီလို ၁၃၀၀ ကျပ်နဲ့ ဝယ်ပါတယ်။ ဈေးကောင်းချိန်ကတော့ တစ်ကီလိုကို ၁၅၀၀၊ ၁၆၀၀ လောက်ပေးနိုင်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၏ ပြည်ပကဏ္ဍန်းဈေးကွက်ကြီးများဖြစ်သော ထိုင်းနှင့်တရုတ်နိုင်ငံတို့သို့ ကဏ္ဍန်းတင်ပို့ရာတွင် လတ်တလော အခြေအနေအရ တရုတ်နိုင်ငံသို့တင်ပို့မှုပိုများနေသည်ကို တွေ့ရကြောင်း၊ ကဏ္ဍန်းပျော့မွေးမြူရေးအတွက်သာ ဝယ်လိုအားရှိသော ထိုင်းဈေးကွက်တွင် ရုတ်တရက် ဝယ်လိုအားကျဆင်းသွားခဲ့ကြောင်း၊ ကဏ္ဍန်းပျော့စီးပွားရေးအကြီးအကျယ်ပြုလုပ်သော ဗီယက်နမ်၏ ဝယ်လိုအားကျဆင်းခြင်းနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ထိုင်းဈေးကွက်အခြေအနေမကောင်းရခြင်းဖြစ်ကြောင်း ထိုင်းကဏ္ဍန်းဈေးကွက်သို့ ပုံမှန်တင်ပို့ခဲ့သည့် အောင်စည်ဟိန်းကဏ္ဍန်းဒိုင်မှ အထက်ပါတာဝန်ရှိသူက ထပ်လောင်းပြောကြားသည်။

စိုင်းအောင်

နေပြည်တော်မှ လွိုင်ကော်နှင့်ရွှေညောင်သို့ ရထားလိုင်းသစ်ပြေးဆွဲ

နေပြည်တော်ပျဉ်းမနား၊ နိဝင်ဘာ ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက နေပြည်တော်ကိုဗဟိုပြု၍ တိုင်းနှင့်ပြည်နယ်အသီးသီးသို့ ကူးသန်းသွားလာနိုင်ရေးအတွက် မီးရထားခရီးစဉ်များကို စီစဉ်ဆောင်ရွက်လျက်ရှိရာ နေပြည်တော် ပျဉ်းမနားမှ လွိုင်ကော်မြို့နှင့် ရွှေညောင်မြို့သို့ အစုန် အဆန် မီးရထားခရီးစဉ်နှစ်ခုကို ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်၍ ပြေးဆွဲလျက်ရှိကြောင်း နေပြည်တော် ပျဉ်းမနားဘူတာသတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါရထားခရီးစဉ်သစ်နှစ်လိုင်းအနက် အမှတ် (၁၄၇) အဆန်ရထားသည် နေပြည်တော် ပျဉ်းမနားမှ ည ၁၀း၃၀ နာရီ အချိန်တွင်ထွက်ခွာပြီး လွိုင်ကော်ဘူတာသို့ နောက်တစ်နေ့ည ၈း၁၅ နာရီတွင်လည်းကောင်း၊ အမှတ် (၁၄၈) အစုန်ရထားသည် လွိုင်ကော်ဘူတာမှ နံနက် ၅း၄၅ နာရီတွင် ထွက်ခွာပြီး ပျဉ်းမနားဘူတာသို့ နောက်တစ်နေ့နံနက် ၃း၀၀ နာရီတွင်လည်းကောင်း၊ အမှတ် (၁၄၁) အဆန်ရထားသည် ပျဉ်းမနားဘူတာမှ ည ၁၁း၀၀ နာရီတွင်ထွက်ခွာပြီး ရွှေညောင်ဘူတာသို့ နောက်တစ်နေ့မွန်းလွဲ ၁း၃၅ နာရီတွင်လည်းကောင်း၊ အမှတ် (၁၄၂) အစုန်ရထားသည် ရွှေညောင်ဘူတာမှ နံနက် ၁၁း၃၀ နာရီတွင်ထွက်ခွာပြီး ပျဉ်းမနားဘူတာသို့ နောက်တစ်နေ့နံနက် ၃း၃၀ နာရီတွင်လည်းကောင်း၊ အမှတ် (၁၄၂) အစုန်ရထားသည် ရွှေညောင်ဘူတာမှ နံနက် ၁၁း၃၀ နာရီတွင်ထွက်ခွာပြီး ပျဉ်းမနားဘူတာသို့ နောက်တစ်နေ့နံနက် ၃း၃၀ နာရီတွင်လည်းကောင်း၊ အမှတ် (၁၄၃) အဆန်ရထားသည် ပျဉ်းမနားဘူတာမှ ည ၁၁း၀၀ နာရီတွင်ထွက်ခွာပြီး ရွှေညောင်ဘူတာသို့ နောက်တစ်နေ့မွန်းလွဲ ၁း၃၅ နာရီတွင်လည်းကောင်း၊ အမှတ် (၁၄၄) အစုန်ရထားသည် ရွှေညောင်ဘူတာမှ နံနက် ၁၁း၃၀ နာရီတွင်ထွက်ခွာပြီး ပျဉ်းမနားဘူတာသို့ နောက်တစ်နေ့နံနက် ၃း၃၀ နာရီတွင်လည်းကောင်း ဆိုက်ရောက်မည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ယခုအခါ မြန်မာ့မီးရထားက နေပြည်တော်မှ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ပြည်၊ မြင်းခြံ၊ မော်လမြိုင်၊ ချောက်၊ လွိုင်ကော်နှင့် ရွှေညောင်မြို့တို့သို့ အစုန်အဆန်ရထားများ ခုတ်မောင်းပြေးဆွဲလျက်ရှိသည်။

မင်းသုခိုင်

အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်း ရည်ညွှန်းပုဒ္ဓစာကြည့်တိုက် တည်ထောင်မည်

ရန်ကုန်၊ နိုဝင်ဘာ ၂၃

အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်း (IDF) က ဘာသာရေးနှင့်ပတ်သက်၍ ရည်ညွှန်းကိုးကားနိုင်မည့် ရည်ညွှန်းပုဒ္ဓစာကြည့်တိုက်ကို တည်ထောင်သွားမည်ဖြစ်ကြောင်း အဆိုပါ IDF မှ ဓမ္မစက္ကဦးမောင်မောင်၏ အဆိုအရ သိရသည်။

ယခုအခါ အဆိုပါစာကြည့်တိုက်အတွက် ရည်ညွှန်းကိုးကားအသုံးပြုနိုင်သည့် စာအုပ်များမှာ အုပ်ရေတစ်သောင်းခွဲခန့်ရှိနေပြီဖြစ်ပြီး စာကြည့်တိုက်ပညာနှင့်ပတ်သက်၍ ပံ့ပိုးပေးမည့်သူများလည်း အဆင့်သင့်ရှိနေပြီဖြစ်ကြောင်း၊ စာကြည့်တိုက်ကို လူအများသွားလာမှုလွယ်ကူသည့်နေရာတွင်ဖွင့်လှစ်လိုသည့်အတွက် နေရာရှာဖွေနေဆဲဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ယင်းရည်ညွှန်းစာကြည့်တိုက်ကို ဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် လေ့လာမှုပြုလုပ်လိုသူများ၊ သာသနာ့တက္ကသိုလ်တက်ရောက်နေသည့် သံဃာတော်များ၊ စာတမ်းပြုစုသူများလေ့လာနိုင်ကြရန်နှင့် သာသနာတော်ပြန့်ပွားရေးအတွက် အထောက်အကူပြုနိုင်ရန်အတွက် ဖွင့်လှစ်နိုင်ရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါစာကြည့်တိုက်တွင် ဓမ္မအလုပ်ရုံဆွေးနွေးပွဲ၊ ဓမ္မသင်တန်းများနှင့် ဆွေးနွေးပွဲများကိုပါ ဆောင်ရွက်သွားနိုင်ရန် စီစဉ်ထားကြောင်း ၎င်းကဆိုသည်။

ငါးမွေးမြူရေးတိုးတက်၊ တစ်နှစ် ဖွဲနုတန်ချိန် ၁၈ သိန်းကျော်လိုအပ်

ရန်ကုန်၊ နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးကန်ဧရိယာတိုးတက်လာသည့်အလျောက် ငါးစာအတွက် တစ်နှစ်လျှင် ဖွဲနုတန်ချိန် ၁၈ သိန်းကျော် လိုအပ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်သိမ်းက ပြောကြားသည်။

ရေလုပ်ငန်းဆိုင်ရာ မွေးမြူထုတ်လုပ်ရေးတွင် မွေးမြူရေးအစာမှာ ရင်းနှီးမြှုပ်နှံမှု၏ ၇၀ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းရှိကြောင်း၊ ငါး၊ ပုစွန်ကန်များ ဖွံ့ဖြိုးအောင်မြင်လာစေရန်နှင့် အကျိုးစီးပွားဖြစ်ထွန်းလာစေရန် မွေးမြူရေးအစာကုန်ကြမ်းများပေါ်တွင် အများအပြား တည်မှီနေကြောင်း၎င်းက ဆက်လက်ပြောကြားသည်။

ငါးအစာကုန်ကြမ်းဖြစ်သော ဖွဲနုအပြင် အခြားပဲဖတ်၊ နှမ်းဖတ် စသော အစာကုန်ကြမ်းများသည် စိုက်ပျိုးရေးသီးနှံများကို အဓိကမှီခိုနေရ၍ မွေးမြူရေးကိုအခြေခံသော သီးနှံများစိုက်ပျိုးရန် လိုအပ်ကြောင်း၊ ငါး၊ ပုစွန်အစာကုန်ကြမ်းရှားပါးမှုနှင့် ဈေးနှုန်းကြီးမြင့်မှုကို အထိုက်အလျောက် သက်သာစေရန် သမားရိုးကျအစာများအစား ငါး အစာတောင့်များ အစားထိုးကျွေးမွေးရန်လို အပ်ကြောင်း ဝန်ကြီးက အကြံပြုပြောကြား သည်။

ငါးမွေးမြူရေးလုပ်ငန်းရှင်များ၏ အစာကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အစာစပ်စက်ရုံ ၂၄ ရုံမှ တစ်ရက်လျှင် ငါးအစာ ၁၅၀ တန်ခန့် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဆင့်မီအစာတောင့်စက်ရုံ ကြီးများတည်ဆောက်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ငါး၊ ပုစွန် မွေးမြူရေးကန်များသည် ၂၀၀၂–၂၀၀၃ ခုနှစ်တွင် ၃၂၄,၀၇၃ ဧကရှိရာမှ ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ၄၄၀,၅၈၃ ဧကထိ တိုးတက်လာကြောင်း၊ ငါးမွေးမြူရေးကန်မှာ ယခင်နှစ်က ၂၁၂,၂၃၄ ဧကရှိရာမှ ယခုနှစ်တွင် ၂၁၅,၉၅၇ ဧကထိ တိုးတက်လာကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းဇယားများအရ သိရှိရသည်။

■

သတ်မှတ်စည်းကမ်းနှင့်အညီ စိုက်ပျိုးသူများကို ဩဂဲနစ်လက်မှတ်များထုတ်ပေးမည်ဟုဆို

ရန်ကုန်၊ နိုဝင်ဘာ ၆

မြန်မာနိုင်ငံ ဩဂဲနစ်အဖွဲ့က သတ်မှတ်ညွှန်ကြားထားသည့် နည်းလမ်းများနှင့်ကိုက်ညီစွာစိုက်ပျိုးပါက ဩဂဲနစ် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ ပညာရှင်ဒေါက်တာမြင့်လွင်က နိုဝင်ဘာ ၁ ရက်နေ့တွင် UMFCCI၌ ကျင်းပသည့် ဩဂဲနစ်ဆိုင်ရာစာတမ်းဖတ်ပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမည့် ဩဂဲနစ်ဆိုင်ရာဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းချက်များ သတ်မှတ်၍ မြန်မာ့ဩဂဲနစ်လမ်းညွှန်ချက်များဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဩဂဲနစ်နည်းဖြင့်စိုက်ပျိုးမည့် တောင်သူများမှာ ဩဂဲနစ်ဆိုင်ရာ စိုက်ပျိုးထုတ်လုပ်သူများအဖြစ် ဩဂဲနစ်အဖွဲ့တွင် မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးတောင်သူများအနေဖြင့် သီးနှံများကို စတင်စိုက်ပျိုးချိန်မှစ၍ ဈေးကွက်အတွင်းရောင်းချမည့် အချိန်အထိ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ် ကြောင်း ဒေါက်တာမြင့်လွင်က ရှင်းပြသည်။

ဩဂဲနစ်ဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မှုရှိ မရှိကိုလည်း မြန်မာနိုင်ငံ ဩဂဲနစ်အဖွဲ့က အချိန်မှန်သွားရောက်စစ်ဆေးမည်ဖြစ်ကြောင်း၊ သတ်မှတ်စည်းကမ်းချက်များအတိုင်းလိုက်နာစိုက်ပျိုးသည့် တောင်သူများကို စတင်စိုက်ပျိုးသည့် ပထမနှစ်တွင် ဩဂဲနစ်အသွင်ကူးပြောင်းကာလ (Organic Conversion Period) အသိအမှတ်ပြုလက်မှတ်ကို စတင်ထုတ်ပေးမည်ဖြစ်ပြီး သုံးနှစ်ပြည့်မြောက်ပါက အဖွဲ့၏ သတ်မှတ်စည်းကမ်းနှင့်အညီ စိုက်ပျိုးနိုင်သည့် တောင်သူများကို ဩဂဲနစ်လက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဩဂဲနစ်မြေဩဇာ၊ ပိုးသတ်ဆေးရောင်းချလိုသူများအနေဖြင့် အသင်းဝင်များအဖြစ် မှတ်ပုံတင်ရန်လိုအပ်မည်ဖြစ်ပြီး ရောင်းချမည့်ပစ္စည်းများမှာ မြန်မာနိုင်ငံ ဩဂဲနစ်အဖွဲ့၏ သတ်မှတ်စည်းကမ်းများအတိုင်းကိုက်ညီပါက ဩဂဲနစ်တံဆိပ်အသုံးပြုခွင့်ရရှိမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးထံမှ သိရသည်။

ဩဂဲနစ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများအတွက် ဩဂဲနစ်အသိအမှတ်ပြုလက်မှတ်များကို ထုတ်ပေးနိုင်ရန်အတွက် ပထမဆုံး မြန်မာနိုင်ငံအဆင့် ဩဂဲနစ်အဖွဲ့ Organic Group ကို ဖွဲ့စည်းထားကြောင်း၊ ယင်းအဖွဲ့သည် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း၏ လက်အောက်တွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် ဩဂဲနစ်သီးနှံများကို စိုက်ပျိုးလိုသူများရှိသကဲ့သို့ စားသုံးသူများလည်းရှိကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း Organic စိုက်ပျိုးမွေးမြူရေးကို အသွင်ကူးပြောင်းလျက်ရှိနေရာ မြန်မာနိုင်ငံအနေဖြင့် သဘာဝနည်းဖြင့်စိုက်ပျိုးထုတ်လုပ်မှုများ ဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်သောကြောင့် ယင်းကဲ့သို့ အသိအမှတ်ပြုလက်မှတ်များကို ထုတ်ပေးနိုင်ရန်အတွက် Organic အဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ဟိန်းမြတ်စိုး

တက္ကသိုလ်ဝင်တန်း ပညာဒါနစာသင်ဝိုင်းများ မြို့တော်စည်ပင်စီစဉ်ပေးမည်

ရန်ကုန်၊ ဒီဇင်ဘာ ၂

ရန်ကုန်မြို့တော်အတွင်းရှိ ငွေကြေးချို့တဲ့သည့် တက္ကသိုလ်ဝင်တန်း ကျောင်းသားများအတွက် အခမဲ့ပညာဒါန စာသင်ဝိုင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ၎င်း၏ရုံးခန်း၌ ဒီဇင်ဘာလ ၂ ရက်နေ့က ပြည်တွင်းဂျာနယ်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ဒီဇင်ဘာဒုတိယပတ်မှစ၍ ဖွင့်လှစ်မည့် ယင်းအခမဲ့ပညာဒါန စာသင်ဝိုင်းများသို့ မည်သူမဆို လာရောက်သင်ယူနိုင်ကြောင်း၊ စာသင်ဝိုင်းများတွင် ငွေကြေးချို့တဲ့သူများကို ပုံမှိုဦးစားပေးမည်ဖြစ်ကြောင်း၊ စာသင်မည့်နေရာများမှာ လှိုင်သာယာမြို့နယ် (၁၈)ရပ်ကွက်ရှိဖြိုးစေတနာဆေးခန်းအပေါ်ထပ်နှင့် တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးရှေ့၌ ဆောက်လုပ်ဆဲအဆောက်အအုံတို့တွင် ကနဦးအနေဖြင့် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောကြားသည်။

လှိုင်သာယာမြို့နယ်ရှိ စာသင်ဝိုင်းအတွက် လာရောက်စာရင်းပေးသူမှာ ဒီဇင်ဘာလဆန်းထိ ၁၂၅ ဦးရှိကြောင်း၊ တောင်ဥက္ကလာပမြို့နယ်တွင် ကြော်ငြာဆိုင်းဘုတ်မကပ်ရသေး၍ သိရှိသူနည်းပါးနေသေးကြောင်း၊ ပြင်ပမှ ဆရာ၊ ဆရာမများကို တစ်ဦးလျှင် ငါးသောင်းကျပ်ဖြင့် ငှားရမ်းထားပြီးဖြစ်ကြောင်း မြို့တော်စည်ပင်ကော်မတီဝင်တစ်ဦးက ဖြည့်စွက်ပြောကြားသည်။

အခမဲ့ပညာဒါနသင်ကြားပေးခြင်းနှင့်ပတ်သက်၍ တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက်မှ ကျောင်းသားမိဘတစ်ဦးက "အန်တီ့မှာ ဆယ်တန်းအပါအဝင် ကျောင်းသားလေးယောက်ရှိတယ်။ ငွေကြေးမတတ်နိုင်တော့ ကလေးကို ကျူရှင်ဘာသာစုံ မထားနိုင်ဘူးလေ။ အခု နီးနီးနားနားမှာဖွင့်မယ်ဆိုတော့ အရမ်းဝမ်းသာတယ်" ဟု ပြောကြားသည်။

ယင်းစာသင်ဝိုင်းများကို မြို့နယ်တိုင်းရှိ ဖြိုးစေတနာဆေးခန်းများတွင် ဖွင့်လှစ်သွားရန် ရည်ရွယ်ထားကြောင်းလည်း မြို့တော်ဝန်က ဆိုသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ ဖြိုးစေတနာဆေးခန်းပေါင်း ၂၃ ခန်းရှိကြောင်း ၎င်းက ဆိုသည်။

သီးသန့်ရွှေရောင်းဝယ်ရေးဈေးကွက်ကြီးများ အကောင်အထည်ဖော်ပြီးပါက မြန်မာ့ရွှေထည်ပစ္စည်းများ ပြည်ပဈေးကွက်ထိုးဖောက်ရေးအရှိန်အဟုန်မြှင့်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၆



ရွှေဈေးကွက်ဟူ၍ အတည်တကျမရှိသော မြန်မာ့ရွှေဈေးကွက်တွင် ရွှေလုပ်ငန်းရှင်များအချင်းချင်း စနစ်တကျစည်းမျဉ်းစည်းကမ်းများနှင့်အညီ လွတ်လပ်စွာရောင်းဝယ်ခွင့်ရှိသည့် သီးသန့်ရွှေရောင်းဝယ်ရေးဈေးကွက်ကြီးနှစ်ခုကို ၂၀၀၉ ခုနှစ်၌ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် အကောင်အထည်ဖော်ပြီးပါက မြန်မာ့ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ ပြည်ပဈေးကွက်သို့ ထိုးဖောက်ရေး အရှိန်အဟုန်မြှင့်တင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံ ရွှေပန်းထိမ်) က ပြောကြားသည်။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ

အသင်း၏ဦးတည်ချက်ဖြင့် ရွှေထည်ပစ္စည်းများ Value- added ပြုလုပ်ပြီး ပြည်ပဈေးကွက်ထိုးဖောက်ရေးပါဝင်ကြောင်း၊ သို့ရာတွင် လက်ရှိအနေအထား၌ မြန်မာ့ရွှေထည်လက်ဝတ်ရတနာများမှာ ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရန် အရည်အသွေးပိုင်းနှင့် ဒီဇိုင်းအပြင်အဆင်ပိုင်းတွင် လိုအပ်ချက်အများအပြားရှိနေကြောင်း ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်မှ နာမည်ကျော်ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောသည်။

"ဒီကရွှေထည်လက်ဝတ်ရတနာပစ္စည်းတွေက ထိုင်းနိုင်ငံရဲ့ လက်ဝတ်ရတနာပစ္စည်းတွေနဲ့ယှဉ်ရင်တောင် အရည်အသွေးပိုင်းနဲ့ ဒီဇိုင်းအပြင်အဆင်ပိုင်းမှာ လိုအပ်ချက်တွေရှိတယ်။ ဥပမာ–ထိုင်းနိုင်ငံက ရွှေထည်ပစ္စည်းတွေကို ကာလာမျိုးစုံ၊ အရောင်မျိုးစုံပြောင်းသွင်းပြီး အဆင်ဒီဇိုင်းလှအောင် လုပ်နိုင်တယ်။ ကျွန်တော်တို့က အဲလိုမလုပ်နိုင်သေးဘူး" ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်အသင်းဝင် ရွှေစီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ပြောကြားသည်။

သီးသန့်ရွှေဈေးကွက်ကြီးများအကောင်အထည်ဖော်ပြီးပါက ပြည်တွင်းရွှေဈေးကွက်ကို နိုင်ငံတကာဈေးကွက်ပုံစံကဲ့သို့ အဆင့်မီဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကျော်ဝင်းက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်ကို စနစ်တကျ၊ စည်းကမ်းရှိ၊ ဂုဏ်သိက္ခာရှိပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ရွှေဈေးကွက်အဖြစ် အကောင်အထည်ဖော် ဖွင့်လှစ်လုပ်ဆောင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများကို ခေါ်ယူပြောဆိုပြီးနောက်ပိုင်း အဆိုပါဈေးကွက်များ ဖြစ်ပေါ်လာရန် ရွှေလုပ်ငန်းရှင်များအသင်းက အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်၌ ပထမဦးဆုံး ပုဂ္ဂလိကပညာရေးလေ့ကျင့်ရေးစခန်းတည်ဆောက်

နေပြည်တော်၊ အောက်တိုဘာ ၂၃

နေပြည်တော်၏ ပထမဦးဆုံး ပုဂ္ဂလိကပညာရေးလေ့ကျင့်ရေးစခန်း (ဘော်ဒါဆောင်) ဖြစ်လာမည့် စိုးစံပညာရေးလေ့ကျင့်ရေးစခန်း (ဘော်ဒါဆောင်) ကို နိုဝင်ဘာလ ၁၉ ရက်နေ့တွင် စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း ယင်းဘော်ဒါဆောင်ဖွင့်လှစ်သူ အကြီးအကဲ ဗိုလ်မှူးမောင်လတ်(ငြိမ်း) က ပြောကြားသည်။

အဆိုပါ ပညာရေးလေ့ကျင့်ရေးစခန်းမှာ နေပြည်တော်ရှိ ဉာဏသိဒ္ဓိရပ်ကွက် နေပြည်တော်မြို့မဈေးအနီးတွင် တည်ရှိပြီး တည်ဆောက်ရေးစီမံကိန်းပန္နက်တင် အခမ်းအနားတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်ကြီးသိန်းညွှန့်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းတို့က ပန္နက်တင်ပေးခဲ့သည်။

ပြင်ဦးလွင်မြို့ရှိ နာမည်ကျော် စိုးစံဘော်ဒါဆောင်၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော အဆိုပါ စိုးစံဘော်ဒါဆောင်သည် ဧရိယာအကျယ် ၁၀ ဧကကျော်ရှိပြီး ကျား/မ စာသင်ဆောင်၊ ကျား/မ အိပ်ဆောင်၊ ကျား/ထမင်းစားဆောင်၊ အုပ်ချုပ်ရေးရုံး၊ ဘောလုံးကွင်းနှင့် ရေကူးကန် စသည်တို့ပါဝင်ကြောင်း၊ အဆိုပါဘော်ဒါဆောင်ကို ၂၀၀၉–၂၀၁၀ ပညာသင်နှစ်၌ စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး နဝမတန်းနှင့် ဒသမတန်းကျောင်းသား/သူ ၅၀ ဦးစီကို စတင်လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း၊ အဆောင်နေကျောင်းသား/သူများအပြင် နေ့တက်ကျောင်းသား/သူများအတွက်ကိုပါ ကျောင်းချိန်ပြင်ပ၌ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ ဘော်ဒါဆောင်တွင် နေပြည်တော်နှင့် နေပြည်တော်ဒေသမြို့နယ် (ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း) များနှင့် အခြားမြို့နယ်များမှလည်း လာရောက်သင်ကြားနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မင်းသုခိုင်



သင်တန်းကာလကိုးလအတွင်း Diploma သုံးခု ရရှိနိုင်သည့် Business Advance Level သင်တန်းတက်ရောက်နိုင်

ရန်ကုန်၊ နိုဝင်ဘာ ၂၄

စင်ကာပူနိုင်ငံရှိ SSTC (Secretrial Specialist Training Center) တွင် သင်ကြားသော Business Advance Level သင်တန်းတွင် သင်တန်းကာလကိုးလတက်ရောက်ပြီးပါက ဒီပလိုမာသုံးခုရရှိမည်ဖြစ်ကြောင်း Future Way Education & Services မှ အုပ်ချုပ်မှုဒါရိုက်တာဦးဇေယျာဦးက ပြောကြားသည်။

ယင်းသင်တန်းပြီးဆုံးပါက LCCI မှ Private Secretary's Diploma, Business Admistration Diploma နှင့် ဗြိတိန်နိုင်ငံ Combridge University က တိုက်ရိုက်ချီး မြှင့်သည့် Cambridge International Diploma in Business တို့ကို ရရှိမည်ဖြစ် ကြောင်း ၎င်းကဆိုသည်။

Cambridge Diploma သည် Advanced Level ဖြစ်သည့်အတွက် တက္ကသိုလ်ဝင်ခွင့် GCEA Level နှင့်ညီမျှသော ကြောင့် နှစ်သက်ရာတက္ကသိုလ်မျာသို့ တိုက်ရိုက်လျှောက်ထားနိုင်ကြောင်း၊ တက်ရောက်လိုသူများအနေဖြင့် အနည်းဆုံးပညာအရည်အချင်း နဝမတန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကာ သင်တန်းကြေးပေးသွင်းပြီးပါက အင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ကြောင်း၊ ရရှိလာသည့် အင်္ဂလိပ်စာအရည်အချင်းအလိုက် တက်သင့်သည့် အတန်းများကို ခွဲခြားပေးသွားမည်ဖြစ်ကြောင်း အဆိုပါသင်တန်းတွင် ဦးရေ ၂၀ သတ်မှတ်ထားကာ သင်တန်းကြေး ကျပ်သိန်း ၁၀၀ ဝန်းကျင်ခန့်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဓာတိထွဏ်း

စက်တပ်ယာဉ်ထိခိုက်မှု အာမခံနှစ်နှာကြေးနှစ်စဉ်တိုး

ရန်ကုန်၊ ဒီဇင်ဘာ ၃

မြန်မာနိုင်ငံတွင် စက်တပ်ယာဉ်ထိခိုက်မှုကြောင့် မြန်မာ့အာမခံလုပ်ငန်းက နှစ်စဉ်ပေးလျော်လျက်ရှိသော နစ်နာကြေးများမှာ နှစ်စဉ်တိုးတက်လာလျက်ရှိကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက ပြောကြားသည်။

ယာဉ်မောင်းများနှင့် ပြည်သူများ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာမှု ကောင်းမွန်လာပြီး ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာမှသာ မြန်မာ့အာမခံလုပ်ငန်းက ပေးလျော်နေရသော နစ်နာကြေးများလည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

သူတစ်ပါးထိခိုက်မှုအာမခံ နစ်နာကြေးနှုန်းများသည် ၁၉၇၆ ခုနှစ်တွင် သေဆုံးမှုနစ်နာကြေးအတွက် ကျပ် ၁၀,၀၀၀၊ ၁၉၉၅ ခုနှစ်တွင် ကျပ် ၂၅,၀၀၀ နှင့် ၂၀၀၃ ခုနှစ်တွင် ကျပ် ၁၀၀,၀၀၀ အထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပစ္စည်းလျော်ကြေးအတွက်လည်း အချိုးကျတိုးမြှင့်ပေးခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုအတွက် ကုသသည့် ဆေးရုံဆရာဝန်၏ ထောက်ခံချက်အရ ရာခိုင်နှုန်းသတ်မှတ်ချက်အရ နစ်နာကြေးပေးချေပြီး အများဆုံး ကျပ် ၈၀,၀၀၀ အထိရရှိနိုင်ကြောင်း၊ သူတစ်ပါးပိုင်ပစ္စည်းပျက်စီးဆုံးရှုံးမှုအတွက် ကျပ် ၅၀,၀၀၀ အထိရရှိနိုင်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ စုံစမ်းသိရှိရသည်။

ယာဉ်ထိခိုက်မှုကြောင့် အတွင်းလူနာကုသရသူ လစဉ် ၁၅၀ ကျော်ရှိ

ရန်ကုန်၊ ဒီဇင်ဘာ ၁၁

ရန်ကုန်မြို့တော်တွင် ယာဉ်ထိခိုက်မှုကြောင့် တစ်လလျှင် ပျမ်းမျှလူ ၁၃၃ ဦးကို ပြင်ပလူနာအဖြစ် ကုသခဲ့ရပြီး ၁၅၇ ဦးကို အတွင်းလူနာအဖြစ် ကုသခဲ့ရကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အရိုးအထူးကုဆရာဝန် ဒေါက်တာရှိန်မြင့်ဟန်က ပြောကြားသည်။

ယာဉ်ထိခိုက်မှုကြောင့် သေဆုံးသူဦးရေမှာ တစ်လလျှင် ပျမ်းမျှ ၁၂ ဦးခန့်ရှိကြောင်း၊ ဆေးရုံ၌ လူနာတင်ယာဉ် နည်းပါးသော်လည်း ၃၃.၃၃ ရာခိုင်နှုန်းမှာ ဆေးရုံသို့ တစ်နာရီအတွင်းရောက်ရှိခဲ့ကြောင်း၊ သေဆုံးသူဦးရေ၏ ၇၇.၅၅ ရာခိုင်နှုန်းမှာ ဆေးရုံသို့ အနည်းဆုံး သုံးနာရီအတွင်း ရောက်ရှိခဲ့ကြောင်း ၎င်းက ဆိုသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိခဲ့သော ယာဉ်ထိခိုက်သေဆုံးမှုများမှာ နှစ်စဉ်နှစ်တိုင်း အရေအတွက်များလာကြောင်း၊ ၂၀၀၆ ခုနှစ် ဇွန်လမှစ၍ ၂၀၀၇ ခုနှစ် မေလအတွင်း ယာဉ်တိုက်မှုကြောင့် လူနာစုစုပေါင်း ၃၆၃၈ ဦး ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိခဲ့ရာ ယင်းတို့အနက် ၁၇၄ ဦး သေဆုံးခဲ့ကြောင်း၊ ထို့ကြောင့် ယာဉ်ထိခိုက်သူ ၂၅ ဦးတွင် တစ်ဦးနှုန်း သေဆုံးခဲ့ကြောင်း၊ အများစုမှာ ယာဉ်တိုက်ရာနေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့သော်လည်း ၁၅ ရာခိုင်နှုန်းမှာ အသက်မသေဆုံးမီ ဆေးရုံကြီးအရေးပေါ်ဌာနသို့ ရောက်ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယာဉ်ထိခိုက်သေဆုံးသူများအနက် ၇၈ ရာခိုင်နှုန်းသည်

အမျိုးသားများဖြစ်ပြီး ၂၇.၂ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်း၊ အများဆုံးသေဆုံးသော အသက်အရွယ်အပိုင်းအခြားမှာ ၂၀ မှ ၄၉ နှစ်အတွင်းဖြစ်ကြောင်း၊ သေဆုံးသူများ၏ ထက်ဝက်ကျော်မှာ ညအမှောင်တွင်ထိခိုက်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယာဉ်နှင့်လမ်းကူးသူ ထိခိုက်သေဆုံးမှုမှာ အများဆုံးဖြစ်နေသောကြောင့် ယာဉ်မတော်တဆထိခိုက်မှုကာကွယ်ရေးတွင် ခြေလျင်ခရီးသည်များကို အသိပညာပေးရေးသည် အရေးကြီးသော အချက်တစ်ချက်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ရထားလမ်းကူးဂိတ် မတော်တဆမှုများ မဖြစ်ပွားရန် ဥပဒေနှင့်စည်းကမ်း ပြန်လည်ရေးဆွဲမည်

ရန်ကုန်၊ နိုဝင်ဘာ ၂၄

ရထားနှင့်ကားလမ်းကူးဂိတ်များတွင် ဖြစ်ပွားသည့် မတော်တဆမှုများမဖြစ်ပွားရန်အတွက် ခေတ်နှင့်လျော်ညီမှုရှိမည့် ဂိတ်သတ်မှတ်ချက်၊ ဥပဒေနှင့်စည်းကမ်းများကို ပြန်လည်ရေးဆွဲပြုစု၍ အတည်ပြုပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ စုံစမ်းသိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာ့မီးရထားမှ အောက်တိုဘာလအတွင်းကပြုလုပ်သည့် ရထားလမ်းနှင့်ကားလမ်းကူးမှု (Level Crossing) နေရာများ၌ ယာဉ်မတော်တဆ မဖြစ်ပွားစေရေးနှင့် ရထားစီးခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုတင်ပြချက်များတွင် ဖော်ပြပါရှိချက်အရ အထက်ပါအတိုင်း စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

ရထားနှင့်ကားလမ်းကူးဂိတ်များတွင် ဖြစ်ပွားလေ့ရှိသော ယာဉ်မတော်တဆမှုများတွင် အများအားဖြင့် ယာဉ်မောင်းသူများ၏ မဆင်မခြင်မောင်းနှင်မှုများနှင့် မြန်မာ့မီးရထားမှ စိုက်ထူထားသည့်သတိပေးဆိုင်းဘုတ်များကို ကောင်းစွာလိုက်နာခြင်းမရှိဘဲ မောင်းနှင်မှုတို့ကြောင့် မတော်တဆမှုများဖြစ်ပွားတတ်ခြင်းဖြစ်ကြောင်း၊ လမ်းညွှန်ဆိုင်းဘုတ်အတိုင်း သတိပြုမောင်းနှင်ရန်လိုအပ်ကြောင်း အထက်ပါ မြန်မာ့မီးရထားမှပြုလုပ်သော အကြံပြုတင်ပြချက်တွင် ဖော်ပြပါရှိသည်။

ရထားနှင့် ကားတိုက်မိခြင်းများမှာ ၂၀၀၄ ခုနှစ်တွင် ခြောက်ခု၊ ၂၀၀၅ ခုနှစ်တွင် ငါးခု၊ ၂၀၀၆ ခုနှစ်တွင် တစ်ခု၊ ၂၀၀၇ ခုနှစ်တွင် လေးခုနှင့် ၂၀၀၈ ဧပြီလအထိ သုံးခုရှိကြောင်း အဆိုပါတင်ပြ ချက်များအရ သိရှိရသည်။

ရေထွက်ပစ္စည်းအအေးခန်းစက်ရုံဝန်ထမ်းများ ဝတ်စုံတစ်ပြေးညီဝတ်ဆင်ရန်စီစဉ်

ရန်ကုန်၊ နိုဝင်ဘာ ၁၃

နိုင်ငံတကာ၌ ကျင့်သုံးနေသည့် HACCP(Hazard Analysis and Critical Control Points) စနစ်နှင့် ကိုက်ညီစေရန် ပြည်တွင်းရှိ ရေထွက်ပစ္စည်းထုတ်လုပ်သည့် အအေးခန်းစက်ရုံများမှ ဝန်ထမ်းများ၏ ဝတ်စုံများကို တစ်ပြေးညီဝတ်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကြည်မြင့်က နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ကျင်းပသည့် သားငါးကဏ္ဍဆိုင်ရာ အစည်းအဝေးတွင် ပြောကြားသည်။

အအေးခန်းတွင် ဝတ်ဆင်သည့် ယူနီဖောင်း၊ လက်အိတ်၊ ခြေအိတ်၊ ဖိနပ်နှင့် ရေကာများအားလုံး တစ်ပြေးညီ သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါဝတ်စုံများ၏ နမူနာပုံစံများကို နိုင်ငံတကာအဆင့်မီသည့် ဂရိတ်အင်တာနေရှင်နယ်စက်ရုံ၏ ဝတ်စုံပုံစံများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝတ်စုံများ၏ အရောင်များကိုလည်း ကြီးကြပ်ရေးမှူးမှစ၍ အငယ်တန်းလုပ်သားအထိ ရာထူးအဆင့်ကိုလိုက်၍ ခွဲခြားသတ်မှတ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယင်းကဲ့သို့ ဝန်ထမ်းများ ဝတ်စုံပြည့် တစ်ပြေးညီဝတ်ဆင်ထားသည့်အတွက် စက်ရုံအတွင်းဝင်ရောက်စစ်ဆေးသည့်အခါ၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ ရာထူးအဆင့်အတန်းနှင့်တာဝန်များကို အလွယ်တကူသိရှိနိုင်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

အအေးခန်းစက်ရုံများ ရေသန့်စင်ရာ၌ သုံးစွဲနေသည့် ကလိုရင်းဆေးများနှင့် တစ်ပြေးညီဝတ်ဆင်မည့် ယူနီဖောင်း၊ ခေါင်းဆောင်း၊ ရေကာ၊ ဖိနပ်၊ လက် အိတ်စသည့်ပစ္စည်းများကို ပြည်ပမှ တိုက်ရိုက်မှာယူသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၌ အသင်းဝင်အအေးခန်းစက်ရုံ ကုမ္ပဏီပေါင်း ၃၃၀ ရှိကြောင်း ၎င်းထံမှ သိရသည်။

မိုးခိုင်

သိမ်ဖြူယာဉ်မောင်းသင်ကွင်းကို ဖူဆယ်ဘောလုံးကွင်းအဖြစ် တည်ဆောက်

ရန်ကုန်၊ နိုဝင်ဘာ ၁၅

ပုဂ္ဂလိက ယာဉ်မောင်းသင်တန်းအများစု အခြေပြုထားသော ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူယာဉ်မောင်းသင်ကွင်းကို နိုင်ငံတကာအဆင့်မီ မိုးလုံလေလုံ ဖူဆယ်ဘောလုံးကွင်းအဖြစ် ပြောင်းလဲတည်ဆောက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အောက်တိုဘာလ ၂၉ ရက်နေ့က မြို့တော်ခန်းမ အစည်းအဝေးခန်းမတွင်ပြုလုပ်သော ပြည်တွင်းသတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

အဆိုပါ သိမ်ဖြူယာဉ်မောင်းသင်ကွင်းအနီးတွင် တင်းနစ်အားကစားကွင်း၊ ဟော်ကီကွင်းနှင့် ရိုးရာလက်ဝှေ့ အားကစားရုံများတည်ရှိခြင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် ယာဉ်မောင်းသင်ကွင်းတည်ဆောက်ပြီးစီးသွားခြင်းနှင့် သိမ်ဖြူကွင်း အားကစားဇုန်နယ်မြေအဖြစ် ပြောင်းလဲလိုခြင်းတို့ကြောင့် ယင်းကွင်းကို ဘောလုံးကွင်းအဖြစ် ပြောင်းလဲတည်ဆောက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဆိုသည်။

သိမ်ဖြူကွင်းကို ဘောလုံးကွင်းအဖြစ်ပြုလုပ်သွားရန်ရှိသော်လည်း ပုဂ္ဂလိကယာဉ်မောင်းသင်တန်းများကို မည်သည့်အချိန်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ယာဉ်မောင်းကွင်းသို့ ပြောင်းရွှေ့ရမည်ကို အကြောင်းကြားခြင်းမရှိသေးကြောင်း အကယ်ဒမီယာဉ်မောင်းသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

LIVING COLOR MEDIA

ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂ ၊

၀၉-၉၉၇၄၃၄၃


Joon မှတ်စုစာအုပ်

နိုင်ငံရေး၊ စီးပွားရေး

အယ်ဒီတာအဖွဲ့

ပြည်ပသို့သွားရောက်သော ချစ်ကြည်ရေးခရီးစဉ်နှင့် အလုပ်သဘောခရီးစဉ်များ

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းအိန္ဒိယသမ္မတနိုင်ငံသို့ အလုပ်သဘောခရီးအဖြစ် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က သွားရောက်ခဲ့ပြီး ၆ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် တွင် နေပြည်တော်မှ ထွက်ခွာခဲ့ပြီး ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဇန်နဝါရီလ ၁၆ ရက်နှင့် ၁၇ ရက်တို့ တွင်ကျင်းပခဲ့သည့် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများအကြား နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဇန်နဝါရီလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇန်နဝါရီလ ၁၄ ရက်မှ ၁၅ ရက် အထိကျင်းပသည့် ပထမအကြိမ် အာဆီယံအဆင့်မြင့်ပုဂ္ဂိုလ်များ၏ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားတားဆီးမှုမှန်သမျှ ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အစီရင်ခံစာရေးသားခြင်းနှင့် နောက်ဆက်တွဲဆောင်ရွက်ချက်များဆိုင်ရာ အတွေ့အကြုံဖလှယ်ရေးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဇန်နဝါရီလ ၁၉ ရက်နေ့တွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိခဲ့သည်။

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မတ်လ ၁၂ ရက်မှ ၁၅ ရက်အထိကျင်းပသည့် ၄၃ ကြိမ်မြောက် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ညီ လာခံနှင့် တတိယအကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးအဖွဲ့ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး မတ်လ ၁၆ ရက်နေ့တွင်

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် မတ်လ ၃၀ ရက်နေ့မှ ၃၁ ရက်နေ့အထိကျင်းပမည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲ ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် မတ်လ ၂၉ ရက်နေ့တွင် နေပြည်တော်မှ ထွက်ခွာခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက် ဟာမစ်ဆန်ဆာရီ၏ ဖိတ်ကြားချက်အရ ဧပြီလ ၂ ရက်မှ ၆ ရက်နေ့အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း မြန်မာနိုင်ငံ စစ်တွေဆိပ်ကမ်းနှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အကြား သွားလာဆက်သွယ်ရန် ကုလားတန်မြစ်ဘက်စုံပြုပြင်ရေး မူဘောင်သဘောတူစာချုပ်နှင့် ဆက်စပ်စာချုပ်များဖြစ်သော Protocol on Facilitation နှင့် Protocol on Maintenance and Adminiatration တို့ကိုလည်း ကောင်း၊ မြန်မာ–အိန္ဒိယနှစ်နိုင်ငံအကြား ထောက်လှမ်းရေးသတင်းဖလှယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် မြန်မာ–အိန္ဒိယနှစ်နိုင်ငံအကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်မကျသင့်စေရန် ရှောင်ရှားရေးနှင့် ဝင်ငွေအပေါ်တွင် အခွန်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေးသဘောတူစာချုပ်ကိုလည်း

ကောင်း နှစ်နိုင်ငံ တာဝန်ရှိသူအသီးသီးက လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ဌေးဦးခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် အီတလီနိုင်ငံ ရောမမြို့၌ ဇွန်လ ၃ ရက်နေ့မှ ၅ ရက် အထိကျင်းပခဲ့သော ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် ရာသီဥတုပြောင်းလဲမှုနှင့်ဇီဝစွမ်းအင်ဆိုင်ရာ အဆင့်မြင့်ညီလာခံသို့ တက်ရောက်ခဲ့ပြီး ဇွန်လ ၈ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ကျောဂျုးမြို့ရှိ International Convention Centre ၌ ဇွန်လ ၁၅ ရက်မှ ၁၆ ရက်အထိကျင်းပသော အင်္ဂမအကြိမ် အာရှ–ဥရောပ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဇွန်လ ၁၉ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံတွင် ဇူလိုင်လ ၂၀ ရက်မှ ၂၄ ရက်အထိကျင်းပသည့် (၄၁) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ခဲ့ပြီး ဇူလိုင်လ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ခရီးစဉ်အတွင်း အာဆီယံပဋိညာဉ်စာတမ်းကို အတည်ပြုသည့်စာချွန်လွှာကို အာဆီယံအတွင်းရေးမှူးချုပ်ထံအပ်နှံခဲ့သည်။ ယင်းသို့စာချွန်လွှာကိုအပ်နှံခဲ့သည့်အတွက် မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ်စာတမ်းကို အတည်ပြုပြီးသည့် ဒုနှစ်နိုင်ငံမြောက်အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီရန် အစ္စလာမ်မစ်နိုင်ငံ တီဟီရန်မြို့တွင် ဇူလိုင်လ ၂၇ ရက်မှ ၃၀ ရက်အထိကျင်းပခဲ့သော (၁၅) ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ဩဂုတ်လ ၁ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့၌ ကျင်းပမည့် ဘေဂျင်းအိုလံပစ်ပွဲတော်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရန်အတွက် ဩဂုတ်လ ၇ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး မင်းသားမိုဟာမက်ဘိုလ်ကီးယား၏ ဖိတ်ကြားချက်အရ ဩဂုတ်လ ၁၁ ရက်မှ ၁၃ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ဩဂုတ်လ ၁၃ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဩဂုတ်လ ၂၉ ရက်နေ့ကကျင်းပသည့် ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက် ပြမှုအစီအစဉ် (ဘင်းမ်စတက်) ၏ (၁၀) ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ဩဂုတ်လ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံတွင် ဩဂုတ်လ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိကျင်းပသော အကြိမ် (၄၀) မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ဩဂုတ်လ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်ခေါင်းဆောင်သော မြန်မာကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် စက်တင်ဘာလ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပသည့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၆) ကြိမ်မြောက် ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် (၆၁) ကြိမ်မြောက် ဒေသဆိုင်ရာ ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် စက်တင်ဘာလ ၁၉ ရက်နေ့မှ ၃၀ ရက်အထိ ကျင်းပသည့် (၆၃) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာလ ၄ ရက်နေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း အောက်တိုဘာလ ၆ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အောက်တိုဘာလ ၇ ရက်နေ့က ထွက်ခွာသွားကြောင်း နိုင်ငံပိုင်မီဒီယာများ၏ ထုတ်ပြန်ချက်အရ သိရသည်။ ခရီးစဉ်အတွင်း မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဝင်ငွေအပေါ်အခွန် နှစ်ထပ်မကျသင့်စေရန် ရှောင်ရှားရေးနှင့် အခွန်ပေးဆောင်ခြင်းမှလွဲရှောင်မှုများကို ကာကွယ်တားဆီးရေးသဘောတူစာချုပ် (Agreement between the Government of the Union of Myanmar and the People's Republic of Bangladesh for the avoidence of the double taxation and the prevention of fiscal with the respect to taxes on income) ကို

ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအဖွဲ့

စဉ်	ဝန်ကြီးဌာန	ဝန်ကြီး	ဒု-ဝန်ကြီး
၁	ကာကွယ်ရေးဝန်ကြီးဌာန	ဗိုလ်ချုပ်မှူးကြီးသန်းရွှေ	ဗိုလ်ချုပ်ကြည်ဝင်း၊ ဗိုလ်ချုပ်အေးမြင့်၊ ဗိုလ်ချုပ်သိန်းဦး
၂	ဝန်ကြီးချုပ်	ဗိုလ်ချုပ်ကြီးသိန်းစိန်	–
၃	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	ဗိုလ်ချုပ်ဦးဦး	ဦးအုန်းမြင့်
၄	အမှတ်(၁)စက်မှုဝန်ကြီးဌာန	ဦးအောင်သောင်း	ဗိုလ်မှူးချုပ်ကျော်ထွန်း
၅	အမှတ်(၂)စက်မှုဝန်ကြီးဌာန	ဒုတိယဗိုလ်ချုပ်ကြီးဗိုးသိန်း	ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော် ဗိုလ်ချုပ်ကျော်စွာခိုင်
၆	နိုင်ငံခြားရေးဝန်ကြီးဌာန	ဦးဉာဏ်ဝင်း	ဦးမောင်မြင့်၊ ဦးကျော်သူ
၇	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	ဦးစိုးသာ	ဗိုလ်မှူးကြီး သူရိန်ဇော်
၈	ပို့ဆောင်ရေးဝန်ကြီးဌာန	ဗိုလ်ချုပ်သိန်းဆွေ	ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်
၉	အလုပ်သမားဝန်ကြီးဌာန	ဦးအောင်ကြည် (ဆက်ဆံရေးဝန်ကြီး)	ဗိုလ်မှူးချုပ်တင်ထွန်းအောင်
၁၀	ပညာရေးဝန်ကြီးဌာန	ဒေါက်တာချမ်းငြိမ်း	ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဦးမျိုးညွန့်
၁၁	စွမ်းအင်ဝန်ကြီးဌာန	ဗိုလ်မှူးချုပ်လွန်းသီ	ဗိုလ်မှူးချုပ်သန်းဌေး
၁၂	ရထားပို့ဆောင်ရေးဝန်ကြီးဌာန	ဗိုလ်ချုပ်အောင်မင်း	သူရဦးသောင်းလွင်၊ ဦးဖေသန်း
၁၃	ကျန်းမာရေးဝန်ကြီးဌာန	ဒေါက်တာကျော်မြင့်	ဒေါက်တာမြဦး၊ ဒေါက်တာပိုင်စိုး
၁၄	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	ဗိုလ်မှူးချုပ်တင်နိုင်သိန်း	ဗိုလ်မှူးချုပ်အောင်ထွန်း
၁၅	ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန	ဗိုလ်ချုပ်စိုးနိုင်	ဗိုလ်မှူးချုပ်အေးမြင့်ကြူ
၁၆	ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန	ဗိုလ်ချုပ်လှထွန်း	ဗိုလ်မှူးကြီးလှသိန်းဆွေ
၁၇	ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန	ဗိုလ်မှူးချုပ်သိန်းဇော်	ဗိုလ်ချုပ်သိန်းထွန်း
၁၈	သာသနာရေးဝန်ကြီးဌာန	ဗိုလ်မှူးချုပ်သူရမြင့်မောင်	ဗိုလ်မှူးချုပ်သူရအောင်ကို
၁၉	ဆောက်လုပ်ရေးဝန်ကြီးဌာန	ဗိုလ်ချုပ်စောထွန်း	ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဦးတင့်ဆွေ
၂၀	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ဦးသောင်း	ဦးကျော်စိုး
၂၁	ယဉ်ကျေးမှုဝန်ကြီးဌာန	ဗိုလ်ချုပ်ခင်အောင်မြင့်	–
၂၂	လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန	ဗိုလ်ချုပ်စောလွင်	ဗိုလ်မှူးချုပ်ဝင်းစိန်
၂၃	ပြန်ကြားရေးဝန်ကြီးဌာန	ဗိုလ်မှူးချုပ်ကျော်ဆန်း	–
၂၄	သမဝါယမဝန်ကြီးဌာန	ဗိုလ်ချုပ်တင်ထွတ်	–
၂၅	နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန	ဗိုလ်မှူးကြီးသိန်းညွန့်	ဗိုလ်မှူးကြီးတင်ငွေ
၂၆	အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ဗိုလ်မှူးကြီးဇော်မင်း	ဦးမျိုးမြင့်

စဉ်	ဝန်ကြီးဌာန	ဝန်ကြီး	ဒု-ဝန်ကြီး
၂၇	အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ဗိုလ်ချုပ်ခင်မောင်မြင့်	ဗိုလ်မှူးချုပ်ဝင်းမြင့်
၂၈	အားကစားဝန်ကြီးဌာန	ဗိုလ်မှူးချုပ်သူရအေးမြင့်	–
၂၉	သစ်တောရေးရာဝန်ကြီးဌာန	ဗိုလ်မှူးချုပ်သိန်းအောင်	–
၃၀	ပြည်ထဲရေးဝန်ကြီးဌာန	ဗိုလ်ချုပ်မောင်ဦး	ဗိုလ်မှူးချုပ်ဘုန်းဆွေ
၃၁	သတ္တုတွင်းဝန်ကြီးဌာန	ဗိုလ်မှူးချုပ် အုန်းမြင့်	–
၃၂	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	ဗိုလ်ချုပ်မောင်မောင်ဆွေ	ဗိုလ်မှူးချုပ်ကျော်မြင့်
၃၃	မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန	ဗိုလ်မှူးချုပ်မောင်မောင်သိမ်း	ဦးအောင်သိန်း
၃၄	တရားသူကြီးချုပ်	ဦးအောင်တိုး	ဦးသိန်းစိုး
၃၅	ရှေ့နေချုပ်	ဦးအေးမောင်	ဒေါက်တာထွန်းရှင်၊ ဦးဟန်ရှိန်(ဒုတိယရှေ့နေချုပ်)
၃၆	စာရင်းစစ်ချုပ်	ဗိုလ်ချုပ်လွန်းမောင်	ဒေါ်သင်းသင်း (ဒုတိယစာရင်းစစ်ချုပ်)
၃၇	ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ	ဒေါက်တာသန်းညွှန့်	–

၂၀၀၈ ခုနှစ်အတွင်း ထုတ်ပြန်သော ဥပဒေနှင့် အမိန့်များ

စဉ်	အကြောင်းအရာ	ဥပဒေ/ အမိန့်အမှတ်	ထုတ်ပြန်သည့်ရက်စွဲ
၁။	ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်-၅/ ၂၀၀၈	၂၀၀၈ ခုနှစ်၊ ဩဂုတ် ၁၅ (၁၆-၈-၂၀၀၈ ထုတ် နိုင်ငံပိုင် မီဒီယာများတွင်ဖော်ပြ)
၁။	တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်-၆/ ၂၀၀၈	၂၀၀၈ ခုနှစ်၊ ဩဂုတ် ၂၈ (၂၉-၈-၂၀၀၈ ထုတ် နိုင်ငံပိုင် မီဒီယာများတွင်ဖော်ပြ)
၁။	မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်-၇/ ၂၀၀၈	၂၀၀၈ ခုနှစ်၊ ဩဂုတ် ၂၄ (၂၅-၉-၂၀၀၈ ထုတ် နိုင်ငံပိုင် မီဒီယာများတွင်ဖော်ပြ)
၁။	ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဓနဥ်များ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်-၈/ ၂၀၀၈	၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၅ (၆-၁၂-၂၀၀၈ ထုတ် နိုင်ငံပိုင် မီဒီယာများတွင်ဖော်ပြ)

နှစ်နိုင်ငံတာဝန်ရှိသူများ လက်မှတ်ရေးထိုးလဲလှယ်ခဲ့သည်။

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့တွင် အောက်တိုဘာလ ၈ ရက်မှ ၉ ရက်နေ့အထိကျင်းပသည့် အာဆီယံနိုင်ငံများ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဆိုင်ရာ သဘောတူစာချုပ်၏ စတုတ္ထအကြိမ်မြောက်အစည်းအဝေး၊ (၁၁) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေး၊ သတ္တမအကြိမ်မြောက် အာဆီယံနှင့် မိတ်ဆက်သုံးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် အရှေ့ အာရှထိပ်သီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများအဆင့် ပထမအကြိမ်အစည်းအဝေးများသို့တက်ရောက်ခဲ့ပြီး အောက်တိုဘာလ ၁၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ကျင်းပမည့် (၅) ကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲနှင့် (၅) ကြိမ်မြောက် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အောက်တိုဘာလ ၂၀ ရက်နေ့တွင်နေပြည်တော်မှ ထွက်ခွာသွားသည်။ ခရီးစဉ်အတွင်း အောက်တိုဘာလ ၂၁ ရက်နေ့တွင် အာဆီယံ–တရုတ်ပြန်ကြားရေးနှင့် မီဒီယာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ဝန်ကြီးချုပ်သည် အောက်တိုဘာလ ၂၂ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ Nanning Internationl Convention Centre ၌ ကျင်းပသည့် (၅) ကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကိုတက်ရောက်ခဲ့ပြီး အောက်တိုဘာလ ၂၃ ရက်နေ့ညနေတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့တွင် အောက်တိုဘာလ ၂၀ ရက်မှ ၂၅ ရက်အထိကျင်းပသည့် စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အကြိမ် (၃၀) မြောက် အစည်းအဝေး၊ အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံ ဝန်ကြီးများ၏ အဌမအကြိမ်မြောက် အစည်းအဝေးနှင့် ကြုံတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများဆွေးနွေးပွဲသို့တက်ရောက်ခဲ့ပြီး အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

စင်ကာပူသမ္မတနိုင်ငံ လူအင်အားဝန်ကြီးဌာနဝန်ကြီး Mr. Gen Kim Yong ၏ ဖိတ်ကြားချက်အရ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံတွင် အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိကျင်းပသည့် အာဆီယံလူ့စွမ်းအားအရင်းအမြစ်ထိပ်သီးအစည်းဝေးနှင့် စင်ကာပူလူသားအရင်းအမြစ်ထိပ်သီးအစည်းအဝေးတို့သို့တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်နေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့တွင် အောက်တိုဘာလ ၂၃ ရက်မှ ၂၅ ရက်အထိကျင်းပသည့် သတ္တမအကြိမ် အာရှ–ဥရောပထိပ်သီးညီလာခံ ASEM-7 သို့ တက်ရောက်ခဲ့ပြီး ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသို့ အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ချစ်ကြည်ရေးခရီးစဉ်ဆက်လက်ထွက်ခွာသွားပြီးနောက် အောက်တိုဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သည်။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့တွင်ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် လေးနိုင်ငံ ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ACMECS ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ရန် နိုဝင်ဘာလ ၅ ရက်နေ့တွင် နေပြည်တော်မှ ထွက်ခွာသွားသည်။

သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့သွားရောက်ခဲ့ပြီး နိုဝင်ဘာလ ၈ ရက်နေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင် ဦးရွက်ပြုမူအစီအစဉ် (BIMSTEC) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နိုဝင်ဘာလ ၁၂ ရက်နေ့က မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့ပြီး နိုဝင်ဘာလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် နိုဝင်ဘာလ ၆ ရက်မှ ၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပခဲ့သော (၁၄) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၇) ကြိမ်မြောက် အာဆီယံ–တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် (၆) ကြိမ်မြောက် အာဆီယံ–ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးများသို့တက်ရောက်ခဲ့ပြီး နိုဝင်ဘာလ ၁၄ ရက်နေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ခရီးစဉ်အတွင်း အာဆီယံဒေသတွင်း လေကြောင်းကုန်စည်နှင့်ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာကန့်သတ်ချက်များဖြေလျော့ထားသည့် စာချုပ်နှစ်ခုကို လက်မှတ်ရေးထိုးခဲ့ပြီး အာဆီယံနှင့်ဥရောပသမဂ္ဂတို့အကြား လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော်မည့် ASEAN Air Transport Integration Project မူကြမ်းကိုလည်းကောင်း၊ အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အကြား လေကြောင်းပို့ဆောင်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော်မည့် ASEAN-India Aviation Cooperation Framework မူကြမ်းကိုလည်းကောင်း အသီးသီး အတည်ပြုခဲ့ကြကြောင်း သတင်းတွင် ဖော်ပြထားသည်။ ထို့အပြင် အာဆီယံနှင့်တရုတ်နိုင်ငံတို့၏ ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ Strategic Plan for ASEAN-China Transport Cooperation မူကြမ်းကိုလည်းကောင်း၊ ဆိပ်ကမ်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Tems of Reference for the ASEAN-China Senior Officials Meeting on Port Cooperation Mechanism မူကြမ်းကိုလည်းကောင်း မူအားဖြင့် အတည်ပြုခဲ့ကြကြောင်း၊ လေ

ဆိပ်များ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ASEAN-Japan Eco-Airport Guideline မူကြမ်းကိုလည်းကောင်း၊ သင်္ဘောသားများလေ့ကျင့်ရေးဆိုင်ရာ ASEAN - Japan Seafarers Training Cooperative Program မူကြမ်းကိုလည်းကောင်း၊ အာဆီယံ–ဂျပန် ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ ၂၀၀၈–၂၀၀၉ လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီး အတည် ပြုခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရာဇီးလ်နိုင်ငံ ဘရာဇီးလျားမြို့တွင် နိုဝင်ဘာလ ၂၃ နှင့် ၂၄ ရက်တို့တွင်ကျင်းပခဲ့သည့် ပထမအကြိမ်မာကိုဆူနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နိုဝင်ဘာလ ၂၈ ရက်နေ့တွင်ပြန်လည်ရောက်ရှိခဲ့သည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာတာနိုင်ငံ ဒိုဟာမြို့တွင် နိုဝင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိ ကျင်းပသော ဖွံ့ဖြိုးမှုအတွက် ဘဏ္ဍာငွေထောက်ပံ့မှုဆိုင်ရာ ဒုတိယအကြိမ်ညီလာခံကိုတက်ရောက်ခဲ့ပြီး ဒီဇင်ဘာလ ၅ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

ဧည့်သည်တော်များ၏ ချစ်ကြည်ရေးနှင့် အလုပ်သဘောခရီးစဉ်များ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မဒမ်ခေါလုလီခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ၂၀၀၈ ခုနှစ် နှစ်ဆန်းတွင် ပထမဦးဆုံးအကြိမ် တရုတ်နိုင်ငံ၏ အဆင့်မြင့်အရာရှိကြီးတစ်ဦးလာရောက်ခြင်းဖြင့် မြန်မာ–တရုတ်နှစ်နိုင်ငံဆက်ဆံရေးကို ဖွင့်လှစ်ခဲ့သည်။

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေရာဝန်ကြီး H.E. Mr. Sitaheng Rasphone ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး ၂၃ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားသည်။ အဆိုပါလေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ကုန်ထုတ်လုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ထုတ်လုပ်မှုများ၊ မြန်မာ့မြေပဲဆီသန့်ထုတ်လုပ်သည့် လုပ်ငန်းများကို လေ့လာခဲ့ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဌာနအတွင်းဝန် မစ္စတာ ရှိဗ်ရှန်ကာမီနွန်နှင့်ဇနီး မစ္စစ်မိုဟိနီမီနွန်တို့သည် မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီလ ၇ ရက်မှ ၁၀ ရက်အထိ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်သွားခဲ့သည်။ အဆိုပါအတွင်းဝန်နှင့် ဇနီးတို့သည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်ကာလအတွင်း ရန်ကုန်၊ မန္တလေးနှင့် ပုဂံမြို့များသို့ ယဉ်ကျေးမှုလေ့လာရေးခရီး သွားရောက်လည်ပတ်ခဲ့ကြသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဲ့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ မတ်လ ၁၄ ရက်နေ့တွင်ရောက်ရှိခဲ့ကြောင်း မတ်လ ၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိခဲ့သည်။ ထိုင်းဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍမြှင့်တင်ရေးနှင့် အကျိုးစီးပွားအကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr. Noppadon Pattama တို့ အပြန်အလှန်လက်မှတ်ရေးထိုးလဲလှယ်ခဲ့သည်။ ထိုင်းဝန်ကြီးချုပ်သည် မတ်လ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံမှပြန်လည်ထွက်ခွာခဲ့သည်။

အိန္ဒိယတပ်မတော်မှ Director General of Military Operations Lieutenant General AS Sekhon, AVSM, YSM ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့သို့ အလည်အပတ်ခရီးအဖြစ် ရောက်ရှိလာသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ်အဖနိုင်ငံတော်တပ်ဦး ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး H.E. Mr. Yu Trong Kim ခေါင်းဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။

"RIA Novosti" News Agency Columnist Mr. Ivan ZKHARTCHENK ခေါင်းဆောင်သည့် အဖွဲ့ဝင်ငါးဦးပါဝင်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လူထုဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ ဧပြီလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး ယင်းနေ့ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။

ပါကစ္စတန်တပ်မတော်မှ Inspector General Training and Evaluation ဖြစ်သူ Lieutenant General Hamid Rab Nawaz ဦးဆောင်သော ပါကစ္စတန်တပ်မတော်လေ့လာရေးအဖွဲ့ ဧပြီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr. Dao Viet Trung ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဇွန်လ ၁၆ ရက်နေ့တွင် နေပြည်တော်သို့ ရောက်ရှိခဲ့သည်။

အိန္ဒိယ သမ္မတနိုင်ငံမှ Minister of State for Commerce

and Power, H.E.Mr. Shri Jairam Ramesh ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဇွန်လ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။

ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E. Lieutenant General Poonpirom Liptapanlop ဦးဆောင်သော ထိုင်းနိုင်ငံ စွမ်းအင်ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၃ ရက်နေ့တွင် စွမ်းအင်ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးရန်အတွက် နေပြည်တော်သို့ လာရောက်ခဲ့သည်။ ခရီးစဉ်အတွင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTEP International Ltd. နှင့် PTT Public Company Limited တို့သည် မုတ္တမမက်မ်းလွန်ဒေသလုပ်ကွက် M-9မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့အရောင်းစာချုပ်အတွက် အခြေခံသဘောတူညီချက်ကို နှစ်နိုင်ငံတာဝန်ရှိသူအသီးသီးက လက်မှတ်ရေးထိုးချုပ်ဆိုကြကြောင်း၊ အဆိုပါ အခြေခံသဘောတူညီချက်အရ မုတ္တမမက်မ်းလွန်ဒေသလုပ်ကွက် M-9 မှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးစွဲရေးနှင့် ထိုင်းနိုင်ငံသို့ ပို့လွှတ်ရောင်းချရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စွမ်းအင်ဝန်ကြီးနှင့်အဖွဲ့သည် ယင်းနေ့ ၁ နာရီ ၃၀ မိနစ်တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ဂျပန်နိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဒုတိယဝန်ကြီး ဒုတိယအောက်လွှတ်တော်အမတ် Mr. Ikuzo SAKURAI ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၀၈ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။

ထိုင်းနိုင်ငံပြန်ကြားရေးနှင့် နည်းပညာဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E.Dr. Mun Patanotai ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။ ခရီးစဉ်အတွင်း မိုးလေဝသကြိုတင်သတိပေးစနစ် (Warning Systems) ဆိုင်ရာများနှင့်စပ်လျဉ်း၍ မြန်မာ–ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း ယင်းသတင်းတွင် ဖော်ပြထားသည်။ ၎င်းသည် ဇူလိုင်လ ၇ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဆိုင်ကလုန်းမုန်တိုင်းသတိပေးကွန်ရက်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဂျပန်နိုင်ငံ DPJ ပါတီမှ အထက်လွှတ်တော်အမတ်နှင့် မြန်မာ–ဂျပန်ချစ်ကြည်ရေးပါလီမန်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့ဝင်များ ဇူလိုင်လ ၉ ရက်နေ့တွင်နေပြည်တော်သို့ရောက်ရှိခဲ့သည်။

ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. John Holmes ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ခရီးစဉ်အတွင်း Mr. John Holmes သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာနှင့်လည်းကောင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဩဂုတ်လ ၆ ရက်နေ့တွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု အားပေးရေးနှင့် အပြန်အလှန် ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူညီချက်၊ နှစ်နိုင်ငံ ဝန်ကြီးဌာနနှစ်ခုအကြား ညှိနှိုင်းဆွေးနွေးမှု ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံတာဝန်ရှိသူအသီးသီး အပြန်အလှန် လက်မှတ်ရေးထိုးခဲ့ကြသည်။ မြန်မာ–ကူဝိတ် စီးပွားရေးကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာဆွေးနွေးပွဲကို ဩဂုတ်လ ၇ ရက်နေ့တွင် ဆီဒိုးနားဟိုတယ်၌ကျင်းပခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူလက်မှတ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFC CI) ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကူဝိတ်စီးပွားရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့လက်မှတ်ရေးထိုးခဲ့ကြသည်။ ကူဝိတ်နိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဩဂုတ်လ ၈ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားခဲ့သည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Thomas Ojea Quintana နှင့်အဖွဲ့သည် ဩဂုတ်လ ၃ ရက်နေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ ဩဂုတ်လ ၃ ရက်မှ ၇ ရက်နေ့အထိ ၅ ရက်ကြာခရီးစဉ်အတွင်း မြန်မာနိုင်ငံအစိုးရဝန်ကြီးအချို့၊ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အင်းစိန်ထောင်မှ အကျဉ်းသားအချို့ စသည်တို့နှင့်တွေ့ဆုံခဲ့ပြီး မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းရှိ လပွတ္တာ၊ ကျောက်ကလပ်၊ ပြင်စလူ၊ ခုံကြီးရွာသစ်၊ မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရှာကျေးရွာတို့သို့ သွားရောက်လေ့လာခဲ့သည်။ ဩဂုတ်လ ၇ ရက်နေ့ ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး

General, Phung Quang Thanh နှင့်ဇနီး Mrs. Tran Thi Loc တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ သြဂုတ်လ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Nam VIYAKETH ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ သြဂုတ်လ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Tej Bunnag နှင့်ဇနီး Madam Phensri Bunnag တို့ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ သြဂုတ်လ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ ခရီးစဉ်တွင်း တာချီလိတ်ဆေးရုံအတွက် ထိုင်းအစိုးရကလျှာ်ငါန်းသော ထိုင်းဘတ်ငွေနှစ်သန်း ပေးအပ်ခဲ့သည်။

ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ရုံးမှ အထူးအကြံပေးပုဂ္ဂိုလ် H.E. Dr. Ismail Khedr Al-Shatti ဦးဆောင်သော ကူဝိတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ သြဂုတ်လ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ကျောင်းအုပ်ကြီး Vice Admiral S.Bhasin, AVSM, VSM နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ စက်တင်ဘာလ ၆ ရက်နေ့တွင် ရန်ကုန်မြို့သို့လာရောက်လေ့လာခဲ့သည်။

အိန္ဒိယ (ကြည်း) တပ် အရှေ့ပိုင်းတိုင်းတိုင်းမှူး Officer Commanding in-Chief, Eastern Command Lt. Gen. VK Singh, AVSM, YSM နှင့် ဇနီး Mrs. Bharti Singh နှင့် အဖွဲ့ဝင်များ အောက်တိုဘာလ ၂၁ ရက်နေ့တွင် နေပြည်တော်သို့ရောက်ရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Stuff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ အောက်တိုဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းက နေပြည်တော်သို့ရောက်ရှိခဲ့ပြီး ၂၈ ရက်နေ့ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဆန်ဆွန်မ်ဆက်ခ်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၃၀ ရက်နေ့တွင် နေပြည်တော်၌ကျင်းပမည့် အဋ္ဌမအကြိမ်မြောက် ဗဟိုအဆင့် နယ်စပ်အာဏာပိုင်အဖွဲ့အစည်းအဝေးသို့ တက်ရောက်ရန် ယင်းနေ့ နံနက်ပိုင်းက နေပြည်တော်သို့ရောက်ရှိခဲ့သည်။ ခရီးစဉ်အတွင်း ချောင်းသာကမ်းခြေသို့သွားရောက်ခဲ့ပြီး အောက်တိုဘာလ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး မစ္စတာကင်ယုံအီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံဝန်ကြီးဌာနများအကြား တတိယအကြိမ် ပုံမှန်ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာလ ၉ ရက်နေ့တွင် ကျင်းပခဲ့ပြီး နှစ်နိုင်ငံအစိုးရများအကြား သံတမန်နှင့်ဝန်ထမ်း/အထူး နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူတို့အား ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr. Manuchehr Mottaki ခေါင်းဆောင်သည့် အီရန်ကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာ ၁၄ ရက်နေ့က နေပြည်တော်သို့ရောက်ရှိခဲ့ပြီး ယင်းနေ့ညပိုင်းတွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တိယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး H.E.Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၁၈ ရက်နေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။ ခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် China Chamber of International Commerce, Tianjin Chamber of Commerce တို့အကြား စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို နိုဝင်ဘာလ ၁၈ ရက်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

အိန္ဒိယ သမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာရှိဗ်ရှန်ကာမီနွန်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက် ရှိခဲ့သည်။ ခရီးစဉ်အတွင်း (၉) ကြိမ်မြောက် မြန်မာ–အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/အတွင်းဝန်အဆင့် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးပွဲ သဘောတူညီချက်ကို နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယံဟိုတယ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

အီဂျစ်အာရပ်သမ္မတနိုင်ငံ အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟူစိန်ဟာရီဒီခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၂၄ ရက်နေ့မှ ၂၆ ရက်အထိ မြန်မာနိုင်ငံသို့လာရောက်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများ၏ထုတ်ပြန်ချက်များအရ သိရသည်။ ခရီးစဉ်အတွင်း နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မြန်မာ–အီဂျစ်နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲကိုကျင်းပပြီး ဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး စသည့် ကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးမစ္စတာရန်ကျဲချိုနှင့်အဖွဲ့သည် တရားဝင်အလည်အပတ်ခရီးစဉ်အတွက် ဒီဇင်ဘာလ ၅ ရက်နေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည်။

ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ ခရီးစဉ်

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တစ်ဦးအနေဖြင့် ၄၄ နှစ်အတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်ခရီးစဉ်အဖြစ် ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်သင့်ဒေသများရှိ ဒုက္ခသည်များအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ဆွေးနွေးရန် နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး သုံးပတ်အကြာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာဘန်ကီမွန်းသည် မေလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည့် ခရီးစဉ်မှာ ကုလသမဂ္ဂသမိုင်းတွင်ရော မြန်မာနိုင်ငံသမိုင်းတွင်ပါ ထူးခြားသည့်မှတ်တိုင်ဖြစ်သည်။

ဘန်ကီမွန်းသည် မေလ ၂၃ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နေပြည်တော်တွင် နှစ်နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးခဲ့အပြီးတွင် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့အစားလုံး မြန်မာနိုင်ငံသို့ ဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းထောက်များသို့ပြောကြားခဲ့သဖြင့် မြန်မာနိုင်ငံတွင်း နိုင်ငံတကာအကူအညီများဝင်ရောက်ရေး လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်ရာ ကုလသမဂ္ဂ၏အခန်းကဏ္ဍကို မီးမောင်းထိုးပြနိုင်ခဲ့သည်။ ဘန်ကီမွန်းသည် ရန်ကုန်မြို့သို့ရောက်ရောက်ချင်း ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမျှော်ခဲ့ပြီး လေဘေးသင့်ဒေသများဖြစ်သော ဧရာဝတီတိုင်းအတွင်းရှိ ကယ်ဆယ်ရေးစခန်းအချို့သို့ သွားရောက်ခဲ့သည်။ ထို့အပြင် ၎င်း ရန်ကုန်သို့ရောက်ရှိနေစဉ်ကာလအတွင်း ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ နောင်တော်အာရှတိုက်သား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏အုတ်ဂူသို့ သွားရောက်၍ ပန်းစည်းချဂါရဝပြုခဲ့ပြီး ယင်းသတင်းကို သတင်းမီဒီယာအချို့တွင် ပုံနှိပ်ဖော်ပြခဲ့ခြင်းသည်လည်း ထူးခြားသည့် သတင်းမှတ်တိုင်တစ်ရပ်ဖြစ်သည်။ ၎င်းသည် မြန်မာနိုင်ငံခရီးစဉ်အတွင်း ထိရောက်သော အပြုသဘောဆောင်ရွက်ချက်များ ပြုလုပ်နိုင်ခဲ့သည်ဟု လေ့လာစောင့်ကြည့်သူများက တညီတညွတ်တည်းပြောကြားကြသည်ကိုလည်း တွေ့ရသည်။

မစ္စတာဂမ်ဘာရီ၏ ခရီးစဉ်များ

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာအီဗရာဟင်အက်ဘူးလ်လာဂမ်ဘာရီသည် မတ်လ ၆ ရက်နေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြောင်း မတ်လ ၇ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

မစ္စတာ ဂမ်ဘာရီသည် မတ်လ ၆ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ဧည့်ရိပ်သာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်းနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၃၀ မိနစ်တွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများကိုလည်းကောင်း၊ ၃နာရီ ၃၀ မိနစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC) ဌာနေကိုယ်စားလှယ်နှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။ မတ်လ ၇ ရက်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ပြောရေးဆိုခွင့်ရှိအာဏာပိုင်အဖွဲ့နှင့်လည်းကောင်း၊ မတ်လ ၈ ရက်နေ့ နံနက် ၁၀ နာရီတွင် စိမ်းလဲ့ကန်သာနိုင်ငံတော်ဧည့်ဂေဟာ၌ ပအိုဝ်အမျိုးသားအဖွဲ့ချုပ်မှ ဦးအောင်ခမ်းထီခေါင်းဆောင်သောအဖွဲ့နှင့်လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဦးအောင်ရွှေခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ နံနက် ၁၁ နာရီ ၃၀ မိနစ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီးခေါင်းဆောင်သောအဖွဲ့နှင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီ ၃၀ မိနစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွှန့်အပါအဝင် ကော်မရှင်အဖွဲ့ဝင်သုံးဦးနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၃၀ မိနစ်တွင် ပြည်ထောင်စုကြေ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။ မတ်လ ၉ ရက်နေ့ နံနက် ၉ နာရီ ၃၀ မိနစ်တွင် နိုင်ငံတော်ဧည့်ရိပ်သာ၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုးသာ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့နှင့်လည်းကောင်းတွေ့ဆုံခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားချက်အရ သိရသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibranhim Agboola Gambari နှင့်အဖွဲ့ သြဂုတ်လ ၁၈ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ကြောင်း သြဂုတ်လ ၁၉ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။ Mr. Gambari သည် သြဂုတ်လ ၁၈ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့်လည်းကောင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC နှင့်လည်းကောင်း၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့နှင့်လည်းကောင်းတွေ့ဆုံခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြထားသည်။ ၎င်းသည် သြဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းက လေဘေးသင့်ဒေသတစ်ခုဖြစ်သော ကွမ်းခြံကုန်းမြို့နယ် သို့သွားရောက်ခဲ့ပြီး ညနေပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် တွေ့ဆုံခဲ့ကြောင်း သြဂုတ်လ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ရေးသားထားသည်ကို တွေ့ရသည်။

၎င်းသည် သြဂုတ်လ ၂၀ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ အမျိုးသားဗီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ကိုလည်းကောင်း၊ ငြိမ်းချမ်းရေးရယူထားသော ကရင်တိုင်းရင်းသားခေါင်းဆောင်များနှင့်လည်းကောင်း၊ ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အရွေးချယ်ခံတစ်သီးပုဂ္ဂလအဖွဲ့နှင့် အခြားအဖွဲ့အစည်းများမှတာဝန်ရှိသူများနှင့်လည်းကောင်း အသီးသီးတွေ့ဆုံခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာထားသည်။ မစ္စတာ ဂမ်ဘာရီသည် သြဂုတ်လ ၂၁ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးသောင်းညွှန့်နှင့် အဖွဲ့ဝင်များကိုလည်းကောင်း၊ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သြဂုတ်လ ၂၂ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်၊ NLD အဖွဲ့ဝင်များနှင့် တွေ့ဆုံမှုများ

ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ထားသူ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဇန်နဝါရီလ ၁၁ ရက် မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၀ မိနစ်အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဇည့်ဂေဟာတွင် စတုတ္ထအကြိမ် တွေ့ဆုံခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားချက်အရ သိရသည်။

ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ထားသူ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ပဉ္စမအကြိမ်အဖြစ် ဇန်နဝါရီလ ၃၀ ရက် မွန်းလွဲ ၁ နာရီမှ ၁နာရီ ၃၁ မိနစ်အထိလည်းကောင်း၊ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ မှ ညနေ ၃ နာရီ ၃၅ မိနစ်အထိလည်းကောင်း ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဇည့်ဂေဟာတွင် နှစ်ကြိမ် တွေ့ဆုံခဲ့သည်။

ယင်းနေ့တွင်ပင် ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးညွှန့်ဝေ၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးလွန်းတင်၊ ဦးစိုးမြင့်နှင့် ပြောရေးဆိုခွင့်ရှိသူဦးဉာဏ်ဝင်းတို့နှင့် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်မှ ၂ နာရီ ၄၅ မိနစ်အထိ စိမ်းလဲ့ကန်သာဇည့်ဂေဟာ၌ပင် တွေ့ဆုံခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ တင်ပြချက်အရ ရှေ့နေဦးကြည်ဝင်းနှင့် တွေ့ဆုံခွင့်ပြုခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် ရှေ့နေဦးကြည်ဝင်းနှင့် တတိယအကြိမ်တွေ့ဆုံလိုကြောင်း တင်ပြသည့်အတွက် စက်တင်ဘာလ ၁ ရက် နံနက် ၉ နာရီခန့်တွင် ဦးကြည်ဝင်းကို ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ဝင်ရောက်တွေ့ဆုံနိုင်ရန် တာဝန်ရှိသူများက စီစဉ်ပေးခဲ့ကြောင်း စက်တင်ဘာလ ၂ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ချက်အရသိရသည်။

ယင်း သတင်းထုတ်ပြန်ချက်တွင် အစိုးရသည် ကုလသမဂ္ဂ

၏အကြံပြုချက်အရ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်လက်ဆွေးနွေးနိုင်ရေးအတွက် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ စက်တင်ဘာလ ၂ ရက်နေ့ မွန်းလွဲ ၁ နာရီ တွင် စိမ်းလဲ့ကန်သာဧည့်ရိပ်သာတွင် တွေ့ဆုံနိုင်ရန် စီစဉ်ထားကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းတို့သားအမိ၏ ကျန်းမာရေးစစ်ဆေးရန် ဒေါက်တာတင်မျိုးဝင်းကို စက်တင်ဘာလ ၁ ရက် မွန်းလွဲ ၁ နာရီတွင် လာရောက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဦးကြည်ဝင်းအား သက်ဆိုင်ရာတာဝန်ရှိသူများက မှာကြားလိုက်ကြောင်း၊ ဦးကြည်ဝင်းသည် နံနက် ၉ နာရီ ၅၅ မိနစ်ခန့်တွင် ဒေါ်အောင်ဆန်းစုကြည်အိမ်မှ ပြန်လည်ထွက်ခွာလာပြီး ဒေါ်အောင်ဆန်းစုကြည်က ဦးအောင်ကြည်နှင့် တွေ့ဆုံရေးနှင့်ပတ်သက်၍ ရှေ့နေဦးကြည်ဝင်းမှလွဲပြီး မည်သူ့ကိုမျှ မတွေ့လိုသေးကြောင်း၊ ဒေါက်တာတင်မျိုးဝင်းကိုလည်း ယနေ့မတွေ့နိုင်ကြောင်းပြောကြားခဲ့ကြောင်း ဦးကြည်ဝင်းက တာဝန်ရှိသူများကို ပြန်လည်သတင်းပို့ခဲ့ကြောင်း စသဖြင့်ဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာ - တရုတ် ဆက်ဆံရေး

အာရှအင်အားကြီးအဆင့်ကို ကျော်လွန်ပြီး ကမ္ဘာ့အင်အားကြီးအဆင့်သို့တက်လှမ်းရန် ဟန်ပြင်နေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရ၏ ၂၀၀၈ ခုနှစ် ဆက်ဆံရေးသည် ယခင်ယခင်နှစ်များအတိုင်း များစွာနီးကပ်၍ လွန်စွာရင်းနှီးချစ်ကြည်ရင်းနှီးမှုရှိခဲ့ကာ နှစ်နိုင်ငံပါတီနှင့် အစိုးရတပ်မတော်အကြီးအကဲများ အပြန်အလှန်လည်ပတ်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရန်ကျဲချိ ဒီဇင်ဘာလဆန်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းသည် ထူးခြားသောခရီးစဉ်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မတမ်ခေါလုလီခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရောက်ရှိခဲ့ခြင်းသည် ၂၀၀၈ ခုနှစ်ဆန်း၌ ပထမဦးဆုံးအကြိမ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အဆင့်မြင့်အရာရှိကြီးတစ်ဦးလာရောက်ခြင်းဖြစ်ပြီး မြန်မာ–တရုတ် နှစ်နိုင်ငံ ဆက်ဆံရေးပိုမိုခိုင်မြဲနီးကပ်လှကြောင်း နိုင်ငံတကာကိုပြသနေသည့် သဘောဖြစ်သည်။

မြန်မာနှင့် တရုတ်နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ကုန်သွယ်မှုများ ပြုလုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၁၇ သန်းတန်ဖိုးရှိ ကုန်သွယ်ရေးစာချုပ် ၂၅ ခုကို ဒီဇင်ဘာလတွင်းချုပ်ဆိုနိုင်ခဲ့ပြီး ယွမ်ငွေ သန်း ၂၅၀၀ တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု ခုနစ်ခုကို မြန်မာနိုင်ငံတွင်း တရုတ်က ပြုလုပ်သွားရန်လည်း စာချုပ်ချုပ်ဆိုခဲ့သည်။

မြန်မာ–တရုတ်ဆက်ဆံရေးသည် စင်စစ်အားဖြင့် နိုင်ငံ

တကာအရေးနှင့် ပြည်တွင်းရေးရာကိစ္စရပ်များမှလွဲလျှင် ယူနန်ပြည်နယ်နှင့်သာ ကုန်သွယ်မှု၊ ဆက်ဆံကူးလူးမှု ပိုမိုများပြားလေ့ရှိသည်။ ကုန်ခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံအစိုးရ ရင်ဆိုင်ခဲ့ရသည့် အရေးကိစ္စမှန်သမျှအားလုံးကို မြန်မာအစိုးရဘက်မှ သဘောတူထောက်ခံကာ မားမားမတ်မတ်ရပ်တည်ပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရဆက်ဆံရေးသည် ယခု ၂၀၀၈ ခုနှစ်တွင်လည်း ယခင်အခြေအနေကဲ့သို့ပင်ရှိသည်ဟုဆိုနိုင်ပေသည်။

မြန်မာ - ထိုင်း ဆက်ဆံရေး

ထိုင်းတပ်မတော်၏ အာဏာသိမ်းမှု အကြိမ်ပေါင်းများစွာဖြစ်ပွားကာ မကြာခဏ ဝန်ကြီးချုပ်အပြောင်းအလဲရှိတတ်သည့် ထိုင်းနိုင်ငံအနေနှင့် ဝန်ကြီးချုပ်အသစ်တစ်ဦးတက်တိုင်း ပထမဦးဆုံး နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ အမေးခံရသည့်မေးခွန်းမှာ မြန်မာနိုင်ငံနှင့်ဆက်ဆံရေးဖြစ်ပြီး ပထမဦးဆုံးချစ်ကြည်ရေးခရီးမှာလည်း မြန်မာနိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝပေါက်ပင်၊ ရာသီဥတုနှင့် ယဉ်ကျေးမှု၊ ဘာသာရေးများ အခြေခံအားဖြင့် တူညီနေသည့်အပြင် အိမ်နီးချင်းနိုင်ငံလည်းဖြစ်နေသည့်အတွက် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်လာလျှင် ၎င်း၏ပြိုင်ဘက်ဖြစ်လာမည်ကို သိမြင်နေသောနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား မည်မျှပင် ပဋိပက္ခပြဿနာများပေါ်ပေါက်စေကာမူ ခဏချင်းပင် အစိုးရချင်း ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု ပြန်လည်တည်ဆောက်ခဲ့သည်ချည်းဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ အဓိက ဝယ်ယူသူ ထိုင်းနိုင်ငံအနေဖြင့် ထိုင်းအစိုးရပိုင် PTTEP ရေနံကုမ္ပဏီ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေခြင်း၊ ထိုင်း၏ ပတ်ဝန်းကျင်နိုင်ငံများအကြား မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု ပမာဏအကြီးမားဆုံးဖြစ်နေခြင်း၊ ထိုင်းထိပ်တန်းစီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကုန်သွယ်နေခြင်း၊ မြန်မာနိုင်ငံအနေနှင့် နိုင်ငံတကာသို့ ဆက်သွယ်ရာတွင် လောလောဆယ်အထိ ထိုင်းနိုင်ငံလေဆိပ်ကို အဓိကတစ်ဆင့်ခံ အသုံးပြုနေရခြင်း၊ မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်သမျှ နိုင်ငံတကာ NGO များ၊ အခြား

အဖွဲ့အစည်းများ အဓိကရုံးစိုက်ရာနေရာဖြစ်နေခြင်း၊ မြန်မာနိုင်ငံမှ စက်မှုကုန်ကြမ်းသီးနှံအချို့နှင့် ရိုးရာလက်မှုပစ္စည်းများကို ဈေးပေါပေါဖြင့်ရယူကာ နိုင်ငံတကာဈေးကွက်သို့ တစ်ဆင့်ခံပြန်ရောင်းချခြင်းဖြင့် အကျိုးအမြတ်ကောင်းစွာရရှိနေခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံအစိုးရနှင့် အစဉ်အမြဲဆက်ဆံရေးကောင်းနေစေရန် ထိုင်းတို့ ကြိုးပမ်းခဲ့သည်။

ဆမတ်စွန်ထော်ရဲ့ ဝန်ကြီးချုပ်ရာထူးယူပြီးပြီးချင်း ထုံးစံအတိုင်း ၎င်း၏ပထမဦးဆုံးချစ်ကြည်ရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ မတ်လ ၁၄ ရက်နေ့တွင် လာရောက်ခဲ့သည်။ ထိုခရီးစဉ်အပြီး ဘန်ကောက်ပြန်အရောက် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် မြန်မာအစိုးရအကြီးအကဲများသည် ဘုရားတရားကို လွန်စွာကြည်ညိုလေးစားသူများဖြစ်ကြောင်း၊ ၎င်း၏ပထမဦးဆုံး ချစ်ကြည်ရေးခရီးစဉ်အပေါ် များစွာနှစ်ထောင်းအားရရှိလှကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E.Lieutenant General Poonpirom Liptapanlop က ဦးဆောင်သော ထိုင်းနိုင်ငံ စွမ်းအင်ကိုယ်စားလှယ်အဖွဲ့ ဇွန်လကုန်ပိုင်း မြန်မာနိုင်ငံသို့ လာရောက်စဉ်အတွင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTTEP International Ltd၊ PTT Public Company တို့သည် မုတ္တမကမ်းလွန်ဒေသလုပ်ကွက် M-9မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးစွဲရေးနှင့် ထိုင်းနိုင်ငံသို့ ပို့လွှတ်ရောင်းချရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

မြန်မာ - အိန္ဒိယ ဆက်ဆံရေး

မြန်မာနိုင်ငံနှင့် စီးပွားရေးအပြင် စစ်ရေးကိစ္စများပါ နီးနီးကပ်ကပ်ဆက်ဆံနေသည့် အိန္ဒိယနိုင်ငံနှင့် ယခုနှစ်အတွင်း ထူးခြားသော နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးသည် ကုန်သွယ်ရေးနယ်ပယ်တွင် ဖြစ်သည်။

နှစ်နိုင်ငံကုန်သွယ်ရေးအနေဖြင့်မူ ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၉၉၅ သန်းရှိပြီး မြန်မာနိုင်ငံက ဒေါ်လာ သန်း ၈၁၀ ထိ တင်ပို့ခဲ့ပြီး အိန္ဒိယထံမှ ဒေါ်လာ ၁၈၅ သန်းဖိုးသာ ပြန်လည်သွင်းယူခဲ့သည်ကို တွေ့ရသည်။

ကုန်သွယ်ဘက်နိုင်ငံများအားလုံးနှင့် နှိုင်းယှဉ်ပါက ယခုနှစ်အတွင်း အိန္ဒိယသည် ထိုင်း၊ တရုတ်နှင့် စင်ကာပူနိုင်ငံများပြီးလျှင် မြန်မာနိုင်ငံအတွက် စတုတ္ထမြောက်အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။

ပြည်ပအရင်းအနှီးရရှိနိုင်မှုတွင် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုရရှိခဲ့မှုသည် ယခုနှစ်ဇန်နဝါရီလအထိ ဒေါ်လာသန်းပေါင်း ၂၁၉.၉၇ အထိရှိခဲ့ပြီဖြစ်ပြီး ယင်းမြှုပ်နှံငွေများအနက် ထက်ဝက်ကျော်ဖြစ်သည့် ဒေါ်လာ ၁၃၇ သန်းသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတစ်ခုတည်းတွင် ဖြစ်သည်။

ယင်းမြှုပ်နှံမှုကို ကြည့်ရှုပါက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စွမ်းအင်အကြီးအကျယ်လိုအပ်နေသော အိန္ဒိယအနေဖြင့် မြန်မာနိုင်ငံစွမ်းအင်ပို့ကုန်နှင့် ထုတ်ကုန်များအပေါ်တွင် အခြားကဏ္ဍများထက်သိသာစွာ စိတ်ဝင်တစားပါဝင်ပတ်သက်နေသည်ဟု ဆိုနိုင်သည်။

စီးပွားရေးကဏ္ဍအပြင် မြန်မာနိုင်ငံနှင့် စစ်ရေးကိစ္စများပါ အထူးနီးကပ်စွာ ဆက်ဆံနေသည့် အိမ်နီးချင်းနိုင်ငံကြီးတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံမှ စစ်ဘက်ဆိုင်ရာအရာရှိကြီးသုံးဦး မြန်မာနိုင်ငံသို့ အသီးသီးလာရောက်ခဲ့ကြသည်ကို တွေ့ရသည်။ ခေတ်မီလက်နက်များထုတ်လုပ်နေသည့် ထိပ်တန်းနိုင်ငံအချို့နှင့် စစ်ရေးဆိုင်ရာဆက်ဆံရေးကောင်းမွန်သည့် အိန္ဒိယတပ်မတော်နှင့် ဆက်ဆံရေးထိန်းသိမ်းထားနိုင်ခြင်းသည် မြန်မာနိုင်ငံအတွက် လျော်ကန်သောအလားအလာတစ်ခုဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံဘက်မှ ယခုနှစ်အတွင်း အဆင့်မြင့်ဆုံးဧည့်သည်တော်သွားရောက်မှုအဖြစ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယနိုင်ငံသို့ ဧပြီလ ၂ ရက်မှ ၆ ရက်အထိ လေးရက်တာခရီးစဉ်သွားရောက်ခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း ရေကြောင်းဆက်သွယ်ရေး၊ နှစ်နိုင်ငံထောက်လှမ်းရေးသတင်းဖလှယ်ရေးနှင့် ဝင်ငွေခွန်နှစ်ထပ်ဖယ်ရှားရေးဆိုင်ရာစာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့သည်ကို တွေ့ရသည်။

ယင်းနောက် အိန္ဒိယနိုင်ငံမှ Ministry of Commerce and Power မှ ဝန်ကြီး မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ခရီးစဉ်အတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ မြန်မာသို့ ငွေထုတ်ချေးရေး၊ ငွေချေးစာချုပ်များနှင့် နှစ်နိုင်ငံဘဏ်များ ဆက်သွယ်ဆောင်ရွက်ရေးကိစ္စများအတွက် လက်မှတ်ရေးထိုးခဲ့ကြသည်။

သို့ဖြစ်၍ မြန်မာ–အိန္ဒိယအကြီးအကဲများသည် ယခုနှစ်အတွင်း ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံတိုးတက်ရေးအတွက် အရေးပါသည့် ကဏ္ဍအချို့တွင် လိုအပ်နေသည်များကို တစ်စိတ်တစ်ပိုင်းမြှင့်တင်ရေး ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။

ယင်းအပြင် သတင်းနှင့်နည်းပညာကဏ္ဍတွင် ကမ္ဘာနိုင်ငံကြီးများနှင့် ရင်ပေါင်တန်းနိုင်သည့် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံတွင် အိုင်တီကဏ္ဍဖွံ့ဖြိုးရေးအတွက် အခြားအကူအညီပေးနေသည့် နိုင်ငံ

များအားလုံးထက် ပိုမိုသာလွန်သော အကူအညီများ ပေးနေခဲ့ရာ ယခုနှစ်အောက်တိုဘာလတွင် အိန္ဒိယ–မြန်မာအိုင်တီစင်တာကို ရန်ကုန်မြို့တော်၌ ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရသည်။ ယင်း ဖွင့်လှစ်နိုင်မှုသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအနက် အကောင်းဆုံးသော ပူးပေါင်းဆောင်ရွက်မှုရလဒ်တစ်ခုဖြစ်သည်ဟု နိုင်ငံတကာမှ စောင့်ကြည့်လေ့လာရေးသမားများက သုံးသပ်ထားသည်ကို တွေ့ရသည်။

ထိုကဲ့သို့ ကဏ္ဍအများစုတွင် မြန်မာနှင့် ဆက်ဆံရေးကောင်းမွန်နေသော အိန္ဒိယနိုင်ငံသည် မြန်မာ့သမိုင်းတွင် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်ကြီးဖြစ်သည့် နာဂစ်မုန်တိုင်းဒဏ်ခံစားခဲ့ရစဉ်ကလည်း အထောက်အပံ့အဖြစ် ဆေးဝါးနှင့် ကုန်တန်ချိန် စုစုပေါင်း ၁၃၈ ဒသမ ၆ တန် ကူညီထောက်ပံ့ပြီး စုစုပေါင်း ကုန်တန်ချိန် ပဉ္စမမြောက် အများဆုံးလျှပ်တိန်းကူညီပေးခဲ့သည့်နိုင်ငံဖြစ်ခဲ့သည်။ ယင်းအပြင် မုန်တိုင်းဒဏ်အရေးအပေါ်ထူထောင်ရေးကာလ ဆေးဝါးနှင့် လူသားအရင်းအမြစ် အကူအညီလိုအပ်နေစဉ်အတွင်း အိန္ဒိယအစိုးရကစေလွှတ်သော ၄၇ ဦးပါဆေးအဖွဲ့သည် မြန်မာအစိုးရက ပြည်တွင်းသို့ ဝင်ခွင့်ပြုလက်ခံခဲ့သော ပထမဆုံးသော ဆေးအဖွဲ့တစ်ခု ဖြစ်ခဲ့သည်။

သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် နိုင်ငံတကာဆက်ဆံရေးမျက်နှာစာတွင် နေရာယူထားသော အိန္ဒိယကဲ့သို့ အိမ်နီးချင်းနိုင်ငံကြီးတစ်ခုနှင့် နီးကပ်သော ဆက်ဆံရေးထူထောင်ထားနိုင်ခြင်းပင်ဖြစ်သည်။

မြန်မာ-ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆက်ဆံရေး

နှစ်နိုင်ငံသံအဆက်အသွယ်ပြန်လည်ပြုလုပ်သည့် ဆက်ဆံရေးသက်တမ်းတစ်နှစ်သာရှိပြီး ဆက်သွယ်ရေးကာလအလွန်နှေးကွေးသည့် မြန်မာနှင့် မြောက်ကိုရီးယားနိုင်ငံတို့၏ ယခုနှစ်အတွင်း ထူးခြားသော ဆက်ဆံရေးတိုးတက်မှုသည် နှစ်နိုင်ငံအစိုးရများအကြား သံတမန်နှင့် ဝန်ထမ်းအထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူတို့အတွက် ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၈၃ ခုနှစ်က တောင်ကိုရီးယားသမ္မတ ချွန်ဒူးဟွမ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း မြောက်ကိုရီးယားက ချွန်ဒူးဟွမ်ကို လုပ်ကြံ၍ ချွန်ဒူးဟွမ်မထိခိုက်ခဲ့သော်လည်း လူ ၂၁ ဦး သေဆုံးမှုအတွက် မြန်မာနိုင်ငံ၏ သံတမန်အဆက်အသွယ်ဖြတ်တောက်ခံခဲ့ရသော မြောက်ကိုရီးယားကို မြန်မာအစိုးရက ၂၀၀၇ တွင် သံအဆက်အသွယ် ပြန်လည်ပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံသံအမတ်ကြီးများကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် အပြန်အလှန်ခန့်အပ်ခဲ့ကြသည်။

ယင်းနောက် ယခုနှစ်အတွင်း မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကင်ယုံအီးတို့ နှစ်နိုင်ငံအပြန်အလှန်ခရီးစဉ်များ ပြုလုပ်ခဲ့ပြီး သံအဆက်သွယ်ပြုလုပ်သည့် တစ်နှစ်ပြည့်သည့်အချိန်တွင် ယခုကဲ့သို့

ဗီဇာကင်းလွတ်ခွင့်ပြုသည့် အစိုးရချင်းနီးစပ်သည့် ဆက်ဆံရေးကို အလျင်အမြန်ထူထောင်နိုင်ခဲ့ကြခြင်း ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေးတွင် ချုံကလီးယားလက်နက်ပိုင်ဆိုင်မှုဖြင့် အငြင်းပွားနေရသော မြောက်ကိုရီးယားနိုင်ငံသည် တိုတောင်းသည့် သံအဆက်အသွယ်ပြုလုပ်သည့်ကာလအတွင်း မြန်မာနိုင်ငံနှင့် အခြားသောကဏ္ဍများထက် အစိုးရပိုင်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများကိုသာ တွေ့နေရသေးသည်။

မြန်မာ - ဘင်္ဂလားဒေ့ရှ် ရေပိုင်နက်ပဋိပက္ခ

မြန်မာ့သီးသန့်စီးပွားရေးဇုန်အတွင်း ကျရောက်သော ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-7 တွင် ၂၀၀၈ ခုနှစ် အောက်တိုဘာလအတွင်းက စမ်းသပ်တူးဖော်ခြင်းလုပ်ငန်းများကိုဆောင်ရွက်နေစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အဆိုပါလုပ်ကွက်မှာ ၎င်းတို့၏ ရေပိုင်နက်အတွင်းကျရောက်သည့်အတွက် မြန်မာနိုင်ငံဘက်မှ တူးဖော်နေမှုများကို ချက်ချင်းရပ်တန့်ပေးရန် တောင်းဆိုမှုများပြုလုပ်လာခဲ့ရာ ယင်းတောင်းဆိုမှုကို မြန်မာနိုင်ငံအစိုးရအနေဖြင့် လက်ခံနိုင်ခြင်းမရှိသဖြင့် ပယ်ချခဲ့ကြောင်း နိုဝင်ဘာလ ၆ ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာအစိုးရအနေဖြင့် နယ်နိမိတ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ဥပဒေများအတိုင်း ဆောင်ရွက်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မှားယွင်းစွာတောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ကွက်နှင့်ပတ်သက်၍ ၂၀၀၅ ခုနှစ်တွင် တင်ဒါခေါ်ယူခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေး

ရှင်းက အောင်မြင်ခဲ့ကြောင်း၊ ဒေဝူးအင်တာနေရှင်နယ်အနေဖြင့် ၂၀၀၇ ခုနှစ်အတွင်း ရှာဖွေရေးလုပ်ငန်းများကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် အောက်တိုဘာလမှစ၍ စမ်းသပ်တူးဖော်ခြင်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရခိုင်ကမ်းလွန်လုပ်ကွက် AD-7 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်မှုလုပ်ငန်းများလုပ်ကိုင်လျက်ရှိသော ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းအနေဖြင့် မူလသတ်မှတ်ထားသောလုပ်ငန်းအစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာလ ၉ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အတွင်း ရေပိုင်နက်သတ်မှတ်ရေးနှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ဦးဆောင်သည့် အဖွဲ့ဝင် ၁၁ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ မစ္စတာအမ်အေကေမာမွတ်နှင့် နိုဝင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်နေ့တို့က ဒါကာတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံရေပိုင်နက်သတ်မှတ်ရေးဆွေးနွေးမှုများကို ၂၀၀၉ ခုနှစ် ဧနှစ်ဝါရီလအတွင်း မြန်မာနိုင်ငံ၌ ဆက်လက်ပြုလုပ်သွားဦးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ရေပိုင်နက်သတ်မှတ်ရေးကိစ္စတွင် Equal-Distance Method ကို အသုံးပြုစေလိုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမူ Principles of Equity Method ဖြင့် ဆုံးဖြတ်စေလိုနေကြောင်း၊ အပြန်အလှန်အဆိုပြုမှုများနှင့်စပ်လျဉ်း၍ သဘောတူညီမှုရရှိရန် အချိန်ယူကြရဖွယ်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာထမ်းတစ်ဦး၏ ပြောကြားချက်ကိုကိုးကား၍ နိုဝင်ဘာလ ၂၄ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြထားသည်။

အဆိုပါ ရေပိုင်နက်ပြဿနာကြောင့် လက်ရှိရေချိုငါးတင်ပို့နေသည့် ရေလမ်းကြောင်းကို ထိခိုက်မှုမရှိသော်လည်း ငါးတင်ပို့မှုကို ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးသန်းလွင်၏အဆိုကို နိုဝင်ဘာလ ၂၀ ရက်နေ့ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်တွင် ဖော်ပြထားသည်။

Nargis နှင့် မြန်မာနိုင်ငံ

အူရဒူဘာသာစကားဖြင့် ရွှေပန်းပွင့်ဟုအဓိပ္ပာယ်ရသည့် Nargis အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် ၁၉၇၀ ခုနှစ်က အိန္ဒိယနှင့် အရှေ့ပါကစ္စတန်ဒေသတို့တွင် တိုက်ခတ်ခဲ့သော Bhola ဆိုင်ကလုန်းမုန်တိုင်းပြီးလျှင် ကမ္ဘာ့သမိုင်းတွင် ဒုတိယလူသေမှုအများဆုံးနှင့် ၂၀ ရာစု၏ ပဉ္စမမြောက်လူသေမှုအများဆုံး သဘာဝဘေးအန္တရာယ်အဖြစ် တစ်နာရီလျှင် မိုင် ၁၂၀ အထက်နှုန်းဖြင့် ယခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့များတွင် မြန်မာနိုင်ငံသို့ ဝင်ရောက်ဖြတ်ကျော်တိုက်သွားခဲ့ရာ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အရပ်ရပ်အခြေအနေအား လုံးသည် အတွေ့အကြုံသစ်များဖြင့် ရင်ဆိုင်လှုပ်ခတ်သွားခဲ့ရသည်။

နာဂစ် (Nargis) မုန်တိုင်း အဓိကဝင်ရောက်ဖြတ်ကျော်တိုက်ခတ်ခဲ့ပြီး အထိအနာဆုံးဖြစ်ခဲ့ရသောဒေသမှာ ကမ္ဘာပေါ်ရှိ မြစ်ဝကျွန်းပေါ်ဒေသကြီးကိုးခုအနက် သဘာဝအနေအထားအကြွယ်ဝဆုံးနှင့် မြန်မာနိုင်ငံ၏ အဓိကဆန်ထွက်ရာဒေသကြီးဖြစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် လူဦးရေသိပ်သည်းဆအများဆုံးရန်ကုန်တိုင်းတို့ ဖြစ်သည်။ အဆိုပါဒေသများနှင့် ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့ကိုပါ ဖြတ်ကျော်တိုက်ခတ်သွားခဲ့ရာ လူပေါင်းတစ်သိန်းသုံးသောင်းကျော် သေကျေပျောက်ဆုံးခဲ့သည်ဟု အစိုးရကအတည်ပြုသတင်းထုတ်ပြန်ခဲ့ပြီး မုန်တိုင်းဒဏ်သက်ရောက်ခံစားရသူ ၁.၅ သန်းရှိသည်ဟု ကုလသမဂ္ဂအဖွဲ့အစည်းကသတင်းထုတ်ပြန်ခဲ့သည်။

မုန်တိုင်းမတိုက်ခတ်ခင်တစ်ရက်အလိုတွင် အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြင့် မေလ ၂ ရက်နေ့တွင် မြန်မာ့ကမ်းရိုးတန်းကို ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြခဲ့ကြပြီး လူအများစုမှာ ဤမျှပြင်းထန်သောမုန်တိုင်းအခြေအနေကို မမှန်းဆနိုင်သလို ပြည်ပအသံလွှင့်ဌာနများက မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်လာမည့် မုန်တိုင်း

အခြေအနေကို ထုတ်လွှင့်ဖော်ပြမှုမပြုခဲ့သည်ကို တွေ့ရှိရသည်။

၁၀ နာရီနီးပါးမျှ မုန်တိုင်းဖြတ်ကျော်တိုက်ခတ်အပြီးတွင်မူ မြစ်ဝကျွန်းပေါ်ဒေသသည် အထိအနာဆုံးဖြစ်ပြီး ၁၂ ပေမြင့်တက်ခဲ့သော မုန်တိုင်းဒီရေကြောင့် အသေအပျောက်များပြားခဲ့ရခြင်းဖြစ်သည်ကို တွေ့ရသည်။

မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အဆိုပါဒေသများနှင့် သတင်းအချက်အလက်ဆက်သွယ်မှု၊ လမ်းပန်းဆက်သွယ်ရေးများ လုံးဝပြတ်တောက်သွားပြီး အခြားဒေသများထက် ထိခိုက်မှုသက်သာသော ရန်ကုန်မြို့တော်တွင် လျှပ်စစ်မာတ်အား၊ သတင်းအချက်အလက်၊ လမ်းပန်းဆက်သွယ်ရေးများ ရက်အနည်းငယ်ကြာ ၁၀၀ ရာခိုင်နှုန်းပြတ်တောက်သွားခဲ့ကာ အာရှ၏ အစိမ်းလန်းဆုံး ရန်ကုန်မြို့တော်ရှိ သက်တမ်းရင့်အပင်ကြီးများအားလုံးနီးပါး လဲပြိုပြီးခဲ့ပြီဖြစ်သည်။ အဆိုပါအချိန်တွင် ကုန်ဈေးနှုန်းများ အခိုက်အတန့်မြင့်တက်သွားခဲ့သည်။

မုန်တိုင်းတိုက်ခတ်ပြီးနောက် နိုင်ငံတကာအကူအညီများ၊ ပြည်ပမှ INGO အဖွဲ့အစည်းအသစ်များ စတင်ဝင်ရောက်လာရာ မေလ ၇ ရက်နေ့တွင် နိုင်ငံတကာအကူအညီများ စတင်ပြီး နိုင်ငံတကာက ပေးအပ်သော အကူအညီများတွင် အမေရိကန်ပြည်ထောင်စုက ပေးအပ်သောပမာဏမှာ အများဆုံးဖြစ်သည်ကို တွေ့ရသည်။

ယင်းသဘာဝဘေးအန္တရာယ်ကြောင့် နိုင်ငံတကာ NGO အဖွဲ့အစည်းများ ဝင်ရောက်လာသည့်နည်းတူ ပြည်တွင်းတွင်လည်း NGO အဖွဲ့အစည်းသစ်များ ဖွဲ့စည်းပေါ်ပေါက်လာကြသည်ကို တွေ့ရသည်။

အဆိုပါမုန်တိုင်းကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ထုတ်ပြန်ကြေညာခဲ့သော ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၄၀ နှင့် ဧရာဝတီတိုင်းအတွင်းရှိ ခုနစ်မြို့နယ်တွင် အခြေခံဥပဒေပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရက်ကို မေလ ၂၄ ရက်သို့ ရွှေ့ဆိုင်းကျင်းပခဲ့သည်။

မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းမှစ၍ မီဒီယာစာမျက်နှာများတွင် ပိုမိုမြင်တွေ့လာရပြီး လူစိတ်ဝင်စားမှုခံရဆုံးသူမှာ ၎င်း၏ တာဝန်ရှိမှုနှင့်ပတ်သက်၍ မေးမြန်းခံရသူ ဦးထွန်းလွင် (ညွှန်ကြားရေးမှူးချုပ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန) ဖြစ်ပြီး ယခုအချိန်အထိ စာမျက်နှာများပေါ်မှ ပြန်လည်မှေးမှိန်မသွားသူဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော်လည်း ယခုနှစ်အတွင်းမှ အသက်ဝင်လှုပ်ရှားလာသော အဖွဲ့အစည်းမှာ အမျိုးသား သဘာဝဘေးစောင့်ရှောက်ရေးဗဟိုကော်မတီဖြစ်ပြီး မုန်တိုင်းကြောင့် ဆုံးရှုံးသွားသော ပျက်စီးမှုများသည် အာမခံမထားခြင်းကြောင့် ခန့်မှန်းငွေထက် များစွာလျော့နည်းပေးရမည်ဖြစ်သော်လည်း မြန်မာ့အာမခံလုပ်ငန်းက ပေးလျော်ရမည့်ငွေမှာ ၎င်း၏သက်တမ်း နှစ် ၅၀ တွင် အများဆုံးပေးလျော်ရမည့် ငွေကြေးပမာဏအဖြစ် စံချိန်တင်သွားခဲ့သည်။

နာဂစ်မုန်တိုင်းအပြီး မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသော အရေးကြီးပုဂ္ဂိုလ်များမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တစ်ဦး အနေနှင့် ၄၄ နှစ်အတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်သော မစ္စတာဘန်ကီမွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်စွန်ထော်ရဲ့၊ ဥရောပကော်မရှင်ဖွဲ့ဖြိုးမှုနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကော်မရှင်နာ Mr.Louis Michel, ကုလသမဂ္ဂ Under Secretary General and Emergency Relief Coordinator, H.E.Mr.John Holmes၊ အာဆီယံအတွင်းရေးမှူးချုပ် Dr.Surin Pitsuwan တို့ဖြစ်ပြီး ကမ္ဘာ့မိုးလေဝသအဖွဲ့လည်း လာရောက်ခဲ့သည်။

မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပါဝင်သည့် Tripartite Core Group (TCG) သုံးပွင့်ဆိုင်အဖွဲ့ဖွဲ့စည်းခဲ့ပြီး ယင်းနေ့တွင် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအရပ်ရပ် တန်ဖိုးဒေါ်လာ သန်းတစ်ထောင်ကျော်ရှိ၍ မုန်တိုင်းသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၄၂၃.၁၁ သန်းနှင့် အခြားသောအကူအညီများ လိုအပ်လျက်ရှိကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဦးမိုးသာက ပြောကြားသည်။

မြန်မာနိုင်ငံသားများအပါအဝင် ကုလသမဂ္ဂ၊ TCG နှင့် ပြည်တွင်းပြည်ပ NGO အားလုံးက နာဂစ်မုန်တိုင်းမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအားမှန်မှန်စိုက်လုပ်ဆောင်နေ၍ ပြန်လည်ထူထောင်နိုင်ခဲ့သည့်ကဏ္ဍများရှိနေပြီဖြစ်သော်လည်း ၂၀၀၈ ခုနှစ်အကုန်ထိမူ မုန်တိုင်းဒဏ်ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းစဉ်ပေါင်းများစွာနှင့် ဘဏ္ဍာရေးလိုအပ်ချက်ကဲ့သို့ လိုအပ်မှုများစွာ ရှိနေသေးသည်ကို တွေ့ရသည်။

တရုတ်နို့မှုန့် ဂယက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် နို့မှုန့်များတွင် လူကို အန္တရာယ်ဖြစ်စေတတ်သည့် မယ်လမင်းဓာတ်တစ်မျိုး စစ်ဆေးတွေ့ရှိရသည်ဟု တရုတ်အစိုးရက ၂၀၀၈ ခုနှစ် စက်တင်ဘာလ

ဆန်းပိုင်းက ထုတ်ပြန်ကြေညာခဲ့ရာ တရုတ်ပစ္စည်းအများဆုံးတင်သွင်းလျက်ရှိသည့် မြန်မာဈေးကွက်အတွင်း ဂယက်ရိုက်ခတ်သွားခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနကငင်းနိုင်ငံလုပ်နို့မှုန့်အမှတ်တံဆိပ် ၂၀၀ နီးပါးကို စစ်ဆေးခဲ့ရာ အန္တရာယ်ရှိ မယ်လမင်းဓာတ်ပါနို့မှုန့် အမှတ်တံဆိပ် ၂၂ မျိုး တွေ့ရှိထားသည့်အနက် Yili, Mengniu နှင့် Guangming စသည့် အမှတ်တံဆိပ်များကို မြန်မာ၊ ယီမင်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တင်ပို့ထားသည်ကို တွေ့ရှိရကြောင်း စက်တင်ဘာလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံဈေးကွက်အတွင်းသို့ ရန်ကုန်ဆိပ်ကမ်းမှ ဝင်ရောက်လာခဲ့သော နို့မှုန့်များတွင် မယ်လမင်းဓာတ်ပါ တရုတ်နို့မှုန့်များကို ရန်ကုန်ဆိပ်ကမ်းတွင် စစ်ဆေးခဲ့ရာ စက်တင်ဘာလ ၂၃ ရက်နေ့အထိ နို့မှုန့် ၁၆ တန် သိမ်းဆည်းရမိပြီးဖြစ်၍ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဖျက်ဆီးသွားမည်ဖြစ်ကြောင်း စက်တင်ဘာလ ၂၆ ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြပါရှိသည်။ မြန်မာဈေးကွက်အတွင်းသို့ ပြည်ပမှတင်သွင်းပြီး ပြည်တွင်း၌ ပြန်လည်ဖြန့်ဖြူးရောင်းချခြင်းနှင့် ပြန်လည်ပြုပြင်ထုပ်ပိုးရောင်းချခြင်းပြုနေသည့်နို့မှုန့် ၁၆ မျိုးကို ကျန်းမာရေးဝန်ကြီးဌာနနှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်) နှင့် ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာနတို့က Melamine Assay Test Kit ဖြင့် စမ်းသပ်စစ်ဆေးခဲ့ရာ နို့မှုန့်အမျိုးအစား ခုနစ်မျိုးမှာ မယ်လမင်းပါဝင်မှုရှိကြောင်း စမ်းသပ်တွေ့ရှိရသည်။ ထိုသို့တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၀၈ ဖြင့် အများပြည်သူစားသုံးရန်မသင့်သည့် နို့မှုန့်များတင်သွင်းခြင်း၊ ပြုပြင်ထုပ်ပိုး/ဖြန့်ဖြူးရောင်းချခြင်း၊ အခြားစားသောက်ကုန်များတွင် ထည့်သွင်းအသုံးပြုခြင်းတို့အား တားမြစ်ခြင်းကို အောက်တိုဘာလ ၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၀၈ ဖြင့် နိုင်ငံပိုင်မီဒီယာများ ကထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသို့တားမြစ်ခဲ့သည့် နို့မှုန့်များတွင် မြန်မာဈေးကွက်အတွင်း ဝေစုအများဆုံးရရှိထားသည့် Dulac (Dumex) Step 1 လည်းပါဝင်ခဲ့ရာ သုံးစွဲသူများနှင့် ဈေးကွက်အတွင်း လှုပ်ခတ်မှုများ အတော်အတန်ဖြစ်ပွားသွားခဲ့သည်ကို တွေ့ရသည်။ အဆိုပါ ထုတ်ပြန်ချက်မထုတ်ပြန်မီ ရက်အနည်းငယ်အတွင်း Dumex နို့မှုန့်များတင်သွင်းလျက်ရှိသည့် Mo Asia Co., Ltd. သည် မယ်လမင်းကင်းရှင်းကြောင်းထောက်ခံချက်ကို ရရှိထားပြီးဖြစ်ကြောင်း အပတ်စဉ်ထုတ်ဂျာနယ်များတွင် ဖော်ပြခဲ့သည်။

အလားတူပင် နို့မှုန့်အမျိုးအစား ၈၇ မျိုးကို ထပ်မံစမ်းသပ်စစ်ဆေးခဲ့ရာ နို့မှုန့်ခုနစ်မျိုးတွင် မယ်လမင်းဓာတ်ပါဝင်သည်ကို တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၀၈ ဖြင့် စားသုံးရန်မသင့်သည့်နို့မှုန့်များကို ထပ်မံတားမြစ်ခဲ့သည်။

ထိုကဲ့သို့ စားသုံးရန်မသင့်သည့်နို့မှုန့်အမျိုးအစားများကို တရားဝင်ထုတ်ပြန်ကြေညာပြီးသည့်နောက်ပိုင်း နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်တင်သွင်းရောင်းချသူများအနေနှင့် အပတ်စဉ်ထုတ်ဂျာနယ်များနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် မယ်လမင်းကင်းရှင်းကြောင်း အပြိုင်အဆိုင် ထည့်သွင်းကြော်ငြာလာကြသည်။

ကျန်းမာရေးဝန်ကြီးဌာန နို့နှင့် နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ်ရှိ မရှိ စစ်ဆေးရေးအဖွဲ့သည် ကြေညာချက်အမှတ် ၁/၂၀၀၈ ဖြင့် အန္တရာယ်မရှိသောနို့မှုန့်နှင့် နို့ထွက်ပစ္စည်းစာရင်းကို နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါစာရင်းတွင် အများပြည်သူစားသုံးရန်မသင့်ဟု အောက်တိုဘာလ ၉ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည့် နာမည်ကျော် Dumex Step 1 (Dulac) အပါအဝင် Whole Sweet Milk Powder (Two Cows, Shi Lin) နှင့် RAINBOW Milk Power များ ပါဝင်သည်ကို တွေ့ရသည်။

GSM SIM Card နှင့် မိုဘိုင်းလ်ဆက်သွယ်ရေး

FEC ၁၀ ယူနစ်နှင့် ၂၀ ယူနစ် ပေးရသော တစ်ခါသုံး GSM SIM Card များကို ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့တော်၌ ကျင်းပသော သတ္တမအကြိမ်မြောက် ICT ရက်သတ္တပတ်ပွဲတော်တွင် အကန့်အသတ်မရှိရောင်းချပေးသွားမည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက သတင်း

ထုတ်ပြန်ခဲ့ရာ ဖုန်းဈေးကွက်အတွင်း၌သာမက တစ်နိုင်ငံလုံးသို့ပင် ဂယက်ရိုက်သွားခဲ့သည်။

ရန်ကုန်မြို့တော်တွင် ပြင်ဦးလွင် ICT ပွဲတော်နှင့်အပြိုင် အဆိုပါတစ်ခါသုံး GSM SIM ကတ်များကို ဒီဇင်ဘာလ ၁၃ ရက်နေ့မှ စတင်ရောင်းချပေးနိုင်သည်ကို တွေ့ရှိရသည်။

FEC ၁၀ ယူနစ် တစ်ခါသုံး SIM ကတ်၏ သက်တမ်းကို စတင်အသုံးပြုသည့်အချိန်မှစ၍ ၁၄ ရက်နှင့် FEC ၂၀ ယူနစ်ကတ်၏ သက်တမ်းကို တစ်လအထိ အသုံးပြုခွင့်ပေးထားပြီး အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ သက်တမ်းကုန်ဆုံးသွားပါက အလိုအလျောက်ပိတ်သွားမည်ဖြစ်ပြီး သက်တမ်းတိုးသုံးစွဲခွင့်မရှိသဖြင့် ကတ်အသစ်ထပ်မံဝယ်ယူသုံးစွဲရမည်ဖြစ်သည်။

တယ်လီဖုန်းအသုံးပြု အဝင်အထွက်နှစ်မျိုးစလုံးကို FEC ဖြင့် ကောက်ခံသွားမည်ဖြစ်ပြီး အဝင်တစ်မိနစ်အတွက် ၀.၀၅ ယူနစ်၊ အထွက်တစ်မိနစ်အတွက် ၀.၃၀ ယူနစ်၊ ပြည်ပအထွက် တစ်မိနစ် ၁.၅ ယူနစ်၊ သတင်းတိုစာပို့အတွက် အဝင်အထွက် တစ်စောင် ၀ ဒသမ ၀၅ ယူနစ်နှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ယင်းတစ်ခါသုံး GSM SIM Card များသို့ ဖုန်းခေါ်ဆိုရာတွင် FEC ဖြင့်ပေးဆောင်ရန်မလိုဘဲ နယ်ဝေးခေါ်ဆိုခနှုန်းထားဖြင့် ပေးဆောင်ရန်သတ်မှတ်ထားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စုံစမ်းသိရှိရသည်။

GSM Mobile ဖုန်းအလုံး ၁၅၀၀၀ ချထားပေးမှု

ယခုနှစ် နှစ်ဆန်းပိုင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM Mobile ဖုန်းအလုံး ၁၅၀၀၀ ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် ငှားရမ်းအသုံးပြုခွင့်ပေးခဲ့သည်။ အဆိုပါ ဖုန်းအလုံးရေ ၁၅၀၀၀ အနက် ၇၅၀၀ ကို ဝန်ထမ်းများဦးစားပေးစနစ်ဖြင့် ယခုနှစ်ဆန်းပိုင်းက ခွင့်ပြုပေးပြီးဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန လက်အောက်ရှိ အထက်တန်းပြရာထူးအထက်ဆင့်ပညာရေးဝန်ထမ်းများကို GSM ဖုန်းအလုံးရေ ၇၀၀၀ ကျော်ချထားပေးမည့်သတင်းများထွက်ပေါ်လျက်ရှိရာ အဆိုပါသတင်းမှာ မှန်ကန်မှုရှိကြောင်း ရန်ကင်းမြို့နယ်ပညာရေးမှူးနှင့် မရမ်းကုန်းမြို့နယ်ရှိ အထက်တန်းကျောင်းအချို့မှ ကျောင်းအုပ်ကြီးများက အတည်ပြုပြောကြားကြသည်။

အကျဉ်းသား ၉၀၀၂ ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိ

မြန်မာနိုင်ငံအစိုးရသည် ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၂၃ ရက်၊ ၁၃၇၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၉ ရက်နေ့တွင် သက်ဆိုင်ရာ အကျဉ်းစခန်းအသီးသီး၌ ပြစ်ဒဏ်ကျခံနေကြရသော အကျဉ်းသား ၉၀၀၂ ဦးအား ပြစ်ဒဏ်ကျခံနေရခြင်းမှ ရပ်စဲလိုက်ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာထားသည်ကို တွေ့ရသည်။

အစိုးရသည် လွတ်ငြိမ်းချမ်းသာခွင့်များကို ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် အကျဉ်းသား ၁၃၅၄ ဦး၊ နိုဝင်ဘာလ ၁၉ ရက်တွင် ၇၁၉၈ ဦးကို လွှတ်ပေးခဲ့သည်။

၂၀၀၈ ထီဈေးကွက် အပြောင်းအလဲ

အောင်ဘာလေထီဈေးနှုန်းများကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ထီတစ်စောင်လျှင် ၂၀၀ ကျပ်ဖြင့် ရောင်းချပေးရန် ပြည်တွင်းအခွန်များဦးစီးဌာနက အောက်တိုဘာလ ၂၂ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများ၌ တရားဝင်ထုတ်ပြန်ကြေညာခဲ့ရာ ထီတစ်စောင်ချင်းစီ၏ ဈေးနှုန်းပြောင်းလဲသတ်မှတ်လိုက်သကဲ့သို့ ဆုကြေးငွေများကိုလည်း ယခင်ထက် နှစ်ဆတိုးမြှင့်ပေးသွားမည်ဟု ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ထီလက်မှတ်တစ်စောင်လျှင် ၁၀၀ ကျပ်၊ ၁၂၅ ကျပ်၊ ၁၅၀ ကျပ် စသည်ဖြင့် အဆင့်ဆင့်တိုးမြှင့်ရောင်းချခဲ့ကြပြီး ဆုငွေမှာ အနည်းဆုံး နှစ်သောင်းကျပ်မှ အများဆုံး ကျပ်ငွေ သိန်း ၅၀၀ အထိ ပေးအပ်ချီးမြှင့်ခဲ့ကာ ၂၀၀၉ ခုနှစ် ဧန်နဝါရီလတွင် ဖွင့်လှစ်မည့် (၂၄၀) ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲမှစ၍ ဆုကြေးငွေကို အနည်းဆုံးတစ်သိန်းဆုမှ အများဆုံး သိန်းတစ်ထောင်ဆုချီးမြှင့်မည် ဖြစ်သည်။

ဈေးကွက်အပြောင်းအလဲအရ ထီတစ်စောင်ချင်းစီ၏ ရောင်းဈေးတိုးမြှင့်မှုနှင့် ဆုကြေးငွေတိုးမြှင့်ခြင်းကြောင့် ရောင်းဝယ်မှုဈေးကွက်၌ ပြောင်းလဲမှုအချို့ရှိနိုင်မည်ဟုလည်း ဈေးကွက်ကျွမ်းကျင်သူအချို့က သုံးသပ်ကြသည်။

ယင်းအပြောင်းအလဲနှင့်ပတ်သက်၍ ကျောက်တံတားမြို့နယ်မှ ထီကိုယ်စားလှယ်တစ်ဦးက "ရောင်းဈေးတိုးမြှင့်တယ်ဆိုပေမယ့် ဆုကြေးလည်း သိန်းထောင်ဂဏန်းထိ တိုးပေးထားတဲ့အတွက် ဝယ်လိုအားကျဆင်းမယ့် အနေအထားမရှိဘူးဗျ။ စစချင်းဆိုတော့ ထိုးတဲ့လူနည်းနည်းတော့ပါးသေးတယ်" ဟုဆိုသည်။

တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးမှ လစဉ်ကံစမ်းသူ ဒေါ်စန်းစန်းမြင့်ကမူ "အရင်လတွေကတော့ အမြဲတမ်းငါးစောင်စီ ကံစမ်းတယ်။ ဒီလတော့ နှစ်စောင်ပဲ ကံစမ်းထားတယ်" ဟု ဆိုသည်။

ရန်ကုန်မြို့တော်၌ ၂၀၀၈ ခုနှစ်ဆန်းပိုင်းမှစ၍ ထီရောင်းချမှုပုံစံကို ထီလုပ်ငန်းရှင်အချို့က ပုံစံပြောင်းလဲလုပ်ကိုင်လာခဲ့ကြသည်။ ပုံစံပြောင်းလဲရာတွင် ယခင်ကဆိုင်ကြီး၊ ဆိုင်လတ်၊ ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့် အတည်တကျရောင်းချခဲ့ရာမှ ယခုအခါ လူသွားစင်္ကြံများတွင် စားပွဲငယ်တစ်လုံးရှိရုံဖြင့် ထီအရောင်းအဝယ်ဈေးကွက်ဖြစ်လာခဲ့သည်။ လူအနည်းငယ်စည်ကားသည့်နေရာတွင် စားပွဲငယ်တစ်လုံးချကာ အရောင်းဝန်ထမ်းအချို့းသမီးငယ်သုံးဦးခန့်က ရောင်းချပေးနေပြီး အချို့းသမီးငယ်တစ်ဦး စပီကာငယ်တစ်ခုကိုင်ကာ အော်ဟစ်ရောင်းချနေသည်ကို နေရာအနှံ့ တွေ့မြင်နိုင်သည်။

စွမ်းအင်ကဏ္ဍ

မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍတွင် ယခုနှစ်အတွက် ထူးခြားမှုများမှာ ရခိုင်ကမ်းလွန်သဘာဝဓာတ်ငွေ့လုပ်ကွက် AD-7 ၏ ရေပိုင်နက်နှင့်ပတ်သက်၍ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သံတမန်နည်းအရ ဖြေရှင်းရခြင်းနှင့် ပြည်တွင်းစွမ်းအင်သုံးစွဲမှုကဏ္ဍတွင် အရေးပါသော ပြည်ပမှတင်သွင်းသော ဒီဇယ်ဆီများကို နိုင်ငံတကာပေါက်ဈေးများအတိုင်း နှုန်းအရှင်နှင့်ရောင်းချခြင်းတို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အတွင်းမှ မြန်မာနိုင်ငံ၏ သီးသန့် စီးပွားရေးဇုန်အတွင်းရှိ ရခိုင်ကမ်းလွန်လုပ်ကွက် AD-7 ကို ၂၀၀၅ ခုနှစ်ကတည်းက မြန်မာအစိုးရက သဘာဝဓာတ်ငွေ့ထုတ်ယူရန် တင်ဒါခေါ်ယူခဲ့ရာ တောင်ကိုရီးယားနိုင်ငံမှ ဒေဝူးအင်တာနေရှင်နယ်က တင်ဒါအောင်မြင်ခဲ့သည်။ ထို့နောက် AD-7 တွင် ရှာဖွေရေးလုပ်ငန်းများလုပ်ကိုင်နေရာ ယခုနှစ် အောက်တိုဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ယင်းလုပ်ကွက်ရှိရာရေပြင်ကို ၎င်းတို့ပိုင်နက်နယ်မြေဟု တောင်းဆိုလာသည်။ ယင်းကို မြန်မာအစိုးရက လက်မခံဘဲ ပယ်ချပြီး ရေနံရှာဖွေမှုများကို ပုံမှန်အတိုင်း ဆက်လက်ပြီးဆုံးအောင်လုပ်ဆောင်ပြီးမှ ယင်းရေပြင်မှ ထွက်ခွာသည်ကို တွေ့ရသည်။

နိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတွင် သဘာဝဓာတ်ငွေ့ကြွယ်ဝမှု အဆင့်အမြင့်ဆုံးအနေအထားသို့ ရောက်ရှိနေသော မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုများ တိုးချဲ့လုပ်ကိုင်ခြင်း၊ စာချုပ်သစ်များချုပ်ဆိုခြင်းနှင့် ပြည်ပနိုင်ငံများသို့ ရောင်းချရန် စာချုပ်သစ်များ ချုပ်ဆိုခြင်းတို့ကို ယခင်နှစ်များအတိုင်း ဆက်လက်လုပ်ကိုင်ခဲ့သည်။

ကုန်းတွင်းရေနံမြေများအနေဖြင့်မူ ထုတ်လုပ်မှုသက်တမ်းကြာမြင့်မှုကြောင့် ရေနံထွက်ရှိမှုကျဆင်းလာသော တွင်းဟောင်းများတွင်လည်း ဆက်လက်လုပ်ကိုင်ရန် စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်နေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်အားလုံးမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေ၍ ပြည်ပတင်ပို့ခြင်းနှင့် ပြည်တွင်းသုံးစွဲနိုင်ရန် ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။

ကမ်းလွန်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများသို့ ယခုနှစ်အတွင်း အသစ်ဝင်ရောက်လာသော ကုမ္ပဏီများသည် ဖွံ့ဖြိုးမှုမြန်ဆန်လာသော အိမ်နီးချင်းဗီယက်နမ်နိုင်ငံနှင့် ကမ္ဘာပေါ်တွင် ရေနံကြွယ်ဝမှုအဆင့်မြင့်သော ရှရှားနိုင်ငံတို့မှ ဖြစ်သည်။

ရှရှားနိုင်ငံမှ Close Joint Stock Oil Company နှင့် Nobel Oil Company တို့သည် ကုန်းတွင်းလုပ်ကွက် A (ဟူးကောင်းဒေသ) နှင့် B-1 ဥရုဒေသတို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်၍ အကျိုးတူခွဲဝေခံစားရန် စက်တင်ဘာလ ၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ဗီယက်နမ်နိုင်ငံမှ Petroviet Exploration Production Coporation Ltd.၊ Joint Venture Viet sovpetro နှင့် မြန်မာနိုင်ငံမှ Eden Group Company Limited တို့သည် မုတ္တမကမ်းလွန်ဒေသ M-2 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အောက်တိုဘာလ ၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

သို့ဖြစ်ရာ စွမ်းအင်ကဏ္ဍအတွင်း ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်အတွက် ကမ်းလွန်သဘာဝဓာတ်ငွေ့ရောင်းချရမှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၀၃ ဘီလီယံကျော်ရရှိခဲ့သည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ယခုနှစ်အတွက် စွမ်းအင်ကဏ္ဍအပါအဝင်

ရေအားလျှပ်စစ်နှင့် သတ္တုတွင်းကဏ္ဍတို့၌ စုစုပေါင်းကုမ္ပဏီ ၆၉ ခုအထိ လာရောက်လုပ်ကိုင်နေပြီဖြစ်ပြီး ရုရှား၊ တရုတ်၊ ဖြိတိသျှ ဗာကျင်းကျွန်း၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ဗီယက်နမ်နိုင်ငံအခြေစိုက်ကုမ္ပဏီများနှင့် ဆက်သွယ်ထားပြီးဖြစ်သည်ကို တွေ့ရသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးချဲ့တူးဖော်နေမှုအနေဖြင့် တရုတ်အစိုးပိုင် China National Offshore Oil Corporation (CNOOC) သည် မုတ္တမကမ်းလွန် M-10 ရှိ အစမ်းတွင်း ရွှေပြည်သာ (၁) တွင် ဖေဖော်ဝါရီလ ၂၅ ရက်၌ စတင်တူးဖော်ခဲ့သည်။ ယင်းအပြင် CNOOC က ရွှေပြည်သစ် ၁၊ ၂ နှင့် ၃ တို့တွင် ပွင့်လင်းရာသီ၌ တူးဖော်စမ်းသပ်မည်ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် သဘာဝဓာတ်ငွေ့သိုက်အသစ်များ ထပ်မံတွေ့ရှိရန် အလားအလာများလည်း ရှိနေသေးသည်။

မြန်မာအစိုးရအတွက် အရေးပါသောဝင်ငွေကို အဓိကရရှိစေမည့် တူးဖော်ရရှိသည့် သဘာဝဓာတ်ငွေ့များကို ရောင်းချမှုတွင် တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ ရောင်းချရန် စာချုပ်သစ်များ ထပ်မံချုပ်ဆိုနိုင်ခဲ့သည်။

ရခိုင်ကမ်းလွန် A-1 နှင့် A-3 မှ သဘာဝဓာတ်ငွေ့များကို တရုတ်သို့ ပိုက်လိုင်းသွယ်တန်းရောင်းချရန် နားလည်မှုစာချွန်လွှာကို ဇွန်လ ၂၀ ရက်တွင် ချုပ်ဆိုခဲ့သည့်အပြင် မုတ္တမကမ်းလွန် M-9 မှ သဘာဝဓာတ်ငွေ့များကို ရောင်းချရန် ထိုင်းနိုင်ငံမှ PTTEP (International Limited) နှင့် PTT Public Company Limited တို့နှင့် အခြေခံသဘောတူညီချက်စာချုပ်ကို ဇွန်လ ၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြန်သည်။

မြန်မာနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်ရန် လာရောက်ဆွေးနွေးမှုများအဖြစ် လက်ရှိမြန်မာ့စွမ်းအင်ကဏ္ဍတွင် လုပ်ကိုင်နေဆဲဖြစ်သော အိမ်နီးချင်းထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ လာရောက်ဆွေးနွေးခဲ့သည်ကိုလည်း တွေ့ရသည်။

အထက်ပါပြည်ပတင်ပို့ရောင်းချမှုများ တိုးချဲ့ဆောင်ရွက်လာမှုများအပြင် ပြည်တွင်းသဘာဝဓာတ်ငွေ့သုံးစွဲမှုအတွက်လည်း

မုတ္တမကမ်းလွန်ရှိ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ ကုဗပေ သန်း ၉၀ တိုးမြှင့်ထုတ်လုပ်မည်ဖြစ်သည်။ ထိုသို့တိုးမြှင့်ထုတ်လုပ်ရန်ပြင်ဆင်မှုများကို ပြီးခဲ့သည့် ၂၀၀၇ ဒီဇင်ဘာလ ၂၈ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၇ ရက်အထိ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ တိုးချဲ့ထုတ်လုပ်မှုများရှိနေသော်လည်း ပြည်တွင်း CNG သုံးစွဲမှု စနစ်တကျရှိစေရန်ဟုဆိုကာ ယခုနှစ် စစချင်း ဇန်နဝါရီလ ၁ ရက်မှစ၍ အစိုးရက ရန်ကုန်တိုင်းအတွင်းရှိ ခရီးသည်တင်ယာဉ်နှင့်ကုန်တင်ယာဉ်များကို ဓာတ်ငွေ့ထုတ်ခွင့်စာအုပ်ဖြင့် မှတ်တမ်းတင်ပြီးမှ လိုသလောက်ရောင်းချပေးခဲ့သည်။ ယင်းသို့ ပြုလုပ်ပြီးနောက်တွင် အောက်တိုဘာလ ၁၈ ရက်မှစ၍ ယင်းယာဉ်များကို ဓာတ်ငွေ့ပေါင် ၃၀၀၀ အစား ပေါင် ၂၀၀၀ သတ်မှတ်ရောင်းချပေးခဲ့သည်ကို တွေ့ရသဖြင့် အစိုးရအနေဖြင့် ပြည်ပဝင်ငွေရရှိစေသည့် သဘာဝဓာတ်ငွေ့ကို ပြည်တွင်းစွမ်းအင်သုံးစွဲမှုကြောင့် မလျော့ပါးစေလိုဘဲ စောင့်ကြည့်၍ အတိုးအလျှော့ဖြင့် ချိန်ဆဆောင်ရွက်နေသည်ကို တွေ့ရသည်။

အဆိုပါ သတ်မှတ်ချက်များအပြင် ပြည်တွင်းလောင်စာဆီသုံးမော်တော်ယာဉ်များကို CNG သုံးယာဉ်များအဖြစ်ပြောင်းလဲခြင်းကို ဩဂုတ်လအတွင်း ယာယီရပ်နားထားလိုက်သည်။ ထိုသို့ မရပ်နားခင်အထိ CNG ပြောင်းလဲတပ်ဆင်ပြီးသည့်ယာဉ်သည် အစီးရေနှစ်သောင်းကျော် ရှိခဲ့သည်။

ယင်းသို့ ပြည်တွင်း CNG သုံးစွဲမှုများကို အချိန်နှင့်အမျှ ချိန်ဆဆောင်ရွက်နေသကဲ့သို့ပင် ပြည်တွင်းမော်တော်ယာဉ်များနှင့် လုပ်ငန်းသုံးစွမ်းအင်လိုအပ်ချက်ဖြည့်ဆည်းရာတွင် အရေးပါသည့် ဒီဇယ်ဆီများကို အမှန်တကယ်လုပ်ငန်းလုပ်ကိုင်သည့်လုပ်ငန်းရှင်ကြီးများအား ဇန်နဝါရီလ ၁၆ ရက်တွင် ပြည်ပမှ တင်သွင်းခွင့်ပြုခဲ့သည်။ ပြီးနောက် ဇွန်လ ၂ ရက်မှစ၍ နိုင်ငံတကာပေါက်ဈေးများအတိုင်း နှုန်းရှင်ဖြင့် ရောင်းချခဲ့သည်။

ထိုသို့ နှုန်းရှင်ဖြင့် ရောင်းချခဲ့သည့်စနစ်ကို ကျင့်သုံးခဲ့သဖြင့် ယခင်က တစ်ပိဿဂျင် ကျပ်သုံးသိန်းကျော်ရှိခဲ့သော ဒီဇယ်ဆီဈေးများသည် နိုင်ငံတကာဈေးနှုန်းများ တစ်ပိဿဂျင် ဒေါ်လာ ၄၀ ဝန်းကျင်ကျဆင်းလာချိန်၌ ပြည်တွင်း၌လည်း ဒီဇင်ဘာလ ပထမပတ်အတွင်း လက်ကားဈေးအနေဖြင့် တစ်ပိဿဂျင် ကျပ်တစ်သိန်းသုံးသောင်းအထိ ပြန်လည်ကျဆင်းလာသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ သဘာဝဓာတ်ငွေ့ကြွယ်ဝမှုတွင် ကမ္ဘာ့အဆင့်တစ်ဆယ်ရှိပြီး အာရှတွင်နံပါတ်တစ်တွင်ရောက်ရှိနေသော မြန်မာနိုင်ငံသည် ယခင်နှစ်များထက်စာလျှင် ၂၀၀၈ ခုနှစ်အတွင်း စွမ်းအင်ကဏ္ဍ၌ ပြည်တွင်းသုံးစွဲမှုတွင် ချိန်ဆ၍ အတိုးအလျှော့ အပြင်အဆင်များဖြင့် လုပ်ကိုင်နေမှုများ ပိုမိုရှုမြင်သာထင်သာရှိလာသည်ကို တွေ့ရှိရသည်။

ICT ကဏ္ဍ

နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ကမ္ဘာ့စီးပွားရေးကျပ်တည်းမှု

နှင့် အခြားအကြောင်းအမျိုးမျိုးတို့ကြောင့် ၂၀၀၈ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အခြားစီးပွားရေးလုပ်ငန်းများမှာ ကဏ္ဍအလိုက် ထိခိုက်နစ်နာမှုများ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း တိုးတက်ပြောင်းလဲနေသည့် နည်းပညာနှင့်အမီ ရင်ပေါင်တန်းလိုက်ပါနေသည့် တစ်ခုတည်းသောနယ်ပယ်မှာ ICT နယ်ပယ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ Internet Service Provider (ISP) ဖြစ်သော Myanmar Teleport ၏ Local Service Provider (LSP) ကုမ္ပဏီ Red Link Communications Co., Ltd. က WiMax Broadband Wireless အင်တာနက်စနစ်ကို အောက်တိုဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့တော်၌လည်းကောင်း၊ ဒီဇင်ဘာလ ၁၂ ရက်တွင် မန္တလေးမြို့တော်၌လည်းကောင်း အများပြည်သူသို့ မိတ်ဆက်ရောင်းချဝန်ဆောင်မှုပေးခဲ့ရာ မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကဏ္ဍအတွက် မှတ်တိုင်သစ်တစ်ရပ်စိုက်ထူလိုက်ခြင်းပင် ဖြစ်သည်။ တယ်လီဖုန်းလိုင်းရှိစရာမလိုဘဲ Outdoor Unit တစ်ခုသာတပ်ဆင်ရန်လိုပြီး ယခင် Broadband Wireless အင်တာနက်စနစ်ထက် နည်းပညာပိုမိုမြင့်မားကာ VOIP ဖုန်းလိုင်းတစ်လိုင်းပါဝင်သည့် ယင်း WiMax Wireless အင်တာနက်စနစ်ကို Consumer Plan, Entreprise Plan နှင့် Corporate Plan ဟူ၍ Plan သုံးမျိုးခွဲ၍ ရောင်းချခဲ့ရာ အင်တာနက်အသုံးပြုလိုသူများ အထူးသဖြင့် အင်တာနက်ကဖီးဖွင့်လှစ်လိုသူများအကြား ရေပန်းစားနှစ်ခြိုက်မှုရရှိခဲ့ကြသည်။ မည်သည့် Plan ကို တပ်ဆင်အသုံးပြုသည်ဖြစ်စေ Account တစ်

ခုလျှင် Installation Fee, Activation Fee, Annual Fee နှင့် Equipment Fee စုစုပေါင်း FEC ၁၅၀၀ ကနဦးပေးသွင်းရမည် ဖြစ်သည်။

ယင်း WiMax အင်တာနက်စနစ်ဖြင့် Public Area များရှိ အင်တာနက် Hotspot Zone များတွင် WiFi စနစ်ကိုသုံးပြီး PDA, Mobile Phone နှင့် Notebook ကွန်ပျူတာများဖြင့် အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်ခြင်း၊ မိမိတို့၏စက်ရုံနှင့် လုပ်ငန်းခွင်များကို CCTV ကင်မရာဖြင့်ချိတ်ဆက်၍ ကြည့်ရှုကွပ်ကဲနိုင်ခြင်း၊ Private Area Network ပြန်လည်ချိတ်ဆက်အသုံးပြုနိုင်ခြင်း စသည့်အားသာချက်များရရှိနိုင်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ အဆိုပါ WiMax အင်တာနက်အသုံးပြုသူစုစုပေါင်း ၁၁၀၀ ဦးကျော် ရှိကြောင်း သက်ဆိုင်ရာကုမ္ပဏီများမှ စုံစမ်းသိရှိရသည်။

ထို့အတူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ Myanmar Teleport နှင့် ၎င်းတို့၏ Local Service Provider (LSP) ကုမ္ပဏီများက ၂၀၀၈ ခုနှစ်အတွင်း ADSL Broadband အင်တာနက်စနစ်သာမက WiMax Broadband Wireless အင်တာနက်စနစ်ကိုပါ တိုးမြှင့်ရောင်းချခဲ့ရာ အဆိုပါအင်တာနက်စနစ်အသုံးပြုသူကုမ္ပဏီအဖွဲ့အစည်းနှင့် အင်တာနက်ကဖီးအရေအတွက် သိသိသာ

သာတိုးပွားလာခဲ့ပြီး ၎င်းတို့မှတစ်ဆင့် WiFi ကြိုးမဲ့အင်တာနက် ကွန်ရက်မိသည့်နေရာ (Hotspot Zone) များ ရန်ကုန်မြို့တော်တွင် အမြောက်အများပေါ်ထွန်းလာခဲ့သည်ကိုတွေ့ရသည်။ Capital Hypermarket, Sakura Tower, Myanmar Egress စသည့် နေရာများအပါအဝင် စားသောက်ဆိုင်နှင့် ကော်ဖီဆိုင်အချို့တွင် WiFi စနစ်ဖြင့် အများပြည်သူတို့ အင်တာနက်အခမဲ့ချိတ်ဆက် အသုံးပြုနိုင်ရန် စီစဉ်ပေးထားပြီး WiFi စနစ်ပါရှိသော PDA, Mobile Phone, Notebook ကွန်ပျူတာတို့ဖြင့် အင်တာနက် Browsing အသုံးပြုခြင်း၊ Skype ဖုန်းဆက်သွယ်ပြောဆိုခြင်း၊ G-talk ဖြင့် Chatting ပြုလုပ်ခြင်း၊ E-mail အသုံးပြုခြင်း၊ SIM Card မလိုဘဲ VOIP စနစ်ဖြင့် ပြည်ပသို့ဖုန်းဆက်သွယ်ပြောဆိုခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ကြရာ ၂၀၀၈ ခုနှစ်အတွက် ထူးခြားသော ICT ဝန်ဆောင်မှုတစ်ရပ်ပင် ဖြစ်သည်။

ကွန်ပျူတာအသင်းများက စီစဉ်ကျင်းပသည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲကို ရန်ကုန်မြို့တော်၌ ယခင်နှစ်များက ပုံမှန်မကျင်းပနိုင်ဘဲရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်အတွင်း မတ်လ ၂၃ ရက်မှ ၂၅ ရက်အထိတစ်ကြိမ်၊ အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၂ ရက်နေ့အထိတစ်ကြိမ် နှစ်ကြိမ် ကျင်းပခဲ့ခြင်းသည်လည်း ထူးခြားမှုတစ်ရပ်ပင် ဖြစ်သည်။ ဒုတိယ

အကြိမ်ကျင်းပခဲ့သည့် ICT ပြပွဲတွင် ကွန်ပျူတာကုမ္ပဏီများက Notebook အမှတ်တံဆိပ်အမျိုးမျိုးကို တင်သွင်း၍ အပြိုင်အဆိုင် မိတ်ဆက် ဈေးနှုန်းလျော့ချ၍ရောင်းချခဲ့ရာ Notebook ဈေးရောင်းပွဲတော်ဟုပင် ခေါ်ဆိုခဲ့ကြရသည်။ ထို့အပြင် ပြပွဲကာလအတွင်း Sony အမှတ်တံဆိပ် 2 GB MP4 Player တစ်ခုကို ၁၉,၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ Kingston အမှတ်တံဆိပ် 8GB Memory Stick တစ်ခုကို ၁၉,၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ 4GB Memory Stick တစ်ခုကို ၁၃,၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ 2GB Memory Stick တစ်ခုကို ၉၅,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ 1GB Memory Stick တစ်ခုကို ၇,၅၀၀ ကျပ်ဖြင့်လည်းကောင်း မကြံစဖူးဈေးနှုန်းများ တစ်ပြိုင်နက်လျှော့ချရောင်းချခဲ့ကြပြီး ပြပွဲကာလအပြီးတွင်လည်း ၎င်းတို့၏ ကုမ္ပဏီအရောင်းပြခန်းများ၌ အထူးအရောင်းမြှင့်တင်ဈေးရောင်းပွဲဟုဆိုကာ 8GB Memory Stick တစ်ခုကို ၁၅,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ 4GB Memory Stick တစ်ခုကို ၁၁,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ 2GB Memory Stick တစ်ခုကို ၇,၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ 1 GB Memory Stick တစ်ခုကို ၅,၀၀၀ ကျပ်မျှဖြင့်လည်းကောင်း ထပ်မံလျှော့ချရောင်းချခဲ့ပြန်ရာ ပစ္စည်းပြတ်သည်အထိ ဝယ်ယူအားပေးသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်ကို တွေ့ရသည်။

၂၀၀၈ ခုနှစ်အတွင်း ICT ကဏ္ဍအတွက် မှတ်တမ်းတင်ရမည့်အချက်တစ်ချက်မှာ အင်တာနက်ဆက်သွယ်မှုလိုင်း (Connection) ပြဿနာပင် ဖြစ်သည်။ အင်တာနက်အသုံးပြုသူနှင့် အင်တာနက်ကဖီးအရေအတွက် သိသိသာသာတိုးပွားလာသော်လည်း နာဂစ်မုန်တိုင်းတိုက်ခတ်မှု၊ အင်တာနက်ဆက်ကြောင်း Backbond များတွင် ပေါ်ပေါက်ခဲ့သော ချို့ယွင်းမှု၊ နည်းပညာအခက်အခဲနှင့် အခြားအတားအဆီးများကြောင့် ကြိမ်ဖန်များစွာ အင်တာနက်ဆက်သွယ်မှုလိုင်းပြတ်တောက်ခြင်း၊ ဆက်သွယ်မှုရရှိသော်လည်း Speed နှေးကွေးခြင်းတို့ကို မမျှော်လင့်ဘဲ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

၂၀၀၈ ခုနှစ်အတွင်း အများပြည်သူသုံးအင်တာနက်စင်တာ (PAC) နှင့် အင်တာနက်ကဖီးများ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်တို့တွင် နေရာအနှံ့ဆိုသလိုပင် ယခင်နှစ်ကထက်ပိုမိုတိုးချဲ့ဖွင့်လှစ်လာကြသည်ကို တွေ့ရသည်။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့အထိ စာရင်းများအရ ရန်ကုန်မြို့တော်တွင် PAC အရေအတွက် ၂၉၇ ခု၊ မန္တလေးမြို့တော်၌ PAC အရေအတွက် ၁၂ ခု၊ နယ်မြို့ကြီးများ၌ PAC အရေအတွက် ၇၃ ခု၊ စုစုပေါင်း မြန်မာနိုင်ငံတစ်ဝန်း PAC အရေအတွက် ၃၈၂ ခုအထိ တရားဝင်ဖွင့်လှစ်ထားကြောင်း Myanmar Info-Tech ထံမှ စုံစမ်းသိရှိရသည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း PAC အရေအတွက် ၂၀၆ ခု တရားဝင်ဖွင့်လှစ်ထားပြီးဖြစ်ရာ တစ်နှစ်အတွင်း PAC အရေအတွက် ၇၆ ခု ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

Package Plan	Speed (MIR)	Mixmum Attached Divices	E-mail Account	Monthly Fees
Consumer	128 MB	1 PC + 1 VOIP	1	45 FEC
Entreprise	256 MB	4 PC + 1 VOIP	3	75 FEC
Corporate	512 MB	12 PC + 2 VOIP	25	130 FEC

ICT နည်းပညာတိုးတက်လာမှုနှင့်အတူ အင်တာနက်အသုံးပြုသူနှင့် Memory Stick, Digital Camera, MP3/ MP4 Player စသည့် Deviceများကိုပါ အသုံးပြုသူများပြားလာမှုကြောင့် ၂၀၀၈ ခုနှစ်အတွင်း ကွန်ပျူတာအသုံးပြုသူများ ရင်ဆိုင်ကြုံတွေ့ရသည့် ပြဿနာတစ်ရပ်မှာ ကွန်ပျူတာဗိုင်းရပ်စ်ပင်ဖြစ်သည်။ အင်တာနက်မှ အခမဲ့ Download ရယူနိုင်သည့် AntiVirus Software များဖြင့် မလုံလောက်တော့၍ ယင်းအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် ပြည်တွင်း ICT ကုမ္ပဏီအချို့က ပြည်ပမှ Anti Virus Software များကို ၂၀၀၈ ခုနှစ်အတွင်း တရားဝင်လိုင်စင် License Version ဖြင့် ပထမဆုံး တင်သွင်းဖြန့်ချိခဲ့ကြသည်ကို တွေ့ရသည်။ GlobalNet ကုမ္ပဏီက ရိုမေးနီးယားနိုင်ငံမှ ထုတ်လုပ်သည့် Bit Defender Anti-virus Software ကို အောက်တိုဘာလ ၃၀ ရက်နေ့၌လည်းကောင်း၊ Technomation Studio က Kaspersky Anti Virus Software ကို ဒီဇင်ဘာလဆန်းဦးလည်းကောင်း တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် အသီးသီးတင်သွင်းဖြန့်ချိပြီး ဝန်ဆောင်မှုပေးခဲ့ကြရာ ၂၀၀၈ ခုနှစ် ပြည်တွင်း ICT ကဏ္ဍအတွက် ထူးခြားသည့်မှတ်တိုင်တစ်ရပ် ဖြစ်ခဲ့သည်။

သံသရာလည်ဆဲ မြန်မာ Font

ယခုနှစ်အတွင်း အင်တာနက်တွင် မြန်မာလိုရေးသားသူများအတွက် မြန်မာ Font များစွာရှိသည့်အနက် ဇော်ဂျီ Font ကို အသုံးပြုရေးသားသူအများဆုံးဖြစ်သည်ကို တွေ့ရသည်။ မြန်မာ Website အများစုနှင့် မြန်မာ Blog အများစုတွင် ဇော်ဂျီ Font ဖြင့်သာ အသုံးပြုရေးသားကြသည်။

ယခုနှစ်အတွင်း ဇော်ဂျီ Font ဖြင့်ပတ်သက်၍ ပြောဆိုဝေဖန်သံများစွာလည်း ဆက်လက်ပေါ်ထွက်ခဲ့သည်။ ဇော်ဂျီ Font

မြန်မာနိုင်ငံတွင်ကျင်းပသော အာဆီယံအစည်းအဝေးများ

စဉ်	နေ့စွဲ	အကြောင်းအရာ	ကျင်းပသည့်နေရာ
၁။	၁၉-၁၂-၂၀၀၇	(၂၉) ကြိမ်မြောက် အာဆီယံရထားပို့ဆောင်ရေးအမှုဆောင်အရာရှိများ၏အစည်းအဝေး	ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်
၂။	၁၂-၁-၂၀၀၈	တတိယအကြိမ် အာဆီယံနှင့် အာဆီယံ + ၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေး	နေပြည်တော်၊ ရွှေနန်းတော်ဟိုတယ်
၃။	၂၄-၆-၂၀၀၈	နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ပူးတွဲလေ့လာသုံးသပ်ရေးဆိုင်ရာ အာဆီယံ စကားဝိုင်းဆွေးနွေးပွဲ။	ရန်ကုန်မြို့၊ ချက်ထရီယံဟိုတယ်
၄။	၁-၇-၂၀၀၈	၄၃ ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (COCI) စုံညီအစည်းအဝေး။	နေပြည်တော်၊ ရွှေနန်းတော်ဟိုတယ်
၅။	၂၅-၈-၂၀၀၈ မှ ၂၉-၈-၂၀၀၈	အာဆီယံ-အိန္ဒိယ ဗုဒ္ဓဘာသာဘုရားဖူးခရီးစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ။	ပုဂံ၊ မန္တလေးနှင့် ရန်ကုန်
၆။	၂၅-၅-၂၀၀၈	ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများကတိကဝတ်ပြုသည့် ညီလာခံ။	ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်
၇။	၂၆-၁၁-၂၀၀၈	နာဂစ်မုန်တိုင်းအပြီးကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ သုံးပွင့်ဆိုင်စားပွဲဝိုင်းဆွေးနွေးပွဲ (High Level Roundtable on Post-Nargis Relief and Recovery Efforts)	ရန်ကုန်မြို့၊ ချက်ထရီယမ်ဟိုတယ်

သည် ယူနီကုတ်စံသတ်မှတ်ချက်နှင့် မကိုက်ညီဟုပြောဆိုသံများ အကြားတွင် ဇော်ဂျီ Font အသုံးပြုရေးသားသူများကလည်း စံသတ်မှတ်ချက်များထက် Online ပေါ်တွင် သုံးစွဲသူများအဆင်ပြေရေးသည်သာအဓိကဟု ပြန်လည်ရေးသားပြောဆိုခဲ့ကြသည်ကို တွေ့ရသည်။ ယူနီကုတ် 5.1 ကိုလိုက်နာရေးသားထားသော မြန်မာ Font များမှာ Website အချို့တွင် Font ကိုမမြင်ရခြင်း၊ ပုံစံအမျိုးမျိုးဖြစ်နေခြင်းတို့ကြောင့် ဝင်ရောက်ကြည့်ရှုသူအများစုမှာ အဆင်မပြေဖြစ်နေဆဲပင် ဖြစ်သည်။ ယင်းကို IT ပညာရှင်အချို့က သုံးစွဲသူ၏ နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်ရှိနေသေးခြင်းကြောင့်ဟု တုံ့ပြန်ပြောဆိုကြသည်။ ထို့ကြောင့် အွန်လိုင်းပေါ်တွင် အလွယ်တကူအသုံးပြုနိုင်ရေးနှင့် မြန်မာယူနီကုတ်စံသတ်မှတ်ချက်တို့ကို အဆင်ပြေစေရန် ဝိုင်းဝန်းအဖြေရှာရန်လိုအပ်နေပြီဟု Online ဖိုရမ်များတွင် ဆွေးနွေးပြောဆိုခဲ့ကြသည်။

ယူနီကုတ်စံဖြင့် လိုက်နာရေးသားထားသော Font များဖြင့် ရေးသားထားသော မြန်မာဝီကီပီဒီးယား (my.wikipedia.org) နှင့် ဇော်ဂျီ Font ဖြင့်ရေးသားသော မြန်မာဝီကီပီဒီးယားတို့တွင် ယူနီကုတ်စံသတ်မှတ်ချက်များနှင့်ပတ်သက်၍ ပြည်တွင်းအိုင်တီပညာရှင်များနှင့် ပြည်တွင်းမှလွှင့်တင်ထားသည့် ဖိုရမ်များတွင် ဝေဖန်ဆွေးနွေးမှုများထွက်ပေါ်လာခဲ့သည်။ ယူနီကုတ်ဖြင့်ရေးသားသော မြန်မာဝီကီပီဒီးယားကို ဝင်ရောက်ကြည့်ရှုသူများသည် Font ကို မမြင်ရခြင်း စသည်တို့ကြောင့် ဇော်ဂျီ Font ဖြင့်ရေးသားထားသော မြန်မာဝီကီတွင်သာ ဝင်ရောက်ကြည့်ရှုရေးသားသူများလာခဲ့သည်ကိုတွေ့ရသည်။ ဤကဲ့သို့အကြောင်းအရာများကြောင့် ယူနီကုတ်စံသတ်မှတ်ချက်နှင့် ဇော်ဂျီ Font အကြောင်းသည် ယခုနှစ်အတွင်း ကွန်ပျူတာပညာရှင်များအကြား ဆွေးနွေးပြောဆိုမှုများပြားခဲ့သည်။ ယူနီကုတ် စံသတ်မှတ်ချက်နှင့် ကိုက်ညီသော မြန်မာ Font များ ပေါ်ထွက်လာရေးသည် အရေးကြီးသကဲ့သို့ သုံးစွဲသူများအတွက် အဆင်ပြေရေးသည်လည်း အဓိကလိုအပ်ချက်ဖြစ်နေသည်ဟု Online ဖိုရမ်များတွင် ဆွေးနွေးပြောဆိုကြသည်ကိုတွေ့ရသည်။



မန္တလေးစီးတီးအက်ဖ်အမ် ရေဒီယို

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (MCDC) က မန္တလေးမြို့၌ ထုတ်လွှင့်မည့် မန္တလေးစီးတီးအက်ဖ်အမ် ရေဒီ

ကျန်းမာရေးဝန်ကြီးဌာန၏ အရည်အသွေးအာမခံချက်မရှိကြောင်း အသိပေးနှိုးဆော်သော ကုန်ပစ္စည်းများ

စဉ်	ကုန်ပစ္စည်းအမျိုးအစားနှင့် နိုင်ငံပိုင်မီဒီယာများတွင်အသိပေးနှိုးဆော်ချက်ဖော်ပြပါရှိသောရက်စွဲ	ကုန်ပစ္စည်းအမှတ်တံဆိပ်/အမည်	လိပ်စာဖော်ပြချက်
၂	ဆေးဝါး (၁၁-၁-၂၀၀၈)	– Magnesia Tablet (Magnesium Hydrochloride 300 mg) - Dexawin Tablet (Dexamethasone 500m cg) - White Monkey Balm - LinChee Tan Rheumatism Pills - Injectio Gentamycini Sulfatis	Charoen Bhaesaj Laboratories. Thailand. Liwinnener Pharmaceuticals Ltd. Thailand. Monkey Holding Peach Brand. Thailand. Kang Chew Drup Works (လိပ်စာဖော်ပြထားခြင်းမရှိပါ) တရုတ်စာသားများဖြင့်ဖော်ပြထားပါသည်။ (လိပ်စာဖော်ပြထားခြင်းမရှိပါ)

ပုဂ္ဂလိကသို့ လွှဲပြောင်းမည့်စက်ရုံများစာရင်း (စက်ရုံ ၅၅ ရုံ)

စဉ်	စက်ရုံ	တည်နေရာ
၁။	အရှေ့မရမ်းကုန်းအထည်စက်ရုံ အမှတ် (၂)	၆၉၊ ၇ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်
၂။	အရှေ့မရမ်းကုန်းအထည်စက်ရုံခွဲ အမှတ် (၃)	၂၁၊ ၇ မိုင်၊ ပြည်လမ်း၊ ရန်ကုန်
၃။	အင်းစိန်အထည်စက်ရုံ အမှတ်(၁၁)	အောက်မင်္ဂလာဒုံလမ်း၊ စဉ့်ကူ၊ အင်းစိန်၊
၄။	အင်းစိန်စောင်စက်ရုံအမှတ်(၂၀)	အင်းစိန်–မင်္ဂလာဒုံလမ်း၊
၅။	စွပ်ကျယ်စက်ရုံခွဲ (အင်းစိန်)	စဉ့်ကူရပ်ကွက်၊ အင်းစိန်
၆။	သဃ်နိုးကျွန်းစောင်စက်ရုံအမှတ်(၂၁)	ဇာဝေယာလမ်း၊ (၄/က) ရပ်ကွက်၊ သဃ်နိုးကျွန်း၊
၇။	မရမ်းကုန်းမျက်နှာသုတ်ပဝါစက်ရုံ အမှတ် (၂၃)	အမှတ်(၁)၊ ကန်ရိပ်သာလမ်း၊ ကမ္ဘာအေး၊ ရန်ကုန်
၈။	မရမ်းကုန်းဆေးဂွမ်းပတ္တီးစက်ရုံ အမှတ် (၂၆)	ရန်ကုန်–အင်းစိန်လမ်းမကြီးအနောက်ဘက်၊ သမိုင်းလမ်းဆုံ၊ အမှတ်(၂)ရပ်ကွက်၊ မရမ်းကုန်း
၉။	ရန်ကင်းအထည်ချုပ်စက်ရုံအမှတ်(၂၇)	အမှတ် (၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်
	မြန်မာ့စားသောက်ကုန်လုပ်ငန်း	
၁။	ရန်ကုန်အမှတ်(၁)စီးကရက်စက်ရုံ	၄၉၊ မဲဇီကုန်းလမ်း၊ ကမာရွတ်၊ရန်ကုန်
၂။	ပခုက္ကူအမှတ် (၂) စီးကရက်စက်ရုံ	အမှတ် (၁) ရပ်ကွက်၊ ဗုဒ္ဓကုန်းရပ်၊ ပခုက္ကူမြို့
၃။	ပခုက္ကူအမှတ် (၃) စီးကရက်စက်ရုံ	အမှတ် (၁) ရပ်ကွက်၊ ဗုဒ္ဓကုန်းရပ်၊ ပခုက္ကူမြို့
၄။	မြစန္ဒာအချိုရည်နှင့် ရေခဲစက်	၁၈၁၊ စစ်ကဲလမ်း၊ ပြည်မြို့
၅။	အလုံအချိုရည်နှင့် ရေခဲစက်ရုံခွဲ (၄)	အမှတ် ၂၁၅–၂၁၇၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်
၆။	အလုံအချိုရည်နှင့် ရေခဲစက်ရုံခွဲ (၅)	အမှတ် ၂၁၅–၂၁၇၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်
၇။	မော်လမြိုင် အမှတ် (၂) ရေခဲစက်	အမှတ် ၄၄(ဘီ)၊ ကျိုက္ခမီလမ်း၊ မော်လမြိုင်မြို့
၈။	မော်လမြိုင်အမှတ် (၄) အရက်ချက်စက်ရုံ	မုပွန်ရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၉။	စစ်ကိုင်း အမှတ် (၁) ဂျုံနှင့် ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံ	မိုင်တိုင်အမှတ် (၂၁) ၊ မန္တလေး–မုံရွာကားလမ်း၊ မြင်းမွေး ညောင်ပင်စင်ကျေးရွာအနီး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း
၁၀။	ရန်ကုန်အမှတ် (၂) ဂျုံနှင့် ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံ (ပဒေသာဘီစကွတ်)	၁၄၈၊ ရန်ကုန်–အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
၁၁။	ပဲငံပြာရည်နှင့် ရှာလကာရည်စက်ရုံ	၁၂၄၊ ရန်ကုန်–အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၁၂။	အလုံအချိုရည်နှင့် ရေခဲစက်ရုံ	၁၇၉/ ၁၈၁၊ ကမ်းနားလမ်း၊ အလုံမြို့နယ်
၁၃။	မန္တလေးအချိုရည်စက်ရုံ	၈၁ လမ်းနှင့် ၁၇ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊မန္တလေးတိုင်း
၁၄။	ရန်ကုန်သကြားလုံးစက်ရုံ	၇၂၊ သဃ်နိုးကျွန်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန် (မြေနှင့်အဆောက်အဦသာလွှဲပြောင်းရန်)
၁၅။	ရန်ကုန်ပုလင်းသွင်းစက်ရုံခွဲ	၂၆၊ ဓမ္မသုခကျောင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၁၆။	ဝင်းသူဇာစားသောက်ကုန်လုပ်ငန်းစက်ရုံခွဲ(လှိုင်)	၁၉၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်
၁၇။	ရွှေမြေသာဘီစကွတ်စက်ရုံခွဲ	၇၂၊ သဃ်နိုးကျွန်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန် (ရန်ကုန်သကြားလုံးစက်ရုံ၏ဝင်းနေရာကိုပါ လွှဲပြောင်းပေးပါမည်)
၁၈။	မန္တလေးအချိုရည်စက်ရုံခွဲ (မြဝတီတာသောက်ရေသန့်အပါအဝင်)	၈၄ လမ်းနှင့် ၂၄ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၁၉။	ရိုးမရေခဲစက် (တောင်ငူ)	ကေတုမတီလမ်း၊ တောင်ငူမြို့၊ ပဲခူးတိုင်း
၂၀။	လှိုင်အချိုရည်စက်ရုံခွဲ	၁၉၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်
၂၁။	စမ်းချောင်းအချိုရည်နှင့် ရေခဲစက်ရုံခွဲ	၁၀၄၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်
၂၂။	မော်လမြိုင်ရေခဲစက်ရုံခွဲ (၁)	အမှတ် (၇၁)၊ အထက်လမ်းမကြီး မော်လမြိုင်မြို့၊ မွန်ပြည်နယ်

ယိုအစီအစဉ်များကို ဧပြီလ ၃ ရက်တွင် စမ်းသပ်ထုတ်လွှင့်မည်ဖြစ်ပြီး ဧပြီလ ၁၇ ရက်နေ့မှစတင်၍ ပုံမှန်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မတ်လ ၁၈ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ မန္တလေးအက်ဖ်အမ်ရေဒီယိုကို လိုင်းနှုန်း (91.9 MHz) ဖြင့် ဖမ်းယူနားဆင်နိုင်မည်ဖြစ်ကြောင်းလည်း အဆိုပါသတင်းအရ သိရသည်။

မြန်မာနိုင်ငံ၏ ဒုတိယမြောက် FM ရေဒီယိုတွင် မန္တလေးတိုင်းအတွင်းဖြစ်ပေါ်နေသော သတင်းများကို အချိန်နှင့်တစ်ပြေးညီထုတ်လွှင့်သွားမည်ဖြစ်ကြောင်းလည်း တရားဝင်ထုတ်ပြန်ကြေညာထားသည်။

မြန်မာနိုင်ငံ၏ ဒုတိယမြောက် City FM လိုင်းတစ်လိုင်းဖြစ်သည့် မန္တလေး FM ရေဒီယိုကို လာမည့် အောက်တိုဘာလမှစတင်၍ အဆိုပါမြို့နှင့် အနီးတစ်ဝိုက်ရှိ မုံရွာ၊ မိတ္ထီလာနှင့် တောင်ကြီးမြို့တို့အထိ တိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မန္တလေး FM က တရားဝင်ထုတ်ပြန်ကြေညာသည်။

မြန်မာနိုင်ငံတွင် ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနပိုင် မြန်မာ့အသံ ရေဒီယို၊ နေပြည်တော်မြန်မာ့အသံရေဒီယို၊ ရန်ကုန်

မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် စီးတီးအက်ဖ်အမ်၊ ပိတောက်မြေရေဒီယိုနှင့် ယခု မန္တလေးစီးတီးအက်ဖ်အမ် ရေဒီယို စုစုပေါင်း ရေဒီယိုအသံလွှင့်ဌာန ငါးခုရှိနေပြီဖြစ်သည်။

အဝေးပြေးယာဉ်စီးခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

မြန်မာတစ်နိုင်ငံလုံးနှင့် ခရီးသွားလာဆက်သွယ်မှုအများဆုံးရန်ကုန်မြို့တော်မှ ပြည်နယ်နှင့် တိုင်းမြို့ကြီးများအသီးသီးသို့ ပြေး

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် စုစုပေါင်းပျက်စီးဆုံးရှုံးမှုပမာဏ

(ကျပ်သန်းထောင်ပေါင်း/ကန်ဒေါ်လာသန်းပေါင်း)

စဉ်	ကဏ္ဍ	ပျက်စီးဆုံးရှုံးမှုပမာဏ	
		ကျပ်	ဒေါ်လာ
	အခြေခံအဆောက်အဦ		
၁	နေအိမ်	၇၁၁.၉	၆၄၇.၂
၂	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး	၁၈၄.၇	၁၆၇.၉
၃	ရေအရင်းအမြစ်	၈.၅	၇.၇
၄	လျှပ်စစ်မောတ်အား	၁၅.၇	၁၄.၃
	လူမှုရေး		
၅	ပညာရေး	၁၁၆.၃	၁၀၅.၇
၆	ကျန်းမာရေး	၁၈.၉	၁၇.၁
	ထုတ်လုပ်မှု		
၇	လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း	၆၉၄.၀	၆၃၀.၀
၈	စက်မှုလုပ်ငန်း	၁၉၉၆.၀	၁၈၁၄.၅
၉	ကူးသန်းရောင်းဝယ်ရေး	၅၂၀.၆	၄၇၃.၃
	အခြား		
၁၀	သဘာဝပတ်ဝန်းကျင်	၆၂.၉	၅၇.၂
၁၁	အစိုးရအဆောက်အအုံ (စေတီပုထိုးများအပါအဝင်)	၂၁၇.၄	၁၉၇.၆
	စုစုပေါင်း	၄၅၄၇.၀	၄၁၃၄.၀

(Source: PONJA အစီရင်ခံစာ)

ဆွဲနေသော အဝေးပြေးယာဉ်များ၏ ယာဉ်စီးခနှုန်းထားများကို ဈူလိုင်လ ၂၆ ရက်နေ့မှစတင်၍ ပြောင်းလဲသတ်မှတ်တော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုထိန်းသိမ်းရေးကော်မတီ (မထသ) က ဈူလိုင်လ ၂၅ ရက်နေ့တွဲဖြင့် ထုတ်ပြန်ကြေညာသည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်း အဝေးပြေးယာဉ်စီးနင်းခနှုန်းထားများကို ခရီးအကွာအဝေးအလိုက် တစ်မိုင်လျှင် ၂၄ ကျပ်နှုန်းပြင်ဆင်သတ်မှတ်ခဲ့ပြီး တစ်နှစ်ခန့်အကြာတွင် ခရီးတစ်မိုင်လျှင် ၂၈ ကျပ်နှုန်းဖြင့် တွက်ချက်၍ ၁၇ ရာခိုင်နှုန်း ပြောင်းလဲပြင်ဆင်ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း အောင်မင်္ဂလာအဝေးပြေး သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံအနှံ့ အောင်မင်္ဂလာအဝေးပြေးအခြေစိုက်ပြေးဆွဲနေသော ယာဉ်လိုင်း ၁၄၀ ခန့်သည် ဈူလိုင်လ ၂၆ ရက်နေ့မှစတင်၍ နှုန်းထားသစ်များဖြင့်ရောင်းချမည်ဖြစ်ပြီး ဧရာဝတီတိုင်းသို့ ရန်ကုန်မြို့မှ ပြေးဆွဲနေသော ယာဉ်လိုင်းများ၏ ယာဉ်စီးခများလည်း ပြင်ဆင်သတ်မှတ်ရာတွင် ပါဝင်မည်ဖြစ်သည်။

ရန်ကုန်မြို့မှ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ပြေးဆွဲလျက်ရှိသည့် အောင်မင်္ဂလာအဝေးပြေးဝင်းနှင့် ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများအားလုံးကို နိုဝင်ဘာလ ၁၅ ရက်နေ့မှစ၍ တတိယအကြိမ် လျှော့ချသတ်မှတ်ခဲ့သည်။ ပြောင်းလဲလိုက်သောနှုန်းထားများအရ ဓာတ်ဆီ၊ ဒီဇယ်သုံး အဲယားကွန်းယာဉ်ဆိုပါက တစ်မိုင်လျှင် ၂၄ ကျပ်နှုန်း၊ ရိုးရိုးယာဉ်ဆိုပါက ၂၀ ကျပ်နှုန်းနှင့် CNG သုံးယာဉ်ဆိုပါက ၁၆ ကျပ်နှုန်း ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲမှု မကြာမီပြီးစီးတော့မည်ဖြစ်၍ အဆိုပါမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

ကောင်စီ၏ ဖေဖော်ဝါရီလ ၉ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာထားသော ကြေညာချက်အမှတ် ၁/၂၀၀၈ ကိုလည်းကောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ် ၂/၂၀၀၈ ကိုလည်းကောင်း ဖေဖော်ဝါရီလ ၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာထားသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း အတည်ပြု

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်များက မိမိတို့ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် လက်မှတ်ရေးထိုး အတည်ပြုလိုက်ကြောင်း ဖေဖော်ဝါရီလ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

အဆိုပါ အတည်ပြုကြောင်းလက်မှတ်ကို နေပြည်တော်ရှိ ရုံးအမှတ် (၂၂) တွင်ကျင်းပသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်အစည်းအဝေး (၁၇/၂၀၀၈) တွင် ရေးထိုးခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင် ၅၄ ဦးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ကို ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့စွဲဖြင့် ထုတ်ပြန်သောကြေညာချက်အမှတ် (၂/၂၀၀၇) ဖြင့် ဖွဲ့စည်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် စတင်ရေးဆွဲခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်များ ထုတ်ပြန်ကြေညာ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်သည် ကြေညာချက်အမှတ် (၁၂/၂၀၀၈) ဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများမှအပ နိုင်ငံတစ်ဝန်းလုံးတွင် မေလ ၁၀ ရက်နေ့ကကျင်းပခဲ့သော ဆန္ဒခံယူပွဲရလဒ်များကို မေလ ၂၆ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ အလားတူ မေလ ၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ် ၄၇ မြို့နယ်တွင် ကျင်းပခဲ့သော ဆန္ဒခံယူပွဲရလဒ်များကိုလည်း ကြေညာချက်အမှတ် ၁၁/၂၀၀၈ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်များတွင် မဲပေးခွင့်ရှိသူဦးရေ၊ မဲပေးသူဦးရေ၊ ထောက်ခံမဲပေးသူဦးရေ၊ ကန့်ကွက်မဲပေးသူဦးရေနှင့် ပယ်မဲဦးရေတို့ကို ဖော်ပြထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မေလ ၁၀ ရက်နေ့နှင့် မုန်တိုင်း ဒဏ်ခံ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၂၄ မြို့နယ်တို့တွင် မေလ ၂၄ ရက်များ၌ ကျင်းပခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ၏ ရလဒ်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်ပြီဖြစ်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် (၇/၂၀၀၈) ဖြင့် မေလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်တွင် တစ်နိုင်ငံလုံးမှ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ ၂၇,၂၈၈,၈၂၇ ဦးအနက် ၉၈.၁၂ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြပြီး ယင်းသို့ ဆန္ဒမဲပေးကြသူများအနက် ၉၂.၄၈ ရာခိုင်နှုန်းက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုရန် ဥပဒေနှင့်အညီ ထောက်ခံသည့်အတွက် ယင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်ခြင်းဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်မှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်အမှတ် ၂/၂၀၀၈ ဖြင့် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီးအဖြစ်လည်းကောင်း၊ အမိန့်အမှတ် ၃/၂၀၀၈ ဖြင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းကို အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးလိုက်ကြောင်း ဇွန်လ ၂၀ ရက်နေ့ဖွဲ့ဖြင့် ထုတ်ပြန်ကြေညာသည်။

ရတနာပုံဆိုက်ဘာစီးတီးတွင် ပြည်တွင်းပြည်ပကုမ္ပဏီများ ကန်ဒေါ်လာ ၁၈ သန်းကျော် ရင်းနှီးမြှုပ်နှံ

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မန္တလေး–လားရှိုး ကားလမ်း ပြင်စာကျေးရွာအနီးတွင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်နေ့က ဖွင့်လှစ်ခဲ့သော ICT မြို့တော် ရတနာပုံမြို့သစ်တွင် ပြည်တွင်းပြည်ပကုမ္ပဏီများက ကန်ဒေါ်လာ ၁၈ သန်းကျော် ရင်းနှီးမြှုပ်နှံရန် အဆိုပြုထားသည်။

ရတနာပုံဆိုက်ဘာစီးတီးတွင် ပြည်ပကုမ္ပဏီ ၁၁ ခု ရင်းနှီးမြှုပ်နှံရန် အဆိုပြုထားပြီး ယင်းကုမ္ပဏီများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ZTE ကုမ္ပဏီ၊ Alcatel Shanghai Bell ကုမ္ပဏီ၊ ရုရှားနိုင်ငံမှ CBOSS ကုမ္ပဏီ၊ မလေးရှားနိုင်ငံမှ IP Tel ကုမ္ပဏီတို့ ပါဝင်သည်။

လေယာဉ် ၃၂၅ စင်းပိုင် China Southern လေကြောင်းလိုင်း မြန်မာ-တရုတ် လေကြောင်းခရီးစဉ် စတင်

မြန်မာနိုင်ငံ ရန်ကုန်မြို့တော်နှင့် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့တို့အကြား အပတ်စဉ်သုံးရက်ပျံသန်းပြေးဆွဲမည့် China Southern လေကြောင်းလိုင်း၏ ရန်ကုန်ရုံးခွဲကို ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း ဒီဇင်ဘာလ ၂၄ ရက်နေ့ထုတ် The Voice Weekly Vol.4, No.10 တွင် သတင်းဖော်ပြထားသည်။ ယင်းလေကြောင်းလိုင်းအနေဖြင့် ကွမ်ကျိုး–ရန်ကုန်လေကြောင်းခရီးစဉ်ကို အပတ်စဉ် ဗုဒ္ဓဟူးနှင့် စနေနေ့များတွင် A 319 Air Bus လေယာဉ်ကြီးဖြင့် ပြေးဆွဲမည်ဖြစ်ပြီး အသွားအပြန်လက်မှတ်အတွက် အမေရိကန်ဒေါ်လာ ၅၂၅ ကျသင့်မည်ဖြစ်ကြောင်းလည်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အမေရိကန်ဗီဇာကြေး ပြောင်းလဲ

အမေရိကန်ပြည်ထောင်စုသို့ အကြောင်းကိစ္စအရပ်ရပ်ဖြင့် သွားရောက်ကြမည့်သူများအတွက် ကောက်ခံသည့် ပြည်ဝင်ခွင့်ဗီဇာနှုန်းထားကို လာမည့် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ ၁၃၁ ဒေါ်လာနှုန်းသို့ ပြောင်းလဲကောက်ခံသွားမည်ဖြစ်သည်ဟု အမေရိကန်ပြည်ထောင်စုအစိုးရက သတင်းထုတ်ပြန်ခဲ့ကြောင်း ဒီဇင်ဘာလ ၂၄ ရက်နေ့ထုတ် The Voice Weekly Vol.4, No.10 တွင် သတင်းဖော်ပြထားသည်။

GSM ဖုန်းရှိသူများ သုံးစွဲနိုင်မည့် Voice Mail ဝန်ဆောင်မှု

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ITCS Co., Ltd. (Information Technology Central Services) မှ GSM ဖုန်းရှိသူများအတွက် အပိုထပ်ဆောင်းဝန်ဆောင်မှုတစ်ခုဖြစ်သည့် MPT Voice Mail ဝန်ဆောင်မှုကို စတင်ရောင်းချနေပြီဖြစ်ပြီး ယခုလမှစတင်၍ GSM ဖုန်းများတွင် စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဒီဇင်ဘာလ ၂၇ ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားသည်။

ဒီဇယ်တင်သွင်းခွင့်များနှင့် ရောင်းချမှုပုံစံ

အမှန်တကယ်လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းရှင်များအား

ဒီဇယ်ပထမအသုတ်တင်သွင်းခွင့်ကို ကုန်သွယ်မှု မူဝါဒကောင်စီက ဇန်နဝါရီလ ၁၆ ရက်နေ့မှစ၍ ခွင့်ပြုလိုက်သည်။ ပထမဆုံးအသုတ်တွင် တင်သွင်းခွင့်ရရှိမည့်လုပ်ငန်းရှင်များမှာ ရေလုပ်ငန်း၊ သစ်တောနှင့် ကျောက်မျက်လုပ်ငန်းရှင်များ ဖြစ်သည်။

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းရှင်များသည် စတုတ္ထမြောက် တင်သွင်းခွင့်ရသည့် လုပ်ငန်းများအနေဖြင့် ပြည်ပမှ ဒီဇယ်ဆီ တိုက်ရိုက်တင်သွင်းခွင့်ရရှိတော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်း စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ပြောကြားချက်ကို မတ်လ ၂၆ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြထားသည်။

တရားဝင် ပို့ကုန်ဝင်ငွေရရှိထားသော လုပ်ငန်းရှင်ကြီးများကို စွမ်းအင်ဝန်ကြီးဌာနက ရောင်းချပေးလျက်ရှိသော ဒီဇယ်ဈေးနှုန်းများကို ဇွန်လ ၂ ရက်နေ့မှစပြီး နိုင်ငံတကာပေါက်ဈေးအတိုင်း အခြေခံ၍ နှုန်းထားအရှင်တစ်ရပ်ဖြင့် နေ့စဉ်ပြင်ဆင်ရောင်းချပေးလျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနသည် ဇွန်လ ၂ ရက်နေ့မတိုင်မီ ဒီဇယ်တစ်ဂါလန်လျှင် 5.1 FEC နှုန်းဖြင့် လုပ်ငန်းရှင်များသို့ သတ်မှတ်ရောင်းချပေးနေရာမှ ဇွန်လ ၂ ရက်နေ့မှစတင်၍ နိုင်ငံတကာပေါက်ဈေးများအတိုင်း တစ်ဂါလန်လျှင် 5.4 FEC ဖြင့်လည်းကောင်း၊ ဇွန်လ ၄ ရက်နေ့တွင် 5.2 FEC ဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိသည်။

CNG ဝယ်ယူခွင့် ယာယီကန့်သတ်ခြင်း

မော်တော်ယာဉ်များ၏ တစ်နေ့တာဓာတ်ငွေ့ အမှန်တကယ်သုံးစွဲမှုကို သိနိုင်ရန် ဒီဇင်ဘာလ ၂၉ ရက်နှင့် ၃၀ ရက်နေ့တို့တွင် ယာဉ်တစ်စီးလျှင် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ CNG တစ်ကြိမ်သာထုတ်ပေးစေပြီး လေ့လာခဲ့ကြောင်း ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ဇန်နဝါရီလ ၄ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် ဖော်ပြထားသည်။

ရန်ကုန်တိုင်းနယ်မြေအတွင်း ခရီးသည်ပို့ဆောင်ရေးယာဉ်များနှင့် ကုန်ပစ္စည်းတင်ယာဉ်များအတွက် CNG သဘာဝဓာတ်ငွေ့

များ ရောင်းချပေးလျက်ရှိရာတွင် စနစ်တကျရှိရေးအတွက် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်၍ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ထုတ်ယူခွင့်စာအုပ်ဖြင့် မှတ်တမ်းတင်ရောင်းချပေးမည်ဖြစ်ပြီး ခရီးစဉ်သုံးစွဲမှုပေါ် မူတည်လျက် ယခင်အစီအစဉ်အတိုင်း လိုသလောက်ဝယ်ယူခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ဓာတ်ဆီ၊ ဒီဇယ်သုံးယာဉ်များကိုလည်း ယခင်အတိုင်းပြောင်းလဲမှုမရှိဘဲဆက်လက်ထုတ်ပေးမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၁ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာထားသည်။

City Taxi ၈၀၀၀ ကျော် မီတာစတင်တပ်ဆင်

ရန်ကုန်မြို့တွင် မောင်းနှင်ပြေးဆွဲလျက်ရှိသော City Taxi

များအနက် CNG ပြောင်းလဲပြီးဖြစ်သော City Taxi ၈၀၀၅ စီးအား မီတာများတပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့တပ်ဆင်ရာတွင် 'ကက'နှင့် 'ခခ'အက္ခရာယာဉ်များကို ဦးစားပေးတပ်ဆင်စေမည်ဖြစ်ပြီး အဆိုပါယာဉ်များကို နှစ်လအတွင်း အပြီးတပ်ဆင်မည်ဖြစ်သည်။ ကျန်ယာဉ်များကို ခြောက်လအတွင်း အပြီးတပ်ဆင်ပေးရမည်ဟု ညွှန်ကြားထားသည်။

ပြည်သူ့ဘဏ္ဍာသိမ်းယာဉ်အမျိုးမျိုး လေလံတင်ရောင်းချမှုများ

ပြည်သူ့ဘဏ္ဍာသိမ်းယာဉ် ၉၉ စီးအား လေလံတင်ရောင်းချမှုကို နေပြည်တော်ရှိ ရုံးအမှတ် ၂၃ တွင် ဒီဇင်ဘာလ ၂၈ ရက်နှင့် ၂၉ ရက်နေ့များတွင် ပြုလုပ်ခဲ့သည်။ အဆိုပါယာဉ် ၉၉ စီးတွင် ရေယာဉ်ငယ်နှင့် ကုန်တင်ရေယာဉ် ရှစ်စင်း၊ ဟိုင်းလတ်ယာဉ်ငယ်၊ နစ်ဆန်းဒီဇယ် ယူဒီအမျိုးအစားခြောက်ဘီး၊ ၁၀ ဘီးနှင့် ၁၂ ဘီး ကုန်တင်ယာဉ်ကြီးများ ပါဝင်သည်။

ဈေးကွက်အတွင်း လူကြိုက်များသည့် ကားအမျိုးအစားများဖြစ်သော Landcruiser အုပ်စု၊ Hilux Surf အုပ်စု၊ Van အုပ်စု၊ ဆလွန်းအုပ်စုနှင့် ဂျစ်အုပ်စုများပါဝင်သော ယာဉ်မျိုးစုံ ၁၀၁ စီးနှင့် ဆိုင်ကယ်ခြောက်စီးကို ဈေးပြိုင်အိတ်ပိတ်စနစ်ဖြင့် တောင်ငူမြို့တွင် ရောင်းချပေးမည်ဖြစ်ကြောင်း အောက်တိုဘာလ ၂၂ ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားသည်ကို တွေ့ရသည်။

ဈေးနှုန်းတင်သွင်းလွှာများကို အောက်တိုဘာလ ၁၅ ရက်မှစ၍ တောင်ငူမြို့ တိုင်းစီမံကိန်းဦးစီးရုံး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် (အမျိုးသားပြတိုက်) တွင်လည်းကောင်း၊ နေပြည်တော်ရှိ ရုံးအမှတ် ၃၂ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၌လည်းကောင်း ရောင်းချပေးလျက်ရှိကြောင်း၊ တောင်ငူမြို့ရှိ အထက်ပါဦးစီးဌာနတွင် အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်နေ့များတွင် တင်သွင်းလျှောက်လွှာများကို ဖွင့်လှစ်မည်ဖြစ်ကြောင်းလည်း ယင်းသတင်းအရ သိရသည်။

မော်တော်ယာဉ်၊ ရေယာဉ်များ လူနေအိမ်များအပါအဝင် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသည့် ပစ္စည်းများ၊ အစိုးရဌာနကြီးများမှ အသုံးပြုရန်မလိုအပ်တော့သည့်ပစ္စည်းများကို လေလံတင်ရောင်းချပေးရာတွင် အဆိုပါလေလံပစ္စည်းများကို ဝယ်ယူခွင့်ရရှိသူများသည် လေလံအောင်ပစ္စည်းများ တန်ဖိုးငွေပေးသွင်းခြင်းနှင့်အတူ အခွန်ပေးသွင်းမှုများကိုလည်း တစ်ပါတည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အဆိုပါဂျာနယ်၏ အခြားသတင်းတစ်ရပ်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ဂျပန်ပြည်ဝင်ခွင့် လုပ်ထုံးလုပ်နည်းသစ်

ဂျပန်နိုင်ငံသို့ရောက်ရှိလာသော ပြည်ဝင်ခွင့်လျှောက်ထားသူ နိုင်ငံခြားသားများအတွက် ဂျပန်ပြည်ဝင်ခွင့်ဌာနမှ ပြည်ဝင်ခွင့်ဆိုင်ရာလုပ်ထုံးလုပ်နည်း အစီအစဉ်သစ်များကို ဂျပန်သံရုံး ကောင်စစ်ဝန်ဌာနက ဇန်နဝါရီလအတွင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါအစီအစဉ်သစ်မှာ ပြည်ဝင်ခွင့်တောင်းခံသူသည် ပြည်ဝင်ခွင့်စစ်ဆေးရေးအရာရှိထံ နိုင်ငံကူးလက်မှတ်ကို တင်ပြရမည်ဖြစ်ကြောင်း၊ စစ်ဆေးသည့်အရာရှိက လက်နှစ်ဖက်စလုံး၏ လက်ညှိုးလက်ဗွေများကို ဒစ်ဂျစ်တယ်လက်ဗွေဖတ်သည့်စက်ဖြင့် ရယူပြီးနောက် ထိုလက်ဗွေမှတ်တမ်းများကို ဒစ်ဂျစ်တယ်နည်းဖြင့် သိမ်းဆည်းထားမည်ဖြစ်ကြောင်း၊ လက်ဗွေဖတ်သည့်စက်၏ အပေါ်ပိုင်းရှိကင်မရာဖြင့် မျက်နှာဓာတ်ပုံကို ရိုက်ယူမည်ဖြစ်ပြီး ဂျပန်နိုင်ငံတွင်နေထိုင်မည့် အကြောင်းအရာများနှင့်ပတ်သက်၍ မေးမြန်းမည်ဖြစ်ကြောင်းလည်း ယင်းသတင်းတွင် ဖော်ပြထားသည်။ အများနှင့်မတူသော သီးခြားလက္ခဏာတင်ပြရန် သတ်မှတ်ထားခြင်းခံရသည့်နိုင်ငံခြားသားသည် လက်ဗွေနှင့် မျက်နှာဓာတ်ပုံကိုတင်ပြရန်ငြင်းဆန်ခဲ့ပါက ဂျပန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်မပြုသည့်အပြင် ဂျပန်နိုင်ငံမှထွက်ခွာရန် ညွှန်ကြားခြင်းခံရမည်ဖြစ်သည်။

တစ်ခါသုံးဆေးထိုးအပ် သန်း ၃၀ ထုတ်လုပ်မည့် ဆေးဝါးစက်ရုံ (အင်ရောင်း)

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် အင်ရောင်းကျေးရွာအနီးတွင်တည်ရှိပြီး ထုတ်လုပ်မှုစွမ်းအားပမာဏ တစ်နှစ်လျှင် တစ်ခါသုံး ဆေးထိုးအပ် သန်း ၃၀၊ 500 ml သွေးကြော်သွင်းဆေးရည် ပုလင်း ၂.၅ သန်းနှင့် ထိုးဆေး သန်း ၅၀ ထုတ်လုပ်နိုင်မည်ဟုဆိုသည့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း) ကို ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါစက်ရုံအပါအဝင် အမှတ် (၁) စက်မှုဝန်ကြီးဌာနလက်အောက်တွင် စက်ရုံပေါင်း ၁၆၂ ရုံရှိလာပြီဖြစ်ကာ ထပ်မံတည်ဆောက်နေသည့်စက်ရုံ ၁၄ လုံးအပြင် ထပ်မံညှိနှိုင်းနေသည့် စက်ရုံခြောက်လုံးကိုတည်ဆောက် ပြီးစီးပါက စက်ရုံပေါင်း ၂၀၀ နီးပါးအထိ ရှိလာမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

ဆေးအမျိုးအစား ၁၆၂ မျိုးထုတ်လုပ်နိုင်မည့် ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)

ပြည်ပသွင်းကုန်အစားထိုးအဖြစ် ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့်အမယ်အမျိုးအစား ၁၆၂ မျိုးထုတ်လုပ်မည့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) ကို ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါစက်ရုံကို အနီးစခန်းလေဆိပ်အနီးတွင် တည်ဆောက်ထားသည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း လက်အောက်တွင်ရှိသော ဆေးဝါးစက်ရုံများမှာ

ဆေးဝါးလုပ်ငန်းစက်ရုံ (စစ်ကိုင်း)၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ရေးစက်ရုံ၊ အထူးဆေးဝါးလုပ်ငန်းစက်ရုံအမှတ် (၁) နှင့် (၂)၊ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း) တို့ဖြစ်သည်။

အသက်လိမ်လည်ဝင်ရောက်လာသည်ဟုဆိုသည့် ကလေးစစ်သား ၇၉၂ ဦးကို မိဘထံပြန်လည်အပ်နှံမှု

မိဘအုပ်ထိန်းသူများအပြင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) စသည့်အဖွဲ့အစည်းများ၏ ရေးသားတင်ပြချက်များအရ အသက်လိမ်၍ ဝင်ရောက်လာသူများအပါအဝင် စစ်မှုထမ်းရန် အသက်မပြည့်မီသူ ၇၉၂ ဦးကို စိစစ်၍ မိဘများထံ ပြန်လည်အပ်နှံနိုင်ခဲ့ကြောင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ပြောကြားခဲ့သည်။

စင်ကာပူဒေါ်လာဖြင့် ဘဏ်စာရင်းဖွင့်ခွင့်

မြန်မာနိုင်ငံရှိ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ခွင့်ပြုထားသည့် အစိုးရဘဏ်အချို့တွင် စင်ကာပူဒေါ်လာဖြင့် တရားဝင်ငွေစာရင်းဖွင့်ခွင့်ကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ စတင်၍ခွင့်ပြုတော့မည်ဖြစ်ကြောင်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB)နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB)တို့တွင် ဇန်နဝါရီလ လဆန်းပိုင်းမှစတင်၍ တရားဝင် ကြေညာချက်များထုတ်ပြန်ထားသည်။

လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံခြားငွေစာရင်းဖွင့်အသုံးပြုခွင့်ရနေသောဘဏ်များဖြစ်သည့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့တွင် ပထမဆုံးအကြိမ်အဖြစ် စင်ကာပူဒေါ်လာဖြင့် စာရင်းဖွင့်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် မူလစာရင်းဖွင့်ပြီးသူများ၊ လုပ်ငန်း၊ ကုမ္ပဏီရှိသူများကိုသာ စာရင်းဖွင့်ခြင်းလက်ခံသွားမည်ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၌မူ တစ်ဦးချင်း (Personal Account) ဖွင့်ခြင်းကိုပါလက်ခံသွားမည်ဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ရွှေနှင့်သတ္တုတူးဖော်ရေးနယ်ပယ်သို့ ဝင်ရောက်လာသည့် ရုရှားကုမ္ပဏီ

မြန်မာနိုင်ငံ၏ ရွှေနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ရုရှားဖက်ဒရေးရှင်နိုင်ငံအခြေစိုက် Victorious Glory International Pte. Ltd. သည် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဖားကန့်မြို့နှင့် ဟုမ္မလင်းမြို့တို့အကြားရှိ ဥရုမြစ်ကြောင်းတစ်လျှောက် ရွှေနှင့် ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာ ရှာဖွေမည်ဖြစ်ပြီး စီမံကိန်းနှင့်ပတ်သက်သည့်သဘောတူစာချုပ်ကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့က နေပြည်တော်တွင် သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီးက လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။

ယခုအခါ ကချင်ပြည်နယ်တွင် ရွှေတူးဖော်ခွင့်ရရှိသော Victorious Glory International ကုမ္ပဏီသည် ရုရှားကုမ္ပဏီသက်သက်မဟုတ်ဘဲ စင်ကာပူမှတ်ပုံတင်ထားပြီး ရုရှားနှင့်ဆွစ်ဇာလန်ကုမ္ပဏီ (Benton International) တို့ ဖက်စပ်လုပ်ကိုင်သောချင်းတွင်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဟုဆိုကြောင်း ဘန်ကောက်မှလာသောသတင်းတစ်ရပ်ကိုကိုးကား၍ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထုတ် Newsweek ဂျာနယ်တွင်ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၌ ရုရှားတို့၏ ရင်းနှီးမြှုပ်နှံမှုမှာ အိန္ဒိယနိုင်ငံထက် ပိုမိုများပြားလာလျက်ရှိကြောင်း၊ ၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ်က မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၃၀.၅ သန်းရှိ၍ ရုရှား၏ ရင်းနှီးမြှုပ်နှံမှုမှာ ကန်ဒေါ်လာ ၃၃ သန်းရှိကြောင်း ယင်းသတင်းအရ သိရသည်။

Hotel Nikko အမည်သစ်ပြောင်း

ရန်ကုန်မြို့ရှိ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သော Hotel Nikko Royal Lake Yangon ကို လာမည့် ဧပြီလ ၁ ရက်နေ့မှစတင်၍ Chatrium Hotel Yangon အဖြစ် အမည်သစ်ပြောင်းလဲခဲ့သည်။

ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ၁၉၉၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဂျပန်နိုင်ငံ JAL Co., Ltd. က ၁၉၉၈ ခုနှစ်မတ်လမှ စတင်စီမံခန့်ခွဲခဲ့ကာ ယခုအခါ စီမံခန့်ခွဲမှုသဘောတူစာချုပ်သက်တမ်း ၁၀ နှစ်ပြည့်မြောက်ပြီဖြစ်၍ မူလကုမ္ပဏီဖြစ်သော Royal Lake Hotel Co., Ltd. သို့ လွှဲပြောင်းပေးခြင်းဖြစ်ကြောင်းလည်း တရားဝင်ထုတ်ပြန်ကြေညာထားသည်။

Chatrium Hotel Yangon သည် Chatrium Suite Hotels & Residences ၏အုပ်စုဝင်ဟိုတယ်တစ်ခုဖြစ်လာမည်ဖြစ်ပြီး အဆိုပါဟိုတယ်အုပ်စုတွင် ဘန်ကောက်ရှိ Chatrium Suite နှင့် Chatrium Riverside Hotel တို့အပြင် ၂၀၁၀ ပြည့်နှစ်တွင် တရုတ်

နိုင်ငံ၌ ဖွင့်လှစ်ခဲ့သော Chatrium Hotel Shanhai တို့ ပါဝင်သည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ဝယ်ယူခဲ့သောစက်ခေါင်းများ ရောက်ရှိမှု

အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူခဲ့သော မီးရထားစက်ခေါင်းစီးရေ ၁၅ လုံး ဒုတိယအသုတ်အဖြစ် ရန်ကုန်ဘူတာကြီးသို့ ရောက် ရှိလာခဲ့သည်။ အိန္ဒိယသမ္မတနိုင်ငံ ရထားဝန်ကြီးဌာန လက်အောက်ခံဖြစ်သည့် RITEa Ltd. မှ စက်ခေါင်းစီးရေ စုစုပေါင်း ၂၀ လုံးဝယ်ယူခဲ့ရာ ပထမအသုတ် မီးရထားစက်ခေါင်း ငါးလုံးမှာ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ရောက်ရှိခဲ့ကြောင်း၊ အဆိုပါ စက်ခေါင်းများမှာ YDM - 4 အမျိုးအစားဖြစ်ပြီး အဓိက အင်ဂျင်အဖြစ် မြင်းကောင်ရေ ၁၃၅၀ အား ALCO အင်ဂျင်တစ်လုံးတပ်ဆင်ထားသည့် ရထားစက်ခေါင်းများ ဖြစ်သည်။

လေယာဉ်များပေါ်တွင်ပါရှိသော Black Box (မှတ်တမ်းသေတ္တာ) အပါအဝင် Computer စနစ်များ၊ အီလက်ထရွန်နစ်စနစ်များပါရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC Co., Dalian Factory မှ ဝယ်ယူတင်သွင်းခဲ့သည့် စက်ခေါင်း ၂၀ လုံးအနက် ပထမအသုတ်အဖြစ် စက်ခေါင်းရှစ်လုံး နိုဝင်ဘာလ ၂ ရက်နေ့က ရန်ကုန်ဘူတာကြီးသို့ရောက်ရှိလာကြောင်း အစိုးရသတင်းစာများတွင် ဖော်ပြပါရှိသည်။

အဆိုပါ စက်ခေါင်းများမှာ CKD-7-B အမျိုးအစား မြင်းကောင်ရေ ၂၀၀၀ အား ဒီဇယ်စက်ခေါင်းများဖြစ်ပြီး Caterpillar 3516-B အင်ဂျင်တစ်လုံးတပ်ဆင်ထားကြောင်းနှင့် မြေပြန့်တွင်သာမက တောင်ပေါ်လမ်းပိုင်းများ၌ အသုံးပြုရန် ပိုမိုကောင်းမွန်၍ လက်ရှိ စက်ခေါင်းများအနက် ဝန်ချိန်အများဆုံးဆွဲနိုင်သော စက်ခေါင်းများဖြစ်ကြောင်း ယင်းသတင်းတွင်ရေးသားထားချက်များ အရ သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ မီးရထားတွဲ ၂၂၀ နှင့် စက်ခေါင်းငါးလုံးကို လက်ဆောင်ပေးမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဝမ်ကျိရှန်၏ ပြောကြားချက်ကို နိုဝင်ဘာလ ၃ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြထားသည်။ နန်နင်းမြို့တွင်ကျင်းပသည့် ငါးကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန်အတွက် ရောက်ရှိနေသော မြန်မာနိုင်ငံဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း ၎င်းက ကတိပေးပြောကြားခဲ့ခြင်းဖြစ်ကြောင်းလည်း ယင်းသတင်း တွင် ရေးသားထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ ပထမဆုံး Hypermarket

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းတွင် တည်ရှိပြီး မြန်မာနိုင်ငံ၏ ပထမဆုံး Hypermarket ကို မတ်လ ၁၅ ရက်နေ့

တွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ Hypermarket ကို ဧရိယာလေးဧက အကျယ်ရှိသော မြေပေါ်တွင် စတုရန်းပေ ၁၅၀,၀၀၀ ခန့်ရှိသော နှစ်ထပ်အဆောက်အအုံအဖြစ် တည်ဆောက်ထားပြီး တစ်နာရီအတွင်းလူပေါင်း ၉၀၀၀ ကျော်အတက်အဆင်းပြုလုပ်နိုင်သော Travelator (ရွေ့လျားစက်လှေကား)နှင့် Auto Escalator (အလိုအလျောက် ရွေ့လျားစက်လှေကား) များတပ်ဆင်ထားကြောင်း၊ ကလေးကစားကွင်းများ၊ Restaurant, Coffee House, Cyber Cafe, Game Centre, Time Piece, Fashion Shop, Jewellery စသည့် ဆိုင်ခန်း များနှင့် စတုရန်းပေ ၁၀၀၀ အကျယ်အဝန်းရှိ အရောင်းမြှင့်တင် ရေးနေရာ (Void Area) တို့ ပါဝင်သည်။

အဆိုပါ Hypermarket ၏ ထူးခြားမှုတစ်ရပ်မှာ ဖွင့်လှစ်ပြီး ခြောက်လခန့်အကြာ အောက်တိုဘာလ ၃ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ရှိ IT နှင့် အီလက်ထရွန်နစ်ကုမ္ပဏီများစုစည်း၍ IT ပြပွဲကို ပထမဦးဆုံးအကြိမ် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းပြပွဲတွင် အများပြည်သူတို့ အခမဲ့အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်သည့် WiFi ကွန်ရက်စနစ်နှင့် ယင်းကွန်ရက်ကိုအသုံးပြု၍ အင်တာနက်သတင်းအချက်အလက်များနှင့် ဖျော်ဖြေမှုအစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုလေ့လာနားဆင်နိုင်ကြမည့် WiFi Aony Digital Sinage Player Bravia Flat Monitor စနစ် ဖျော်ဖြေမှုများကို မိတ်ဆက်ဝန်ဆောင်မှုပေးခဲ့သည်။

Guang Ming Daily ရန်ကုန်ရုံးခွဲ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာများအနက် ထိပ်တန်းသတင်းစာကြီးတစ်စောင်ဖြစ်သော Guang Ming Daily ၏ ရန်ကုန်ရုံးခွဲကို မတ်လ ၁၅ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ယင်းသတင်းစာသည် မြန်မာနိုင်ငံတွင် ပထမဆုံးဗျူရိုရုံးခွဲလာရောက်ဖွင့်လှစ်သည့် ပြည်ပသတင်းစာကြီးတစ်စောင်ဖြစ်ပြီး ဟောင်ကောင်နှင့် မကာအိုအပါအဝင် တရုတ်နိုင်ငံတို့တွင် ရုံးခွဲများရှိပြီး နိုင်ငံတကာတွင် ရုံးခွဲ ၂၀ ဖွင့်လှစ်ထားကာ ရန်ကုန်ရုံး

ဈေးပြိုင်စနစ်ဖြင့် ပုဂ္ဂလိကသို့ရောင်းချသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ

ပုဂ္ဂလိကလုပ်ငန်းခွင်များသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနပိုင် စက်ရုံတစ်ရုံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပိုင် ဆန်စက် ၁၀ စက်နှင့် ဖွဲနုဆီစက်ခြောက်စက်တို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

စဉ်	တည်နေရာ	စက်ရုံ	မြေနေရာအကျယ်အဝန်း(ဧက)	ကြမ်းခင်းဧရိယာ (ကျပ်သန်း)
	မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနပိုင်စက်ရုံ			
၁။	ရှမ်းပြည်နယ် လောင်းလုံမြို့၊ ကျောက်နီမော်ကျေးရွာ	အအေးခန်းနှင့် ရေခဲစက်ရုံ	၁၁.၉၉	၉၀.၇၆
	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး			
၁။	ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကုတို့ဆိပ်ရပ်ကွက်	ဆန်စက်အမှတ်(၂၁၂)	–	၂၅၅.၀၆၆
၂။	ပဲခူးတိုင်း၊ ပဲခူးမြို့၊ ကမာနတ်ကျေးရွာ	ဆန်စက်အမှတ် (၁၃၂)	၂၂.၂၇	၆၁၀.၅၀၉
၃။	ပဲခူးတိုင်း၊ကျောက်တံခါးမြို့၊မူခရမ်းကျေးရွာ	ဆန်စက်အမှတ် (၅၃၅)	၁၄.၅၉	၄၃၉.၀၇
၄။	ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့	ဆန်စက်အမှတ် (၅၁၁)	၅.၅၄၀	၈၄၄.၈၄၀
၅။	ဧရာဝတီတိုင်း၊ ဘိုကလေးမြို့	ဆန်စက်အမှတ် (၄၉၁)	၄.၄၇၀	၅၇၉.၆၅၃
၆။	ဧရာဝတီတိုင်း၊ မြောင်းမြမြို့	ဆန်စက်အမှတ် (၉၃၃)	–	၁၃၄.၇၇၁
၇။	ဧရာဝတီတိုင်း၊ မအူပင်မြို့	ဆန်စက်အမှတ် (၆၉၉)	၃၅.၅၀၀	၃၇၉.၁၇၅
၈။	ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့	ဆန်စက်အမှတ် (၅၅၇)	၂.၈၂၀	၁၉၂.၁၀၄
၉။	ဧရာဝတီတိုင်း၊ ဒေးဒဲရဲမြို့	ဆန်စက်အမှတ် (၆၆၈)	၁၁.၇၈၀	၅၉၀.၃၆၃
၁၀။	ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့	ဖွဲနုဆီစက်အမှတ် (၁၈)	၁၀.၆၃၇	၃၃၁.၆၄၆
၁၁။	ပဲခူးတိုင်း(အနောက်ပိုင်း)လက်ပံတန်းမြို့	ဖွဲနုဆီစက်အမှတ် (၀၇)	၈.၆၁	၁၉၁.၆၄၂
၁၂။	ဧရာဝတီတိုင်း၊ မြောင်းမြမြို့	ဖွဲနုဆီစက်အမှတ် (၁၅)	၁.၃၉	၂၇၅.၅၆၂
၁၃။	ဧရာဝတီတိုင်း၊ ဟင်္သာတမြို့	ဖွဲနုဆီစက်အမှတ် (၀၅၀)	၁၂.၀၁	၅၇၈.၀၃၃
၁၄။	ပဲခူးတိုင်း၊ ဖြူးမြို့	ဖွဲနုဆီစက်အမှတ် (၁၉၀)	၇.၁၇	၃၈၃.၁၈၈

သည် နောက်ဆုံးဖွင့်လှစ်သော နိုင်ငံတကာရုံးခွဲ ဖြစ်သည်။

စင်ကာပူဗီဇာကြေး တိုးမြှင့်

စင်ကာပူနိုင်ငံသို့သွားရောက်ရန်အတွက် ပြည်ဝင်ခွင့် (ဗီဇာ) ကြေးကို ယခင် ၁၃ ဒေါ်လာမှ ဒေါ်လာ ၂၀ သို့ ဧပြီလ ၁ ရက်နေ့မှစ၍ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း စင်ကာပူသံရုံးက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

စင်ကာပူဗီဇာလျှောက်ထားရာတွင် လျှောက်သောနေ့မှစ၍ အစိုးရရုံးဖွင့်ရက် လေးရက်ကြာမြင့်ကြောင်း၊ ဗီဇာတင်ချိန်ကို နံနက် ၉း၃၀ နာရီမှ ၁၁း၀၀ နာရီအထိ ကန့်သတ်ထားပြီး ဗီဇာထုတ်ချိန်မှာ မွန်းလွဲ ၂း၃၀ မှ ၄း၀၀ နာရီအထိ သတ်မှတ်ထားကြောင်း၊ စီးပွားရေးကုမ္ပဏီများအတွက် ဗီဇာကိစ္စများကို ညနေ ၃း၃၀ နာရီတွင်စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရုံးဖွင့်ရက်တစ်ရက်လျှင် အရေအတွက် ၉၀ ဦးကျော် ဗီဇာထုတ်ပေးလျက်ရှိကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နေပြည်တော်တက္ကစီ

အစိုးရယန္တရားများရုံးစိုက်ရာ နေပြည်တော်တွင် မိတာတပ်ဆင်ထားသော နေပြည်တော်တက္ကစီများ မတ်လ ၂၃ ရက်နေ့တွင် စတင်ပြေးဆွဲလျက်ရှိသည်။

အဆိုပါ တက္ကစီများကို Max Myanmar Co. မှ တာဝန်ယူ ပြေးဆွဲခြင်းဖြစ်ပြီး မြို့တွင်းပြေးဆွဲမှုများသာမက စင်းလုံးငှားဝန်ဆောင်မှုများပါ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ခရီးသည်များအတွက် ကီလိုမီတာသတ်မှတ်ပြီးသားစာရွက်နှင့် ကျသင့်ငွေအတွက် မီတာစလစ်ဖြတ်ပိုင်းများပါ မှန်ကန်တိကျစွာ ဝန်ဆောင်မှုပေးမည့်အပြင် အငှားယာဉ် အစီး ၃၀ ၊ စင်းလုံးငှားယာဉ် အစီး ၂၀ တို့ဖြင့်စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာထားသည်။

ယခုပြေးဆွဲပေးနေသည့် အငှားယာဉ်များအားလုံးကို မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ် (၂) သကြားစက် (တောင်စဉ်အေး) မှ သကြားထုတ်လုပ်သောဘေးထွက်ပစ္စည်းမှ ရရှိလာသည့် တင်လဲရည်မှတစ်ဆင့် ဇီဝလောင်စာအဖြစ် ထုတ်လုပ်ထားသော Gashol E-25 ဖြင့် စတင်သုံးစွဲမောင်းနှင်နေခြင်းဖြစ်ကြောင်းလည်း နိုင်ငံပိုင်မီဒီယာများ၏ ထုတ်ပြန်ချက်များတွင် ဖော်ပြပါရှိသည်။

မိခင်ဌာနေသို့ ပြန်လည်ထွက်ခွာသွားသည့် တရုတ်နိုင်ငံသား မြန်မာနိုင်ငံ FAO ဌာနေကိုယ်စားလှယ်

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် တရုတ်နိုင်ငံသား Mr. Tang Zhengping သည် မြန်မာနိုင်ငံတွင် FAO ဌာနေကိုယ်စားလှယ်အဖြစ် ငါးနှစ်တာတာဝန်ထမ်းဆောင်ပြီး မတ်လ ၂၂ ရက်နေ့တွင် တာဝန်မှ အငြိမ်းစားယူ၍ မိခင်ဌာနေ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ FAO ရုံးက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားစဉ်ကာလများအတွင်း Mr. Tang Zhengping က ပြည်တွင်းပြည်ပ မီဒီယာများ၏ မေးမြန်းချက်များကို ပွင့်ပွင့်လင်းလင်းဖြေကြားခဲ့ကြောင်း၊ ၎င်းအနေဖြင့် ကြက်ငှက်တုပ်ကွေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ပြည်သူလူထုအတွင်း ပျံ့နှံ့သိရှိရန် လိုအပ်သည်ကို သိရှိနားလည်သောကြောင့် မီဒီယာများအတွက် စိတ်ချယုံကြည်အားကိုးရသည့်သတင်းရင်းမြစ်တစ်ခုဟု ဆိုနိုင်ကြောင်း ပြည်တွင်းမီဒီယာအသိုင်းအဝိုင်းက သုံးသပ်ပြောဆိုခဲ့ကြသည်။

ကိုးစင်းမြောက် ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ)

နာမည်ကျော် ဧရာဝတီမြစ်ကူးတံတားကြီး တစ်စင်းဖြစ်သည့် အင်းဝ (စစ်ကိုင်း) တံတားကြီးအထက် ရေဆန်ဘက် ပေ ၂၀၀၀ အကွာတွင်တည်ဆောက်ထားသော ကိုးစင်းမြောက် ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ) ကို ဧပြီလ ၁၁ ရက်နေ့တွင်စတင်ဖွင့်လှစ်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်။

အဆိုပါမြစ်ကူးတံတားကြီးမှာ မန္တလေးတိုင်း အမရပူရမြို့နယ် ရွှေကြက်ယက်အနီး ခဝါတောင်ဆိပ်ကမ်းနှင့် စစ်ကိုင်းမြို့ တကောင်းရမ်ဆိပ်ကမ်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်သည်။ သံမဏိကုန်းဘောင်တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည်မှာ ၅၆၁၄ ပေရှိကြောင်း၊ ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၀.၉ သန်းဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

ကမ်းရိုးတန်း CDMA ဖုန်းများ စတင်အသုံးပြုခွင့်

မြန်မာနိုင်ငံရှိ ကမ်းရိုးတန်းဒေသများတွင်အသုံးပြုရန်အတွက် CDMA ဖုန်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မတ်လ ၂၇ ရက်နေ့မှစတင်၍ အသုံးပြုခွင့်ပေးခဲ့သည်။

အဆိုပါ CDMA ဖုန်းများကို ဟသံဘတ၊ ပုသိမ်၊ ဖျာပုံ၊ ရခိုင်၊ မန္တလေးတို့တွင် အလုံးရေအမြောက်အမြားထုတ်ပေးလျက်ရှိပြီး ယင်း 450 MHZ System သည် သီးခြား Station ဖြင့် လွှင့်ထုတ်သည့်အတွက် လောလောဆယ် စင်ကာပူမှတင်သွင်းသည့် AN 110 မော်ဒယ်လ်ဖြင့်သာ အသုံးပြု၍ရရှိပြီး ဆက်သွယ်မှုအားကောင်းသည့်အတွက် ယင်း Handset များ ပစ္စည်းပြတ်သည်အထိ ရောင်းအားကောင်းခဲ့သည်။

ကမ်းရိုးတန်းဒေသ CDMA Project ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ HUAWEI TECHNO-LO GIES (Myanmar) Co., Ltd. တို့ကပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၁၇ မြို့တွင် အသုံးပြုခွင့်ပေးခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီး ၄၀ တွင် CDMA ဖုန်းများ ယခုနစ်တွင် တပ်ဆင်မည့် စီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မေလ ၂ ရက်နေ့နှင့် ၃ ရက်နေ့တို့တွင် တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်အများဆုံးခံခဲ့ရသည့် ဧရာဝတီတိုင်းအောက်ပိုင်းဒေသများရှိ ကယ်ဆယ်ရေးစခန်းများသို့ အရေးပေါ်ဆက်သွယ်အသုံးပြုနိုင်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မကြာမီ ငှားရမ်းအသုံးပြုခွင့်ပေးတော့မည့် CDMA ဖုန်းများကို မုန်တိုင်းတိုက်ခတ်ပြီးတစ်ပတ်အကြာ၌ အရေးပေါ်တပ်ဆင်ပေးခဲ့ကြောင်း မေလ ၁၉ ရက်နေ့ထုတ် The Voice Weekly



တွင်ဖော်ပြထားသည်ကို တွေ့ရသည်။ အဆိုပါ CDMA ဖုန်းများ တပ်ဆင်ပေးခဲ့သည့် ဒေသများမှာ လပွတ္တာ၊ ပုသိမ်၊ ဒေးဒရဲနှင့် မော်လမြိုင်ကျွန်းမြို့တို့ ဖြစ်သည်။

အသံကြည်လင်ပြတ်သားမှုရှိပြီး Connection ကောင်းသည်ဟု ဈေးကွက်အတွင်းနာမည်ကြီးလျက်ရှိသည့် ကမ်းရိုးတန်းဒေသသုံး CDMA 450 MHz ဖုန်းများကို တစ်နိုင်ငံလုံးတွင် လိုင်းပေါင်း ၇၁၅၀၀ တပ်ဆင်အသုံးပြုမည်ဖြစ်ကြောင်း ဇွန်လ ၃၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့ရှိ မြို့နယ်ပေါင်း ၄၈ မြို့နယ်၌ CDMA 450 MHz ဖုန်းလိုင်းပေါင်း ၇၁၅၀၀ တပ်ဆင်မည်ဖြစ်ပြီး ပထမအဆင့် ဖုန်းလိုင်း ၅၇၀၀၀ ကို မေလ ၁ ရက်နေ့တွင် စမ်းသပ်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကာ CDMA 450 MHz ဖုန်းလိုင်းတစ်လိုင်းအတွက် ကတ်ထုတ်ဈေးမှာ ကျပ်တစ်ဆယ့်ငါးသိန်းငါးသောင်း ဖြစ်သည်။

မြန်မာမေဖလားဝါးဘဏ်နှင့် အာရှဓနဘဏ်တို့၏ ထုတ်ပြန်ကြေညာချက်များ

ယခင်မြန်မာမေဖလားဝါးဘဏ်လီမိတက်(တရားရုံးတော်အမိန့်ဖြင့် ဖျက်သိမ်းဆဲ) ၏ လာရောက်မထုတ်ယူသော အပ်နှံငွေအမျိုးမျိုးနှင့် အခြားပေးရန်ကျန်ငွေများကိုအထောက်အထားပြည့်စုံစွာဖြင့် ရန်ကုန်ကော်လိတွော်အရာရှိ (Collector of Yangon)၊ ဌာနမှူး၊ ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး (ရန်ကုန်တိုင်း) အမှတ် ၆၂ ၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ထဲတွင် လာရောက်တောင်းခံ/ထုတ်ယူနိုင်ကြောင်း ဇူလိုင်လ ၁၉ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာထားသည်ကို တွေ့ရသည်။ ထုတ်ပြန်ကြေညာသည့်နေ့မှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လာရောက်ထုတ်ယူခြင်းမရှိပါက နိုင်ငံ့ဘဏ္ဍာအဖြစ် ပေးသွင်းမည်ဖြစ်ကြောင်းလည်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

အလားတူ ယခင်အာရှဓနဘဏ်လီမိတက်(တရားရုံးတော်အမိန့်ဖြင့် ဖျက်သိမ်းဆဲ) ၏ လာရောက်မထုတ်ယူသော အပ်နှံငွေအမျိုးမျိုးနှင့် အခြားပေးရန်ကျန်ငွေများကိုအထောက်အထားပြည့်စုံစွာဖြင့် ရန်ကုန်ကော်လိတွော်အရာရှိ (Collector of Yangon)၊ ဌာနမှူး၊ ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး (ရန်ကုန်တိုင်း) အမှတ် ၆၂ ၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ထဲတွင် လာရောက်တောင်းခံ/ထုတ်ယူနိုင်ကြောင်း ဇူလိုင်လ ၂၂ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာထားသည်ကို တွေ့ရသည်။ ထုတ်ပြန်ကြေညာသည့်နေ့မှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လာရောက်ထုတ်ယူခြင်းမရှိပါက နိုင်ငံ့ဘဏ္ဍာအဖြစ် ပေးသွင်းမည်ဖြစ်ကြောင်းလည်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

အာဆီယံပဋိညာဉ်စာတမ်း မြန်မာအပါအဝင် အဖွဲ့ဝင်ခုနစ်နိုင်ငံ လက်မှတ်ရေးထိုး

အရှေ့တောင်အာရှ နိုင်ငံများတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများနားလည်လက်ခံမှု ပိုမိုခိုင်မာစေမည့် အာဆီယံပဋိညာဉ်စာတမ်းကို မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင် ခုနစ်နိုင်ငံ လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း အာဆီယံ၏ လက်ရှိဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်လျက်ရှိသူ စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက ဇူလိုင်လ ၁၈ ရက်နေ့က ပြောကြားလိုက်သည်။

အာဆီယံ ၁၀ နိုင်ငံအနက် ထိုင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်သုံးနိုင်ငံသာ ပဋိညာဉ်စာတမ်းအတည်ပြုလက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးကြောင်း၊ အဆိုပါနိုင်ငံများအနေနှင့် ယခုနှစ်ကုန်တွင် သဘောတူလက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီး၏ ပြောကြားချက်များတွင် ပါဝင်သည်။

အမျိုးသမီးလုပ်သား ပြည်ပစေလွှတ်မှု

ပြည်ပနိုင်ငံများသို့ အမျိုးသမီးအလုပ်သမားများစေလွှတ်ခြင်းကို စိစစ်တွေ့ရှိပါက ထိရောက်စွာအရေးယူမည်ဖြစ်သည်ဟု နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများထံသို့ ဇူလိုင်လအတွင်းက တရားဝင်အကြောင်းကြားစာပေးပို့ခဲ့သည်။

အဆိုပါအကြောင်းကြားစာတွင် ဆော်ဒီအာရေဗျနိုင်ငံနှင့် အခြားအာရပ်နိုင်ငံများတွင် အိမ်ဖော်အဖြစ်သွားရောက်အလုပ်လုပ်ကိုင်နေကြသော အာရှတိုက်မှ အမျိုးသမီးများမှာ ဆိုးဝါးသောဒုက္ခ၊ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည်ဟု သတင်းရရှိထားသောကြောင့် အေဂျင်စီများအနေဖြင့် အမျိုးသမီးအလုပ်သမားများစေလွှတ်ခြင်းမပြုရန်နှင့် ထိုသို့စေလွှတ်သည့်သတင်းများရရှိပါက အလုပ်သမားဝန်ကြီးဌာနသို့ တိုင်ကြားနိုင်ကြောင်း၊ ယင်းအကြောင်းကြားစာကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက စာအမှတ် ၃/၂၇/အလည (လုပ်–၃) ၂၀၀၈၊ ရက်စွဲ ဇူလိုင် ၉

ရက်၊ ၂၀၀၈ ခုနှစ်ဖြင့် အလုပ်သမားဝန်ကြီးဌာန၏ ၇-၇-၂၀၀၈ ရက်စွဲပါစာအမှတ် ၄/၁၆-အလ (ခွဲ-ခ) ၂၀၀၈ (၂၄၄၁) ကို ရည် ညွှန်း၍ အေဂျင်စီများထံ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည် ကိုတွေ့ရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ခေါ်ယူသတိပေးခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၂၂ ရက်စွဲဖြင့်ထုတ်ပြန်သော အထူးကြေညာချက်အမှတ် ၁၈/၀၉/၀၈ နှင့်ပတ်သက်၍ အဆိုပါအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌဦးအောင်ရွှေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်ငါးဦးကို စက်တင်ဘာလ ၂၅ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့်အဖွဲ့က ခေါ်ယူတွေ့ဆုံသတိပေးပြောကြားခဲ့ကြောင်း စက်တင်ဘာလ ၂၆ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာထားသည်ကို တွေ့ရသည်။

ယန္တရားစက်ရုံ (သာဂရ)

ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ သာဂရစက်မှုဇုန်တွင်တည်ရှိပြီး တစ်နှစ်လျှင် မြင်းကောင်ရေ ၂၂၀ အားရှိ SD 22-M အမျိုးအစား မြေထိုးစက် အစီး ၁၀၀ နှင့် မြင်းကောင်ရေ ၁၆၉ ကောင်အားရှိ SC 220 ဒသမ 7M အမျိုးအစား မြေတူးစက် အစီး ၂၀၀ ထုတ်လုပ်နိုင်မည့် မြေထိုး၊ မြေတူး ယန္တရားထုတ်လုပ်မှုစက်ရုံ (သာဂရ) ကို ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

အမှတ် (၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းလက်အောက်တွင် တည်ရှိသည့် အဆိုပါစက်ရုံတည်ဆောက်ရေးလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shantui Construction Machinery Co., Ltd. က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သိန်းထောင်သောင်းချီပေါက်ဈေးရှိ မင်းဓမ္မအိမ်ရာကွန်ဒို များ

ထိပ်တန်းစီးပွားရေးကုမ္ပဏီတစ်ခုဖြစ်သည့် ထူးကုမ္ပဏီပိုင် မင်းဓမ္မအိမ်ရာစီမံကိန်းမှ ပြည်တွင်းကွန်ဒို နှင့် လုံးချင်းအိမ်ရာဈေးကွက်အတွင်း အမြင့်ဆုံး စံချိန်တင်လောက်သည့် ပေါက်ဈေးများဖြင့် အောက်တိုဘာလဆန်းပိုင်းက စတင်ရောင်းချခဲ့သည်။

အရစ်ကျငွေချေစနစ်ဖြင့်လည်းဝယ်ယူနိုင်ပြီး ကျသင့်ငွေကို ၁၀ ရစ်ခွဲပေးနိုင်သည့် အဆိုပါစီမံကိန်းတွင် လမ်းမျက်နှာစာတန်းကွန်ဒိုတိုက်ခန်းတစ်ခန်းလျှင် ကျပ် သိန်း ၂၂၀၀၊ အနောက်ဘက်တန်းကွန်ဒိုတိုက်ခန်းတစ်ခန်းလျှင် ကျပ်သိန်း ၁၉၉၀၊ မျက်နှာစာတန်းလုံးချင်းအိမ်ရာတစ်လုံးလျှင် ငွေကျပ် သိန်း ၈၅၀၀၊ အနောက်ဘက်တန်းလုံးချင်းအိမ်ရာ တစ်လုံးလျှင် ငွေကျပ် သိန်း ၈၀၀၀ ဖြင့်ရောင်းချလျက်ရှိသည်။ အဆိုပါအိမ်ရာစီမံကိန်းတွင် လုံခြုံရေး

အပါအဝင် အခြားဝန်ဆောင်မှုအများအပြားပါဝင်မည်ဖြစ်ပြီး အထူးသဖြင့် တယ်လီဖုန်းလိုင်းတစ်လိုင်းကို ကျပ် ၂၅ သိန်းနှုန်းနှင့်ဝန်ဆောင်စရိတ်ပေါင်းပြီး သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကုမ္ပဏီက တရားဝင်ထုတ်ပြန်ကြေညာထားသည်။

ရန်ကုန်လေဆိပ်တွင် အရေးပေါ်ဆင်းသက်ခဲ့ရသည့် ပါကစ္စတန် PIA လေယာဉ်

ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့သို့ ပျံသန်းလာသော ပါကစ္စတန်အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း PIA မှ လေယာဉ်အမှတ် PK 893 သည် ပျံသန်းစဉ်စက်ချို့ယွင်းမှုကြောင့် နိုဝင်ဘာလ ၁ ရက်နေ့ ည ၁၀ နာရီအချိန်ခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အရေးပေါ်ဆင်းသက်ခဲ့ရသည်။

အဆိုပါလေယာဉ် ရန်ကုန်လေဆိပ်သို့အရေးပေါ်ဆိုက်ရောက်ချိန်တွင် နောက်ထပ် ၁၅ မိနစ်စာသာ အောက်ဆီဂျင်ကျန်ရှိတော့ကြောင်းနှင့် လေယာဉ်ပေါ်တွင် ခရီးသည် ၁၂၀ ဦးနှင့် လေယာဉ်ဝန်ထမ်း ၁၂ ဦးလိုက်ပါလာခဲ့သည်။ လေယာဉ်ပေါ်တွင်ပါလာသောခရီးသည်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးရှိ Season ဟိုတယ်တွင် တည်းခိုရန်စီစဉ်ပေးခဲ့ပြီး PIA လေကြောင်းလိုင်းမှ နောက်ထပ်လေယာဉ်တစ်စီး နိုဝင်ဘာလ ၂ ရက်နေ့တွင် ရောက်ရှိလာကာ ခရီးသည်များကို ပြန်လည်ခေါ်ဆောင်သွားခဲ့သည်။

ပျော်ဘွယ် - ဘုရားငါးဆူ ရထားလမ်းသစ်

ရှမ်းပြည်နယ် (တောင်ပိုင်း) သို့ ဝင်ရောက်ရာ အဓိကရထားလမ်းဖြစ်သော သာစည်-ဘုရားငါးဆူ-ရွှေညောင်ရထားလမ်းနေရာတွင် မြန်မာ့မီးရထားက ၁၆ ဒသမ ၁၉ မိုင်ရှည်လျားသည့် ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်းသစ်ကို ထပ်မံတိုးချဲ့ဖောက်လုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့က ဖွင့်လှစ်ခဲ့ရာ မူလရထားလမ်းအရှည်ထက် ၁၅ ဒသမ ၅၆ မိုင်ခန့် ခရီးကျုံ့သွား

သဖြင့် ရထားပို့ဆောင်ရေးကဏ္ဍအတွက် သမိုင်းမှတ်တိုင်သစ်တစ်ရပ် စိုက်ထူလိုက်ခြင်းပင် ဖြစ်သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) သို့သွားလိုပါက သာစည်အထိ ရထားစီးစရာမလိုတော့ဘဲ ခရီးကျုံ့ပြီး ပျော်ဘွယ်–ဘုရားငါးဆူ ရထားလမ်းမှတစ်ဆင့် အချိန်တိုအတွင်း သွားရောက်နိုင်ပြီဖြစ်သည်။ ယင်းရထားလမ်းသစ်ဖောက်လုပ်နိုင်မှုကြောင့် နေပြည်တော်–ပျော်ဘွယ်–ဘုရားငါးဆူ–ရွှေညောင်ရထားလမ်းမှတစ်ဆင့် ရွှေညောင်–တောင်ကြီး–နန့်စန်–မိုးနဲသို့ပါ အချိန်တိုအတွင်း သွားရောက်နိုင်ပြီး နောင်တွင် နန့်စန်–ကျိုင်းတုံရထားလမ်းနှင့် ဆက်စပ်ကာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံအထိလည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့အထိလည်းကောင်း သွားလာနိုင်မည်ဖြစ်သည်။

ယင်းရထားလမ်းသစ် ဖောက်လုပ်နိုင်မှုကြောင့် မြန်မာ့မီးရထားက နေပြည်တော် ပျဉ်းမနားမှ ရွှေညောင်သို့ အမှတ် (၁၄၇) အဆန်နှင့် (၁၄၂) အစုန်ရထားနှစ်စီး၊ လွိုင်ကော်သို့ အမှတ် (၁၄၁) အဆန်နှင့် အမှတ် (၁၄၈) အစုန်ရထားနှစ်စီးတို့ကို ဒီဇယ်ဘာလ ၁ ရက်နေ့မှစတင်၍ အသီးသီးတိုးချဲ့ပြေးဆွဲခဲ့ရာ စီးနင်းလိုက်ပါသူ ခရီးသည်များပြားပြီး စီးရေနှင့် ခရီးလမ်းကြောင်းတိုးချဲ့နိုင်မှုနည်းပါးလှသော မြန်မာ့မီးရထားအတွက် မှတ်တိုင်တစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ၁၉၈၈ ခုနှစ် မတိုင်မီက ရထားလမ်းအရှည် စုစုပေါင်း ၁၉၇၆ ဒသမ ၃၅ မိုင်ရှိခဲ့ရာမှ ယခုအခါ ပျော်ဘွယ်–ဘုရားငါးဆူရထားလမ်းသစ်အပါအဝင် ရထားလမ်းအရှည်စုစုပေါင်း ၃၂၀၃ ဒသမ ၀၅ မိုင်အထိ တိုးချဲ့ဖောက်လုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ်အတွင်း နေပြည်တော်ကို ဗဟိုပြု၍ ရန်ကုန်၊ မန္တလေး၊ ပြည်၊ မြင်းခြံ၊ မော်လမြိုင်၊ ချောက်မြို့များသို့ ရထားခရီးစဉ်သစ်များကို တိုးချဲ့ပြေးဆွဲနိုင်ခဲ့ကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရှိရသည်။

ဆန်ဈေးကွက်

၂၀၀၈ ခုနှစ်အတွင်း ဆန်ဈေးကွက်၏ထူးခြားချက်မှာ နာဂစ်ကြောင့် ဆန်ဈေးနှုန်းများတက်မည်ဟု ဆန်လောကသားများနှင့် စားသုံးသူများပါ တွေးသိထားကြသော်လည်း ဆန်ဈေးနှုန်းများသည် သိသိသာသာအပြောင်းအလဲမရှိဘဲ တည်ငြိမ်နေခဲ့သည်။

၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆန်တန်ချိန် သုံးသိန်းခန့် ပြည်ပသို့ တင်ပို့ခွင့်ပြုခဲ့သော်လည်း မေလ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ဆန်တင်ပို့မှုကို ရပ်ဆိုင်းထားခဲ့သည်။ ၂၀၀၈ ခု ကောက်သစ်ပေါ်ချိန် ကုမ္ပဏီလုပ်ငန်းလိုင်စင်ရှိသည့် ကုမ္ပဏီများအနေဖြင့် လက်ဝယ် (In Hand) တွင် ဆန်တန်ချိန် ၂၀၀၀၀ (ဆန်အိတ် နှစ်သိန်းခန့်) ပြသနိုင်ပြီး ဆန်ရောင်းရငွေ၏ ၁၀ ရာခိုင်နှုန်းကို အခွန်ပေးဆောင်လျှင် လွတ်လွတ်လပ်လပ်တင်ပို့ခွင့်ပြုခဲ့သည်။

ထို့ပြင် ယခင်က ပြည်ပသို့ ဆန်တင်ပို့ခွင့်ကို ပုံမှန်ကုန်သွယ်ရေးဖြင့်သာ ခွင့်ပြုခဲ့သော်လည်း ယခုနှစ်တွင် ပုံမှန်ကုန်သွယ်ရေးသာမက နယ်စပ်ကုန်သွယ်ရေးကပါ တင်ပို့ရောင်းချခွင့်ပြုခဲ့သည်။ ယခုနှစ် အောက်တိုဘာလကုန်အထိ ဆန်တန်ချိန် တစ်သိန်းခုနစ်သောင်းကျော် တင်ပို့ရောင်းချခဲ့ပြီးဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ထွန်တုံးပိတ်ချိန် ရူလိုင်၊ ဩဂုတ်လများ၌ ယခင်နှစ်ကကဲ့သို့ ဆန်ဈေးနှုန်းကို သတ်မှတ်ရောင်းချခြင်းမပြုလုပ်ကြောင်း၊ ယခုနှစ်တွင် ဒေသအလိုက် ဆန်ဖူလုံမှုရှိနေ၍ ရန်ကုန်တိုင်းမှ နယ်သို့ ဆန်အထွက်ကို စောင့်ကြည့်ကြီးကြပ်မှုများရှိသကဲ့သို့ ပြည်နယ်တစ်နယ်အတွင်းရှိ မြို့နယ် တစ်မြို့နယ်သို့ ဆန်စီးဆင်းမှုကို ကြီးကြပ်မှုပြုလုပ်ခဲ့သည်။ ဥပမာ–ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်မှ ဆန်များသည် နမ့်ဆန်မြို့နယ်သို့သွားလျှင် ခွင့်ပြုချက်ရယူရသည်။

ယခုနှစ် အောက်တိုဘာလအတွင်း အစိုးရက ပြည်ပသို့ ဆန်တင်ပို့ခွင့်ပြုရာတွင် ထူးခြားမှုမှာ ယခင်ကကဲ့သို့ ပမာဏကန့်သတ်မှုမရှိခြင်း၊ မည်သူမဆို လိုင်စင်လျှောက်ထားနိုင်ခြင်းနှင့် ယခင်က ထောက်ခံချက် အများအပြားရယူရသော လုပ်ထုံးလုပ်နည်းများကို ဖယ်ရှားပေးလိုက်ခြင်းတို့ဖြစ်သည်။

အလားတူ ၂၀၀၆ ခုနှစ်တွင်းက ပြည်နယ်နှင့်တိုင်းဒေသများသို့ တင်ပို့ရာတွင် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ တင်ပြရသော ထောက်ခံချက်ကို ရန်ကုန်အထွက်စစ်ဆေးရေးဂိတ်များတွင် မစစ်ဆေးတော့ဘဲ ပြန်လည်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဆန်း ပြည်ပဆန်တင်ပို့ခွင့်ကို သက်ဆိုင်ရာက ခွင့်ပြု

မ.ထ.သ အထူးယာဉ်လိုင်းသစ်များ

၂၀၀၈ ခုနှစ်အတွင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မ.ထ.သ) ရန်ကုန်တိုင်းက ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်လိုင်းအချို့ကို အထူးယာဉ်လိုင်းသစ်များတိုးချဲ့ပြောင်းဆွဲခဲ့ရာ ရန်ကုန်မြို့တော်ခရီးသည်ပို့ဆောင်ရေးကဏ္ဍအတွက် သမိုင်းမှတ်တိုင်တစ်ရပ်ဟုဆိုရမည်ဖြစ်သည်။ ခရီးလမ်းကြောင်း ကွာဝေးပြီးစီးနင်းလိုက်ပါသူခရီးသည်ဦးရေများပြားသည့် အမှတ် (၄၈)၊ (၄၃)၊ (၂၀၂) နှင့် (၃၉) ယာဉ်လိုင်းတို့တွင် အဆိုပါအထူးယာဉ်လိုင်းသစ်စီးတီးဘတ်စ်များကို တိုးချဲ့ပြောင်းဆွဲခဲ့ခြင်းဖြစ်ပြီး ခရီးသည်တစ်ဦးလျှင် ယာဉ်စီးခပုံသေ ၂၀၀ ကျပ်သတ်မှတ်ထားကာ မတ်တတ်ရပ်ခရီးသည်မတင်ဘဲ သက်သောင့်သက်သာဖြင့် အချိန်တိုအတွင်းလိုရာခရီးသွားရောက်နိုင်သဖြင့် ခရီးသည်များ နှစ်ခြိုက်ခဲ့ကြသည်။

ယခုအခါ မထသလက်အောက်တွင် အထူးယာဉ်လိုင်းလေး လိုင်း၊ စီးတီးဘတ်စ်ယာဉ်လိုင်း ၄၆ လိုင်း၊ မီနီဘတ်စ်ယာဉ်လိုင်း ငါးလိုင်း၊ ဘီအမ်ယာဉ်လိုင်းငါးလိုင်း၊ ကေအမ်ယာဉ်လိုင်းတစ်လိုင်း၊ စစ်ကျန်ဘတ်စ်ယာဉ်လိုင်း ၂၁ လိုင်း၊ ခိုင်နာ (ကားလတ်) ယာဉ်လိုင်း ၃၅ လိုင်း၊ ဟိုင်းလပ်စ်ယာဉ်လိုင်း ၁၀ လိုင်း၊ စုစုပေါင်းယာဉ် လိုင်း ၁၂၇ လိုင်းက ယာဉ်စီးရေ ၂၄၈၇ စီးဖြင့် ရန်ကုန်မြို့တွင်း ခရီးသည် နှစ်သန်းကျော်ကို နေ့စဉ်သယ်ယူပို့ဆောင်ပေးလျက်ရှိ သည်။

စဉ်	ယာဉ်လိုင်းအမည်	စတင်ပြောင်းဆွဲသည့်နေ့	ခရီးစဉ်	စီးရေ
၁။	၄၈	၁-၆-၂၀၀၈	အင်းစိန်ရွာမမှ ဘုရင့်နောင်လမ်း-ဗဟိုလမ်း-အင်းစိန်ဘူတာရုံလမ်း-အင်းစိန်လမ်း-ပြည်လမ်း-ဘုန်းကြီးလမ်း-မဟာဗန္ဓုလလမ်း-သိမ်ဖြူလမ်း-ဗိုလ်တထောင်ဘုရားအထိ။	၅၃ စီး
၂။	၄၃	၂၃-၈-၂၀၀၈	မင်္ဂလာဒုံခရေပင်ရိပ်မွန်အိမ်ရာမှ ခရေပင်လမ်း အမှတ် (၃) လမ်းမကြီး-သုခမ္မာလမ်း-တံတားလေးလမ်း၀-ကမ္ဘာအေးစေတီလမ်း-အလံပြဘုရားလမ်း-ဆူးလေဘုရားလမ်း-ကုန်သည်လမ်း-ဘုန်းကြီးလမ်းအထိ။	၄၀ စီး
၃။	၂၀၂	၁-၁၁-၂၀၀၈	ဒဂုံတက္ကသိုလ်မှ ဗိုလ်မှူးဗထူးလမ်း-သုခမ္မာလမ်း-နဝဒေးလမ်းဆုံ-ကမ္ဘာအေးစေတီလမ်း-ကျိုက်ဝိုင်းဘုရားလမ်း-ဘုရင့်နောင်လမ်း-အောက်မင်္ဂလာဒုံလမ်း-အမှတ်(၄) လမ်းမကြီး-ကွန်ပျူတာတက္ကသိုလ်အထိ။	၄၀ စီး
၄။	၃၉	-၁၂-၂၀၀၈	အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောက်ကုန်း-ဆူးလေ-သီရိမင်္ဂလာဈေးအထိနှင့် သီရိမင်္ဂလာဈေးမှ ကမ်းနားလမ်း-ပန်းလှိုင်လမ်း-မဟာဗန္ဓုလလမ်း-သံသုမာလမ်း(သုဝဏ္ဏ)-ငမိုးရိပ်ဈေး-အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်အထိ။	၄၀ စီး

ခဲ့ပြီးနောက် ပထမဆုံးအသုတ်အနေဖြင့် ဆန်တန်ချိန်ခြောက်သောင်းကျော်ကို တင်ပို့ရန် လိုင်စင်ခွင့်ပြုပေးခဲ့သည်။

၂၀၀၈ မြန်မာ့ခရီးသွားလုပ်ငန်း

၂၀၀၈ ခုနှစ်အတွင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကို အပြုသဘောဆောင်သောရှုထောင့်မှ သုံးသပ်ပါက မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်တိုးတက်ရေးအတွက် ဆယ်စုနှစ်အတွင်း အတားအဆီးတစ်ခုသဖွယ်ဖြစ်နေသော လုပ်ထုံးလုပ်နည်းများကို လျှော့ချနိုင်ရန် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းညှိနှိုင်းလာသည်ကို ထင်ထင်

ရှားရှားတွေ့မြင်ရသောနှစ်ဟု ဆိုရမည် ဖြစ်သည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလနှင့် ယခုနှစ်မေလနှာဂစ်မုန်တိုင်းအကျိုးဆက်ကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းကျဆင်းလာခဲ့ရပြီး အဆိုပါအခက်အခဲများကို ပြေလည်စေရန် ယခုနှစ်ခရီးသွားရာသီမစတင်ခင် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်တိုးတက်ရေးအတွက် ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အရာထမ်းများနှင့် ဟိုတယ်နှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာလ ၉ ရက်နေ့က ကျင်းပသော ယင်းအစည်းအဝေးတွင် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်က ခရီးသွားလုပ်ငန်းရုတ်တရက်ကျဆင်းသည့်အတွက် ပြည်သူများဝင်ငွေလျော့နည်းထိခိုက်မှုရှိသည်ကို တွေ့ရပြီး အစိုးရပိုင်းက ဖြေလျှော့မှုများကို တစ်ဆင့်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်က ယင်းနေ့ပုဂ္ဂလိကက ကြိုတင် တင်ပြလာသော အခက်အခဲများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ကြီးများနှင့် ညှိနှိုင်းပေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်း လမ်းညွှန်ပေးခဲ့သည်။

– ပြည်ဝင်ခွင့်ဗီဇာနှင့်ပတ်သက်၍ ဝန်ကြီးချုပ်က မိမိတို့နိုင်ငံနှင့်ပတ်သက်၍ အကောင်းမြင်သည့်နိုင်ငံသုံးနိုင်ငံ၊ လေးနိုင်ငံခန့်မှစတင်၍ ဆိုက်ရောက်ဗီဇာ (Visa on arrival) စနစ် ထုတ်ပေးရန်။

– ကန့်သတ်နယ်မြေများအတွင်း သွားလာခွင့်နှင့်ပတ်သက်၍ ရန်ကုန်နယ်နိမိတ်အတွင်းရှိ သန်လျင်၊ ကျောက်တန်းဧရိယာများကို လွတ်လပ်စွာသွားလာခွင့်ပေးရန်။

– မြန်မာနိုင်ငံအတွင်း ကျန်ခရီးစဉ်ဒေသများကို တဖြည်းဖြည်းချင်းလျှော့ပေါ့ကာ ပိုမိုခွင့်ပြုသွားရန်။

– ဟိုတယ်များတွင် တာဝန်နှင့်သတင်းအရ စစ်ဆေးခြင်းမှလွဲ၍ ဧည့်သည်များ စိတ်အနှောင့်အယှက်ဖြစ်စေမည့် မလိုလားအပ်သောစစ်ဆေးမှုများ ရှောင်ရှားရန်၊ ဧည့်စာရင်းများကို အနည်းဆုံး တစ်နေရာတည်းပေးပို့သည့်စနစ်ဖြင့် ဆောင်ရွက်ရန်။

– Board of Authority (အာဏာပိုင်အဖွဲ့) တစ်ခုကို ဖွဲ့စည်း၍ ထိုအဖွဲ့မှ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးရန် စသည်ဖြင့် ညွှန်ကြားခဲ့သည်။

ယင်းနေ့အစည်းအဝေးတက်ရောက်ခဲ့သူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းကလည်း လိုအပ်သော အခွန်အခများပေးချေပြီးနောက် ရရှိသည့် အသားတင်ဝင်ငွေကို Export Earning အဖြစ် ဆောင်ရွက်ပေးပါမည်ဟုလည်း ပြောကြားခဲ့သည်။

ယင်းနေ့အစည်းအဝေးနောက်ပိုင်း မြန်မာ့ခရီးသွားလုပ်ငန်းရှင်အချို့က ထိုအစည်းအဝေးကို ရလဒ်ထွက်သောအစည်းအဝေးအဖြစ် မှတ်ချက်ပေးပြောကြားခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်များကို မကြာမီစတင်နိုင်မည်ဟုလည်း မျှော်လင့်ခဲ့ကြသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက်မြှင့်တင်ရေးများ ဆောင်ရွက်သည့် Myanmar Marketing Committee (မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီ) မှ တာဝန်ရှိသူတစ်ဦးကမူ ဆိုက်ရောက်ဗီဇာနှင့် အခြားလုပ်ထုံးလုပ်နည်းများ လျှော့ချပေးရန် ဝန်ကြီးဌာနများအလိုက် သဘောတူခဲ့သည့်တိုင် အကောင်အထည်ဖော်ရာတွင် ခရီးသွားရာသီစတင်သည့် အောက်တိုဘာလကုန် အထိနှောင့်နှေးမှုရှိသည်ဟု ရန်ကုန်တွင်ကျင်းပသည့် စီးပွားရေးဖိုရမ်တစ်ခုတွင် ထည့်သွင်းပြောကြားခဲ့သည်။

အောက်တိုဘာလနောက်ပိုင်း ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်ခဲ့သော စီးပွားရေးကပ်ကြီးနှင့် နိုဝင်ဘာ ၂၆ ရက်နေ့တွင် စတင်ခဲ့သော ထိုင်းလေဆိပ်အရေးအခင်းများသည် မြန်မာ့ခရီးသွားလုပ်ငန်းကိုပါ ဆင့်ပွားအကျိုးသက်ရောက်စေပြီး အထူးအထိနာခဲ့ရသည်။

မြန်မာနိုင်ငံနှင့် ဘန်ကောက်လေဆိပ်ကြား ပုံမှန်ပျံသန်းနေသည့် လေကြောင်းလိုင်းများအား လုံး ရပ်ဆိုင်းခဲ့ရပြီး ရန်ကုန်တွင် ကမ္ဘာလှည့်ခရီးသည်တစ်ထောင်ကျော်ခန့် သောင်တင်နေခဲ့ကြသည်။

ထူးခြားမှုတစ်ရပ်အနေဖြင့် ရန်ကုန်–ဘန်ကောက်ပျံသန်း

ပြေးဆွဲမှုရပ်နားထားသော ပြည်တွင်းတိုင်းရင်းသားပိုင် Air-Bangan လေကြောင်းလိုင်းက မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာရန် အခက်အခဲရှိနေသည့် ကမ္ဘာလှည့်ခရီးသည် ၃၆ ဦးကို တင်ဆောင်၍ သုဝဏ္ဏဘူမိလေဆိပ်အစား ယာယီဖွင့်လှစ်ထားသည့် အူတာပေါင် (ထိုင်း) လေဆိပ်သို့ ရန်ကုန်မြို့တော်မှ ပထမဆုံးပျံသန်းပေးခဲ့သည်။

၂၀၀၈ ခုနှစ်အတွင်း ထူးခြားသော ဖြစ်စဉ်များမှာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ကျွမ်းကျင်ဝန်ထမ်းအများအပြားသည် ဟိုတယ်ခရီးသွားလုပ်ငန်းကိုစွန့်ခွာကာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြခြင်း၊ အခြားအသက်မွေးဝမ်းကျောင်းများသို့ ပြောင်းရွှေ့လုပ်ကိုင်ကြခြင်းတို့ ဖြစ်သည်။

အခြားထူးခြားဖြစ်စဉ်တစ်ခုမှာ နာဂစ်မုန်တိုင်းသင့်ဒေသသို့ သွားရောက်လိုသူ ကမ္ဘာလှည့်များအတွက် Exotissimo ကုမ္ပဏီက အထူးခရီးစဉ်အဖြစ် စီစဉ်ပေးမည်ဆိုသည့် အချက်ပင်ဖြစ်သည်။

နိုဝင်ဘာလ ၁၃ ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ၂၀၀၈ အောက်တိုဘာလအတွင်း နိုင်ငံခြားသားခရီးသည် ၇၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ရာ ခရီးသည် ၇၂၀ ဦးသို့ ဆိုက်ရောက်ဗီဇာထုတ်ပေးခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက တရားဝင်သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ ဖော်ပြပါရှိသည်။

၂၀၀၈ အောက်တိုဘာလအတွင်း ကမ္ဘာလှည့်ခရီးသည် ၇၄၈၄ ဦး လာရောက်လည်ပတ်ခဲ့ပြီး အများစုမှာ တရုတ်နှင့် ထိုင်းနိုင်ငံသား၊ အာရှနိုင်ငံသားများဖြစ်ကြောင်း ယင်းသတင်းတွင် ဖော်ပြပါရှိသည်။

၂၀၀၈ ခုနှစ် နာဂစ်နှင့် ပြည်တွင်းရေကြောင်း

မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသ၌ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့တွင် တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲရှိ စက်ရှိ စက်မဲ့ ရေယာဉ်စုစုပေါင်း ၂၈ စီး နစ်မြုပ်ခဲ့ပြီး ၃၂ စီး ကမ်းတင်ခဲ့သည်။ နစ်မြုပ်ခဲ့သောရေယာဉ်များမှာ ရန်ကုန်

တိုင်းအတွင်း ၂၆ စီးနှင့် ဧရာဝတီတိုင်းအတွင်း နှစ်စီး ဖြစ်သည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သင်္ဘောများ ပြန်လည်ပြေးဆွဲပေးခြင်းကို မေလ ၅ ရက်နေ့တွင် စတင်ဆောင်ရွက်နိုင်ခဲ့ပြီး မေလ ၂၀ ရက်နေ့တွင် ပြည်တွင်းရေကြောင်းမြစ်ဝကျွန်းပေါ်ဌာနရှိ လိုင်းပေါင်း ၂၀ ကို ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးနိုင်ခဲ့သည်။ ယင်းကဲ့သို့ ပြန်လည်ပြေးဆွဲပေးနိုင်ရန် လိုအပ်သည့်သင်္ဘော ၁၁ စင်းကို အညာဒေသမှ ခေါ်ယူပြေးဆွဲပေးခဲ့ရသည်။ ခရီးသည်နှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ပေးခြင်းမှာလည်း နာဂစ်နောက်ပိုင်း အနည်းငယ်သာကျဆင်းသွားပြီး နှစ်လခန့်အကြာ၌ ပုံမှန်နီးပါးဖြစ်လာခဲ့သည်။ ကုန်စည်စီးဆင်းမှုတွင် နာဂစ်နောက်ပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကြောင့် ရန်ကုန်မှတင်ပို့သည့်ပစ္စည်းများကို အများဆုံးတင်ပို့ခဲ့ရပြီး ယခင်တင်ပို့ခဲ့ရသည့်ကုန်ပစ္စည်းဖြင့် နှိုင်းယှဉ်ပါက နှစ်ဆခန့် ပိုမိုတင်ပို့ခဲ့ရသည်။

နစ်မြုပ်နေသော စက်ရှိ၊ စက်မဲ့ရေယာဉ်များကိုလည်း မေလ ၂၈ ရက်နေ့၌ စတင်ဆယ်ယူခဲ့ရာ နိုဝင်ဘာလ ၁၂ ရက်နေ့အထိ စုစုပေါင်း ၂၂ စင်းကို ဆယ်ယူနိုင်ခဲ့ပြီး ကမ်းတင်ခဲ့သောသင်္ဘောများကိုလည်း ပြန်လည်ရေချပေးနိုင်ခဲ့သည်။ နိုဝင်ဘာ ၁၃ ရက်နေ့အထိ သယ်ယူရန်ကျန်ရှိနေသေးသောရေယာဉ်နှင့် တွဲယာဉ်အရေအတွက်မှာ ရန်ကုန်တိုင်း၌ လေးစင်း၊ ဧရာဝတီတိုင်း၌ နှစ်စင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်အတွင်း တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေယာဉ်နစ်မြုပ်မှုသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ၏ ရေယာဉ်နစ်မြုပ်မှုသမိုင်းတွင် စံချိန်တင်ခဲ့သည်။

ပျက်စီးသွားသည့်သင်္ဘောများ ပြန်လည်ပြင်ဆင်စရိတ်မှာ ကျပ်သိန်း ၆၀ မှ ကျပ်သိန်း ၂၀၀ နှင့်အထက် ရှိ၏။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ၌ စက်ရှိရေယာဉ် ၉၄ စီး၊ စက်မဲ့ရေယာဉ် ၂၅ စီး၊ ကုန်ပို့ဌာနခွဲ၌ စက်ရှိရေယာဉ် ၉၆ စီးနှင့် စက်မဲ့ရေယာဉ် ၁၂၃ စီး စုစုပေါင်း ၃၃၈ စီးရှိပြီး ရေယာဉ်တစ်စီးတန်ဖိုးနှုန်းထားမှာ အနည်းဆုံးကျပ်သိန်းတစ်ထောင်မှ ကျပ်သိန်းနှစ်သောင်းအထိရှိသည်ဟု ယင်းဌာနထံမှ စုံစမ်းသိရှိရသည်။

အယ်ဒီတာအဖွဲ့

၂၀၀၈ ခုနှစ် မှတ်တိုင်များ

(လူမှုရေး)

အယ်ဒီတာအဖွဲ့

အခြေခံပညာကဏ္ဍ

နာဂစ်ဆိုင်ကလုန်း တိုက်ခတ်မှုဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသော မြို့နယ် ကိုးမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူကျောင်းသားများ ကျောင်းအပ်နှံနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက စရိတ်ကျခံတာဝန်ယူခဲ့ခြင်းမှာ ၂၀၀၈ ခုနှစ် အခြေခံပညာကဏ္ဍအတွက် သမိုင်းမှတ်တိုင်တစ်ရပ် ဖြစ်ခဲ့သည်။ ယင်းမှန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် အခြေခံပညာမူလတန်းကျောင်း ၁၇၇၈ ကျောင်း၊ အလယ်တန်းကျောင်း ၁၆၆ ကျောင်းနှင့် အထက်တန်းကျောင်း ၁၂၉ ကျောင်း ပျက်စီးဆုံးရှုံးခဲ့ပြီး စုစုပေါင်း ကျပ် ၁၁၆ ဘီလီယံကျော်ခန့် ဆုံးရှုံးခဲ့ရကြောင်း သုံးပွင့်ဆိုင် ဗဟို အဖွဲ့ (TCG) ၏ ထုတ်ပြန်ချက်တွင် Post-Nargis Joint Assessments (PONJA) အစီရင်ခံစာ ဖော်ပြပါရှိသည်။ ယင်းကဲ့သို့ ကျောင်းများပျက်စီးဆုံးရှုံးခဲ့မှုကြောင့် ကျောင်းအပ်နှံပညာသင်ကြားသည့်ရက်ကို ဇွန်လ ၁ ရက်နေ့အစား ဇူလိုင်လ ၁ ရက်နေ့သို့ ရွှေ့ဆိုင်းသတ်မှတ်ခဲ့ပြီး အချိန်မီပညာပြန်လည်သင်ကြားနိုင်ရေးအတွက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) အပါအဝင် INGO များ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် စေတနာရှင်များက ယာယီကျောင်းအဆောက်အအုံဆောက်လုပ်ရန် Shelter များ၊ တာပေါ်လင်စများ၊ ကျောင်းသုံးပရိဘောဂများ၊ စာအုပ်၊ ဘောလ်ပင်၊ လွယ်အိတ်စသည်တို့ကို အင်တိုက်အားတိုက်ပံ့ပိုးလှူဒါန်းခဲ့ကြသည်။

ထို့အပြင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်အဆိုးရွားဆုံးခံစားခဲ့ရသည့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း မြို့နယ်ကိုးခုရှိ ပညာဆက်လက်သင်ယူရန် အခက်အခဲကြုံတွေ့နေသော တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသူကျောင်းသား ၃၀၀၀ ဦးကျော်ကို Development Assistance Programme (DAP) အဖွဲ့အစည်းက ပညာဒါနအခမဲ့သင်ကြားပို့ချပေးလျက်ရှိရာ ၂၀၀၈ ခုနှစ် အခြေခံပညာကဏ္ဍအတွက် အထူးခြားဆုံးပညာဒါနအစီအစဉ်ပင် ဖြစ်သည်။

ရန်ကုန်မြို့ နာဂလိုဏ်ဂုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပဒုကကောဝိဒ ဘဒ္ဒန္တ ဇောရာဘိဝံသ၏ ဦးစီးမှုဖြင့် စေတနာ့ဝန်ထမ်းဘာသာရပ်သင်ဆရာ၊ ဆရာမများဖြင့် ဖွဲ့စည်းထားသော အဆိုပါ DAP အစီအစဉ်သည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စွယ်တော်ကျောင်းတိုက်၌ ကျောင်းသား၊ သူ ၆၀၀ ဦးကိုလည်းကောင်း၊ ဒေးဒရဲမြို့နယ် မင်္ဂလာကျောင်း၌ ကျောင်းသား/သူ ၄၀၀ ဦးကိုလည်းကောင်း၊ ဘိုကလေးမြို့နယ် စံကျောင်းနှင့် ကံ့ကော်တစ်ထောင်ကျောင်းတို့၌ ကျောင်းသား/သူ ၅၅၀ ဦးကိုလည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ် ရွှေကျင်ဂျားကျောင်း၌ ကျောင်းသား/သူ ၁၀၀ ဦးကိုလည်းကောင်း၊ ဖျာပုံမြို့နယ် သာသနာ့ဗိမာန်၌ ကျောင်းသား/သူ ၄၀၀ ဦးကိုလည်းကောင်း၊ လပွတ္တာမြို့နယ် မင်းကျောင်း၌ ကျောင်းသား/သူ ၆၀၀ ဦးကိုလည်းကောင်း တက္ကသိုလ်ဝင်တန်း သင်ခန်းစာများကို ကျောင်းချိန်ပြင်ပ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များ၌ သင်ကြားပို့ချလျက်ရှိပြီး သင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများ၊ ဘာသာရပ်စာအုပ်များကို စေတနာရှင်များ၏ ပံ့ပိုးမှုဖြင့် ထောက်ပံ့ဖြည့်ဆည်းခဲ့သည်ကို တွေ့ရသည်။

အဆင့်မြင့်ပညာကဏ္ဍ

မြန်မာနိုင်ငံရှိ အသက်မွေးဝမ်းကျောင်းနည်းပညာတက္ကသိုလ်များအနက် တစ်ခုအပါအဝင်ဖြစ်သော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် မူလကတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့် ကျောင်းသားများကိုသာ စိစစ်ရွေးချယ်လက်ခံခဲ့ရာမှ ယခု ၂၀၀၈– ၂၀၀၉ ပညာသင်နှစ်မှစတင်ပြီး အမျိုးသမီး ကျောင်း

သူများကိုပါ လက်ခံသင်ကြားခွင့်ပြုခဲ့ရာ အဆင့်မြင့်ပညာကဏ္ဍ အတွက် မှတ်တိုင်တစ်ရပ်ပင် ဖြစ်သည်။

ယင်းတက္ကသိုလ်တွင် အမျိုးသမီးကျောင်းသူ ၁၀၀ ဦးကို လက်ခံသွားရန် စီစဉ်ထားသည်ဟု စုံစမ်းသိရှိရသည်။ ယခုနှစ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တက်ရောက်ခွင့် ရရှိရန် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်ကျောင်းသားများအတွက် ရမှတ် ၄၇၃ မှတ်နှင့် ကျောင်းသူများအတွက် ရမှတ် ၄၈၃ နှင့်အထက် ရရှိရမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းတို့အောင်မြင်မှသာ တက္ကသိုလ်တက်ရောက်ခွင့်ပြုထားသည်။

၂၀၀၈ ခုနှစ်အတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးစန်ကြီးဌာနတို့လက်အောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် ဆေးတက္ကသိုလ်များတွင် ၂၀၀၈–၂၀၀၉ ပညာသင်နှစ်အတွင်း တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသူကျောင်းသူများအားလုံးသည် ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဟူသော သတင်းများအသီးသီးထွက်ပေါ်ခဲ့ပြီး ယင်းဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်အတွက် အင်္ဂလိပ်စာ၊ သချာနှင့် အထွေထွေဗဟုသုတတို့ကို လေ့ကျင့်မွမ်းမံသင်ကြားပေးမည့် ပုဂ္ဂလိက သင်တန်းများ ပေါ်ထွန်းခဲ့သည်ကို တွေ့ရသည်။

စင်ကာပူလွှမ်းမိုးသွားသည့် မြန်မာပြည်ပ ပညာရေးဈေးကွက်

ယခုနှစ်အတွင်း မြန်မာပြည်ပ ပညာသင်ကျောင်းသားများနှင့် ထိတွေ့မှုအများဆုံးရှိခဲ့သောနိုင်ငံသည် စင်ကာပူနိုင်ငံဖြစ်ခဲ့

သည်။ စင်ကာပူအစိုးရက ဖွဲ့စည်းထားသော Singapore Tourism Boradက ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံအတွက် တတိယမြောက် ပညာရေးပြပွဲအပါအဝင် ပုဂ္ဂလိကပညာရေး အကျိုးဆောင်များက ပြုလုပ်သောပညာရေးဟောပြောဆွေးနွေးပွဲများ နှစ်စဉ်မှန်မှန်ဆုံးတိုင် အဆက်မပြတ်ပြုလုပ်ခဲ့ကြသည်ကိုတွေ့ရသည်။ အထူးသဖြင့် စင်ကာပူကျောင်းတစ်ခုချင်းစီအတွက်ပင် ပြည်တွင်းအေဂျင်စီများက ပညာရေးဆွေးဆွေးပွဲများ သီးသန့်အကြိမ်ကြိမ်ပြုလုပ်မှုများ ယခင်နှစ်များကထက် သိသာစွာ ပိုမိုတိုးတက်လာသည်။

ပိုမိုသိသာထင်ရှားသည့်အချက်မှာ စင်ကာပူရှိ ပုဂ္ဂလိကကျောင်းများ၏ ပညာရေးဆွေးနွေးပွဲအတွက် ကြော်ငြာများကို ပြည်တွင်းထုတ်ဂျာနယ်အားလုံးလိုလိုတွင် အဆက်မပြတ်တွေ့နေရပြီး စင်ကာပူပုဂ္ဂလိကကျောင်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း ဂျာနယ်စာမျက်နှာများတွင် ယခင်နှစ်များကထက် ပိုမိုတွေ့ရှိလာရခြင်းဖြစ်သည်။

အမှန်တကယ်သွားရောက်မည့် ကျောင်းသားအချို့သည်လည်း စိတ်ဝင်စားရာဘာသာရပ်ရွေးချယ်၍ သွားရောက်ခြင်းထက် ကျောင်းအပြီး အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိသည်ဟုဆိုသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်များကို ရွေးချယ်သွားရောက်ရန် ပညာရေးအေဂျင်စီများ၏ အကြံပေးမှုများကို ရရှိကြသည်ဟုဆိုကြသည်။ ယင်းနှင့်အတူ ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ ဘာသာရပ်အတွက် ကြော်ငြာများလည်း အခြားဘာသာရပ်များထက် ပိုမိုများပြားသည်ကိုတွေ့ရသည်။

သို့ဖြစ်ရာ ပြည်ပပညာသင်ကျောင်းသားများအတွက် အရွေးချယ်မှားစေရန် အထောက်အကူဖြစ်စေမည့် သတင်း၊ ဆောင်းပါးနှင့် အင်တာဗျူးများကို မီဒီယာများ၌ ဖော်ပြကြရာတွင် စင်ကာပူပညာရေးနှင့် ပတ်သက်သည်များကို မဂ္ဂဇင်းနှင့် ဂျာနယ် စာမျက်နှာများတွင်သာမက ပြည်တွင်းအဖွဲ့အစည်းများကတင်ထားသည့် Website များတွင်ပါ တစ်စုတစ်စည်းတည်းဖော်ပြလာကြသည်။

ယင်းအပြင် ကမ္ဘာ့ငွေကြေးအကျပ်အတည်းဂယက်စတင်ခဲ့ပြီးနောက်ပိုင်း နိုင်ငံတကာလုပ်ငန်းခွင်များ၌ ဝန်ထမ်းအင်အားလျှော့ချမှုကြောင့် မြန်မာပြည်ပပညာသင်များအတွက်သာမက ပညာသင်အပြီး အလုပ်အကိုင်အခွင့်အလမ်းအတွက် လေ့လာသင့်သည်များနှင့်ပတ်သက်၍ လက်ရှိစင်ကာပူ၏ အခြေအနေမှန်များကို စင်ကာပူရောက်မြန်မာများက အင်တာနက်ဖိုရမ်များတွင် ဆွေးနွေးပေးကြခြင်း၊ စင်ကာပူ၏လက်ရှိအခြေအနေများကို နီးစပ်ရာ Email များကတစ်ဆင့် အချင်းချင်းလက်ဆင့်ကမ်းသတင်းဖလှယ်ကြခြင်းများဖြင့် နိုင်ငံသားအချင်းချင်း ရိုင်းပင်းကူညီမှုများ ပိုမိုပြုလုပ်လာကြသည်။

အထက်ပါသတင်းအချက်အလက်အားကောင်းမှုများရှိနေသည့်တိုင် ပြည်တွင်းပညာရေးအေဂျင်စီအချို့၏ မက်လုံးပေးဆွဲဆောင်ခံရပြီး တက်ရောက်ရသည့်ကျောင်းနှင့် ကျောင်းကပေးနိုင်သော Facility များအပေါ် ကျောင်းသားများက စိတ်တိုင်းမကျ

ဝေဖန်ကြခြင်းနှင့် ပညာရေးအေဂျင်စီထံ ငွေသွင်းပြီး ပြန်မရခြင်းများသည်လည်း အခြားနိုင်ငံများထက် မြန်မာလူငယ်များစိတ်ဝင်စားမှု များပြားနေဆဲဖြစ်သည့် စင်ကာပူပညာရေးစျေးကွက်တွင် ဖြစ်ပေါ်နေဆဲဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ၂၀၀၈ ခုနှစ်သည် မြန်မာနိုင်ငံပြည်ပပညာရေးစျေးကွက်ကို စင်ကာပူကျောင်းများ၏ ကြော်ငြာများကသာ လွှမ်းမိုးထားသည်ကို ထင်ထင်ရှားရှားတွေ့မြင်ရသည့် နှစ်တစ်နှစ်ဖြစ်သည်ဟုဆိုနိုင်သည်။

စင်ကာပူပညာရေးလောကအတွင်း ငွေကျပ်သိန်းထောင်ကျော် အလွဲသုံးစားမှု

စင်ကာပူနိုင်ငံသို့သွားရောက်ပညာသင်ကြားလိုသူ မြန်မာနိုင်ငံအနှံ့အပြားမှ ကျောင်းသူကျောင်းသားများကို ဝန်ဆောင်မှုပေးလျက်ရှိသော ပညာရေးအေဂျင်စီတစ်ခုသည် ကျောင်းသားများထံမှ ကျပ် သိန်းထောင်ကျော်ရှိသော ငွေကြေးအမြောက်အမြားကို အလွဲသုံးစားပြု ရှောင်တိမ်းမှုတစ်ခု မတ်လဆန်းပိုင်းက ဖြစ်ပွားခဲ့သည်။

စင်ကာပူပညာရေးဝန်ဆောင်မှု အေဂျင်စီများအကြား ထင်ရှားသော ပညာရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို ငွေကြေးပြဿနာကြောင့် စင်ကာပူအစိုးရအသိအမှတ်ပြု ပညာရေးအေဂျင်စီစာရင်းမှ ပယ်ဖျက်ခဲ့ကြောင်း၊ မြန်မာကျောင်းသားများအတွက် စင်ကာပူအစိုးရက အသိအမှတ်ပြုပေးထားသော ပညာရေးအေဂျင်စီ ငါးခုရှိပြီး အဆိုပါ အေဂျင်စီအား စာရင်းမှ ပယ်ဖျက်လိုက်ခြင်းကို Singapore Tourism Board အဖွဲ့က ထည့်သွင်းထားသော ကြော်ငြာစာမျက်နှာတွင်လည်း တွေ့မြင်နိုင်ပြီး ၎င်း၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင်လည်းပယ်ဖျက်ထားကြောင်း မတ်လ ၅ ရက်နေ့ ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားသည်။

ကျန်းမာရေးကဏ္ဍ

မြန်မာနိုင်ငံအစိုးရအဖွဲ့ရုံးစိုက်ရာ နေပြည်တော်ရှိ ခုတင် ၃၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို ၂၀၀၈ ခုနှစ် မတ်လ ၁၇ ရက်တွင် ခုတင် ၁၀၀၀ ဆံ့အထူးကုဆေးရုံကြီးအဖြစ် အဆင့်မြှင့်တိုးချဲ့ဖွင့်လှစ်လိုက်ရာ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် မှတ်တိုင်သစ်တစ်ရပ် စိုက်ထူလိုက်ခြင်းပင်ဖြစ်သည်။

အဆိုပါ အထွေထွေရောဂါကုဆေးရုံကြီးကို ၂၀၀၄ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် အထူးကုဌာန ၁၂ ခုဖြင့် စတင်ဖွင့်လှစ်ကုသခဲ့သည်။ စက်တင်ဘာလတွင် နှလုံး၊ ကျောက်ကပ်၊ ရင်ခေါင်း၊ ဦးနှောက်နှင့် အာရုံကြော၊ အစာအိမ်နှင့် အူလမ်းကြောင်းကုသမှုနှင့် ခွဲစိတ်ဌာနအထူးကုဌာန ၁၀ ခု ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ရာ ယခုအခါ အထူးကုဌာနစုစုပေါင်း ၂၂ ခုဖွင့်လှစ်ကုသဝန်ဆောင်မှုပေးလျက်ရှိသည်။ အဆိုပါဆေးရုံကို ခုတင် ၃၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ခုတင် ၁၀၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံ

ကြီးအဖြစ် အဆင့်မြှင့်တိုးချဲ့နိုင်ရန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သန်း တန်ဖိုးရှိ အဆင့်မြင့်ဆေးရုံသုံးပစ္စည်းကိရိယာ ၁၅၂ မျိုး ဝယ်ယူဖြည့်ဆည်းပေးခဲ့ကြောင်း၊ TZTM ဆောက်လုပ်ရေးကုမ္ပဏီ ကလည်း ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားစက်၊ ရေသန့်စက်တို့ကို လှူဒါန်းခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာဝင်းမြင့်က ဆိုသည်။ ယင်းဆေးရုံသစ် ကြီး၌ ၂၀၀၈ ခုနှစ် စက်တင်ဘာလအထိ ပြင်ပလူနာ ၁၀၄,၃၅၂ ဦး၊ အတွင်းလူနာ ၂၈,၅၀၁ ဦးနှင့် ခွဲစိတ်လူနာ ၅,၁၀၀ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကြောင်း ဆေးရုံမှတ်တမ်းများအရ သိရသည်။

ယခုအခါ မြန်မာနိုင်ငံ၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၅၀၀)၊ ရန်ကုန်အထွေထွေရောဂါအထူးကုဆေးရုံကြီး၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီးနှင့် ယခုနောက်ဆုံးတိုးချဲ့ဖွင့်လှစ်လိုက်သည့် နေပြည်တော်ခုတင် ၁၀၀၀ အထွေထွေရောဂါကုဆေးရုံကြီးတို့အပါအဝင် ခုတင် ၁၀၀၀ ဆံ့ဆေးရုံကြီး စုစုပေါင်းလေးခု ဖွင့်လှစ်ကုသဝန်ဆောင်မှုပေးလျက်ရှိသည်။

၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်တို့တွင် အင်အားပြင်းထန်စွာ တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ပေါ်ခဲ့ရသော ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများကို အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏

စီစဉ်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန တို့ပူးပေါင်း၍ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သော ဆေးရုံသင်္ဘောလေးစင်းဖြင့် မြို့နယ်လေးမြို့နယ်အခြေပြု၍ ကွင်းဆင်းကုသကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ခြင်းသည်လည်း မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် သမိုင်းမှတ်တိုင်တစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။ အဆိုပါဆေးရုံသင်္ဘောလေးစင်းဖြင့် မြစ်ဝကျွန်းပေါ်ဌာနခွဲရှိ လေဘေးသင့်ပြည်သူများကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့အထိ ဆေးကုသဝန်ဆောင်မှုများကို ဇယားဖြင့် ဖော်ပြထားသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ်အတွင်း ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုင်းရပ်စ်ပိုး (HIV) ကူးစက်ခံရသူစုစုပေါင်း နှစ်သိန်းလေးသောင်းကျော်ကို တွေ့ရှိထားကြောင်းနှင့် ယင်းတို့အနက် သုံးပုံနှစ်ပုံခန့်မှာ လူငယ်များဖြစ်ကြောင်း ဒီဇင်ဘာလ ဖ ရက်နေ့ထုတ် Trust သတင်းဂျာနယ်တွင် ဖော်ပြချက်အရ သိရှိရသည်။

မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ် နိုဝင်ဘာလအထိ ဆေးရုံစုစုပေါင်း ၈၄၁ ရုံ၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်ပေါင်း ၁၆ ခု တိုင်းရင်းဆေးရုံ ၁၄ ခု၊ တိုင်းရင်းဆေးကုဌာန ၂၃၇ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၆၈ ခု၊ ဒေသန္တရကျန်းမာရေးဌာန ၈၆ ခု ဖွင့်လှစ်ထားပြီး ဆရာဝန် ၂၆၅၉၁ ဦး၊ သွားဆရာဝန် ၂၃၁၅ ဦး၊ သူနာပြု ၂၁၇၈၁ ဦး၊ သွားသူနာပြု ၁၇၅ ဦး၊ လက်ထောက်ကျန်းမာရေးမှူး ၃၇၉၀ ဦး၊ ကျန်းမာရေးဆရာမ ၃၅၂၃ ဦး၊ သားဖွားဆရာမ ၂၀၂၈၇ ဦး၊ ကျန်းမာရေးကြီးကြပ် ၄၀၁၄ ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဝုံးပေါက်ကွဲမှုများ

၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်မြို့တော် အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မြို့အချို့တွင် ဗုံးပေါက်ကွဲမှုများ ရက်အနည်းငယ်သာခြားပြီး ဖြစ်ပေါ်ခဲ့ကြောင်း တရားဝင်သတင်းထုတ်ပြန်ချက်များအရ သိရသည်။

နေပြည်တော် ပျဉ်းမနားဘူတာအနီး ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ အများသုံးအိမ်သာအတွင်း၌ ဇန်နဝါရီလ ၁၁ ရက် နံနက် ၄ နာရီခွဲအချိန်ခန့်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အမျိုးသမီး တစ်ဦး သေဆုံးခဲ့ကြောင်း၊ အလားတူ ဇန်နဝါရီလ ၁၁ ရက်တွင်ပင် ပဲခူးတိုင်း ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ ဘောလုံးကွင်း အတွင်း ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ တစ်ဦးသေဆုံး၍ လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဇန်နဝါရီလ ၁၂ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ရေးသားထားချက်များအရ သိရသည်။

ဇန်နဝါရီလ ၁၃ ရက်နေ့ကလည်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းဘေး ဘူတာကြီးဝင်းအထူးတန်းလက်မှတ်ရုံအနီးရှိ အများပြည်သူသုံး ရေချိုးခန်း/အိမ်သာနှင့် ဘူတာကြီးအုတ်တံတိုင်းခြံစည်းရိုးအကြား၌ မွန်းလွဲ ၂ နာရီ ၅ မိနစ်ခန့်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်းနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

ရန်ကုန်မြို့တော်၏ လူစည်ကားရာအချက်အချာနေရာများဖြစ်သည့် ကျောက်တံတားမြို့နယ် ၃၆ လမ်းနှင့် ကုန်သည်ကြီးများဟိုတယ်အနောက်ဘက် ၃၂ လမ်းတွင် ဧပြီလ ၂၀ ရက်နေ့ည

မြန်မာ့အာမခံလုပ်ငန်း၏ ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ် လျော်ကြေး ပေးလျော်ရမှု

စဉ်	အကြောင်းအရာ	လျော်ကြေးငွေ (ကျပ်သန်းပေါင်း)
၁	မီးနှင့်အင်ဂျင်နီယာအာမခံ	၄,၆၀၀
၂	အသက်အာမခံ	၁၇၄
၃	ရေ/လေကြောင်းအာမခံ	၅၁၀
၄	သူတစ်ပါးထိခိုက်မှုအာမခံ	၈၀
	စုစုပေါင်းလျော်ကြေးငွေ	၅,၃၆၄

Source: မြန်မာအာမခံလုပ်ငန်း

ဆေးရုံသင်္ဘောများဖြင့် ဆေးကုသမှု

အခြေပြုမြို့နယ်	ရေယာဉ်အမည်	ဆေးကုသမှုပေးသည့် လူနာဦးရေ
လပွတ္တာ	ဗညားဒလ	၃၈၃၃၉ ဦး
ဘိုကလေး	စန်းသော်တာ	၃၆၁၆၆ ဦး
ဖျာပုံ	ဆင်ဖြူ	၄၁၃၀၀ ဦး
မော်လမြိုင်ကျွန်း	တေဇ	၂၈၈၁၄ ဦး
	စုစုပေါင်း	၁၄၄၆၁၉ ဦး

Source: ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ပိုင်းက ဗုံးပေါက်ကွဲမှုနှစ်ကြိမ်နာရီခြား၍ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ ယင်းနေ့ ည ၈ နာရီအချိန်တွင် ၃၆ လမ်း (အလယ်) ရှိ ရေဆိုးထုတ်မြောင်းတစ်ခုအတွင်း ဦးစွာဗုံးတစ်လုံးပေါက်ကွဲခဲ့ပြီး ည ၉ နာရီ ၃၀ မိနစ်အချိန်တွင် ၃၂ လမ်းထိပ်ရှိ တိုရိုတာကော်ရိုနာ အမျိုးအစား ဆလွန်းအဖြူရောင်တစ်စီးပေါ်တွင် နောက်ထပ်ဗုံးတစ်လုံးထပ်မံပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ် ၆ ရပ်ကွက် ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးအောက်ထပ်ရှိ ရုံးခန်း အဝင်ဝတွင် ဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပေါ်ခဲ့သည်။

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံအတွင်း မထသဘတ်စ်ကားမှတ်တိုင်နောက်ရှိ ခြံစည်းရိုးထောင့်အမှိုက်ပုံအနီးတွင် စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီ ၄၀ မိနစ်အချိန်ခန့်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် လူ၃နစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ပေါက်ကွဲမှု ဖြစ်ပွားရာနေရာမှ ၁၀ ပေခန့်အကွာရှိ ကားမှတ်တိုင်ထိုင်ခုံပေါ်တွင် ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ထားသော ချိန်ကိုက်မိုင်းတပ်ဆင်ထားသည့် ကက်ဆက်တစ်လုံးကို ထပ်မံတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ကြောင်း၊ ယင်းချိန်ကိုက်မိုင်းကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ပေါက်ကွဲစေရန် အတွက် စီမံဆောင်ရွက်ထားသည်ကို တွေ့ရှိရကြောင်းနှင့် နံနက် ၁၁ နာရီ ၄၀ မိနစ်တွင် မိုင်းအသက်မဲ့အောင် ပြုလုပ်ပြီးစီးခဲ့ကြောင်း ယင်းသတင်းတွင် ရေးသားထားသည်။

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်၊ ၁၈ ရပ်ကွက် ရေပြာလမ်း သွယ် အမှတ် ၁၉၈/က နေ သက်ဦးဝင်း (ခ) ကတုံး (ဘ) ဦးမြအုန်း၏ နေအိမ်တွင် အောက်တိုဘာလ ၁၉ ရက်နေ့ ညနေ ၅ နာရီခွဲအချိန်ခန့်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း အောက်တိုဘာလ ၂၁ ရက်နေ့ထုတ် အစိုးရသတင်းစာများတွင် ထုတ်ပြန်ကြေညာထားသည်။

အဆိုပါပေါက်ကွဲမှုကြောင့် အိမ်ပိုင်ရှင်ဖြစ်သူ သက်ဦးဝင်း (ခ) ကတုံး သေဆုံးခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင်တွေ့ရှိခဲ့သော ပစ္စည်းများ၊ ဒဏ်ရာရရှိမှု၊ သေဆုံးမှုအနေအထားများအရ သေဆုံး သူသည် အဆိုပါဗုံးကိုကိုယ်တိုင် တပ်ဆင်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၅ ရက်နေ့က မဟာဗန္ဓုလပန်းခြံအတွင်း ဖြစ်ပွားခဲ့သောလူ၃နှစ်ဦး ဒဏ်ရာရရှိခဲ့သည့် ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင်တွေ့ရှိရသော ယမ်းအမျိုးအစား၊ ဓာတ်ခဲနှင့် ဆက်စပ်ပစ္စည်းများသည် ယခုပေါက်ကွဲမှုတွင် တွေ့ရှိရသော ပစ္စည်းများ နှင့် တူညီမှုရှိသဖြင့် ယင်းပေါက်ကွဲမှုနှစ်ခုမှာ ဆက်စပ်ဖွယ်ရှိကြောင်း ယင်းသတင်းတွင်ဖော်ပြထားသည့်အပြင် ပေါက်ကွဲမှု ဖြစ်စဉ်နှစ်ခုတွင် ဖမ်းဆီးရမိသည့် ဆက်စပ်ပစ္စည်းစာရင်းကိုလည်း နှိုင်းယှဉ်ဖော်ပြထားသည်ကို တွေ့ရသည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မြန်မာ–အိန္ဒိယနယ်စပ်ဒေသ မဏိပူရပြည်နယ် အင်ဖာမြို့တွင် အောက်တိုဘာလ ၂၁ ရက်နေ့က ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပေါ်ခဲ့သည်။

အဆိုပါပေါက်ကွဲမှုကြောင့် အနည်းဆုံး လူ ၁၇ ဦးသေဆုံးခဲ့ပြီး ၂၇ ဦးကျော် ဒဏ်ရာရခဲ့ကြောင်း၊ မော်တော်ဆိုင်ကယ်တစ်စီးတွင် ထည့်သွင်းထားသော ဗုံးမှပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှ တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

မထသ (၄၅) ခရီးသည်တင်ယာဉ်ပေါက်ကွဲမှု

ရန်ကုန်မြို့ ဆူးလေ–စော်ဘွားကြီးကုန်း ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်ယာဉ် မထသ (၄၅) စီးတီးဘတ်စ်တစ်စီး၏ နောက်ဆုံးခုံတန်း ရှေ့ယာဘက်ခုံအောက်မှ ပေါက်ကွဲ မှုတစ်ခုဖြစ်ပွားခဲ့ပြီး မီးလောင်မှုတစ်ခု စက်တင်ဘာလ ၉ ရက်နေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်အချိန်ခန့်က ဖြစ်ပေါ်ခဲ့ကြောင်း စက်တင်ဘာလ ၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ကမာရွတ်မြို့နယ်၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော အဆိုပါ မထသ (၄၅) ယာဉ် အမှတ် ၄၁/၅၄၁ ခရီးသည်တင်ယာဉ်သည် နာနတ်တောလမ်းနှင့် လှည်းတန်းမီးပွိုင့် အကြားရှိ ထူးကုမ္ပဏီပိုင် Espace Avenir အဆောက်အအုံ၌ အရောက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ ဦးခေါင်းနောက်ဘေ့ပေါက်ပြဒဏ်ရာ၊ မေးစေ့ပေါက်ပြဒဏ်ရာ၊ ယာခြေသလုံးပေါက်ပြဒဏ်ရာ၊ ယာတင်ပါးဆုံပေါက်ပြဒဏ်ရာ၊ ဝဲပခုံး စုတ်ပြဒဏ်ရာနှင့် ဝဲ/ယာ နားအူဒဏ်ရာများရရှိခဲ့ကြောင်း၊ ယာဉ်နောက်ပိုင်းအမိုးပွင့်ထွက်ခြင်း၊ ပေါက်ကွဲမှုဖြစ်ပွားသည့်ခုံဘေး၌ အချင်းတစ်ပေခန့်ပေါက်ထွက်ခြင်း၊ အင်ဂျင်ခန်းကာရံထားသည့် မှန်ပြားပွင့်ထွက်ခြင်း၊ ရေတိုင်ကီပေါက်ပြခြင်း၊ ပန်ကာကျိုးပဲ့ပျက်စီးခြင်း၊ ခုံအောက်ကြမ်းခင်းပျက်စီးခြင်းများဖြစ်ပွားခဲ့ကြောင်း ယင်းသတင်းတွင် ရေးသားထားသည်။

တိုက်ကြီး - ရန်ကုန်ပြေး ခရီးသည်တင်ယာဉ်ပေါက်ကွဲမှု

တိုက်ကြီးမြို့မှ ရန်ကုန်မြို့သို့ထွက်ခွာလာသော တိုက်ကြီး–ရန်ကုန် ခရီးသည်တင် ဟိုင်းလတ်ယာဉ်အမှတ် ပ/၁၀၆၂ သည် အောက်တိုဘာလ ၁၃ ရက် နံနက် ၂ နာရီ ၃၅ မိနစ်အချိန်ခန့်က

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနရှေ့အရောက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အောက်တိုဘာလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူ ရှစ်ဦးအနက် ယာဉ်မောင်း ဦးမျိုးအောင်အပါအဝင် အမျိုးသားလေးဦးနှင့် အမျိုးသမီးသုံးဦး သေဆုံးခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဂက်စ်အိုးပေါက်ကွဲမှုဖြစ်ပေါ်ရခြင်းမှာ ဂက်စ်အိုး၏ ချို့ယွင်းချက်ကြောင့်ဖြစ်ပေါ်ရခြင်းမဟုတ်ဘဲ ယာဉ်တိမ်းမှောက်မှုကြောင့် ဂက်စ်အိုးအချင်းချင်းပြင်းထန်စွာရိုက်မိရာမှ အပြင်းထန်ဆုံးရိုက်ခတ်ခြင်းခံရသည့် ဂက်စ်အိုးတစ်လုံးပေါက်ကွဲသွားခြင်းကြောင့်သာဖြစ်ကြောင်း အောက်တိုဘာလ ၁၈ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထိခိုက်မှုဖြစ်စဉ် အခင်းဖြစ်ရပ်မြေပုံကြမ်းနှင့်တကွ ဖော်ပြထားသည်။

မန္တလေးရတနာပုံဈေး မီးလောင်ခြင်း

မြန်မာနိုင်ငံတွင် မီးဘေးအန္တရာယ်အများဆုံး ခံရလေ့ရှိသည့် မန္တလေးမြို့၏ ချမ်းအေးသာစံမြို့နယ် ၃၃×၃၄ လမ်းကြား၊ ၇၇×၇၈ လမ်းကြားရှိ အဆင့်မြင့်ရတနာပုံဈေးမြေညီထပ်ဆိုင်ခန်း(ဃ)ဆောင် အမှတ် ၂၆၁ ၌ ဖေဖော်ဝါရီလ ၂၅ ရက် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်တွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပွားရာမှတစ်ဆင့် မီးလောင်မှုတစ်ရပ်စတင်ဖြစ်ပွားရာ မွန်းလွဲ ၂ နာရီခန့်တွင် မီးညွှန့်ကျိုးသွားခဲ့ပြီး ည ၉ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ ရတနာပုံဈေးမီးလောင်မှုတွင် ရတနာပုံဆိုက်ဘာစီးတီးရှိ ကွန်ပျူတာအရောင်းဆိုင်များ၊ ရတနာပုံဈေးအတွင်းရှိ ဆိုင်ခန်းများ၊ Sky Walk Shopping Mall၊ Orange Supermarket စသည့်စီးပွားရေးလုပ်ငန်းများပါဝင်ပြီး မန္တလေးဈေးချိုပြီးလျှင် ရတနာပုံဈေးမှာ မန္တလေးမြို့၏ ဒုတိယအကြီးဆုံးဈေးဖြစ်၍ ၂၀၀၃ ခုနှစ်က အဆင့်မြှင့်တင်တည်ဆောက်ထားခြင်း ဖြစ်သည်။

ယာယီဆိုင်ခန်းများတည်ဆောက်နေပြီး အဆောက်အုံကြီးတစ်ခုလုံးကို ဖျက်သိမ်းရန် တင်ဒါပုံစံဖြင့်ခေါ်ယူထားသော ရတနာ

ပုံဈေးကို အသစ်တည်ဆောက်ပြီးစီးပါက ယခင်ဆိုင်ပိုင်ရှင်များကို သာ နေရာချထားပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က မတ်လ ၁၃ ရက်နေ့တွင် ပြောကြားခဲ့သည်။

မီးဘေးသင့်ခဲ့သည့် ရတနာပုံဈေးအဆောက်အအုံတစ်ခုလုံး ပြန်လည်ဖျက်သိမ်းသည့်လုပ်ငန်းများကို MGW Co., Ltd. က မတ်လ ၂၄ ရက်နေ့မှစတင်ဆောင်ရွက်ခဲ့သည်။ မန္တလေးမြို့ရှိ မီးသင့်ရတနာပုံဈေး ဖျက်သိမ်းရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများကို တင်ဒါခေါ်ယူခဲ့ရာ မြန်မာနိုင်ငံသားပိုင် AHK ကုမ္ပဏီက ကျပ်သိန်း ၅၅၀၀ ဖြင့် ဖျက်သိမ်းခွင့်ရရှိခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဈေးနှင့် သားသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ဧပြီလအတွင်း ပြောကြားခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုသည် ၁၉၈၄ ခုနှစ် မတ်လအတွင်းက မန္တလေးမြို့လယ် မီးလောင်ကျွမ်းမှုနောက်ပိုင်း ဒုတိယအကြိမ် ဆုံးရှုံးမှုပမာဏအများဆုံးဖြစ်ပြီး မန္တလေးမြို့တော်၏ သက်တမ်းတစ်လျှောက်တွင် ပမာဏအကြီးမားဆုံး ဆုံးရှုံးမှုလည်းဖြစ်သည်။ ယင်းမီးလောင်ကျွမ်းမှုကြောင့် ရတနာပုံဈေးအတွင်းရှိ ဆိုင်ခန်း ၁၅၂၁ ခန်း မီးဘေးသင့်ခဲ့ပြီး ကျပ်သန်းပေါင်း ၂၆၀၀ ကျော် ဆုံးရှုံးခဲ့ရကြောင်း မီးသတ်ဦးစီးဌာနက တရားဝင်သတင်းထုတ် ပြန်ခဲ့သည်။

အဆိုပါမီးလောင်မှုသည် အဆောက်အအုံအတွင်း လှိုက်၍ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဝင်ရောက်ငြိမ်းသတ်ရန် ခက်ခဲမှုများရှိခဲ့ရာ ယင်းအဖြစ်အပျက်နှင့်ပတ်သက်၍ အဆောက်အအုံများ၏ ဖွဲ့စည်းတည်ဆောက်ပုံအရေးကြီးသည်ကို ဗိသုကာပညာရှင်များက တညီတညွတ်တည်း အလေးထားပြောဆိုခဲ့ကြသည်။

မော်လမြိုင်ဈေး မီးလောင်မှု

မော်လမြိုင်မြို့ ဖက်တန်းရပ် ကမ်းနားလမ်းနှင့် အောက်လမ်းမကြီးကြား သထုံတံတားလမ်းနှင့် စည်ပင်သာယာလမ်းကြားတွင်တည်ရှိသော အမှတ် (၁) စည်ပင်သာယာဈေးကြီး (အောက်ဈေး) တွင် ဒီဇင်ဘာလ ၁ ရက်နေ့ ညနေ ၅ နာရီ ၃၀ မိနစ်မှ စတင်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ရှစ်နာရီကျော်ကြာ ငြိမ်း

သတ်ခဲ့ရသည်။

အဆိုပါမီးလောင်မှုကြောင့် ဆိုင်ခန်းပေါင်း ၁၁၂၄ ခန်း ဆုံးရှုံးခဲ့ရပြီး ဆုံးရှုံးမှုပမာဏ ကျပ်သိန်း ၃၀၀၀ ကျော်ရှိခဲ့ရာ ၂၀၀၈ ခုနှစ်အတွင်း မီးလောင်မှုများအနက် ဆုံးရှုံးမှုပမာဏအများဆုံး အဖြစ် စံချိန်ချိုးခဲ့သည်။ ယင်းဈေးကြီးသည် ဒုတိယကမ္ဘာစစ်အတွင်းကတစ်ကြိမ်၊ ၁၉၇၆ ခုနှစ်တွင်တစ်ကြိမ် မီးလောင်ကျွမ်းခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အသစ်ပြန်လည်တည်ဆောက်ခဲ့ကာ ယခုလောင်ကျွမ်းမှုမှာ တတိယအကြိမ် ဖြစ်သည်။

မီးလောင်ကျွမ်းခဲ့သည့် မော်လမြိုင်ဈေးကြီးတွင် မီးအာမခံထားရှိခဲ့သည့်ဆိုင်ခန်းများကို အာမခံလျော်ကြေးငွေကျပ်သန်း ၃၀၀ ကျော် ပေးအပ်ခဲ့ရကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ စုံစမ်းသိရှိရသည်။ ၂၀၀၈ ခုနှစ်အတွင်း ဇန်နဝါရီလမှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံတစ်ဝန်း မီးလောင်ကျွမ်းမှုများကို ဇယားဖြင့် သီးခြားစုစည်း ဖော်ပြထားသည်။

ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းရှိ CNG ပိုက်လိုင်းမီးလောင်မှု

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ပဲခူးမြစ်လမ်းနှင့် ဧရာဝတီလမ်းထောင့် ဓာတ်ငွေ့အရောင်းဆိုင်အမှတ် (၀၂၁) ၏အနောက်ဘက် ပေ ၂၃၀ ခန့်အကွာတွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က အင်းစိန်ရွာမဓာတ်ငွေ့ထိန်းဖြန့်စခန်းမှ သာကေတဓာတ်အားခွဲရုံသို့ ပို့လွှတ်သော ၁၄ လက်မ ဓာတ်ငွေ့ပိုက်လိုင်းမှာ မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ (တနင်္ဂနွေနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ် အချိန်ဝန်းကျင်) တွင် ယင်းဓာတ်ငွေ့ပိုက်လိုင်းမှာ ရုတ်တရက်ပေါက်ကွဲ၍ မီးလောင်မှုဖြစ်ပွားသဖြင့် မီးသတ်ကား ၂၇ စီး ဝန်းကျင်ဖြင့် အပြင်းအထန် မီးငြိမ်းသတ်မှုများပြုလုပ်ရာ ၁၂ နာရီ ၄၅ မိနစ်ခန့် (တစ်နာရီခန့်အကြာ)တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှု ကြောင့် ထိခိုက်သေဆုံးဒဏ်ရာရမှုမရှိကြောင်း နှင့် ပျက်စီးသွားသောဓာတ်ငွေ့ပိုက်လိုင်းအား ပြုပြင်သွယ်တန်းလျက်ရှိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ မီးလောင်မှု

စဉ်	လ	မီးလောင်သည့်အကြိမ်	မီးလောင်သည့်အကြောင်းရင်း										မီးလောင်ဆုံးရှုံးခြင်းများ							ခန့်မှန်းခြေဆုံးရှုံးမှုတန်ဖိုး (ကျပ်)
			ဓာတ်ဆီ	ဓာတ်ငွေ့	လျှပ်စစ်ဓာတ်အားပိုလွန်မှု	လျှပ်စစ်ဝိုင်ယာကြိုးလွတ်	လျှပ်စစ်ဝိုင်ယာကြိုးခွေခြင်း	လျှပ်စစ်ဝိုင်ယာကြိုးခွဲခြင်း	လျှပ်စစ်ဓာတ်အားပြတ်တောက်မှု	ဖိအားကြီးခြင်း	ဖိအားကျဆင်းခြင်း	မီးပွားပျံခြင်း	အိမ်ခြေအဆောက်အအုံ	စက်ပစ္စည်း/ကုန်ပစ္စည်း	ပိုလျှံငွေ	လူ			တိရစ္ဆာန်	
																ဒဏ်ရာရ	သေဆုံး	မီးဘေးဒုက္ခသည်		
၁	ဇန်နဝါရီ	၈၉	၂၇	၄၇	၁	၉	၄	၁					၁၄၁	၃	၂	၂	၄	၈၀၁		၂၉၄၄၃၃၀၀
၂	ဖေဖော်ဝါရီ	၁၂၂	၃၃	၇၂		၁၂	၅						၂၃၈၇	၄	၁၀	၃၃	၁၂	၆၃၄၉	၁၀၅	၂၉၇၈၅၆၂၀၀
၃	မတ်	၁၆၂	၅၂	၈၂	၂	၁၂	၉	၄	၁				၁၃၇၆	၂	၃၄	၃	၁၇	၆၆၉၃	၁၀၀	၁၅၉၉၃၀၀၇
၄	ဧပြီ	၈၆	၂၆	၄၅		၆	၇	၂					၄၁၀	၄	၁	၂	၂	၁၆၉၈		၅၆၀၄၄၅၀၀
၅	မေ	၄၃	၃	၂၇		၈	၅						၄၂		၁	၁	၁	၁၃၂		၈၃၂၁၈၀၀
၆	ဇွန်	၂၆	၆	၁၂		၈							၁၂၅					၂၄		၁၀၃၂၉၅၈၀၀
၇	ဇူလိုင်	၂၉	၅	၂၂		၂							၉					၃၀		၁၃၅၂၀၀
၈	သြဂုတ်	၂၄	၃	၃၃	၁	၅	၂						၁၇၇	၁				၁၁၀၅		၂၄၈၉၀၉၃၀၀
၉	စက်တင်ဘာ	၃၄	၄	၁၆		၁၀	၄						၂၇၃	၁	၁		၄	၁၀၇		၁၆၀၄၀၈၅၀၀
၁၀	အောက်တိုဘာ	၄၄	၈	၂၄		၁၂							၆၀		၁	၂	၂	၃၀၂	၆၃	၁၀၆၀၁၄၅၀
၁၁	နိုဝင်ဘာ	၆၀	၁၄	၂၇		၁၃	၆						၄၄			၃	၂	၂၄၅		၅၂၃၄၅၅၀၀
	စုစုပေါင်း	၇၁၉	၁၈၁	၃၈၇	၄	၉၇	၄၂	၇	၁				၅၅၄၅	၁၅	၃၀	၂၈	၅၅	၁၇၀၈၆	၆၃	၇၅၁၄၆၅၀၀

Source : မီးသတ်ဦးစီးဌာန

အာမခံပေးလျော်ရမှုစံချိန်ချိုး

၂၀၀၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်ရပ်များကြောင့် မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ယင်းလုပ်ငန်း၏ သက်တမ်းနှစ် ၅၀ ကျော်ကာလတစ်လျှောက်အတွင်း လျော်ကြေးငွေအများဆုံး ပေးလျော်ခဲ့ရကာ စံချိန်ချိုးခဲ့ရသည်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်၌ မန္တလေးမြို့ ရတနာပုံဈေးကြီးမီးလောင်မှု၊ မေလ ၂ ရက်နှင့် ၃ ရက်တို့တွင် မြန်မာနိုင်ငံအောက်ပိုင်းမြစ်ဝကျွန်းပေါ် ဒေသ၌ တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ဒီဇင်ဘာလ ၁ ရက်နေ့ည မော်လမြိုင် အမှတ် (၁) ဈေးကြီး မီးလောင်ကျွမ်းမှု စသည့်ဖြစ်ရပ်များအတွက် ကြီးမားသော လျော်ကြေးပမာဏများ ပေးအပ်ခဲ့ရသည်။ ရတနာပုံဈေးမီးလောင်ကျွမ်းမှုအတွက် စုစုပေါင်း ကျပ် ၁၆၃ သိန်းကျော်၊ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ် ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် စုစုပေါင်း ကျပ် ၄၆၆၁ သန်း ကျော်နှင့် မော်လမြိုင်မြို့ အမှတ် (၁) ဈေးကြီးမီးလောင်ကျွမ်းမှု အတွက် စုစုပေါင်း ကျပ်သိန်း ၃၀၀၀ ကျော် အသီးသီးပေးလျော်ခဲ့ရ ခြင်းဖြစ်သည်။ ၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ်အတွင်း နိုဝင်ဘာလအထိ ပေးလျော်ခဲ့သော အာမခံလျော်ကြေးစုစုပေါင်းမှာ ကျပ်သန်း ၅၃၆၄ သန်းကျော်ခန့်ရှိသည်။ ထို့ပြင် ဖားရွေကျော်သဘော်ဘန်စ်မြို့ပ်မှု အတွက်လည်း ယခုနှစ်ဘဏ္ဍာနှစ်အတွင်း လျော်ကြေးထပ်မံပေး အပ်သွားရန် ကျန်ရှိနေသေးသည်။

၂၀၀၈–၂၀၀၉ ခုနှစ် ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ မြန်မာ့ အာမခံလုပ်ငန်းက ရရှိထားသော ဝင်ငွေမှာ ကျပ်သန်း ၇၃၀၀ ကျော် ရှိသည်။ ပြီးခဲ့သည့် ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်တွင် မြန်မာ့ အာခံလုပ်ငန်းမှ ရရှိထားသော ဝင်ငွေမှာ ကျပ်သန်း ၁၀၃၀၀ ကျော် ရှိပြီး ပေးအပ်ခဲ့ရသော စုစုပေါင်းအာမခံလျော်ကြေးမှာ ကျပ် ၉၁၁ သန်းကျော်ရှိကြောင်း ယင်းလုပ်ငန်းမှ စုံစမ်းသိရှိရသည်။ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း နိုဝင်ဘာလကုန်အထိ မြန်မာ့အာ မခံလုပ်ငန်းက ပေးလျော်ခဲ့ရသော အာမခံအမျိုးအစားနှင့် လျော် ကြေးငွေပမာဏတို့မှာ ဇယားအတိုင်း ဖြစ်သည်။

နေပြည်တော်မှ စလွှင့်ပြီဖြစ်သည့် မြန်မာ့ရုပ်သံနှင့် ရေဒီယို

မြန်မာနိုင်ငံ၏ ပထမဦးဆုံးနိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်သံထုတ် လွှင့်မှုများကို ရေဒီယိုစတင်ထုတ်လွှင့်ခဲ့သည့် ၁၉၃၆ ခုနှစ်နှင့် ရုပ် မြင်သံကြားစတင်ထုတ်လွှင့်ခဲ့သည့် ၁၉၈၀ ခုနှစ်တို့က မြန်မာနိုင်ငံ ၏မြို့တော်ဖြစ်သော ရန်ကုန်တွင် အခြေစိုက်ထုတ်လွှင့်ခဲ့ရာမှ ယခု နှစ် မတ်လ ၁၆ ရက်နေ့ နံနက် ၇ နာရီမှစတင်၍ မြို့တော်သစ် နေပြည်တော်မှစတင်၍ ပြောင်းရွှေ့အခြေစိုက်ထုတ်လွှင့်ခဲ့သည်။

မြန်မာအစိုးရရုံးများ နေပြည်တော်သို့ စတင်ပြောင်းရွှေ့ အခြေစိုက်သည့် ၂၀၀၅ ခုနှစ် နိုဝင်ဘာလကတည်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပါ စတင်ပြောင်းရွှေ့ခဲ့သော်လည်း ရုပ်သံထုတ် လွှင့်မှုများကို ယခုနှစ်တွင်မှ နေပြည်တော်မှအခြေစိုက်ပြောင်းရွှေ့ ထုတ်လွှင့်ခြင်းဖြစ်သည်။

ယင်းသို့ထုတ်လွှင့်ရာတွင် ရေဒီယိုထုတ်လွှင့်မှုများကို 'နေပြည်တော်မြန်မာ့အသံ' ဟု ပြောင်းလဲသုံးနှုန်း၍ တင်ဆက်မှုများ ခေတ်နှင့်အညီသွက်လက်လာပြီး ရေဒီယိုတင်ဆက်မှုများကို ပရိသတ်များ ပိုမိုအသိအမှတ်ပြုလာသည်ကို တွေ့ရသည်။

ရုပ်မြင်သံကြား (MRTV) တွင်မူ အစီအစဉ်အချို့ တိုးချဲ့ ထုတ်လွှင့်လာသည်ကိုတွေ့ရသော်လည်း အပြောင်းအလဲအများ အပြားမပြုလုပ်သေးသည်ကို တွေ့ရသည်။

မြတ်မန္တလာထွန်း၏ ဝန်ဆောင်မှုသစ်

လေအေးစက်တပ် မှန်လုံ Express ယာဉ်များဖြင့် ရန်ကုန်– မန္တလေးခရီးစဉ်များကို ပြေးဆွဲလျက်ရှိသော မြတ်မန္တလာထွန်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်အသင်းသည် ရန်ကုန်နှင့် မန္တလေးမြို့တော်များသို့ပြေးဆွဲသည့် အစုန်၊ အဆန် ယာဉ်များပေါ်တွင် GSM Mobile (P.C.O) ဖုန်းများတပ်ဆင်ပေး ထားသည့်ဝန်ဆောင်မှုကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ တွင် စတင်ခဲ့သည်။

ယင်းဝန်ဆောင်မှုကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်တစ်စီးလျှင် ဖုန်းတစ် လုံးကျစီ ထားပေးမည်ဖြစ်ပြီး ဖုန်းနံပါတ်များမှာ ၀၉–၂၀၃၁၄၀၁ မှစ၍ ၀၉–၂၀၃၁၄၂၀ အထိ စုစုပေါင်း အလုံး ၂၀ တပ်ဆင်ပေး ထားမည် ဖြစ်သည်။ ဖုန်းတစ်ကြိမ်ခေါ်ဆိုမည်ဆိုပါက အနည်းဆုံး ကျပ် ၂၀၀ ဝန်းကျင်ကျသင့်မည် ဖြစ်သည်။ ဖော်ပြပါ ဖုန်းနံပါတ် များမှ အစုန်ကားပေါ်တွင်ပါရှိသည့် ဖုန်းနံပါတ်များကို မန္တလေး ဂိတ်သို့လည်းကောင်း၊ အဆန်ကားပေါ်တွင်ပါရှိသည့် ဖုန်းနံပါတ် များကို ရန်ကုန်ဂိတ်သို့လည်းကောင်းဆက်သွယ်စုံစမ်း မေးမြန်း နိုင်သည်ဟု အဆိုပါကားအသင်းက ထုတ်ပြန်ကြေညာထားသည်။ ခရီးသည်တင်ယာဉ်လိုင်းများအတွင်း ဆက်သွယ်ရေးနှင့်ပတ်သက် ပြီးဆောင်ရွက်ပေးသည့် ပထမဦးဆုံးဝန်ဆောင်မှု ဖြစ်သည်။

ကျိုင်းတုံမြို့နယ်တွင်ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေး

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် နောင်ငင်း ကျေးရွာတွင် ပုံမှန်မဟုတ်သော တိုင်းရင်းကြက်သေဆုံးမှုများ နိုဝင် ဘာလလယ်ပိုင်းတွင် ဖြစ်ပွားခဲ့သည့်အတွက် မွေးမြူရေးနှင့်ကုသ ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးမှုများနှင့် ဓာတ်ခွဲခန်းဆိုင်ရာ စမ်းသပ်စစ်ဆေးခြင်းများပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါ H5 N1 ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ရောဂါဖြစ်ပွားသော ကြက်၊ ဘဲများအား သုတ်သင်ရှင်းလင်းသူနှင့် ရောဂါဖြစ်ကြက်ခြံများနှင့် နီးကပ်စွာနေထိုင်သူ ၆၈၉ ဦးကို စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ သံသယဖြစ်ဖွယ်လူနာ လေးဦးတွေ့ရှိခဲ့ပြီး ၎င်းတို့အနက်မှ အသက် ခုနစ်နှစ်အရွယ် မနန်းခမ်းသန်းမှာ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ မနန်းခမ်းသန်းကို နိုဝင်ဘာလ

၂၇ ရက်နေ့တွင် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံတွင် သီးသန့်ထားရှိပြီး ရောဂါပိုးသတ်ဆေး တမီဖလူး (Tamiflu) ဆေးဝါးများဖြင့် ကုသပေးခဲ့ကြောင်းနှင့် ကျန်းမာရေးအခြေအနေကောင်းမွန်သည့်အတွက် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဆေးရုံမှ ဆင်းခွင့်ပေးခဲ့ကြောင်း ဒီဇင်ဘာလ ၁၈ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Masao Sasaki နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအုန်းကျော်တို့သည် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် နောင်ငင်းကျေးရွာ၊ ကတ်ထိုက်ကျေးရွာ၊ မိုင်းဇင်းကျေးရွာတို့သို့ သွားရောက်၍ ရောဂါထိန်းချုပ်ရေးနှင့် စူးစမ်းရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အလားတူ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအုပ်စု ယန်ခမ်းကျေးရွာတွင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် တိုင်းရင်းကြက်အချို့ပုံမှန်မဟုတ်သော သေဆုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ကြက်ငှက်တုပ်ကွေးရောဂါဖိုင်းရပ်စ် H5N1 အဖြစ်အတည်ပြုကြောင်း သက်ဆိုင်ရာမှသတင်းထုတ်ပြန်ခဲ့သည်။ ကျိုင်းတုံမြို့နယ်တွင် ဒီဇင်ဘာလအတွင်း၌ဖြစ်ပွားခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ဆက်နွယ်၍ ခုန်ကျော်ကူးစက်ခြင်းဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သုံးသပ်ထုတ်ပြန်ထားသည်။

တိရစ္ဆာန်ကူးစက်ရောဂါထိန်းချုပ်ရေးအတွက် JICA ၏ ယန်း ၁၀၂ သန်း အကူအညီ

ကြက်ငှက်တုပ်ကွေးရောဂါအပါအဝင် တိရစ္ဆာန်ကူးစက်ရောဂါဘေးမျိုးကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဓာတ်ခွဲခန်းများထူထောင်အဆင့်မြှင့်ခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် မွမ်းမံသင်တန်းများပို့ချခြင်းများအတွက် ယန်း ၁၀၂ သန်းတန်ဖိုးရှိ အကူအညီအထောက်အပံ့များကို ပေးအပ်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်ကို ကိုးကား၍ ဇန်နဝါရီလ ၅ ရက်နေ့ထုတ် ယုံကြည်မှုသတင်းဂျာနယ်တွင် ဖော်ပြထားသည်။

အဆိုပါအကူအညီပေးရေး သဘောတူစာချုပ်ကို ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် မြန်မာနိုင်ငံ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်းလည်း ယင်းသတင်းအရသိရသည်။

ခန္ဓာကိုယ်ပြင်ပတွင် နှလုံးရောက်ရှိနေသောကလေးငယ် မွေးဖွားမှု

ခန္ဓာကိုယ်ပြင်ပတွင် နှလုံးရောက်ရှိနေသော ကလေးငယ် (မိန်းကလေး) တစ်ဦးကို စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် မြေနီအုပ်စုကျေးရွာတွင် ဒီဇင်ဘာလ ၃ ရက်နေ့ ညနေ ၆ နာရီ ၃၅ မိနစ်အချိန်က အောင်မြင်စွာမွေးဖွားခဲ့သည်။ အရန်သားဖွားဆရာမ၏ အကူအညီဖြင့်မွေးဖွားခဲ့သော အဆိုပါကလေးငယ်ကို ဒီဇင်ဘာ ၄ ရက်နေ့တွင် ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ထိုဆေးရုံမှတစ်ဆင့် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ကလေးဆေးရုံသို့ ဒီဇင်ဘာ ၈ ရက်နေ့တွင် ပို့ဆောင်ခဲ့သည်။ ကလေးငယ်၏ မိဘများမှာ ဦးထွန်းရွှေနှင့် ဒေါ်မြဝင်းတို့ဖြစ်သည်။

ယင်းကဲ့သို့ ခန္ဓာကိုယ်ပြင်ပတွင် နှလုံးရောက်ရှိနေသည့် ဖြစ်စဉ်မျိုး ၂၀၀၄ ခုနှစ် မတ်လအတွင်းက ကောလင်းမြို့နယ် ရွာဟောင်းကျေးရွာတွင်ဖြစ်ပွားခဲ့ဖူးသော်လည်း အဆိုပါ ကလေးငယ်မှာ မွေးဖွားပြီး ၁၀ ရက်ခန့်တွင်ပင် သေဆုံးသွားခဲ့သည်။

အမျိုးသားစာကြည့်တိုက်အဆောက်အအုံ ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချ

ရန်ကုန်မြို့တော် တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းတွင်တည်ရှိပြီး မြန်မာ့အဖိုးတန်စာအုပ်စာပေများတစ်စုတစ်စည်းတည်းစုဆောင်းထားရှိရန် ရည်ရွယ်တည်ဆောက်ထားသည့် အမျိုးသားစာကြည့်တိုက်အဆောက်အအုံကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၉ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်

ကြေညာခဲ့သည်။ ယင်းအဆောက်အအုံကို ကြမ်းခင်းဧရိယာ ၃၀၄၄ ဒသမ ၄၉ သန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

အမျိုးသားစာကြည့်တိုက်ကို ယခင်ကုန်သည်လမ်းရှိ ခြောက်ထပ်ရုံးစုတိုက်ထပ်တွင် ဖွင့်လှစ်ထားခဲ့ရာမှ ယခုရောင်းချမည့်နေရာသို့ပြောင်းရွှေ့ခဲ့ရပြီး ၂၀၀၆ ခုနှစ်တွင် နေပြည်တော်သို့ ထပ်မံပြောင်းရွှေ့ခဲ့ရသည့်အတွက် အဆိုပါအဆောက်အအုံကို လေလံတင်ရောင်းချခြင်း ဖြစ်သည်။

ယခင်က တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်ရှိ ဆောက်လုပ်ဆဲ အမျိုးသားစာကြည့်တိုက် အဆောက်အအုံတွင်ဖွင့်လှစ်ထားသော အမျိုးသားစာကြည့်တိုက်ကို ယခုအခါ အမှတ် ၈၅၊ သီရိမင်္ဂလာလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း (ယခင် သစ်တောရေးရာဝန်ကြီးဌာနရုံး)သို့ အောက်တိုဘာလအတွင်းက ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

လက်ရွေးစင်ဟောင်းမာလ အရေးယူခံရခြင်း

မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းမာလအား ၂၀၀၇ ခုနှစ် မေလ ၆ ရက်နေ့တွင် Eleven Media Group ရုံးချုပ် တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအရ တာမွေမြို့နယ်တွဲဖက်မြို့နယ် တရားသူကြီး (၂) က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၂ အရ ဒဏ်ငွေကျပ် ၅၀၀ နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄ အရ ဒဏ်ငွေကျပ် ၁၀၀၀ တို့ကို ဒီဇင်ဘာလ ၂၈ ရက်နေ့က ပြစ်ဒဏ်အဖြစ် ချမှတ်လိုက်ကြောင်း ဇန်နဝါရီလ ၂ ရက်နေ့ထုတ် Weekly Eleven News ဂျာနယ်တွင် ဖော်ပြထားသည်။

မာလသည် Royal Eleven F.C အသင်းမှ စည်းကမ်းဖောက်ဖျက်မှုများဖြင့် ထုတ်ပယ်ခံထားရသူဖြစ်ကြောင်းလည်း ယင်းသတင်းတွင် ဖော်ပြထားသည်။ " ရုံးထဲလာပြီး မူးယစ်ရမ်းကားဆဲဆိုတာ၊ တာဝန်ကျ မိန်းကလေးဝန်ထမ်းတွေကို ကာယကံရှေ့ပျက်အောင် ပြုမူပြောဆိုတာ၊ ကုမ္ပဏီအကြီးအကဲတွေကို လက်ရောက်မှုကျူးလွန်ဖို့ ကြိုးစားတာမျိုးတွေကို စတိပြစ်ဒဏ်ချမှတ်မယ်ဆိုရင် လုပ်ငန်းခွင်လုံခြုံရေးကို စိုးရိမ်စရာဖြစ်စေသလို နောက်ထပ်ဖြစ်ပေါ်လာနိုင်တဲ့ အလားအလာတွေအတွက်လည်းစိုးရိမ်စရာပါ။"... ဟု Royal Eleven F.C အသင်း အုပ်ချုပ်သူ ဦးဇင်မင်းမောင် (First Eleven Sports Journal တာဝန်ခံအယ်ဒီတာ) ၏ ပြောကြားချက်လည်း ယင်းသတင်းတွင် ဖော်ပြပါရှိသည်။

ဗုဒ္ဓဂယာသွားလေယာဉ်လက်မှတ်ခ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံမှ ဗုဒ္ဓဂယာသို့ပြေးဆွဲနေသည့် အိန္ဒိယလေကြောင်းလိုင်း၏ လေယာဉ်လက်မှတ်ဈေးနှုန်းကို ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ မူလဈေးနှုန်းထက် အမေရိကန်ဒေါ်လာ ၆၀ တိုးမြှင့်ပြောင်းလဲသတ်မှတ်လိုက်သည်ဟု ရန်ကုန်မြို့တော်ရှိ ယင်းလေကြောင်းလိုင်း၏ လက်မှတ်အရောင်းဌာနမှ စုံစမ်းသိရှိရကြောင်း ဇန်နဝါရီလ ၇ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြပါရှိသည်။ မူလကကျသင့်မည့် လက်မှတ်နှုန်းထားမှာ ၂၆၆ ဒေါ်လာဖြစ်ပြီး ယခုပြောင်းလဲသတ်မှတ်လိုက်သည့် ဈေးနှုန်းမှာ ၃၂၆ ဒေါ်လာဖြစ်သည်။

မြန်မာသဘော်သားများပါဝင်သည့် သဘော်နစ်မြုပ်ခြင်းများနှင့် ပြန်ပေးဆွဲခံရမှုများ

၂၀၀၈ ခုနှစ်အတွင်း မြန်မာသဘော်သားများ လိုက်ပါလာသည့် သဘော်များ ဆိုမာလီကမ်းလွန် အေဒင်ပင်လယ်ကွေ့တွင် ဓားပြတိုက်ပြန်ပေးဆွဲမှုများ စံချိန်တင်လောက်အောင် ဖြစ်ပွားခဲ့သည်။

မြန်မာသဘော်သားသုံးဦး၊ တောင်ကိုရီးယားသဘော်သား ၁၂ ဦးလိုက်ပါလာသော တောင်ကိုရီးယားကုန်တင်သဘော်တစ်စင်း တောင်ကိုရီးယားပင်လယ်ပြင်တွင် ဒီဇင်ဘာလ ၂၅ ရက်နေ့က နစ်မြုပ်သွားကြောင်း ဆိုးလ်အခြေစိုက် အေပီသတင်းဌာနနှင့် တောင်ကိုရီးယားသတင်းဌာနများက ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါသဘော်များမှာ တန်ချိန် ၂၀၀၀ ခန့်ရှိပြီး တရုတ် (တိုင်ပေ) အခြေစိုက် တောင်ကို ရီးယားကုမ္ပဏီတစ်ခုသို့ နိုက်ထရစ်အက်ဆစ်များ ပို့ဆောင်ရန်ထွက်ခွာလာစဉ် ဆိုးလ်မြို့တော်နှင့် မိုင် ၃၀၀ နီးပါး အကွာပင်လယ်ပြင်တွင်နစ်မြုပ်သွားခြင်းဖြစ်ကြောင်း၊ ပျောက်ဆုံးနေသော သဘော်သားများထဲမှ အသက် ၂၈ နှစ်အရွယ်ရှိ မြန်မာသဘော်သားတစ်ဦးကိုရှာဖွေတွေ့ရှိခဲ့ပြီး ကျန်သဘော်သားများမှာ ပျောက်ဆုံးလျက်ရှိကြောင်းလည်း ယင်းသတင်းအရ သိရသည်။

မြန်မာသဘော်သားအချို့နှင့် ထိုင်းသဘော်သားအချို့ပါဝင်ပြီး ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ထားသော MV Emerald အမည်ရှိ သဘော်တစ်စင်းသည် ဒီဇင်ဘာလ ၂၄ ရက်နေ့က မလေးရှားနိုင်ငံလာဘုအန်ကျွန်းအနီး ဘရူနိုင်းပင်လယ်အော်တွင် နစ်မြုပ်သွားခဲ့သည်။ နစ်မြုပ်သူများတွင် ပါဝင်သည့် ထိုင်းသဘော်သား နှစ်ဦးကို ဘရူနိုင်းနိုင်ငံ ပင်လယ်ရေမိုင် ၃၀အကွာတွင် ဘရူနိုင်း ပင်လယ်ရေကြောင်းအာဏာပိုင်များက ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကယ်တင်နိုင်ခဲ့သည်။

မြန်မာသဘော်သားများလိုက်ပါလာသည့် Lehmann Timber သဘော်သည် တရုတ်နိုင်ငံမှစတင်ထွက်ခွာလာပြီး စင်ကာပူ

နိုင်ငံတွင် ဒီဇယ်ဆီနှင့် အစားအသောက်များယူဆောင်၍ ဂျာမနီသို့ ဆက်လက်ထွက်ခွာလာရာ မေလ ၂၈ ရက်နေ့ အေဒင်ပင်လယ်ကွေ့အရောက်တွင် ဆိုမာလီယာ ပင်လယ်ဓားပြများ၏ဖမ်းဆီးခံခဲ့ရသည်။ ယင်းသို့ ပြန်ပေးဆွဲခံရသော မြန်မာသင်္ဘောသားကိုးဦးရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ TG 305 ဖြင့် ဇူလိုင်လ ၂၃ ရက်နေ့ ညနေ ၇ နာရီခန့်က ပြန်လည်ရောက်ရှိခဲ့သည်။

ပင်လယ်နီအတွင်းရှိ ဆိုမာလီယာနိုင်ငံ ကမ်းလွန်၌ မြန်မာသင်္ဘောသား ၁၄ ဦးအပါအဝင် သင်္ဘောသား ၂၂ ဦးပါဝင်သော MV Bright Ruby အမည်ရှိ တောင်ကိုရီးယားကုန်တင်သင်္ဘောတစ်စင်း အမည်မသိလက်နက်ကိုင်များ၏ ပြန်ပေးဆွဲခြင်းကိုခံထားရကြောင်း ရန်ကုန်မြို့အခြေစိုက် ကိုရီးယားသမ္မတနိုင်ငံသံရုံးပထမအတွင်းဝန် မစ္စတာကွမ်ဂျေးဟွမ်က စက်တင်ဘာလ ၁၁ ရက် နေ့တွင် ပြောကြားခဲ့သည်။

မြန်မာသင်္ဘောသားရှစ်ဦး၊ တောင်ကိုရီးယားသင်္ဘောသားရှစ်ဦးနှင့် အင်ဒိုနီးရှားသင်္ဘောသားတစ်ဦးတို့ပါဝင်သည့် တောင်ကိုရီးယားနိုင်ငံ First Marine Shipping Corporation ပိုင် တန်ချိန် ၅၀၀၀ ရှိ M V. Zeus ကုန်တင်သင်္ဘောတစ်စင်း စက်တင်ဘာလ ၂၄ရက် နေ့ မွန်းလွဲပိုင်း ၂ နာရီဝန်းကျင်တွင် မကာအိုကျွန်းအရှေ့ဘက် ၅၈ ကီလိုမီတာအကွာ တောင်တရုတ်ပင်လယ်အတွင်းတွင် နစ်မြုပ်သွားခဲ့ရာ တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များ အပူတပြင်းရှာဖွေခဲ့သော်လည်း နစ်မြုပ်ပြီး ၂၄ နာရီကျော်သည်အထိ သင်္ဘောပေါ်တွင် လိုက်ပါသွားသူများကို ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိကြောင်း တောင်ကိုရီးယားသံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အကယ်၍ အဆိုပါသင်္ဘောသားများ အမှန်တကယ်သေဆုံးကြောင်း အတည်ပြုပါက သင်္ဘောကုမ္ပဏီအနေဖြင့် သာမန်သင်္ဘောသားတစ်ဦးချင်းစီအတွက် အမေရိကန်ဒေါ်လာ ၂၅၀၀၀ စီနှင့် အရာရှိဖြစ်ပါက ဒေါ်လာ ၅၀၀၀၀ အထိ လျော်ကြေးပေးရန် တာဝန်ရှိကြောင်းနှင့် ယခုနစ်မြုပ်သောသင်္ဘောတွင် မြန်မာအရာရှိမပါဝင်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်းအတွင်းရေးမှူး ဦးမင်းဇော်က ဆိုသည်။

အမျိုးသား ပရဆေးဥယျာဉ်

နေပြည်တော်–တောင်ညိုကားလမ်းမကြီးဘေး အကျယ်အဝန်း၈က ၂၀၀ ခန့်ရှိသည့် အမျိုးသားပရဆေးဥယျာဉ် (National Herbal Park)ကို ဇန်နဝါရီလ ၄ ရက်နေ့တွင် ဖွင့်လှစ်လိုက်သည်။

ယင်းဥယျာဉ်အတွင်း သစ်တောရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ဝမ်းကိုက်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ၄င်္ဂျားရောဂါနှင့် တီဘီရောဂါသုံး ဆေးဖက်ဝင်အပင်အမျိုးပေါင်း ၇၁၉ မျိုး၊ အပင်ပေါင်း ၂၄၈၃၁ ပင် စိုက်ပျိုးထားရှိခြင်းနှင့် မျိုးထိန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မြဝတီရုပ်မြင်သံကြား၏ အသစ်ထုတ်လွှင့်မည့် ဖျော်ဖြေရေးလိုင်း သုံးလိုင်း

ဒစ်ဂျစ်တယ်ရုပ်သံဖမ်းစက်ဖြင့် ဖမ်းယူကြည့်ရှုနိုင်မည့် ဖျော်ဖြေရေးရုပ်သံလိုင်းသုံးလိုင်းကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် ဖေဖော်ဝါရီလမှစတင်၍ မြဝတီရုပ်မြင်သံကြားမှ အခမဲ့ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်ကို စီစဉ်သူ Studio 35မှ ဒုတိယအထွေထွေမန်နေဂျာ ဦးရဲနိုင်စိုး၏ ပြောကြားချက်ကို ဇန်နဝါရီလ ၁၄ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြထားသည်။

တိုးချဲ့ထုတ်လွှင့်သွားမည့် လိုင်းသစ်များမှာ ရုပ်ရှင်လိုင်း၊ မြဝတီတိုးချဲ့ရုပ်သံအစီအစဉ်နှင့် အခြားဖျော်ဖြေရေးရုပ်သံလိုင်းတို့ဖြစ်ကြောင်း၊ အင်တင်နာဖြင့် လက်ရှိကြည့်ရှုနေသည့် Analoge စနစ်အစား ဒစ်ဂျစ်တယ်စက်ဖြင့် ရုပ်သံလိုင်းဖမ်းယူကြည့်ရှုသည့် စနစ် အောင်မြင်ပါက ရန်ကုန်မြို့တွင်သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ပါ တိုးချဲ့ထုတ်လွှင့်သွားရန်ရှိကြောင်းလည်း ယင်းသတင်းအရ သိရသည်။

ကျောက်ဖြူမြို့နယ်တွင် မီးတောင်နှစ်လုံး ရှေ့ဆင့်နောက်ဆင့် ပေါက်ကွဲမှု

မီးတောင်ဟောင်းများရှိသော်လည်း မီးတောင်ပေါက်ကွဲမှုဖြစ်စဉ် လွန်စွာနည်းပါးသော မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၅ရက်နေ့၌ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် စိုင်ခြဲကျေးရွာအုပ်စု အရှေ့ဘက် တစ်မိုင်ခန့်အကွာ နဂါးတောင်တွင် နှစ်ပေါင်း ၃၀အတွင်း ပထမဆုံးအကြိမ်အဖြစ် မီးတောင်နှစ်လုံး ရှေ့ဆင့်နောက်ဆင့် ပေါက်ကွဲခဲ့သည်။

အဆိုပါ ရွှံ့မီးတောင်များပေါက်ကွဲမှုမှ ချော်ရည်နှင့် မီးလျှံများမှာ အမြင့်ပေ ၂၅၀ မှ ၃၀၀ ခန့်အထိ မြင့်တက်ခဲ့ပြီး မီးတောင်နှစ်လုံးမှ ပေါက်ကွဲမှုမှာ သုံးကြိမ်ဖြစ်ပေါ်ခဲ့ကြောင်း၊ ပေါက်ကွဲခဲ့သည့် မီးတောင်များမှာ ကျေးရွာများနှင့် ဝေးသည့်အတွက် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ ယင်းသို့ ပေါက်ကွဲမှုကြောင့် မီးတောင်ပတ်ဝန်းကျင် ပေ၂၀၀ ပတ်လည်ခန့်အထိ ချော်ရည်များဖုံးလွှမ်းခဲ့သည်။

စိုင်ခြဲကျေးရွာအနီးရှိ နဂါးတောင်တွင် ဇန်နဝါရီလ ၅ ရက်နေ့က ရွှံ့မီးတောင်ပေါက်ကွဲခဲ့ပြီးနောက် ဇန်နဝါရီလ ၉ ရက်နေ့အထိ နောက်ဆက်တွဲမြေကြီးတုန်ခါမှုများ ဆက်လက်ဖြစ်ပွားနေကြောင်း၊ ယင်းအကျိုးဆက်အနေဖြင့် ရေတွင်းများ၊ ချောင်းများအတွင်းရှိရေများ နောက်ကျိနေပြီး အိမ်ခြေ၂၀၀ ခန့်ရှိသော အဆိုပါကျေးရွာအတွင်း သောက်သုံးရေအခက်အခဲများဖြစ်ပေါ်ခဲ့သည်။

မုဒုံမြို့နယ်တွင် ရင်ချင်းဆက်အမြွာအပါအဝင် သုံးမြွာပူးမွေးဖွား

မွန်ပြည်နယ် မုဒုံမြို့နယ် ပြည်သူ့ဆေးရုံတွင် ၂၀၀၈ ခုနှစ်

၂၀၀၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၈ ခုနှစ်အတွင်း လူပ်ခတ်သွားခဲ့သောငလျင်များ

နေ့စွဲ	အချိန် (မြန်မာစံတော်ချိန်)	နေရာ	အင်အား(ရစ်ချ်တာစကေး)
၇-၁၂-၂၀၀၇	မွန်းလွဲ ၁ နာရီ၊ ၂၈ မိနစ်၊ ၄၆ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်း၏မြောက် အနောက်မြောက်ဘက် မိုင် ၄၇၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၅.၀ (အသင့်အတင့်)
၅-၂-၂၀၀၈	နံနက် ၈ နာရီ၊ ၁ မိနစ်၊ ၄၈ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်း၏မြောက်ဘက် ၁၇၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၄.၈ (အနည်းငယ်)
၇-၇-၂၀၀၈	နံနက် ၉ နာရီ၊ ၂၁ မိနစ်၊ ၅၂ စက္ကန့်	မန္တလေးမြေငလျင်စခန်း၏အနောက်မြောက်ဘက် မိုင် ၃၀၀ခန့် ကွာဝေးသော မြန်မာ-အိန္ဒိယ နယ်စပ်နေရာ	၅.၀ (အသင့်အတင့်)
၂၁-၈-၂၀၀၈	၁၈ နာရီ၊ ၅၄ မိနစ်၊ ၃၁ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်း၏မြောက်ဘက် မိုင် ၅၈၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(တရုတ်-မြန်မာနယ်စပ်)နေရာ	၅.၉ (အသင့်အတင့်)
၃-၉-၂၀၀၈	၁၂ နာရီ၊ ၅၉ မိနစ်၊ ၃၃ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၆၀၀ ခန့်ကွာဝေးသော တရုတ်-မြန်မာနယ်စပ်နေရာ	၅.၆ (အသင့်အတင့်)
၅-၉-၂၀၀၈	၁၅ နာရီ၊ ၁၆ မိနစ်၊ ၀၀ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် ၂၁မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၃.၅ (အနည်းငယ်)
၇-၉-၂၀၀၈	၁၉ နာရီ၊ ၂၃ မိနစ်၊ ၀၇ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၁၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၃.၈ (အနည်းငယ်)
၂၂-၉-၂၀၀၈	၂၀ နာရီ၊ ၀၂ မိနစ်၊ ၀၂ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်းအနီးမှတောင်ဘက် ၈၅မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ တောင်ဘက် ကမ်းရိုးတန်းအနီး	၅.၄ (အသင့်အတင့်)
၁၁-၁၁-၂၀၀၈	၈ နာရီ၊ ၄၉ မိနစ်၊ ၁၃ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်းမှမြောက်ဘက် မိုင် ၁၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၄.၈ (အနည်းငယ်)
၂၉-၁၁-၂၀၀၈	၃ နာရီ၊ ၂၄ မိနစ်၊ ၅၃ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်းမှမြောက်အနောက် မြောက်ဘက် ၄၃၅မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၄.၈ (အနည်းငယ်)

ဇန်နဝါရီလ ၁ ရက်နေ့ နံနက် ၅ နာရီ ၄၅ မိနစ်အချိန်က ရင်ချင်းဆက်အမြွာအပါအဝင် သုံးမြွာပူးကလေးများ မွေးဖွားခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

ကလေးများအနက် ငါးပေါင်ငါးအောင်စရှိသောယောကျ်ားလေးတစ်ဦးကို ဦးစွာမွေးဖွားခဲ့ပြီး နှစ်မိနစ်ခြား၍ နှစ်ဦးပေါင်း ကိုးပေါင် ခြောက်အောင်စရှိသော ရင်ချင်းဆက်အမြွာမိန်းကလေး နှစ်ဦးကို မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း၊ ရင်ချင်းဆက်အမြွာကလေးများမှာ ရင်ညွန့်မှချက်အထိ လေးလက်မခန့် ဆက်နေပြီး ချက်တစ်ခုတည်းသာပါဝင်ကြောင်းလည်း ယင်းထုတ်ပြန်တွင် ဖော်ပြပါရှိသည်။ အဆိုပါ သုံးမြွာပူးကလေးများကို ခွဲစိတ်မွေးဖွားသူမှာ ဆေးရုံအုပ် ဒေါက်တာတင်ဌေးဖြစ်ပြီး ရင်ချင်းဆက်အမြွာကလေးနှစ်ဦးကို မွေးဖွားသည့်နေ့မှာပင် မော်လမြိုင်ကလေးဆေးရုံကြီးသို့ ယူဆောင်၍ ဇန်နဝါရီလ ၃ ရက်နေ့တွင် ရန်ကုန်ကလေးဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်းလည်း ထုတ်ပြန်ချက်များအရ သိရသည်။

ယာဉ်တိမ်းမှောက်မှုများ

ရန်ကုန်မှ ကျိုက္ခမီသို့ ပြေးဆွဲသည့် ရောင်နီထွန်းမှန်လုံ လေအိတ်ယာဉ်တစ်စီးသည် ဧန်နဝါရီလ ၂၀ ရက်နေ့က ကျိုက်ထို မြို့နယ် လက်ပြကျေးရွာအနီးတွင် လမ်းဘေးရေမြောင်းအတွင်းကျ ဆင်း၍ ခရီးသည်များ ရေမွန်းသေဆုံးမှုတစ်ရပ်ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်စဉ်တွင် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၅ ဦးနှင့် သံဃာတစ်ပါး စုစုပေါင်း ၂၈ ဦးသေဆုံးသွားပြီး ၁၁ ဦးမှာ ဒဏ်ရာ ရရှိခဲ့သည်။ အဆိုပါတိမ်းမှောက်မှုတွင် သေဆုံးသူများအတွက် မြန်မာ့အာမခံလုပ်ငန်းက ခရီးသွားအာမခံကြေးအဖြစ် ကျပ်သိန်း ၂၆၀ ခန့် ပေးလျော်ရန်ရှိကြောင်း၊ သေဆုံးသူ ၂၈ ဦးရှိသော်လည်း ငါးနှစ်အောက် (ထိုင်ခုံမဲ့) ကလေးနှစ်ဦးပါရှိနေသည့်အတွက် ထိုင်ခုံ ဝယ်ယူခဲ့သူ ၂၆ ဦးကိုသာ ခရီးသွားအာမခံကြေးအဖြစ် တစ်ဦး လျှင် ကျပ် ၁၀ သိန်းကျော် ပေးလျော်ရမည်ဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာထားသည်။ ရောင်နီထွန်းမော်တော်ယာဉ်လိုင်း က သေဆုံးသူတစ်ဦးလျှင် ကျပ်သုံးသိန်းစီနှင့် ဒဏ်ရာရသူတစ်ဦး လျှင် ကျပ်ငါးသောင်းစီ ပေးအပ်ခဲ့ပြီး မထသ (အဝေးပြေး) က လည်း သေဆုံးသူတစ်ဦးစီအတွက် ကျပ်ငါးသောင်းစီ ပေးအပ်ခဲ့ သည်။

ရွှေစာရံဘုရားပွဲတော်သို့ လာရောက်သည့် ဒေသစုံမှ ဘုရား ဖူးများကို တင်ဆောင်လာသည့် မော်တော်တစ်စင်းသည် စစ်ကိုင်း မြို့နယ် မီးသွေးဖုတ်ကျေးရွာအနီး ကင်းတုံကွက်သစ်ကျေးရွာအနီး ရှိ ဒုဋ္ဌဝတီမြစ်ရေလယ်၌ ပေါ်ထွက်နေသောသစ်ငုတ်ကို အရှိန်ဖြင့်

ဝင်တိုက်မိခြင်းကြောင့် မတ်လ ၂၁ ရက်နေ့ (တပေါင်းလပြည့်နေ့) က တိမ်းမှောက်ခဲ့သည်။ အဆိုပါ မော်တော်မှာ ရွှေစာရံဘုရား အောက်ဘက်ရှိ နဂါးရုံဘုရားပွဲသို့သွားရောက်စဉ် တိမ်းမှောက်ခြင်း ဖြစ်၍ ခရီးသည် ၂၁ ဦးသေဆုံးခဲ့ပြီး ပျောက်ဆုံးမှုအချို့လည်းရှိခဲ့ သည်။

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ပကိတ်ကြီးကျေးရွာမှ မြောင်းမြမြို့သို့ ရွေးမြစ်အတိုင်းထွက်ခွာလာသည့် မျိုးပပထွန်း အမည်ရှိ ခရီးသည်တင် စက်လှေတစ်စင်း ရွေးမြစ်အတွင်း ဇူလိုင်လ ၁ ရက်နေ့က နစ်မြုပ်သွားခဲ့ရာ ခရီးသည် ၃၈ ဦး သေဆုံးခဲ့သည်။

ရန်ကုန်တိုင်း ဒေါပုံမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်တို့ကို ဆက်သွယ်ထားသော မဟာဗန္ဓုလတံတားပေါ်မှ အရှိန်လွန် ဘရိတ် ပေါက်၍ ထိုးဆင်းလာသော မ.ထ.သ ၂၁၈ ယာဉ်သည် အရှိန်ထိန်း နိုင်ရန်အတွက် ဘယ်ဘက်သို့ ချိုးကွေ့လိုက်ရာ ယမုံနာလမ်းမ ကြီးပေါ်အရောက် ဓမ္မဝိဟာရလမ်းထိပ်တွင် ဘယ်ဘက်လမ်းကြော မှလာသော ကရီနာအမျိုးအစား ဆလွန်းအဖြူရောင်ယာဉ်ငယ်ကို ဝင်တိုက်မိမှုတစ်ရပ် ဩဂုတ်လ ၆ ရက်နေ့က ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် လူတစ်ဦးသေဆုံးပြီး ၂၀ ဦးဒဏ်ရာရခဲ့ သည်။

ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီး ကမ္ဘာအေးဘုရားလမ်း မပေါ်တွင် နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက် ၁ နာရီကျော်က ဓမ္မစေတီ လမ်းမီးပွိုင့်အလွန်၌ လမ်းဘေးဓာတ်တိုင်ကို ယာဉ်ဝင်တိုက်မှု တစ်ခုဖြစ်ပွားခဲ့ရာ ယာဉ်ပေါ်တွင်လိုက်ပါလာသော လူငယ်ခြောက် ဦးအနက် လေးဦးမှာ သေဆုံးသွားခဲ့သည်။

ယာဉ်တိုက်မှုများ

ရန်ကုန်မြို့တော်ရှိ ဒုတိယမြောက် လှိုင်မြစ်ကူးတံတားတစ် စင်းဖြစ်သည့် အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ကို ဆက် သွယ်ထားသော အောင်ဇေယျကြိုးတံတားကြီး၏ လှိုင်သာယာမြို့ နယ်ဘက် အဆင်းတံတားပေါ်တွင် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်အချိန်က ရွှေဥည့်သည်ယာဉ်လိုင်းမှ ယာဉ် အမှတ်------နှင့်၊ ငြိမ်းချမ်းရေး ၂၂၄ ယာဉ်လိုင်းမှ ယာဉ်အမှတ် -----(ဒိုင်နာ)တို့ အရှိန်ပြင်းထန်စွာ မျက်နှာချင်းဆိုင်တိုက်မိရာ ယာဉ်နှစ်စီးပေါ်တွင်လိုက်ပါလာသော ခရီးသည်များအနက် ကိုးဦး မှာ အခင်းဖြစ်ရာနေရာတွင် ပွဲချင်းပြီးသေဆုံးပြီး ၁၈ ဦးခန့် အပြင်း အထန်ဒဏ်ရာရရှိသွားခဲ့သည်။

ရန်ကုန်တိုင်းအတွင်း တိုင်းရင်းသားကျေးရွာအနီး သန်လျင် တံတားအဆင်း ကားမှတ်တိုင်မဟုတ်သောနေရာတွင် ပါရမီယာဉ် လိုင်းမှ အမှတ် ၁၇၃ ယာဉ် ဘရိတ်ပေါက်၍ ကားလေးစီးဆင့်တိုက်

သော ဖြစ်ရပ်တစ်ခု ဇူလိုင်လ ၁၇ ရက်နေ့ နေ့လယ် ၃ နာရီ ၅ မိနစ်ခန့်က ဖြစ်ပွားခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းသုံးဦးနှင့် ခရီးသည်နှစ်ဦးမှအပ ကျန် ၁၉ ဦးမှာ ရန်ကုန်ဆေးရုံကြီး၊ ဦးနှောက်နှင့်အာရုံကြောနှင့် အရိုးအထူးကုဆေးရုံများတွင် အတွင်းလူနာအဖြစ် အထူးကြပ်မတ်ဆောင်တွင် ကုသခဲ့ရသည်။

မြန်မာ-တောင်ကိုရီးယား အူလ်ဆန်တက္ကသိုလ်ဘောလုံးအသင်း ချစ်ကြည်ရေးခြေစမ်းကစားပွဲ

ကိုရီးယားတက္ကသိုလ် အသင်းများထဲတွင် ထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် အူလ်ဆန် တက္ကသိုလ်ဘောလုံးအသင်းသည် မြန်မာလိဂ် (အဆင့်မြင့်တန်း) မှ ဘောလုံးအသင်းများနှင့် ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန်အတွက် ဧန်နဝါရီလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါအသင်းသည် မြန်မာနိုင်ငံသို့ ၂၀၀၄ ခုနှစ်၊ ၂၀၀၇ ခုနှစ်များက လာရောက်ခြေစမ်းခဲ့ဖူးပြီး ယခုနှစ်တွင် ခြေစမ်းမည့် အသင်းများမှာ စီးပွား/ကူးသန်း၊ ကမ္ဘောဇနှင့် ဘဏ္ဍာ/အခွန်အသင်းများဖြစ်သည်။

ပထမပွဲစဉ်အဖြစ် ဧန်နဝါရီလ ၃၀ ရက်နေ့ညနေက စီးပွား/ကူးသန်းအသင်းနှင့် ကစားခဲ့ရာ အူလ်ဆန်အသင်းက ၄ ဂိုး ၁ ဂိုး ဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ဒုတိယပွဲစဉ်အဖြစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က ကမ္ဘောဇအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကမ္ဘောဇအသင်း ကတစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် နောက်ဆုံးပွဲစဉ်အဖြစ် ဘဏ္ဍာ/အခွန်အသင်းဖြင့် ကစားခဲ့ရာ တစ်ဂိုးစီဖြင့် သရေကျခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြချက်များအရ သိရသည်။

ရန်ကုန်နှင့်မန္တလေးတွင်ကျင်းပမည့် အိန္ဒိယရုပ်ရှင်ပွဲတော်

အိန္ဒိယနိုင်ငံ ဘောလိဝုဒ်တွင် နာမည်ကျော်ကြားသည့် ရုပ်ရှင်ကားများကိုပြသမည့် အိန္ဒိယရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့နေပြည်တော်ရုပ်ရှင်ရုံတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၁၀ ရက်နေ့ အထိလည်းကောင်း၊ မန္တလေးမြို့ မြို့မရုပ်ရှင်ရုံတွင် ဖေဖော်ဝါရီလ ၁၅ ရက်မှ ၂၂ ရက်နေ့အထိလည်းကောင်း အခမဲ့ပြသခဲ့သည်။ အဆိုပါ ရုပ်ရှင်ပွဲတော်တွင် ဘောလိဝုဒ်မှ နာမည်ကျော် သရုပ်ဆောင်များဖြစ်သည့် အမီတာဘဂျမ်း၊ ရှရွတ်ခမ်းတို့ပါဝင်သည့် ဇာတ်ကားများအပါအဝင် ဇာတ်ကားရုစ်ကားကို ပြသခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အကောင်းဆုံးဟိုတယ်ဆုများတွင်ပါဝင်သည့် မြန်မာနိုင်ငံမှ ဟိုတယ် ၁၀ လုံး

အာဆီယံဒေသတွင်းမှ ဟိုတယ်များအနက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အကောင်းဆုံးဟိုတယ်များအား ချီးမြှင့်ပေးအပ်သည့် ASEAN Green Hotel Recognition Award ဆုကို ပြီးခဲ့သည့် ဧန်နဝါရီလ ၁၇ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော အာဆီယံခရီးသွားဖိုရမ်တွင် ရွေးချယ်ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံမှ ဟိုတယ် ၁၀ လုံး ပါဝင်ကြောင်း ဖေဖော်ဝါရီလ ၁၃ ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ရေးသားထားချက်အရသိရသည်။

ရွေးချယ်ခံရသည့် ဟိုတယ်များတွင် ငပလီကမ်းခြေရှိ Amazaing Ngapali Resort နှင့် Sundoway Resort၊ ငွေဆောင်းကမ်းခြေရှိ Aureum Palace Hotels & Resorts၊ ပုဂံရှိ Bagan Hotel River View နှင့် Thiripyitsaya Sakura Hotel၊ ရန်ကုန်ရှိ Kandawgyi Palace Hotel၊ The Governor's Residence နှင့် The Strand Hotel၊ ကလောရှိ Hill Top Villa Resort တို့ပါဝင်ကြောင်းလည်း ယင်းသတင်းတွင်ဖော်ပြပါရှိသည်။

မိုဘိုင်းလ်ဖုန်းကြောင့် အက်ရှင်ဇာတ်ကားဆန်ဆန် ဖမ်းဆီးရမိသော ကားခိုးမှု

ခိုးယူခံရသောယာဉ်ပေါ်တွင် ပါသွားသည့် မိုဘိုင်းလ်ဖုန်းအကူအညီဖြင့် နှစ်ကျော့ပြန်ရဲဘက်ပြေးတစ်ကိုယ်တော်ကားသူခိုးအောင်ကျော် (၃၅ နှစ်) ကို အခင်းဖြစ်ပွားပြီး ၃ နာရီခန့်အကြာတွင် ဒဂုံမြို့သစ်တောင်မြောက်လမ်းဆုံ ရထားသံလမ်းဂိတ်အနီးတွင် ခိုးယူသွားသည့် ယာဉ်နှင့်အတူ ဖမ်းဆီးရမိလိုက်ကြောင်း ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများနှင့် ဗဟန်းရဲခစန်း၏ အတည်ပြုထုတ်ပြန်ချက်များကို ကိုးကား၍ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ထုတ် The Voice Weekly တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

အဆိုပါတရားခံမှာ တောင်ဥက္ကလာပမြို့နယ် (၁၄) ရပ်ကွက် ယုဇနလမ်းတွင်နေထိုင်သူဖြစ်ပြီး ၁၉၉၉ ခုနှစ်တွင် ဒဂုံ၊ မင်္ဂလာတောင်ညွန့်၊ ပန်းဘဲတန်းနှင့် လသာမြို့နယ်တို့မှ ကားခိုးမှု ခုနစ်မှုဖြင့် ပြစ်ဒဏ် ၁၉ နှစ်ကျကာ သာယာဝတီထောင်သို့ ရောက်ရှိခဲ့ကြောင်း၊ ရဲဘက်စခန်းမှ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် ထွက်ပြေးခဲ့ပြီး လသာမြို့နယ်တွင် ကားခိုးမှုနှစ်မှုဖြင့် ပြစ်ဒဏ် ခြောက်နှစ်ကျခံခဲ့ရကြောင်း၊ ယင်းသို့ ဖမ်းဆီးခံရစဉ်တွင် လင်းလင်း (ခ) လင်းလင်းအောင်၊ အဘ ဦးလင်းအောင်၊ သင်္ကန်းညီနောင်ရွာ၊

မြဝတီမြို့နယ်နေသူဟု အမည်နှင့် နေရပ်လိပ်စာလွဲပြောဆို၍ ပြစ်ဒဏ်ဟောင်းမပေါ်ပေါက်ခဲ့ကြောင်း၊ ယင်းပြစ်ဒဏ်ဖြင့် တွံတေးမြို့နယ် ရဲဘက်စခန်းတွင် ပြစ်ဒဏ်ကျခံနေရစဉ် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရဲဘက်စခန်းမှ ထပ်မံထွက်ပြေး၍ ရန်ကုန်မြို့သို့ရောက်ရှိပြီး ယခုကားခိုးမှုကို ထပ်မံကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်။

TOEFL စာမေးပွဲကြေး တိုး

နိုင်ငံတကာတက္ကသိုလ်များသို့ ဝင်ခွင့်ရရန်အတွက်ဖြေဆိုရသော အင်္ဂလိပ်စာအရည်အချင်းစစ် TOEFL စာမေးပွဲဝင်ကြေးများကို လာမည့် ၂၀၀၈ ခုနှစ် ဇူလိုင်လမှစ၍ ယခင်ပေးသွင်းရသော အမေရိကန်ဒေါ်လာ ၁၄၀ အစား ၁၅၀ သို့ တိုးမြှင့်ပြောင်းလဲသွားမည်ဖြစ်ကြောင်း TOEFL စာမေးပွဲဘုတ်အဖွဲ့ ETS (Educational Testing Service) ၏ကြေညာချက်ကို မတ်လ ၃ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြပါရှိသည်။

ယခုမေလတွင်ကျင်းပမည့် TOEFL စာမေးပွဲကြေးများကိုမူ မူလနှုန်းထားအတိုင်းသာပေးသွင်းရမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် အင်တာနက်အခြေခံ TOEFL စာမေးပွဲများအဖြစ် ပြောင်းလဲကျင့်သုံးနေသော်လည်း မြန်မာနိုင်ငံတွင်မူ ယခင်ပုံစံအတိုင်း Paper Based စာမေးပွဲအဖြစ် ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် နှစ်စဉ်ဖြေဆိုသူဦးရေ ပျမ်းမျှ ၃၀၀ ခန့်ရှိကြောင်းလည်း ယင်းသတင်းတွင် ရေးသားထားသည်။

တင်ဆက်မှုပုံစံပြောင်းလဲလာသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသည့် ရေဒီယိုနှင့် မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်တင်ဆက်မှုပုံစံများကို မတ်လ ၁၆ ရက်နေ့မှ စတင်ပြောင်းလဲထုတ်လွှင့်ခဲ့သည်။

ယင်းသို့တင်ဆက်မှုပုံစံပြောင်းလဲခဲ့ရာတွင် ရေဒီယိုအစီအစဉ်များမတင်ဆက်မီ နေပြည်တော်မြန်မာ့အသံမှ ထုတ်လွှင့်နေကြောင်း မိတ်ဆက်စကားပြောကြားပြီးမှ အစီအစဉ်များကိုစတင်ပြီး သတင်းများဖတ်ကြားရာတွင်လည်း သတင်းအမြည်းကို တစ်ဦးက ဖတ်ကြား၍ နောက်တစ်ဦးက သတင်းကို အကျယ်တဝင့်ဖတ်ကြားသည့်ပုံစံဖြင့် ထုတ်လွှင့်ခဲ့သည်။

ရုပ်မြင်သံကြားအစီအစဉ်များတွင်လည်း သတင်းတင်ဆက်မှုနောက်ခံမှာ ယခင်က ဆည်မြောင်း၊ တံတား၊ လမ်းများနေရာတွင် သတင်းစတူဒီယိုအတွင်း ဝန်ထမ်းများအလုပ်လုပ်နေကြသည့် နောက်ခံပုံရိပ်များဖြင့် လဲလှယ်ခဲ့ပြီး သတင်းဖတ်ကြားရာတွင်လည်း သတင်းအမြည်းကို ဦးစွာဖတ်ကြားပြီး သတင်းဖြစ်တည်ရာနေရာမှ ရုပ်မြင်သတင်းထောက်က သတင်းပေးပို့ဖတ်ကြားသည့် နိုင်ငံတကာရုပ်မြင်သံကြားထုတ်လွှင့်မှုပုံစံဖြင့် ထုတ်လွှင့်ခဲ့သည်။ တင်ဆက်မှုပုံစံများပြောင်းလဲခဲ့သော်လည်း လက်ရှိထုတ်လွှင့်နေသည့် အစီအစဉ်များနှင့် အချိန်များကိုမူ ပြောင်းလဲခြင်းမရှိသည်ကို တွေ့ရသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)

ရန်ကုန်–မန္တလေးကားလမ်းမကြီးအရှေ့ဘက် ရေဆင်းဆည်အနီးတွင်တည်ရှိသည့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ကို မတ်လ ၂၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ တိရစ္ဆာန်ဥယျာဉ်၏ အကျယ်အဝန်းမှာ ဖာ၁ ဧက ရှိပြီး အဓိကအားဖြင့် နို့တိုက်သတ္တဝါ ၃၉ မျိုး၊ ကျေးငှက် ၃၀ မျိုး၊ တွားသွားသတ္တဝါ ၁၂ မျိုး စုစုပေါင်း ၈၁ မျိုး၊ ၄၂၃ ကောင်ကို တိရစ္ဆာန်ပြကွက် ၂၇ ကွက်ဖြင့် ပြသထားသည်။ မြန်မာနိုင်ငံအတွင်းရှိ ရှားပါးသတ္တဝါများသာမက ကမ္ဘာ့ရှားပါး တိရစ္ဆာန်များဖြစ်သည့် ပင်ဂွင်းငှက်၊ ကျားဖြူ သားပိုက်ကောင် စသည့် တိရစ္ဆာန်များလည်းပါဝင်သည်။

နေပြည်တော်ရှိ ယင်းတိရစ္ဆာန်ဥယျာဉ်တွင် ပြသထားရှိရန်အတွက် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၊ လော်ကား ဘေးမဲ့ဥယျာဉ်နှင့် ရတနာပုံတိရစ္ဆာန်ဥယျာဉ် (မန္တလေး) တို့မှ တိရစ္ဆာန်အချို့ကို ဖေဖော်ဝါရီလအတွင်းက အသုတ်များခွဲ၍ ပို့ဆောင်ခဲ့သည်။

ဦးပိန်တံတားအစိတ်အပိုင်းအချို့ပြုကျပျက်စီးမှု

မန္တလေးတိုင်းအတွင်းရှိ နာမည်ကျော် သမိုင်းဝင် ဦးပိန်တံတား၏ အခန်းနှစ်ခန်းကျိုးကျပျက်စီးမှုတစ်ရပ် ဧပြီလ ၁၆ ရက်နေ့က ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်ရပ်ကြောင့် တံတားပေါ်မှ လူ ၃၀ ဦးခန့် အင်းထဲသို့ ပြုတ်ကျခဲ့ပြီး နှစ်ဦးခန့် ပွန်းပဲ့ဒဏ်ရာရရှိခဲ့ပြီး ကျိုးကျသည့် အခန်းများမှာ ကျောက်တော်ကြီးဘက်ခြမ်းကမ်းခြေရှိ အခန်းများဖြစ်သည်။

ထိုင်းနိုင်ငံတွင် မြန်မာလုပ်သား ၅၄ ဦးသေဆုံးမှု

ထိုင်းနိုင်ငံ ရနောင်းမြို့မှ ဖူးခက်မြို့သို့ ပင်လယ်စာနှင့်ငါးများသယ်ဆောင်လာသည့် အဆောခန်းကွန်တိန်နာယာဉ်တွင် လိုက်ပါလာသော မြန်မာအလုပ်သမား ၁၂၁ ဦးအနက် ၅၄ ဦး အသက်ရှူကျပ်သေဆုံးမှုတစ်ခု ဧပြီလ ၁၀ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့ရာ သံသယရှိသူများကို ဆက်တိုက်ဖမ်းဆီးစစ်ဆေးပေးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ရနောင်းပြည်နယ် ရဲတပ်ဖွဲ့မှ ရဲချုပ် Apirak Hongthong ၏ပြောကြားချက်ကို ကိုးကား၍ ဧပြီလ ၂၈ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြပါရှိသည်။

အဆိုပါအဆောခန်း ကွန်တိန်နာယာဉ်မှာ ထိုင်းနိုင်ငံရှိ The Liberty Insurance ကုမ္ပဏီတွင် အာမခံထားရှိခဲ့ရာ ယင်းကုမ္ပဏီက သေဆုံးသွားသည့် မြန်မာများ၏ မိသားစုများအတွက် လျော်ကြေးပေးမည်ဖြစ်ကြောင်း၊ သေဆုံးသူတစ်ဦးအတွက် ထိုင်းဘတ်

၂၀၀၈ ခုနှစ်အတွင်း ပျံလွန်တော်မူသွားခဲ့သော ဆရာတော်များ

ရက်စွဲ	အကြောင်းအရာ
၄-၁-၂၀၀၈	နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ တော်မတောင်ပေါ်ကျောင်းတိုက်မှ ဆရာတော်ဘန္ဒန္တအဂ္ဂဝံသ၊ သက်တော် (၈၈)နှစ်၊ သိက္ခာတော် (၆၈)ဝါ ပျံလွန်တော်မူသည်။
၂၇-၂-၂၀၀၈	နိုင်ငံတော်ဩဝါဒါစရိယ ဧရာဝတီတိုင်း မြန်အောင်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာနနာယက၊ ဝေဠုဝန်ဂိုဏ်းကြီး၏ ဧကာဒသမ ဂဏာဓိပတိ (သာသနာပိုင်) ဆရာတော် အရှင်ဉာဏိန္ဒမဟာထေရ် ၊ သက်တော် ၉၁ နှစ်၊ သိက္ခာတော် ၇၁ ဝါ ပျံလွန်တော်မူသည်။
၃၁-၄-၂၀၀၈	ချောင်းဝကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တဂုဏာသာမိ၊ သိက္ခာတော် ၇၁ ဝါ၊ သက်တော် ၉၁ နှစ် ပျံလွန်တော်မူသည်။
၁၉-၅-၂၀၀၈	နိုင်ငံတော် ဩဝါဒါစရိယ မွန်ပြည်နယ်ချောင်းဆုံမြို့နယ် သစ္စဝါဒီကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒသာမိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက သက်တော် ၉၂နှစ်၊ သိက္ခာတော် ၇၂ ဝါ၊ ပျံလွန်တော်မူသည်။
၁၈-၈-၂၀၀၈	နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ ကော့ဒွတ်ကျေးရွာမဟာဝိဟာရ ပရိယတ္တိကျောင်းဆရာတော် ဘဒ္ဒန္တဝံသပါလ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ သက်တော် ၉၃နှစ်၊ သိက္ခာတော် ၇၂ဝါ၊ ပျံလွန်တော်မူသည်။
၁၆-၉-၂၀၀၈	နိုင်ငံတော်ဩဝါဒါစရိယ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာနနာယက၊ ဘဒ္ဒန္တ ဆန္ဒာဓိက (အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ)၊ သက်တော် ၉၅ နှစ်၊ သိက္ခာတော် ၇၅ ဝါ ပျံလွန်တော်မူသည်။
၂၇-၉-၂၀၀၈	ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော် ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ ဘဒ္ဒန္တပညိန္ဒာဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါ ပျံလွန်တော်မူသည်။
၁၂-၁၀-၂၀၀၈	နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ် ပဓာနနာယက ဆရာတော်၊ ဘဒ္ဒန္တသံဝရာဘိဝံသ (ရွှေကျင်) အဂ္ဂမဟာပဏ္ဍိတ သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၅ ဝါ ပျံလွန်တော်မူ။
၂၅-၁၀-၂၀၀၈	နိုင်ငံတော်ဩဝါဒါစရိယ ကချင်ပြည်နယ်၊ ရွှေကူမြို့မ ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇဝန(အဘိဓဇ အဂ္ဂမဟာရဋ္ဌဂုရု)၊ သက်တော် ၉၈ နှစ်၊ သိက္ခာတော် ၇၉ ဝါ ပျံလွန်တော်မူသည်။
၂-၁၁-၂၀၀၈	နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ် သထုံမြို့နယ် မရမ်းကုန်းကျေးရွာ မရမ်းကုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကေသရ၊ သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါ ပျံလွန်တော်မူသည်။
၃-၁၁-၂၀၀၈	နိုင်ငံတော်ဩဝါဒါစရိယ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့၊ မြို့မကျောင်း ပဓာနာယကဆရာတော် ဘဒ္ဒန္တ ကောဏ္ဍာညာ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သက်တော် ၉၆ နှစ်၊ သိက္ခာတော် ၇၆ ဝါ ပျံလွန်တော်မူသည်။

၃၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၃၀) လျော်ကြေးပေးမည်ဖြစ်ပြီး အသက်ရှင်ကျန်ရစ်သော မြန်မာအလုပ်သမားများအတွက် ဆေးဝါးကုသစရိတ်အဖြစ် အများဆုံး ထိုင်းဘတ် ၁၅၀၀၀ ခန့်စီ လျော်ကြေးပေးရန်ရှိကြောင်း ယင်းသတင်းအရ သိရသည်။

သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော သောက်ရေသန့်များ

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ သောက်ရေသန့်သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော သောက်ရေသန့်လုပ်ငန်းများကို မေလ ၂၇ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။ အဆိုပါလုပ်ငန်းများအနေဖြင့် ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရမည်ဖြစ်ကြောင်းလည်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော သောက်ရေသန့်လုပ်ငန်းများမှာ –

၁။ Sunflower သောက်ရေသန့်
၂။ Zest သောက်ရေသန့်
၃။ SIP သောက်ရေသန့်
၄။ Nawarat သောက်ရေသန့်
၅။ Great သောက်ရေသန့်
၆။ Fresh Water သောက်ရေသန့်
၇။ OSAKA သောက်ရေသန့်
၈။ Star H_2O သောက်ရေသန့်

၂၀၀၈ ခုနှစ် အတွင်း ကွယ်လွန်သွားခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ

စဉ်	အမည်	ရက်စွဲ
၁။	ကဗျာဆရာ ကျော်သင်းနီ (ခ) ဦးကျော်မြင့်ဦး၊ အသက် ၄၇ နှစ်။	၂၁-၁၂-၂၀၀၇
၂။	စာရေးဆရာ မောင်မောင်(ဥပဒေ) (တက္ကသိုလ်မြင့်နိုင်)၊ အသက် ၅၅ နှစ်။	၂၃-၁၂-၂၀၀၇
၃။	ဦးအောင်ရွှေဦး (နိုင်ငံခြားသတင်းထောက် – NTV သတင်းဌာန)၊ အသက် ၇၃ နှစ်။	၂၄-၁-၂၀၀၈
၄။	ပန်းချီရွှေစိုးဟန် (ခ) ဦးစိုးမြင့်၊ အသက် ၅၀ နှစ်။	၃၁-၁-၂၀၀၈
၅။	စာရေးဆရာ တင်အောင်သွင် (ခ) ဦးအုန်းသွင်၊ အသက် ၅၉ နှစ်။	၁၁-၂-၂၀၀၈
၆။	ဦးထွန်းဇံ (ပါလီမန်အတွင်းဝန်ဟောင်း) အသက် ၉၅ နှစ်။	၂၄-၂-၂၀၀၈
၇။	တေးသံရှင် စိုင်းထီးဆိုင် (ခ) စိုင်းတင်ဦး၊ အသက် ၅၈ နှစ်။	၁၀-၃-၂၀၀၈
၈။	စာရေးဆရာမ ဒေါက်တာလဲ့လဲ့ဝင်း၊ အသက် ၈၀ နှစ်။	၁၆-၃-၂၀၀၈
၉။	စောင်းမှုံသိန်း၊ အသက် ၅၃ နှစ်။	၂၇-၃-၂၀၀၈
၁၀။	သတင်းစာဆရာကြီး ကြေးမုံဦးသောင်း(အောင်ဗလ)၊ အသက် ၈၂ နှစ်။	၃-၄-၂၀၀၈
၁၁။	လူထုဒေါ်အမာ ၊ အသက် ၉၃ နှစ်။	၇-၄-၂၀၀၈
၁၂။	ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့် ငြိမ်း၊ (ဝန်ကြီး(ငြိမ်း))၊ အသက် ၇၇ နှစ်။	၁၆-၄-၂၀၀၈
၁၃။	ပခုက္ကူ ဦးအုန်းဖေ၊ အသက် ၉၂ နှစ်။	၁၃-၄-၂၀၀၈
၁၄။	စာရေးဆရာအိမ်မဲဒေါင်းပြာ (ခ) ဗိုလ်မှူးကြီးအုန်းကြည်၊ အသက် ၈၆ နှစ်။	၁၉-၄-၂၀၀၈
၁၅။	ရုပ်ရှင်သရုပ်ဆောင် ဝင်းကျော် (ခ) ဦးတင်လှ ၊ အသက် ၆၄ နှစ်။	၂၁-၄-၂၀၀၈
၁၆။	စာရေးဆရာ၊ သတင်းစာဆရာ၊ အယ်ဒီတာ မြေနီကုန်းဖိုးလုံး (ခ) ဦးအုန်းကြိုင် (မြေနီကုန်း)၊ အသက် ၇၉ နှစ်။	၄-၅-၂၀၀၈
၁၇။	ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ထင်ပေါ် (ခ) နေလင်းအောင်	၆-၅-၂၀၀၈
၁၈။	ဦးချစ်ကိုကို (စိုက်ပျိုးရေးအရာရှိ (ငြိမ်း)) အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရှင်၊ အသက် ၉၁နှစ် ။	၂၅-၅-၂၀၀၈
၁၉။	စာရေးဆရာ မြဆင့်ချယ် (ခ)ခေါင်ခါးခါး(ကလေး) (ခ) ဦးဝိမလ၊ သက်တော် ၄၄ နှစ် သိက္ခာတော် ၉ ဝါ။	၁၉-၆-၂၀၀၈
၂၀။	စာရေးဆရာမောင်ရဲနိုင် (ခ) ဦးရဲမြင့်၊ အသက် ၆၈ နှစ်။	၁၅-၇-၂၀၀၈
၂၁။	စာရေးဆရာ၊ ဗေဒင်လက္ခဏာဆရာ မင်းသိခ်(ခ)ဦးအောင်ထွန်း၊ အသက် ၇၀ နှစ်။	၁-၈-၂၀၀၈
၂၂။	စာရေးဆရာ မောင်အုန်းသောင်း (မကွေး) အသက် ၅၉ နှစ်။	၂၆-၈-၂၀၀၈
၂၃။	ရုပ်ရှင်သရုပ်ဆောင် ဒေါ်မေရှင်၊ အသက် ၉၂ နှစ်။	၃-၉-၂၀၀၈
၂၄။	စာရေးဆရာမိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)(ခ) ဦးမြသိန်း၊ အသက် ၆၇ နှစ်။	၁၂-၉-၂၀၀၈
၂၅။	ဦးသန်းဌေး (လက်ထောက်ညွှန်ကြားရေးမှူး၊ အင်းလေးကန်ဘေးမဲတော အုပ်ချုပ်ရေးမှူး၊ ညောင်ရွှေမြို့)၊ အသက် (၄၇)နှစ်။	၁-၁၀-၂၀၀၈
၂၆။	ရုပ်ရှင်ဒါရိုက်တာ ပန်းသာဦးတင်ရွှေ၊ အသက် ၈၄ နှစ်။	၁၁-၁၀-၂၀၀၈
၂၇။	ဇေယျကျော်ထင် ဗိုလ်မှူးကြီးဘရွှေ (အငြိမ်းစားသံအမတ်ကြီး၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်) အသက် ၉၂ နှစ်။	၁၅-၁၀-၂၀၀၈

၂၈။	စာရေးဆရာ မောင်သက်ကြူ (ခ) ဦးအင်ကြူ ၊ အသက် ၇၂ နှစ်။	၁၅-၁၀-၂၀၀၈
၂၉။	ပန်းချီ သိမ်းဆွေဝေ (ခ) ဦးကြည်ဝေ၊ အသက် (၆၄ နှစ်)	၂၀-၁၀-၂၀၀၈
၃၀။	ပန်းချီဝသုန်၊ အသက် (၆၁ နှစ်)	၂၁-၁၀-၂၀၀၈
၃၁။	ပန်းချီနေမင်း (ရုပ်ပြ) (ခ) ဦးမျိုးဝင်း၊ အသက် (၄၇ နှစ်)	၂၁-၁၀-၂၀၀၈
၃၂။	စာရေးဆရာမောင်သစ္စာ (ခ) ဦးဆွဲ (မြန်မာ့သမိုင်းကော်မရှင်)၊ အသက် (၈၉ နှစ်)	၃-၁၁-၂၀၀၈
၃၃။	ကာတွန်းကိုခိန် (ခ) ဦးမောင်မောင်ခင်၊ အသက် ၅၄ နှစ်။	၁၅-၁၁-၂၀၀၈
၃၄။	မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနည်းပြဟောင်း ဦးညိမ်း (ဆရာညိမ်း) အသက် (၉၁ နှစ်)	၁၆-၁၁-၂၀၀၈
၃၅။	စာရေးဆရာမောင်ဝေဟင် (ခ) ဦးတင်လှ အသက် (၅၄)နှစ်	၂၂-၁၁-၂၀၀၈
၃၆။	အဆိုတော် ကိုရေချမ်း(ခ) ဦးမြင့်ဦး၊ အသက် ၅၉ နှစ်။	၂၄-၁၁-၂၀၀၈
၃၇။	စာရေးဆရာ၊ အယ်ဒီတာ မောင်တည်ငြိမ် (ခ) ဦးခင်စိုး၊ အသက် ၇၀ နှစ်။	၂၈-၁၁-၂၀၀၈
၃၈။	စာရေးဆရာ ရန်အောင်မြင့်(ခ)ဦးမြင့်(ခ)မြရတီ၊ အသက် ၆၅ နှစ်။	၂၉-၁၁-၂၀၀၈

၉။ နေလသောက်ရေသန့်
၁၀။ Comet သောက်ရေသန့်
၁၁။ Winner သောက်ရေသန့်
၁၂။ PGS သောက်ရေသန့်
၁၃။ YOMA သောက်ရေသန့်
၁၄။ FIFA သောက်ရေသန့်
၁၅။ Golden Cherry သောက်ရေသန့်
၁၆။ နေမင်းသောက်ရေသန့်

ယင်းကဲ့သို့ ထုတ်ပြန်ကြေညာပြီးနောက်တွင် ပြန်လည်ထုတ်လုပ်ရန်ခွင့်ပြုချက်ရရှိခဲ့သော ရေသန့်၊ ခြောက်မျိုးကို နိုင်ငံပိုင်မီဒီယာများတွင်ပင် ကြေညာခဲ့သည်ကိုတွေ့ရသည်။ အဆိုပါ ရေသန့်လုပ်ငန်းများမှာ -

၁။ Sunflower သောက်ရေသန့်
၂။ YOMA သောက်ရေသန့်
၃။ Great သောက်ရေသန့်
၄။ SIP သောက်ရေသန့်
၅။ နေလသောက်ရေသန့်
၆။ Zest သောက်ရေသန့်

ဇွန်လ ၁ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော ရေသန့်ရှစ်မျိုးကို ထပ်မံကြေညာထားသည်ကို တွေ့ရသည်။ ယင်းရေသန့်လုပ်ငန်းများမှာ -

၁။ Star သောက်ရေသန့်
၂။ ရေခဲတောင်သောက်ရေသန့်
၃။ Zwe သောက်ရေသန့်
၄။ အင်ပါယာသောက်ရေသန့်
၅။ 555 သောက်ရေသန့်
၆။ Kool Aqua သောက်ရေသန့်
၇။ Family သောက်ရေသန့်
၈။ မြန်မာအိုလံပစ်သောက်ရေသန့် တို့ဖြစ်သည်။

ခန္ဓာကိုယ်ပြင်ပတွင် နလုံးရောက်ရှိနေသည့် ကလေးငယ်တစ်ဦး မွေးဖွားမှု

ကိုယ်အလေးချိန် ငါးပေါင်နှင့် လေးအောင်စရှိပြီး ခန္ဓာကိုယ်ပြင်ပတွင် နှလုံးရောက်ရှိနေသူ မိန်းကလေးတစ်ဦးကို မေလ ၂၃ ရက်နေ့ နေ့လယ် ၁၂ နာရီ ၄၅ မိနစ်အချိန်ခန့်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် မွေးဖွားခဲ့သည်။

အဆိုပါကလေးငယ်ကို မွေးပြီးလျှင်ပြီးချင်း ရန်ကုန်ကလေးဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း၊ ကလေးငယ်၏ နှလုံးသည် အခြားကလေးများကဲ့သို့ ဘယ်ဘက်တွင်တည်ရှိနေခြင်းမျိုးမဟုတ်ဘဲ ဗိုက်အပေါ် ချက်၏ အထက်နားတွင် အပြင်သို့ကျွံထွက်နေခြင်းဖြစ်ကြောင်း၊ ယင်းကလေးငယ်ကို မေလ ၃၀ ရက်နေ့တွင် နှလုံးရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်လွင်က ရန်ကုန်ကလေးဆေးရုံကြီးတွင် ခွဲစိတ်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်ကို တွေ့ရသည်။

ထိုကဲ့သို့ နှလုံးပြင်ပရောက်ရှိနေသူ ကလေးငယ်များကို ၂၀၀၄ ခုနှစ် မတ်လက ကောလင်းမြို့နယ် ရွာဟောင်းကျေးရွာတွင် တစ်ကြိမ်မွေးဖွားခဲ့ရာ လပိုင်းအတွင်းသေဆုံးခဲ့ပြီး စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် မြေနီအုပ်စု မြေနီကျေးရွာတွင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့က ယင်းသို့နှလုံးအပြင်ရောက်နေသော ကလေးငယ်တစ်ဦးမွေးဖွားခဲ့ရာ ၂၀၀၈ ခုနှစ် မေလ ၁ ရက်နေ့တွင် ရာသီဥတုပူပြင်းမှုကြောင့် သေဆုံးသွားခဲ့သည်။

၂၀၀၈ ခုနှစ် ကုန်စည်ပြပွဲ၊ ဈေးရောင်းပွဲတော်နှင့်ပြပွဲများ

စဉ်	နေ့စွဲ	အကြောင်းအရာ/ကျင်းပသည့်နေရာ
၁	၁၀-၁၂-၂၀၀၇ မှ ၁၄-၁၂-၂၀၀၇	သတ္တမအကြိမ်မြောက်မြန်မာ-တရုတ်နယ်စပ် ကုန်စည်ပြပွဲ
	ကျယ်ခေါင်အထူးစီးပွားရေးဇုန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။	
၂	၂၁-၁၂-၀၇ မှ ၂၂-၁၂-၀၇	Process & Product Show (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)
		မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၊ လှိုင်မြို့နယ်။
၃	၂၅-၁၂-၀၇ မှ ၁-၁-၀၈	နိုင်ငံတကာမှ ပန်းချီပညာရှင်များ၏ အနုပညာလက်ရာ ပန်းချီကား ၁၀၀ ပြပွဲ
		အလံပြဘုရားလမ်း၊ သမ္မတဟိုတယ်၊ ဒဂုံမြို့နယ်။
၄	၂၉-၁၂-၀၇ မှ ၁၃-၁-၀၈	Traveller 2007 ပန်းချီနှင့် ဓာတ်ပုံပြပွဲ ၊ New Treasure Art Gallery
၅	၃၀-၁၂-၀၇ မှ ၄-၁-၀၈	မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊
		ဘုရင့်နောင်လမ်းမ၊ ကြို့ကုန်း၊ အင်းစိန်။
၆	၄-၁-၂၀၀၈ မှ ၈-၁-၂၀၀၈	99 Classic ပန်းချီပြပွဲ၊ Thamada Gallery (J.S Furnivall Hall)၊ ရန်ကုန်မြို့။
၇	၇-၁-၂၀၀၈ မှ ၈-၁-၂၀၀၈	ဦးချမ်းငြိမ်းကျော်နှင့် ကိုသားကြီး ပန်းချီပြပွဲ၊ Thamada Gallery (J.S Furnivall
		Hall)၊ ရန်ကုန်မြို့။
၈	၂၂-၁-၂၀၀၈	အမှတ် (၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်
		ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့ အားကစားကွင်း။
၉	၂၆-၁-၂၀၀၈	ဒေါ်ဒေဝီသန့်စင် ဟောပြောပွဲ၊ Thamada Gallery (J.S Furnivall Hall)၊ ရန်ကုန်မြို့။
၁၀	၂၆-၁-၂၀၀၈ မှ ၃၀-၁-၂၀၀၈	စာသူကြီး စာအုပ်ဈေးရောင်းပွဲ၊ မြင်းခြံမြို့။
၁၁	၁-၂-၂၀၀၈ မှ ၂-၂-၂၀၀၈	ဆဋ္ဌမမြောက် ကွန်ပျူတာနည်းပညာပြပွဲ၊ မြို့တော်ခန်းမ (၁)၊ မန္တလေးမြို့။
၁၂	၉-၃-၂၀၀၈ မှ ၁၁-၃-၂၀၀၈	(၄၅) ကြိမ်မြောက် မြန်မာ့ပုလဲရောင်းချပွဲ
		မြန်မာကွန်ဗင်းရှင်းစင်တာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၁၃	၁၇-၃-၂၀၀၈ မှ ၁၉-၃-၂၀၀၈	မေကြူကြူ၏ ပန်းချီပြပွဲ၊ Thamada Gallery (J.S Furnivall Hall)၊ ရန်ကုန်မြို့။
၁၄	၂၃-၃-၂၀၀၈ မှ ၂၅-၃-၂၀၀၈	မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၀၈၊ တပ်မတော်ခန်းမ၊
		ရန်ကုန်မြို့။
၁၅	၂၇-၃-၂၀၀၈ မှ ၂၈-၃-၂၀၀၈	ဦးဖေမြင့်ဦး ဓာတ်ပုံပြပွဲ၊ Thamada Gallery (J.S Furnivall Hall)၊ ရန်ကုန်မြို့။
၁၆	၄-၄-၂၀၀၈ မှ ၆-၄-၂၀၀၈	အောင်မြင့်ဦး ပန်းချီပြပွဲ၊ Thamada Gallery (J.S Furnivall Hall)၊ ရန်ကုန်မြို့။
၁၇	၁၄-၆-၂၀၀၈ မှ ၁၅-၆-၂၀၀၈	Nargis Relief Arts Show
		JS Furnival Hall ၊ သမ္မတဟိုတယ် ပထမထပ်၊ ရန်ကုန်မြို့။
၁၈	၂၈-၆-၂၀၀၈ မှ ၄-၇-၂၀၀၈	အမျိုးသမီးထုတ်ဝေသူများ၏ စာအုပ်ဈေးရောင်းပွဲ။
		လောကနတ်ခန်းမ။
၁၉	၅-၇-၂၀၀၈ မှ ၆-၇-၂၀၀၈	ဇော်မောင် ပန်းချီပြပွဲ၊ Thamada Gallery (J.S Furnivall Hall)၊ ရန်ကုန်မြို့။
၂၀	၁၄-၈-၂၀၀၈ မှ ၂၃-၈-၂၀၀၈	အေးရိပ်ပန်းချီပြပွဲ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ပြခန်း။

၂၁	၁၅-၈-၂၀၀၈ မှ ၁၇-၈-၂၀၀၈	ရှဖွယ်စုံလင် မြန်ပြည်တစ်ခွင် ဓာတ်ပုံပြပွဲ။ ဂရင်းမီးရထားဟိုတယ်၊ ရန်ကုန်မြို့။
၂၂	၁၅-၈-၂၀၀၈ မှ ၁၇-၈-၂၀၀၈	ပထမအကြိမ် မိုဘိုင်းဖုန်းနှင့် နည်းပညာပြပွဲ ၂၀၀၈။ Capital Hyper Mart၊ ရန်ကုန်။
၂၃	၃-၉-၂၀၀၈ မှ ၅-၉-၂၀၀၈	မင်းမြင့်ခိုင် ပန်းချီပြပွဲ၊ Thamada Gallery (J.S Furnivall Hall)၊ ရန်ကုန်မြို့။
၂၄	၆-၉-၂၀၀၈ မှ ၇-၉-၂၀၀၈	မိတ်ကပ်၊မင်္ဂလာဝတ်စုံ၊ လက်ဝတ်ရတနာ သရုပ်ပြပွဲနှင့် ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ၊ မုံရွာမြို့။
၂၅	၂၀-၉-၂၀၀၈ မှ ၂၇-၉-၂၀၀၈	အမှတ် (၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်၊ တိုက်ကြီးမြို့။
၂၆	၂၀-၉-၂၀၀၈	အာဆီယံ လက်မှုအနုပညာပစ္စည်းများပြခန်း(ASEAN Corner)၊ အမျိုးသားပြတိုက်၊ ရန်ကုန်မြို့။
၂၇	၂၀-၉-၂၀၀၈ မှ ၂၇-၉-၂၀၀၈	စတိုင်-၂ ပန်းချီပြပွဲ၊ မြန်မာ့ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)အနုပညာခန်းမ ရန်ကုန်မြို့။
၂၈	၂၄-၉-၂၀၀၈ မှ ၃၀-၉-၂၀၀၈	Art Field ပန်းချီပြပွဲ၊ လောကနတ်ခန်းမ၊ ရန်ကုန်မြို့။
၂၉	၂၆-၉-၂၀၀၈	The Rich Gems Fashion Show, ဆီဒိုးနားဟိုတယ်၊ ရန်ကုန်မြို့။
၃၀	၃-၁၀-၂၀၀၈ မှ ၅-၁၀-၂၀၀၈	အိုင်တီနည်းပညာပြပွဲနှင့် အရောင်းပြပွဲ ၂၀၀၈၊ Capital Hypermarket၊ ရန်ကုန်မြို့။
၃၁	၄-၁၀-၂၀၀၈	ဂျပန်နိုင်ငံလုပ် NEPC နှင့်ကွန်ပျူတာနည်းပညာပြပွဲ၊ Swan ဟိုတယ်၊ မန္တလေးမြို့။
၃၂	၁၈-၁၀-၂၀၀၈ မှ ၂၂-၁၀-၂၀၀၈	ထွန်းကျော် ပန်းချီပြပွဲ၊ Thamada Gallery (J.S Furnivall Hall)၊ ရန်ကုန်မြို့။
၃၃	၂၂-၁၀-၂၀၀၈ မှ ၂၅-၁၀-၂၀၀၇	ပဉ္စမအကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၊ နန်နင်းမြို့၊ ကွမ်ရှီးပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။
၃၄	၃၀-၁၀-၂၀၀၈ မှ ၃-၁၁-၂၀၀၉	ဗိုလ်ချုပ်အောင်ဆန်းဈေးပွဲတော်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရန်ကုန်မြို့။
၃၅	၃၁-၁၀-၂၀၀၈ မှ ၂-၁၁-၂၀၀၈	မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ်သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ၊ တပ်မတော်ခန်းမ၊ ရန်ကုန်။
၃၆	၁-၁၁-၀၈ မှ ၅-၁၁-၀၈	'မြန်မာအကနှင့်အလှ' အကသီးသန့်ပန်းချီပြပွဲ၊ သမ္မတဟိုတယ်၊ ရန်ကုန်မြို့။
၃၇	၃-၁၁-၀၈ မှ ၇-၁၁-၀၈	Beyond The Rain ပန်းချီပြပွဲ၊ လောကနတ်အနုပညာခန်းမ၊ ရန်ကုန်မြို့။
၃၈	၆-၁၁-၀၈ မှ ၁၀-၁၁-၀၈	၂၀၀၈ ခုနှစ် ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။
၃၉	၈-၁၁-၂၀၀၈ မှ ၁၂-၁၁-၂၀၀၈	ကရဝိက်ဥယျာဉ်ကမ္ဘာ၊ တန်ဆောင်တိုင်ပျော်ပွဲရွှင်ပွဲနှင့်ဈေးရောင်းပွဲ၊ ရန်ကုန်မြို့။
၄၀	၁၀-၁၁-၀၈ မှ ၁၆-၁၁-၀၈	စတုတ္ထအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မြှင့်တင်ရေးအသိပညာပေးပြပွဲ၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။
၄၁	၁၁-၁၁-၀၈ မှ ၁၅-၁၁-၀၈	Lazy Brush ပန်းချီပြပွဲ၊ သမ္မတဟိုတယ်၊ ရန်ကုန်မြို့။
၄၂	၁၄-၁၁-၀၈ မှ ၁၉-၁၁-၀၈	ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ကြီး၊ ရွှေမော်ဘောဂရားကွင်း၊ ပဲခူးမြို့ ။
၄၃	၁၄-၁၁-၀၈	Excellent Video & Photo Studio ၏ ဒုတိယအကြိမ် ရွှေမင်္ဂလာစုံတွဲရုပ်ပုံတော်ရွေးချယ်ပွဲ၊ စိမ်းလန်းစိုပြေဥယျာဉ်၊ ရန်ကုန်မြို့။
၄၄	၁၄-၁၁-၀၈	တတိယအကြိမ်မြောက် အင်ဒိုနီးရှားရိုးရာ အစားအစာနှင့် ယဉ်ကျေးမှုပြပွဲ၊ Parkroyal Hotel၊ ရန်ကုန်မြို့။

၄၅	၁၆–၁၁–၀၈ မှ ၁၆–၁၂–၀၈	ပန်းချီမြင့်ခိုင်၏ တစ်ကိုယ်တော်ပန်းချီပြပွဲ၊ New Treasure Art Gallery၊ ရန်ကုန်မြို့။
၄၆	၁၇–၁၁–၀၈ မှ ၂၂–၁၁–၀၈	စံမင်းတစ်ကိုယ်တော်ပန်းချီပြပွဲ၊ လောကနတ်ပန်းချီပြခန်း၊ ရန်ကုန်မြို့။
၄၇	၁၈–၁၁–၀၈ မှ ၂၆–၁၁–၀၈	Peace of Mind Art Exhibition 2008 Group Show၊ ရိုးရာပန်းပညာရှင်များအစည်းအရုံး ပန်းချီပြခန်း၊ ရန်ကုန်မြို့။
၄၈	၂၃–၁၁–၀၈ မှ ၂၈–၁၁–၀၈	ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ကြီး ၊ ကျောင်းသားအားကစားကွင်း၊ မော်လမြိုင်မြို့။
၄၉	၂၆–၁၁–၂၀၀၈	အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ အထူးဈေးရောင်းပွဲတော်၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့၊ ဧရာဝတီတိုင်း။
၅၀	၂၈–၁၁–၂၀၀၈ မှ ၃၀–၁၁–၂၀၀၈	ဦးဖေခင် ဓာတ်ပုံပြပွဲ၊ Thamada Gallery (J.S Furnivall Hall)၊ ရန်ကုန်မြို့။
၅၁	၂၉–၁၁–၂၀၀၈ မှ ၃–၁၂–၂၀၀၈	မန္တလေးဈေးချိုတော် ဈေးပွဲတော်၊ မန္တလေးမြို့။
၅၂	၃–၁၂–၂၀၀၈ မှ ၅–၁၂–၂၀၀၇	Childhood 'I" Art Exhibition ပန်းချီပြပွဲ၊ မြို့တော်ခန်းမ၊ မုံရွာမြို့။
၅၃	၅–၁၂–၂၀၀၈ မှ ၉–၁၂–၂၀၀၈	ပန်းချီခင်မောင်စန်း၏ သတ္တမအကြိမ်တစ်ကိုယ်တော်ပြပွဲ၊ ထန်းရိပ်ညိုခန်းမ၊ မန္တလေးမြို့။
၅၄	၆–၁၂–၂၀၀၈	ကိုမိုးစက် ပန်းချီပြပွဲ၊ Thamada Gallery (J.S Furnivall Hall)၊ ရန်ကုန်မြို့။
၅၅	၆–၁၂–၂၀၀၈ မှ ၁၀–၁၂–၂၀၀၈	ကုန်စည်ပြပွဲ၊ ခရိုင်အားကစားကွင်း၊ ဗန်းမော်မြို့။
၅၆	၁၂–၁၂–၂၀၀၈ မှ ၁၆–၁၂–၂၀၀၈	The 7th ICT Week 2008၊ ရတနာပုံတယ်လီပို့၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်း။
၅၇	၁၃–၁၂–၂၀၀၈ မှ ၁၇–၁၂–၂၀၀၈	ကုန်စည်ပြပွဲ၊ မိုးလုံလေလုံအားကစားကွင်း၊ မြစ်ကြီးနားမြို့။
၅၈	၁၉–၁၂–၂၀၀၈	ဦးဇော်မောင် ပန်းချီပြပွဲ၊ Thamada Gallery (J.S Furnivall Hall)၊ ရန်ကုန်မြို့။
၅၉	၂၅–၁၂–၂၀၀၈ မှ ၂၆–၁၂–၂၀၀၈	စာအုပ်အရောင်းပွဲတော်နှင့် ပန်းချီပြပွဲ၊ Thamada Gallery (J.S Furnivall Hall)၊ ရန်ကုန်မြို့။

မြစ်ရေချောင်းရေမြင့်တက်မှု အခြေအနေများ

မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် သြဂုတ်လ ၁၂ ရက်နေ့တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဒေသအချို့တွင် မြစ်ရေချောင်းရေများမြင့်တက်ပြီး ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် အိမ်ထောင်စုအချို့အား ပြောင်းရွှေ့နေရာချထားပေးခြင်း၊ စာသင်ကျောင်းအချို့ ခေတ္တပိတ်ထားပေးရခြင်း စသည်တို့ဖြစ်ပေါ်ခဲ့ကြောင်း သြဂုတ်လ ၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

မန္တလေးတိုင်း မိုးကုတ်မြို့နယ် တောင်ပေါ်ဘော်ဗဒန်းကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သြဂုတ်လ ၁၆ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မြေပြိုပြီး ဦးညွန့်ရှိန်၏ နှစ်ထပ်အိမ်ပေါ်သို့ မြေများပိကျခဲ့ရာ အိမ်ရှင်ဦးညွန့်ရှိန်အပါအဝင် မိသားစု ငါးဦး၊ ဧည့်သည်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း သြဂုတ်လ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်။ အလားတူ ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် သံလွင်မြစ်ရေ၊ ဟောင်သရေမြစ်ရေ၊ ဓမ်မြစ်ရေများမြင့်တက်မှုကြောင့် ရပ်ကွက်များအတွင်း ရေဝင်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ပဲခူးမြစ်ရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်ကိုးခုနှင့် ကျေးရွာတစ်ရွာတို့သို့ ရေများဝင်ရောက်ခဲ့ပြီး ရန်ကုန်–မန္တလေးလမ်းပိုင်းရေကျော်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်နှင့် ဧရာဝတီတိုင်းရေကြည်မြို့နယ်များအတွင်း ရပ်ကွက်အချို့တွင် ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ကြောင်း ယင်းသတင်းအရ သိရသည်။

ဦးနောက်နှင့်မျက်နှာပြည့်စုံသော ကလေးငယ်နှစ်ဦး မွေးဖွားမှု

ဦးခေါင်းနှင့် မျက်နှာပိုင်းအင်္ဂါများပြည့်စုံမှုမရှိသည့် ကလေးငယ်နှစ်ဦး ဇူလိုင်လ ၁ ရက်နှင့် ၂ ရက်နေ့တို့တွင် အင်းစိန်ဆေးရုံ၌ မွေးဖွားခဲ့သည်။

ကလေးငယ်နှစ်ဦးစလုံး၏ မိဘများမှာ လှိုင်သာယာမြို့နယ်မှ ဖြစ်ကြသည်။ ဇွန်လ ၁ ရက်နေ့တွင် မွေးဖွားသည့် မိန်းကလေးမှာ ခြောက်ပေါင်ကျော်ရှိပြီး နဖူးမပါရှိဘဲ မျက်စိအထက်ပိုင်းမှ နောက်စေ့အထိ လျှောဆင်းသွားသော ဦးခေါင်းပုံသဏ္ဍာန်မျိုးရှိသည်။ ဇွန်လ ၂ ရက်နေ့တွင်မွေးဖွားသည့် ယောကျ်ားလေးမှာမူ မွေးစက ခြောက်ပေါင်ကျော်ရှိပြီး မျက်စိမှာပြူးထွက်နေကာ နှာခေါင်းနှင့် ပါးစပ် တစ်ဆက်တည်း အာခေါင်အထိကွဲနေသည့်အပြင် ဦးခေါင်းမှာ အရည်အိတ်ကဲ့သို့ ပျော့အိနေသည့်ပုံသဏ္ဍာန်မျိုးဖြင့် မွေးဖွားခဲ့ကြခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးမှုဖြင့် မောင်ဝိတ်နှင့် အပေါင်းပါခြောက်ဦး အရေးယူခံရခြင်း

နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးမောင်ဝိတ်နှင့် အပေါင်းပါခြောက်ဦးကို စိတ်ကြွဆေးပြား၀ယ်ယူသုံးစွဲမှုဖြင့် ဇွန်လ ၁၀ ရက်နေ့တွင် သက်ဆိုင်ရာက မယ (ပ) ၂/၀၈ မူး/စိတ်ပုဒ်မ ၁၅/၁၆ (ငါ)/၂၁ ဖြင့် အမှုဖွင့်အရေးယူခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥာနချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဇူလိုင်လ ၁၁ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် ဖော်ပြပါရှိသည်။

၎င်းတို့သည် ၂၀၀၃ ခုနှစ်မှစတင်၍ ၂၀၀၈ ခုနှစ်အထိ မလေး ရှားနိုင်ငံသား Mr. Peter Too Huat Haw (ခ) ပီတာထံမှ Ecstasy ဆေးပြားများ အကြိမ်ကြိမ်ဝယ်ယူသုံးစွဲခြင်း၊ စိတ်ကြွဆေးပြားနှင့် Ketamine ဆေးတို့အား ကိုယ်တိုင်သုံးစွဲခြင်း၊ ကုမ္ပဏီနှစ်ပတ်လည်နေ့နှင့် မွေးနေ့ပွဲများတွင် အခြားသူများအား ဖြန့်ဝေတိုက်ကျွေးခြင်းတို့ပြုလုပ်ခဲ့ခြင်းကြောင့် ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းအရ သိရသည်။

ဘားအံရေကြီးမှု

ကရင်ပြည်နယ်မြို့တော် ဘားအံမြို့တွင် ဩဂုတ်လ ၁၂ ရက်နှင့် ၁၃ ရက်များတွင် မြစ်ရေအမြင့်ဆုံးမြင့်တက်ခဲ့ပြီး တိုင်းထွာချက်များအရ အမြင့်ဆုံး ၉၁၅ စင်တီမီတာ၊ စိုးရိမ်ရေမှတ်အထက် ၁၆၅ စင်တီမီတာ (၆ပေခန့်) မြင့်တက်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများ၏ ဖော်ပြချက်များအရ သိရသည်။

၁၀ ရက်ခန့်ရေကြီးရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ပြီး ယခုအခါတွင် တဖြည်းဖြည်းပြန်လည်ကျဆင်းလျက်ရှိသော်လည်း မူလဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း ခုနစ်ခုကိုမူ ဆက်လက်ဖွင့်လှစ်ထားဆဲဖြစ်ကြောင်း ဘားအံမြို့ အမှတ် (၂) ရပ်ကွက် ရေဘေးကယ်ဆယ်ရေးစခန်းမှ အမှတ် (၂) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြင့်၏ ပြောကြားချက်ကိုလည်း ယင်းဆောင်းပါးတွင်ရေးသားထားသည်။ ရေဘေးသင့်သူအရေအတွက် စုစုပေါင်း ၄၀၀၀ ဦးကျော်ခန့်ရှိကြောင်းလည်း ယင်းသတင်းအရ သိရသည်။

ဘားအံမြို့ ရေလွှမ်းမိုးမှုကြောင့် အထက်တန်းကျောင်းနှစ်ကျောင်းနှင့် အလယ်တန်းကျောင်းတစ်ကျောင်းကို ဩဂုတ်လ ၁၀ ရက်နေ့မှ ၁၈ ရက်အထိ ပိတ်ထားပြီး ဘားအံမြို့မဈေးကြီးကိုလည်းပိတ်ထားသည်ကို တွေ့ရကြောင်း၊ သံလွင်မြစ်ရေအမြင့်ဆုံးမြင့်တက်ခဲ့သည့် ၁၂ ရက်နှင့် ၁၃ ရက်များတွင် အဝေးပြေးယာဉ်များဖြတ်သန်းမှု ခေတ္တရပ်နားထားခဲ့ရကြောင်း၊ ဘားအံမြို့မှာ ပုံမှန်အားဖြင့် ရေကြီးလေ့မရှိဘဲ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ခန့်က တစ်ကြိမ်သာ ရေအနည်းငယ်တက်ဖူးကြောင်း၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ်ရေကြီးဖူးပြီး ၉၆၀ စင်တီမီတာ (စိုးရိမ်ရေအမှတ်အထက် ၂၁၀ စင်တီမီတာ) အထိရောက်ခဲ့ဖူးရာ ယခုတစ်ကြိမ်မှာ ၁၉၈၃ ခုနှစ်ရေကြီးမှုနောက်ပိုင်း အမြင့်ဆုံးဖြစ်ကြောင်းလည်း ယင်းသတင်းတွင်ရေးသားထားသည်။

လိင်အင်္ဂါနှစ်ခုပါရှိသော ကလေးငယ်

မော်လမြိုင်ကျွန်းမြို့နယ်၌ အမျိုးသား၊ အမျိုးသမီး လိင်အင်္ဂါနှစ်ခုစလုံးပါရှိသော အသက်ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးကို ခွဲစိတ်ပြုပြင်သွားရန်အလှူရှင်များလိုအပ်လျက်ရှိကြောင်း ပဓိမာရဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစိန္တိတာ လက်ာရ၏ တိုက်တွန်းပြောကြားချက်ကို ဩဂုတ်လ ၂၅ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

အဆိုပါကလေးငယ်မှာ မော်လမြိုင်ကျွန်း တယ်ချောင်းကျေးရွာအုပ်စုနေ ဦးစိုးတင်၊ ဒေါ်ဝင်းချိုဝင်းတို့၏ ကလေးငယ်ဖြစ်ပြီး မွေးဖွားစဉ်ကတည်းက ကျား/မလိင်အင်္ဂါ ထင်ရှားစွာပါဝင်ခဲ့ခြင်း မရှိဘဲ နှစ်မျိုးစလုံးပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကလေးငယ်မှာ အမျိုးသားဖြစ်နိုင်ခြေပိုမိုများပြားသည်ဟု မိဘများကမျှော်မှန်းထားကြောင်း၊ အမည်မှာ မောင်ပြည့်စုံအောင်ဖြစ်ပြီး အတန်းပညာသင်ကြားပေးနိုင်ခြင်းမရှိသေးကြောင်း ယင်းသတင်းတွင်ရေးသားထားသည်။

ယင်းကလေးငယ်ကို ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ပင်လုံဆေးရုံ၏လှူဒါန်းမှုဖြင့် အဆိုပါဆေးရုံတွင်ပင် အမျိုးသားအဖြစ် အောက်တိုဘာလအတွင်းက အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

မွေးရာပါ ဦးခေါင်းခွံအပေါက်ပါ အရည်အိတ်နှစ်အိတ်နှင့် ကလေးငယ်ခွဲစိတ်မှု

မွေးရာပါ ဦးခေါင်းခွံ၏နောက်ကျောဘက်တွင် အပေါက်တစ်ပေါက်ပါပြီး ယင်းအပေါက်မှတစ်ဆင့် ဦးခေါင်းခွံအတွင်းရှိ ဦးနှောက်အသားများနှင့် အဖြေပါးများကျွံထွက်လာကာ ဦးခေါင်းခွံ၏အပြင်ဘက်တွင်အရည်အိတ်နှစ်အိတ်နှင့် ဦးခေါင်းတွဲလျက်ပါလာသော ကလေးငယ်တစ်ဦးကို မတ်လ ၅ ရက်နေ့က မွေးဖွားခဲ့သည်။

မွေးဖွားပြီးချိန်၌ အောင်ပန်းမြို့ ခုတင် ၇၀၀ ဆံ့ဆေးရုံတွင် ပထမဆုံးအကြိမ်ပြသခဲ့ပြီး ဩဂုတ်လ ၆ ရက်နေ့တွင် ကလေးငယ်၏ဦးနှောက်ကိုဓာတ်မှန်ရိုက်ရန် နေပြည်တော်ရှိ ခုတင် ၁၀၀၀ဆံ့ အထူးကုဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။ ကလေးငယ်၏ဦးခေါင်း ခွံခွဲစိတ်မှုကို အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) အောင် ပန်းမြို့မှ ခွဲစိတ်အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ တောင်ကြီးမြို့မှ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဝင်းနုနုသန့်၊ ထွန်းအထူးကုဆေး ခန်းမှ တာဝန်ကျဆရာဝန်များနှင့် သူနာပြုဆရာဝန်များက ဩဂုတ် လ ၂၃ ရက်နေ့က တောင်ကြီးမြို့ရှိ ထွန်းအထူးကုဆေးခန်းတွင် ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

ကလေးငယ်၏မိဘများမှာ အောင်ပန်းမြို့ အေးမြင့်သာရပ်ကွက်တွင် နေထိုင်ပြီး ဝါးထရံရက်လုပ်ခြင်းဖြင့် အသက်မွေးကြသူများဖြစ်ကြောင်း ယင်းသတင်းအရ သိရသည်။

ကျပ်သိန်း ၁၀၀၀ ကျော်ဆုံးရှုံးခဲ့သည့် တွံတေးဈေးကြီး မီးလောင်မှု

ဆိုင်ခန်းပေါင်း ၂၀၀ ကျော် ပျက်စီးခဲ့ပြီး ကျပ်သိန်း ၁၀၄၂ သိန်းကျော်ဖိုး ဆုံးရှုံးခဲ့သည့် ရန်ကုန်တိုင်း တွံတေးမြို့နယ် ဈေးကြီးမီးလောင်မှုတစ်ရပ် စက်တင်ဘာလ ၉ ရက် ည ၁၀ နာရီအချိန်ခန့်က ဖြစ်ပွားခဲ့သည်။

အုန်း၊ ငှက်ပျောဆိုင်တန်းရှိဆိုင်တစ်ဆိုင်မှ ငှက်ပျောသီးများကို အပူပေးရာမှစတင်လောင်ကျွမ်းခြင်းဖြစ်နိုင်ကြောင်း ဈေးသူ၊ ဈေးသားများက ထင်မြင်ယူဆကြပြီး သက်ဆိုင်ရာကမူ ဝါယာရှော့ခ်ဖြစ်ခြင်းမှလောင်ကျွမ်းသည်ဟု မှတ်ချက်ပေးသည်။ ညအချိန်မီးလောင်ကျွမ်းခဲ့သဖြင့် လူထိခိုက်ဒဏ်ရာရရှိခြင်းမရှိသော်လည်း လူမရှိသဖြင့် ဆုံးရှုံးမှုတန်ဖိုးများပြားခဲ့ပြီး မီးလောင်နေချိန်အတွင်း ဝင်ရောက်လုယက်မှုများကြောင့်လည်း ပစ္စည်းများ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။

ကျပ်သိန်းငါးထောင်ကျော်တန်ဖိုးရှိ မော်တော်ယာဉ် ၂၀ စီး လိမ်လည်ငှားရမ်းမှု

ရန်ကုန်မြို့ပေါ်၌ မော်တော်ယာဉ်များကို ပွဲစားများမှတစ်ဆင့်ဆက်သွယ်၍ လပေးစနစ်ဖြင့် ငှားရမ်းပြီး စာရွက်စာတမ်းအတုပြုလုပ်ကာ တစ်ဆင့်ပြန်လည်ရောင်းချခြင်းများကျူးလွန်မှုနှင့်ပတ်သက်သည့်တရားခံများကို ဩဂုတ်လ ၂၁ ရက်နှင့် ၂၂ ရက်နေ့များတွင် ဖမ်းဆီးရမိခဲ့ကြောင်း စက်တင်ဘာလ ၁၆ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

အဆိုပါအမှု၏ ဖမ်းဆီးရမိသောတရားခံများမှာ ရန်ကုန်မြို့ သဃ်ိန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၃) ရပ်ကွက် ယင်းမာမြိုင်လမ်းအမှတ် ၃၅၉ နေ ချမ်းမြတ်ကို (ခ) လွင်ကို (၂၆ နှစ်)၊ ဇနီး မဇင်သီရိ (ခ) မဝင့်ဝင့်သူ (၃၃ နှစ်) နှင့် ဆက်စပ်တရားခံများဖြစ်သည့် အတုပြုလုပ်သူများ၊ ပွဲစားများ စုစုပေါင်း ၁၃ ဦးတို့ဖြစ်ကြောင်း၊ ၎င်းတို့သည် မော်တော်ယာဉ် ၂၈ စီးအား အကျိုးဆောင်ကုမ္ပဏီ ၁၁ ခုနှင့်ဆက်သွယ်၍ လပေးစနစ်ဖြင့်ငှားရမ်းခဲ့ကြောင်း၊ ယာဉ်ပိုင်ရှင်ထံတွင်ထားရစ်ခဲ့ရသည့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (Owner Book)၊ သူတစ်ပါးထိခိုက်မှုအာမခံပရီမီယံပေးသွင်းမှုမှတ်တမ်းစာအုပ်နှင့် အခွန်ကိစ္စစီမံဆောင်ရွက်ခြင်းကတ်ပြားတို့ကို အတုပြုလုပ်ကာ အခြားသူတစ်ဦးဦးထံသို့ ပြန်လည်ပေါင်နှံရောင်းချခြင်းများဆောင်ရွက်ခဲ့ကြောင်း ယင်းသတင်းအရ သိရသည်။

ထိုသို့လိမ်လည်မှုဆောင်ရွက်ခဲ့ခြင်းအတွက် အကျိုးအမြတ်စုစုပေါင်း ငွေကျပ်သိန်း ၅၇၁၀ ရရှိခဲ့ကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် စာရွက်စာတမ်းအတုပြုလုပ်ခြင်း ငွေကျပ် ၇၅ သိန်း၊ တစ်လစာအတိုးပေးချေခြင်း ငွေကျပ် ၃၁၅ သိန်းခွဲ၊ ပွဲစားခငွေကျပ် ၁၃၁ သိန်း သုံးစွဲခဲ့ပြီး အသားတင်အမြတ်ငွေအဖြစ် ကျပ်သိန်း ၅၁၉၀ ရရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြပါရှိသည်။

အောင်ဘာလေ ကျပ်သိန်းတစ်ထောင်ဆု တိုးမြှင့်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ရောင်းချပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်မည့် (၂၄၀) ကြိမ်မြောက် အောင်ဘာလေသိန်းဆုတွင် ကျပ်သိန်းတစ်ထောင်ဆုတစ်ဆု ထည့်သွင်းရောင်းချပေးမည်ဖြစ်ပြီး ထီလက်မှတ်ဈေးနှုန်းများကိုတစ်စောင်လျှင် ကျပ် ၁၀၀ အစား ကျပ်

၂၀၀ အဖြစ် တိုးမြှင့်ရောင်းချသွားမည်ဖြစ်ကြောင်း အဆိုပါဌာန ခွဲ၏ အောက်တိုဘာလ ၂၂ ရက်နေ့က တရားဝင်ထုတ်ပြန်ချက်ကို နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

ထိအကဲ့ရာ ၃၀ လုံးစတင်ရောင်းချပေးမည်ဖြစ်ပြီး အုပ်ရေ အပြည့်အဝ ကုန်စင်အောင်ရောင်းချခဲ့ရပါက ကျပ် ၂၀၀ တန် ထီလက်မှတ်တစ်ရွက်အနေဖြင့် ကျပ်သိန်း ၁၀၀၀ ဆု တစ်ဆုအပါ အဝင် ဆုမဲပေါင်း ၁၇၉၉၃ ရရှိခံစားရမည်ဖြစ်ကြောင်း၊ ထိအကြိမ် တစ်ကြိမ်တွင် ထီလက်မှတ်တစ်စောင်တည်းဖြင့် ဆုမဲအမျိုးမျိုး ပေါက်ခဲ့ပါက ပေါက်ခဲ့သော ဆုမဲများအားလုံး ခံစားခွင့်ရှိမည်ဖြစ် ကြောင်း၊ ယခုစနစ်သစ်အရ ထီပေါက်ခဲ့ပါက အနည်းဆုံးဆုငွေ ကျပ် ၁ သိန်းရရှိမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြ ထားသည်။

ဧရာဝတီမြစ်အတွင်းမှ ဆယ်ယူရရှိသော ဗုဒ္ဓရုပ်ပွားတော်ငါးဆူ

မန္တလေးမြို့တော်တွင် သင်္ဘောပျက်ဆယ်ယူရေးလုပ်သား များက ဧရာဝတီမြစ်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော်ငါးဆူကို ၂၀၀၈ ခုနှစ်အတွင်း ထူးဆန်းစွာ ဆယ်ယူရရှိခဲ့သည်။

ပထမဆုံးရုပ်ပွားတော်မှာ ဉာဏ်တော်အမြင့် ၄၃ လက်မရှိ စကျင်ကျောက်သားဆင်းတုတော်ဖြစ်ပြီး မေလ ၂ ရက်နေ့တွင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက် ချော်ဆိပ်ရပ်၊ ဧရာဝတီမြစ်ကမ်းရှိ လိုရာပြည့်စုံရန်မျိုးလုံဘုရားနှင့် ပေ ၃၀၀ ခန့်အကွာ ရေအောက် ၄၅ ပေခန့်က ပထမဆုံး သယ် ယူရရှိခဲ့သည်။ ဉာဏ်တော်အမြင့် ၁၀ ပေ ၁၀ လက်မရှိသော ဒုတိယဆင်းတုတော်ကို မေလ ၂၈ ရက်နေ့တွင်လည်းကောင်း၊ ဉာဏ်တော်အမြင့် ကိုးပေရှိသည့် တတိယရုပ်ပွားတော်ကို ဇွန်လ ၅ ရက်နေ့ကလည်းကောင်း၊ ဉာဏ်တော်နှစ်ပေ လေးလက်မခန့်ရှိ စတုတ္ထရုပ်ပွားတော်ကို ဇွန်လ ၁၀ ရက်နေ့တွင်လည်းကောင်း၊ ဉာဏ်တော်လေးပေအမြင့်ရှိ ပဉ္စမမြောက်ဆင်းတုတော်ကို ဇွန်လ ၁၀ ရက်နေ့တွင်လည်းကောင်း ထပ်မံသယ်ယူရရှိခဲ့သည်။ အဆိုပါ ပေါ်တော်မူဘုရား ငါးဆူစလုံးကို မန္တလေး–စစ်ကိုင်းလမ်းနံဘေးရှိ လိုရာပြည့်စုံရန်မျိုးလုံဘုရားတွင် အပူဇော်ခံလျက်ရှိသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးကိုယ်စားလှယ် ဖြူဖြူကျော်သိန်း

Performance များဖြင့် နာမည်ကျော်လာသော ရှေ့ခ်အဆို ရှင် ဆေးပညာဘွဲ့ရ ဖြူဖြူကျော်သိန်းကို ယခုနှစ်တွင် MTV Exit ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးပရိဂရမ်အတွက် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခဲ့သည်။

ယင်းအတွက် စက်တင်ဘာလ ၅ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ သွားရောက်၍ Documentary တစ်ခု ရိုက်ကူး ပေးခဲ့ရပြီး ဒုတိယအကြိမ် လှုပ်ရှားမှုအတွက် ဒီဇင်ဘာလ ၁၄ ရက် တွင် ဘန်ကောက်မြို့၌ အဆိုပါ Program က ဦးဆောင် ကျင်းပ မည့် Concert တွင် ပါဝင်ရမည်ဖြစ်ကြောင်း ၎င်း၏ပြောကြား ချက်ကို စက်တင်ဘာ ၁၂ ရက်ထုတ် လျှပ်တစ်ပြက် ဂျာနယ်တွင် ဖော်ပြထားသည်။

ယခုကဲ့သို့ ကိုယ်စားလှယ်အဖြစ် ရွေးချယ်မှုတွင် အာရှ– ပစိဖိတ်ဒေသမှ နာမည်ကျော်များကို ရွေးချယ်ရာ ကိုရီးယားသမ္မ တနိုင်ငံမှ Rain ၊ ထိုင်းနိုင်ငံမှ Tata Young တို့ပါဝင်ပြီး အာရှ ဒေသတွင်းမှ လာအို၊ ဗီယက်နမ်နိုင်ငံများတို့တွင်လည်း ကိုယ်စား လှယ်တစ်ဦးစီ ရွေးချယ်ထားသည်။

၂၀၀၈ ခုနှစ်အတွင်း မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ နိုင်ငံတကာပွဲရလဒ်များ

ရက်စွဲ	ပြိုင်ပွဲအမည်	ကျင်းပသည့်နိုင်ငံ	အိမ်ကွင်း	ရလဒ်	အဝေးကွင်း
ဇူလိုင်(၃)ရက်	AFC Challenge	အိန္ဒိယ	နီပေါ	၀ – ၃	မြန်မာ
သြဂုတ်(၂)ရက်	AFC Challenge	အိန္ဒိယ	မြန်မာ	၃ – ၁	သီရိလင်္ကာ
သြဂုတ်(၄)ရက်	AFC Challenge	အိန္ဒိယ	မြန်မာ	၀ – ၁	မြောက်ကိုရီးယား
သြဂုတ်(၇)ရက်	AFC Challenge	အိန္ဒိယ	အိန္ဒိယ	၁ – ၀	မြန်မာ
သြဂုတ်(၁၃)ရက်	AFC Challenge	အိန္ဒိယ	မြောက်ကိုရီးယား	၄ – ၀	မြန်မာ
သြဂုတ်(၂၂)ရက်	Indonesia Independence Cup	အင်ဒိုနီးရှား	ကမ္ဘောဒီးယား	၁ – ၇	မြန်မာ
သြဂုတ်(၂၅)ရက်	Indonesia Independence Cup	အင်ဒိုနီရှား	အင်ဒိုနီးရှား	၄ – ၀	မြန်မာ
သြဂုတ်(၂၇)ရက်	Indonesia Independence Cup	အင်ဒိုနီးရှား	လစ်ဗျား(ယူ–၂၃)	၅ – ၃	မြန်မာ
သြဂုတ်(၂၉)ရက်	Indonesia Independence Cup	အင်ဒိုနီးရှား	အင်ဒိုနီရှား(ယူ–၂၁)	၁ – ၀	မြန်မာ
အောက်တိုဘာ (၁)ရက်	HCM City Cup	ဗီယက်နမ်	ဗီယက်နမ်	၂ – ၃	မြန်မာ
အောက်တိုဘာ (၃)ရက်	HCM City Cup	ဗီယက်နမ်	တာမန်ရစ်စတန်	၂ – ၁	မြန်မာ
အောက်တိုဘာ (၁၆)ရက်	မာဒေးကားပြိုင်ပွဲ	မလေးရှား	ဗီယက်နမ်(ယူ–၂၃)	၃ – ၁	မြန်မာ
အောက်တိုဘာ (၁၈)ရက်	မာဒေးကားပြိုင်ပွဲ	မလေးရှား	ဘင်္ဂလားဒေ့ရှ်	၀ – ၁	မြန်မာ
အောက်တိုဘာ (၂၁)ရက်	မာဒေးကားပြိုင်ပွဲ	မလေးရှား	မိုဇမ်ဗစ်	၂ – ၃	မြန်မာ
အောက်တိုဘာ (၂၃)ရက်	မာဒေးကားပြိုင်ပွဲ	မလေးရှား	မလေးရှား	၄ – ၀	မြန်မာ
နိုဝင်ဘာ(၁၁)ရက်	Myanmar Grand Royal Challege Cup	မြန်မာ	မြန်မာ	၀ – ၀	ဘင်္ဂလားဒေ့ရှ်
နိုဝင်ဘာ(၁၅)ရက်	Myanmar Grand Royal Challege Cup	မြန်မာ	မြန်မာ	၂ – ၁	အင်ဒိုနီးရှား
နိုဝင်ဘာ(၁၈)ရက်	Myanmar Grand Royal Challege Cup	မြန်မာ	မြန်မာ	၄ – ၁	မလေးရှား
နိုဝင်ဘာ(၂၁)ရက်	Myanmar Grand Royal Challege Cup	မြန်မာ	အင်ဒိုနီးရှား	၂ – ၁	မြန်မာ
ဒီဇင်ဘာ(၅)ရက်	AFF SUZUKI CUP	အင်ဒိုနီးရှား	အင်ဒိုနီးရှား	၃ – ၀	မြန်မာ
ဒီဇင်ဘာ(၅)ရက်	AFF SUZUKI CUP	အင်ဒိုနီးရှား	စင်ကာပူ	၃ – ၁	မြန်မာ
ဒီဇင်ဘာ(၉)ရက်	AFF SUZUKI CUP	အင်ဒိုနီးရှား	မြန်မာ	၃ – ၂	ကမ္ဘောဒီးယား

အိမ်ကွင်းသာခြေစွာခဲ့သော မြန်မာဘောလုံးအသင်း

Grand Royal Challenge Cup နိုင်ငံတကာ ဘောလုံးဖိတ်ခေါ်ပြိုင်ပွဲကို နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် သုဝဏ္ဏလူငယ်အားကစား လေ့ကျင့်ရေးစခန်းဘောလုံးကွင်း၌ ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင်အသင်း၊ အင်ဒိုနီးရှားလက်ရွေးစင်အသင်း၊ ဘင်္ဂလားဒေ့ရှ်လက်ရွေးစင်အသင်း၊ မလေးရှားလက်ရွေးစင်အသင်း၊ ဗီယက်နမ်အိုလံပစ်လက်ရွေးစင်အသင်းနှင့် ကိုရီးယားဟွန်ဒိုင်းကလပ်အသင်းတို့ ယှဉ်ပြိုင်ခဲ့သည်။ ပရိသတ်ကွင်းလုံးပြည့်အားပေးခဲ့သည့် နောက်ဆုံးဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံမြန်မာအသင်းက အင်ဒိုနီးရှားလက်ရွေးစင်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

နိုဝင်ဘာလအတွင်းမှာပင် AFC Suzuki Cup ဘောလုံးပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့ရာ ယင်းပြိုင်ပွဲ၏ ပထမဆုံးနေ့ ဒုတိယမြောက်ပွဲစဉ်တွင် အိမ်ရှင်အင်ဒိုနီးရှားလက်ရွေးစင်အသင်းကိုမြန်မာ့လက်ရွေးစင်အသင်းကသုံးဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့သည်။

သို့ဖြစ်ရာ ဘရာဇီးနည်းပြကြီး ဖလော်ပါ၏ မြန်မာဘောလုံးအသင်းသည် ကွင်းပြည့်ကွင်းလျှံအားပေးခဲ့သည့် မြန်မာပရိသတ်၏ ရှေ့မှောက်တွင်သာ အိမ်ကွင်းအားသာချက်ယူ၍ အနိုင်ကစားနိုင်ခဲ့ပြီး အင်ဒိုနီးရှားမြေတွင် ချန်ပီယံခြေစွမ်းပြန်လည်မဖော်ထုတ်နိုင်တော့ဘဲ အုပ်စုမှပင် လှည့်ပြန်ခဲ့ရတော့သည်အထိ အလှည့်အပြောင်းမြန်ဆန်ခဲ့သည်ကို တွေ့ရသည်။

၂၀၀၈ ခုနှစ်အတွင်းတွင် မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် နိုင်ငံတကာပွဲများအဖြစ် AFC Challenge Cup Indonesia, Independance Cup, HCM City Cup, ၂၀၀၈ မာဒေးကား ပြိုင်ပွဲစသည့်ပြိုင်ပွဲတို့တွင် သွားရောက်ယှဉ်ပြိုင်ကစားခဲ့ရာ မာဒေးကားပြိုင်ပွဲ Indonesia Independence Cup နှင့် AFC Challenge Cup ပြိုင်ပွဲတို့တွင် ဆီမီးဖိုင်နယ်အထိ အဆင့်မြင့်ဆုံးတက်ရောက်နိုင်ခဲ့သည်။ လက်ရှိ မြန်မာဘောလုံးလက်ရွေးစင်အသင်း၏ FiFa အဆင့်သတ်မှတ်ချက်မှာ ၁၅၈ ဖြစ်သည်။ ၂၀၀၈ ခုနှစ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ပြည်ပပြိုင်ပွဲများသွားရောက်ခဲ့သောကစားပွဲများနှင့် အနိုင်အရှုံးပြရလဒ်မှာ ဇယားပါအတိုင်း ဖြစ်သည်။

ပွဲစိပ်လာသည့် မြန်မာ့လက်ဝှေ့နှင့် အောင်ပွဲခံလုံးချော

၂၀၀၈ ခုနှစ်အတွင်း၌ မြန်မာ့ရိုးရာစိန်ခေါ်ပွဲများ လက်ရည်စစ်ပွဲများ ယခင်နှစ်များသိသိသာသာ ခပ်စိပ်စိပ်ကျင်းပခဲ့သည်ကို တွေ့ရသည်။ လုံးချောသည် ရွှေဆိုင်း၊ ရန်ကြီးအောင်၊ ဝင်းထွန်း၊ ဝဏ္ဏတို့နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ရန်ကြီးအောင်နှင့် ဝဏ္ဏကို အလဲထိုးဖြင့် အနိုင်ယူခဲ့ပြီး ရွှေဆိုင်း၊ ဝင်းထွန်းတို့ကို သရေထိုးသတ်ခဲ့ပြီး ချန်ပီယံသရဖူကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။

ယခုနှစ်အတွင်း မြန်မာ–ထိုင်း နိုင်ငံတကာ ရိုးရာလက်ဝှေ့ပြိုင်ပွဲကို နိုဝင်ဘာလအတွင်းကျင်းပခဲ့သေးသည်။ ထိုပွဲတွင် တွေ့မရှောင် (မြန်မာ) နှင့် ပါဝိ (ထိုင်း)၊ စောငမန်း (မြန်မာ) နှင့် ဖီချိုချိုင်း (ထိုင်း)၊ ဝင်းထွန်း (မြန်မာ) နှင့် လာချီလိတ် (ထိုင်း) လုံးချော (မြန်မာ) နှင့် ထုံထောင်း (ထိုင်း) တို့ ယှဉ်ပြိုင်ခဲ့ရာ ဝင်ထွန်းတစ်ဦးသာ သရေကျခဲ့ပြီး လုံးချောနှင့် ကျန်မြန်မာ့လက်ဝှေ့သမားများ အနိုင်ရခဲ့သည်။ ထိုပွဲအပြီး ဒီဇင်ဘာလအတွင်း လုံးချောနှင့် ဝင်းထွန်းတို့ စိန်ခေါ်ထိုးသတ်ခဲ့ရာ သရေပွဲဖြစ်ခဲ့သည်။ ယခုအခါ လုံးချောသည် အသက် ၃၀ ခန့်ရှိနေပြီဖြစ်ရာ ၎င်း၏နေရာတွင် မည်သူဖြစ်လာမည်ကို ပရိသတ်ကခန့်မှန်းနေကြပြီဖြစ်ရာ လုံးချောကလည်း စိန်ခေါ်လာသူများကို ၎င်း၏သရဖူအတွက် ကြံ့ကြံ့ခံကာကွယ်နိုင်ဆဲ ဖြစ်နေသည်။

အယ်ဒီတာအဖွဲ့

၂၀၀၈ ခုနှစ် မှတ်တိုင်များ

(စာပေ၊ အနုပညာ)

အယ်ဒီတာအဖွဲ့

၂၀၀၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု

၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆုချီးမြှင့်ပွဲ) ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံတွင် ကျင်းပခဲ့သည်။

၂၀၀၆ ခုနှစ်အတွင်း ရုံတင်ကား စုစုပေါင်း (၁၀) ကားကို ဆုရွေးချယ်ရေးအဖွဲ့က အကဲဖြတ်ရွေးချယ်သည့်အနက် တောင်သမန်သစ်၊ မျှော်လင့်ခြင်းများစွာ၊ ပန်းပျိုးသူတို့အလင်္ကာ ၊ ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ ဇာတ်ကားများမှဆုအသီးသီးရရှိခဲ့သည်။

အဆိုပါ အကောင်းဆုံးထူးချွန်ဆုရရှိသူများမှာ (၁) အမျိုးသားဇာတ်ဆောင်ဆု–ရန်အောင် (ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်း သိက္ခာ)၊ (၂) အမျိုးသမီးဇာတ်ဆောင်ဆု–နန္ဒာလှိုင် (တောင်သမန် သစ်စာ)၊ (၃) ရုပ်ရှင်ဒါရိုက်တာဆု–မောင်မျိုးမင်း (ရင်တွင်းဖြစ်) (မျှော်လင့်ခြင်းများစွာ)၊ (၄) အမျိုးသားဇာတ်ပို့ဆု – ဖိုးကျော် (မျှော်လင့်ခြင်းများစွာ)၊ (၅) ဇာတ်ကားဆု – မျှော်လင့်ခြင်းများစွာ၊ (၆) အမျိုးသမီးဇာတ်ပို့ဆု–မေသဉ္ဇာဦး (ပန်းပျိုးသူတို့အလင်္ကာ)၊ (၇) တေးဂီတထူးချွန်ဆု–ကိုသော်ဇင် (လဝန်းအိမ်၊ မန္တလေး) (ပန်းပျိုးသူတို့အလင်္ကာ)၊ (၈) ဓာတ်ပုံထူးချွန်ဆု–သန်းညွှန့် (ပန်းသာ) (ပန်းပျိုးသူတို့အလင်္ကာ)၊ (၉) တည်းဖြတ်ထူးချွန်ဆု–ဇော်မင်း (ဟံသာမြေ) (မျှော်လင့်ခြင်းများစွာ)၊ (၁၀) ဇာတ်ညွှန်းထူးချွန်ဆု–

၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆုများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ
၁	ဝတ္ထုရှည်	တိမ်ယံအိပ်မက် မိုးထက်နရီ	ဆူးငှက်	တရားသစ္စာစာပေ
၂	ဝတ္ထုတိုပေါင်းချုပ်	အိမ်ကလေး ၁၆ လုံး	နေဝင်းမြင့်	ပုဂံစာအုပ်တိုက်
၃	ကဗျာပေါင်းချုပ်	အမှေအလှပန်းအလှ	သန်းအောင် (အညာမြေ)	စာပေဗိမာန်
၄	စာပဒေသာ	ဘွားဦးဇွန်း	တက္ကသိုလ်စိန်တင်	သောင်ရမ်းစာအုပ်တိုက်
၅	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	နံရံပန်းချီမှပြောသောပုဂံခေတ် ပုံရိပ်များ	စန္ဒာခင်	ယဉ်ကျေးမှုဝန်ကြီးဌာန
၆	ကလေးစာပေ	မင်္ဂလာနံနက်ခင်းကလေးကဗျာများ	မောင်မြင့်ထွန်း	ပန်းဝေဝေစာပေ
၇	လူငယ်စာပေ	ကြိုးကြာတောင်ပံခတ်သံ	လက်ံရည်ကျော်	ယုံကြည်ချက်စာပေ
၈	ဘာသာပြန်(သုတ)စာပေ	လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းက ရသောအမွေ (သုံးတွဲ)	လှိုင်သင်း	ကံ့ကော်ဦးမွန်စာပေတိုက်
၉	ဘာသာပြန်(ရသ)စာပေ	အနက်ရောင်အိပ်မက် စိမ်းမြမေတ္တာ	တင်မောင်မြင့်	ယုံကြည်ချက်စာပေ
၁၀	သုတပဒေသာ(ဝိဇ္ဇာ)	ရတနာဂဂိရိနိဒါန်း	မောင်သန်းဆွေ (ထားဝယ်)	ရာပြည့်စာပေ
၁၁	သုတပဒေသာ(အသုံးချသိပ္ပံ)	ကျေးလက်စီးပွားပြည်သူ့အား	ဒေါက်တာချစ်	Digest Media Bank

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစီစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၇ ခုနှစ်အတွင်း ထုတ်ဝေခဲ့သောစာအုပ်များမှ စီစစ်ရွေးချယ်သည့် အမျိုးသားစာပေဆုများကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာရာ ဘာသာရပ် ၁၄ မျိုးရှိ သည့်အနက် သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊ ပြဇာတ်စာပေနှင့် နိုင်ငံရေးစာပေတို့အတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိကြောင်း ဖော်ပြထားသည်။ ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ (တစ်သက်တာဆု) ကို စာရေးဆရာကြီး ဆင်ဖြူကျန်းအောင်သိန်း (ဦးကြည်အေး) ကရုဏာဖြူး အဆိုပါဆုများကို ဒီဇင်ဘာလ ၂၈ ရက်နေ့၌ နေပြည်တော်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် ချီးမြှင့်ခဲ့သည်။

ဇော်မြင့်ဦး (တောင်သမန်သစ္စာ)၊ (၁၁) အသံထူးချွန်ဆု– ဦးမျိုးညွှန့် (တောင်သမန်သစ္စာ) တို့ ဖြစ်ကြသည်။

ရုံတင်ရက်စံချိန်တင်ခဲ့သည့် ဟော့ရှော့ဇာတ်ကား

မြန်မာ့ရုပ်ရှင်သမိုင်းတွင် ထူးခြားချက်တစ်ရပ်အနေဖြင့် ၂၀၀၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ဟော့ရှော့ဇာတ်ကားမှာ လေးလတာရုံတင်ခဲ့ရသည်အထိ အောင်မြင်မှုရရှိခဲ့သော ဇာတ်ကား တစ်ကားဖြစ်ခဲ့သည်။ လပ်ကီးဆဲဗင်းဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ခဲ့သည့် အဆိုပါရုပ်ရှင်ဇာတ်ကားကို ၂၀၀၈ ခုနှစ် ဧပြီလ ၁၈ ရက်နေ့မှ ဇူလိုင်လ ၂၄ ရက်အထိ ရုံတင်ပြသခဲ့သည်။ လက်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးအနေဖြင့် မေလ ၂၄ ရက်နေ့က သမ္မတရုံတွင် ရုံတင်ပြသရာမှရရှိသော ရုံဝင်ခများကို လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းခဲ့သည်။ ဟော့ရှော့ဇာတ်ကားတွင်ပါဝင်သည့် အဓိကသရုပ်ဆောင်များမှာ ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ ဗေလုဝ၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ သက်မွန်မြင့်၊ သင်ဇာဝင့်ကျော်တို့ဖြစ်ပြီး အကြည်တော်၏ ဇာတ်လမ်းဇာတ်ညွှန်းကို ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် ရုံတင်ပြသော ရုပ်ရှင်ကားများတွင် အများစုမှာ ဟာသရုပ်ရှင်ဇာတ်ကားများဖြစ်ပြီး ရုံတင်ကာလနှင့် ဝင်ငွေစံချိန်ချိုးသွားသော ဟော့ရှော့ရုပ်ရှင်ဇာတ်ကား၏ အောင်မြင်မှုကြောင့် ရုပ်ရှင်ထုတ်လုပ်သူများဘက်မှ ဟာသရုပ်ရှင်ကားများထုတ်လုပ်ရန် ပိုမိုစိတ်ဝင်စားလာကြသည်။ ယခုနှစ်အတွင်း ဟာသကားများအဖြစ် အကယ်ဒမီရှော့၊ အချစ်ကလန်းတယ် ဇာတ်ကားများကိုလည်း ရုံတင်ခဲ့သည်။ ၂၀၀၈ ခုနှစ်သည် ရုပ်ရှင်ကြည့်ပရိသတ်များ ဟာသကား လိုလားမှုကို ပိုမိုပေါ်လွင်စေသောနှစ်ဖြစ်ပြီး ရုံတင်ဇာတ်ကားရှားပါးမှုကို တွေ့မြင်ရသောနှစ်လည်း ဖြစ်သည်။

နာဂစ်ကြောင့် စင်ပေါ်ပြန်တက်တဲ့ လေးဖြူနဲ့ ဝင်ငွေစံချိန်ချိုးခဲ့တဲ့ IC Show

စင်မြင့်ဖျော်ဖြေပွဲများ ရပ်နားခဲ့သည်မှာ သုံးနှစ်နီးပါးရှိပြီဖြစ်သည့် တေးသံရှင်လေးဖြူ ပထမဆုံးစင်ပေါ်ပြန်တက်ပြီး ဖျော်ဖြေခဲ့

၂၀၀၇ ခုနှစ်အတွက် စာပေဗိမာန်စာပေဆု

စဉ်	စာအုပ်အမျိုးအစား	ဆုအမျိုးအစား	အမည်	စာရေးသူ
၁	ဝတ္ထုရှည်	ပထမဆု ဒုတိယဆု တတိယဆု	မြမြစ်နဒီ ရင်မှာဖြစ်သည့် ချစ်ခြင်းတစ်သစ္စာ ချိုသောဘဝ လှသောပင်လယ်	သုသိဏ် မင်းဇေဒါ(ပွင့်ဖြူ) မြေလတ်မင်းလွင်
၂	ဝတ္ထုတိုပေါင်းချုပ်	ပထမဆု ဒုတိယဆု တတိယဆု	ပင်လယ်ခေါ်သံနှင့်အခြားဝတ္ထုတိုများ အမေနှင့်နေခဲ့ရသည့်နေ့ရက်များ ပင်လယ်ထက်ကရေချိုတစ်စက်နှင့်အခြားဝတ္ထုတိုများ	သွဲ့ထားညို(သက္ကလ) ခင်လပြည့်ဝန်း မြတ်နိုးအိမ်(ခွေကပင်)
၃	ကဗျာပေါင်းချုပ်	ပထမဆု ဒုတိယဆု တတိယဆု	တံလျှပ်နယ်မှတဒင်္ဂများစွာ စုန်ရော၊ ဆန်ရော၊ စိမ့်စမ်းရေနှင့်အခြားကဗျာများ အမေနေတဲ့ရွာကလေးနှင့်အခြားကဗျာများ	အေးကြည်စိန် ကျော်ဇေယျာလှိုင် (စီးပွားရေးတက္ကသိုလ်) မောင်နိမ္မိုင်း(ကျောက်တန်း)
၄	သုတပဒေသာ (ဝိဇ္ဇာပညာရပ်)	ပထမဆု ဒုတိယဆု တတိယဆု	အောင်ဘာလေထီသမိုင်း ယာခေလ့ မြန်မာ့သမိုင်းဝင်ခံတပ်များနှင့် တတိယအင်္ဂလိပ်– မြန်မာ စစ်ပွဲ	ထင်လင်းကျော် စောကြူမောင်(ယောမြေ) မောင်ယဉ်လှိုင်း (ပျဉ်းမမြို့)
၅	သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ)	ပထမဆု ဒုတိယဆု တတိယဆု	ပို့စ်ဟာဗက်–ဆွတ်ခူးပြီးနောက်ပိုင်းဝယ်က သိကောင်းစရာ e-Commerce မွေးမြူရေးခြံများကိုခြိမ်းခြောက်နေသော သက်ရှိ သက်မဲ့နှင့် သဘာဝဘေးအန္တရာယ်များ	အောင်စိုး(စိုက်ပျိုး–၁၀၇) မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ဂိုးလှမောင်(မြို့မ)
၆	စာပဒေသာဆု	ပထမဆု ဒုတိယဆု တတိယဆု	ဟောဝန်ဟောမာသတ္တဝါတို့၏ နိမိတ်ပုံလွှာ တစ်ခေတ်တစ်ချိန်က ချင်းရိုးမဆီရောက်ခဲ့စဉ်က ကွယ်လွန်ထင်ရှားဆရာ(၁၀၀)၏အားမာန်များ	အောင်ဇိုး(တိရစ္ဆာန်ဆေးကု ဆရာဝန်) ကောင်းညွှန့်သစ် အောင်မင်းမြင့်
၇	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု	ပထမဆု ဒုတိယဆု တတိယဆု	မြန်မာ့သဘင်မှုအနုပညာနှင့် အသုံးတွင်စကားများ မြန်မာ့ဆိုင်း သုတေသနခရီးသွား ဇေယျာပူရမှတ်တမ်းများ	မအေးချမ်း(မြန်မာစာ) သိန်းသန်းဝင်း(မလှိုင်) အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)
၈	ကလေးစာပေဆု	ပထမဆု ဒုတိယဆု တတိယဆု	ဦးဦးလက်ဆောင် ကလေးကဗျာများ မင်္ဂလာချိုတေးသံကဗျာများ ယဉ်ကျေးလိမ္မာအနာဂတ်ရတနာနှင့် အခြားဝတ္ထုတိုများ	လူမွန်(ပခုက္ကူ) တက္ကသိုလ်တောသား မြတ်ဝေတိုး(ပညာရေး) တက္ကသိုလ်)
၉	လူငယ်စာပေဆု	ပထမဆု ဒုတိယဆု တတိယဆု	အောင်မြေစွန်းရွှန်းသစ်စအလှနေခြည် မြန်မာကမွေး မြန်မာသွေး စွေးစွေးနီ အညတရဘဝရေဆန်	မောင်ကြည်သန့် မောင်စိုးထိုက်(သုံးဆယ်) အောင်ကျော်ဆန်း
၁၀	ပြဇာတ်စာပေဆု	ဒုတိယဆု တတိယဆု	ရင်ခွင်နွေး ပိုး	ဇင်မင်း(သမိန်ထော) မောင်ဆန္ဒ (လယ်ဝေး)
၁၁	ဘာသာပြန်စာပေဆု	ပထမဆု	အသိဉာဏ်ပစ္စည်းနှင့် ရိုးရာယဉ်ကျေးမှုဖော်ထုတ်ချက်များ၊ ရိုးရာဓလေ့များ	ဦးအောင်စိုးဦး

စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၂ မျိုးသတ်မှတ်ထားသည့်အနက် နိုင်ငံရေးစာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများလက်ခံရရှိထားသော်လည်း ဆုအတွက်ရွေးချယ်ပေးနိုင်ခြင်းမရှိပါ။

သည့် နာဂစ်ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲမှာ ၂၀၀၈ ခုနှစ်အတွင်း ဝင်ငွေအများဆုံးနှင့် ပရိသတ်အများဆုံးပွဲတစ်ပွဲ ဖြစ်ခဲ့သည်။ အဆိုပါဂီတဖျော်ဖြေပွဲကို မြန်မာနိုင်ငံဂီတအစည်းအရုံး၏ စီစဉ်မှုဖြင့် ဩဂုတ်လ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားရုံတွင် ကျင်းပခဲ့သည်။ ပွဲမကျင်းပခင်ကတည်းက စပွန်ဆာအဖြစ် ငွေကျပ်သိန်း ၄၀၀ ရရှိခဲ့သည့်ပွဲဖြစ်ပြီး လက်မှတ်ရောင်းရငွေမှာ နှစ်ရက်ပေါင်း ကျပ်သိန်း ၁၈၀၀ ဝန်းကျင်ခန့် ရရှိခဲ့ကြောင်း ဩဂုတ်လ ၂၉ ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ်တွင် ဖော်ပြထားသည်။

ဖျော်ဖြေပွဲအတွက် လက်မှတ်အတုများထွက်ပေါ်နိုင်ခြင်းမရှိစေရန် ရည်ရွယ်၍ CD ပေါ်တွင် Silk Screen ရိုက်ပြီး လက်မှတ်များပြုလုပ်ခဲ့သည်ကိုလည်း တွေ့ရသည်။ အဓိကပံ့ပိုးမှုပေးသည့်ကုမ္ပဏီများမှာ မြန်မာဘီယာနှင့် Alpine သောက်ရေသန့်တို့ဖြစ်သည်။

လူထုဒေါ်အမာ

ထင်ရှားသော သတင်းစာဆရာ၊ စာရေးဆရာမကြီးတစ်ဦးဖြစ်ပြီး မကွယ်လွန်မီအချိန်ထိ စွမ်းစွမ်းတမံ စာပေရေးသားခဲ့သူ၊ စာဖတ်ပရိသတ်၏ ချစ်ခင်လေးစားမှုသာမက စာနယ်ဇင်းနှင့် စာပေနယ်အတွင်းမှ ပုဂ္ဂိုလ်များ၏ ချစ်ခင်လေးစားကိုင်းညွှတ်မှုရရှိပြီး အမြင်ရင်းနှီးစည်းလုံးစွာနေတတ်သူ လူထုဒေါ်အမာသည် ၂၀၀၈ ခုနှစ် ဧပြီလ ၇ ရက် နံနက် ၈း၃၇ နာရီအချိန်က မန္တလေးမြို့ရှိ လူထုနေအိမ်တွင် ကွယ်လွန်သွားခဲ့သည်။

လူထုဒေါ်အမာကို အဖဦးထင်နှင့် အမိဒေါ်စုတို့က ၁၉၁၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် မန္တလေးမြို့ ကဉ္စွန်ရပ်တွင် မွေးဖွားခဲ့ပြီး စတုတ္ထသမီး ဖြစ်သည်။ ငယ်စဉ်က အာဇာနည်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးရာဇတ်၏ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၂၃–၃၁ ခုနှစ်၌ မန္တလေးဗဟိုအမျိုးသားကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့သည်။ ၁၉၃၃–၃၅ ခုနှစ်တွင် မန္တလေးဥပစာကောလိပ်တွင် တက်ရောက်ခဲ့ပြီး ၁၉၃၆ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ် ဘီအေတန်းသို့ ဆက်လက်တက်ရောက်ခဲ့သည်။ ဒုတိယကျောင်းသားသပိတ်ကြီးတွင် တက်ကြွစွာပါဝင်ခဲ့ပြီး အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်းနှင့် ဘားမားဂျာနယ်တို့တွင် ဝတ္ထု၊ ဆောင်းပါးများ ရေးသားခဲ့သည့်အပြင် ခင်လဝင်း၊ ခင်မဥ္ဇူ စသည့် ကလောင်အမည်များဖြင့် ကြီးပွားရေးမဂ္ဂဇင်းတွင်လည်း ပင်တိုင်ရေးသားခဲ့သည်။ ၁၉၃၉ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်တွင် ကြီးပွားရေးဦးလှနှင့် လက်ထပ်ခဲ့ပြီး စာရေးဆရာညီပူလေးအပါအဝင် သားသမီး ငါးဦး ထွန်းကားခဲ့သည်။ Maurice Collis ၏ 'Trials in Burma' စာအုပ်ကို 'မြန်မာပြည်တွင်စစ်ဆေးခဲ့သောအမှုအခင်းများ' အမည်နှင့် မြန်မာပြန်ဆိုရေးသားခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်တွင် လူထုဂျာနယ်ကို ထုတ်ဝေခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် လူထုသတင်းစာကိုထုတ်ဝေခဲ့ရာ အယ်ဒီတာအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။

မြန်မာအမျိုးသမီးစာရေးဆရာမတစ်ဦးအနေဖြင့် ဒီန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ၇–၆–၁၉၅၃ တွင် ကျင်းပသော ကမ္ဘာ့

အမျိုးသမီးဒီမိုကရက်တစ်ညီလာခံကိုလည်းကောင်း၊ ဟန်ဂေရီနိုင်ငံ ဘူတာပတ်၌ ၁၅-၆-၁၉၅၃ တွင် ကျင်းပသော ကမ္ဘာငြိမ်းချမ်းရေးကွန်ဖရင့်နှင့် ရူမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့၌ ၂၅-၇-၁၉၅၃ တွင် ကျင်းပသော ကမ္ဘာ့လူငယ်နှင့် ကျောင်းသားညီလာခံများသို့ လည်းကောင်း တက်ရောက်ခဲ့သည်။ မကွယ်လွန်ခင်အချိန်အထိ အမှေ့ရှေးစကားအမည်ဖြင့် လူကြိုက်များသော မန္တလေးနောက်ခံ လူမှုသဘာဝဆောင်းပါးများကို ကလျာမဂ္ဂဇင်းတွင် လစဉ်ရေးသားခဲ့သည်။ ခရီးသွား၊ ဗဟုသုတ၊ ရသစာအုပ်များစွာ ရေးသားခဲ့ရာတွင် ပြည်သူချစ်သော အနုပညာရှင်များစာအုပ်မှာ သုတေသနပညာရှင်များအတွက် လက်စွဲစာအုပ်ဖြစ်သည်။

လူထုဒေါ်အမာ၏ ထင်ရှားသောစာအုပ်များမှာ စန္ဒမာလာ၊ ကျွဲနှင့်စစ်သား၊ သက်တန့်ရောင်၊ ဆိုရှယ်လစ်တိုင်းပြည်များသို့၊ အိုယန်းကီးတို့၊ ငွေနှင့်လက်နက်၊ ပြည်သူချစ်သောအနုပညာသည်များ၊ ရွှေဒေါင်းတောင်ဆောင်းပါးများ၊ ဆရာကြီးသခင်ကိုယ်တော်မိုင်း၊ ချင်းတွင်းမှ ပင်လယ်သို့၊ မြန်မာ့မဟာဂီတ၊ အာဖရိကဝတ္ထုတိုများ၊ ဆေးလိပ်နှင့်လူသား၊ မန္တလေးသူမန္တလေးသားများ၊ အမှေ့ရှေးစကားပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ ၁၂ ပွဲစျေးသည်နှင့် ကျွန်မတို့အညာ၊ လွမ်းသူ့စာ၊ စာအုပ်ဆိုင်က လူဝင်လူထွက်နှင့် အတွေးအမြင်ဆောင်းပါးများ သဘသန့်တန်ဆောင်ဆရာတော်ကြီးများ စသည့်စာအုပ်များ ဖြစ်သည်။

သတင်းစာလောကတွင် ထင်ရှားခဲ့သည့် မန္တလေးမြို့ လူထုသတင်းစာတိုက်၏မိခင်ကြီး လူထုဒေါ်အမာ ကွယ်လွန်ခဲ့ခြင်းသည်

မျိုးချစ်နိုင်ငံရေးသမားတစ်ဦးအနေဖြင့်သာမက စာပေနယ်ပယ်အတွက်ပါ ဆုံးရှုံးခဲ့ရခြင်းပင် ဖြစ်သည်။

လေးဖြူ

ယခုနှစ်အတွင်း ထိပ်တန်းရော့ခ်တေးသံရှင်လေးဖြူ၏ ဆောင်ရွက်ချက်များက ပရိသတ်များကြား စိတ်ဝင်တစား လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့သည်ကို တွေ့မြင်ရသည်။

Stage Show တွင်မဆိုတော့ဟုဆိုထားသည့် ၎င်းက နာဂစ်ရန်ပုံငွေအတွက် ကျင်းပသည့်ဖျော်ဖြေပွဲတွင် သီဆိုခဲ့ခြင်း၊ Still ပုံမဟုတ်သည့် အက်ရှင်ပါပါ ရုပ်သံကြော်ငြာရိုက်ကူးလာခြင်းနှင့် တေးစီးရီးသစ်ထွက်ရှိခြင်းတို့သည် ၎င်း၏ပရိသတ်များထံမှ စိတ်ဝင်စားမှုကို အပြည့်အဝရယူနိုင်ခဲ့သည်။

သုဝဏ္ဏအားကစားပြိုင်ပွဲရုံတွင် နှစ်ညဆက်တိုက် သီဆိုခဲ့သော နာဂစ်ရန်ပုံငွေဖျော်ဖြေပွဲမှာ လှုပ်လှုပ်ရှားရှားအောင်မြင်သောပွဲတစ်ပွဲဖြစ်ခဲ့ပြီး ၎င်း၏ထူးခြားသည့် ကြော်ငြာရိုက်ကူးမှုမှာ ကနဦးရိုက်ကူးခဲ့သော ACE Mobile Phone နှင့် CNG men's wear ကြော်ငြာများနောက် ရိုက်ကူးသော ယမ်ယမ်ခေါက်ဆွဲကြော်ငြာဖြစ်သည်။ ၎င်း၏ ပွင့်လင်းလွတ်လပ်သည့်ဟန်ပန်ကြောင့် ပရိသတ်နှစ်သက်ခဲ့ကြသည်။

ယခုနှစ်အတွင်း ပရိသတ်အာရုံစိုက်မှုရယူနိုင်သော နောက်ထပ်လုပ်ဆောင်ချက်မှာ ၎င်း၏ ၁၃ ခုမြောက် တေးစီးရီးအယ်လ်ဘမ်ထွက်ရှိလာခြင်းဖြစ်သည်။ အဆိုပါအယ်လ်ဘမ်ကို 'ဘင်္ဂလားပင်လယ်အော်' (Bay of Bangal-BOB) ဟု အမည်ပေးထားပြီး ဒီဇင်ဘာလတွင် Tape နှင့် CD ထွက်ရှိလာခြင်းပင်ဖြစ်သည်။ အဆိုပါအယ်လ်ဘမ်မှာ ၎င်း၏အယ်လ်ဘမ်များအနက် စတုတ္ထမြောက်ကိုယ်ပိုင်သံစဉ် Album ဖြစ်သည်။

အဆိုပါတေးစီးရီး Album ကို ငွေဆောင်ကမ်းခြေရှိ Bay of Bangal ဟိုတယ်တွင် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် စတင်ရိုက်ကူးခဲ့ပြီး အဆိုပါဟိုတယ်၏အကြီးအကဲ ဦးစစ်တိုင်းအောင်က ငွေကြေးပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့ခြင်း ဖြစ်သည်။

ကျော်ဟိန်းပရိုမိုးရှင်း

Pop ဂျာနယ်များက ဆူပါစတားဟု ပင်မက မီဂါစတားဟု အမည်တပ်ရေးခဲ့ကြဖူးသည့်၊ ကာလကြာရှည်စွာအောင်မြင်စေရန် နည်းမျိုးစုံဖြင့် အောင်မြင်မှုကိုထိန်းသိမ်းထားနိုင်သည့် သရုပ်ဆောင်ကျော်ဟိန်း၏ ယခုနှစ်လုပ်ဆောင်ချက်များကိုကြည့်၍ ယခုနှစ်ကို ၎င်း၏နာမည်ကျော်ကြားမှုနှင့် ကုန်ပစ္စည်းများကို တစ်ပြိုင်နက်တည်း အစွမ်းကုန်ပရိုမိုးရှင်းပြုလုပ်သောနှစ်ဟု ဆိုရမည်ဖြစ်သည်။

ယင်းလုပ်ဆောင်ချက်များတွင် ကျော်ဟိန်းရဲ့နောက်ဆုံးနှုတ်ဆက်ခြင်းခရီးစဉ်ဟုအမည်ပေးထားသော Premier Coffee၊ Tea Master၊ ချယ်ရီဦးနှာရီ၊ ဂျက်စီတင်အားဆေးတို့၏ပံ့ပိုးမှုဖြင့် စက်



တင်ဘာလ ၅ ရက်မှ ၂၁ ရက်အထိ မြန်မာနိုင်ငံတစ်နံတစ်လျား တစ်မြို့ဝင်တစ်မြို့ထွက်သွားရောက်သောခရီးစဉ်၊ 'နောက်ဆုံး...' 'နောက်ဆုံး...' ဟု အမည်တပ်ထားသော ၎င်း၏အနုပညာ ပစ္စည်းများရောင်းချခြင်း၊ ကြော်ငြာရိုက်ကူးခြင်းများ၊ စာနယ်ဇင်း တွေ့ဆုံပွဲများ ပြုလုပ်ခြင်းတို့ဖြစ်သည်။ ၎င်းအနေဖြင့် ယင်းသို့ လုပ်ဆောင်ရာတွင် သာသနာ့ဘောင်ဝင်မည့်ရက်ကို ကြိုတင်ကြေ ညာထား၍ လုပ်ဆောင်ခြင်းဖြစ်ပြီး သတ်မှတ်ကာလအတွင်း အများ ပြည်သူအာရုံစိုက်စေမည့် အပြုအမူများ အရှိန်အဟုန်ဖြင့် လုပ် ဆောင်သွားသည်ကိုတွေ့ရသည်။ ၎င်းရိုက်ကူးသရုပ်ဆောင်သွား သော ရုပ်သံမှလွှင့်သည့် ကြော်ငြာတစ်ခုတွင် ၎င်းငယ်စဉ်မှစ၍ အကယ်ဒမီဆုများ တစ်ဆုပြီးတစ်ဆု ရယူဖြတ်သန်းလာသည့် သရုပ်ဆောင်ဘဝဖြတ်သန်းမှုများကို တခမ်းတနားဖော်ပြ၍ အဆုံးသတ်တွင် တွေ့မြင်ရသည့် ၎င်းသရုပ်ဆောင်ကြော်ငြာသော ကုန်ပစ္စည်းမှာ အများထင်မှတ်မထားသော ကုန်ပစ္စည်းမျိုးဖြစ်နေ ခြင်း၊ Billboard ကြော်ငြာများတွင်လည်း ကြီးကျယ်ခမ်းနားသော စာသားများဖြင့် ကြော်ငြာထားခြင်း၊ နောက်ဆုံးခရီးစဉ်နှင့်ပတ် သက်ပြီး စာနယ်ဇင်းများအား နောက်ဆုံးအကြိမ်တွေ့ဆုံခြင်းတွင် ၎င်းမှာ အောက်တိုဘာ ၃၁ ရက်တွင် စတင်ဘုန်းကြီးဝတ်မည်ဖြစ် ကြောင်းနှင့် တရားဟောရန် သုံးလစာ စာရင်းပြည့်နေပြီဖြစ်ပြီး တရားဟောမည်မဟုတ်ဘဲ စိတ်နှင့်ပတ်သက်၍ဆွေးနွေးမည်ဟု ဆိုခြင်း၊ ယင်းတွေ့ဆုံပွဲတွင် စာနယ်ဇင်းများသို့ပြောကြားသည့် စကားများမှာ ဆုံးမစကားများဖြစ်နေခြင်းတို့က အများသတိပြု ဝေဖန်စရာများဖြစ်ခဲ့သည်။

၎င်းသည် လွန်ခဲ့သောနှစ်အနည်းငယ်ကာလကပင် ၂၀၀၈ ခုနှစ်၌ ၎င်း၏ အနုပညာလုပ်ငန်းများ စွန့်လွှတ်မည့်အကြောင်းကို နေ့ရက်၊ နာရီ၊ မိနစ်အတိအကျထည့်သွင်း၍ ကြိုတင်ပြောဆိုခဲ့ ခြင်းဖြင့် အများသတိပြုစေရန် လုပ်ဆောင်ခဲ့ဖူးသည်။

ဆိုဒ်ကြီး THE ACTION TIMES ဂျာနယ်အသစ်

Newsprint ရောင်စုံ ၁၆ မျက်နှာလေးဖောင်၊ ဖြူမည်း ၂၀ မျက်နှာငါးဖောင် စုစုပေါင်း ၃၆ မျက်နှာကိုးဖောင် ဆိုဒ်ကြီး The Action Times ဂျာနယ်တစ်စောင် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ (၈–၁၄) ရက်နေ့တွင် ထွက်ရှိလာသည်ကိုတွေ့ရသည်။

အဆိုပါဂျာနယ်ကို စေစားရာမီဒီယာဂရုပ် (Saysaryar Media Group) က စီစဉ်ထုတ်ဝေခြင်းဖြစ်ပြီး စီအီးအိုမှာ သျှားညိုဖြစ် သည်။ ယင်းမီဒီယာသည် ယခင်က Action အမည်ဖြင့် ၂၀၀၇ ခုနှစ်မှစတင်ထုတ်ဝေခဲ့ကာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ၄၂ စောင်ထုတ်ဝေခဲ့ရာက ရပ်နားလိုက်ပြီး ယခု ၂၀၀၈ ခုနှစ်ဆန်း တွင် အမည်သစ်၊ အသွင်သစ်ဖြင့် ပြန်လည်ဆန်းသစ်ထုတ်ဝေ ခြင်းဖြစ်သည်။ ကဏ္ဍခွဲ ၁၆ ခုပါဝင်ပြီး အရည်အသွေးကောင်း ကောင်း၊ Layout ဒီဇိုင်းသပ်သပ်ရပ်ရပ်ဖြင့် ကြိုးစားအားထုတ် ထားသည်ကို တွေ့ရသည်။ အယ်ဒီတာ ၁၂ ဦး၊ သတင်းထောက် ကိုးဦးပါဝင်ပြီး ရန်ကုန်ရုံးချုပ်အပါအဝင် မန္တလေးနှင့် နေပြည်တော် တွင်လည်း ရုံးခွဲများဖွင့်လှစ်ထားကြောင်း ဂျာနယ်စာမျက်နှာ ၂

ရှိ လုပ်ငန်းမှတ်တမ်းတွင် ဖော်ပြထားသည်။

ကဏ္ဍစုံသကဲ့သို့ အကြောင်းအရာလည်းစုံသော ဂျာနယ်မျိုးစုံထွက်ပေါ်လာခြင်းမှာ ပုံနှိပ်မီဒီယာလောကအတွက် သာမက စာဖတ်သူများအတွက်ပါ အပြုသဘောဆောင်သော အပြောင်းအလဲဖြစ်ပြီး ဤမျှအကြောင်းအရာစုံ၊ ကဏ္ဍစုံကို မည်မျှရေရှည်ရပ်တည်ထုတ်ဝေနိုင်မည်ဆိုခြင်းကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။

လွင်မိုးနှင့် စပွန်ဆာကုမ္ပဏီများ၏ စာချုပ်ချုပ်ဆိုမှုများ

ရုပ်ရှင်သရုပ်ဆောင်လွင်မိုး စီစဉ်တင်ဆက်လျက်ရှိသည့် လွင်မိုးခရီးသွားနေသည် Program ၏ ဒုတိယမြောက်အစီအစဉ်ဖြစ်သည့် မြိတ်ကျွန်းစုများဆီသို့ အပိုင်းအစများ အစီအစဉ်အတွက် ကူညီပံ့ပိုးကြမည့် စပွန်ဆာကုမ္ပဏီများနှင့် လွင်မိုးတို့ သဘောတူစာချုပ်များကို ဇန်နဝါရီလဆန်းပိုင်းမှစတင်၍ ချုပ်ဆိုခဲ့ကြသည်ကို တွေ့ရသည်။

မြန်မာ့ရုပ်မြင်သံကြားနှင့် MRTV 4 တို့တွင် တင်ဆက်မည့် အဆိုပါအစီအစဉ်ကို ကူညီပံ့ပိုးရန်အတွက် စီးပွားရေးလုပ်ငန်းခုနစ်ခုသို့ စကားကမ်းလှမ်းခဲ့ပြီး ကုမ္ပဏီခြောက်ခုနှင့် စာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း သရုပ်ဆောင်လွင်မိုး၏ စာနယ်ဇင်းများသို့ ပြောကြားချက်ကို ဇန်နဝါရီလ ၁၄ ရက်နေ့ထုတ် အလင်းတန်းဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

ကူညီပံ့ပိုးမည့် စီးပွားရေးလုပ်ငန်းများအနက် ငါးခုမှာ Max အချိုရည်၊ Cool သွားတိုက်ဆေး၊ Royal Myanmar Teamix ၊ Alpine သောက်ရေသန့်၊ Tri အမှတ်တံဆိပ်အဝတ်အထည်များဖြစ်သည်ဟု တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။ ကုမ္ပဏီတစ်ခုလျှင် ငွေကျပ်သိန်း ၁၀၀ စီ ပံ့ပိုးကူညီထားကြကြောင်းလည်း အပတ်စဉ်ထုတ်ဂျာနယ်များတွင် ဖော်ပြထားချက်များအရ သိရှိရသည်။

မြန်မာ့ပထမဆုံးရောင်စုံဓာတ်ပုံမဂ္ဂဇင်း

မြန်မာနိုင်ငံတွင် ပထမဆုံးရောင်စုံဓာတ်ပုံမဂ္ဂဇင်းအဖြစ် ထုတ်ဝေမည့် ရှုမြင်းမဂ္ဂဇင်းကို ဖေဖော်ဝါရီလမှ စတင်၍ လစဉ်ထုတ်ဝေသွားမည်ဖြစ်ကြောင်း စီစဉ်သူများ၏ ပြောကြားချက်ကို ဖေဖော်ဝါရီလ ၄ ရက်နေ့ထုတ် The Voice Weekly တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါမဂ္ဂဇင်းတွင် မြန်မာဓာတ်ပုံပညာရှင်ကြီးများ၏ အတွေးအခေါ်အယူအဆဆောင်းပါးများ၊ အနုပညာမြောက် ဓာတ်ပုံလက်ရာများ၊ သတင်းဓာတ်ပုံပညာရပ်များ၊ ဒစ်ဂျစ်တယ်ကင်မရာ

နှင့် ဒစ်ဂျစ်တယ်ရိုက်ကူးတည်းဖြတ်ပြင်ဆင်မှုနည်းပညာ စသည့် ဓာတ်ပုံပညာနှင့်သက်ဆိုင်သည့်အကြောင်းအရာများ ပါဝင်မည်ဖြစ်ကြောင်းလည်း ယင်းသတင်းအရသိရသည်။ ရှုမြင်းမဂ္ဂဇင်းကို ၂၀၀၆ ခုနှစ်အတွင်းက ရသမဂ္ဂဇင်းအဖြစ် ထုတ်ဝေခဲ့ဖူးပြီး ယခုအခါ စာပေလောက ၅ စာအုပ်တိုက်နှင့် အလင်္ကာဂီတဂျာနယ် အယ်ဒီတာအဖွဲ့ကထုတ်ဝေမည်ဖြစ်ကြောင်း၊ အရွယ်အစားမှာ ၈.၅ လက်မ × ၁၁.၇ လက်မအရွယ်ဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

စိုင်းထီးဆိုင် ကွယ်လွန်ခြင်း

ကိုယ်ပိုင်သံစဉ်သီချင်းများဖြင့် အောင်မြင်ကျော်ကြားခဲ့ပြီး ရှမ်းတိုင်းရင်းသားတေးသံရှင်တစ်ဦးဖြစ်သူ စိုင်းထီးဆိုင်သည် ၂၀၀၈ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ယင်းနေ့ည ပိုင်းတွင် ထုတ်လွှင့်သည့် ပြည်ပအသံလွှင့်ဌာနများက ထုတ်ပြန် ကြေညာခဲ့သည်။

၎င်း၏ရောဂါမှာ အသည်းကင်ဆာရောဂါဖြစ်ပြီး အစာအိမ်သွေးကြောပေါက်၍ သေဆုံးသွားရခြင်းဖြစ်ကြောင်း မတ်လ ၁၃ ရက်နေ့ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် အချပ်ပိုဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။ စိုင်းထီးဆိုင်ကို မတ်လ ၁၂ ရက်နေ့ ဗုဒ္ဓဟူးနေ့တွင် သင်္ဂြိဟ်မည်ဖြစ်ကြောင်းလည်း ယင်းသတင်းအရ သိရသည်။

စိုင်းထီးဆိုင်၏ အမည်ရင်းမှာ စိုင်းတင်ဦးဖြစ်ပြီး လင်းခေး

မြို့တွင်နေထိုင်သည့် ဦးနန္ဒာနှင့် ဒေါ်နန်းအိမ်တို့၏ သားကြီးဖြစ်သည်။ ကွယ်လွန်ချိန်တွင် ၎င်း ဒေါ်ခင်သန်းစိုးနှင့် သားကြီး စိုင်းခိုင်ခမ်း၊ သမီး နန်းစံဟွမ်နှင့် နန်းယုခေါင်တို့ ကျန်ရစ်ခဲ့သည်။

စိုင်းထီးဆိုင်၏ စာပနသို့ အနုပညာလောကမှ လုပ်ဖော်ကိုင်ဖက်နှင့် ခေတ်ပြိုင်တေးသံရှင်အချို့နှင့် လောကသားအချို့သာ တက်ရောက်ခဲ့ကြပြီး အများစုကို မျှော်လင့်ထားသလောက် မမြင်တွေ့ရပေ။ စိုင်းထီးဆိုင်၏ ပရိသတ်များကမူ ၎င်းတို့ချစ်သော အနုပညာရှင်တစ်ဦး၏ နောက်ဆုံးခရီးကို တိုးမပေါက်အောင် ပို့ဆောင်ပေးခဲ့ကြသည်။ စိုင်းထီးဆိုင်၏ရုပ်ကလာပ်ကို ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်ကိုတွေ့ရသည်။

ဂီတလောကတွင် သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူထားနိုင်ခဲ့သည့် ကွယ်လွန်သူတေးသံရှင် စိုင်းထီးဆိုင်နှင့် ပတ်သက်ဆက်နွှယ်သမျှ ကိစ္စရပ်အဝဝကို ၎င်း၏ဇနီးဖြစ်သူ၏ စာဖြင့်ရေးသားခွင့်ပြုချက်မရရှိဘဲ မည်သည့်လုပ်ငန်းတွင်မဆို အသုံးမပြုရန် တရားဝင်ပိတ်ပင်တားမြစ်ထားကြောင်း မတ်လ ၃၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းတားမြစ်ချက်ကို လိုက်နာခြင်းမရှိဘဲ အသုံးပြုခဲ့ပါက ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ ထိရောက်ပြင်းထန်စွာအရေးယူမည်ဖြစ်ပြီး နစ်နာကြေး၊ လျော်ကြေးများကိုလည်း တရားစရိတ်များနှင့်တကွ ပေးဆောင်ရလိမ့်မည်ဖြစ်ကြောင်းကြေညာချက်တွင် ဖော်ပြထားသည်။

ဗိုလ်ကလေးတင့်အောင် ဓာတ်ပုံမူပိုင်ခွင့်ကိစ္စ

၂၀၀၇ ခုနှစ် ဒီဇင်ဘာလထုတ် Wellness ကျန်းမာရေးနှင့် အလှအပမဂ္ဂဇင်း အမှတ် ၃၆ တွင် ဖော်ပြပါရှိသည့် စာရေးဆရာ ကိုကိုလှမြင့်ရေးသားသော 'ကျန်းမာရေးနှင့်ပတ်သက်ရင် ချက်ချင်းလုပ်ပါဆိုတဲ့ ဗိုလ်ကလေးတင့်အောင်' ဆောင်းပါးတွင်ပါဝင်သည့် ဗိုလ်ကလေးတင့်အောင်၏ တစ်ကိုယ်တည်း (ဘေးစောင်းထိုင်နေသော) ဓာတ်ပုံကို ရိုက်ကူးခဲ့သူ ဓာတ်ပုံဆရာထိန်ဝင်းက ၎င်း၏ခွင့်ပြုချက်မရရှိဘဲ ဖော်ပြခဲ့ခြင်းနှင့်ပတ်သက်၍ ပညာကြေးကျပ်နှစ်သောင်း၊ နစ်နာကြေး ကျပ်နှစ်သောင်း၊ လျော်ကြေးအဖြစ် ကျပ်တစ်သောင်း စုစုပေါင်း ငွေကျပ်ငါးသောင်းပေးရန် Wellness မဂ္ဂဇင်းတာဝန်ခံအယ်ဒီတာသို့ ဖေဖော်ဝါရီလ ၆ ရက်နေ့က တောင်းခံခဲ့သည့် မူပိုင်ခွင့်ကိစ္စရပ်တစ်ခုဖြစ်ပွားခဲ့ကြောင်း မတ်လ ၁၃ ရက်နေ့ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် ရေးသားထားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး Wellness မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဒေါ်နန်းအိအိဇာက ဗိုလ်ကလေးတင့်အောင်ကိုယ်တိုင် စာရေးဆရာ ကိုကိုလှမြင့်မှတစ်ဆင့် ပေးအပ်ခဲ့သောပုံဖြစ်၍ ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့ထံသို့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် တင်ပြအကူအညီတောင်းခံခဲ့ကြောင်းလည်း ယင်းသတင်းအရသိရသည်။ အဆိုပါကိစ္စကို မတ်လ ၇ ရက်နေ့က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးတွင် ကာယကံရှင်များကို ဖိတ်ကြား၍ တွေ့ဆုံညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ဒေါ်နန်းအိအိဇာက ဓာတ်ပုံဦးထိန်ဝင်းထံသို့ ဓာတ်ပုံအနုပညာကြေးအဖြစ် ကျပ်ငါးသောင်းပေးအပ်ခဲ့ပြီး ဦးထိန်ဝင်းက ယင်း ကျပ်ငါးသောင်းကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်းလည်း ယင်းသတင်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

နိုင်ငံရေးဖြစ်ရပ်မှန်နောက်ခံ နာမည်ကျော် ဘုံဘဝမှာဖြင့်ဝတ္ထုရုပ်သံဇာတ်လမ်းတွဲရိုက်ကူး

နိုင်ငံရေးစာပေအမျိုးအစားတွင် ယနေ့တိုင် အောင်မြင်ကျော်ကြားလျက်ရှိသော ဝါရင့်နိုင်ငံရေးသမားကြီး သခင်တင်မြ၏ 'ဘုံဘဝမှာဖြင့်' ဝတ္ထုရှည်ကြီးကို ရုပ်သံဇာတ်လမ်းတွဲအဖြစ်ရိုက်ကူးရန် ဇာတ်ညွှန်းရေးဆရာ ၁၀ ဦးက တာဝန်ယူရေးသားသွားမည်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဖြင့်သာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ မင်းခိုက်စိုးစန်က မတ်လအတွင်း ပြောကြားခဲ့သည်။

၁၃၀၀ ပြည့်အရေးတော်ပုံမှသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်အချိန်အထိ ဖြစ်ပေါ်ခဲ့သော မြန်မာ့နိုင်ငံရေးဖြစ်စဉ်များကို မှတ်တမ်းတင်ရေးသားခဲ့သော သခင်တင်မြသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တိုင်အောင် တို့ဗမာအစည်းအရုံးဝင်၊ ဗ.က.ပ ဗဟိုကော်မတီဝင်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကော်မတီဝင်အဖြစ် မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် ဇာတ်ဆောင်တစ်ဦးအဖြစ်ပါဝင်သူတစ်ဦးဖြစ်ပြီး အဆိုပါဝတ္ထုကို ၁၉၆၂ ခုနှစ် ဘောင်ဒရီလမ်း စစ်အချုပ်ထောင်တွင် အကျဉ်းသားဘဝဖြင့် ရောက်ရှိနေစဉ် စတင်ရေးသားခဲ့ပြီး ပြီးစီးရန် ခြောက်နှစ်ကျော်အချိန်ယူခဲ့ကြောင်း စာရေးသူ၏ ဘုံဘဝမှာဖြင့် ထပ်ချုပ်မကွာတွင် ရေးသားဖော်ပြချက်များအရ သိရှိရသည်။

အဆိုပါ ဘုံဘဝမှာဖြင့် ဝတ္ထုကို ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လုပ်ရန်အတွက် Shin Mee Entertainment နှင့် မင်းခိုက်စိုးစန်တို့က ဉာဏ်ပူဇော်ခ စရန်ငွေအဖြစ် သခင်တင်မြအား ငွေကျပ်ခုနစ်သိန်းပေးအပ်သည့်အခမ်းအနားကို မတ်လ ၁၁ ရက် နေ့လယ် ၁၁ နာရီအချိန်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ

Central Hotel ၌ ကျင်းပခဲ့သည်။



သခင်တင်မြ မင်္ဂလာမော်ကွန်းတင်
လက်မှတ်ရေးထိုးခြင်း

ဝါရင့်နိုင်ငံရေးသမားဟောင်းကြီး တစ်ဦးဖြစ်သူ သခင်တင်မြ (အသက် ၈၄ နှစ်) နှင့် မသန်းသန်းညွှန့် (အသက် ၄၃ နှစ်) တို့သည် မတ်လ ၂၄ ရက် တနလ်ာနေ့ည နေပိုင်းက ရန်ကုန်မြို့ပေါ်ရှိ တရားရုံးတစ်ခုတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးလိုက်ကြောင်း မတ်လ ၂၈ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ်တစ်စောင်တည်းတွင် ရောင်စုံစာမျက်နှာဖြင့် သီးသန့်ဖော်ပြခဲ့သည်ကို တွေ့ရသည်။

သခင်တင်မြနှင့်လက်ထပ်သူ မသန်းသန်းညွှန့်၏ ကွယ်လွန်သူခင်ပွန်းမှာ သခင်တင်မြနှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ပြီး အလံနီ ဗ.က.ပဟောင်းတစ်ဦးဖြစ်ကာ အမည်မှာ ရှမ်းပြည်လှဝင်း ဖြစ်ကြောင်း၊ ၎င်းတို့၏ မင်္ဂလာဧည့်ခံပွဲကို ဧပြီလ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ယင်းသတင်းက ဆိုသည်။

စာရေးဆရာဟိန်းဇေနှင့် စာရေးဆရာကောင်းထက်တို့၏
ရတနာပုံရှင်းတမ်းကိစ္စ

ရတနာပုံရှင်းတမ်းစာအုပ်နှင့်ပတ်သက်ပြီး စာရေးဆရာဟိန်းဇေနှင့် စာရေးဆရာကောင်းထက်တို့အကြား အငြင်းပွားမှုကိစ္စတစ်ရပ်ပေါ်ပေါက်ခဲ့သည့်အတွက် ယင်းကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို)၊ စာပေဆိုင်ရာအခွင့်အရေးများကာကွယ်ရေးအဖွဲ့က ၂၀၀၈ ခုနှစ် မတ်လ ၁၉ ရက် နေ့လယ် ၁ နာရီတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းရုံးခန်း၌ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း မတ်လ ၂၈ ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ်တွင် ဖော်ပြပါရှိသည်။

စာရေးဆရာဟိန်းဇေ ကလောင်အမည်ဖြင့် ရတနာပုံရှင်းတမ်းစာမူကို ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ၊ စက်တင်ဘာလ၊ အောက်တိုဘာလထုတ် ရုပ်ရှင်အမြုတေမဂ္ဂဇင်းတွင် ဖော်ပြခဲ့ကြောင်း၊ ရတနာပုံရှင်းတမ်းစာအုပ်ကို စာရေးဆရာကောင်းထက် ကလောင်အမည်ဖြင့် ၂၀၀၆ ခုနှစ် အောက်တိုဘာလက စာမူခွင့်ပြုချက်ရရှိခဲ့ပြီး ၂၀၀၈ ခုနှစ် မတ်လက ထုတ်ဝေခဲ့ကြောင်း ယင်းသတင်းတွင် ရေးသားထားသည်။

စာရေးဆရာ ကောင်းထက်၏ 'ရတနာပုံရှင်းတမ်း' လုံးချင်းသည် စာပေစိစစ်ရေးမူဘောင်အတွင်းမှ ခွင့်ပြုထုတ်ဝေထားသည်ကိုတွေ့ရှိရကြောင်း၊ စာရေးဆရာဟိန်းဇေအနေနှင့် 'ရတနာပုံရှင်းတမ်း' အမည်ဖြင့် အခန်းဆက်ဆောင်းပါးရေးသားပြီးနောက် 'ရတနာပုံရှင်းတမ်းနှင့် သမိုင်းဆိုင်ရာဖြစ်ရပ်များ' အမည်ဖြင့် လုံးချင်းထုတ်ဝေရန် စာပေစိစစ်ရေးသို့တင်ပြထားခြင်းကို မှတ်တမ်းတင်ခြင်းနှင့် အဆိုပါမှတ်တမ်းတင်ခြင်းကို နှစ်ဦးနှစ်ဖက်သဘောတူညီခဲ့ကြကြောင်း ယင်းသတင်းအရ သိရသည်။

First Music Agency
ဂီတဝန်ဆောင်မှုလုပ်ငန်း

နာမည်ကျော်တေးသံရှင် ၂၂ ဦးနှင့် တေးဂီတဝိုင်းဝါးဝိုင်း ပါဝင်ဖွဲ့စည်းထားသည့် First Music Agency ဂီတဝန်ဆောင်မှုလုပ်ငန်းကို ရူလိုင်လအတွင်းက စတင်ဖွဲ့စည်းခဲ့သည်။

အဆိုပါအေဂျင်စီတွင်ပါဝင်သည့် တေးဂီတအဖွဲ့များမှာ Emperor, Plus 3, Spectrum, စန္ဒရားသိန်းမြင့်သိန်း နှင့် ကိုမြတ်မင်းအဖွဲ့များဖြစ်ပြီး ပါဝင်သည့် တေးသံရှင်များမှာ ရင်ဂို၊ ဆောင်းဦးလှိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ထူးအယ်လင်း၊ နွဲ့ယဉ်ဝင်း၊ မေခလာ၊ ဟေမာနေဝင်း၊ ကော်နီ၊ တင်ဧာမော်၊ လေးလေးဝါး၊ ကဗျာဘွဲ့မျိုး၊ မီးမီးခဲ၊ ဆုန်သင်းပါရဲ၊ ဇမ်နူး၊ သံသာဝင်း၊ ရှင်ဖုန်း၊ ခင်ဘုဏ်း၊ M ခါးရာ၊ ချောစုခင်၊ မို့မို့ဇော်ဝင်းတို့ဖြစ်သည်။ မင်္ဂလာပွဲ၊ မွေးနေ့၊ စက်ရုံ၊ ကုမ္ပဏီဧည့်ခံပွဲများတွင် ဂီတဖျော်ဖြေရေးနှင့်ပတ်သက်သည့်ဝန်ဆောင်မှုများကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပြီး တေးစီးရီးများထုတ်လုပ်ခြင်း၊ ကာရာအိုကေ ဗီစီဒီထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း နောင်တွင်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း အဆိုပါအဖွဲ့က တရားဝင်ထုတ်ပြန်ကြေညာထားသည်။

MK Car Audio နှင့် ကြော်ငြာစာချုပ်ချုပ်ဆိုသည့်
စိုင်းစိုင်းခမ်းလှိုင်

ကြော်ငြာလုပ်ငန်းများတွင် ဓာတ်ပုံများအသုံးပြုရန်အတွက် တေးသံရှင် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် MK Car Audio

တို့ ဇူလိုင်လ ၁၅ ရက်နေ့က သဘောတူ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

စာချုပ်သက်တမ်းမှာ တစ်နှစ်ဖြစ်ပြီး အဆိုပါကုမ္ပဏီ၏ ပစ္စည်းများအတွက် အရောင်းမြှင့်တင်ပွဲများတွင်လည်း ပါဝင်ရမည်ဖြစ်ကြောင်း၊ စိုင်းစိုင်းခမ်းလှိုင်သည် စာချုပ်ချုပ်ဆိုစဉ်ကာလအတွင်း ၎င်းချုပ်ဆိုခဲ့သော အမှတ်တံဆိပ်များနှင့် အလားသဏ္ဌာန်တူသည့် အခြားအမှတ်တံဆိပ်များကို ကြော်ငြာအတွက် လက်ခံရိုက်ကူးပေးခြင်းမရှိကြောင်း ကုမ္ပဏီ၏ တရားဝင် ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

မင်းသိခ်

ဆားပုလင်းနှင်းမောင်အပါအဝင် အခြားဇာတ်ကောင်များစွာဖြင့် နာမည်ကျော်ဝတ္ထုများရေးဖွဲ့ခဲ့သူ၊ ဗေဒင်ဟောကိန်းများ၊ နာမည်ပေးနှင့် ယတြာများကြောင့် မြန်မာနိုင်ငံတစ်ဝန်း အထူးထင်ရှားကျော်ကြားခဲ့သူ နာမည်ကျော်စာရေးဆရာ ဗေဒင်ပညာရှင် မင်းသိခ်သည် ၎င်းသေဆုံးမည့်အချိန်၊ ကြိုတင်ဟောကိန်းထုတ်ထားခြင်းကို မှန်ကန်ကြောင်း ကိုယ်တိုင်သက်သေပြသွားသည့် အလား ၂၀၀၈ ခုနှစ် သြဂုတ်လ ၁ ရက် သောကြာနေ့ နံနက် ၆ နာရီတွင် ကွယ်လွန်သွားခဲ့သည်။ ဇူလိုင်လ ၃၁ ရက်နေ့တွင် နှလုံးသွေးကြောကျဉ်းရောဂါနှင့် ဆီးချိုရောဂါတို့ကြောင့် ကမာရွတ်မြို့နယ် သုခကမ္ဘာနှလုံးအထူးကုဆေးခန်း၌ တက်ရောက်ကုသမှုခံယူနေစဉ် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

နှလုံးသွေးကြောကျဉ်းရောဂါအပြင် ဆီးချို၊ သွေးတိုးရောဂါတို့ပါရှိနေသော မင်းသိခ်သည် သွေးကြောပိတ်သည်ဟု ယူဆရသောကြောင့် ပြီးခဲ့သည့် ဇူလိုင်လ ဒုတိယပတ်အတွင်း သုခကမ္ဘာအထူးကုဆေးခန်းသို့ တက်ရောက်ခဲ့ရပြီး ခြေထောက်ဖြတ်ခံရမည့် အခြေအနေမှလွတ်မြောက်ခဲ့ကြောင်း ဇူလိုင်လ ၂၉ ရက်နေ့ထုတ် True News ဂျာနယ်တွင် ဖော်ပြခဲ့သည်။

၎င်း၏ ဈာပနအခမ်းအနားကို သြဂုတ်လ ၅ ရက်နေ့တွင် ရေဝေးသုသာန်၌ ကျင်းပခဲ့ပြီး ဂူသွင်းသင်္ဂြိဟ်ခဲ့သည်။

မင်းသိခ်ကွယ်လွန်ပြီးနောက်တွင် ကွယ်လွန်မည့်အသက်အရွယ်ကို မင်းသိခ်က ၎င်းဘဝသာဟောကြားခဲ့ဖူးခြင်းမရှိဟူ၍ ၎င်း၏တပည့်များက စက်တင်ဘာလ ၉ ရက်နေ့တွင် စာနယ်ဇင်းများသို့ ရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ယင်းရှင်းလင်းပွဲတွင် မင်းသိခ်၏ လွန်ခဲ့သော နှစ်ပေါင်း ၃၅ နှစ်ခန့်ကတည်းက တပည့်များဟု ဆိုသည့် တပည့်ကြီးကိုးဦးအဖွဲ့ကိုယ်စား ဗေဒင်ပညာရှင်အချို့က ရှင်းလင်းပြောကြားသည်ကို စက်တင်ဘာ လ ၁၂ ရက်ထုတ် လျှပ်တစ်ပြက်ဂျာနယ်တွင် ဖော်ပြထားရာ 'ဆရာမင်းသိခ်အကြောင်း ဂျာနယ်တွေမှာ ဖြေကြားနေကြတာ အလွဲလွဲအမှားမှားဖြစ်ကြောင်း၊ ဆရာမင်းသိခ် ဂန္ဓာရီထွက်သောနေ့မှာ ၁၉၉၇၊ မတ်လ ၂၄ ရက် ည ၁၀ နာရီဖြစ်ကြောင်း၊ ဆရာဖြိုးကျော်ဟန်နှင့် ကိုဖြူဝင်းတို့ပါကြောင်း၊ ဆရာမင်းသိခ်အား အဘဟုခေါ်ကြသည်မှာ ဂန္ဓာရီခရီးထွက်ပြီးနောက်ပိုင်း တပည့်များသာဖြစ်ကြောင်း၊ မိမိတို့ တပည့်ကြီးများမှာ ဆရာကြီးဟုသာခေါ်ကြကြောင်း၊ ဆရာကြီးဟာ ၇၆ နှစ်မှာ သေမည်ဟု သူကိုယ်သူ တစ်ခါမှ မဟောဖူးကြောင်း၊ သူသေလျှင် သူ့အုတ်ဂူမှာ အမွေးတိုင် မထွန်းရဟု တစ်ခါမှလည်း မပြောဖူးကြောင်း . . . ' စသည်ဖြင့် ပါဝင်သည်။

တောင်ကိုရီးယား MANHEI FESTIVAL တက်ရောက်မည့် မြန်မာစာရေးဆရာ သုံးဦး

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၏ မြောက်ဘက် မန်ဟေးမြို့တွင် သြဂုတ်လ ၁၁ ရက်မှ ၁၅ ရက်အထိကျင်းပမည့် MANHEI FESTIVAL သို့ မြန်မာစာရေးဆရာသုံးဦး တက်ရောက်ရန် ဖိတ်ကြားခံခဲ့ရသည်။

တက်ရောက်မည့် စာရေးဆရာများမှာ ချစ်ဦးညို၊ မြနှောင်ညိုနှင့် ဝင်းဝင်းမြင့် (နန်းတော်ရှေ့) တို့ ဖြစ်ကြောင်း၊ မြန်မာစာရေးဆရာများအနေဖြင့် စာတမ်းများ တာဝန်ယူတင်သွင်းဖတ်ကြားရမည်ဖြစ်ရာ ဆရာချစ်ဦးညိုက ဝတ္ထုရှည်နှင့် ဝတ္ထုရှည်ရေးသူ Novel and Novelist ၊ မြန်မာ့သမိုင်းနောက်ခံ ဝတ္ထုရှည်များ၊ ထေရဝါဒဗုဒ္ဓယဉ်ကျေးမှုနှင့် ဝတ္ထုများ စသည့် စာတမ်းများကို လည်းကောင်း၊ ဆရာမြနှောင်ညိုက လူမှုရေး၊ ကျန်းမာရေး၊ အသိပညာပေးခြင်းနှင့် ရသစာပေ၊ မြန်မာ့စာပေနယ်ပယ်ရှိ မြန်မာအမျိုးသမီးစာရေး ဆရာမများ၏အခန်းကဏ္ဍများအကြောင်းကို လည်းကောင်း၊ ဆရာမဝင်းဝင်းမြင့် (နန်းတော်ရှေ့) က ပညာသင်ကြားရေးနှင့် ရသစာပေဖန်တီးမှုအကြောင်းအရာများအား ဖတ်ကြားမည်ဖြစ်ကြောင်း ယင်းသတင်းတွင် ရေးသားထားသည်ကို တွေ့ရသည်။

ဒေါ်မေရှင်

ရုပ်ရှင်လောကတွင်သာမက ဓာတ်ပြားလောကတွင်ပါ အဆိုရှင်အဖြစ် အောင်မြင်မှုရရှိခဲ့သည့် ရုပ်ရှင်မင်းသမီးကြီး ဝဏ္ဏကျော်ထင် ဒေါ်မေရှင်သည် စက်တင်ဘာလ ၃ ရက် ည ၁၁ နာရီ ၃၀ မိနစ်အချိန်က မန္တလေးမြို့ အောင်တော်မူရပ် မြစန္ဒာလမ်း

ရတနာနေအိမ်တွင် ကွယ်လွန်သွားခဲ့ကြောင်း ဂျာနယ်များတွင် ရေးသားဖော်ပြခဲ့ကြသည်ကို တွေ့ရသည်။

ဒေါ်မေရှင်ကို ၁၂၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက် (၁၉၁၇ ခု မတ်လ ၁၀ ရက်) စနေနေ့တွင် အဖ ပွဲစားကြီး ဦးခင်၊ အမိ ဒေါ်ရွှန်တို့က မန္တလေးမြို့ အောင်တော်မူရပ်တွင်မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဒေါ်သန်းရှင်ဖြစ်ကြောင်း၊ မွေးချင်းညီအစ်မ ငါးဦး အနက်အငယ်ဆုံးဖြစ်ကြောင်း၊ ရုပ်ရှင်လောကသို့ ၁၉၃၆ ခုနှစ်တွင် အေဝမ်းကုမ္ပဏီနှင့် ဆက်သွယ်၍ဝင်ရောက်ခဲ့ပြီး ပထမဆုံး ဇာတ်ကားမှာ ဖူးစာရှင်အသံတိတ်ဇာတ်ကားဖြစ်ကြောင်း၊ ရုပ်ရှင်ဇာတ်ကား ၁၄ ကား ရိုက်ကူးခဲ့ပြီး အသက် ၄၅ နှစ်အရွယ် ၁၉၆၁ ခုနှစ်တွင် ရုပ်ရှင်လောကမှ အနားယူခဲ့ကြောင်း ယင်းသတင်းများတွင် ဖော်ပြထားသည်။

ဒေါ်မေရှင်သည် ၁၉၅၈ ခုနှစ်ပင် အစိုးရကချီးမြှင့်သည့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိခဲ့သူ ဖြစ်သည်။

ဒေါ်မေရှင်၏ ထင်ရှားသောဓာတ်ပြားသီချင်းများမှာ ချစ်ရေစင်၊ အောင်ခြင်းရှစ်ပါး၊ ရှင်သီဝလိ၊ ပျို့မှာတမ်း၊ မြတ်လေးငုံ၊ ရွှေးရေစက်၊ မဲဇာမြိုင်၊ ရွှေအင်းဝ၊ ပါရမီတော်၊ သော်တာငွေဝန်း၊ ကျေးစေတမန်၊ ချစ်စက်သက်လျာ၊ သက်ဝေ၊ ရွှန်းတော်လွှတ်တော်၊ မင်္ဂလာမောင်မယ် စသည့် သီချင်းများဖြစ်ပြီး သီချင်းပုဒ်ရေ ၄၀ ကျော် အသံသွင်းထုတ်လွှင့်ခဲ့သည်။

ကွယ်လွန်သူ ဒေါ်မေရှင်ကို စက်တင်ဘာလ ၅ ရက် ညနေ ၃ နာရီအချိန်တွင် မန္တလေးမြို့ ကြာနီကန်သုသာန်သို့ပို့ဆောင်၍ ဂူသွင်းသင်္ဂြိဟ်ခဲ့သည်။

ဘာလီနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဆုရွေးချယ်ခံရသည့် 'သူ့ကျွန်မခံပြီ' ဇာတ်ကား

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင်ပြုလုပ်သည့် (၆) ကြိမ်မြောက် ဘာလီနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဒါရိုက်တာကြည်စိုးထွန်းရိုက်ကူးသည့် 'သူ့ကျွန်မခံပြီ' ရုပ်ရှင်ဇာတ်ကားက Sarasvati Award For 2nd Special Jury ဆုအဖြစ် ရွေးချယ်ခံခဲ့ရသည်။

အဆိုပါပွဲတော်သို့ မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် 'သူ့ကျွန်မခံပြီ' နှင့် 'ချစ်ခြင်းငယ်ပြိုင်' ရုပ်ရှင်ဇာတ်ကားများကို ပေးပို့ခဲ့သည်။ သူ့ကျွန်မခံပြီဇာတ်ကားကို ၁၉၉၇ ခုနှစ်တွင် ရိုက်ကူးခဲ့ပြီး တက္ကသိုလ်ဘုန်းနိုင်၏ဝတ္ထုကို ချစ်ဦးညိုဇာတ်ညွှန်း ရေးသားခဲ့ခြင်း ဖြစ်သည်။

စွယ်စုံရ ပန်းချီပညာရှင်ဝသုန် ကွယ်လွန်

ပန်းချီနှင့်ပတ်သက်၍ ရေးဆွဲမှုမျိုးစုံပြုလုပ်ခဲ့သည်သာမက ဝတ္ထုများ၊ ဆောင်းပါးများရေးသားခဲ့သူ နာမည်ကျော်စွယ်စုံရ ပန်းချီပညာရှင် ဝသုန် (အသက် ၆၁ နှစ်) သည် ၂၀၀၈ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားခဲ့သည်။

၎င်းသည် ရုပ်ပြကာတွန်း၊ စာနယ်ဇင်းသရုပ်ဖော်ပန်းချီ၊ ရုပ်ရှင်ပိုစတာ၊ စီးရီးခွေပိုစတာ၊ ကာဗာပန်းချီဒီဇိုင်းများနှင့် ပန်းချီကားများရေးဆွဲခဲ့ပြီး ပန်းချီဆိုင်ရာဆောင်းပါးများရေးသားကာ ဝတ္ထုတို၊ ဝတ္ထုရှည်များလည်း ရေးသားအောင်မြင်သူဖြစ်သည်။ ၎င်း၏အားထုတ် ရေးဆွဲမှု၊ ရောင့်ရဲသောဘဝနေမှုပုံသဏ္ဌာန်တို့ကို ဒါရိုက်တာကြည်ဖြူသျှင် မှတ်တမ်းတင်ရိုက်ကူးထားသည့် A Sketch of Wathone အမည်ရှိ မှတ်တမ်းရုပ်ရှင်သည် ဝါရှင်တန်ဒီစီအခြေစိုက် National Geographic Society ၏ စီစဉ်ကျင်းပမှုဖြင့် All Road Film Festival တွင် ချီးမြှင့်သည့် အကောင်းဆုံးမှတ်တမ်းတင်ရုပ်ရှင်ဇာတ်ကားဆုရရှိသောလအတွင်း များမကြာမီမှာပင် အဆုတ်ရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။

ပန်းချီဝသုန်၏ အမည်ရင်းမှာ ဦးခင်လှဖြစ်ပြီး ၁၉၄၇ ခုနှစ်တွင် အဖ ဦးလှမောင်နှင့် အမိ ဒေါ်သန်းတို့က ရန်ကုန်မြို့တွင် မွေးဖွားခဲ့သည်။ ပန်းချီညိုလှထံတွင် ပညာစတင်ဆည်းပူးပြီး ကာတွန်းပေါက်စ မောင်ခင်လှအမည်ဖြင့် ကာတွန်းများစတင်ရေးဆွဲခဲ့ကာ သခင်ကိုယ်တော်မှိုင်း၏ 'အညာမင်္ဂလာဆောင်' လေးချိုးကြီးကို ကာတွန်းဖြင့် ရေးဆွဲသရုပ်ဖော်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ရန်ကုန် ပန်းချီပန်းပုကျောင်း၌ တက်ရောက်အောင်မြင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်မှစ၍ 'ဝသုန်' အမည်ဖြင့် စာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာအဖြစ် ခံယူခဲ့သည်။ ရွှေကြိုးကြာ၊ လင်္ကာဒီပချစ်သူနှင့် စုံထောက်ဦးစံရှားရုပ်ပြတို့ကို ရေးဆွဲထုတ်ဝေခဲ့ပြီး 'ချစ်သောပါဒ ဇကေရီ' ရုပ်ပြကို ပေဖူးလွှာမဂ္ဂဇင်းတွင် လဆက်အဖြစ်ရေးဆွဲခဲ့သော်လည်း အဆုံးမသတ်ခဲ့ပေ။ ၁၉၇၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ပြည်တွင်းပြည်ပ ပန်းချီပြပွဲ ၈၀ ခန့်တွင် ဝင်ရောက်ပြသခဲ့သူဖြစ်ပြီး Inya Lake Hotel နှင့် New Treasure Art Gallery တို့တွင် တစ်ကိုယ်တော်ပန်းချီပြပွဲများခင်းကျင်းပြသခဲ့ရာ အမျိုးသားပြတိုက်နှင့် ပြည်တွင်းပြည်ပမှ ၎င်း၏ပန်းချီကားများကို ဝယ်ယူစုဆောင်းခဲ့ကြသည်။

၎င်းသည် ဝတ္ထုများလည်းရေးသားခဲ့ရာတွင် ၁၉၇၉ ခုနှစ် စက်တင်ဘာလထုတ် ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းတွင်ပါဝင်ခဲ့သော 'သားကလေးအမည်မသိ' ဝတ္ထုတို့မှစတင်၍ ဝတ္ထုတို့များ၊ မဂ္ဂဇင်းဝတ္ထုရှည်များ၊ ပန်းချီဆိုင်ရာဆောင်းပါးများကို 'ဝသုန်' အမည်ဖြင့် ပင် ရေးသားခဲ့သည်။ ၁၉၇၇ ခုနှစ် မိုးမိုး (အင်းလျား) အမှတ်တရ စတုတ္ထအကြိမ် ဝတ္ထုတိုပြိုင်ပွဲတွင် 'မိုနာလီဇာနှင့်တွေ့ဆုံခြင်း' ဝတ္ထုတိုဖြင့် ဒုတိယဆု၊ ၁၉၉၉ ခုနှစ်တွင် မိုးမိုး (အင်းလျား) အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲတွင် 'သောကဗျာပါဒအရေးအကြောင်းများ' ဝတ္ထုတိုဖြင့် အထူးဆုတို့ကို ရရှိခဲ့သည်။ ၎င်းရေးသားခဲ့သော ဝတ္ထုတိုများကိုစုစည်း၍ ၂၀၀၄ ခုနှစ်၌ 'သားကလေးအမည်မသိနှင့် အခြားဝတ္ထုတိုများ'၊ ၂၀၀၆ ခုနှစ်၌ 'မုဒိတာရောင်နှင့် အခြားဝတ္ထုတိုများ' စာအုပ်တို့ ထွက်ရှိခဲ့သည်။ ဝတ္ထုတိုအများစုမှာ ၎င်း၏မိသားစုဘဝ၊ စာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာဘဝတို့ကို ထင်ဟပ်သည့် အကြောင်းအရာများ ဖြစ်သည်။

ပန်းချီဝသုန်ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ ဒေါ်စန်းအေး၊ သားသမီးလေးဦး၊ မြေးနှစ်ဦးတို့ ကျန်ရစ်သည်။

ဒါရိုက်တာအဏ်ထော်ဏီနှင့် သရုပ်ဆောင်ဥက္ကာမင်းမောင် ပဋိပက္ခ

အောက်တိုဘာလ ၁၇ ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ်တွင်ဖော်ပြပါရှိသော ဒါရိုက်တာအဏ်ထော်ဏီနှင့် အင်တာဗျူးတစ်ရပ်တွင် သရုပ်ဆောင်ဥက္ကာမင်းမောင်သည် မင်းသားဈေးကွက်မပေါက်နိုင်သေးကြောင်း တရားဝင်ပြောကြားချက်အပါအဝင် ဥက္ကာမင်းမောင်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ဖော်ပြထားသည့်အတွက် ကာယကံရှင်နှစ်ဦး၏ ရှင်းလင်းပြောကြားချက်များကို အောက်တိုဘာလ ၂၄ ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ်တွင်ပင် အကျယ်တဝင့်ဖော်ပြထားသည်ကို တွေ့ရသည်။

ဒါရိုက်တာအဏ်ထော်ဏီ၏ အင်တာဗျူးတွင် အကျဉ်းချုပ်အားဖြင့် ဥက္ကာမင်းမောင်အနေဖြင့် အခြားကုမ္ပဏီများနှင့် စာချုပ်ချုပ်ပြီး နယ်ဈေးကွက်အတွက် အကြမ်းကားများ ရိုက်ကူးသည့်အတွက် ဈေးကွက်လျော့သွားကြောင်း၊ ၎င်းအနေနှင့် တစ်ကားစနှစ်ကားစ ခေါ်ရိုက်ကြည့်ခြင်းဖြစ်ကြောင်း၊ စာချုပ်ချုပ်ပြီး တင်ရိုက်ပေးခြင်းမဟုတ်ကြောင်း ပြောကြားချက်အပေါ် ဥက္ကာမင်းမောင်က ပြန်လည်ဖြေရှင်းခြင်းဖြစ်သည်။

အဆိုပါရှင်းလင်းချက်တွင် ဒါရိုက်တာအဏ်ထော်ဏီအနေဖြင့် နစ်နာစေလိုသောဆန္ဒဖြင့် ဖြေကြားခြင်းမဟုတ်ကြောင်း၊ လျှပ်တစ်ပြက်ဂျာနယ်မှ ဆရာဆူးစျာန်မေးမြန်းသော မင်းသားတစ်လက်၏ ဈေးကွက်အခြေအနေနှင့် ဆက်ရိုက်ဖြစ်၊ မဖြစ်အကြောင်း မေးမြန်းမှုအပေါ် ဖြေကြားခြင်းသာဖြစ်ကြောင်း ရှင်းလင်းထားသည်ကိုတွေ့ရသည်။ သရုပ်ဆောင်ဥက္ကာမင်းမောင်ကလည်း လျှပ်တစ်ပြက်ဂျာနယ်တွင်ပြောဆိုခဲ့သည်များအတွက် ဒါရိုက်တာ အဏ်ထော်ဏီအနေဖြင့် ဂျာနယ်၊ သတင်းစာများတွင် တောင်းပန်ရမည်ဖြစ်ကြောင်း၊ ထိရောက်သောဖြေရှင်း၊ တောင်းပန်မှုမပြုလုပ်ပါက တရားဥပဒေဘောင်အတွင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးချက်အပြင် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်သည့် ရှင်းလင်းချက်များကို အသေးစိတ်ပြည့်စုံစွာဖော်ပြထားသည်ကိုလည်း တွေ့ရသည်။

ရေးသူအမည်ကွဲနှင့် တူညီသောလုံးချင်းဝတ္ထုနှစ်အုပ် ထွက်ရှိခြင်း

လုံးချင်းဝတ္ထုထုတ်ဝေသည့် ထုတ်ဝေတိုက်အချို့ ကုန်စည်ထုတ်လုပ်ဖြန့်ဖြူးမှုဆန်ဆန်လုပ်ကိုင်လာကြရာမှ ထွက်ပေါ်လာသော ဆူညံသံအချို့တွင် စာမျက်နှာပေါ်အထိ ရောက်ရှိလာသော အကြောင်းအရာမှာ ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်းထွက်ရှိသော စာရေးဆရာ 'ဗျူး' ၏ 'ချစ်သောစကားကိုဆိုခြင်း' လုံးချင်းဝတ္ထုနှင့် ၂၀၀၈ ခုနှစ် မတ်လတွင်ထွက်ရှိသော စာရေးဆရာမ 'သျှင်မ' ၏ 'သူ . . . သူမ . . . ကျွန်တော်နှင့် မျက်ဝန်းတစ်စုံ' လုံးချင်းဝတ္ထုတို့ ထပ်တူထပ်မျှတူညီနေခြင်းပင် ဖြစ်သည်။

အဆိုပါကိစ္စကို ဩဂုတ်လ ၂၉ ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ်တွင် 'သျှင်မ နှင့် ဗျူး တို့၏လုံးချင်းဝတ္ထုများ စာသားအားလုံးတူနေသဖြင့် စာပေလောကသားများ အံ့ဩကြကြောင်း ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ရာ အခန်း ၁ မှ အခန်း ၂၈ အထိ စာလုံးတိုင်း၊ စာလုံးတိုင်း၏သည်မရွေး ထပ်တူထပ်မျှ ဖြစ်နေသည်မှာ မြန်မာစာပေလောကအတွက် ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသလို စာဖတ်ပရိသတ်ကိုလည်း မထေမဲ့မြင်စော်ကားကျူးလွန်ခြင်းပင်ဖြစ်သည်' ဟု ဖော်ပြခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အဆိုပါ စာရေးဆရာနှစ်ဦးကို မေးမြန်းထားသည်များကို နိုဝင်ဘာလ ၂၁ ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ်တွင် ဖော်ပြခဲ့ရာ ၎င်းတို့၏ အဖြေစကားအချို့ကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

သျှင်မ– "... မေးကြတဲ့ စာဖတ်ပရိသတ်တချို့ကို အဲဒီတစ်ယောက်က 'တိုင်ပင်ရေးကြလို့တူတာပါ' လို့ ဖြေပါတယ်။ ဝတ္ထုရေးတာ တိုင်ပင်ရေးလို့မရပါဘူး။ လုံးချင်းဝတ္ထုတစ်ပုဒ် ဘယ်လိုဖြစ်လာရသလဲဆိုတာကို ဘယ်တုန်းကမှ မသိခဲ့၊ မရေးခဲ့ဖူးလို့ ဒီလို ဖြေရဲတာ။ . . . ဟိုအရင်က ရေးပေးခဲ့ရတဲ့စာမူတွေအားလုံး သူ့ဆီမှာပဲ။ အခုတော့ ကုန်လောက်ပါပြီ။ ဒါတွေကုန်သွားလည်း သူမမရေးတတ်တာ။ ဒီလိုပဲ နောက်ကွယ်က ရေးပေးမယ့်သူတွေဆီကရှာမှာပေါ့။ . . . "

" ထပ်တူထပ်မျှတူသွားတယ်ဆိုတဲ့ အဲဒီစာအုပ်နှစ်အုပ်တွဲက စာမူခွင့်ပြုချက်မရဘူးလို့သူပြောလို့ ကျွန်မဆက်သုံးခွင့်ရှိတယ်လို့ ယူဆတယ်။ ဒါကြောင့် နှစ်အုပ်ကိုတစ်အုပ်လုပ်ပြီး ထုတ်လိုက်တာပါ။ ကျွန်မက ရဲဒိုးဖော်ကောင်လုပ်ဖို့ ထုတ်လိုက်တာမဟုတ်ပါဘူး။ နှစ်ဖက်စလုံးက ကျွန်မရေးတာတွေချည်းပါပဲ။" . . .

ဗျူး – " . . . ဦးကိုယ်တိုင်လည်း ဝတ္ထုရော၊ ရုပ်ပြရော၊ သူများရေးတာ တည်းဖြတ်တာရော၊ အခုတစ်ခါ ဟာသဝတ္ထုရော ဆိုပြန်တော့ အလုပ်က မနိုင်ဘူး။ ဦးကိုလည်းဝိုင်းကူ၊ တစ်ခါတစ် ဖက်ကလည်း သူ့ကိုမနစ်နာစေချင်လို့ 'လရောင်ကျူးရင့်' ဆိုတဲ့ ကလောင်နာမည်ကို ဦးကိုယ်တိုင်ရွေးပြီး စင်တင်ပေးခဲ့တယ်။ တခြားတိုက်တွေမှာလည်း သျှင်မဆိုတဲ့နာမည်နဲ့ပေါ့ . . . ဦးနဲ့တိုင်ပင်ပြီး အတူတူရေးခဲ့တဲ့ ချစ်သောစကားကိုဆိုခြင်းဆိုတဲ့စာအုပ်က နောက်ဆုံးအုပ်ပဲ။ သူကူညီရေးခငွေ့ amount ကို ဖြောင်ပြောရရင် အဲဒီအချိန်ကာလမှာ ဦးက ခြောက်သိန်းပေးခဲ့တယ်။ သူငွေထုတ်ယူပြီး သူကိုယ်တိုင်ထိုးခဲ့တဲ့လက်မှတ်က ဦးဆီမှာ အခုထိ မှတ်တမ်းရှိနေတုန်းပဲ။ . . . ချစ်သောစကားကိုဆိုခြင်းဆိုတဲ့မူကို ဦးမသိအောင် မိတ္တူဆွဲသွားတယ်။ နှစ်ယောက်လည်းလမ်းခွဲပြီးရော သူက အရင်ဦးအောင်ထုတ်ခဲ့လို့ အခုလို စာအုပ်တွေတူကုန်တာ။ . . . "

" . . . သူက ၂၀၀၈ မှ စာပေစိစစ်ရေးကိုတင်ပြီး စာမူကျကျခြင်း သူက ဦးအောင်ထုတ်လိုက်တာ၊ ပရိသတ်အမြင်မှာတော့ သူဦးတယ်ပေါ့။ ဒါပေမဲ့ တကယ်တမ်း တရားဝင် စာပေစိစစ်ရေးခွင့်ပြုချက်နံပါတ်က ဦးက ၂၀၀၇ ခုနှစ်ကတည်းက ရတာ။ သူက

၂၀၀၈ ခုနှစ်မှ ရတာ။ . . . ”

အဆိုပါ ဖော်ပြချက်များပါဝင်သော ဂျာနယ်စာမျက်နှာတွင် လွမ်းဝေနိုင်၏ ‘ စာမရေးသောစာရေးဆရာများ ရွေခေတ် ဖြစ်မဖြစ် ’ ဆောင်းပါး၌ ယခုကဲ့သို့ ဖော်ပြထားသည်ကိုလည်း တွေ့ရသည်။

“တစ်ခေတ်တစ်ခါက နာမည်ကျော်ကြားကြသော စာရေးဆရာတစ်ယောက်၏ ဝတ္ထုနှင့် စာရေးဆရာမတစ်ယောက်၏ ဝတ္ထုတို့သည် မလွဲမသွေထပ်တူထပ်မျှတူညီကာ ထွက်လာသည်။ တရားခံက သူတို့နှစ်ဦးကို နောက်ကွယ်က ရေးပေးနေရသူ ကိုရွှေရှဲဒိုး၏ လက်ချက်ပင် ဖြစ်သည်။

စာပေတိုက်တစ်ခုတည်းမှ ထုတ်ဝေသည့် စာရေးဆရာမနှစ်ဦး၏ဝတ္ထုမှာ တစ်ပုံစံတည်း၊ လက်ရာတစ်ခုတည်းလည်းဖြစ်ခဲ့ဖူးသည် ”

အကောင်းဆုံး မှတ်တမ်းရုပ်ရှင်ဆုရ ကြည်ဖြူသျှင်

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီအခြေစိုက် National Geographic အဖွဲ့အစည်းက ယခုနှစ်တွင် ငါးကြိမ်မြောက် ကျင်းပသော All Road Film Festival ၌ မြန်မာနိုင်ငံမှ အမျိုးသမီးဒါရိုက်တာတစ်ဦးဖြစ်သူ ကြည်ဖြူသျှင်က အကောင်းဆုံး မှတ်တမ်းရုပ်ရှင်ကားဆုကို ရရှိခဲ့သည်။

ယခုကဲ့သို့ ဆုရရှိသော မှတ်တမ်းရုပ်ရှင်မှာ စွယ်စုံရပန်းချီ ပညာရှင် ဝသုန်၏ အနုပညာအားထုတ်မှုနှင့် ရောင့်ရဲသော ဘဝ နေမှုပုံသဏ္ဌာန်တို့ကို ထင်ဟပ်ပြသည့် 'A Sketch of Wathone' အမည်ရှိ ၁၅ မိနစ်စာ မှတ်တမ်းရုပ်ရှင် ဖြစ်သည်။ ရုပ်ရှင်ပွဲတော်ကို ကယ်လီဖိုးနီးယားပြည်နယ် လော့ဇ်ငြိုလိစ်မြို့တွင် စက်တင်ဘာလ ၂၅ ရက်မှ ၂၈ ရက်အထိလည်းကောင်း၊ ဝါရှင်တန်ဒီစီမြို့တော်တွင် အောက်တိုဘာ ၂ ရက်နေ့မှ ၅ ရက်အထိလည်းကောင်း ကျင်းပခဲ့ပြီး ကြည်ဖြူသျှင်က ဆုလက်ခံရယူခဲ့သည်။

အဆိုပါဆုရမှတ်တမ်းရုပ်ရှင်သည် ၎င်း၏ ဒုတိယမြောက် မှတ်တမ်းကားဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပထမဆုံးရိုက်ကူးသော မှတ်တမ်းတင်ကားအဖြစ် ၂၀၀၅ ခုနှစ်တွင် ‘Peace of Mind’ အမည်ဖြင့် မြန်မာသီလရှင်များအကြောင်းကို ရိုက်ကူးခဲ့သည်။

ဇာတ်လမ်းဆင်ထားသော အင်တာဗျူးများပြဿနာ

အနုပညာနယ်ပယ်တွင်းမှ အကြောင်းအရာများ ဖော်ပြလေ့ရှိသည့် မဂ္ဂဇင်းစာမျက်နှာအချို့ပါ ဖတ်ရှုသူများ နားမလည်နိုင်ဖြစ်ခဲ့ရသော အင်တာဗျူးဖော်ပြချက်များနှင့်ပတ်သက်၍ အင်တာဗျူးမေးမြန်းသူ၏ ရှင်းလင်းချက်နှင့် အင်တာဗျူးဖြေကြားသူနှစ်ဦး၏ ရှင်းလင်းချက်များကို မီဒီယာစာမျက်နှာပေါ်တွင် ဖော်ပြခဲ့ရာ စာနယ်ဇင်းများ၏တာဝန်ယူမှုနှင့်ပတ်သက်၍ သတိပြုဖွယ်အကြောင်းအရာတစ်ခုဖြစ်ခဲ့သည်။

၂၀၀၇ ခုနှစ် အောက်တိုဘာလထုတ် အပျိုစင်မဂ္ဂဇင်းတွင် ကိုကိုလှမြင့်၏ မေနန်းခေါင်ကို Coverstory အဖြစ် မေးမြန်းထားသော အင်တာဗျူးတွင် မေးခွန်းနှင့်အဖြေများဖော်ပြရာ၌ နိဒါန်းနှင့် နိဂုံးတွင် ဝတ္ထုဇာတ်လမ်းဆန်ဆန်အကြောင်းအရာ အရေးအသားများ ဖန်တီးထည့်သွင်းရေးသားထားခဲ့သည်။ ယင်းနှင့်ပတ်သက်၍ ၂၀၀၇ ခုနှစ်ထုတ် နိုဝင်ဘာလထုတ် အပျိုစင်မဂ္ဂဇင်းတွင် စာဖတ်ပရိသတ်သို့ အသိပေးခြင်းဟူသော ခေါင်းစဉ်ဖြင့် ကိုကိုလှမြင့်က ယခုကဲ့သို့ ရေးသားဖော်ပြခဲ့သည်။

“အပျိုစင်မဂ္ဂဇင်းတွင် ကျွန်တော်သည် လစဉ် Coverstory (မျက်နှာဖုံးရှင်မိတ်ဆက်) ကို ရေးသားလျက်ရှိရာ ကျွန်တော်ရေးသားခဲ့သော နိဒါန်းနှင့် နိဂုံးဇာတ်လမ်းအရေးအသားများသည် မိမိစိတ်ကူးနှင့်မိမိ ရေးသားခဲ့သောဇာတ်လမ်းလေးများ ဖြစ်ပါသည်။ ပြီးခဲ့သော အောက်တိုဘာလတွင်ဖော်ပြခဲ့သည့် မျက်နှာဖုံးတွင် မိတ်ဆက်နိဒါန်းနှင့် နိဂုံးသည်လည်း သရုပ်ဆောင်မေနန်းခေါင်နှင့် လုံးဝမသက်ဆိုင်ပါကြောင်း သိစေအပ်ပါသည်။ ထို့အတူ ဖော်ပြရေးသားခဲ့သော မျက်နှာဖုံးရှင်မိတ်ဆက်နိဒါန်း၊ နိဂုံးတို့သည်လည်း တစ်ဦးတစ်ယောက်ကို ရည်ရွယ်ရေးသားခြင်းမျိုးမဟုတ်ဘဲ စိတ်ကူးတွင်ပေါ်လာသောအတွေးများကို ဇာတ်အိမ်ဖွဲ့ရေးသားခြင်းဖြစ်ကြောင်း လေးစားစွာ အသိပေးအပ်ပါသည် ”

သို့ရာတွင် ယင်းဖော်ပြချက်ပါရှိခဲ့သည့် မဂ္ဂဇင်းထုတ်ဝေသည့်လတွင်ပင် ဝတ်မှုန်ရွှေရည်အင်တာဗျူး၌ အလားတူပုံသဏ္ဌာန်ရေးသားမှုများ ဆက်လက်ထည့်သွင်း ဖော်ပြထားသည်ကို တွေ့ရသည်။ သို့ဖြစ်၍ အဆိုပါ မော်ဒယ်သရုပ်ဆောင်နှစ်ဦးက ယင်းကိစ္စနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ်တွင် ရှင်းလင်းပြောကြားခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဝတ်မှုန်ရွှေရည်က တာဝန်အရှိဆုံးသူကို “အပျိုစင်က တာဝန်ရှိတဲ့လူတွေလို့ထင်တယ် ” ဟု ပြောကြားခဲ့သည်။

သံတမန်အမည်ရ တေးသံရှင်များ

ယခုနှစ်အတွင်း ယမကာကုမ္ပဏီများက တေးသံရှင်များကို သံတမန်အမည်တပ်၍ ကြော်ငြာနည်းလမ်းသစ်တစ်ခု အသုံးပြုခဲ့သည်ကို တွေ့ရသည်။

နာမည်ကျော် ရော့ခ်တေးသံရှင် မျိုးကြီးကို မြန်မာဘီယာသံတမန်အဖြစ်ခန့်လိုက်ပြီး နာမည်ကျော် ဟစ်ပ်ဟော့ပ်တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်ကို Tiger ဘီယာသံတမန်အဖြစ် ခန့်အပ်ခဲ့ရာ ၎င်းတို့နှင့် စာသားအမျိုးမျိုးအသုံးပြုကာ ကြော်ငြာများ ရိုက်ကူးခဲ့သည်ကို တွေ့ရသည်။ တေးသံရှင်မျိုးကြီးနှင့် ကြော်ငြာရုပ်ပုံများတွင် မျိုးကြီး၏သားကိုပါ ထည့်သွင်းရိုက်ကူးထားသည်ကို တွေ့ရပြီး ၎င်းကို သံတမန်ခန့်အပ်ပြီးနောက်ပိုင်းတွင် မြန်မာဘီယာက Myo Gyi Live in Yangon အယ်လ်ဘမ်အတွက် ကျပ်သိန်း ၂၀၀ ပံ့ပိုးပေးခဲ့သည်ကိုလည်း တွေ့ရသည်။ Tiger ဘီယာကမူ တေးသံရှင်စိုင်းစိုင်းခမ်းလှိုင်အား ဩစတြေးလျနိုင်ငံသို့ပို့

ဆောင်၍ ခရီးစဉ်အတွင်း ကြော်ငြာများရိုက်ကူးခဲ့ပြီး မြင်ကွင်းအမျိုးမျိုးတွင် စာသားများ ပြောင်းလဲရေးထိုး၍ ကြော်ငြာများ ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ် လူငယ်သရုပ်ဆောင်များ

ယခုနှစ်အတွင်း ပရိသတ်မြင်ကွင်းသို့ သိသိသာသာရောက်ရှိလာသော မျိုးဆက်သစ်လူငယ်သရုပ်ဆောင်များမှာ မိုးအောင်ရင်၊ မြင့်မြတ်နှင့် ဟိန်းဝေယံတို့ ဖြစ်သည်။

နာမည်ကျော်တေးသံရှင် အောင်ရင်၏သားဖြစ်သူ မိုးအောင်ရင်သည် လွန်ခဲ့သော ၂ နှစ်ခန့် မှစ၍ အနုပညာနယ်ပယ်တွင်းဝင်ရောက်လာခဲ့သူဖြစ်ပြီး ကြော်ငြာများ၊ ဗီဒီယိုရုပ်ရှင်ဇာတ်ကားများရိုက်ကူးလာရာက ရုပ်သံအစီအစဉ်တစ်ခုတွင် အင်တာဗျူးဖြေကြားရာ၌ ၎င်း၏ ရိုးသားပွင့်လင်းသည့်စကားပြောဟန်ကို ပရိသတ်က သတိထားမိခဲ့သည်။ ယခုနှစ်အတွင်း အောင်မြင်မှုများစွာရခဲ့သော 'ဟော့ရွှေ့'ရုပ်ရှင်ဇာတ်ကားတွင် ၎င်းပါဝင်သရုပ်ဆောင်ထားပြီး မို့မို့မြင့်အောင်နှင့် တွဲဖက်သရုပ်ဆောင်ထားသော 'ငါးစိမ်းသည်မသား' ဗီစီဒီဇာတ်ကားကို ပရိသတ်က များစွာအသိအမှတ်ပြုခဲ့သည်။

သရုပ်ဆောင်မြင့်မြတ်ကို မဟော်ဂနီရုပ်ရှင်ထုတ်လုပ်ရေးနှင့် တွဲဖက်သိကြပြီး ဇာတ်အနေအထားအရ ၎င်းအများစုသရုပ်ဆောင်ရသည့်ဘဝတွင် အခက်အခဲများ၊ စိတ်မချမ်းမြေ့ဖွယ်ရာများနှင့် ကြုံတွေ့ခဲ့ရသောလူငယ်တစ်ဦး၏ခံစားချက်များကို ဖော်ပြရာတွင် ၎င်းနှင့်လိုက်ဖက်ညီ ပီပြင်မှုရှိသည်ဟု ပရိသတ်အချို့က သုံးသပ်သည်ကို တွေ့ရသည်။ ကိုယ်ပိုင်ဗီဒီယိုထုတ်လုပ်ရေးဖြင့် ဇာတ်ကားများ ခပ်စိတ်စိတ်ရိုက်ကူးပြီး ပရိသတ်ရွေ့ရောက်ရှိခဲ့သော သရုပ်ဆောင်ဟိန်းဝေယံ သရုပ်ဆောင်သော ဇာတ်ကားများလည်း ထွက်ရှိလာခဲ့ရာ ယခုနှစ်အတွင်း ၎င်း၏သရုပ်ဆောင်မှုကို ပရိသတ် ပိုမိုအသိအမှတ်ပြုအားပေးလာသည်ကို တွေ့ရသည်။

ယခုနောက်ပိုင်း ပရိသတ်အသိအမှတ်ပြုလာသည့် လူငယ်သရုပ်ဆောင်သစ်များမှာ လက်ရှိအခြေအနေတွင် ၎င်းတို့သရုပ်ဆောင်ရသော ဇာတ်အနေအထားများမှာ ပရိသတ်သတိထားမိစေနိုင်သည့်ဇာတ်ရုပ်များဖြစ်သည်ကို တွေ့ရသည်။

မိုနိုမှ စတီရီယိုစနစ်သို့ ပထမဆုံးအကြိမ်ကူးပြောင်းသည့် မြန်မာရုပ်ရှင်ဇာတ်ကား

မိုနိုစနစ်မှ စတီရီယိုအသံထွက်စနစ်သို့ ပထမဆုံးအကြိမ် ပြောင်းလဲရိုက်ကူးထားသည့် 'အချစ်ကလန်းတယ်' အမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တော်ရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် စက်တင်ဘာ ၁၉ ရက်နေ့မှစ၍ ရုံတင်ပြသခဲ့သည်။

အဆိုပါဇာတ်ကားကို ၂၀၀၇ ခုနှစ်အတွင်းက ပြည်ပမှ မှာယူတင်သွင်းထားသော မိုနိုမှ စတီရီယိုစနစ်သို့ အသံကူးပြောင်းပေးနိုင်သည့် Stero Optical Recording System, x-mod Dis- tiortion Analyzen Digital Theater Systems တို့ကို အသုံးပြုထားခြင်းဖြစ်သည်။ စက်အသစ်များဖြင့် ပထမဦးဆုံးဖန်တီးခဲ့ခြင်းဖြစ်သည့်အတွက် စမ်းတဝါးဝါးဖြစ်ရသည့်အခြေအနေများနှင့် ကြုံတွေ့ခဲ့ရသော်လည်း အသံထွက်ကြည်လင်ပြီး ရုပ်ပုံများမှာလည်း ယခင်ကထက် ပိုမိုကောင်းမွန်လာကြောင်း ဒါရိုက်တာညီညီထွန်းလွင်၏ပြောကြားချက်ကို စက်တင်ဘာလ ၂၄ ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ရေးသားထားသည်။

ယင်းဇာတ်ကားတွင် ပါဝင်သည့် အဓိကသရုပ်ဆောင်များမှာ မင်းမော်ကွန်း၊ ခန့်စည်သူ၊ ထွန်းထွန်း၊ မိုးအောင်ရင်၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ စိုးပြည့်သဇင်တို့ဖြစ်ပြီး လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် ခင်ဦးခင်ခင်၏ဝတ္ထုကို ကိုဆွေ စီစဉ်၍ စာရေးဆရာလွင်မင်းအံ့ ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ညီညီထွန်းလွင်နှင့် တွဲဖက်ဒါရိုက်တာ မောင်သီလ၊ ဩရသတို့ ရိုက်ကူးခဲ့သည်။

အယ်ဒီတာအဖွဲ့

ဤကဏ္ဍတွင် . . . . .

၃၂ ၂၀၀၈ မြန်မာ့ရွှေဈေးကွက်နှင့် ၂၀၀၉ ခုနှစ်အလားအလာ
၃၆ တွင်းထွက်ပတ္ထမြားကို စိန်ခေါ်ယှဉ်ပြိုင်လာသည့် သိပ္ပံပတ္ထမြား
၄၂ ၂၀၀၈ ရန်ကုန် ကုန်စည်ဈေးကွက်
၄၈ မစားသော်လည်း အားထားစိုက်သည့်
၅၂ Sluggish လား Bubble လား
၅၆ အချိုးအကွေ့များနှင့် ရေလုပ်ငန်းဈေးကွက် ၂၀၀၈
၆၂ စာတန်းထိုးစာတ်လမ်းများဝင်ရောက်မှုနှင့် မြန်မာဗီဒီယိုဈေးကွက် ၂၀၀၈

၂၀၀၈ မြန်မာ့ရွှေဈေးကွက်နှင့် ၂၀၀၉ ခုနှစ်အလားအလာ

Mass Peafowl News

၂၀၀၈ ခုနှစ် တစ်နှစ်လုံးတွင်ဖြစ်ပေါ်ခဲ့သော မြန်မာ့ရွှေဈေးကွက်အခြေအနေနှင့် အရောင်းအဝယ်အနေအထားကို ပြန်လည်သုံးသပ်ကြည့်ရာတွင် အတက်အကျမြန်ဆန်ပြီး ဈေးအမြင့်ဆုံးနှင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။ ၂၀၀၈ ခုနှစ်တွင် ပြည်တွင်းရွှေဈေးပြောင်းလဲမှုအနေအထားမှာ ဒီရေအလား အတက်အကျလျင်မြန်ပြီး ရွှေအရောင်းအဝယ်အခြေအနေမှာမူ ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် ကျဆင်းသည်ဟုဆိုနိုင်ကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်အသိုင်းအဝိုင်းက မှတ်ချက်ပြုသည်။ ၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုမှစတင်ခဲ့သော ငွေကြေးအကျပ်အတည်းက ကမ္ဘာ့စီးပွားရေးပျက်ကပ်အသွင်ဖြစ်ပေါ်စေပြီး ကမ္ဘာ့ရွှေဈေးကွက်နှင့် မြန်မာ့ရွှေဈေးကွက်အရောင်းအဝယ်ကိုပါ ပျက်ပြားယိုင်နဲ့စေခဲ့ရာ အဆိုပါအခြေအနေက ၂၀၀၉ ခုနှစ်ထိပါ ဆက်လက်ရိုက်ခတ်စေနိုင်မည်ဟု ရွှေလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

နှစ်ဆန်းတွင်အဝင်ကြမ်းသည့်ရွှေဈေး

၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် အနည်းငယ်လှုပ်ခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများမှာ ၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရုတ်တရက်ဆိုသလို တစ်ဟုန်ထိုးမြင့်တက်ခဲ့သည်။ ကမ္ဘာ့ဈေးနှုန်းမြင့်မားမှုနှင့်အတူ မြန်မာ့ရွှေဈေးနှုန်းများလည်း မြင့်တက်ခဲ့ရာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင်းက ၁၆ ပဲရည် အခေါက်ရွှေတစ်ကျပ်သား ၅၅၆,၀၀၀ ကျပ်ရှိနေရာမှ ၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် ၁၆ ပဲရည်တစ်ကျပ်သား ခြောက်သိန်းဝန်းကျင်ထိ ဈေးမြင့်တက်ခဲ့ပြီး ဇန်နဝါရီလတစ်လလုံး အခေါက်ရွှေဈေးတစ်ကျပ်သားလျှင် ကျပ်ခြောက်သိန်းနှင့် ငါးသိန်းရှစ်သောင်းကျပ်ကျော်အကြားတွင်သာ အတက်အကျ ဖြစ်ပေါ်ခဲ့သည်။ ထိုနည်းတူစွာပင် ဖေဖော်ဝါရီတစ်လလုံးတွင်လည်း အခေါက်ရွှေဈေးမှာ အမြင့်ဆုံး တစ်ကျပ်သား ၅၉၃,၇၀၀ ကျပ်ရှိပြီး အနိမ့်ဆုံး အခေါက်ရွှေတစ်ကျပ်သား ၅၇၈,၀၀၀ ကျပ်ရှိခဲ့သည်။

ပုံမှန်အားဖြင့် တရုတ်နှစ်သစ်ကူးကာလအချိန်များဖြစ်သည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ရွှေအရောင်းအဝယ်ကောင်းမွန်ပြီး ရွှေဆိုင်များတွင် ရွှေထည်ပစ္စည်းပြုလုပ်သူများနှင့် အလွန်အမင်းကြိတ်ကြိတ်တိုးစည်ကားလေ့ရှိသော်လည်း ၂၀၀၈ ခုနှစ် တရုတ်နှစ်သစ်ကူးကာလတွင်

ကား ယခင်နှစ်များနှင့်မတူ ရွှေအရောင်းအဝယ်လျော့ကျခဲ့ပြီး ပုံမှန်ထက် ပိုမိုသော အရောင်းအဝယ်အနေအထားရှိခဲ့သည်။

ယင်းနောက် ၂၀၀၈ ခုနှစ် မတ်လ နှင့်ဧပြီလတွင် ရွှေဈေးနှုန်းမှာ တက်လိုက် ကျလိုက်နှင့် မတည်မငြိမ်ဖြစ်နေပြီး အခေါက်ရွှေတစ်ကျပ်သား အမြင့်ဆုံး ၅၉၅,၀၀၀ ကျပ်နှင့် အနိမ့်ဆုံး ၅၅၅,၈၀၀ ကျပ်အကြား အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။ ရွှေဆိုင်များတွင် ရွှေထည်ပစ္စည်း အရောင်းအဝယ်ဈေးကွက်မှာလည်း သာမန်ထက်ပို သောအရောင်းအဝယ်တွင်သာ တည်ရှိခဲ့သည်ကို တွေ့ရသည်။

နာဂစ်ဖျက်သည့် ဂယောက်ဃယက် ရွှေဈေးကွက်

၂၀၀၈ ခုနှစ် မေလဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ပြည်တွင်း ရွှေဈေးကွက်ကြီးတစ်ခုလုံး ဂယောက်ဂယက်ဖြစ်ကာ ရက်ပေါင်းများစွာ ရပ်ဆိုင်းသွားခဲ့သည်။ မုန်တိုင်းဒဏ်ကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်၊ အဆောက်အအုံများပြိုကျ၊ လူပေါင်း သိန်းဂဏန်းကျော် သေဆုံးချိန်တွင် ရန်ကုန် ရွှေဆိုင်များအားလုံးပိတ်နေခဲ့ရသည်။ နေအိမ်၊ အဆောက်အအုံ၊ တိုက်တာများကို ပြုပြင်

ရန်အတွက် ရန်ကုန်မြို့ခံများမှာ ရှိသမျှ ရွှေထည်ပစ္စည်းကို ထုတ်ရောင်းခဲ့ကြသည့် အတွက် ပြည်တွင်းဈေးကွက်ကား ဂယောက်ဂယက်ဈေးကွက်အသွင် ရောက်ရှိသွားခဲ့သည်။ ရွှေထည်ပစ္စည်း ပြန်လည်ရောင်းချလိုသူများသည့်အတွက် ရွှေဆိုင်များက ရွှေဈေးကိုနှိမ်၍ ရွှေများပြန်လည်ဝယ်ယူခဲ့ကြသည်။ မူလဈေးကွက်ပေါက်ဈေးပျောက်ပြီး ရွှေဆိုင်များက နှိမ်ပြောဆိုသော ဈေးအနိမ့်သည်သာ ဈေးကွက် ရွှေပေါက်ဈေးသဖွယ်ဖြစ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်ခံခဲ့ရပြီးနောက် မေလတစ်လလုံး ရွှေဆိုင်များတွင် ရွှေထည်ပစ္စည်း ပြန်လည်ရောင်းချသူများနှင့်သာပြည့်နှက်ခဲ့ပြီး ရွှေဆိုင်များမှ ရွှေထည်ပစ္စည်း ပြုလုပ်ဝယ်ယူသူမရှိခဲ့ပေ။

မုန်တိုင်းတိုက်ခတ်ပြီး တစ်လအကြာ ဇွန်လတွင်မူ ဖြစ်ပေါ်သောဈေးနှုန်းမှာလည်း တည်ငြိမ်မှုမရှိဘဲ အခေါက်ရွှေ ၁ဖဲ ပဲရည် တစ်ကျပ်သားအမြင့်ဆုံး ၅၉၀,၀၀၀ ကျပ်ဝန်းကျင်နှင့် အနိမ့်ဆုံး ၅၅၀,၀၀၀

ကျပ်တွင်ရှိခဲ့သည်။ ရွှေအရောင်းအဝယ်မှာ မူ လုံးဝမရှိသလောက် နည်းပါးခဲ့သည်။

ခြောက်သိန်းကျော်သည့် ရွှေ

နှာဂစ်တိုက်ခတ်ပြီး နှစ်လအကြာ ဧရိုင်လတွင်မူ အခေါက်ရွှေဈေးနှုန်းများ တစ်ကျပ်သား ခြောက်သိန်းကျပ်ကျော်ထိ မြင့်တက်သွားသည်။ ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် မြန်မာ့ရွှေဈေးများ မြင့်တက်ခြင်းဖြစ်သော်လည်း ပြည်တွင်းရွှေဈေးက နိုင်ငံတကာရွှေဈေးထက် ပိုမိုမြင့်မားနေသဖြင့် မူမမှန်သော ရွှေဈေးနှုန်းဟု ဆိုရပေမည်။ ထိုသို့ဖြစ်ရခြင်းမှာ ပြည်တွင်းရွှေဈေးကွက်ရှိ လေပတ်ကား အရောင်းအဝယ်များကြောင့်လည်းဖြစ်သည်ဟု ရွှေလုပ်ငန်းအသိုင်းအဝိုင်းက ဆိုသည်။

ယင်းသို့ ပြည်တွင်းရွှေဈေးမြင့်တက်မှုသည် ၂၀၀၈ ခုနှစ်အတွက် အမြင့်ဆုံးရွှေဈေးနှုန်းဖြစ်သည်ဟု ဆိုရပေမည်။ ဧရိုင်လလယ်တွင် ရွှေတစ်ကျပ်သား ၆၀၃,၀၀၀ ကျပ်ရှိခဲ့ပြီး အရောင်းအဝယ်နည်းပါးခဲ့ကာ ရွှေဈေးကွက်တွင် ရွှေထည်ပစ္စည်း ပြန်လည်ရောင်းချမှု မြင့်တက်ခဲ့သည်။

ထိုအလွန်အမင်းမြင့်တက်နေသော မူမမှန်သည့် ရွှေဈေးနှုန်းကို ထိန်းသိမ်းရန်

အတွက် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းက ရွှေထွက်ရှိရာ မန္တလေးဒေသမှ ရန်ကုန်ရွှေဈေးကွက်သို့ အခေါက်ရွှေ ခုနှစ်ပိသာ နေ့စဉ်လေယာဉ်ဖြင့်ပို့၍ ရွှေဈေးကျဆင်းစေရန်ဆောင်ရွက်သည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်သော်လည်း ရွှေဈေးနှုန်းမှာ အနည်းငယ်သာကျဆင်းပြီး ဧရိုင်လကုန်ဆုံးချိန်တွင် အခေါက်ရွှေတစ်ကျပ်သား ၅၉၂,၀၀၀ ကျပ်ရှိခဲ့သည်ကို တွေ့ ရသည်။

ရေခဲမှတ်ရောက် ရွှေဈေး

ဧရိုင်လတွင် ခြောက်သိန်းကျော်ခဲ့သော ရွှေဈေးနှုန်းများမှာ ဩဂုတ်လမှစပြီး တဖြည်းဖြည်းပြန်လည်ကျဆင်းလာရာ ဩဂုတ်လကုန်တွင် အခေါက်ရွှေတစ်ကျပ်သား ၅၆၄,၀၀၀ ကျပ်ရှိခဲ့သည်။ စက်တင်ဘာလတွင်လည်း ရွှေဈေးနှုန်းမှာ ဆက်လက်ကျဆင်းခဲ့ပြီး စက်တင်ဘာလအတွင်းတွင် ၁၆ ပဲရည် တစ်ကျပ်သား ၅၄၉,၀၀၀ ကျပ်ထိ ကျဆင်းခဲ့ပါသည်။ ရွှေဈေးမှာ ကျဆင်းသော်လည်း ရွှေအရောင်းအဝယ်မှာ ဆက်လက်ငြိမ်သက်နေပြီး ရွှေစီးပွားတုံ့ဆိုင်းနေခဲ့သည်။

၂၀၀၈ ခုနှစ် အောက်တိုဘာလတွင်မူ အမေရိကန်ပြည်ထောင်စုမှ စတင်သော ကမ္ဘာ့ငွေကြေးအကျပ်အတည်းကြောင့် ကမ္ဘာ့ရွှေဈေးများ ဆက်တိုက်ကျဆင်းခဲ့ရာ အောက်တိုဘာလ ၂၄ ရက်နေ့တွင် အခေါက်ရွှေတစ်ကျပ်သား ၅၁၆,၀၀၀ ကျပ်သို့ရောက်ရှိပြီး ၂၀၀၈ ခုနှစ်၏ အနိမ့်ဆုံးရွှေဈေးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ယင်းနောက် ကျဆင်းရွှေဈေးနှုန်းများမှာ ဈေးနှုန်းအနိမ့်ပိုင်းတွင်ပင် အနည်းငယ်တက်အနည်းငယ်ကျဖြင့် ပြောင်းလဲခဲ့သည်။ ရွှေဈေးအနိမ့်ဆုံးရောက်ရှိပြီး ရွှေဝယ်သင့်ဆုံးသောအချိန်ဖြစ်သော်လည်း ဝင်ငွေနည်းမှု



နှင့် စီးပွားရေးကျပ်တည်းမှုကြောင့် ရွှေဝယ်ယူမှု အနည်းသာရှိခဲ့သည်ဟု ပြည်တွင်းရွှေအသိုင်းအဝိုင်းက ပြောကြားသည်။

ဒီဇင်ဘာလတွင်လည်း ရွှေဈေးနှုန်းမှာ အခေါက်ရွှေတစ်ကျပ်သား ၅၄၀,၀၀၀ ကျပ်နှင့် ၅၂၀,၀၀၀ ကျပ်အကြား အတက်အကျရှိခဲ့ပြီး အရောင်းအဝယ်ပုံမှန်ရှိခဲ့သည်။

၂၀၀၈ ခုနှစ် သုံးသပ်ချက်

၂၀၀၈ ခုနှစ် ရွှေဈေးကွက်အနေအထားကို ခြုံငုံရသော် ရွှေဝယ်ယူမှုပုံစံ ပြောင်းလဲသွားသည်ကို တွေ့ရသည်။ ယခင်က ပြည်တွင်းအခြေအနေ တစ်စုံတစ်ရာ ထူးခြားမှုရှိပါက လုပ်ငန်းရှင်များ၊ စီးပွားရေးသမားများနှင့် သာမန်ပြည်သူများမှာ ရွှေများအလုအယက်ပြေးဝယ်လေ့ရှိကြသော်လည်း ၂၀၀၈ ခုနှစ်တွင်မူ အဆိုပါဖြစ်စဉ်များ မတွေ့ရတော့ဘဲ တည်ငြိမ်မှုရှိလာသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ ၂၈ လမ်းမှ ရွှေလုပ်ငန်းရှင်တစ်ဦးက "ရွှေဈေးကွက်က တစ်ခုခုဖြစ်ရင် အလုအယက်ဝယ်တဲ့ပုံစံမျိုးမဟုတ်တော့ဘူး။ စီးပွားရေးကောင်းရင် ရွှေဝယ်စုတယ်။ တည်ငြိမ်တဲ့ရွှေအရောင်းအဝယ်ဖြစ်လာတယ်" ဟု သုံးသပ်သည်။

နိုင်ငံတကာဈေးကွက်ဖြစ်လာမည့် ရွှေဈေးကွက်

ရွှေစီးပွားရေးသမားအချင်းချင်း ရွှေအရောင်းအဝယ်ပြုသည့် ဈေးကွက်မရှိသော မြန်မာနိုင်ငံတွင် နိုင်ငံတကာဈေးကွက်ပုံစံ ရွှေအရောင်းအဝယ်ဈေးကွက်ကြီးများ အကောင်အထည်ဖော်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အကြံပြုတိုက်တွန်းချက်ကြောင့် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းက သီးသန့်ဈေးကွက်ကြီးများ အကောင်အထည်ဖော်မည်ဟု အဆိုပါအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်ဝင်းက ပြောကြားသည်။ အဆိုပါဈေးကွက်ကြီးများ ဖြစ်ထွန်းလာပါက ဈေးကွက်အတွင်း ရွှေလေပတ်ကား အရောင်းအဝယ်များကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ပြီး ရွှေဈေးနှုန်းတည်ငြိမ်ရေး အထောက်အကူပြုလာမည်ဖြစ်ကြောင်း ၎င်းက သုံးသပ်သည်။ အဆိုပါ သီးသန့်ဈေးကွက်တွင် အမှန်တကယ်အရောင်းအဝယ်ပြုမည့် ရွှေစီးပွားရေးသမားများကိုသာ ခွင့်ပြုမည်ဟု ဆိုသည်။

ထိုဈေးကွက်ကြီးများကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် လာမည့် ၂၀၀၉ ခုနှစ်တွင်အကောင်အထည်ဖော်ရန် ကြိုးစားလျက်ရှိရာ ယင်းဈေးကွက်ကြီးများ ဖြစ်ပေါ်လာပါက ပြည်တွင်းရွှေဈေးကွက်၏ ပါရာဒိုင်းအရွေ့တစ်ခုသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

၂၀၀၉ ခုနှစ် ရွှေဈေးကွက်အလားလာ

သီးသန့်ရွှေဈေးကွက်ကြီးများ ထပ်မံဖြစ်ပေါ်ဦးမည်ဆိုပါက ၂၀၀၉ ခုနှစ်သည် မြန်မာ့ရွှေဈေးကွက်အတွက် ထူးခြားသောအပြောင်းအလဲများဖြစ်ပေါ်ဦးမည်ဟု အဆိုပါလုပ်ငန်းရှင်အသိုင်းအဝိုင်းက သုံးသပ်ကြသည်။

ပြည်တွင်းရွှေလုပ်ငန်းရှင် အများစုကမူ ၂၀၀၉ ခုနှစ် ရွှေဈေးကွက်အနေအထား ကမ္ဘာ့စီးပွားရေးပျက်ကပ်မှ လွတ်မြောက်ပြီး ရွှေစီးပွားရေး ပြန်လည်ကောင်းမွန်လာရန် မျှော်လင့်နေကြသည်။

မရှိဝမ်းစာ ရှိတန်ဆာ

ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအကျပ်အတည်းကြောင့် မည်သို့ပင် ရွှေအရောင်းအဝယ်များ နည်းပါးစေကာမူ ရွှေထည်ပစ္စည်းများသည် မြန်မာလူမျိုးတို့အတွက် 'မရှိဝမ်းစာ ရှိတန်ဆာ' ဆိုသည့် အခြေအနေမှ ကွယ်ပျောက်သွားရန်မရှိပေ။ စားဝတ်နေရေးအဆင်ပြေပြီး စီးပွားရေးကောင်းမွန်လာလျှင် မြန်မာလူမျိုးများအနေဖြင့် ရွှေထည်ပစ္စည်းများကို မြတ်မြတ်နိုးနိုး ဝယ်ယူမည်ဖြစ်သည့်အတွက် နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများကြားမှ ကင်းလွတ်ပြီး စီးပွားရေးနှင့်နိုင်ငံရေး ပြန်လည်တိုးတက်ကောင်းမွန်စေရန်အတွက် အဓိုးရနှင့်အတူ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သင့်သော အချိန်ပင်ဖြစ်သည်။

Mass Peafawl News

တွင်းထွက်ပတ္ထုများကို စိန်ခေါ်ယှဉ်ပြိုင်လာသည့် သိပ္ပံပတ္ထုများ

စိုင်းအောင်

ကမ္ဘာ့ကျောက်မျက်ရတနာလောကတွင် လူကြိုက်အများဆုံးဖြစ်ပြီး မြင့်မားသောဈေးနှုန်းသတ်မှတ်ချက်တစ်ရပ်ဖြင့် ကျောက်မျက်ရတနာလောကသားတို့ အရောင်းအဝယ်ပြုတတ်သည့် တွင်းထွက်ပစ္စည်းပတ္ထုမြားသည် ထုတ်ယူသုံးစွဲမှုများလာခြင်းကြောင့် တဖြည်းဖြည်းနှင့် ရှားပါးစပြုလာပေသည်။ 'ရှားသောပစ္စည်း တန်ဖိုးပိုရှိသည်' ဆိုသောစကားအတိုင်းယနေ့ အရည်ကောင်းအသွေးကောင်း ပတ္ထုမြားတစ်ကာရက်၏ဈေးနှုန်းမှာလည်း ခေါင်ခိုက်လာသည်။ ရှားပါးလာသောအခြေအနေ ခေါင်ခိုက်လာသောဈေးနှုန်းတို့ကြောင့် ကျောက်မျက်ဈေးကွက်အတွင်းရပ်တည်နေသော တွင်းထွက်ပတ္ထုမြားသည် လူသားတို့၏သိပ္ပံစမ်းသပ်ခန်းအတွင်းမှထွက်လာသော သိပ္ပံပတ္ထုမြားတို့၏ စိန်ခေါ်ယှဉ်ပြိုင်မှုများကို ယခုအခါ တစ်စစတိုးဝ်ရင်ဆိုင်လာရတော့သည်။

ပတ္ထုများအစ မိုးကုတ်က

ကမ္ဘာ့ပတ္ထုမြားဈေးကွက်တွင် ယနေ့တိုင်ခံယူထားဆဲ အဆိုတစ်ရပ်ရှိပြီး ယင်းမှာ 'ပတ္ထုမြားအစ မိုးကုတ်က' ဖြစ်သည်။ ပတ္ထုမြားဝယ်လျှင် မြန်မာနိုင်ငံ မိုးကုတ်ဒေသထွက်ပတ္ထုမြားကို မေးမြန်းစစ်ဆေးပြီး ဈေးကြီးပေး ဈေးကောင်းပေး ဝယ်ယူသုံးစွဲတတ်ကြသည်။ ၁၉ ရာစုအစကတည်းက မိုးကုတ်ပတ္ထုမြားသည် ကမ္ဘာအနှံ့ခြေဆန့်ခဲ့ပြီး ကမ္ဘာတစ်ဝန်းမိုးကုတ်ပတ္ထုမြားပျံ့နှံ့စေသောသူများမှာ အင်္ဂလိပ်လူမျိုးနှင့် ပြင်သစ်လူမျိုးများ ဖြစ်ကြသည်။

"မိုးကုတ်မြို့မှာ ပထမဆုံးပတ္ထုမြားတွင်းတူးဖော်ခွင့်လိုင်စင်ရသွားတာက အင်္ဂလိပ်လူမျိုး ရတနာကုန်သည် Eswin Streeter ဆိုသူပဲ" ဟု ဗြိတိန်ကျောက်မျက်ရတနာပညာရှင်များအသင်း၏ အသင်းဝင်ဖြစ်ခဲ့ဖူးသော မြန်မာ့ကျောက်မျက်ရတနာကုန်သည်ဦးလှဝင်းက ပြောကြားသည်။

ပတ္ထုမြားမြေ (Ruby Land) ဟု နာမည်ကျော်သော မိုးကုတ်ဒေသတွင် နီလာ၊ ပြောင်ခေါင်းစိမ်း၊ အညှာပန်း စသည့်အခြားရတနာမျိုးစုံထွက်သော်လည်း ပတ္ထုမြားသာလျှင် နာမည်ကျော်သည်။ မြန်မာ့ပတ္ထုမြားမြေမှ နာမည်ကျော်ပတ္ထုမြားအချို့မှာ ငမောက်ပတ္ထုမြား (အလေးချိန်ရတီ ၉၀)၊ လှော်ကားတင်ကလေးကျောက် (အလေးချိန်ရတီ ၂၀)၊ လှော်ကားတင်ကြီးကျောက် (အလေးချိန်ရတီ ၄၀)၊ ဆင်မတော်ကျောက် (အလေးချိန်ရတီ ၄၀)၊ စံကျောက်တော်(အလေးချိန်ဖော်ပြခြင်းမရှိ)၊ နဂါးဗိုလ်ကျောက် (အလေးချိန်ဖော်ပြခြင်းမရှိ) စသဖြင့် လေ့လာမှတ်သားခဲ့ရသည်။

မြန်မာနိုင်ငံအထက်ပိုင်းကို အင်္ဂလိပ်တို့ စတင်အုပ်စိုးစဉ်ကာလကပင် မိုးကုတ်မြေမှ ပတ္ထုမြားတူးဖော်လုပ်ကိုင်ခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ မိုးကုတ်မြေမှ

ထွက်သော ပတ္တမြား၏ အရည်အသွေးကို ပြင်သစ်ကျောက်ကုန်သည်များက စတင်တွေ့ရှိခဲ့ပြီး ပြင်သစ်တို့မလုပ်ကိုင်နိုင်မီ အင်္ဂလိပ်တို့က အလျင်အမြန်တူးဖော်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း မိုးကုတ်ရတနာမြေ၏ ပတ္တမြား စတင်တူးဖော်မှုမှတ်တမ်းများက ဆိုသည်။

ဂေါ်ထုတ်ပတ္တမြား

အထက်ကဆိုခဲ့သည့်အတိုင်း ပတ္တမြား၏အလှအပကိုဖျက်ဆီးသည့် ဂေါ်ဆိုသည့်အရာများကို လူသားတို့သည် နည်းပညာများသုံးစွဲခြင်းဖြင့် ဂေါ်ကို ထုတ်ပစ်နိုင်ခဲ့ခြင်းကြောင့် တစ်သိန်းတန်ကျောက်သည် ဆယ်သိန်းတန်ဖြစ်လာပြန်သည်။ ၎င်းမှာ သဘာဝတွင်းထွက်ပတ္တမြားတွင်ပါသော ဂေါ်များကို အပူပေးဖျောက်ပစ်ပြီး အနာအဆာကင်းသောပတ္တမြားအဖြစ် ပြောင်းလဲသွားစေခြင်းဖြစ်သည်။

သဘာဝကျောက်များကို အပူစွမ်းအားပေးခြင်း (Heat Treated) ဖြင့် ပြုပြင်ဖန်တီးထားသော်လည်း ပတ္တမြား၏ အတွင်းသဏ္ဌာန်ပြောင်းလဲမှု ရှိ မရှိဆိုခြင်းမှာ အချိန်ယူဆန်းစစ်မှုရမည်ဟု ကျောက်မျက်ပညာရှင်များကဆိုသည်။ အချို့သော ပတ္တမြားများသည် အရည်အသွေးတစ်ပိုင်းတစ်စမှာ ထိပ်တန်းအဆင့်ရှိသော်လည်း အတွင်းမှ ဂေါ်များနှောင့်ယှက်ခြင်းကြောင့် ဈေးကွက်တွင် လူကြိုက်မများဖြစ်ရခြင်းများ ရှိကြသည်။ အဆိုပါ ဂေါ်ပါသော ပတ္တမြားများကို အပူစွမ်းအားဖြင့် ဂေါ်ပျောက်အောင် (သို့မဟုတ်) ဂေါ်ထုတ်လိုက်ခြင်းဖြင့် ကျောက်မျက်ရတနာပြပွဲများတွင် နိုင်ငံခြားသား ကျောက်မျက်ကုန်သည်များ အလှအယက်ဝယ်ကြသော ဂေါ်စားပတ္တမြားများဖြစ်လာခြင်း ဖြစ်သည်။ သဘာဝတွင်းထွက်ပတ္တမြား၏ နေရာကို ဝင်လုရန် စိန်ခေါ်လာသည့်အထဲတွင် သိပ္ပံကျောက်နည်းတူ ဂေါ်ထုတ်ကျောက်များလည်း အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်လာပါသည်။

ကျောက်မျက်လောကအတွင်း ထူးခြားချက်နောက်တစ်ခုမှာ စိန်ရိုင်းကို အပူပေးပြီး စိန်ကောင်းတစ်ပွင့်ပြုလုပ်ထားခြင်းမှရသော ဈေးနှုန်းသည် သဘာဝစိန်ကို မယှဉ်နိုင်သော်လည်း ပတ္တမြားလောကတွင်မူ အပူပေးပြီးပြုပြင်ထားသော ပတ္တမြားတစ်ကာရက်၏ ဈေးနှုန်းမှာ မည်သို့မျှ ပြုပြင်ခြင်းမရှိသော သဘာဝတွင်းထွက်ပတ္တမြား၏ တစ်ကာရက်ဈေးနှုန်းနှင့် ယှဉ်ပြိုင်လာနိုင်ခြင်း ဖြစ်သည်။

အင်္ဂလိပ်လက်ထက်ကပင် မိုးကုတ်မြေမှ မြန်မာ့ပတ္တမြားများ ကမ္ဘာအနှံ့ရောက်ခဲ့ကြသည်။ မိုးကုတ်မြေ၏ နာမည်ကျော်မှုကလည်း အံ့မခန်းပင်။ 'အိမ်တိုင်တူးကျောက်တွေ့၊ အိမ်သာကျင်းတူး ကျောက်တွေ့' ဟူ၍ပင် ပြောစမှတ်များဖြစ်ခဲ့သည်။ ယင်းအတွက် မိုးကုတ်ရတနာမြေမှ တစ်ပေပတ်လည်မြေကွက်သည် မည်မျှတန်ဖိုးရှိသည်ဟူ၍ တန်ဖိုးဖြတ်၍မဖြစ်နိုင်ပေ။ အင်္ဂလိပ်လက်ထက်ကတည်းကပင် နှစ်ပေါင်းရာကျော်တိုင် တူးဖော်သုံးစွဲခဲ့ကြသဖြင့် မိုးကုတ်မြို့လယ်တွင် ရေကန်ကြီးဖြစ်ပေါ်လာရသည်။

"အခုမိုးကုတ်ဟိုတယ်ရှိတဲ့ ရေကန်ကြီးက ကျောက်တူးရင်းတူးရင်းနဲ့ အဲဒီလို ဖြစ်သွားတာပဲ" ဟု မိုးကုတ်ရတနာမြေအကြောင်း နှံ့စပ်ကျွမ်းကျင်သည့် ကျောက်မျက်ကုန်သည် ဦးဝင်းမြတ်ကဆိုသည်။ လောပန်လောင်းတို့၏ မျက်စိကျရာဒေသတစ်ခုဖြစ်ခဲ့သော မိုးကုတ်ရတနာမြေတွင် ထုတ်ယူသုံးစွဲကြသောပမာဏ တစ်နေ့တခြားတိုးတက်များပြားလာရာ ယခင်က တူးတိုင်းရခဲ့သောပတ္တမြားများ ယခုအခါ မရတော့။ မိုးကုတ်ပတ္တမြား ရှားပါးစပြုလာသော အခြေအနေတစ်ရပ်သို့ ရောက်ရှိပြီး ရှားပါးခြင်းနှင့်အတူ ယင်း၏ တစ်ကာရက်ဈေးနှုန်းများသည်လည်း တရိပ်ရိပ်တက်လာတော့သည်။

အရည်မကောင်း ဈေးကကောင်း

'ပတ္တမြားမှန်လျှင် နှံ့မနစ်' ဆိုသော စကားမှာ ပတ္တမြားကျောက်၏ အရည်အသွေးကို ထင်ဟပ်ပေါ်လွင်စေသည်။ ပတ္တမြား၏ဂုဏ်ကို တင်စားခေါ်ဝေါ်သော စကားပုံပေါင်းမြောက်မြားစွာတို့ဖြင့် အရည်အသွေးကောင်းသော ပတ္တမြားတစ်ကာရက်သည် သိန်းရာချီတန်သည်အထိ ရှိကြသည်။ မိုးကုတ်ပတ္တမြားမြေမှထွက်သောပတ္တမြားများမှာ အရည်အသွေးကောင်းများဖြစ်သဖြင့် ကျောက်လောကအ

တွင်း သိန်းဂဏန်းရာထောင်ချီကာ အရောင်းအဝယ်ရှိခဲ့ကြကြောင်း ပြည်တွင်းကျောက်ကုန်သည်အသိုင်းအဝိုင်းက ဆိုသည်။

သို့သော် ထုတ်ယူသုံးစွဲသည့်ပမာဏတစ်နေ့တခြားများပြားလာသောအချိန်တွင် အရည်အသွေးကောင်း မိုးကုတ်ပတ္တမြားရရှိမှုမှာ လျော့နည်းစပြုလာသည်။ လောပန်လောင်းတို့အခေါ် ထမင်းစားကျောက်များသာ အများဆုံးရရှိလာတော့သည်။ ယခင်က မိုးကုတ်သားများ၏ အပယ်ခံဖြစ်သော ဂေါ် (Silk) နယ်နေသည့်ကျောက်များကိုပင် ယခုအခါ မက်မက်မောမောရှာဖွေဆောင်းနေရသည်။

ဂေါ် (Silk) သည် မိုးကုတ်ဒေသထွက်ပတ္တမြားနှင့် နီလာတို့တွင် အထူးသဖြင့် တွေ့ရတတ်သည်။ ကျောက်ကြည့်မှန်ဘီလူးကြီးများဖြင့် စနစ်တကျကြည့်လျှင် တစ်ခုနှင့်တစ်ခုဆက်နေသည့်အပေါက်ငယ်၊ ချိုင့်ငယ်၊ တူးမြောင်းငယ်ကလေးများဖြစ်ကြပြီး ပတ္တမြား နီလာတို့၏ အလှအပကို ဖျက်ဆီးသောအရာများ ဖြစ်သည်။ ဂေါ်ကောင်းကွက်တစ်ခုမှာ ကျောက်စစ်လျှင် ဂေါ်ပါရမည်ဟူ၏။ ရှေးက ကျောက်သမားတို့သည် ကျောက်စစ် မစစ်ခွဲခြားရာတွင် ဂေါ်ပါ မပါကို သေချာစစ်ဆေးကြသည်။

မိုးကုတ်သားတို့၏အပယ်ခံဂေါ်ပါသောကျောက်တို့ကို ကျောက်သွေးဆရာများ၏ တီထွင်ဆန်းသစ်မှုဖြင့် ဂေါ်ကြီး၊ နီလာ ဂေါ်ကြိုး၊ ပတ္တမြားဂေါ်ကြိုး စသဖြင့် တန် ဖိုးရှိသော ဂေါ်ကြိုးကျောက်များ ဈေးကွက်အတွင်း တင်သွင်းလာနိုင်ခြင်းဖြင့် မိုးကုတ်မြေမှထွက်သော အရာမှန်သမျှ တန်ဖိုးကြီးပစ္စည်းများဖြစ်လာသည်။ ယခုတော့ မိုးကုတ်မြေမှ လောပန်လောင်းတို့သည် ပတ္တမြားနှင့်ပတ်သက်လျှင် အကာလည်း မပစ်နိုင် ဂေါ်ပါလည်းမလွှင့်နိုင် အရည်ကောင်းကောင်း မကောင်းကောင်း ရသမျှကို ရှာဖွေနေရသည်။ အရည်အသွေးကောင်း ပတ္တမြားရှာဖွေရရှိမှုလျော့နည်းလာသည်နှင့်အမျှ မြင့်လာသောတန်ဖိုးနှင့်အတူ အကာကျောက်၊ ဂေါ်ပါကျောက်များ၏တန်ဖိုးကလည်း ကျွဲကူးရေပါဆိုသလို တန်ဖိုးလိုက်ပါ မြင့်တက်လာရခြင်း ဖြစ်သည်။

အခန်းတွင်း၌ ပတ္တမြားရှာဖွေခြင်း

ကျောက်မျက်ရတနာများကို ရှာဖွေရခြင်းအလုပ်မှာ လွန်စွာခက်ခဲသောအလုပ်တစ်ခုဟု ယူဆထားကြသလို ကျောက်ကံဆိုသည့်အရာကလည်း ကျောက်ရှာဖွေသူများအတွက် လွန်စွာအရေးပါလှသည်။ "ကျောက်ကံရှိမှ ကျောက်အောင်သည်" ဆိုခြင်းမှာ လောပန်လောင်းတို့ပြောနေကျ စကားတစ်ခုပင်။ တူးတိုင်းမရ။ ကျောက်တို့သည် နတ်ကြီးသည်ဟု ကျောက်ရှာဖွေသည့် လောပန်လောင်းအများစုက ခံယူထားကြသည်။ သူတို့ခံယူထားကြသည့် ကျောက်ကံ။ ကျောက်သည် နတ်ကြီးသည်။ ကိုယ်နှင့်ထိုက်မှရသည်ဆိုသော အယူအဆအတွေးအခေါ်တို့ကို စိန်ခေါ်လာသည်ကလူသားတို့၏ တီထွင်စမ်းသပ်မှုများ ဖြစ်လာတော့သည်။

ပတ္တမြား၏ဖွဲ့စည်းတည်ဆောက်ပုံအရ ယင်းကျောက်တွင် အောက်ဆီဂျင်နှင့် အလူမီနီယံတို့ အချိုးတူပါဝင်တည်ဆောက်ထားသည်။ အဆိုပါဓာတူဗေဒဒြပ်ပေါင်းများသည် ပထဝီမြေကြီးအတွင်း နှစ်ပေါင်းများစွာ ရာနှင့်ချီ၍ စုဝေးကာ ထုထည်ကြီးတစ်ခုအဖြစ်တည်စေပြီးမှ တန်ဖိုးကြီးလှသော ပတ္တမြားဆိုသည့်ကျောက်မျက်ကို ဖြစ်ပေါ်စေသည်။ တစ်နေ့တခြားရှားပါး

လာသည့်အခြေအနေ၊ ယင်းနှင့်ဆက်နွယ်၍ မြင့်မားလာသောဈေးနှုန်း၊ ဝယ်လိုအားရှိလာသည်အချိန် လိုသလောက်ရှာမရသော စိတ်ကြိုက်ပတ္တမြားအရေအတွက် စသည့် အကြောင်းအရာများကို ကျော်လွှားရန် လူသားတို့သည် ပထဝီမြေကြီးအတွင်း နှစ်ပေါင်းရာနှင့်ချီမှဖြစ်သောကျောက်ကို သိပ်ံစမ်းသပ်ခန်းဟူသော ခန်းမကျယ်တွင်း၌ ရှာဖွေဖော်ထုတ်လာတော့သည်။ ယင်းမှ ဆက်လက်၍ ချက်ကျောက် (သို့မဟုတ်) သိပ်ံစမ်းသပ်ခန်းမှထွက်လာသော သိပ်ံကျောက်များသည် ကမ္ဘာ့ပတ္တမြားရောင်းဝယ်ရေးဈေးကွက်အသီးသီးသို့ တိုးဝင်ရောက်ရှိလာခြင်း ဖြစ်သည်။

ချက်ကျောက် (သို့မဟုတ်) သိပ်ံကျောက်

ကျောက်မျက်လောကအခေါ်အဝေါ်အရ ချက်ကျောက်ဟုဆိုသည့် လူလုပ်ကျောက်ကို ယနေ့စက်မှုထွန်းကားသောနိုင်ငံမှန်သမျှ ထုတ်လုပ်နိုင်စွမ်းရှိသည်ဟု ကျောက်မျက်ကုန်သည် ဦးလှဝင်းက ဆိုသည်။ ချက်ကျောက်သည် ယခုမှဈေးကွက်အတွင်းဝင်လာသည်မဟုတ်ဘဲ ရှေးယခင်ကတည်းက မွန်ပြည်နယ်တွင် ပြင်သစ်ချက်ကျောက်များခေတ်စားခဲ့သည့် ခေတ်တစ်ခေတ်ရှိခဲ့ကြောင်း ၎င်း၏အဆိုအရ သိရသည်။

ချက်ကျောက်တို့သည် အပြစ်အနာအဆာအလွန်ကင်းသည့်အပြင် သဘာဝပတ္တမြားထက်ပင် အရည်အသွေးအရောင်လှပကောင်းမွန်သဖြင့် လူကြိုက်များသော လူလုပ်ပတ္တမြားတစ်မျိုးဖြစ်သည်။ ချက်ကျောက်များ၏ ကောင်းခြင်းအဖြာဖြာအင်္ဂါရုပ်များသည် သဘာဝကျောက်မျက်များ၏ ကောင်းခြင်းအဖြာဖြာအင်္ဂါရုပ်များအတိုင်းထုတ်လုပ်နိုင်ကြခြင်းမှာ ချက်ကျောက်ဈေးကွက်ကျယ်ပြန့်စေသည့်အကြောင်းတစ်ချက်ဖြစ်သည်။ အချို့ကချက်ကျောက်ဆိုလျှင် အတုဟုထင်မှတ်သွားတတ်ကြသည်။

ယင်းနှင့်ပတ်သက်၍ ဦးလှဝင်း (လေသူရဲ) က "မြေကြီးထဲကပတ္တမြားမှာလည်း ဒီ ဓာတုဗေဒဖြစ်ပေါင်းတွေပဲပါတယ်။ ချက်ကျောက်မှာလည်း ဒီဖြစ်ပေါင်းတွေပဲ။ ပညာရှင်တွေက သေသေချာချာခွဲခြမ်းစိတ်ဖြာပြီးမှ ချက်ကျောက်ကိုထုတ်လုပ်တာ။ ပတ္တမြားနဲ့ပတ်သက်တဲ့စကားပုံတွေအတိုင်း ချက်ကျောက်ကို ယုံကြည်လို့ရတယ်" ဟု ရှင်းပြခဲ့သည်။

ချက်ကျောက်များ၏ အရည်အသွေးကောင်းမွန်မှု၊ ကျောက်သွေးဆရာများ၏ လက်စွမ်းပြမှုတို့ကြောင့် ယနေ့ကမ္ဘာ့ပတ္တမြားဈေးကွက်တွင် မိုးကုတ်ပတ္တမြားနှင့် ယှဉ်ပြိုင်ရောင်းလာနိုင်သော လူလုပ်ပတ္တမြားများ ဖြစ်လာရတော့သည်။ ချက်ကျောက်၏ထူးခြားချက်မှာ ပတ္တမြားအစစ်ကဲ့သို့မဟုတ်ဘဲ အပြစ်အနာအဆာမပါဂေါ်မပါ စင်းလုံးချောဖြစ်နေခြင်းပင်။ အဆိုပါထူးခြားချက်ကြောင့် ပတ္တမြားဈေးကွက်တွင် သိသာထင်ရှားလှစွာဖြင့် ချက်ကျောက်နှင့် တွင်းထွက်ပတ္တမြားကို သိသိသာသာခွဲခြားနိုင် စွမ်းရှိကြသည်။ ချက်ကျောက်ဟုဆိုသည့် သိပ်ံကျောက်က ကျောက်ကြည့်ဆရာတို့ကို ဝေခွဲမရစေသောအတွေးအချို့ ပေးစွမ်းနိုင်သည်။ သို့သော် ကျောက်လောကခံယူချက်ဖြစ်သည့် ပတ္တမြားမှန်လျှင် အပြစ်အနာအဆာရှိရမည်ဆိုခြင်းက ချက်ကျောက်များအပေါ် ထားရှိသည့် သံသယကိုပို၍ခိုင်မာ လာစေသည်။

ပတ္တမြားအတု

'စိန်ကဲ ကျောက်ကဲခတ်ရန်လွယ်သည်။ လူကဲခတ်မလွယ်' ဟု ဆိုသော်ငြား ခေတ်မီပြောင်းလဲတိုးတက်လာသောခေတ်တွင် ပတ္တမြားကဲခတ်ရန်ပင် ခပ်ခက်ခက်ဖြစ်လာသည်။ ကျောက်တု၊ လူလုပ်ကျောက်၊ အကြဲအဖန်ကျောက် စသည့် ကျောက်မျိုးစုံမှာ မြန်မာ့ရတနာလောကတွင် ပြန့်နေသည်။ လွန်စွာသတိထားနိုင်မှရောင်းသူဝယ်သူ တော်ကာကျမည့်အနေအထား၌ရှိသည်။ ကျောက်တုများကို ယေဘုယျသဘောအားဖြင့် (၅) မျိုးတွေ့ရှိရတတ်သည်ဟု ကျောက်မျက်ပညာရှင်အသိုင်းအဝိုင်းက သတ်မှတ်ထားကြသည်။ ယင်းမှာ . . .

(၁) လူလုပ်ကျောက်

(၂) ကျောက်တု

(၃) ထပ်ကျောက်

(၄) မျက်နှာပြင်ကို ပြုပြင်ထားသော ကျောက်

(၅) အပူစွမ်းအားဖြင့် ပြုပြင်ထားသောကျောက်ဟူ၍ဖြစ်သည်။

ပတ္တမြားလောကတွင်လည်း အ

ထက်ပါ ကျောက်ငါးမျိုးကို တွေ့ရှိရတတ်သည်။ လူလုပ်ပတ္တမြားသည် ၁၈၇၇ ခုနှစ်ကပင် စတင်ပေါ်ပေါက်လာသဖြင့် နှစ်ပေါင်း ၁၃၀ ကျော်ပြီဟု ဆိုသည်။ လူလုပ်ကျောက်ကို ပြင်သစ်နိုင်ငံက စတင်ခဲ့ခြင်းဖြစ်သည်ဟု မြန်မာ့ကျောက်မျက်လောကသားများက ခံယူထားကြသည်။ သဘာဝပတ္တမြားနှင့် ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ အားလုံး တူညီသည်။ သို့သော် သဘာဝပတ္တမြား၏ တန်ဖိုးလောက် မမြင့်သေး။ ယင်းမှာ ရတနာတစ်ခုဖြစ်ရန်အတွက်လိုအပ်သော ဂုဏ်သတ္တိများထဲမှ 'ရှားပါးခြင်း' ဆိုသည့်ဂုဏ်ကို မပိုင်ဆိုင်ခြင်းကြောင့်ပင်ဖြစ်သည်။ လိုသလောက်ရနေသော လူလုပ်ပတ္တမြားကြောင့် ပတ္တမြားလောကအတွင်း ဝေခွဲမရသော အကြောင်းအချက်တို့ များစွာဖြစ်ပေါ်နေဆဲဖြစ်သည်။ လူလုပ်ပတ္တမြားနှင့် သဘာဝပတ္တမြားတို့၏ ထင်သာမြင်သာသောကွဲပြားခြားနားချက်မှာ ကျောက်သွေးပုံ မတူညီခြင်းနှင့် လူလုပ်ပတ္တမြားသည် ကျောက်သွေးပုံလှပအောင်နှင့် ချွန်းစုံအောင်သွေးနိုင်ပြီး သဘာဝပတ္တမြားသည် အရည်ကို ခိုသွေးရသဖြင့် ကျောက်ပုံသဏ္ဌာန်မကျ၊ ချွန်းမစုံ ဖြစ်သည်ကို တွေ့ရခြင်းဖြစ်ကြောင်း ပညာရှင်များက ဆိုသည်။

အခြားအချက်တစ်ခုမှာ 'အင်ကလူးရှင်း' ဆိုသည့် 'သဘာဝသဏ္ဌာန်' အခြေအနေဖြစ်သည်။ အင်ကလူးရှင်းသည် ကျောက်အတုနှင့်အစစ်ကိုခွဲခြားရာ၌ အသေချာဆုံးထောက်ပြနိုင်သည်။ အချို့က 'အင်ကလူးရှင်း' ကို 'အမြှုပ်' ဟုခေါ်သည်။ ကျောက်လောကအတွင်း အင်ကလူးရှင်းကို အမြှုပ်ဟုလွဲမှားစွာသုံးစွဲခြင်းကိုမသင့်ဟု ဦးလှဝင်းက သုံးသပ်ထားသည်။

ကျောက်တုနှင့် ထပ်ကျောက်မှာ ကျောက်မျက်လောကအတွင်း ခွဲခြားရလွယ်သည်ဟုဆိုကြသည်။ စိန်ကြည့်မှန်ဘီလူး၊ ကျောက်ကြည့်မှန်ဘီလူးတို့အောက်တွင် မည်သို့မျှမလှည့်စားနိုင်။ ထပ်ကျောက်သည် လူလုပ်ကျောက်နှင့် သဘာဝကျောက်ကို အရောင်မဲ့ကော်ဖြင့်ကပ်ထားခြင်းဖြစ်သည်။ လက်ဝတ်ရတနာအတွင်း မြှုပ်၍ ပြုလုပ်ထားလျှင် ထပ်ကျောက်နှင့် ပတ်သက်၍ အလိမ်ခံရတတ်သည်။ ထပ်ကျောက်ကို နှစ်လွှာ သုံးလွှာအထိ ထပ်ပြီး ကျောက်လောကအတွင်း အရောင်းအဝယ် ပြုလုပ်တတ်ကြသည်။

မျက်နှာပြင်ကို ပြုပြင်ထားသော ကျောက်များထဲတွင် ဆိုးကျောက်များကို ထည့်သွင်းရန်လိုသည်။ မျက်နှာပြင်ကို ပြုပြင်ထားခြင်းဆိုသည်မှာ သဘာဝကျောက်သားမျက်နှာပြင်ပေါ်တွင်ရှိသော အကြည့်ရဆိုးသည့်ချို့ငဲ့များ၊ အပေါက်များကို အမျိုးတူကျောက်သား၊ အရောင်မဲ့ကော် စသည်တို့ဖြင့် ဖာထေးဖန်တီးထားခြင်းဖြစ်သည်။ မိုးကုတ်ဒေသ၌ပင် ဤကျောက်မျိုးတွေ့ရှိရတတ်သည်။ ကျောက်ကြည့်မှန်ဘီလူးအောက်တွင် ထင်သာမြင်သာသဖြင့် မည်သို့မျှ လိမ်ညာရောင်း၍မရပေ။

အရောင်ဆိုးကျောက်မှာမူ ဆိုးသည့် အရောင်ကောင်းလွန်းသဖြင့် ရံဖန်ရံခါ အလိမ်အညာမိတတ်သေးသည်။ အချို့သော ကျောက်ဆိုးဆေးများသည် ငရဲမီးဒဏ်ကိုပင် ခံနိုင်သည်။ အထူးပြုပြင်ထားသော ငရဲ မီးနှင့်စားမှသာ ဆေးဆိုးထားသော ကျောက်ဖြစ်ကြောင်း ထင်သာမြင်သာစေသည်။ မိုးကုတ်သားတို့သည် ဆိုးကျောက်ကို စစ်လိုပါက မှတ်ကျောက်ကိုအများဆုံးအသုံးပြုကြသည်မှာ မည်သည့် ဆိုးကျောက်မဆို မှတ်ကျောက်ဒဏ်မခံနိုင်၍ဖြစ်သည်။

နောက်ဆုံးတစ်ခုဖြစ်သည့် မီးအပူပေး၍ပြုပြင်ခြင်းမှာ လိမ်လည်ထားခြင်းမဟုတ်ဟု ကျောက်မျက်ပညာရှင်တို့ကဆိုသည်။ ကျောက်မှာကျောက်အစစ်ဖြစ်ပြီး အပူပေး၍ လှသထက်လှအောင်ပြုပြင်ထားခြင်းပင်ဖြစ်သည်။ ပတ္တမြားတစ်ခေတ်ပြောင်းရိုန်သည် မီးအပူပေး၍ ပြုပြင်နိုင်ခြင်းမှပင် စတင်ခဲ့သည်။ မီးဖြင့်အပူပေးပြုပြင်ထားသောကျောက်များသည် အရောင်အသွေးပိုကောင်းလာသဖြင့် ကမ္ဘာ့ပတ္တမြားဈေးကွက်၌ မြန်မာနိုင်ငံမှ မိုးကုတ်ထွက်ပတ္တမြားဟူ၍ပင် လိမ်လည်ရောင်းနိုင်သောအဆင့်သို့ပင် ရောက်ရှိနေပေသည်။ လူလုပ်ကျောက် (သို့မဟုတ်) ချက်ကျောက် (သို့မဟုတ်) သိပ္ပံကျောက်များထဲတွင် သဘာဝပတ္တမြားကို ယှဉ်နိုင်သည်မှာ မီးအပူပေး၍ပြုပြင်ထားသော ပတ္တမြားပင်ဖြစ်သည်။

ပတ္တမြားဝယ်ကြမည်ဆိုလျှင်

ပတ္တမြားဈေးကွက်၌ ပတ္တမြားဝယ်ကြမည်ဆိုလျှင် ရင်ဆိုင်ရနိုင်သည်မှာ သဘာဝပတ္တမြားနှင့် သိပ္ပံပတ္တမြား (ခေါ်) ချက်ကျောက်တို့ ဖြစ်သည်။

ပတ္တမြား၏ တန်ဖိုးသည် ထွက်ရှိရာဒေသနှင့်များစွာသက်ဆိုင်သဖြင့် မိုးကုတ်ပတ္တမြား၊ မိုင်းရှူးပတ္တမြား၊ နန့်ယန်းပတ္တမြား၊ ဗီယက်နမ်ပတ္တမြား၊ တရုတ်ပတ္တမြား စသဖြင့် ဒေသအလိုက်တန်ဖိုးများ ကွဲပြားခြားနားသွားရသည်။ မည်သို့ပင်ဆို စေမိုးကုတ်ပတ္တမြားကိုတော့ မည်သူမျှမမီ။ ပတ္တမြားဝတ်ဆင်လိုသူများ၏ ပထမဆုံးမေးခွန်းမှာ 'မိုးကုတ်ပတ္တမြားလား' ဆိုသည့်မေးခွန်းဖြစ်သည်။

ဒေသအလိုက်ထွက်သော ပတ္တမြားများနှင့်အပြိုင် ဈေးကွက်အတွင်း၌ ဝင်နေသည်က မီးအပူပေးခြင်းဖြင့် လှပလာသည့် သိပ္ပံကျောက်များဖြစ်လာသည်။ မိုးကုတ်ပတ္တမြားနှင့်ပင် ယှဉ်ပြိုင်နိုင်စွမ်းရှိလာခြင်းက သူ၏အရည်အချင်းကို ပြသနေခြင်းပင်။ တစ်နည်းအားဖြင့်ဆိုသော် ရှားပါးလာသော အရည်အသွေးကောင်းသည့် ပတ္တမြားတို့ ၏နေရာသို့ အစားသွင်းနိုင်ရန် လူသားတို့၏ဖန်တီးချက်တစ်ရပ်ပင်ဖြစ်သည်။ မည်သည့်ဒေသထွက် ပတ္တမြားမဆို အပူပေးခြင်းဖြင့် အဆင့်အတန်းမီ၊ အရည်အသွေးကောင်းပတ္တမြားတစ်ပွင့်အဖြစ် ဈေးကွက်၌ မြင်တွေ့ရသော်လည်း သိပ္ပံကျောက်များအနေဖြင့် ရှားပါးခြင်းဆိုသည့် ဂုဏ်ကိုတော့ ပိုင်ဆိုင်မထားပေ။

ယနေ့မြန်မာ့ကျောက်မျက်ရတနာလောကတွင် ကျောက်တုလား၊ ကျောက်စစ်လား၊ ချက်ကျောက် (ခေါ်) သိပ္ပံကျောက်လားဆိုသည်ကို ကျောက်မျက်ရတနာဓာတ်ခွဲစမ်းသပ်ခန်းများ၌ သွားရောက်စစ်ဆေးနိုင်ပြီ ဖြစ်သည်။ အဆိုပါစမ်းသပ်ခန်းများမှထွက်သောအဖြေသည် ရာနှုန်းပြည့်မဟုတ်သော်လည်း ၉၉ ရာခိုင်နှုန်းမျှမှန်ကန်ကြောင်း သက်သေများက ကျောက်မျက်လောကအတွင်း ရှိနေသည်။ ပတ္တမြားကို မဝယ်ခင်သေချာစွာစစ်ဆေးကြည့်ရန်နှင့် တတ်ကျွမ်းသော ကျောက်မျက်ပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်းရန်လိုပါသည်။ ဆိုလိုသည်မှာ မိမိလိုချင်သော ပတ္တမြားတစ်ပွင့်အတွက် ဉာဏ်ပူဇော်ခ (သို့မဟုတ်) စမ်းသပ်စစ်ဆေးခကို မနှမြော စေလိုပါ။

'ပတ္တမြားမှန်လျှင် နှံမနစ်' ဟူသော စကားပုံ ရှိပါသည်။ နည်းပညာတိုးတက်မှုအရ မည်သို့ပင်တုပပြုလုပ်စေကာမူ ပကတိသဘာဝတွင်းထွက်အရည်အသွေး ဒြပ်ဂုဏ်သတ္တိနှင့် ရှားပါးခြင်းဟူသော ရုပ်ဂုဏ်သတ္တိတို့နှင့် ပြည့်စုံသည့် မြန်မာ့ပတ္တမြားစစ်စစ်ကို ယှဉ်ပြိုင်အံ့မည်မထင်ပါ။ အဆိုပါပတ္တမြားကိုမှ အမြတ်တနိုးဝယ်ယူဝတ်ဆင်လိုသူများအဖို့ စနစ်တကျသေချာစွာစိစစ်ရွေးချယ်နိုင်ရေးသာ အရေးကြီးပါသည်။

ထို့အတူ တွင်းထွက်သယံဇာတတို့မည်သည် နိုင်ငံ၏ ဥစ္စာဓနတစ်နည်းအားဖြင့် ဂုဏ်ကျက်သရေပင်ဖြစ်ရာ 'ရှားပါးခြင်း' ဂုဏ်သတ္တိကို ယုတ်လျော့စေမည့် တရကြမ်းထုတ်ယူရောင်းချခြင်းငှာ မပြုစကောင်း။ ကမ္ဘာကျော်မြန်မာ့ပတ္တမြား၊ မိုးကုတ်ပတ္တမြား၏တန်ဖိုးကို ကမ္ဘာကသိ၍ရသလောက် ရောင်းသမျှ ဝယ်ယူနေကြသကဲ့သို့ ပင်ရင်းထွက်ရှိရာ မြန်မာနိုင်ငံသည်လည်း မိုးကုတ်ပတ္တမြား၏တန်ဖိုးအစစ်အမှန်ကိုသိရမည်ဖြစ်သည်။ တန်ဖိုးသိမှသာ တန်ဖိုးရှိသောအရာကို နိုင်ငံအတွက် မည်သို့တန်ဖိုးရှိအောင် အသုံးချရမည်ကို သိမည်မဟုတ်ပါလော။

စိုင်းအောင်

၂၀၀၈ ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကော်

ဘုရင့်နောင်ကုန်စည်ဈေးကွက်

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန် သီးနှံမျိုးစုံရောင်းဝယ်ရေး ဗဟိုဖြစ်သည့် ဘုရင့်နောင်ဈေးပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်း၏ ၂၀၀၈ ခုနှစ် အရောင်းအဝယ်သည် Recession ဟု ယတိပြတ်မပြောနိုင်လျှင်ပင် ပြီးခဲ့သည့်နှစ်များနှင့်နှိုင်းယှဉ်လျှင် သိသိသာသာ လေးလံထိုင်းမှိုင်းခဲ့သည်ကို တွေ့ရှိရသည်။

အထူးသဖြင့် မေလဆန်းက တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် စားဖိုဆောင်သီးနှံမျိုးစုံ အဓိကဝယ်လက်ကြီးတစ်ခုဖြစ်သော မြစ်ဝကျွန်းပေါ်ဒေသ၏ ဝယ်လိုအားသိသိသာသာ လျော့ပါးခဲ့ရသည်။ ထို့အတူ မြစ်ဝကျွန်းပေါ်ဒေသမှ တစ်ဆင့်ဝယ်ယူ၍ ရန်ကုန်တိုင်းနှင့် အထက်အညာဒေသများသို့ တင်ပို့ရောင်းချသည့် ဆန်ရောင်းဝယ်ရေးလုပ်ငန်းသည်လည်း ပုံမှန်အတိုင်း မဖြစ်ခဲ့ပေ။ အကျိုးဆက်တစ်ခုမှာ စက်သုံးဆီဈေးနှုန်းများ ကျဆင်းလာသော်လည်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများအနေဖြင့် အလုပ်အကိုင်မကောင်းသည်ကိုလည်း တွေ့ရှိရသည်။

ပုံမှန်မဟုတ်သည့် ဆန်

ဆိုင်ကလုန်းနာဂစ်မုန်တိုင်းကြောင့် စပါးကျိုးများ၊ ဆန်ဂိုဒေါင်များ ဆန်စက်များ၊ ကွဲ၊ နွားများနှင့် လယ်ယာလုပ်သားများ၊ လယ်မြေများ ထိခိုက်ခဲ့ရ၍ ဆန်ဈေးတက်မည်၊ ဆန်ပြဿနာပေါ်မည်ဟု ခန့်မှန်းထားကြသည်။

ဘုရင့်နောင်တွင် ဆန်အိတ်များ ရေစိုပျက်စီးသဖြင့် သိန်းရာချီ၍ ဆုံးရှုံးမှုများရှိသကဲ့သို့ ဆန်အိတ်များရေမစိုဘဲ တက်ဈေးရ၍ စိန်ဝယ်၊ ကားဝယ်သူများလည်းရှိခဲ့သည်။

ဧရာဝတီတိုင်းမှ ရန်ကုန်သို့ ဆန်အဝင်လျော့ကျမည်ဟု ယူဆထားသော်လည်း ဆန်အဝင်မလျော့ကျကြောင်း၊ ရန်ကုန်အိမ်ရှင်မများအကြိုက် အသင့်ခပ်ချက်နိုင်သည့် ထမင်းကောင်းပေါ်ဆန်းမွေးရှယ်ထိပ်စများ ဝယ်ယူရခက်ခဲကြောင်း သိရှိရသည်။

နာဂစ်စတင်ဝင်ရောက်မည့် သော

ကြာနေ့နံနက်က ဖျာပုံပေါ်ဆန်းမွေးတစ်အိတ် ၂၅,၀၀၀ ကျပ်၊ ၂၆,၀၀၀ ကျပ်၊ ဆန်ကြမ်း မြောင်းမြတစ်အိတ် ၁၆,၀၀၀ ခန့် ပေါက်ဈေးရှိရာမှ နာဂစ်တိုက်ပြီး ကုန်စည်ဒိုင်ပြန်ဖွင့်သည့် မေလ ၅ ရက်နေ့တွင် ပေါ်ဆန်းတစ်အိတ် ကျပ် ၃၂,၀၀၀၊ ကျပ် ၃၃,၀၀၀၊ ပေါ်ကျွဲတစ်အိတ် ကျပ် ၂၅,၀၀၀၊ ကျပ် ၂၆,၀၀၀ နှင့် ဆန်ကြမ်းတစ်အိတ် ကျပ် ၂၀၀၀ ထိ ခုန်ခဲ့ပြီးနောက် ဈေးနှုန်းပင်စုံစမ်းမေးမြန်းရာဘဲ ကြိုက်ရောင်းကြိုက်ဝယ်ဈေးနှုန်းများဖြစ်ပေါ်ခဲ့ကြောင်း ပေါ်ဆန်းတစ်အိတ် (အထိုင်ဈေး) ကျပ် ၄၀,၀၀၀၊ ကျပ် ၄၃,၀၀၀ ၊ ပေါ်ကျွဲတစ်အိတ် ကျပ် ၃၀,၀၀၀၊ ဆန်ကြမ်းတစ်အိတ် ကျပ် ၂၃,၅၀၀ အထိ မြင့်တက်ခဲ့သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က မတ်ပဲ Raw ပိသာ ၆၀ ဝင် တစ်အိတ် ၅၁,၀၀၀ ကျပ်၊ ပဲတီစိမ်းတစ်အိတ် ၆၃,၀၀၀ ကျပ်၊ မတ်ပဲ SQRC တစ်တန် ငွေတစ်လ ဆိုင်း ၆၅၇,၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်စဖြစ်ခဲ့ပြီး သြဂုတ်လ ၂၅ ရက်နေ့တွင် ပိသာ ၆၀ ဝင်တစ်အိတ် ကျပ် ၇၂,၈၀၀၊ ကျပ် ၇၄,၀၀၀ ကျပ်၊ မတ်ပဲ RC လက်ငင်း တစ်တန် ၇၅၀,၀၀၀ ကျပ်အထိ ဈေးအမြင့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ထို့နောက် စက်တင်ဘာ ၉ ရက်တွင် မတ်ပဲ လက်ငင်းတစ်အိတ် ၆၉,၃၀၀ ကျပ်၊ ၆၉,၀၀၀ ကျပ်၊ အောက်တိုဘာလ ပစ္စည်းအပ် ကျပ် ၇၃,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီးနောက် အောက်တိုဘာလ ၁ ရက်နေ့တွင် မတ်ပဲတစ်အိတ် ၆၇,၈၀၀ ကျပ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ၅၁,၀၀၀ ကျပ်၊ ဒီဇင်ဘာ ၁ ရက်နေ့တွင် ၄၁,၀၀၀၊ ၄၂,၀၀၀ ကျပ်နှင့် SQRC တစ်တန်လျှင် ၅၂၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။

ဝယ်လက်ကြီးပျောက် စားဖိုဆောင်သီးနှံ

စားဖိုဆောင်သီးနှံများဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီး၊ အာလူးဈေးကွက်သည် နာဂစ်မုန်တိုင်းကြောင့် အဓိကဝယ်လက်ကြီး တစ်လက်ဖြစ်သည့် မြစ်ဝကျွန်းပေါ်ဝယ်လက်ကြီး တစ်ခုလျော့သွားခဲ့ကြောင်း၊ ထို့ပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း အဝယ်နည်းကြောင်း၊ အထူးသဖြင့် ယခုနှစ်ရာသီဥတုကြောင့် ကြက်သွန်နီအရည်အသွေးကျဆင်းပြီး ဈေးနှုန်းများ ထိုးကျခဲ့သည်ကို တွေ့ရသည်။ နာဂစ်ကြောင့် ပင်လယ်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် လပွတ္တာ၊ ဟိုင်းကြီး၊ ဘိုကလေး၊ ရန်ကုန်တိုင်းအတွင်းမှ ငါးဖမ်းစက်လှေများ နစ်မြုပ်ခြင်း၊ ငါးဖမ်းလုပ်ငန်းများ လျော့ကျခြင်းကြောင့် ရေလုပ်သားများ စားသုံးမှုများသည့် ငရုတ်သီးနှင့် ကြက်သွန်ဝယ်လိုအား သိသိသာသာ လျော့ကျခဲ့ရသည်။

ထို့ပြင် နှစ်စဉ်နှစ်တိုင်း ထိုင်းနိုင်ငံမှာ ဝယ်ယူလေ့ရှိသည့် ကြက်သွန်ဖြူကို မဝယ်သဖြင့် ကြက်သွန်ဖြူဈေးနှုန်းများ သိသိသာသာကျဆင်းခဲ့ရသည်။ နှစ်စဉ်နှစ်တိုင်း ကြက်သွန်ဖြူတစ်ပိသာ ကျပ် ၁၀၀၀ ခန့် အောက်ခံဈေးရှိခဲ့သော်လည်း ယခုနှစ်တွင် ကျပ် ၂၀၀ အောက်ရောက်သည်အထိ ဈေးနှုန်းကျဆင်းခဲ့ရသည်။

ထို့ပြင် ကြက်သွန်နီစိုက်ပျိုးချိန်၌ မိုးရွာသွန်းခဲ့သဖြင့် ကြက်သွန်အရည်အသွေး မကောင်းသကဲ့သို့ ပြီးခဲ့သည့်နှစ်က ဈေးကောင်းရသဖြင့် ယခုနှစ်စိုက်ပျိုးသူများပြီး ထုတ်လုပ်မှု ပိုလျှံခဲ့ကြောင်း၊ ပြည်တွင်းစားသုံးမှုဈေးကွက်တစ်ခုတည်းသာရှိ၍ ကြက်သွန်နီဈေးနှုန်းများ တစ်ပိသာ အရင်း ၅၀၀ ကျပ်ခန့်ရှိပြီး နယ်ဈေးတွင် တစ်ပိသာ ၅၀ ကျပ်ခန့်သာရှိတော့ကြောင်း၊ ဈေးကျသော်လည်း ဝယ်လိုအားနည်းပါးကြောင်း၊ အခြားစားဖိုဆောင်သီးနှံများနည်းတူ ငရုတ်သီးဈေးနှုန်းမှာလည်း ကျဆင်းခဲ့ပြီး ထူးခြားချက်အနေဖြင့် ယခင်က ငရုတ်ရှည်နှင့် ငရုတ်ပုဈေးနှုန်းကွာခြားချက် တစ်ပိသာလျှင် ကျပ် ၂၀၀၀ ခန့်ရှိသော်လည်း ယခုနှစ်တွင် ဈေးနှုန်းတူညီလာခြင်းပင်ဖြစ်ကြောင်း၊ စားဖိုဆောင်သီးနှံဈေးကွက်တွင် ဟင်းအမယ်အဖြစ် စားသုံး၍ရသည့် အာလူးတစ်မျိုးသာ ဈေးနှုန်းအပြောင်းအလဲနည်းပါးစွာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရသည်။

စက်သုံးဆီဈေးကျ

လယ်ယာထွက်ကုန်သီးနှံမျိုးစုံ အရောင်းအဝယ်ထိုင်းမှိုင်းခြင်းကြောင့် အဝေးပြေးကုန်တင်ယာဉ်များ၏ ကုန်စီးဆင်းမှုမှာလည်း လေးလံခဲ့ရပြီး စက်သုံးဆီများသိ သိသာသာကျဆင်းလာခြင်း၊ ကုန်ရှား၍ ကားပေါ်နေခြင်းကြောင့် တန်ဆာခများလည်း လျော့ချပေးခဲ့သည်။

မုန်တိုင်းပြီးခါစက ရန်ကုန်တိုင်းအတွင်းမှ သတင်းပို့ထွက်ခွာသည့် ယာဉ်စီးရေ တစ်ရက်လျှင် ၂၅၀ စီးခန့်သာရှိသော်

လည်း နောက်ပိုင်းတွင် အစီးရေ ၃၅၀ ခန့် အထိ ပြန်လည်မြင့်တက်လာပြီး တစ်နှစ်ပတ်လုံးအနေဖြင့် တွက်ဆပါက ပျမ်းမျှ အစီးရေ ၃၀၀ ခန့် ပုံမှန်ဝင်ထွက်သွားလာပြီး ယခင်နှစ်က ဝင်ထွက်သွားလာသည့် စီးရေ ၄၀၀ နှင့် နှိုင်းယှဉ်လျှင် အနည်းငယ် လျော့ကျခဲ့သည်။

အဝေးပြေးကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်လောကဏ္ဍ၏ ထူးခြားချက်မှာ သတင်းပို့လက်မှတ်နှင့် ဂွန်လခြောက်ရက်နေ့မှစ၍ စက်သုံးဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ခြင်းပင်ဖြစ်သည်။ အစောပိုင်းတွင် ပြင်ပပေါက်ဈေးထက် ကျပ် ၂၀၀၀၀ ခန့်သက်သာခဲ့ပြီး နောက်ပိုင်းတွင် စက်သုံးဆီဈေးနှုန်းများ ကျဆင်းလာမှုကြောင့် ပြင်ပဈေးနှင့် တူညီလာခဲ့သည်။

ထို့ပြင် နယ်စပ်ကုန်သွယ်ရေးမှ တင်ပို့လျက်ရှိသည့် ငါးဆားနယ်တင်ပို့မှုမှာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းလာသကဲ့သို့ ယခင် တစ်ပိသာ ၆၀၀၀ ကျပ်ခန့်ရှိသော ငါးဆားနယ်ဈေးနှုန်းသည် ယခုအခါ ၄၀၀၀ ကျပ်ခန့်သာရှိတော့ကြောင်း၊ ငါးဆားနယ် အဓိကဝယ်ယူသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စက်ရုံများ ပိတ်၍ လုပ်သားများလျှော့ချသည့်အတွက် ငါးဆားနယ်စားသုံးမှု လျော့ကျခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ညောင်ပင်လေးဈေးကွက်

ရန်ကုန်အပါအဝင် မြစ်ဝကျွန်းပေါ်ဒေသကြီးတစ်ခုလုံးကို အဓိကအားထားရောင်းချလျက်ရှိသည့် လက်လီလက်ကားရောင်းချရာ ညောင်ပင်လေးပလာဇာဈေးကွက်သည် မေလ ၂ ရက်နေ့နှင့် ၃ ရက်နေ့တို့၌ မြန်မာနိုင်ငံ၏ အချက်အချာဒေသကြီးများကို ဝင်ရောက်မွေနှောက်သွားခဲ့သည့် ဆိုင်ကလုန်းနာဂစ်မုန်တိုင်းဒဏ်ကြောင့် ရတ်တရက်မြင့်တက်ခဲ့သည့် ဈေးနှုန်းအချို့တို့ ယင်းနောက်ပိုင်းကာလများတွင် ပြန်လည်ကျဆင်းသွားခဲ့သော်လည်း ဈေးကွက်မှာမူ အနည်းငယ်အေးနေခဲ့သည်။

ထို့နောက် စက်တင်ဘာလအတွင်း၌ တရုတ်မှသည် ကမ္ဘာ့အရေးဖြစ်သွားခဲ့ရသည့် နို့မှုန့်တွင် မယ်လမင်းပါဝင်မှုပြဿနာ၊ ယင်းနှင့်မရွေးမနှောင်းကာလတွင် အမေရိကန်ပြည်ထောင်စုမှစတင်ခဲ့သည့် ငွေကြေးအကျပ်အတည်းလှိုင်းကြောင့် နိုင်ငံအချို့တွင်ပါ ဂယက်ရိုက်ခတ်မှုခံခဲ့ရပြီး ဈေးနှုန်းကျဆင်းမှုများပါဖြစ်ပေါ်လာရာ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံနေသည့် မြန်မာနိုင်ငံတွင်လည်း ယင်းဂယက်တို့ကြောင့် နှစ်ကုန်ပိုင်းလအနည်းငယ်အချို့တို့တွင် ညောင်ပင်လေးဈေးကွက်မှာ ဈေးနှုန်းတို့ အကျဘက်သို့ ဦးတည်လာခဲ့သော်လည်း ဝယ်လိုအားနှင့်ကုန်စည်ဈေးနှုန်းတို့ အချိုးညီစေခဲ့သည့် ဘောဂဗေဒသဘောအရ ၂၀၀၈ ခုနှစ် ညောင်ပင်လေးပလာဇာဈေးကွက်မှာ ရေခဲစိမ်ဈေးကွက်အသွင်ဆောင်ခဲ့သည်ကို မြင်တွေ့ခဲ့ရပေသည်။

ညောင်ပင်လေးဈေးကွက်တွင် သက်တမ်းကြာရှည်စွာ ရောင်းချလာခဲ့သူတစ်ဦးကလည်း “ကာလအားဖြင့် မနှစ်က ဒီအချိန်

ဆို အရောင်းအဝယ်ဖြစ်နေတာ။ တန်ဆောင်မုန်းလကတည်းက မှန်းလို့ရတယ်။ တက်ရမယ့်အချိန်မှာ တက်မလာဘူး။ ဒီနှစ် အရောင်းအဝယ်ကတော့ မထင်မှတ်လောက်အောင် ဆိုးတယ်။ အရင်ထက် ၅၀ ရာခိုင်နှုန်းလောက်ထိ ကျသွားတယ်" ဟု ဈေးကွက်အရောင်းအဝယ်အနေအထားကို ရှင်းပြသည်။

မုန့်နှင့်အချို့ရည်စုံရောင်းချသည့် ဆိုင်ရှင်တစ်ဦးကလည်း "အခုချိန်မှာတော့ တစ်ပတ်မှာ တနလင်္ဂာတစ်ရက်ပဲ အရောင်းအဝယ်ရှိတယ်" ဟု ၎င်းကြုံတွေ့ရမှုကို ပြောပြသည်။

မျှခြေရောက်သကြား

ပြည်တွင်းသကြားထုတ်လုပ်မှုနှုန်းကျဆင်းခဲ့သည့်အတွက် ၂၀၀၆ ခုနှစ်ကစ်ချိန်တင်မြင့်တက်ခဲ့သည့် သကြားဈေးကြောင့် ငွေပိုလျှံသူအချို့ သကြားသိုလှောင်ဈေးကွက်တွင်းသို့ ဝင်ရောက်လုပ်ကိုင်လာခဲ့သည်။ တစ်ဖက်တွင်လည်း ယင်းသို့ဈေးကောင်းရသကြားကို စိုက်ဧကများတိုးချဲ့၍ ပိုမိုစိုက်ပျိုးလာခဲ့ကြသည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာလခန့်မှစ၍ သကြားဈေးနှုန်းများ လျော့ကျလာခဲ့ပြီး တစ်ပိသာ ၁၄၀၀ ကျပ်မှ ၁၀၀၀ ကျပ်ဝန်းကျင်သို့ ရောက်ရှိလာခဲ့သည်။ ထိုမှတစ်ဆင့် ထပ်မံကျဆင်းလာခဲ့ရာ ၂၀၀၈ ခုနှစ် ဧပြီလအရောက်တွင် တစ်ပိသာလျှင် ကျပ် ၇၀၀ နှင့် ၆၀၀ ကျပ်အထိ ထပ်မံပြုတ်ကျခဲ့သည်။ ယင်းနောက် ဧပြီလနောက်ဆုံးပတ်ခန့်အချိန်တွင် တစ်ပိသာလျှင် အမြင့်ဆုံးဈေးနှုန်းမှာ ကျပ် ၆၅၀ သာရှိခဲ့ပြီး အောက်စမှာ ၅၇၀ ကျပ်တွင်သာရှိတော့သည်။ ယင်းနောက် ဆက်လက်ငြိမ်ချက်သားကောင်းလာခဲ့ရာ မေလ ၂ ရက်နေ့ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးခဲ့သည့် သီတင်းပတ်အနည်းငယ်ခန့် အချိန်အတော်အတွင်း စားကုန်အပါအဝင် ကုန်ပစ္စည်းအချို့တို့ ဈေးနှုန်းခုန်တက်သွားသော်လည်း သကြားမှာမူ သိသာစွာ လှုပ်ခတ်မှုမရှိခဲ့သည်ကို တွေ့ရသည်။ သို့သော် ဇူလိုင်လအတွင်း၌ အမြင့်ဆုံးဈေးနှုန်း ၈၀၀ ကျပ်

သို့ ပြန်လည်မြင့်တက်သွားပြီး ပြည်တွင်းသုံးစွဲမှု ဖူလုံမှုအနေအထားလွန်အဆင့်သို့ ရောက်ရှိလာခဲ့သည့် သကြားမှာ ယင်းသို့တစ်ကြော့ပြန်ဈေးနှုန်း မြင့်တက်မှုရှိလာခဲ့သော်လည်း ယခင်နှစ် အမြင့်ဆုံးဖြစ်ခဲ့သည့် နှုန်းထားတစ်ရပ်သို့ ပြန်လည်မရောက်ရှိနိုင်တော့ကြောင်း ဝါရင့်သကြားရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတို့က သုံးသပ်ခဲ့ကြသည်။ ယင်းနောက်ပိုင်းတွင်မူ အဆိုပါ သကြားဈေးနှုန်းများမှာ ဆယ်ဂဏန်းဝန်းကျင်အတွင်းသာ အတိုးအဆုတ်နှင့် ဆက်သွားနေခဲ့ရာမှ အောက်တိုဘာလတွင် ၇၅၀ ကျပ်ခန့်အထိ ပြန်လည်ကျဆင်းလာခဲ့ပြီး နိုဝင်ဘာလနှောင်းပိုင်းမှစ၍ တစ်ပိသာလျှင် ၆၇၀ ကျပ်၊ ၆၈၀ ကျပ်အထိသို့ ပြန်လည်ရောက်ရှိခဲ့ပြန်သည်။ ဝယ်လက်များအနေဖြင့် ပုံမှန်သာရှိနေခဲ့ပြီး ၂၀၀၈ နှောင်းပိုင်းလများမှာ ခပ်ပါးပါးသာ ဈေးကွက်ဖြစ်ထွန်းမှုရှိခဲ့ကြောင်း ပွဲရုံလုပ်ငန်းရှင်တို့ထံမှ သိရှိရသည်။

နို့ဆီနှင့် မယ်လမင်းဂယက်

တစ်နှစ်လုံး၏ နို့ဆီဈေးကွက်တွင်းဈေးနှုန်းများမှာ ငြိမ်သက်မှုရှိခဲ့သည်။ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးသောအချိန် သီတင်းပတ်အနည်းငယ်အတွင်းသာ ကျပ်ထောင်ဂဏန်းဝန်းကျင်အထိ မြင့်တက်မှုရှိခဲ့ပြီး မကြာမီရက်ပိုင်းအတွင်း ပြန်လည်ကျဆင်းခဲ့သည်ကိုတွေ့ရသည်။ ပျမ်းမျှအားဖြင့် ကျပ် ၈၀၀ ဝန်းကျင်တွင်၌သာ တစ်နှစ်ပတ်လုံး ငြိမ်နေခဲ့သည်ကို တွေ့ရသည်။ ယခုနှစ် ဇွန်လပိုင်းခန့်တွင် ပြည်ပမှ Shal အမှတ်တံဆိပ် နို့ဆီတစ်မျိုး ဈေးအမြင့်နှုန်းထားတစ်ရပ်ဖြင့် ဈေးကွက်တွင်းသို့ ကြော်ငြာအားကောင်းကောင်းဖြင့် ထိုးဖောက်ဝင်ရောက်လာခဲ့သည်ကို တွေ့ရှိရသော်လည်း ယင်းကဲ့သို့ ပြည်ပမှတင်သွင်းထားပြီး ပြည်တွင်းဈေးကွက်ဝေစု အများဆုံးရရှိထားသည့် Dawn အမှတ်တံဆိပ်နို့ဆီကို ကျော်ဖြတ်နိုင်ခြင်းမရှိသေးကြောင်း ဈေးကွက်တွင်း ရောင်းချသူတို့က ဆိုသည်။

စက်တင်ဘာလအတွင်းက ဖြစ်ပေါ်ခဲ့သည့် နို့မှုန့်အတွင်း မယ်လမင်းပါဝင်မှုပြဿနာကြောင့် ယင်းနှင့်ဆက်စပ်ပစ္စည်းများ ရောင်းချရမှုမှာ လျော့ကျခဲ့သော်လည်း သက်ဆိုင်ရာက တရားဝင်စစ်ဆေးမှုပြီးစီး၍ အန္တရာယ်ကင်းရှင်းကြောင်း ထောက်ခံချက်ရရှိပြီးသည့် ကြော်ငြာများကို ထည့်သွင်းကြော်ငြာခဲ့ပြီးနောက်ပိုင်း ရက်အနည်းငယ်အတွင်း၌ပင် ပုံမှန်ပြန်လည်ရောင်းချရမှုများရှိလာခဲ့ဟု ဈေးကွက်တွင်းမှ သိရှိရသည်။ ထို့အတူ နိုဝင်ဘာလ

တတိယပတ်အတွင်း သိရှိရမှုများအရ ယင်းရက်များအတွင်း One Tea နှင့် ဘိုမခြင်းဆွဲနို့ဆီတို့မှာ အရောင်းမြှင့်တင်သည့် အစီအစဉ်များရှိနေသည့်အတွက် ရောင်းအားပိုသွက်လျက် ရှိနေခဲ့သည်ဟု ညောင်ပင်လေးစျေးကွက်အတွင်းမှ သိရသည်။

စားသုံးသူတို့ဘက်မှ နို့မှုန့်ပြဿနာနှင့်ပတ်သက်၍ အာရုံစိုက်မှု အနည်းအကျဉ်းသာရှိတော့ကြောင်း ညောင်ပင်လေးစျေးကွက်တွင်းရှိဝါရင့် ရောင်းဝယ်ရေးသမားတစ်ဦးက သုံးသပ်ပြောပြသည်။

အကျဘက်ဦးတည်သည့်ဆပ်ပြာ

ပြည်ပမှ ကုန်ကြမ်းမှာယူ၍ ပြည်တွင်းလုပ်ငန်းရှင်များမှ ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ထုတ်လုပ်ဖြန့်ချိစနစ်သုံး ရွှေဝါဆပ်ပြာတောင့်များမှာ နှစ်တစ်နှစ်လုံး ခိုကြည့်လျှင် စျေးနှုန်းမှာ ၁၆,၅၀၀ ကျပ်ဝန်းကျင်တွင်သာငြိမ်သက်နေရာမှ နာဂစ်မုန်တိုင်းအပြီးတွင် ကျပ် ၁၀၀၀ ခန့် စျေးပြုတ်ကျခဲ့ပြီး ဝယ်လက်လည်း အေးနေသည်ဟု ညောင်ပင်လေးပလာဇာစျေးကွက်အတွင်း ဆပ်ပြာလုပ်ငန်းလုပ်ကိုင်သူတို့ထံမှ သိရှိရသည်။ ယင်းနောက်တွင် ပုံမှန်စျေးနှုန်းသို့ပြန်လည်မြင့်တက်သွားခဲ့ပြန်သည်။ အောက်တိုဘာလဆန်းတွင်မူ ရွှေဝါဆပ်ပြာ တစ်ဖာလျှင် ၁၅,၄၀၀ ကျပ်သာရှိတော့သည်။ နယ်ဝယ်လက်များ၏ ဝယ်လိုအားမှာလည်း ထက်ဝက်နီးပါးခန့် လျော့ကျခဲ့ကြောင်းနှင့် ပြည်ပမှတင်သွင်းရသည့် ကုန်ကြမ်းစျေးနှုန်းများလည်း လျော့ကျနေသည့်အတွက် ဆပ်ပြာစျေးတက်နိုင်ဖွယ်မရှိသေးဟု ရောင်းဝယ်သူအချို့က သုံးသပ်ကြသည်။

ယင်းသို့ နိုင်ငံပိုင်စက်ရုံထုတ် ရွှေဝါဆပ်ပြာတောင့်တို့ စျေးနှုန်းများကျဆင်းမှုရှိနေသော်လည်း အဆိုပါစက်ရုံထုတ် မြန်မာကာဘော်လိပ်မှာ စျေးနှုန်းငြိမ်နေသည်ကို တွေ့ရှိရသည်။

၂၀၀၈ ခုနှစ်အတွင်း ပြည်တွင်းဆပ်ပြာမွေးစျေးကွက်အတွင်းသို့ အမှတ်တံဆိပ်အသစ်တို့ ထပ်မံဝင်ရောက်လာမှု များပြားလာခဲ့ကာ စျေးကွက်ဝေစုရရှိရန် အပြိုင်အဆိုင်ထိုးဖောက်လာခဲ့သည်။

ဆပ်ပြာမှုန့်စျေးကွက်တွင်မူ ဆပ်ပြာတောင့်နည်းတူ တည်ငြိမ်သည့်နှုန်းထားတစ်ရပ်ရှိခဲ့သော်လည်း မေလဆန်းပိုင်းတွင်မူ ပြည်ပမှ ကုန်ကြမ်းပစ္စည်းစျေးမြင့်တက်မှုရှိခဲ့သည့်အတွက် အနည်းငယ်စျေးပြန်မြင့်မှုရှိခဲ့သည်။ ဆပ်ပြာမှုန့်စျေးကွက်အတွင်း အီလန်နှင့် သက်သာဆပ်ပြာမှုန့်တို့မှာ စျေးကွက်ဝေစုများစွာ ရရှိထားသည်ဟုလည်း ညောင်ပင်လေးစျေးပလာဇာအတွင်းမှ သိရသည်။ ဆပ်ပြာခရင်မ်များတွင်လည်း ယခင်စျေးကွက်တွင်း ဝေစုအများဆုံးရယူထားခဲ့သည့် Fuju နှင့်အပြိုင် Oki ဆပ်ပြာခရင်မ်မှာလည်း စျေးကွက်ဝေစုကို ရယူလျက်ရှိနေသည်ကို တွေ့ရှိရသည်။

ပြည်ပ Coffee Mix စျေးဆက်ကျ

၂၀၀၈ ခုနှစ် နှစ်လယ်ပိုင်းခန့်အတွင်းမှစတင်ပြီး ပြည်ပမှတင်သွင်းသည့် ကော်ဖီမစ်တို့ စျေးကွက်အတွင်း အားသာချက်ရရှိလာခဲ့သည်။ ယခင်က ပြည်တွင်းထုတ်ကော်ဖီမစ်စျေးနှုန်းအောက်တွင် ရှိနေ

ခဲ့ရာမှ ပြည့်မီသည့်အရည်အသွေးအားသာချက်ကြောင့် တစ်ဟုန်ထိုးနေရာယူနိုင်ခဲ့ပြီး ဈေးနှုန်းများလည်း မြင့်တက်သွားခဲ့သည်။ ယင်းနှင့်အတူ ဈေးကွက်တွင်း ရောက်ရှိနေသည့် အမှတ်တံဆိပ်တို့အပြင် အခြားအမှတ်တံဆိပ်များပါ စုံလင်စွာ ဝင်ရောက်လာခဲ့ပြီး အဆင့်မြင့်ကော်ဖီဆိုင်ကြီးများတွင် သာရရှိနိုင်သည့် Cappuccino 3 in 1 ကော်ဖီမစ်အထုပ်များဖြင့် ရရှိလာခဲ့သည်ကို တွေ့ရှိရသည်။ ထို့ပြင် ထိုင်းနိုင်ငံထုတ် Supper Coffee Mix အမှတ်တံဆိပ်မှာ ဈေးကွက်တွင်း ဝင်ရောက်လာခဲ့သော်လည်း ပြည်တွင်းထုတ် Super အမှတ်တံဆိပ်ကို ကျော်လွှန်နိုင်ခြင်းမရှိဘဲ လအနည်းငယ်အတွင်း ဝင်ရောက်မှုမရှိသလောက်ဖြစ်သွားခဲ့သည်ဟု ဈေးကွက်အတွင်းမှ သိရှိရသည်။ ဈေးနှုန်းမြင့်တက်ခဲ့သည့် ထိုင်းနိုင်ငံမှဝင်ရောက်သည့် ကော်ဖီမစ်တို့မှာ အောက်တိုဘာလကုန်ပိုင်းတွင် ဈေးအနည်းငယ်ပြန်ကျခဲ့ပြီး နိုဝင်ဘာလကုန်ခန့်တွင် ယခင်ပေါက်ဈေးနှုန်းနီးပါးအထိ ပြန်လည်ကျဆင်းသွားခဲ့ကြောင်း ညောင်ပင်လေးပလာဇာဈေးကွက်တွင်းမှ သိရသည်။

ပြည်တွင်းထုတ် ကော်ဖီမစ်တွင် နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး၌ အချို့မှာ ဈေးနှုန်းမြင့်တက်သွားခဲ့သော်လည်း နောက်ပိုင်းတွင် တဖြည်းဖြည်း ပြန်လည်လျော့ကျလာခဲ့ရာ အောက်တိုဘာလတွင် ပုံမှန်နှုန်းထားတစ်ရပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အေးစက်စက် အချို့ရည်ဈေးကွက်

ယခုနှစ်တစ်နှစ်လုံးအတိုင်းအတာအတွင်း ပြည်တွင်းထုတ်အချို့ရည်များ ဈေးတည်ငြိမ်နေသကဲ့သို့ အရောင်းအဝယ်မှာလည်း တရုတ်နှစ်သစ်ကူးချိန်၊ သင်္ကြန်ပွဲတော်ကာလရှိသည့် ဧပြီလအတွင်းနှင့် တန်ဆောင်တိုင်ကဲ့သို့သော အချိန်တို့တွင် အရောင်းသွက်ချိန်ရှိကြောင်း၊ သို့သော်လည်း ယမန်နှစ်ရောင်းအားကိုမူ ပြည့်မီခြင်းမရှိကြောင်း ညောင်ပင်လေးပလာဇာဈေးကွက်မှ သိရသည်။

ပြည်ပမှဝင်ရောက်သည့် အချို့ရည်များတွင် ၂၀၀၈ နှစ်ဆန်းပိုင်း၌ ကျပ်ရာဂဏန်းအထက်ရှိခဲ့သော်လည်း ဖေဖော်ဝါရီလအတွင်း ပြန်ကျဆင်းခဲ့သည်။ မတ်လဆန်းနှင့် နိုဝင်ဘာလနှောင်းပိုင်းတို့တွင်လည်း ကျပ်ထောင်ဂဏန်းပမာဏအထိ မြင့်တက်ခဲ့မှုရှိနေခဲ့သည်။ အရောင်းအဝယ်မှုမှာ ပုံမှန်အနေအထားတွင်ရှိသော်လည်း ပစ္စည်းအဝင်ပြတ်လပ်ခြင်းကြောင့်ဖြစ်သည်ဟု ပြည်ပထုတ်အချို့ရည်မျိုးစုံ တင်သွင်းရောင်းချလျက်ရှိသူများက ဆိုသည်။

လူပ်ခတ်မှုနည်းခဲ့သည့် ငါးသေတ္တာအသားဘူး

ယခုနှစ်အတွင်း ပြည်ပမှဝင်ရောက်သည့် Hi-Q နှင့် Family အမှတ်တံဆိပ်ငါးသေတ္တာဘူးများမှာ တစ်နှစ်လုံးနီးပါးအဝင်တန့်နေခဲ့ပြီး ဇူလိုင်လအတွင်းကသာ Hi-Q နှင့် Family မှာ အလှည့်ကျဝင်ရောက်ခဲ့ကြောင်း ညောင်ပင်လေးဈေးကွက်အတွင်းမှ သိရှိရသည်။ ပစ္စည်းအဝင်ပြတ်ခဲ့သည့်အတွက် ဈေးကွက်အတွင်း နှုန်းထားအနည်းငယ်မြင့်တက်မှုရှိခဲ့သည်ကို တွေ့ရှိရသည်။

ဈေးကွက်ဝေစုများစွာရရှိထားသည့် ပြည်တွင်းထုတ် Ready အမှတ်တံဆိပ်ငါးသေတ္တာဘူးအချို့မှာ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးသည့်နောက်ပိုင်း ပစ္စည်းပြတ်ခဲ့ပြီး ဈေးနှုန်းအနည်းငယ်မြင့်တက်သွားခဲ့ရာမှ ဇွန်လနှောင်းပိုင်းတွင်မူ ဈေးကွက်တွင်းသို့ အမျိုးအစားစုံ ပြန်လည်ဝင်ရောက်လာခဲ့သည်။ ဩဂုတ်လနှောင်းပိုင်းတွင်မူ ဈေးနှုန်းပြန်လည်ကျဆင်းလာသည်ကို တွေ့ရှိရသည်။ ဒီဇင်ဘာဒုတိယပတ်တွင်မူ အတက်အကျမရှိဘဲ ဈေးနှုန်းငြိမ်သက်လျက်ရှိကြောင်း ညောင်ပင်လေးဈေးကွက်တွင်းမှ သိရသည်။

နိုင်မင်းဝေ ၊ စာလီကျော်

မစားသော်လည်း အားထားစိုက်သည်

နိုင်မင်းဝေ

မြောက်လေအတိုက်တွင် အသံထွက်အောင် ယိမ်းနွဲ့ပွတ်တိုက်နေသည့် ရွှေဝါရောင်ဝင်းမှည့်နေသော စပါးခင်းများအလယ်၌ ဦးရမ်းမကျီးတစ်ယောက် တံစဉ်တစ်ချောင်းနှင့် စပါးပင်များကို လျင်လျင်မြန်မြန် သွက်သွက်လက်လက်ရိတ်သိမ်းနေသည်။

ရန်ကုန်–မန္တလေး အဝေးပြေးကားလမ်းမကြီး၏နံဘေး ပဲခူးတိုင်းအရှေ့ခြမ်း ညောင်လေးပင်မြို့နယ် သူဌေးကုန်းကျေးရွာတွင်နေထိုင်သည့် အသက် ၃၈ နှစ်အရွယ် မြန်မာနိုင်ငံဖွား အိန္ဒိယနွယ်ဖွားတစ်ဦးဖြစ်သည့် ဦးရမ်းမကျီးသည် မြေအစိုဓာတ်မလျော့သေးခင် စပါးမြန်မြန်ရိတ်သိမ်း၍ မတ်ပဲစိုက်ရန် စိတ်စောနေလျက်ရှိသည်။

ဦးရမ်းမကျီးကဲ့သို့ပင် ခေတ်သစ် မြန်မာလယ်သမားအများစုသည် မိုးစပါးစိုက်ပြီးလျှင် မြေကိုအနားမပေးနိုင်ဘဲ နွေစပါးနှင့် ပဲမျိုးစုံကို ဆောင်းသီးနှံအဖြစ် နှစ်စဉ်စိုက်ပျိုးလာသည်မှာ ၁၀ စုနှစ်တစ်ခု ကျော်ခဲ့ပြီဖြစ်သည်။

"ဒီနှစ်စပါးဈေးက နှစ်သိန်း၊ ပဲက ၂၅၀၀၀" ဟု ရိတ်သိမ်းလက်စ မနောသုခ စပါးကိုညွှန်ပြရင်း စပါးတင်း ၁၀၀ ပေါက်ဈေးနှင့် ပဲတစ်တင်းပေါက်ဈေးကို ပြောပြသည်။ ဦးရမ်းမကျီးတို့ရွာမှ လယ်သမားများအနေဖြင့် ရွှေဝါထွန်းနှင့် မနောသုခ စပါးမျိုးများကို မိုးရာသီ၌ စိုက်ပျိုးပြီး ဆောင်းရာသီ၌ မတ်ပဲနှင့် ပဲတီစိမ်းကို အဓိကစိုက်ပျိုးကြလေ့ရှိသည်။

အာဆီယံမှာ အများဆုံး

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် ပဲအများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး စိုက်ဧကနှင့်ထုတ်လုပ်မှုစာရင်းများအရ ၁၉၈၈

ခုနှစ်တွင် ပဲမျိုးစုံစိုက်ဧက ၁ ဒသမ ၈ သန်း ခန့်မှ တန်ချိန် တစ်သိန်းခုနစ်သောင်း ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုအခါ စိုက်ဧကအနေ ဖြင့် ၁၀ ဒသမ ၄၅ သန်းကျော်နှင့် ထုတ်လုပ်မှုတန်ချိန် ၄၉ ဒသမ ၇၅ သိန်းခန့် အထိတိုးတက်ထုတ်လုပ်နိုင်ခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယပဲအများဆုံး တင်ပို့သည့်နိုင်ငံ ဖြစ်သည်။

မြေကိုအနားပေး

ဆောင်းသီးနှံအဖြစ် စပါးပြီး စပါး စိုက်ပျိုးခြင်းထက် ပဲစိုက်ပျိုးခြင်းသည် အပင်တစ်မျိုးတည်းကို ထပ်ခါထပ်ခါ စိုက်ပျိုးခြင်းမဟုတ်၍ မြေကို အနားပေးရာ ရောက်ကြောင်း၊ စပါးသည် ရေကို အဆက်မပြတ်သွင်းရသဖြင့် ပေါင်းမြက်ထူပြီး မြေကျွံသည့် အားနည်းချက်ရှိကြောင်း၊ ပဲသည် ရေ တစ်ကြိမ်နှစ်ကြိမ်ပေးရုံနှင့်ရပြီး မြေဩဇာလည်း သိပ်မကျွေးရသဖြင့် မိုး စပါးပြန်စိုက်ချိန်၌ မြေဆီမြေဩဇာတက် သည်ဟု မြန်မာတောင်သူလယ်သမားများက သိမြင်လက်ခံထားကြသည်။

ငွေကြေးအရတွက်ခြေကိုက်

ပဲသည် ကရိကထနည်းပြီး အရင်းလည်းနည်းကာ ဈေးကောင်းရ၍ ငွေပေါ်လွယ်ကြောင်း၊ စပါးတစ်ဧကနှင့် ပဲတစ်ဧက ဝင်ငွေချင်းနှိုင်းယှဉ်လျှင် ပဲကများစွာသာကြောင်း ပဲစိုက်တောင်သူများက ဆိုသည်။

ပဲတစ်ဧကစိုက်မည်ဆိုလျှင် မြေထွန်ခ ၁၅၀၀၀ ကျပ်၊ ခုတ်မောင်း (ရိုးပြတ်ခုတ်) ၆၀၀၀ ကျပ်၊ စက်သုံးဆီဖိုး ၄၀၀၀ ကျပ်၊ မျိုးတစ်တင်း ၂၀၀၀၀ ကျပ်၊ ပဲဆွတ်ခ ၂၅၀၀၀ ကျပ်၊ အရွက်ဖျန်းဆေးပိုးကျ၍ ပိုးသတ်ဆေးသုံးလျှင် ကျပ် ၇၀၀၀၀ ခန့် စုစုပေါင်း စိုက်ပျိုးစရိတ် ကျပ် ၁၄၀,၀၀၀ ခန့်ကုန်ကျပြီး ပဲတစ်ဧကက ပျမ်းမျှ ၁၅ တင်းခန့်ထွက်ပြီး လက်ရှိပေါက်ဈေးအနေအထားအရ ကျပ်သုံးသိန်းခွဲကျော်ရနိုင်သည်ဟု ဧရာဝတီတိုင်း ကျောင်းကုန်းမြို့မှ ပဲစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

"ပဲစိုက်တဲ့အချိန်ဝယ်တဲ့ မျိုးပေါက်ဈေးဟာ ပဲပေါ်ချိန်ရဲ့ အောက်ခံဈေးပဲ" ဟု ၎င်းက တောင်သူများ၏ ပဲဈေးနှုန်းခန့်မှန်းတွက်ချက်ပုံကို ပြောကြားသည်။

ပြည်ပသို့တင်ပို့သည်ဆိုရာဝယ်

မြန်မာနိုင်ငံ၏ ပြည်ပသို့ ပဲတင်ပို့မှုဖြစ်စဉ်အဆင့်ဆင့်ကို လေ့လာကြည့်လျှင် ဦးစွာစိုက်ပျိုးထုတ်လုပ်သူ ပဲတောင်သူများထံမှ ဒေသခံလှော်လက်များ သို့မဟုတ် နယ်ပွဲစား၊ မြို့ပွဲရုံအဝယ်တော်များက ဝယ်ယူကြပြီး ဒေသအလိုက် ကုန်စည်ဒိုင်များတွင် ရောင်းဝယ်ကြသည်။

ဒေသအလိုက် ကုန်စည်ဒိုင်များမှ

တစ်ဆင့် မြို့ပွဲရုံကုန်သည်များက ဝယ်ခြင်း၊ မြို့လောင်လက်များကဝယ်၍ ကုမ္ပဏီများသို့ရောင်းခြင်း၊ ကုမ္ပဏီများမှတစ် ဆင့် ရန်ကုန်နှင့်မြို့ကြီးနှစ်မြို့ရှိ ကုမ္ပဏီများသို့ တင်ပို့ရောင်းချပြီးနောက် ပြည်ပသို့ နယ်စပ်ကုန်သွယ်ရေးမှဖြစ်စေ၊ ပုံမှန်ကုန်သွယ်ရေးမှဖြစ်စေ တင်ပို့ကြသည်။

ယင်းဈေးကွက်ရှိ ဈေးနှုန်းများသည် တောင်သူများနှင့်မဆိုင်ဘဲ ဈေးနှုန်းအများစုသည် မြို့ပေါ်ရှိ ကုန်သည်ပွဲစားများနှင့် ကုမ္ပဏီကြီးများ၏ လက်ထဲတွင်သာရှိကြောင်း၊ အစဉ်အလာအားဖြင့် မြန်မာတောင်သူများသည် ထန်းလျက်တစ်ပိသာ ဆန်တစ်ပြည်၊ ပဲတစ်ပိသာ ဆန်တစ်ပြည်၊ ကြက်သွန်တစ်ပိသာ ဆန်တစ်ပြည် နှုန်းတို့ဖြင့် ကုန်ပစ္စည်းချင်း တန်ဖိုးယှဉ်တွက်လေ့ရှိကြသည်။

မြန်မာနိုင်ငံ၏ အဓိက ပဲဝယ်လက်သည် အိန္ဒိယနိုင်ငံဖြစ်ပြီး ရာသီဥတုအနေအထားကြောင့် အိန္ဒိယတွင် ပဲပြတ်နိုင်သည်၊ ပဲရှားနိုင်သည် ဆိုသည့်သတင်းများကြောင့် ကြိုရောင်းကြိုဝယ်သူများအနေဖြင့် ပြည်တွင်းတွင် ပေါက်သည့်ဈေးထက် ဈေးပိုမိုပေးဝယ်ယူမှုများကြောင့် FOB ဈေးနှုန်းထက် ပြည်တွင်းပေါက်ဈေးများ သိသိသာသာမြင့်နေခဲ့ကြောင်း၊ အိန္ဒိယက ပဲအဝယ်နည်းသည့်အခါ ပဲရောင်းဝယ်ရေးလောကတွင် ဈေးနှုန်းအလွန်အမင်းဟသွားပြီး စာရင်းမနိုင် ငွေမရှင်းနိုင်သည့်ပြဿနာများ အောက်တိုဘာလဆန်းမှစ၍ ဖြစ်ပေါ်ခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်အခြေ စိုက်ပြည်ပသို့ ပဲမျိုးစုံတင်ပို့နေသူတစ်ဦးက ဆိုသည်။

ကြိုရောင်းကြိုဝယ်

"နှစ်စကတည်းက ကြိုပွိုင့်တွေ ပုံမှန်ထက် ဈေးပိုပေးခဲ့တယ်။ အခု ဈေးကွာဟတော့ ဟက်တက်ကွဲကြတာပေါ့" ဟု လုပ်သက်ရင့် ပဲဝယ်ရောင်းအကျိုးဆောင်တစ်ဦးက ဆိုသည်။

လယ်ယာထွက်ကုန်သီးနှံရောင်းဝယ်ရေးလောကတွင် အစဉ်အလာအားဖြင့် နှုတ်ကတိဖြင့် ကြိုရောင်းကြိုဝယ်များရှိခဲ့ကြောင်း၊ ပဲစိုက်တောင်သူများအနေဖြင့်လည်း ပဲစတင်စိုက်ချိန်တွင် စိုက်စရိတ် လိုအပ်ချက်အရ ပဲကြိုရောင်းရသူများရှိနေကြောင်း၊ ပုံမှန်အားဖြင့် ပြည်ပဈေးကွက်ဝင်ပဲမျိုးစုံကို ကြိုတင်ဝယ်ကြရာ၌ သီးနှံတန်ဖိုး၏ ၁၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်း ငွေကြိုပေးထားပြီး ပဲဈေးမြင့်ချိန်တွင် ကုန်ပစ္စည်းများ လိုက်သိမ်းခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင်မူ ပဲဈေးနှုန်းများသည် ခန့်မှန်းသည့်အတိုင်းမတက်ဘဲ အရှိန်နှင့်ကျဆင်းခြင်းဖြစ်၍ ယခုနှစ်၏ ထူးခြားချက်မှာ ကြိုရောင်းကြိုဝယ်လုပ်ကြသူများတွင် ကြိုဝယ်ထားသူများ ပဲလက်ကျန်များပြီး အထိနာခြင်းဖြစ်သည်ဟု သိရသည်။ ပြီးခဲ့သည့်နှစ်များကမူ ပဲဈေးတက်သည့်အတွက် ကြိုရောင်းသူများခံကြရခြင်းဖြစ်သည်ဟု ပြည်ပသို့ ပဲတင်ပို့နေသူတစ်ဦးက ပြောကြားသည်။

"ပဲတစ်အိတ်ကို နှစ်သောင်းခွဲလောက်ဟသွားတော့ ပဲတန်တစ်ရာကို (ကျပ်) သိန်းနှစ်ရာလောက်ထိတယ်။ တန်ထောင်ချီပြီးလုပ်ကြတာဆိုတော့ သိန်းသောင်းချီပြီးထိကြတာပေါ့" ဟု ၎င်းက ဆိုသည်။

ကျုံ့လာသည့်ငွေ

ကမ္ဘာ့ငွေကြေးဂယက်ကြောင့် နိုင်ငံတကာနှင့်ချိတ်ဆက်ရောင်းဝယ်နေသော ပဲဈေးကွက်သည်လည်း ရိုက်ခတ်မှုခံခဲ့ရပြီး အိန္ဒိယပဲကုန်သည်များ ငွေရှားသလို ပြည်တွင်းကုန်သည်များလက်တွင်လည်း ငွေမရှိဖြစ်နေရသည်။ ယခင်က TT ငွေကြိုလွှဲပြီး ဝယ်ယူသည့်စနစ်မှ ယခုပဲပို့ပြီးမှ ငွေလွှဲသည့်စနစ်ကြောင့် ကုန်သည်များလက် တွင် လှည့်ပတ်စရာငွေ နည်းသွားကြောင်း၊ ထို့ပြင် အဆက်အသွယ်ကောင်းသော ပဲလောကသားအချို့ စင်ကာပူနိုင်ငံမှတစ်ဆင့် စတော့ရှယ်ယာများ အရောင်းအဝယ်

လုပ်ရင်း စတော့ရှယ်ယာဈေးကျ၍ အထိနာခဲ့ကာ ငွေကြေးရှားပါးမှုနှင့် ကြုံတွေ့နေရသည်ဟု ပြည်ပသို့ ပဲတင်ပို့နေသူတစ်ဦးက ဆိုသည်။

ဈေးကွက်ကျယ်ပြန့်ရန်လို

မြန်မာနိုင်ငံမှ အဓိကတင်ပို့သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း သုံးမျိုးအနက် ပဲတီစိမ်းတစ်မျိုးသာ တရုတ်အဝယ်ရှိပြီး ကျန်ပဲများအားလုံး အိန္ဒိယနိုင်ငံကိုသာ တင်ပို့ရောင်းချကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့်လည်း မြန်မာပဲများအားလုံး ဝယ်ယူ၍ စားသုံးခြင်းမဟုတ်ဘဲ ပြန်လည်ကြိတ်ခွဲ သန့်စင်၍ တောင်အာဖရိက၊ အရှေ့အလယ်ပိုင်း၊ တောင်အမေရိကနိုင်ငံများသို့ တစ်ဆင့်ပြန်လည်တင်ပို့ရောင်းချကြောင်း၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံမှ အောက်ဈေးနှင့်ဝယ်ယူပြီး ဈေးအမြင့်နှင့် ပြန်ရောင်းနေသည့် အိန္ဒိယနိုင်ငံအပြင် အခြားဈေးကွက်သစ်များလည်း ထိုးဖောက်ရှာဖွေသင့်ကြောင်း၊ သို့မှသာ အိန္ဒိယကမဝယ်လျှင် မရောင်းရသည့်အခြေအနေကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ယခုနှစ် အောက်တိုဘာလကုန်အထိ တင်ပို့ခဲ့သော လယ်ယာထွက်ကုန်များအနက် ဆန်၊ ပြောင်း၊ နှမ်းတင်ပို့မှုတို့ ပိုမိုများပြားသော်လည်း ပဲမျိုးစုံတင်ပို့မှုသည် ၅ ဒသမ ၄ ရာခိုင်နှုန်းခန့် လျော့ကျလာသည်ဟု ဒီဇင်ဘာလ ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားသည်။

၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံ အမေရိကန်ဒေါ်လာ ၄၅၇ သန်း တင်ပို့နိုင်ခဲ့ပြီး မြန်မာ့ပဲများအနေဖြင့် ဈေးကွက်သစ်ရှာဖွေဖို့ လိုအပ်သကဲ့သို့ တန်းမြင့်ပဲများ၊ သန့်စင်ပြီးပဲများ ထုတ်လုပ်တင်ပို့ရန် လိုအပ်သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လတ်တလော ပြည်တွင်ပဲဈေးကွက်တွင် မတ်ပဲ (အကြမ်း) တစ်တန်လျှင် ၄၆၀,၀၀၀ ကျပ်၊ ပဲစင်းငုံတစ်တန်လျှင် ၄၉၀,၀၀၀ ခန့်ပေါက်ဈေးရှိနေခဲ့ရာ၌ အိန္ဒိယနိုင်ငံ၏ဝယ်ဈေး FOB (သဘော်တင်) မတ်ပဲ တန် အမေရိကန်ဒေါ်လာ ၄၅၀ နှင့် ပဲစင်းငုံ တစ်တန် အမေရိကန်ဒေါ်လာ ၅၀၀ ခန့်ရှိကြောင်း နိဝင်ဘာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့နေသူများထံမှ သိရှိရသည်။

ကမ္ဘာကြီးပူနွေးလာမှု ရာသီဥတုဖောက်ပြန်မှု၊ မီးလောင်၊ မြေပြို၊ ရေကြီး၊ ငလျင်လှုပ်မှုများကြောင့် ကမ္ဘာ့စားနပ်ရိက္ခာရှားပါးနေချိန်၌ မြန်မာနိုင်ငံအနေဖြင့် မြေပေါ်မြေအောက်သယံဇာတများပေါကြွယ်ဝသည်ကို အားထားပြီး အခြားသောအခြေအနေများကိုမေ့လျော့မထားဘဲ ဈေးကွက်ကျယ်ပြန့်ရေးအတွက် ဈေးကွက်သစ်များကိုရှာဖွေသင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

နိုင်မင်းဝေ

Sluggish လား Bubble လား

ကေခိုင်ကျော်

အာ့မှန်တကယ်လိုအပ်ချက်အတွက်သာ ယာယီရင်းနှီးမြှုပ်နှံဝယ်ယူလေ့ရှိပြီး နိုင်ငံတကာပေါက်ဈေးထက် များစွာမြင့်မားသော ပေါက်ဈေးဖြင့် ရောင်းဝယ်နေသော မြန်မာနိုင်ငံ မော်တော်ယာဉ်အရောင်းအဝယ်ဈေးကွက်သည် ၁၀ နှစ်ကျော်ကာလအတွင်း အဆ ၆၀ အထိဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ၂၀၀၈ ခုနှစ်အတွင်းတွင်မူ ၂၀၀၁–၂၀၀၂ ခုနှစ်က ရောင်းဝယ်ခဲ့ကြသောဈေးနှုန်းများသို့ ပြန်လည်ရောက်ရှိ ကျဆင်းလာပြီဖြစ်သည်။

သို့သော် ယင်းဈေးကွက်၏ Stakeholder များမှာ ပူဖောင်းပေါက်ချိန်ရောက်ပြီဟုတော့ မယူဆကြသေးပါ။ Living Color ကကောက်ယူခဲ့သော စစ်တမ်းငယ်တစ်ခုအရ နိုင်ငံတကာစီးပွားရေးအကျပ်အတည်းနှင့် ဆက်စပ်သော ဈေးကွက်အတွင်း အရောင်းအဝယ်နည်းပါးလွန်းသော (Sluggish) အခြေအနေဟု သုံးသပ်သူမှာ ၈၈ ရာခိုင်နှုန်းအထိ များပြားစွာရှိနေသည်ကို အံ့သြဖွယ်ရာ တွေ့ရပါသည်။ (မှတ်ချက် ။ ။ ဝယ်ရောင်း ၄၀ ဦး၊ အခယူအကျိုးဆောင် ၃၀ ဦး၊ ယာဉ်ပိုင်ရှင် ၂၅ ဦးသတင်းစာဆရာငါးဦးတို့ထံမှ ခန့်မှန်းချက်များ စစ်တမ်းကောက်ယူခဲ့ခြင်း ဖြစ်သည်။) ယင်း

စစ်တမ်းအရ မြန်မာနိုင်ငံ မော်တော်ယာဉ်ဈေးကွက်သည် သဘာဝမကျသောရင်းနှီးမြှုပ်နှံမှုဖြစ်၍ နိုင်ငံတကာတွင်သုံးနှုန်းသော အခေါ်အဝေါ် ဖြစ်သည်။ ပူဖောင်း (Bubble) ပေါက်ချိန်ရောက်ပြီဟု ယူဆသူမှာ ၁၀ ဦးသာရှိပြီး ကြားကျသော အဖြေများဖြင့် မှတ်ချက်ပေးသူနှစ်ဦးရှိရာ Living Color အနေဖြင့် ၂၀၀၈ ခုနှစ် အတွင်းဖြစ်ပေါ်ခဲ့သော ဈေးကွက်အပြောင်းအလဲများကို စာဖတ်သူများနှင့် အချက်အလက်စုဆောင်းလိုသူများကိုယ်တိုင် သုံးသပ်ရာတွင် အထောက်အကူရစေရန် ဖော်ပြသွားပါမည်။

၂၀၀၈ ခုနှစ် ပထမလေးလအတွင်း မော်တော်ယာဉ်ဈေးကွက်၌ အရောင်းအဝယ် အနည်းငယ်သာရှိနေပြီး ၂၀၀၇ ခုနှစ်ကဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများဖြင့် ရောင်းဝယ်ခဲ့သည်ကို တွေ့ရသည်။

၂၀၀၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံသို့ နာဂစ်မုန်တိုင်းဝင်ရောက်ပြီး နောက်ပိုင်း မော်တော်ယာဉ်ဈေးနှုန်းများ ရုတ်တရက်မြင့်တက်ခဲ့သည်။ အပြောင်းအလဲတစ်စုံတစ်ရာကြုံတိုင်း ပစ္စည်းဝယ်ယူစုဆောင်းသောအလေ့အထရှိသည်ကို ရိပ်စားမိသူအချို့က ဈေးမြှင့်ရောင်းဝယ်ဟန်ပြုပြီး ဈေးလှန့်ရာမှ အောက်ကား (ကျပ်သိန်း ၅၀၀ အောက်တန်ဖိုးရှိယာဉ်များ) တစ်စီးလျှင် ကျပ်သိန်း ၂၀ ခန့်နှင့် အပေါ်ကား (ကျပ်သိန်း ၅၀၀ အထက်တန်ဖိုးရှိ ယာဉ်များ) တစ်စီး ကျပ်သိန်း ၂၀၀ ကျော်ခန့် မြင့်တက်ခဲ့ပါသည်။ သို့သော် ယင်းသို့ ဈေးတက်

ချိန်မှာ ရက်သတ္တသုံးပတ်ဝန်းကျင်သာ ကြာမြင့်ပြီး မီဒီယာများ၏ တာဝန်ကျေသောသုံးသပ်မှု၊ သတင်းပေးပို့မှုတို့ကြောင့် ဈေးကွက်အခြေအနေမှန်ကို သိရှိကြ၍ အရောင်းအဝယ် ပြန်လည်အေးသွားခဲ့ပါသည်။

ယင်းနောက်ပိုင်း သက်ဆိုင်ရာကလည်း အသုံးစရိတ်လိုအပ်မှုနှင့် ဈေးကွက်တည်ငြိမ်မှုရှိရေးတို့ကို ရှေးရှု၍ လေလံပွဲများတွင် မော်ဒယ်လ်မြင့်ယာဉ်များကို ရောင်းချပေးခဲ့သည့်အတွက် နှစ်ကုန်ပိုင်းအထိ ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာသည်ကို တွေ့ရသည်။ တစ်ပြိုင်နက်တည်း ဆိုသလို အမေရိကန်ဒေါ်လာနှင့် ချိတ်ဆက်ထုတ်ပေးနေသော FEC ဈေးနှုန်း ထိန်းညှိရေးအတွက် စက်သုံးဆီကို ခွဲတမ်းအပြင် FEC ဖြင့် လိုသလောက်ဝယ်ယူနိုင်ရေး ဆောင်ရွက်ခဲ့သည်အတွက် ယင်းအခြေအနေတွင် ကျပြီးရင်းကျနေသော ဈေးနှုန်းကျဆင်းမှုကို 'အဆင်းဘီးတပ်ပေး' လိုက်သကဲ့သို့ ဖြစ်လာပါတော့သည်။ နိုင်ငံတကာပေါက်ဈေးနှင့် တန်းတူဖြစ်ရန် များစွာလိုသေးသည့်တိုင် ဝယ်ပြီးနောက် ဈေးကျသော သဘာဝကျသည့် မော်တော်ယာဉ်အရောင်းအဝယ်ပုံသဏ္ဌာန်မှာမူ တဖြည်းဖြည်းပေါ်လွင်လာပြီဟု ဆိုနိုင်ပါသည်။

ဈေးကွက်အတွင်းမှ Stakeholder တို့၏ မှတ်ချက်များ

"မနေ့တုန်းက ကျွန်တော့်ကို ဂျစ်ကားတစ်စီးနဲ့ အလဲအထပ်လုပ်ဖို့ လာပြောတယ်။ အိမ်က ကလေးတွေက ဒီကားကြီးက အရမ်းဟောင်းနေပြီ အဖေ။ ဂျစ်နဲ့လဲပေးလို့ ပြောထားတာလည်းရှိတော့ ကျွန်တော် ဈေးဆိုင်ကြည့်တယ်။ ကိုယ်က အလိုက်ရမယ် ထင်တာပေါ့။ ကျွန်တော်က ဂျစ်ကို ၉၀ (ကျပ်သိန်း) ဖြတ်မယ်ပေါ့။ ပြီးရင် ကျွန်တော်ကနေ အလိုက် သိန်း ၂၀ တောင်းမယ်။ ကျွန်တော့်ကားက ဘယ်လောက်ပဲဟောင်းဟောင်း၊ အကွာရာ ဘယ်လောက်နိမ့်နိမ့် ဂျပန်ကားအစစ်လေ။ ဒါပေမဲ့ လက်တွေ့ဈေးဆိုင်လိုက်တဲ့အခါကျတော့ ဂျစ်သမား (ဂျစ်ကားပိုင်ရှင်) က ကျွန်တော့်ကို ၁၅ သိန်း အလိုက်ပြန်တောင်းတယ်။ လုံးဝထင်မထားဘူး။ အလဲအထပ် ဖျက်လိုက်ရတယ်။ အခု ပြန်စုံစမ်းကြည့်တော့ သူ့ဂျစ်က ၅၅–၆၀ (ကျပ် သိန်း) လောက်ပဲ တန်မယ်။ အဲဒီတော့ ကျွန်တော့်ကားတန်ဖိုးကို ပြန်တွက်ကြည့်ရင် သိန်း ၄၀ ပဲတန်သလို ဖြစ်နေတာ။ ဘယ်လဲနိုင်မလဲ။ ကျွန်တော်

၁၅၀ (ကျပ်သိန်း) အထိ Offer ရဖူး (ဈေးပေးသူရှိဖူး) တယ်။ သူတို့ဖြတ်တဲ့ဈေးက ဝေးလွန်းပါတယ်။ ကားဈေးကျတယ်ဆိုပေမယ့် တခြားငွေကြေးပေါက်ဈေးတွေနဲ့နှိုင်းယှဉ်ကြည့်ရင် ၁၅၀ ပေးတုန်းက တက်အောင်သာ ဈေးကမြင့်ရတယ်။ ဈေးကွက်အနေအထားကို စောင့်ကြည့်ရဦးမှာပါ"

'ဒ'အက္စရာ 1979 Model၊ တိုယိုတာပါပလေကာပိုင်ဆိုင်သူတစ်ဦး (၃၀-၁၁-၂၀၀၈)

"မနေ့က ဒဂုံဂျစ်တစ်စီး အရောင်းအဝယ်တည့်လို့ အာရကေ (ပွဲခ) ရတယ်။ အလုပ်မဖြစ်တာ တော်တော်ကြာပြီ။ ပိုဆိုးတာက အလုပ်လည်းမဖြစ်၊ လူလည်း ပင်ပန်း ဘယ်လိုအခြေအနေကို ရောက်နေမှန်းမသိပါဘူး။ လူတွေက ကားလိုက်လိုက်ကြည့်တယ်။ ဒါပေမဲ့ ကားစင်းလုံးချောပြီး ပိုင်ရှင်က တော့တော့ဆိုင်ဆိုင် ရောင်းပါ့မယ်ဆိုတာတောင် ဈေးလည်းမပေးရဲဘူး။ ဒဂုံဂျစ် (မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုမှ တပ်ဆင်ပြီး Wrengler ဂျစ်နှင့်တူ၍ လူကြိုက်များ) က ဖိုက်ဘာအမိုးနဲ့ဆိုတော့ အဲယားကွန်းဖွင့်စီးလို့ ရတာရယ်ကြောင့် ဝယ်သွားတာ။ ပါကျဲရိုး (Pajero) တူးဒိုး (တံခါးနှစ်ပေါက်) နဲ့လည်း အတော်တက်သွားတာ။ တက္ကသိုလ်တက်နေတဲ့ ကောင်မလေးတစ်ယောက်စီးဖို့ ဝယ်တာ။ လူငယ်တွေဆိုတော့ ဂျစ်လည်းကြိုက်တယ်။ ဒါပေမဲ့ အမိုးမပါတဲ့ဂျစ်ကျတော့ အဝေးကြီးသွားရရင် နေပူ မိုးရွာဖြစ်ရန် အဆင်မပြေဘူးလေ။ ဒီတော့ ၁၀၀ (ကျပ်သိန်း) စွန်းစွန်းမှာ အဲယားကွန်းသုံးလို့ အဆင်ပြေနိုင်တာ ဒီဂျစ်တွေပဲရှိတယ်"

တာမွေမြို့နယ် သတိပဋ္ဌာန်လမ်း အခြေစိုက် အခယူအကျိုးဆောင်တစ်ဦး (၂-၁၂-၂၀၀၈)

"အရမ်းတန်တယ်ဆိုပြီး ဝယ်လိုက်တာ။ ကျွန်တော့်သူငယ်ချင်းက ဟော့ကောင်ကြီး ခြောက်စီးလုံးဆိုရင် တစ်စီးကို ၂၉၅ နဲ့ အတွဲလိုက်ယူရမှာ။ မင်းတစ်စီးယူဆိုတာနဲ့ ယူဖြစ်သွားတယ်။ နာဂစ်ဖြစ်ပြီးကာစမှာ ကားဈေး ရုတ်တရက်မြင့်တော့ ကျွန်တော် ၂၄၀ နဲ့ ကောက်ဝယ်မယ်တဲ့ ဆူပါဆလွန်းအပြား (Nisson Sunny Supersaloon 1985-89) 'လ'အက္စရာကို ၂၈၅ သိန်းနဲ့ ရောင်းလိုက်တယ်။ အဲဒီနောက်ပိုင်း ကားဈေးတွေ ဆက်တိုက်ကျသွားတယ်။ ဒါကြောင့် စောင့်ကြည့်နေတာ။ အခုတော့ အရင် သိန်း ၆၀၀ ကျော်ခဲ့တဲ့ကားကို သိန်း ၃၀၀ (ကျပ်) လောက်နဲ့ရလို့ ဝယ်စီးတာပါ။ ဒါပေမဲ့ အခု သိန်း ၃၀၀ ပေးရင် ၅ ပုံး (ကျပ် ၅ သိန်း) အမြတ်နဲ့ ရောင်းချင်ပါတယ်။ ကားတစ်စီးကို အရင်လိုအကြာကြီး လက်ထဲမှာ မထားရဲတော့ဘူး"

ရန်ကင်းမြို့နယ် ဆူဇူကီးဝက်ဖွန် R+ ပိတုန်းရောင်ကို ဝယ်ယူထားသော ဝယ်ရောင်းတစ်ဦး (၂၄-၁၁-၂၀၀၈)

ကုန်တိုက်ရှေ့ရောင်းချသည့် လေလံအောင်မော်တော်ယာဉ်ဈေးနှုန်းများ

ယာဉ်အမျိုးအစား	မော်ဒယ်လ်	ဈေးနှုန်း(ကျပ်သိန်း)
Mazada 929	1986	၂၅၀
ဘောက်စ်ဝက်ဂွန်ဂျက်တာ	1994	၂၀၀
Honda Civic	-	၁၂၀
Town Ace	1984	၁၈၀
Mazada Capella	1989	၁၈၀

မော်တော်ယာဉ်ဈေးနှုန်း ကွာခြားချက်ပြဇယား

စဉ်	ယာဉ်အမျိုးအစား	၂၀၀၈ ခုနှစ် မေလ	၂၀၀၈ ဒီဇင်ဘာ
၁။	Nissan Supersaloon 1987 'သ'	၃၀၀	၁၉၀
၂။	Nissan Supersaloon 1987 'ဂက'	၃၅၀	၂၂၀
၃။	Toyota Corolla SE Saloon 'လ'	၃၀၀	၁၈၅
၄။	Toyota Limited 1985 'အ'	၄၁၀	၂၄၀
၅။	Toyota Van CE 96 'ဂခ'	၆၉၀	၄၀၀
၆။	Toyata Van CE 106 'ဂခ'	၁၀၀၀	၅၀၀
၇။	Suzuki R+ စတိ	၆၃၀	၃၀၀
၈။	Suzuki R- စတိ	၃၄၀	၁၄၀

ပထမဦးဆုံးသော ပြည်တွင်းယာဉ်ရောင်းဝယ်ရေးဈေးကွက်ပုံစံသစ်

ပြည်တွင်းမော်တော်ယာဉ်ရောင်းဝယ်ရေးဈေးကွက်မှာ အရောင်းအဝယ်တုံ့ဆိုင်းနေသောကြောင့် ငွေဖောင်ချင်သည့် မော်တော်ယာဉ်ရောင်းဝယ်လိုသော စီးပွားရေးသမားအနေဖြင့် ရန်ကုန် 21st Century Shopping Center ကန်တိုက်ရှေ့တွင် ကျပ်သိန်း ၃၀၀ အောက် လေလံအောင် မော်တော်ယာဉ်များကို ပထမဆုံးအကြိမ် စုပုံရောင်းချခဲ့သည်။ ထိုသို့ရောင်းချခြင်းသည် ၂၀၀၈ ခုနှစ်တွင် ဆိုးရွားစွာရပ်ဆိုင်းနေသော မော်တော်ယာဉ်ရောင်းဝယ်ရေးဈေးကွက်ကို ထင်ဟပ်စေခဲ့ပါသည်။ ထိုသို့ကုန်တိုက်ရှေ့တွင်ရောင်းချသည့် မော်တော်ယာဉ်များတွင် မာဇဒါ 929 မော်တော်ယာဉ်များ၊ ဘောက်စ်ဝက်ဂွန်ဂျက်တာမော်တော်ယာဉ်များ၊ Mazada Capella အပါအဝင် အိမ်စီးအသုံးပြုနိုင် သည့် မော်တော်ယာဉ်များကို တစ်နေရာတည်းစုပုံရောင်းချခြင်း ဖြစ်သည်။

ထိုရောင်းချသည့် မော်တော်ယာဉ်များမှာ ရန်ကုန်၊ တောင်ငူ၊ မန္တလေး၊ မူဆယ်တွင် အစိုးရရောင်းချသည့်ယာဉ်များကို လေလံအောင်မြင်သည့် မော်တော်ယာဉ်များဖြစ်ပြီး ရောင်းချသည့်ဈေးနှုန်းများမှာ ဈေးကွက်ပေါက်ဈေးထက် မြင့်မားခဲ့သည်။

နိုင်ငံတကာဈေးကွက်ပုံစံဖြစ်သွားသည့် Suzuki Wagon R+ ဈေးနှုန်း

၂၀၀၈ ခုနှစ် ပြည်တွင်းဈေးကွက်တွင် Suzuki Wagon R+ ယာဉ်ဈေးနှုန်းများ တိုးမြင့်ထုတ်လုပ်မည်ဆိုသော သတင်းနှင့် အရောင်းအဝယ်ကျဆင်းမှုကြောင့် Suzuki Wagon R+ မော်တော်ယာဉ်ဈေးနှုန်းများမှာ နိုင်ငံတကာဈေးကွက်ပုံစံ မော်တော်ယာဉ်ဈေးနှုန်းသို့ ရောက်ရှိသွားခဲ့သည်။ Myanmar Suzuki Motors Co., Ltd. က Suzuki Wagon R+ နှင့် Carry Truck ယာဉ်အသစ် ၁၂၀၀ တိုးထုတ်မည်ဆိုသောသတင်းက နာဂစ်မုန်တိုင်းကာလ R+ ယာဉ်တစ်စီးလျှင် ငွေကျပ်သိန်း ၄၂၀ ပေါက်ဈေးရှိနေရာမှ သိန်း ၃၂၀ ထိ ကျဆင်းစေသောအကြောင်းအရင်းတစ်ခုဖြစ်သည်။ ယခင် ဈေးကွက်ပေတံဖြစ်ခဲ့သော Suzuki Wagon R+ မော်တော်ယာဉ်အသစ်များ ဈေးကွက်တွင် နိုင်ငံတကာပုံစံအတိုင်း ဈေးနှုန်းသက်သက်သာသာဖြင့် ရရှိနိုင်ခြင်းမှာ ၂၀၀၈ ခုနှစ်၏ ထူးခြားသောမှတ်တိုင်တစ်ခုဟု ဆိုရပေမည်။

ကေခိုင်ကျော်

အချိုးအကွေ့များနှင့် ရေလုပ်ငန်းဈေးကွက် ၂၀၀၈

ကျော်ဆန်းမင်း၊ ကြူကြူသင်း၊ မိုးခိုင်

မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေရှာဖွေပေးနေသည့် အဓိကကဏ္ဍကြီးလေးခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာ့ရေလုပ်ငန်းကဏ္ဍမှာ ၂၀၀၈ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ဈေးကွက်ယှဉ်ပြိုင်မှု၊ သဘာဝဘေးဒုက္ခဆိုးကြီးများဖြစ်သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုအပါအဝင် ရေကြီးရေလွှမ်းမှုများနှင့် ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာနှင့်အဝန်း ကြုံတွေ့နေရသည့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်တို့ကြောင့် အချိုးအကွေ့များစွာ ဖြစ်ပေါ်ကြုံတွေ့နေရသည်။

အပြိုင်အဆိုင် ဈေးကွက်

နိုင်ငံတကာငါးမြစ်ချင်းဈေးကွက်တွင် မြန်မာ့ငါးမြစ်ချင်းမှာ ပြိုင်ဘက်ကင်းဈေးကွက်ဦးဆောင်မှုရရှိလျက်ရှိရာမှ ၂၀၀၈ ခုနှစ်ကုန်ပိုင်းတွင် မြန်မာ့ငါးမြစ်ချင်းအဓိကတင်ပို့ရာ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ အိန္ဒိယမှ ယှဉ်ပြိုင်ထိုးဖောက်ရောင်းချလာရာ ဈေးကွက်ဝေစု အပြောင်းအလဲအနည်းငယ်ဖြစ် ပေါ်လာသည်။

"အိန္ဒိယနဲ့ မြန်မာကမွေးမြူတဲ့ ငါးအမျိုးအစား တူညီမှုရှိတယ်။ သူတို့မှာလည်း တီလားပီးယား၊ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ ရွှေဝါငါးကြင်းစတဲ့ ငါး ငါးမျိုးကို အဓိကမွေးတယ်။ ဒီမှာလည်း ဒီငါး ငါးမျိုးကို အဓိကမွေးတယ်" ဟု မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ စုစုပေါင်းငါးမွေးမြူမှု၏ ၃၅ ရာခိုင်နှုန်းမှာ ငါးမြစ်ချင်းငါးမွေးမြူမှုဖြစ်ပြီး ၂၀၀၈ ခုနှစ်မှစ၍ ငါးနှစ်စီမံကိန်းဖြင့် ရေငန်ငါးဖမ်းလုပ်ငန်းကို ၂.၅ ရာခိုင်နှုန်းနှင့် ရေချိုငါးမွေးမြူထုတ်လုပ်မှုကို

ရှစ်ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ထုတ်လုပ်ရန် စီစဉ်နေသည်ဟု သိရကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် ငါးမွေးကန်ဧက ပေါင်းနှစ်သိန်းတစ်သောင်းကျော်ခန့်ရှိပြီး ငါးမွေးဧကစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းမှာ ငါးမြစ်ချင်းမွေးမြူမှုဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော စာရင်းများတွင်ပါရှိသည်။ ယင်းစာရင်းများအရ မြန်မာနိုင်ငံ၏ အဓိကရေထွက်ကုန်မှာ ငါးမြစ်ချင်းဖြစ်ကြောင်း တွေ့ရသည်။

"အိန္ဒိယက တင်ပို့ရောင်းချတဲ့ငါးမြစ်ချင်းက မြန်မာကတင်ပို့ရောင်းချတဲ့ ငါးမြစ်ချင်းထက် အရောင်နဲ့လတ်ဆတ်မှုအပိုင်းမှာ ပိုပြီးအားသာတယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်း က ရှင်းပြသည်။

မြန်မာ့ငါးမြစ်ချင်းမှာ အိန္ဒိယငါးမြစ်ချင်းနှင့် ဈေးကွက်ယှဉ်ပြိုင်ရောင်းချရာတွင် အားနည်းချက်များရှိနေသဖြင့် ယှဉ်ပြိုင်ရောင်းချနိုင်စွမ်းလျော့နည်းလာမှုကို ပြန်လည်သုံးသပ်ရာ အရောင်အသွေးပိုင်းအားနည်းရခြင်းမှာ မျိုးရိုးဗီဇမြှင့်တင်ခြင်းမရှိဘဲ ကာလကြာရှည်မွေးမြူလာသည့်အတွက် အရည်အသွေးကျဆင်းလာခြင်းဖြစ်ကြောင်း၊ လတ်ဆတ်မှုအပိုင်းအားနည်းရခြင်းမှာ တင်ပို့ရောင်းချရသည့်လမ်းခရီး၏ ကြာမြင့်ချိန်ပေါ်တွင်မူတည်ကြောင်း၊ အိန္ဒိယမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ ၄၈ နာရီ (နှစ်ရက်) ခန့်သာသွားရောက်ရသော်လည်း မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ ခုနစ်ရက်မှ ရှစ်ရက်ခန့် အချိန်ယူသွားရောက်ရကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးမျိုးအောင်က ဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ်ရေခဲရိုက်ငါးမြစ်ချင်း တန်ချိန်ခုနစ်သောင်းခန့်တင်ပို့လျက်ရှိရာ ဘင်္ဂလားဒေ့ရှ်ဈေးကွက်မှာ အခရာကျလှသည်။ ယင်းဈေးကွက်ကို မြန်မာ့ငါးမြစ်ချင်းဦးဆောင်ဈေးကွက်ရယူနိုင်ရေးမှာ အရည်အသွေးပိုင်းတွင် အိန္ဒိယထက် ပိုမိုသာလွန်ရုံ

မက ဈေးနှုန်းချိုသာရန်လည်း အရေးပါကြောင်း တွေ့ရသည်။

"ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ဖို့ဆိုတာက သယ်ယူပို့ဆောင်စရိတ်၊ ဒါက လမ်းပန်းဆက်သွယ်ရေးအခြေအနေပေါ်မူတည်တယ်။ နောက်တစ်ခုက ဈေးနှုန်း၊ ဒါက မွေးမြူရေးနည်းပညာနဲ့ အခွန်အတုတ်ပေါ်မှာ မူတည်တယ်" ဟု ပို့ကုန်လုပ်ငန်းရှင်များက သုံးသပ်ကြသည်။

နှစ် ၄၀ ကြာ ပီဇဟောင်း

မြန်မာနိုင်ငံတွင် ရေချိုငါးသားဖောက်လုပ်ငန်း စတင်လုပ်ဆောင်ခဲ့သော ၁၉၆၇ ခုနှစ်မှစတင်၍ သားဖောက်ခဲ့သည့် ငါးမြစ်ချင်းမျိုးများကို ယခုအချိန်အထိ ဆင့်ကဲမျိုးပွားမွေးမြူလျက်ရှိရာမှ ဈေးကွက်ယှဉ်ပြိုင်ရာတွင် အားနည်းချက်များ ဖြစ်ပေါ်လာမှုကြောင့် နှစ်ပေါင်း ၄၀ ကျော်အတွင်း ပထမဆုံးအကြိမ် မျိုးရိုးဗီဇမြှင့်တင်ရေးဆောင်ရွက်ခဲ့သည်။

"ဒါဟာ မြန်မာနိုင်ငံအနေနဲ့ဆို ပထမဆုံးအကြိမ် မျိုးရိုးဗီဇမြှင့်တင်တာပါ။ မြန်မာ့ရေချိုငါးမွေးမြူရေးလုပ်ငန်းတွေမှာ မျိုးရိုးဗီဇမြှင့်တင်ထားတဲ့ ငါးမျိုးစိတ်သစ်တွေ ပြောင်းလဲအသုံးပြုသင့်ပြီ" ဟု ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်

၂၀၀၈ ဧပြီလမှ အောက်တိုဘာလအထိ အသားကဏ္ဍတင်ပို့ခြီးစီးမှုစာရင်း

စဉ်	အမျိုးအစား	တင်ပို့ခြီးတန်ချိန်	အသေးစိတ် အမျိုးအမည်	တင်ပို့မှု၏ -US$ တစ်တန်ဈေးနှုန်း	မှတ်ချက်
၁။	နွားသားရေ	၅,၅၀၀	နွားသားရေ	၆၆၅	ဒုတိယအကြိမ်အဖြစ် နိုဝင်ဘာ ၂၈ ရက်နေ့ တွင် ကောင်ရေ ၁၅၀၀ ခန့် ထပ်မံပို့မည်။
၂။	ဆိတ်သားရေ	၅၅၀	ဆိတ်သားရေ(အစို) ဆိတ်သားရေ(အခြောက်)	၄၅၀ ၆၅၀	
၃။	ဆိတ်သား	၁၅၀	–	၂၃၀၀	
၄။	ဆိတ်အရှင်	၁,၅၀၀(မလေး)	18-30kg 18-30kg	၄၅ ၅၀	
၅။	ကျွဲ၊ နွား၊ အရိုးမှုန့်	၃၀၀		၁၅၀	
၆။	ဆိတ် (အစာတောင့်)	၆၇		၁၂၀	
၇။	ဝက်အရှင်ချိန်	မက်ထရစ်တန်–၁၂		၁၀,၀၀၀	
၈။	ကျွဲ၊ နွားဘေး ထွက်ပစ္စည်း	၄၆၀	လေပြွန်၊အကြော အရိုး၊ ချို သိုကြော အစာအိမ်	၇၀၀ ၂၅၀ ၁,၆၀၀ ၁,၄၀၀	

ဦးခင်ကိုလေးက ပြောကြားသည်။

ငါးမျိုးဗီဇမြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ငါးမျိုးထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ရေအရည်အသွေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိမှုများနှင့်ပြည့်စုံသည့် လှေကားငါးမွေးမြူရေးစခန်းကို မျိုးငါးသားဖောက်ရာတွင်အသုံးပြုရန် သားဖောက်စခန်းအဖြစ်ရွေးချယ်ခဲ့ကြောင်း ၎င်းကဆိုသည်။

"ငါးမျိုးဗီဇမြှင့်တင်ဖို့ ဧရာဝတီမြစ်ရိုးတစ်လျှောက်က သရေဝေ၊ ပြည်၊ ထီးချိုင့်နဲ့ ဗန်းမော် စတဲ့ သဘာဝရေပြင်များထဲကနေ မျိုးငါးမကြီးတွေကို စုဆောင်းပြီး ငါးမျိုးဗီဇမြှင့်တင်မယ်။ အဓိက,ကတော့ ငါးမြစ်ချင်း၊ တီလားပီးယားနဲ့ ရွှေဝါငါးကြင်းတွေပဲ" ဟု ၎င်းက ရှင်းပြသည်။

ငါးမြစ်ချင်းငါးမျိုးမှာ အခြားရေချိုငါးများနှင့်မတူဘဲ တစ်နှစ်ပတ်လုံး မွေးမြူရသည့်အတွက် အခြားဒေသတွင်းနိုင်ငံများတွင် မွေးမြူမှုနည်းပါးသဖြင့် မြန်မာ့ငါးမြစ်ချင်းမှာ ကာလကြာရှည် ပြိုင်ဘက်ကင်းစွာကွက်ဦးဆောင်နေနိုင်သော်လည်း ယခုနောက်ပိုင်း ငါးမြစ်ချင်းစျေးကွက်အတွင်း အိန္ဒိယမှ ဝင်ရောက်လာမှုကြောင့် အရည်အသွေးပိုင်းယှဉ်ပြိုင်နိုင်ရေးအတွက် ငါးမျိုးဗီဇမြှင့်တင်မှုလုပ်ငန်းများ အလေးထားဆောင်ရွက်လာကြခြင်းဖြစ်သည်။

နှာဂစ်အပွေ

မေလ ၂ ရက်နှင့် ၃ ရက်နေ့တို့တွင် ဝင်ရောက်မွေနှောက်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ရေလုပ်သားဘ၇,၈၇၆ ဦး သေဆုံးခဲ့ပြီး ၉၆၁၂ ဦး ပျောက်ဆုံးလျက်ရှိကြောင်း မေလ ၁၉ ရက်နေ့က ထုတ်ပြန်သည့် ငါးလုပ်ငန်းဦးစီးဌာန၏ တရားဝင်စာရင်းများအရ သိရသည်။

ထို့အပြင် ယင်းမုန်တိုင်းဒဏ်ကြောင့် တရားဝင်မှတ်ပုံတင်ထားသည့် စက်တပ်စက်မဲ့ ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ် စုစုပေါင်း ၁၈၀၀ စင်းကျော်ပျက်စီးဆုံးရှုံးခဲ့ပြီး ပင်လယ်၊ ကုန်းတွင်းနှင့် ငါး၊ ပုစွန်ကန်များ၏ ထုတ်လုပ်မှုပမာဏများ၊ အအေးခန်းစက်ရုံ၊ ငါးဖမ်းကိရိယာ၊ ရေယာဉ် စသည့် အခြေခံအဆောက်အဦများအပါအဝင် စုစုပေါင်းကျပ် ၁၉၉,၅၀၀ သန်းကျော်ဆုံးရှုံးခဲ့ရကြောင်း ရူလိုင်လအတွင်းထုတ်ပြန်သည့်

၂၀၀၈–၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ်ရေထွက်ပစ္စည်းတင်ပို့မှု US$(၈၅၀) သန်းလျာထားချက်နှင့် အမှန်ဝင်ငွေရရှိမှုအခြေအနေ

စဉ်	အမည်	၂၀၀၈–၂၀၀၉ လျာထားချက်	၁–၄–၀၈ မှ ၁၄–၁၂–၀၈ ထိ		လိုအပ်သည့်ငွေ	တင်ပို့ပြီးရရှိခိုင်နှုန်း
			လျာထားချက်	ရရှိငွေ		
၁။	Normal Trade	၄၇၀.၀၀၀	၃၀၀.၈၀၀	၂၁၉.၉၃၄	၂၅၀.၀၆၆	၄၆.၇၉
၂။	မုဆယ်	၁၆၉.၀၀၀	၁၀၈.၁၆၀	၅၂.၈၈၈	၁၁၆.၁၁၂	၃၁.၂၉
၃။	မြဝတီ	၅၀.၀၀၀	၃၂.၀၀၀	၁၇.၄၅၁	၃၂.၅၄၉	၃၄.၉၀
၄။	ကော့သောင်း	၃၇.၀၀၀	၂၃.၆၈၀	၈.၆၄၆	၂၈.၃၅၄	၂၃.၃၇
၅။	သံတွဲ	၁.၇၅၀	၁.၁၂၀	၀.၄၁၀	၁.၃၄၀	၂၃.၄၃
၆။	စစ်တွေ	၃၀.၅၀၀	၁၉.၅၂၀	၇.၈၂၀	၂၂.၆၈၀	၂၅.၆၄
၇။	မြိတ်	၈၄.၇၅၀	၅၄.၂၄၀	၃၉.၉၇၈	၄၄.၇၇၂	၄၇.၁၇
၈။	မောင်တော	၆.၈၅၀	၄.၃၈၄	၆.၅၅၉	၀.၂၉၁	၉၅.၇၅
၉။	တမူး	၀.၁၅၀	၀.၀၉၆	၀.၀၁၄	၀.၁၃၆	၉.၃၃
	စုစုပေါင်း	၈၅၀.၀၀၀	၅၄၄.၀၀၀	၃၅၃.၇၀၀	၄၉၆.၃၀၀	၄၁.၆၁

၂၀၀၈–၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ်ရေထွက်ပစ္စည်းတင်ပို့မှု US$(၈၅၀) သန်းလျာထားချက်နှင့် အမှန်ဝင်ငွေရရှိမှုအခြေအနေ

စဉ်	အမည်	၂၀၀၈–၂၀၀၉ လျာထားချက်	၁–၄–၀၈ မှ ၁၄–၁၂–၀၈ ထိ	လို/ပိုသည့်ငွေ	တင်ပို့ပြီးရရှိခိုင်နှုန်း
၁။	ကဏန်းလုပ်ငန်းရှင်များအသင်း	၃၅.၀၀၀	၂၂.၈၈၄	-၁၂.၁၁၆	၆၅.၃၈
၂။	ငါးရှဉ့်လုပ်ငန်းရှင်များအသင်း	၃၅.၀၀၀	၁၄.၀၈၆	-၂၀.၉၁၄	၄၀.၂၅
၃။	အလှမွေးငါးအသင်း	၀.၃၀၀	၀.၀၁၂	-၀.၂၈၈	၄.၀၀
၄။	မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း(ရေချိုငါး)	၁၅၀.၀၀၀	၆၀.၅၀၅	-၈၉.၄၉၅	၄၀.၃၄

ကဏန်း		ငါးရွှဲ		ရေချိုငါး	
မူဆယ်	၈,၃၃၃	မူဆယ်	၁၃,၇၇၅	စစ်တွေ	၆,၉၄၅
မြဝတီ	၆,၆၄၃	မြဝတီ	၀,၀၇၄	မြဝတီ	၀,၀၆၄
Air Line	၄,၄၈၆	Air Line	၀,၂၃၇	Normal	၅၃,၄၉၆
မြိတ်	၀,၀၉၉	US$ (သန်း)	၁၄,၀၈၆		၆၀,၅၀၅
Soft Shell Crab	၃,၃၂၃	**Soft Shell Crab**			
US$ (သန်း)	၂၂,၈၈၄	Normal	၀,၈၇၁		
		မြိတ်	၂,၄၅၂		
			၃,၃၂၃		

ရက်ပိုင်းအလိုက် ပြည်ပတင်ပို့မှု	US$ (သန်း)
(၂၄.၁၁.၀၈) မှ (၂၇.၁၁.၀၈) ထိ	၅.၇၂၄
(၂၈.၁၁.၀၈) မှ (၃၀.၁၁.၀၈) ထိ	၅.၁၇၃
(၁.၁၂.၀၈) မှ (၇.၁၂.၀၈) ထိ	၆.၇၆၆
(၈.၁၂.၀၈) မှ (၁၀.၁၂.၀၈) ထိ	၈.၁၆၀
(၁၁.၁၂.၀၈) မှ (၁၄.၁၂.၀၈) ထိ	၂.၇၃၇

ရက်ပိုင်းအလိုက် ပြည်ပတင်ပို့မှု	US$ (သန်း)
(၁.၄.၀၇) မှ (၁၅.၁၂.၀၇) ထိ	၃၈၆.၆၀၅
(၁.၄.၀၈) မှ (၁၄.၁၂.၀၈) ထိ	၃၅၃.၇၀
၁၂/၀၇ လ တင်ပို့မှု US$ ၅၈.၆၈ သန်း	
(၁.၁၂.၀၈) မှ (၁၄.၁၂.၀၈) ထိ ၂၀.၇၂၆	
တစ်ရက်ပျမ်းမျှ US$ (၁.၄၈၀) သန်း	

Source: ငါးလုပ်ငန်းဦးစီးဌာန

Post- Nargis Joint Assessment အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာတစ်နိုင်ငံလုံးရှိ ငါးကန်ဧက နှစ်သိန်းတစ်သောင်းကျော်တွင် ထက်ဝက်ခန့်မှာ မအူပင်၊ တွံတေးနှင့် ခရမ်းမြို့နယ်တို့တွင် တည်ရှိသဖြင့် နာဂစ်ဝင်ရောက်တိုက်ခတ်သွားသည့်ဒေသများတွင် ငါးမွေးကန်ဧကပေါင်း တစ်သိန်းနှစ်သောင်းကျော်ခန့်တည်ရှိနေသည်။ ယင်းငါးကန်များမှ ငါးကန်ဧက ၂၀၀ ကျော်မှာ ပြင်းထန်စွာပျက်စီး၍ ဧကတစ်သောင်းငါးထောင်ကျော်မှာ ရေနုစ်မြုပ်ပျက်စီးခဲ့သည်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပုဂ္ဂလိကပိုင်ကျွဲကောင်ရေ တစ်သိန်းသုံးသောင်းကျော်၊ နွားကောင်ရေ ကိုးသောင်းကျော် ဆုံးရှုံးခဲ့ရပြီး ရာခိုင်နှုန်းအားဖြင့် ကျွဲကောင်ရေ ၄၅ ရာခိုင်နှုန်း၊ နွားကောင်ရေ ၁၆ ရာခိုင်နှုန်းဆုံးရှုံးခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍမှာ တစ်နှစ်ထက်တစ်နှစ် ပုံမှန်တိုးတက်နေချိန်တွင် မထင်မှတ်ဘဲ သဘာဝဘေးဆိုးကြီးများ ကျရောက်လာမှုကြောင့် အထိနာခဲ့ရသည်။ အဘက်ဘက်မှ အရှိန်ရနေသည့်လုပ်ငန်းများလည်း ရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့ရာ ၂၀၀၈ ခုနှစ် မြန်မာ့ရေလုပ်ငန်းကဏ္ဍအတွက် အကြီးမားဆုံးအချိုးအကွေ့တစ်ခုဖြစ်ကြောင်း တွေ့ရသည်။

ကကြီးရေက

နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဆုံးရှုံးပျက်စီးခဲ့သည်များကို အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့

ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ကျပ်သိန်း၀ါးသောင်း ထောက်ပံ့ပေးခဲ့ပြီး အစိုးရမဟုတ်သည့် အခြားအဖွဲ့အစည်းများ (INGOs၊ NGOs) မှ ထောက်ပံ့လှူဒါန်းငွေများ ပါဝင်ပါက ကျပ်သိန်းပေါင်းခြောက်သောင်းကျော် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။

"မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) မှ ပထမဆုံးနိုင်ငံခြားငွေစာရင်းတစ်ခုကို ဩဂုတ်လ ပထမပတ်က စာရင်းဖွင့်နိုင်ခဲ့တယ်။ အဲဒီငွေစာရင်းကို ဘဏ်က ၁၀ ရာခိုင်နှုန်း အခွန်ကင်းလွတ်ခွင့်ပေးခဲ့တယ်။ ငွေစာရင်းနံပါတ်က FDM 140017 ဖြစ်တယ်" ဟု ၎င်းက ရေလုပ်ငန်းပြန်လည်ထူထောင် ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် MICB တွင် နိုင်ငံခြားငွေစာရင်းဖွင့်ထားပုံကို ၎င်းက ရှင်းပြသည်။

ရေလုပ်သားများလုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ရေလုပ်ငန်းပြန်လည်ထူထောင်ရေးကော်မတီက အကျယ် ၁၈ ပေ၊ အရှည် ၂၁ ပေရှိ ငါးဖမ်းစက်လှေအစီး ကိုးထောင်နှင့် ငါးဖမ်းကိရိယာမျိုးစုံကို စာရင်းမှတ်စနစ်ဖြင့် ထောက်ပံ့မှုများ လုပ်ဆောင်နေပြီး ယင်းစနစ်အရ ငါးနှစ်တာကာလအတွင်း ပထမနှစ်တွင် ငွေကြေးပေးဆောင်ရန် မလိုဘဲ ဒုတိယနှစ်ရောက်မှသာ ၂၅ ရာခိုင်နှုန်း စတင်ပေးသွင်းရမည်ဖြစ်ကြောင်း၊ ကျန်သုံးနှစ်တွင် ကျန် ၇၅ ရာခိုင်နှုန်းကို အရစ်ကျပေးရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဆိုသည်။

လေဘေးသင့်ဒေသရှိ အင်းလုပ်ငန်းရှင် (အင်းဂရန်ကိုင်ထားသူ) များကို အခွန်ငွေကို သုံးလအတွင်း သုံးကြိမ်ခွဲသွင်းခွင့်ပြုခဲ့ပြီး ဝင်ငွေနည်းရေလုပ်သားများကိုလည်း လိုင်စင်နှင့် အခွန်ကြေးကင်းလွတ်ခွင့်ကို ဇွန်လမှ ဩဂုတ်လအထိ သုံးလအခွန်ကင်းလွတ်ခွင့်နှင့် လွတ်လပ်စွာ ငါးဖမ်းဆီးခွင့် ပြုခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ စုံစမ်းသိရှိရသည်။

မှန်းဆရခက် ၂၀၀၉ ဈေးကွက်

အမေရိကန်နိုင်ငံမှ အခြေပြုပေါ်ပေါက်သည့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်မှာ မြန်မာ့ရေလုပ်ငန်းကဏ္ဍအတွက် နာဂစ်အပြီး အကြီးမားဆုံးထိုးနှက်ချက်တစ်ခုဖြစ်လာရာ ၂၀၀၉ ခုနှစ်တွင် မြန်မာ့ရေလုပ်ငန်းကဏ္ဍ မည်သို့ဖြစ်ပေါ်လာမည်၊ မည်သည့်အခြေအနေရှိမည်မှာ ခန့်မှန်းရခက်သည့်အနေအထားတွင် ရောက်ရှိနေသည်။

"လက်ရှိကြုံနေရတဲ့ ကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်က မြန်မာ့ရေထွက်ပို့ကုန်တွေအပေါ် အထိုက်အလျောက်ထိခိုက်မှုရှိပါတယ်။ ကမ္ဘာနဲ့ချိတ်ဆက်နေတဲ့ စီးပွားရေးဆိုတော့ ကမ္ဘာ့နိုင်ငံတွေ စီးပွားရေးကျရင် ကျွန်တော်တို့လည်း ထိတာပေါ့။ အဲဒီဟာကို ထိန်းနိုင်ဖို့ဆိုရင် ဈေးကွက်သစ်တွေထပ်ရှာဖို့လိုတယ်" ဟု ရေထွက်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံမှ မွေးမြူထုတ်လုပ်သည့် ကြက်သားများကို ဆော်ဒီအာရေဗျနိုင်ငံသို့ တင်ပို့ရန် ဆော်ဒီအာရေဗျနိုင်ငံမှကမ်းလှမ်းမှုရရှိထားကြောင်း၊ ယင်းကမ်းလှမ်းမှု အဆင်ပြေသွားပါက ပြည်ပနိုင်ငံများသို့ ပထမဆုံးအကြိမ်အဖြစ် တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဒေါက်တာအောင်ကြီးက ဆိုသည်။

"၂၀၀၉ ခုနှစ် နှစ်လယ်ပိုင်းလောက်တော့ ဒီကိစ္စကို အကောင်အထည်ဖော်နိုင်ဖို့ရှိပါတယ်" ဟု ၎င်းကရှင်းပြသည်။

လူဦးရေသန်း ၁၁၀၀ ကျော်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မြန်မာနိုင်ငံအနေဖြင့် ကြီးမားသည့် စားသုံးသူဈေးကွက်ကြီးတည်ရှိနေ၍ ယေဘုယျအားဖြင့် စိုးရိမ်ဖွယ်မရှိဟုယူဆနိုင်သော်လည်း အခြားယှဉ်ပြိုင်ဘက်နိုင်ငံများဖြစ်သည့် ထိုင်း၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဈေးကွက်ဝေစုလုယူနိုင်ပေရာ ရောင်းသူဈေးကွက်မှ ဝယ်သူဈေးကွက်အဖြစ် ပြောင်းလဲသွားနိုင်သည်။

"ယှဉ်ပြိုင်ဘက်နိုင်ငံတွေနဲ့ ဈေးကွက်ယှဉ်လုဖို့ဆိုရင် အရည်အသွေးနဲ့ဈေးနှုန်း အဓိကကျတယ်။ အရည်အသွေးကတော့ နည်းပညာနဲ့ဆိုင်သလို ဈေးနှုန်းကတော့ တိုင်းပြည်ရဲ့မူဝါဒ၊ အခွန်နဲ့ အရင်းအနှီးစရိတ်တွေပေါ်မှာ မူတည်တယ်" ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

၂၀၀၈ မြန်မာ့ရေလုပ်ငန်းကဏ္ဍမှာ အချိုးအကွေ့များစွာဖြစ်ပေါ်ခဲ့ပြီး ၂၀၀၉ ခုနှစ် အခြေအနေမှာ ကြိုတင်မှန်းဆရန် ခက်ခဲလှသည်။ သို့သော် သေချာသည့်အချက်မှာ မြန်မာ့ရေထွက်ပို့ကုန်များ ပြည်ပဈေးကွက်ဆက်လက်ရရှိရေးအတွက် မြန်မာ့ရေထွက်ကုန်များ၏ အရည်အသွေးမြင့်မားလာရေး၊ ဈေးကွက်မူဝါဒကောင်းမွန်လာရေးနှင့် သွင်းအားစုများ (အရင်းအနှီး) အခြေအနေ သာလွန်ကောင်းမွန်ရေးတို့ပေါ်တွင် မည်မျှပြုပြင်ပြောင်းလဲနိုင်သနည်းဆိုသည့်အပေါ်တွင် များစွာမူတည်နေသည်။

ကျော်ဆန်းမင်း
ကြူကြူသင်း၊ မိုးခိုင်

စာတန်းထိုးဇာတ်လမ်းများ ဝင်ရောက်မှုနှင့် မြန်မာဗီဒီယိုဈေးကွက် ၂၀၀၈

ကျော်ဆန်းမင်း ၊ မိုးခိုင်

နှစ်ချုပ် **ပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် DVDပြစက်များ ဈေးနှုန်းကျဆင်းလာမှုနှင့်အတူ မြန်မာစာတန်းထိုး ဒီဗီဒီဇာတ်လမ်းတွဲများ ဈေးနှုန်းချိုသာစွာဖြင့် နေရာတိုင်းတွင် လွယ်ကူစွာဝယ်ယူရရှိလာနိုင်ပြီဖြစ်ရာ ၂၀၀၈ ခုနှစ် မြန်မာဗီဒီယိုဈေးကွက်တွင် အပြောင်းအလဲများစွာ ဖြစ်ပေါ်လာသည်။**

ဈေးကွက်တော်လှန်ရေး

နိုင်ငံပိုင်ရုပ်သံလိုင်းများမှ မြန်မာစာတန်းထိုးဇာတ်လမ်းတွဲများကို ၁၉၉၈ ခုနှစ် ဝန်းကျင်မှစတင်ပြသခဲ့ရာ 'အိုးရှင်း' အမည်ရှိ ဂျပန်ဇာတ်လမ်းတွဲ၊ 'ပိုးမင်းသားနှင့် သိုင်းဝိညာဉ်' အမည်ရှိ တရုတ်ဇာတ်လမ်းတွဲနှင့် 'မျောက်မင်းဂူခုံး'အဖြစ် လူသိများသည့် 'အနောက်ဘက်သို့ ခရီးသွားခြင်း' တရုတ်ဇာတ်လမ်းတွဲတို့မှာ ပရိသတ်များအထူးနှစ်သက်ခဲ့ရာမှ မြန်မာဗီဒီယိုဈေးကွက်အပြောင်းအလဲဖြစ်ရန် အစပျိုးလာသည်။

နည်းပညာဖွံ့ဖြိုးလာမှုကြောင့် တရုတ်နိုင်ငံလုပ် DVD ရုပ်သံပြစက်များ ဈေးနှုန်းချိုသာစွာဖြင့် မြန်မာနိုင်ငံသို့တင်သွင်းလာကြပြီး ၂၀၀၇ ခုနှစ်တွင် ကျပ် ၆၀,၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူနိုင်သည့်အဆင့်သို့ပင် ဈေးနှုန်းကျဆင်းခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ပြည်တွင်းထုတ် DVDစက်များ ဈေးနှုန်းချိုသာစွာဖြင့် ပေါပေါများများ ထုတ်လုပ်လာရာ DVD စက်တစ်လုံး၏ ဈေးနှုန်းမှာ ကျပ် ၄၀,၀၀၀ ကျော်ကျော်သို့ ကျဆင်းလာရာ လူတိုင်းဝယ်ယူနိုင်သည့်အနေအထားသို့ ရောက်ရှိလာသည်။

DVD စက်များဈေးနှုန်းချိုသာလာမှုကြောင့် မြန်မာစာတန်းထိုးကားများ ဝင်ရောက်မှုပိုမိုလာသကဲ့သို့ မြန်မာစာတန်းထိုးဇာတ်ကားများ ပိုမိုဝင်ရောက်လာမှု

ကြောင့် DVD စက်ဝယ်လိုအား ပိုမိုမြင့်တက်လာသည်။ ဗီစီဒီစက်လက်ဝယ်ရှိသူများအနေဖြင့်လည်း နေရာတိုင်းတွင် ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်သည့် မြန်မာစာတန်းထိုးဇာတ်လမ်းတွဲများ၏ စွဲဆောင်မှုကြောင့် DVD စက်များ ပြောင်းလဲအသုံးပြုလာရာ ဈေးကွက်တော်လှန်ရေးကြီး ဖြစ်မှန်းမသိ ဖြစ်လာသည်။

စာတန်းထိုးဇာတ်လမ်းဈေးကွက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝင်ရောက်လာသည့် မြန်မာစာတန်းထိုးဇာတ်လမ်းများမှာ ဇာတ်လမ်းတွဲများအပြင် ရုံတင်ရုပ်ရှင်ကားကြီးများကို ပြည်ပတွင် ရုံစတင်ပြီး ငါးရက်အတွင်း မြန်မာစာတန်းထိုးဇာတ်လမ်းခွေများအဖြစ် ပြည်တွင်းဈေးကွက်သို့ ရောက်ရှိလာပြီဖြစ်ရာ မြန်မာစာတန်းထိုးဇာတ်လမ်းများ၏ ဈေးကွက်ဖွံ့ဖြိုးမှုအဟုန်မှာ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိလာသည်။

"Tape စနစ်တုန်းကဆိုရင် နိုင်ငံခြားဇာတ်လမ်းအသစ်တစ်ကား ဈေးကွက်ထဲရောက်ဖို့ဆိုရင် အချိန်ယူရတယ်။ တစ်လကျော်နှစ်လ နီးပါးလောက်ကြာတယ်။ အခုဆို တစ်ပတ်တောင် မကြာဘူး။ စာတန်းထိုးပြီးသား ဝင်လာတယ်။ ၂၀၀၈ ခုနှစ်မှာ သိသိသာသာကို ဖွံ့ဖြိုးလာတာ။ ဒါကလည်း နည်းပညာနဲ့ ဆက်သွယ်ရေးစနစ်ဖွံ့ဖြိုးလာတာကြောင့်လည်း ပါတယ်" ဟု Tape ခွေဇာတ်လမ်းများမှ ယနေ့အထိ ဇာတ်လမ်းခွေများ ဖြန့်ချိရောင်းချနေသူ ဦးမျိုးအောင်က ဆိုသည်။

ဇာတ်ကားတစ်ကား ဘာသာပြန်ရန် အချိန် သုံးရက်ခန့်ယူရပြီး မြန်မာစာတန်းထိုးရန် အချိန်နှစ်ရက်ခန့်ယူရကြောင်း၊ ကာတွန်းဇာတ်လမ်းခွေများမှအပ ကျန်သည့် ဇာတ်လမ်းအမျိုးအစားများအားလုံးကို ဘာသာပြန်ကြောင်း၊ ပြည်တွင်းစာတန်းထိုးဈေးကွက်အတွင်း အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယားနှင့် အိန္ဒိယဇာတ်လမ်းများ အဝင်များပြီး လက်ကားရောင်းသူများကြိုက်နှစ်သက်သည့်ဇာတ်လမ်းတွဲများကို စာတန်းထိုးအဖြစ် သီးသန့်မှာယူနိုင်ကြောင်း ရန်ကုန်မြို့ ၃၅ လမ်းရှိ စာတန်းထိုးဇာတ်လမ်းလက်ကားအရောင်းဆိုင်များထံမှ စုံစမ်းသိရှိရသည်။

"ကြိုက်တဲ့ဇာတ်ကားယူ၊ ဇာတ်လမ်းတူတူ၊ မတူတူ ၁၀ ခွေ အထက်ယူမယ်ဆိုရင် လက်ကားဈေးနဲ့ ရောင်းပေးတယ်။ လက်ကားဈေးနဲ့ ကာတွန်းတစ်ခွေ ၂၀၀ ကျပ်၊ DVD ဇာတ်လမ်းစုံတစ်ခွေကို ၉၀၀ ကျပ်နဲ့ ဇာတ်လမ်းတွဲခွေတွေဆိုရင် ၃၀၀ ကျပ်နဲ့ ရောင်းပေးတယ်" ဟု ၃၅ လမ်းရှိ စာတန်းထိုးခွေလက်ကားအရောင်းဆိုင်များထံမှ သိရသည်။

မြန်မာစာတန်းထိုးဇာတ်လမ်းများမှာ ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများသာမက နယ်မြို့ငယ်များအထိပင် ထိုးဖောက်ဝင်ရောက်နေပြီဖြစ်ရာ နယ်ဈေးကွက်များသို့ ပုံမှန်တင်ပို့ရောင်းချမှုများရှိကြောင်း၊ စာတန်းထိုးဇာတ်လမ်းများ အဝေးပြေးယာဉ်လိုင်းများဖြင့် ရန်ကုန်မှ နယ်မြို့များသို့ တင်ပို့ပေးပြီး ငွေပြန်လည်ပေးပို့မှုကို ဘဏ်များ သို့မဟုတ် အဝေးပြေးယာဉ်လိုင်း

များမှပေးပို့ကြောင်း၊ နယ်ကိုယ်စားလှယ်များ ရန်ကုန်သို့ လာရောက်ဝယ်သည်လည်းရှိကြောင်း ၃၅ လမ်းရှိ လက်ကားအရောင်းဆိုင်ဖွင့်လှစ်ထားသူတစ်ဦးကရှင်း ပြသည်။

ကာတွန်းဇာတ်လမ်းတစ်ခွေလျှင် ၃၀၀ ကျပ်၊ DVDဇာတ်ကားစုံတစ်ခွေလျှင် ၁၅၀၀ ကျပ်၊ ဇာတ်လမ်းတွဲခွေတစ်ခွေလျှင် ၅၀၀ ကျပ်ဖြင့် လက်လီပြန်ရောင်းနိုင်သဖြင့် စာတန်းထိုးအခွေရောင်းချခြင်းဖြင့် ဝင်ငွေကောင်းလျက်ရှိရာ စာတန်းထိုးအခွေအရောင်းဆိုင်များမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့်မြို့ကြီးများတွင် အရေအတွက်များစွာ တိုးပွားလာရုံမက နယ်စွန်နယ်ဖျား ကျေးလက်များတွင်ပင် အခွေအရောင်းဆိုင်များ ပေါ်ပေါက်လာပြီဖြစ်ကြောင်း တွေ့ရသည်။

"မြို့မဈေး စဖွင့်ပြီး အတော်ကြာတဲ့အထိ စာတန်းထိုးခွေရောင်းဆိုင် တစ်ဆိုင်မှမရှိဘူး။ ဒီနှစ်ဆန်းကတောင် စာတန်းထိုးခွေရောင်းတဲ့သူ တစ်ဦးလောက်ပဲ ရှိတာ၊ အခုရှစ်ယောက်လောက် ရှိလာပြီ" ဟု နေပြည်တော်မြို့မဈေးမှ စာတန်းထိုးခွေရောင်းသူတစ်ဦးက ဆိုသည်။

မြန်မာဗီဒီယိုပါရာဒိုင်း

မြန်မာစာတန်းထိုးဇာတ်ကားများ ဈေးနှုန်းချိုသာစွာဖြင့် ဈေးကွက်အတွင်းဝင်ရောက်လာမှုကြောင့် အပိုင်ဝယ်ယူကြည့်ရှုသူများလာရာ ဗီဒီယိုခွေအငှားဆိုင်များ ငှားရမ်းရမှုနှုန်း သိသာစွာကျဆင်းလာရုံမျှမက ကြည့်ရှုသူပရိသတ်များ၏ ဇာတ်လမ်းအရသာခံစားမှု စွမ်းအားမှာလည်း များစွာပြောင်းလဲခြင့်မားလာရာ မြန်မာဗီဒီယိုဈေးကွက်မှာလည်း အရည်အသွေးမြင့် နိုင်ငံတကာဇာတ်လမ်းများနှင့်အပြိုင် ဈေးကွက်ဝေစုရရေး ကြိုးစားရန်ကန်မှုမှတစ်ပါး အခြားမရှိဘဲ ဖြစ်လာသည်။

"မြန်မာပရိသတ်တွေ အရင်က မင်းသား၊ မင်းသမီးအစွဲနဲ့ ကြည့်တာ၊ အခု အဲဒီလိုမဟုတ်တော့ဘူး။ သရုပ်ဆောင်ကောင်းမယ်၊ ဇာတ်နဲ့လိုက်ဖက်မယ်၊ ဇာတ်လမ်းကောင်းမယ်ဆိုရင် ကြည့်လာကြပြီ။ အခုနောက်ပိုင်းဆို ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာကအစ ကြည့်ပြီးမှ ဝယ်တာမျိုးအထိဖြစ်လာကြပြီး" ဟု ၃၅ လမ်းမှ ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

လက်ရှိတွင် မြန်မာဗီဒီယိုဇာတ်လမ်းတစ်ထုပ်ကို ကျပ်သိန်း ၈၀ လောက်သာ အကုန်အကျခံပြီး တစ်ပတ်အတွင်း အပြီးရိုက်ကူးနေကြသော်လည်း ပရိသတ်လက်ခံမှုကျဆင်းလာ၍ နောက်ပိုင်းတွင် ကျပ်သိန်း ၂၀၀ ဝန်းကျင်ခန့် အကုန်အကျခံ၍ မြန်မာ့ရုပ်ရှင်ခေတ်ဦးကကဲ့သို့ ဇာတ်လမ်းကောင်းများပေါ်ထွက်လာရန် အချိန်ယူရိုက်ကူးရမည့်အနေအထားသို့ ပြောင်းလဲရတော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အမြတ်ကျန်ရုံ၊ အလုပ်ဖြစ်ရုံလောက်နှင့် ပရိသတ်လက်မခံတော့ကြောင်း ၎င်းကဆိုသည်။

"အဲဒီလိုပဲ ပရိဂျက်ကြီးတွေ (ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းကြီး) ကလည်း ဒါ ရိုက်တာရွေးတတ်လာပြီ။ အပြင်ဒါရိုက်တာတွေဆိုရင် မလိုအပ်ဘဲ ငွေပိုသုံးတာ၊ ဆင်ရိုက်တာတွေရှိတော့ တိုက်ပိုင်ဒါရိုက်တာ ငါးယောက်လောက် ထားလာတယ်။ အပြင်ဒါရိုက်တာဆိုရင် နှစ်မိနစ်လောက် ဇာတ်ဝင်ခန်းတစ်ခန်းကို ခြောက်သိန်းဝန်းကျင်လောက်ကုန်အောင်ရိုက်တယ်။ တိုက်ပိုင်နဲ့ကျတော့ ကုန်ကျစရိတ်ကျစ်လို့ရတာပေါ့" ဟု ၎င်းက ရှင်းပြသည်။

နာမည်ရပြီးသား ဒါရိုက်တာများသာ ပြင်ပဒါရိုက်တာအဖြစ် ရပ်တည်နိုင်ကြကြောင်း၊ နာမည်မရသေးသည့် ဒါရိုက်တာများမှာ တိုက်ပိုင်အဖြစ်လုပ်ကိုင်ကြရကြောင်း ၎င်းက ထပ်မံရှင်းပြသည်။

အကောင်းလား အဆိုးလား

မြန်မာစာတန်းထိုးဇာတ်လမ်းများ ဝင်ရောက်လာမှုမှာ မြန်မာဗီဒီယိုဈေးကွက် ဆက်လက်ရှင်သန်ရေး ကောင်းသောအ ပြောင်းအလဲများစွာ မဖြစ်မနေပြုလုပ်ရန် တွန်းပို့လိုက်သကဲ့သို့ရှိပေရာ ယင်းဖြစ်ရပ်မှာ မြန်မာဗီဒီယိုလောကတိုးတက်ရေးအ တွက်လော၊ ကျပ်တည်းလာစေရေးအတွက် လော၊ အကောင်းလား အဆိုးလား ဆိုသည် မှာ ခန့်မှန်းရခက်လှသည်။ သေချာသည် ကတော့ မဖြစ်မနေပြောင်းလဲဖို့ လိုအပ်လာ သည်မှာတော့ အမှန်ပင်ဖြစ်သည်။

"ဗီဒီယိုအခွေအငှားဆိုင်တွေက မြန်မာဇာတ်ကားတွေ တွက်ခြေမကိုက်ဖူး လို့ပြောကြတယ်။ အထူးသဖြင့် အခွေဝယ်ယူ ရာမှာ RC (Recording Charges) ကြေး အဖြစ် ထုတ်လုပ်သူတွေကိုပေးရတဲ့ စရိတ် ကြောင့် အရင်းလောက်ပဲရတယ်လို့ ပြော ကြတယ်" ဟု အမည်မဖော်လိုသည့် ထုတ် လုပ်သူတစ်ဦးက ပြောကြားသည်။

ယခုနောက်ပိုင်း အခွေအငှားဆိုင် များကျဆင်းလာသော်လည်း အခွေအ ရောင်းဆိုင်များ ပိုမိုများပြားလာကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ RC ကြေးကြောင့် အ ခွေအငှားဆိုင်များ ရပ်တည်ရခက်ခဲလာ ခြင်းမှာလည်း အကြောင်းတစ်ရပ်ဖြစ် ကြောင်း၊ RC ကြေးမှာ အခွေပေါ်မူတည် ၍ ကျပ် ၄၀၀၀ မှ ၁၀၀၀၀ ကျော်အထိပေး ရကြောင်း၊ ဝယ်သည့်သူအနေဖြင့် RC ကြေးပေးမှသာ ခွေပွား၍ ငှားနိုင်သဖြင့် မူ ရင်းတစ်ခွေဝယ်ပြီး တရားဝင်သုံးလေးခွေ ပွား၍ ငှားနိုင်ကြောင်း၊ သို့မှသာ အရင်း ကြေမည်ဖြစ်သည့်အတွက် RC ကြေးကို မဖြစ်မနေပေး၍ မူရင်းခွေ ဝယ်ယူရခြင်း ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

၂၀၀၉ တွင် ပြောင်းမည်လော

နည်းပညာဖွံ့ဖြိုးလာမှုကြောင့် မြန် မာစာတန်းထိုး နိုင်ငံတကာဇာတ်လမ်းများ ကို ဈေးနှုန်းချိုသာစွာကြည့်ရှုခွင့်ရလာခြင်း မှာ မြန်မာပရိသတ်အတွက် နိုင်ငံတကာအ

ဆင့်မြင့်ဇာတ်လမ်းများကို ဇာတ်လမ်း၊ ဇာတ်ကွက်၊ သရုပ်ဆောင်မှု၊ ရိုက်ချက် စသ ဖြင့် ပြည့်ပြည့်စုံစုံခံစားနိုင်လာ၍ မြန်မာ ဗီဒီယိုဈေးကွက်အနေအထားမှာ ရောင်းသူ စိတ်ကြိုက်မှ ဝယ်သူစိတ်ကြိုက်သို့ ပြောင်း လာရာ ပရိသတ်များတောင်းဆိုသည့် အ ဆင့်မြင့်အရည်အသွေးရှိဇာတ်လမ်းများ ရိုက်ကူးထုတ်လုပ်နိုင်မှသာ ဈေးကွက်အ တွင်း ဆက်လက်ရှင်သန်နိုင်ဖွယ်ရှိသည်။

"အခုလိုဇာတ်လမ်းခွေတွေကို ဈေး ချိုချိုနဲ့နေရာတိုင်းမှာ အလွယ်တကူဝယ်ယူ နိုင်လာတာ ကောင်းပါတယ်။ ဒါပေမဲ့ အခွေ အရောင်းဆိုင်တွေအနေနဲ့ စည်းရှိသင့်တယ် လို့ ထင်တယ်။ မောင်နဲ့နှမ၊ သားနဲ့အမိ ကြည့်လို့မတော်တဲ့အခွေတွေကို ပေါ်ပေါ် ထင်ထင်ရောင်းချလာတာမျိုးတော့ မလုပ် သင့်ဘူး။ စီးပွားရေးအရ အမြတ်ရလို့ဆို ပေမယ့် ကိုယ့်စည်းကိုယ်ထိန်းသင့်တယ်။ ကိုယ်ချင်းစာကြည့်ပေါ့" ဟု အသက် ၅၅ နှစ်အရွယ် အမျိုးသားတစ်ဦးက တိုးတက်မှု နှင့်အတူပါလာသည့် ယဉ်ကျေးမှုယိုယွင်း ပျက်စီးမှု ခေါင်းထောင်လာစေရေး စိုးရိမ် စွာဖြင့် သုံးသပ်ပြောကြားသည်။

"၂၀၁၀ ခုနှစ်နောက်ပိုင်းဆိုရင် Mini ရုံတွေပေါ်လာမယ်။ ဇာတ်လမ်းတွေ ရုံတင် မယ်။ ပြီးရင် ပရီစနစ်နဲ့ အခွေထုတ်ရောင်း မယ်။ အဲဒီအခါကျရင်တော့ အခွေအငှား ဆိုင်တွေ ပျောက်သွားဖို့ရှိတယ်။ ငှားခနဲ့ အပိုင်ဝယ်တဲ့ဈေး တူရင် ငှားတဲ့စနစ် ပျောက်သွားမယ်။ သက်ဆိုင်ရာလူကြီးတွေ ကလည်း လက်ရှိစနစ်ကိုပြောင်းဖို့ ကြိုးစား နေတယ်။ ဒီလိုပြောင်းမယ်ဆိုရင် အရင်းအ နှီးနည်းတဲ့ထုတ်လုပ်သူတွေ ဒုက္ခရောက်မှာ ပဲ။ ငွေအများကြီးအကုန်ခံပြီး အရည်အ သွေးမြင့်တဲ့ဇာတ်ကားတွေ ရိုက်ရမယ့်အနေ အထားမျိုးဖြစ်လာမယ်လို့ ယုံကြည်တယ်" ဟု ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦး က သုံးသပ်သည်။

မည်သို့ပင်ဆိုစေ စာတန်းထိုးဇာတ် လမ်းများမှာ ပြည်တွင်းသို့ ဆက်လက်ဝင် ရောက်နေဦးမည်ဖြစ်ရာ မြန်မာဗီဒီယိုဈေး ကွက်အတွင်းဖြစ်ပေါ်လျက်ရှိသည့် ဂယက် များလည်း ဆက်လက်ရိုက်ခတ်နေဦးမည် ဖြစ်သည်။ ယင်းကြောင့် မြန်မာဗီဒီယို ဇာတ်လမ်းများ ရိုက်ကူးမှုအပိုင်းတွင် ပေါ် ပင်လိုက် အမြတ်ကျန်ပုံစံမျိုးရိုက်ကူးနေမှု မှာ ကာလကြာရှည်ဖြစ်နိုင်ဖွယ်မရှိ၍ ၂၀၀၉ ခုနှစ်တွင် တိုးတက်သောအပြောင်းအလဲ တစ်ရပ်ဖြစ်ပေါ်လာဖွယ်ရှိပေသည်။

ကျော်ဆန်းမင်း ၊ မိုးခိုင်

ဤကဏ္ဍတွင် . . . . .
၆၆ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းကို ဖွံ့ဖြိုးဆဲနိုင်ငံများ ကျော်လွှားနိုင်ရေး (၁)
၇၀ စီးပွားရေးလုပ်ငန်းတစ်ခု စတင်တည်ထောင်လုပ်ကိုင်ခြင်း (၃)

ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းကို ဖွံ့ဖြိုးဆဲနိုင်ငံများ ကျော်လွှားနိုင်ရေး (၁)

ဒေါက်တာကိုကို (Economic Analyst)

ယခုကြာသေးခင်ကဖြစ်ပေါ်ခဲ့သော အမေရိကန်ဘဏ္ဍာရေးပြဿနာသည် ကမ္ဘာလုံးချီ၍ ရင်ဆိုင်လာရသောပြဿနာကြီး တစ်ခုဖြစ်လာရာ စက်မှုဖွံ့ဖြိုးသောနိုင်ငံကြီးများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးလိုလို မိမိတို့၏ကမ္ဘာကြီးအား ချိတ်ဆက်ထားမှုအလိုက် ထိရိုက်နစ်နာမှုဖြစ်ကြရသည်ကို တွေ့မြင်ရပေသည်။

နိုင်ငံတစ်ခု၏ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုဆိုသည်ကို ရိုးစင်းရှင်းလင်းစွာပြောရမည်ဆိုပါက ထိုနိုင်ငံတွင်ရှိနေသော ရောင်းစရာကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် ထိုကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ဝယ်ယူမည့် Money in Circulation ခေါ် ထိုနိုင်ငံအတွင်းရှိနေသော လှည့်ပတ်ငွေကြေးတို့၏ မျှခြေကို ထိန်းသိမ်းပေးထားသည့်သဘောပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် GDP နှင့် Money in Circulation တို့၏ Equilibrium မျှခြေပင် ဖြစ်ပါသည်။

နိုင်ငံတစ်ခု၏စီးပွားရေးကို စီမံခန့်ခွဲမှုဆိုသည်မှာ အဆိုပါမျှခြေကို မျှခြေမပျက်တိုးတက်လာစေခြင်းပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် GDP တက်သရွေ့ Money in Circulation လိုက်တက်လာလျှင် မျှခြေမပျက်သောကြောင့် ပြဿနာမရှိသကဲ့သို့ Money in Circulation တက်သလောက် GDP ကလည်း မျှခြေမပျက် လိုက်တက်လာလျှင်လည်း ဈေးနှုန်းများ တည်ငြိမ်နေမည်သာ ဖြစ်ပါသည်။

သို့သော်လည်း တိုးတက်ဖြစ်ပေါ်လာသော ဘဏ်လုပ်ငန်းစနစ်များ၊ အီလက်ထရွန်နစ်ငွေကြေး၊ နိုင်ငံတကာငွေကြေးဈေးကွက်၊ စတော့ရှယ်ယာဈေးကွက်နှင့် Globalization တို့ကြောင့် Money in Circulation ဆိုသည်မှာ မြင်သာထင်သာ ရေတွက်နိုင်သည့် သဘောသက်သက်မျှ

ရှစ်နာရီအလုပ်ချိန်တွင် ရွက်ရေ ၁၀၀,၀၀၀ ထွက်သော ပုံနှိပ်စက်တစ်လုံးကို အဆိုင်းသုံးဆိုင်းဖြင့်ရိုက်လျှင် ထိုစက်တစ်လုံးတည်းမှာ ၂၄ နာရီ (တစ်ရက်) တွင် ၃၀၀,၀၀၀ ရိုက်နှိပ်ပေးနိုင်သကဲ့သို့ ဘဏ်များသည် ဝင်လာသော ငွေကြေးပမာဏကို အနားမပေးဘဲ လှည့်ပတ်သုံးစွဲပေးနိုင်လျှင် ရှိနေသည့်ငွေကြေးကို ဆပ်ပွားသုံးစွဲစေသည့်သဘောဖြစ်လာပြီး အရောင်းအဝယ်များစွာကို ဖြစ်ပေါ်စေသည့်သဘောပင် ဖြစ်ပါသည်။

မဟုတ်တော့ဘဲ ဆပ်ပွားသုံးစွဲနိုင်သည့်သဘောတိုင် ရောက်ရှိလာခဲ့ပေသည်။ မြင်သာထင်သာရေတွက်နိုင်သည့် သဘောမဟုတ်သောကြောင့် GDP နှင့် မျှခြေမပျက် Money in Circulation တည်ရှိနေအောင် ထိန်းသိမ်းရေးဆိုသည်မှာလည်း ပို၍ပို၍ ခက်ခဲလာသည်ကို တွေ့ရသည်။

ရှစ်နာရီအလုပ်ချိန်တွင် ရွက်ရေ ၁၀၀,၀၀၀ ထွက်သော ပုံနှိပ်စက်တစ်လုံးကို အဆိုင်းသုံးဆိုင်းဖြင့်ရိုက်လျှင် ထိုစက်တစ်လုံးတည်းမှာ ၂၄ နာရီ (တစ်ရက်) တွင် ၃၀၀,၀၀၀ ရိုက်နှိပ်ပေးနိုင်သကဲ့သို့ ဘဏ်များသည် ဝင်လာသော ငွေကြေးပမာဏကို အနားမပေးဘဲ လှည့်ပတ်သုံးစွဲပေးနိုင်လျှင် ရှိနေသည့်ငွေကြေးကို ဆပ်ပွားသုံးစွဲစေသည့်သဘောဖြစ်လာပြီး အရောင်းအဝယ်များစွာကို ဖြစ်ပေါ်စေသည့်သဘောပင် ဖြစ်ပါသည်။ ထိုသဘောတရားကြောင့် ရိုက်နှိပ်ထုတ်ဝေထားသည့် ငွေကြေးပမာဏသည် ဘဏ်များ၏ လှည့်ပတ်နိုင်စွမ်းအား ကောင်းလျှင်ကောင်းသလောက် အဆများစွာပွား၍ သုံးစွဲနိုင်ပြီး အရောင်းအဝယ်များလည်း တိုးတက်ဖြစ်ထွန်းလာနိုင်သည့်သဘောကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တွေ့နိုင်ပေသည်။

အမေရိကန်ပြည်ထောင်စုသည် ဈေးကွက်ကို များစွာလွတ်လပ်ခွင့်ပေးထားသောကြောင့် အဆိုပါသဘောတရားကို အထင်ရှားဆုံးတွေ့နိုင်သောနိုင်ငံ ဖြစ်ပေသည်။ သုတေသနပြုမှုများအရ အမေရိကန်ဘဏ္ဍာ ရေးအဖွဲ့အစည်းအချို့သည် အမေရိကန်တစ်ဒေါ်လာကို ၃၁ ဆအထိ ပွားသုံးနိုင်စွမ်းရှိကြသည်ဟု ဆိုပါသည်။

ယခုလောလောဆယ် အမေရိကန်ပြည်ထောင်စုမှစတင်ဖြစ်ပေါ်ခဲ့သော Credit Crisis သည် ဈေးကွက်တွင် ယုံကြည်မှုပျောက်ဆုံးသွားပြီး ထိုသို့ဆပ်ပွားသုံးစွဲနေသည့်ပုံသဏ္ဌာန် ရုတ်တရက်ရပ်ဆိုင်းသွားခြင်းဖြစ်ရာ ဈေးကွက်အတွင်းလှည့်ပတ်ငွေကြေးပမာဏ ရုတ်တရက်ကျဆင်းသွားပြီး ဝယ်စရာငွေရှားပါးခြင်း၊ ချေးငွေ ရှားပါးခြင်းများကို ကြုံကြိုက်နေကြရခြင်း ဖြစ်ပါသည်။

ပြည်သူအများစုမှာ ထိုသို့ဆပ်ပွားသုံးစွဲနေသောသဘောတရားကို နားမလည်နိုင်ကြရာ "ငွေတွေ ဘယ်ရောက်ကုန်သလဲ" ဟုမေးကြသည်ကို တွေ့နိုင်ပါသည်။ အမှန်အားဖြင့် ဘဏ်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနည်းလမ်းအမျိုးမျိုးဖြင့် ဆပ်ပွားထားသော ငွေကြေးပျောက်ဆုံးသွားခြင်းသာဖြစ်ရာ မူလကပင် ဈေးကွက်တွင် ရောင်းဝယ်နေသောပမာဏအတိုင်း ငွေကြေးရိုက်နှိပ်ထုတ်ဝေထားခြင်းမရှိသည်ကို နားမလည်နိုင်ကြခြင်း ဖြစ်ပေသည်။

ယခုကိစ္စမှာ ဈေးကွက်အတွင်း ယုံကြည်မှုပျောက်ဆုံးခြင်းကြောင့်ဖြစ်ပေါ်ရခြင်းဖြစ်ရာ ယုံကြည်မှုကို ကာလအတန်ကြာ ပြန်လည်တည်ဆောက်ရဦးမည်ဖြစ်သည်။ နိုင်ငံတကာကမူ အလွန်အကျွံလွတ်လပ်ခွင့်ပေးထားသော အမေရိကန်ဘဏ္ဍာရေးပေါ်လစီကို အပြစ်ဖို့ကြသည် ကို တွေ့ရသည်။

အမေရိကန်စီးပွားရေးမှာ များစွာထူးခြားသောစီးပွားရေးဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးသည် အခြားစက်မှုဖွံ့ဖြိုးသောနိုင်ငံများနည်းတူ ပို့ကုန်အပေါ်တွင် မှီခိုနေသော စီးပွားရေးမဟုတ်ပေ။ အမေရိကန်တို့၏ Credit Creation သည် ကမ္ဘာပေါ်တွင် စံပြလောက်သော Credit Creation ဖြစ်ပေရာ နိုင်ငံသားများကို မရသေးသည့်ဝင်ငွေများ ကြိုတင်သုံးစွဲစေသည့်စနစ်သည် အမေရိကန်စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်နေ

သည်ကို တွေ့ရသည်။ GDP ဆိုသည်မှာ C+I+G+NX ဖြစ်သည်ဟု ယေဘုယျအားဖြင့် ဖွင့်ဆိုကြရာတွင် C မှာ ပြည်သူလူထု၏ သုံးစွဲမှု၊ I မှာ ပြည်သူလူထု၏ ရင်းနှီးမြှုပ်နှံမှု၊ G မှာ အစိုးရ၏ သုံးစွဲမှုဖြစ်ပြီး NX မှာ ကုန်သွယ်မှုလိုငွေ သို့မဟုတ် ပိုငွေကို ဆိုလိုပေသည်။ ဖွံ့ဖြိုးပြီးနိုင်ငံအများစု၏ GDP ကိုကြည့်လျှင် NX သည် အဓိကအချိုးအစားဖြစ်နေသည်ကို တွေ့နိုင်ပြီး အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးမှာ C ခေါ် ပြည်သူလူထု၏သုံးစွဲမှုသည် အဓိကအချိုးအစားဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပေသည်။ ထိုသို့ C ခေါ် ပြည်သူလူထု၏သုံးစွဲမှု အဓိကအချိုးအစားဖြစ်လာရခြင်းမှာ မရသေးသည့်ဝင်ငွေကို ကြိုတင်သုံးစွဲစေခြင်းဖြင့် ပြုလုပ်ထားသည့် Credit Creation ကြောင့် ဖြစ်ပေသည်။

တစ်ဖက်တွင်လည်း အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးတောင့်တင်းမှု၊ ခိုင်မာသောအမေရိကန်ငွေကြေးစနစ်တို့ကြောင့် ကမ္ဘာအနှံ့က ဝယ်ယူထားကြသော အမေရိကန်အစိုးရထုတ် Treasury Bond များမှာလည်း ပမာဏများပြားလှသည်ကိုတွေ့ရသည်။ တစ်နည်းအားဖြင့် ကြီးမားလှသည့် C ခေါ် ပြည်သူလူထုသုံးစွဲမှုကြောင့် တက်နေသည့် GDP နှင့် မျှခြေပြုလုပ်ရသည့် Money in Circulation အတွင်းသို့ ကမ္ဘာတစ်ဝန်းကလာရောက်၍ ထည့်သွင်းပေးသော ငွေကြေးပမာဏမှာ လည်း အမေရိကန်ဒေါ်လာ ၃၀၄.၇ ဘီလီယံ (၂၀၀၈ အောက်တိုဘာထိ)ရှိနေသည်ကို တွေ့ရသည်။

၂၀၀၈ နှစ်ဆန်းပိုင်းတွင် ဝယ်လိုအားကြောင့် တစ်ဟုန်ထိုးတက်ခဲ့သော အိမ်ရာမြေဈေးနှုန်းများ အမြင့်ဆုံးကိုရောက်ရှိပြီး ဈေးကွက်ပြိုကွဲသွားချိန်နှင့် နောက်ကွယ်မှ ဝင်ရောက်ရင်းနှီးမြှုပ်နှံထောက်ပံ့သူများ လက်ရှောင်သွားချိန်တို့ တိုက်ဆိုင်ပြီး အမေရိကန်ငွေကြေးစနစ်တစ်ခုလုံး ပြိုကွဲလုအခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

အစိုးရထုတ် Bond ကူပွန်များကို ဝယ်ယူခြင်းဖြင့် အမေရိကန်ပြည်ထောင်စုသို့ထည့်သွင်းပေးသော နိုင်ငံပြင်ပမှ ဝင်ငွေများသည် အမေရိကန်ပြည်ထောင်စုတွင် ကြီးမားသောဝယ်လိုအားကို ဖြစ်စေခဲ့သည်ကို တွေ့ရသည်။ တစ်ဖက်တွင်လည်း အဆိုပါ Bond ဝယ်ယူထားသောပမာဏသည် အမေရိကန်တို့က ချေးယူထားသောငွေပမာဏလည်းဖြစ်နေရာ ထိုပမာဏကြီးမားသည်နှင့်အမျှ အမေရိကန်တို့၏ စီးပွားရေးအတက်အကျသည် ကမ္ဘာကြီး၏ စီးပွားရေးအတက်အကျကို များစွာသက်ရောက်မှုရှိလာခဲ့သည်ကို တွေ့ရသည်။

ယခုဖြစ်ခဲ့သောပြဿနာသည် အမေရိကန်တို့၏ အလွန်အမင်းလွတ်လပ်ခွင့်ပေးထားသော Credit Creation ကြောင့် ဖြစ်ရသည်ဟုဆိုလျှင် မမှားချေ။ အထူးသဖြင့် အမေရိကန်တို့သည် နိုင်ငံသားတိုင်းကို အိုးပိုင်အိမ်ပိုင်ဖြစ်စေရမည်ဆိုသော အမေရိကန် Dream ကို အကောက်အထည်ဖော်ရာတွင် သာမန်အားဖြင့် ဘဏ်စနစ်က ချေးငှားရန်မသင့်သော Client များသို့ ချေးငွေထုတ်ပေးရန်အထိ စဉ်းစားလာခဲ့ခြင်းသည် ယခု Recession ကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။ ချေးငှားရန်မသင့်သူများကို Risk ယူ၍ (အိမ်ရာချေးငွေများ) ချေးငှားရာတွင် ရနိုင် ခြေရှိသော သာမန်ထက်မြင့်မားသည့် အတိုးနှုန်းမှာ မက်လုံးဖြစ်လာသောကြောင့် ဘဏ်များက ထိုချေးငွေများ ထုတ်ချေးနိုင်ရန် နောက်ကွယ်မှ ဝင်ရောက်ရင်းနှီးမြှုပ်နှံထောက်ပံ့မည့်သူများ ပေါ်လာခဲ့သည်။ ၂၀၀၈ နှစ်ဆန်းပိုင်းတွင် ဝယ်လိုအားကြောင့် တစ်ဟုန်ထိုးတက်ခဲ့သော အိမ်ရာမြေဈေးနှုန်းများ အမြင့်ဆုံးကိုရောက်ရှိပြီး ဈေးကွက်ပြိုကွဲသွားချိန်နှင့် နောက်ကွယ်မှ ဝင်ရောက်ရင်းနှီးမြှုပ်နှံထောက်ပံ့သူများ လက်ရှောင်သွားချိန်တို့ တိုက်ဆိုင်ပြီး အမေရိကန်ငွေကြေးစနစ်တစ်ခုလုံး ပြိုကွဲလုအခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမေရိကန်စီးပွားရေးနယ်ပယ်သို့ နိုင်ငံတကာမှ ဝင်ရောက်မြှုပ်နှံထားသည့်ပမာဏမှာ အလွန်များပြားပြီး Globalization ကြောင့် ချိတ်ဆက်ထားမှုများပါ ရှိနေသောကြောင့် အမေရိကန်ပြဿနာသည် တစ်ကမ္ဘာလုံးဆိုင်ရာပြဿနာအဖြစ်သို့ ရောက်ရှိသွားခြင်းဖြစ်ပေသည်။

အပိုင်း (၂)

အမေရိကန်ပြည်ထောင်စုတွင်

အောင် ကူညီနိုင်သော နည်းလမ်းများလည်း ရှိနေပါသေးသည်။ ၂၀၀၃ နောက်ပိုင်းတွင် ပျောက်ကွယ်သွားသော ခရက်ဒစ်ကတ်ကဲ့သို့သော စနစ်မျိုးကို ပြန်လည်အသုံးပြုခြင်းသည် ပြည်တွင်းဝယ်လိုအားမြင့်တက်အောင် ကူညီခြင်းဖြစ်ပါသည်။

အဓိကကျသော အချက်များမှာ–

(၁) ကမ္ဘာ့ပေါ်တွင် ဖြစ်ပေါ်နေသော စီးပွားရေးအခက်အခဲကို စနစ်တကျ အဓိပ္ပာယ်ကောက်ယူနိုင်ရေး (ကမ္ဘာ့ဈေးကွက် အချိန်တိုအတွင်း ပုံမှန်ပြန်မဖြစ်နိုင်)

(၂) နိုင်ငံတွင် ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများကို စနစ်တကျ အဓိပ္ပာယ်ကောက်ယူနိုင်ရေး (ပို့ကုန်လုပ်ငန်းများ ထိခိုက်မည်)

(ဈေးနှုန်းအနိမ့်ဖြင့် တင်ပို့နိုင်ရေး ကြိုးစားရမည်)

(၃) ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်စေသော အကြောင်းရင်းအားလုံး ရဲရဲတင်းတင်းဖော်ထုတ်ရင်ဆိုင်နိုင်ရေး (အစိုးရအနေဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချပေးနိုင်သော နည်းလမ်းများ ရှိနေပါသေးသည်)

(၄) ပြည်တွင်းဝယ်လိုအားကို အားကိုးရမည့်အချိန်ဖြစ်သည်နှင့်အညီ ပြည်တွင်း Credit Creation ကို ဖော်ထုတ်ပေးရေး စသည်တို့ ဖြစ်ပါသည်။

ဒေါက်တာကိုကို
(Economic Analyst)

ကမ္ဘာအရပ်ရပ်၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြစ်ပေါ်လျက်ရှိသော အကြွေးဝယ်ယူသည့် စနစ်ကြီးတစ်ခုလုံး ရပ်ဆိုင်းသလောက် ဖြစ်သွားရာတွင် အမေရိကန်ဘဏ္ဍာရေး အဖွဲ့အစည်းများဖြစ်သည့် ဘဏ်များသာမက ကမ္ဘာတစ်ဝန်း၏ ငွေကြေးအဖွဲ့အစည်းများအားလုံးလိုလို အထိနာခဲ့ပါသည်။ ရိုးစင်းရှင်းလင်းစွာပြောရပါလျှင် ကမ္ဘာပေါ်ရှိ ဘဏ်အသီးသီးအနေဖြင့် ထုတ်ချေးရန်ငွေကြေးရှားပါးသွားခြင်း ဖြစ်ပါသည်။ ထိုသို့ထုတ်ချေးရန် ငွေကြေးရှားပါးသွားခြင်းသည် ကမ္ဘာအနှံ့တွင် ဝယ်လိုအား ကျဆင်းမှုကိုဖြစ်စေကာ ဈေးနှုန်းများ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဝယ်လိုအားကျဆင်းမှုနှင့် ဈေးနှုန်းကျဆင်းမှုဒဏ်ကို အဓိကခံရသူများမှာ ပြည်ပပို့ကုန် အဓိကအားထားနေရသည့်နိုင်ငံများ ဖြစ်ပါသည်။

ဥပမာအားဖြင့် ပြောရလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကဲ့သို့ ပြည်ပပို့ကုန်ဖြင့် အဓိကရပ်တည်သောနိုင်ငံများတွင် ထိခိုက်နစ်နာမှုကို သိသာစွာ မြင်တွေ့ရခြင်း ဖြစ်ပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြည်ပပို့ကုန်အဓိကထုတ်လုပ်သော စက်ရုံများစွာ ပိတ်သိမ်းရပြီး အလုပ်လက်မဲ့များစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နိုင်ငံခြားအရန်ငွေ များစွာရှိနေသော နိုင်ငံဖြစ်၍ အစိုးရက ၎င်းပိုင် အရန်ငွေများစွာကို ဈေးကွက်သို့ ပို့ဆောင်ပေး၍ 'G'ခေါ် အစိုးရ၏သုံးစွဲမှုများ မြင့်တင်ပေးရန် ကြိုးစားနေသည်ကို တွေ့မြင်နိုင်ပါသည်။ တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းကြီးများ ဆက်လက်မြတ်စွန်း၍ 'I'ခေါ် ရင်းနှီးမြှုပ်နှံမှုများ၊ 'C'ခေါ် ပြည်သူလူထု၏သုံးစွဲမှုများ မြင့်တက်စေရန် ပြည်ပပို့ကုန်လုပ်ငန်းများကို အပိုဆောင်းငွေများပံ့ပိုးပေး၍ အမြတ်အစွန်းဖြစ်ပေါ်ရရှိစေရန် ကူညီလျက်ရှိသည်ကို မြင်တွေ့နိုင်ပါသည်။ လူသားလုပ်အားများစွာ အသုံးပြုရသော အထည်ချုပ်လုပ်ငန်းကဲ့သို့ စက်မှုလုပ်ငန်းများကို ပို့ကုန်အပေါ်တွင် ၁၇ ရာခိုင်နှုန်း ထပ်ဆောင်းပေး၍ အမြတ်အစွန်းဖြစ်ပေါ်စေရန် ကူညီနေသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဈေးကွက်နှင့် ချိတ်ဆက်ထားခြင်း မရှိသောကြောင့် တိုက်ရိုက်အကျိုးသက်ရောက်မှုများကို မြင်တွေ့ရခြင်းမရှိသော်လည်း ပို့ကုန်လုပ်ငန်းများမှာမူ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်ထားသည်ဖြစ်၍ ပို့ကုန်လုပ်ငန်းများတွင် သက်ရောက်မှုများ မြင်တွေ့နေရပါသည်။ မြန်မာနိုင်ငံမှ ရောင်းချနေသည့် ကျောက်မျက်ရတနာ၊ သစ်တောထွက်ပစ္စည်း၊ ရိက္ခာဖြစ်သည့် ပဲမျိုးစုံ၊ သဘာဝဓာတ်ငွေ့ စသည့် ကုန်ပစ္စည်းဈေးနှုန်းနှင့် ဝယ်လိုအားကျဆင်းမှုသည် တဖြည်းဖြည်း သိသာလာနေသည်ကို တွေ့ရပေသည်။

အဆိုပါဈေးနှုန်းများသည် အချိန်တို အတွင်း ပြန်လည်မြင့်တက်လာရန် မဖြစ်နိုင်ရာ ဖြစ်ပေါ်လာသော ဈေးနှုန်းအနိမ့်ဖြင့် ဈေးကွက်ဝေစု ဆက်လက်ရရှိရေး၊ Primary Producer ခေါ် ထုတ်လုပ်သူများ ဆက်လက်ရှင်သန်နိုင်ရေးတို့ကို လုပ်ဆောင်ရမည့် အချိန်အခါဖြစ်ပေသည်။ တစ်နည်းအားဖြင့် ထုတ်လုပ်မှုစရိတ် မြင့်တက်ခြင်းကို ဖြစ်ပေါ်စေသည့်အကြောင်းရင်းမျိုးစုံကို လျှော့ချပေးခြင်းဖြင့် ပို့ကုန်လုပ်ငန်းများ ရှင်သန်ရေး၊ ထုတ်လုပ်သူများရှင်သန်ရေးကို လုပ်ဆောင်ရမည့်အချိန်အခါဖြစ်ပေသည်။ ထုတ်လုပ်မှုကုန်ကျစရိတ်များလျှော့ချရေးဆိုသည်မှာ ပညာရပ်ဆိုင်ရာသဘောတရားအားဖြင့် Transaction Cost ခေါ် အပိုကုန်ကျစရိတ်များ လျှော့ချပေးခြင်းကို ဆိုလိုပါသည်။ ဥပမာအားဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်များကို ဈေးနှုန်းသက်သာစေခြင်းဖြင့် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များ လျှော့ချပေးခြင်းမျိုးကို ဆိုလိုပါသည်။ အဆိုပါလုပ်ငန်းစဉ်အချို့ကို ယခုအခါ စတင်နေပြီဖြစ်သည်ကို တွေ့နိုင်ပါသည်။

တစ်ဖက်တွင်လည်း နိုင်ငံ၏ ဘဏ်လုပ်ငန်းများကို မြှင့်တင်ပေးခြင်းဖြင့် အရောင်းအဝယ်များ တိုးတက်ဖြစ်ထွန်း

(ယခင်လမှအဆက်)

စီးပွားရေးလုပ်ငန်းတစ်ခု စတင်တည်ထောင်လုပ်ကိုင်ခြင်း (၃)

မျူးခန့်စံ

Corporate Image

စီးပွားရေးလုပ်ငန်းစတင်တည်ထောင်လုပ်ကိုင်မည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖို့ Corporate Image ခေါ် လုပ်ငန်းအဖွဲ့အစည်းပုံရိပ်ကောင်းမွန်မှုသည် အရေးကြီးဆုံးအချက်တစ်ချက်ဖြစ်သည်။ ပုံရိပ်ကောင်းမွန်မှုမရှိသော စီးပွားရေးလုပ်ငန်းတို့သည် အောင်မြင်မှုရရှိရန် လွယ်ကူမည်မဟုတ်ချေ။ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတို့သည် Corporate Image ကောင်းရရှိရန် ကြိုးစားလေ့ရှိသည်။ Corporate Image တွင် အချက်အလက်မြောက်မြားစွာရှိပြီး နည်းအမျိုးမျိုးဖြင့် တိုင်းတာနိုင်သည်။ ကုမ္ပဏီကိုသတိပြုမှု၊ အလိုအလျောက်ထုတ်ဖော်ပြောကြားနိုင်မှု၊ ကုမ္ပဏီ၏ အသိအမြင ်ကြီးမား ကျယ်ပြန့်မှု၊ အဓိပ္ပာယ်ပြည့်ဝ၍ ဝယ်ယူမှုအခြေအနေကို အသေးစိတ်နှုန်းထားသတ်မှတ်မှု စသည်တို့ဖြင့် တိုင်းတာလေ့ရှိသည်။ ကုန်ပစ္စည်းတစ်ခုကိုရွေးချယ်ဝယ်ယူရာတွင် အဓိကစဉ်းစားချိန်စံညွှန်းများ သတ်မှတ်ထားလေ့ရှိသည်။ ဆုံးဖြတ်ရန်မူများ၊ မှတ်ကျောက်များရှိသည်။ ကုမ္ပဏီပုံရိပ် (Company Image)၊ ဝန်ဆောင်မှု ဈေးနှုန်းနှင့် ကုန်စည်၏အရည်အသွေးတို့သည် အဓိကမှတ်ကျောက်များဖြစ်သည်။

Company Image တွင် အဓိကအင်္ဂါရုပ်သုံးရပ်(၀၀) အရည်အသွေးသုံးမျိုးပါရှိသည်။ Competence ခေါ် စွမ်းရည်ရှိမှု၊ Consistency ခေါ် တစ်သမတ်တည်းရှိမှု၊ ကိုက်ညီမှုနှင့် Reputation ခေါ် ကျော်ဇောထင်ရှားမှု၊ ဂုဏ်သိက္ခာရှိမှုဟူသော အင်္ဂါရုပ်များဖြစ်သည်။ စီးပွားရေးလုပ်ငန်းစတင်တည်ထောင်လုပ်ကိုင်မည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေဖြင့် မိမိကုမ္ပဏီပုံရိပ်ကောင်းမွန်စေရန်အတွက် အဆိုပါအရည်အသွေးများပြည့်မီရန် အစဉ်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။

ဝန်ဆောင်မှုအပိုင်းတွင်လည်း အရောင်းကို အထောက်အကူပြုနိုင်မှု၊ ဝန်ထမ်းများ၏ ကူညီတတ်မှု၊ စေတနာပါရှိမှု စသည်တို့သည် အဓိကအင်္ဂါရုပ်များဖြစ်

သည်။ ကုန်စည်ဈေးနှုန်း၏ အဓိကမှတ်ကျောက်မှာ ငွေ၏တန်ဖိုး (Value for money) ဖြစ်သည်။ ထို့အတူ ကုန်စည်တွင် သွင်ပြင်လက္ခဏာကောင်းမွန်မှု (Feature) နှင့် အသုံးဝင်မှု (Functionality) ဟူသော အင်္ဂါရုပ်များကို မှတ်ကျောက်တင်လေ့ရှိပါသည်။ သွင်ပြင်လက္ခဏာညံ့ဖျင်းသော အသုံးမတည့်သော ကုန်စည်များကို မည်သူမျှ ဝယ်ယူလိုကြမည်မဟုတ်ချေ။

စွန့်ဦးတီထွင်တို့၏ ကျွမ်းကျင်မှုအရည်အသွေးများ

စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ မန်နေဂျာများတွင် ကျွမ်းကျင်သော အရည်အသွေးများရှိကြသည်။ အတတ်ပညာ၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု၊ အခြေခံယူဆချက်များ ပိုင်နိုင်ကျွမ်းကျင်မှု၊ စီမံအုပ်ချုပ်မှုဆိုင်ရာကျွမ်းကျင်မှု၊ လူအများကို စီမံခန့်ခွဲနိုင်မှု စသော ကျွမ်းကျင်မှုများရှိကြသည်။ အထက်ပါကျွမ်းကျင်မှုအရည်အသွေးများပြည့်စုံမှသာလျှင် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။ စွန့်ဦးတီထွင်လုပ်ငန်းရှင်ဖြစ်လိုသူများ၊ စွန့်ဦးတီထွင်မန်နေဂျာများအနေဖြင့် အထက်ပါအရည်အသွေးများပြည့်ဝရန် ဖြည့်ဆည်းရပေမည်။

ကုမ္ပဏီအောင်မြင်မှု၏သော့ချက်များ

လတ်တလောစူးစမ်းလေ့လာသုတေသနပြုမှုမှ ပေါ်ထွက်လာသော ရလဒ်များအရ ကုမ္ပဏီအောင်မြင်မှု၏ သော့ချက်များအဖြစ် စံနှုန်းများကို အောက်ပါအတိုင်း ဦးစားပေးအစီအစဉ်သတ်မှတ်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။ စီမံခန့်ခွဲမှုပညာရှင်များ၏ ဆန္ဒပြမှုဖြင့် ထွက်ပေါ်လာသော စံနှုန်းများ၊ ရလဒ်များအရ ကုမ္ပဏီအောင်မြင်မှု၏ အဓိကအကျဆုံးသော့ချက်နံပါတ် (၁) မှာ အလုပ်ကို ဦးစားပေးအာရုံစူးစိုက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အလုပ်ကို ဦးတည်ဆောင်ရွက်ခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စများကို ရှေ့တန်းမတင်ခြင်း၊ စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်ခြင်းတို့ပါဝင်သည်။ လုပ်ဆောင်ခြင်း၊ အံဝင်ခွင်ကျဖြစ်ခြင်း၊ ကြိုးစားခြင်းတို့ဖြင့် မိမိအလုပ်ကို ဦးတည်၍ ဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်ချောမွေ့မည်ဖြစ်သည်။

(Do it, Fix it, Try it)

ကုမ္ပဏီအောင်မြင်မှုတွင် ဒုတိယသော့ချက်မှာ ရိုးရှင်းသောဖွဲ့စည်းပုံနှင့် ကျစ်လျစ်သောဝန်ထမ်းအင်အား ဖြစ်ပါသည်။ ရှုပ်ထွေးများပြားသောဖွဲ့စည်းပုံနှင့် မလိုအပ်ဘဲပိုလျှံနေသောဝန်ထမ်းများသည် ကုမ္ပဏီကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ခေတ်သစ်ဖွဲ့စည်းပုံတွင် အဆင့်နည်းနိုင်သမျှနည်းပြီး ဖွဲ့စည်းပုံဇယားကို ပြားချပ်စေသည်။

ကုမ္ပဏီအောင်မြင်မှု၏ ဒုတိယသော့ချက်မှာ ရိုးရှင်းသောဖွဲ့စည်းပုံနှင့် ကျစ်လျစ်သောဝန်ထမ်းအင်အား ဖြစ်ပါသည်။ ရှုပ်ထွေးများပြားသောဖွဲ့စည်းပုံနှင့် မလိုအပ်ဘဲ ပိုလျှံနေသောဝန်ထမ်းများသည် ကုမ္ပဏီကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ခေတ်သစ်ဖွဲ့စည်းပုံတွင် အဆင့်နည်းနိုင်သမျှနည်းပြီး ဖွဲ့စည်းပုံဇယားကို ပြားချပ်စေသည်။ Flat Organization ဟုသုံးနှုန်းသည်။ မလိုအပ်ဘဲ အဆင့်များပြားနေမှု၊ ဝန်ထမ်းဖောင်းပွနေမှုကို ခွင့်မပြုချေ။ ကျွမ်းကျင်တတ်မြောက်မှုနှင့် ဉာဏ်ပညာကို အလေးထားသည်။ လုပ်ပိုင်ခွင့်ကို ယုံကြည်စွာဖြင့် အပြည့်အဝအပ်နှင်းသည်။ ထိုသို့သောကုမ္ပဏီများသာ အောင်မြင်လေ့ရှိသည်။

ကုမ္ပဏီအောင်မြင်မှုအတွက် တတိယသော့ချက်မှာ ဖောက်သည်များနှင့် စဉ်ဆက်မပြတ် တွေ့ထိဆက်သွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။ ဖောက်သည်တို့သည် ကုမ္ပဏီ၏ ကျေးဇူးရှင်များ ဖြစ်သည်။ ဖောက်သည်များကို အလေးအနက်ထားဆက်ဆံရမည်။ ဖောက်သည်များနှင့် ရင်းနှီးကျွမ်းဝင်သော ဆက်ဆံရေးရှိဖို့လိုသည်။ ဖောက်သည်တို့သည် ကုမ္ပဏီအတွက် ငွေရှာပေးသည့် အရင်းအမြစ်များဖြစ်ရာ ဖောက်သည်များနှင့် ဆက်ဆံရေးကောင်းမွန်ဖို့လိုသည်။ စဉ်ဆက်မပြတ်တွေ့ထိဆက်ဆံဖို့ လိုအပ်သည်။ ယနေ့ခေတ်တွင် ဖောက်သည်တို့၏တန်ဖိုးကို ပိုမိုနားလည်အလေးအနက်ထားကာ Customer Relationship Management ကို ကျင့်သုံးလာကြပြီဖြစ်သည်။ ယှဉ်ပြိုင်မှုမြင့်မားသော ယနေ့ခေတ်တွင် ဖောက်သည်များကို အပြိုင်ဆွဲဆောင်ကြရာ ဖောက်သည်များလက်လွှတ်မဆုံးရှုံးစေရေး၊ ဖောက်သည်များကို ရေရှည်ထိန်းထားနိုင်ရေးသည် အဓိကကိစ္စရပ်တစ်ခု ဖြစ်လာသည်။ ဖောက်သည်များနှင့် စဉ်ဆက်မပြတ်တွေ့ ထိဆောင်ရွက်နိုင်မှ၊ ဖောက်သည်များကို ရေရှည်ထိန်းထားနိုင်မှသာလျှင် ကုမ္ပဏီအောင်မြင်မှုရရှိမည် ဖြစ်သည်။

ကုန်ထုတ်စွမ်းရည်တိုးတက်မြင့်မားမှု၊ ဖြစ်ထွန်းအောင်ကြံဆောင်တတ်သည့် စိတ်ကူး၊ တိုးတက်ထွန်းကားမှုသည် ကုမ္ပဏီအောင်မြင်ရေးအတွက် စတုတ္ထသော့ချက်ဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားရန်လိုအပ်သကဲ့သို့ ကုမ္ပဏီအတွင်းတာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအားလုံး ကိုယ်စွမ်း ဉာဏ်စွမ်း မြင့်မားရန်လိုအပ်သည်။ တီထွင်ဖန်တီးလုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိရန် လိုအပ်ပေသည်။

စွန့်ဦးတီထွင်လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းသည် လုပ်ငန်းအောင်မြင်ရေး၏ အဓိကကျသောအချက်တစ်ချက် ဖြစ်သည်။ လုပ်ငန်းခွင်အတွင်း စိတ်ကူးဉာဏ်ကွန်မြူးသမျှဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်ရှိဖို့လိုသည်။ လုပ်ပိုင်ခွင့်ပေးမထားလျှင် ကွန်မြူးထားသမျှစိတ်ကူးများ အကောင်အထည်

ဖော်နိုင်မည်မဟုတ်ချေ။ လေထဲတိုက်အိမ်ဆောက်သည့်ပမာ၊ အိပ်မက်ဝက်ပါထဲလမ်းပျောက်သူပမာရှိလိမ့်မည်။ စိတ်ကူးကွန့်မြူးသမျှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ထိုက်သင့်သောလုပ်ပိုင်ခွင့်များကို အပ်နှင်းထားရပေမည်။ ထိုက်သင့်သော လုပ်ငန်းခွင်လုပ်ပိုင်ခွင့်များ အပ်နှင်းပြီး စွန့်ဦးတီထွင်လုပ်ငန်းစဉ်များကို အားပေးချီးမြှောက်ခြင်းသည် ကုမ္ပဏီအောင်မြင်မှုအတွက် ပဉ္စမသော့ချက်ဖြစ်သည်။

ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့အစည်းများတွင် ဘီဇနက်တန်ဖိုး (Business Value) သို့မဟုတ် Core Value ခေါ် အမြုတေတန်ဖိုးများထားရှိဆောင်ရွက်လေ့ရှိပါသည်။ ထိုအမြုတေတန်ဖိုးများကို ပဓာနပြုအလေးအနက်ထားဆောင်ရွက်ခြင်းသည် ကုမ္ပဏီအောင်မြင်မှုအတွက် ဆဋ္ဌမမြောက်သော့ချက်ဖြစ်ပါသည်။ ကုမ္ပဏီအတွင်းခန့်အပ်တာဝန်ပေးထားသောဝန်ထမ်းများသည် မိမိတို့ကျရာတာဝန်ဝတ္တရားများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အကောင်းဆုံးနည်းလမ်းများဖြင့် ထိထိရောက်ရောက်ဆောင်ရွက်ခြင်းသည် သတ္တမမြောက်သော့ချက်ဖြစ်ပါသည်။

စီမံခန့်ခွဲရေးတာဝန်ကိုထမ်းဆောင်ကြသော အမှုဆောင်အရာရှိများ၊ မန်နေဂျာများသည် Planning ခေါ် စီမံကိန်းချမှတ်ခြင်း၊ Organizing ခေါ် ဖွဲ့စည်းဆောင်ရွက်ခြင်း၊ Leading ခေါ် ဦးဆောင်ကွပ်ကဲခြင်း၊ Staffing ခေါ် ဝန်ထမ်းရေးရာကိစ္စရပ်များစီမံခြင်း၊ Controlling ခေါ် ထိန်းချုပ်ကွပ်ကဲခြင်း စသော စီမံခန့်ခွဲမှုတာဝန်များကို ထမ်းဆောင်ကြရပါသည်။ 'အကွပ်မဲ့ကြမ်း ပရမ်းပတာ' ဆိုသကဲ့သို့ ထိန်းချုပ်ကွပ်ကဲမှုမရှိလျှင်၊ လျော့ရဲရဲဖြစ်လျှင် လုပ်ငန်းခွင်ပြဿနာများ ဖြစ်ပွားတတ်ပါသည်။ ထိန်းချုပ်မှုတင်းကျပ်လွန်းလျှင်လည်း 'တင်းလွန်းလျှင်ပြတ်' ဆိုသကဲ့သို့ ဖြစ်တတ်ပါသည်။ လုပ်ငန်းခွင်တွင် ပျော်ရွှင်ကျေနပ်မှုရှိမည်မဟုတ်ပါချေ။ ထို့ကြောင့် တစ်ချိန်တည်းမှာပင် တင်းကျပ်သော၊ လျော့ရဲသော ထိန်းချုပ်မှုကို ကျင့်သုံးရပေမည်။ Loose- Tight Control ကို ကျင့်သုံးရမည်။ လျော့သင့်သူကိုလျော့၍ စည်းကမ်းမလိုက်နာသူ၊ ဇွေဖောက်သူများကို တင်းတင်းကျပ်ကျပ် စည်းကမ်းသတ်မှတ်ထိန်းချုပ်ရပေမည်။ ယေဘုယျအားဖြင့်မူ မလျော့မတင်းစောင်းကြိုးညှင်းပမာ ဆောင်ရွက်ရပေမည်။ Loose Tight Control ကို တစ်ပြိုင်တည်း ပြုလုပ်ဆောင်ရွက်ခြင်းသည် ကုမ္ပဏီအောင်မြင်မှုအတွက် အဋ္ဌမမြောက်သော့ချက် ဖြစ်ပါသည်။

ဖောက်သည်များသည် ကုမ္ပဏီအတွက် အရေးပါသောပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ဖောက်သည်များကို အလေးထားသောကုမ္ပဏီတိုင်းသည် အောင်မြင်မှုရရှိသကဲ့သို့ အောင်မြင်သောကုမ္ပဏီတိုင်းသည်လည်း ဖောက်သည်များကို အလေးအနက်ထားလေ့ရှိပါသည်။ ဖောက်သည်များကိုတာဝန်ယူမှုရှိခြင်း၊ အာမခံချက်ပေးခြင်းသည် ကုမ္ပဏီများအောင်မြင်မှု၏ နဝမမြောက်သော့ချက် ဖြစ်ပါသည်။ ဖောက်သည်တို့အပေါ်သစ္စာမဲ့သော၊ အလေးအနက်မထားသော၊ တာဝန်ယူစိတ်ကင်းမဲ့သောကုမ္ပဏီတို့ကို လောကသစ္စာကဒဏ် ခတ်ပေလိမ့်မည်။

အပြုသဘောဆောင်သော၊ အပေါင်းလက္ခဏာဆောင်သော၊ အကောင်းမြင်သောသဘောထားကိုစွဲသည် အောင်



မြင်ရေး၏လျှို့ဝှက်ချက်၊ မိတ္တဇလသော့ချက်ဖြစ်သည်။ အရာရာကို အဆိုးမြင်ဝါဒီဖြင့် ရှုမြင်၍ စိတ်တိုင်းမကျဖြစ်နေကအောင်မြင်မှုလမ်းစနှင့် ဝေးနေမည်ဖြစ်သည်။ မိမိကိုယ် ကိုယ်ယုံကြည်မှုအပြည့်ရှိပြီး 'ငါလုပ်လျှင်ဖြစ်တယ်' ဟူသော ယုံကြည်မှုလွန်ကဲခြင်းသို့ မရောက်စေဘဲ 'လုပ်နိုင်ပါတယ်' ဟူသော အကောင်းမြင်စိတ်ဖြင့် ဆောင်ရွက်ခြင်းသည် (၀၊) သဘောထားမှန်ရှိခြင်းသည် ကုမ္ပဏီအောင်မြင်မှု၏ ဒသမမြောက်သော့ချက်ပင် ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

မှူးခန့်စံ

Ref: Starting a Business
By Rodney Overton

ရက်စွဲမှတ်တမ်း

၂-၁၂-၂၀၀၇ * နေပြည်တော်ရှိ ချောင်းမကြီးဆည်နှင့် ငလိုက်ချောင်းကြားတွင်တည်ရှိပြီး ကွင်းအကျယ် ဧရိယာ ၃၆၅ ဧက ကျယ်ဝန်းသော မြို့တော်ဂေါက်ကွင်း ဖွင့်လှစ်။

၁၁-၁၂-၂၀၀၇ * မြန်မာနှင့် တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ကုန်သွယ်မှုများပြုလုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၁၇ သန်း တန်ဖိုးရှိ ကုန်သွယ်ရေးစာချုပ် ၂၅ ခုကို ဒီဇင်ဘာ ၁၁ ရက်နေ့တွင် ချုပ်ဆိုခဲ့ကြောင်း ဒီဇင်ဘာလ ၁၈ ရက်နေ့ထုတ် The Flower News Vol.3, No.48 တွင် ဖော်ပြ။

၁၄-၁၂-၂၀၀၇ * မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်ရှိ ရတနာပုံတယ်လီပို့ ဖွင့်လှစ်။

* ၂၀၀၅ ခုနှစ်အတွက်ရရှိသော စာပေဗိမာန်စာမူဆုရသူများစာရင်းထုတ်ပြန်ကြေညာ။

* ရန်ကုန်–မန္တလေးသွား မြတ်မန္တလာထွန်း အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်များပေါ်တွင် GSM Mobile (PCO) ဖုန်းများ တပ်ဆင်ပေးသည့်ဝန်ဆောင်မှု စတင်။

* ကမ္ဘာအေးသာသနာ့နယ်မြေဝင်းအတွင်းရှိ ကျောင်းဆောင်များတွင် နှစ်လကျော်ခန့် သီတင်းသုံးနေထိုင်ခဲ့ကြသော ငွေကြာရံဆရာတော်ကြီး နှင့်တကွ သံဃာအပါး ၅၀ ကျော် ၎င်းတို့၏ မူလ စာသင်တိုက်သို့ ပြန်လည်ရောက်ရှိ။

၁၈-၁၂-၂၀၀၇ * တပ်မတော် (လေ)မှ လေယာဉ်တစ်စီး လေ့ကျင့်ရန် ပျံတက်စဉ် စက်ချို့ယွင်းမှုဖြစ်ပေါ်ကာ ပျက်ကျခဲ့သည့်သတင်းတစ်ရပ်ကို ယနေ့ထုတ်နိုင်ငံပိုင်သတင်းများတွင် ဖော်ပြ။

၁၉-၁၂-၂၀၀၇ * မြန်မာ့ရေထွက်ကုန်ပစ္စည်းများဝယ်ယူရန်အတွက် ရုရှားနိုင်ငံမှပါလီမန်အမတ်ဟောင်းတစ်ဦးဖြစ်သည့် Mr. Alexander Gavrin ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် လာရောက်ညှိနှိုင်း။

၂၀-၁၂-၂၀၀၇ * ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနပိုင်စက်ရုံတစ်ရုံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပိုင် ဆန်စက် ၁၀ လုံးနှင့် ဖွဲနှဆီစက် ခြောက်လုံးတို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

* ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့် အမယ်အမျိုးအစား ၁၆၂ မျိုးထုတ်လုပ်မည့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေဆိပ်အနီးတွင် တည်ဆောက်ထားသည့်မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) ဖွင့်လှစ်။

၂၁-၁၂-၂၀၀၇ * ရခိုင်ပြည်နယ် စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ မြို့မအလယ်ပိုင်းရပ်ကွက်၌ 125 KVA စပါးခွံ ဓာတ်ငွေ့နှင့် ဒီဇယ် ရောနှောသုံး ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်။

၂၃-၁၂-၂၀၀၇ * ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအုပ်စု ယန်ခမ်းကျေးရွာ၌ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် တိုင်းရင်းကြက်အချို့ပုံမှန်မဟုတ်သော သေဆုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ် H5N1 အဖြစ်အတည်ပြုကြောင်း သက်ဆိုင်ရာမှသတင်းထုတ်ပြန်။

၂၈-၁၂-၂၀၀၇ * တိရစ္ဆာန်ရောဂါ ထိန်းချုပ်ရေးစီမံချက်အတွက် မြန်မာနိုင်ငံသို့ ဂျပန်ယန်းငွေ ၁၀၂ သန်း တန်ဖိုးရှိ အကူအညီ အထောက်အပံ့များပေးအပ်ရန် သဘောတူစာချုပ်ကို ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများ ရန်ကုန်မြို့တွင်လက်မှတ်ရေးထိုး။

၂၉-၁၂-၂၀၀၇ * မော်တော်ယာဉ်များ၏ တစ်နေ့တာဓာတ်ငွေ့အမှန်တကယ်သုံးစွဲမှုကိုသိနိုင်ရန် ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်နေ့တို့တွင် ယာဉ်တစ်စီးလျှင် ဓာတ်ငွေ့တစ်ခါသာ ထုတ်ပေးစေပြီး လေ့လာခဲ့ကြောင်း ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီမှတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ဇန်နဝါရီလ ၄ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် ဖော်ပြထား။

* ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းတွင်တည်ရှိပြီး မြန်မာ့အဖိုးတန်စာအုပ် စာပေများ တစ်စုတစ်စည်းတည်းစုဆောင်းထားရှိရန် ရည်ရွယ်တည်ဆောက်ထားသည့် အမျိုးသားစာကြည့်တိုက်အဆောက်အအုံကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းများတွင် ထုတ်ပြန်ကြေညာ။

၁-၁-၂၀၀၈ * ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို နေပြည်တော်အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပ။

* ၂၀၀၆ ခုနှစ်အတွင်း ထုတ်ဝေခဲ့သောစာအုပ်များမှ စိစစ်ရွေးချယ်သည့် အမျိုးသားစာပေဆုများကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာ။

* မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ကို ထုတ်ယူခွင့်စာအုပ်ဖြင့် မှတ်တမ်းတင် ရောင်းချပေးမည် ဖြစ်ပြီး ခရီးစဉ်သုံးစွဲမှုပေါ် မူတည်လျက် ယခင်အစီအစဉ်အတိုင်း လိုသလောက်ဝယ်ယူခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ဓာတ်ဆီ၊ ဒီဇယ်သုံးယာဉ်များကိုလည်း ယခင်အတိုင်းပြောင်းလဲမှုမရှိဘဲဆက်လက် ထုတ်ပေးမည်ဖြစ်ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

* ဂြိုဟ်တုစလောင်းများအတွက်သတ်မှတ်ထားသည့် တစ်နှစ်စာ လိုင်စင်နှုန်းထားများကို ယခင် ၅ ဒေါ်လာမှ ဒေါ်လာ ၈၀၀ သို့ ပြောင်းလဲသတ်မှတ်။

၂-၁-၂၀၀၈ * မန္တလေးတိုင်း၊ ညောင်ဦးမြို့ရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီးဖွင့်လှစ်။
* ပဲခူးတိုင်း၊ တောင်ငူမြို့နယ်ရှိ ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်လှစ်။

၃-၁-၂၀၀၈ * ရန်ကုန်မြို့တွင် မောင်းနှင်ပြေးဆွဲလျက်ရှိသော City Taxi များအနက် CNG ပြောင်းလဲပြီးဖြစ်သော City Taxi ၈၀၀၅ စီးအားမီတာတပ်ဆင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်။

၄-၁-၂၀၀၈ * နေပြည်တော်–တောင်ညီကားလမ်းမကြီးဘေး အကျယ်အဝန်း ၈က ၂၀၀ ခန့်ရှိသည့် အမျိုးသားပရဆေးဥယျာဉ် (National Herbal Park) ဖွင့်လှစ်။

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၀၈ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းလိုက်ခြင်းကိုလည်းကောင်း၊ ၂/ ၂၀၀၈ ဖြင့် ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းခြင်းကိုလည်းကောင်း၊ ၃/ ၂၀၀၈ ဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဘာတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းကိုလည်းကောင်း၊ ၄/ ၂၀၀၈ ဖြင့် စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းကိုလည်းကောင်း၊ ၅/ ၂၀၀၈ ဖြင့် ပြည့်သူ့ဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းကိုလည်းကောင်း၊ ၆/ ၂၀၀၈ ဖြင့် ရဲမှုထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းကိုလည်းကောင်း၊ ၇/ ၂၀၀၈ ဖြင့် နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းခြင်းကိုလည်းကောင်း၊ ၈/ ၂၀၀၈ ဖြင့် ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

၁၄-၁-၂၀၀၈* မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် အတွက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) သို့ ဂျပန်အစိုးရမှ ကန့်ဒေါ်လာ ၁.၇၉သန်းကျော် ပေးအပ်ရန်သဘောတူညီချက်ကိုရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် ယူနီဆက်ဌာနေကိုယ်စားလှယ်တို့ လက်မှတ်ရေးထိုး။

၁၆-၁-၂၀၀၈ * ရေလုပ်ငန်း၊ သစ်တောနှင့် ကျောက်မျက်လုပ်ငန်းရှင်များအတွက် ဒီဇယ်ပထမအသုတ်တင်သွင်းခွင့်ကို ကုန်သွယ်မှုဝန်ကြီးဌာနက စီမံ ပထမဆုံးအကြိမ်ခွင့်ပြု။

၂၀-၁-၂၀၀၈ * ရန်ကုန်မြို့တော်မှကျိုက်ခမီမြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ် ၉ခ/ ၁၃၇၆ ရောင်နီထွန်းမှန်လုံအမြန်ယာဉ်သည် နံနက် ၁၁ နာရီ ခန့်တွင် ကျိုက်ထိုမြို့အဝင် လက်ပြရွာအနီးသို့ ရောက်ရှိစဉ် အနက် ၁၀ ပေခန့်ရှိ လမ်းဘေးမြောင်းထဲသို့ တိမ်းမှောက်မှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် ခရီးသည်အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၅ ဦးသေဆုံးကာ သံဃာတော်တစ်ပါး ပျံလွန်တော်မူခဲ့ပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ရေးသားဖော်ပြ။

၂၁-၁-၂၀၀၈ * လွင်မိုးခရီးသွားနေသည် ဒုတိယဓာတ်လမ်းတွဲ 'မြိတ် ကျွန်းစုများဆီသို့ ဇာတ်လမ်းတွဲရိုက်ကူးရန် သရုပ်ဆောင်လွင်မိုးနှင့် အဖွဲ့ဝင်များ တနင်္သာရီတိုင်းသို့ စတင်ထွက်ခွာ။
* ရန်ကုန်ရွှေရောင်းဝယ်ရေးစျေးကွက်တွင် ၁၆ပဲရည် (အခေါက်) စျေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ်ခြောက်သိန်း နီးပါးအထိ ရောက်ရှိသွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ စုံစမ်းသိရှိရမှုကိုကိုးကား၍ ဇန်နဝါရီလ ၂၁ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြပါရှိ။

၂၃-၁-၂၀၀၈ * ဆော်ဒီအာရေဗျနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည် ပတ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့နေပြည်တော်မှ ထွက်ခွာ။

၂၆-၁-၂၀၀၈ * ပဲခူးတိုင်း၊ ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာ အနီးတွင် တည်ဆောက်ထားပြီး အမြင့် ၈၆ ပေ၊ တမံအလျား ၆၄၀၀ ပေရှိသော ဝါးကတုတ်ရေကူရေလှောင်တမံ ဖွင့်လှစ်။

၃၀-၁-၂၀၀၈ * ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ထားသူ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ မွန်းလွဲ ၁ နာရီမှ ၁နာရီ ၃၁ မိနစ်အထိလည်းကောင်း၊ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ မှ ညနေ ၃ နာရီ ၃၅ မိနစ်အထိလည်းကောင်း ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဇည့်ဂေဟာတွင် နှစ်ကြိမ်တွေ့ဆုံခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထား။ ယင်းနေ့တွင်ပင် ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးညွန့်ဝေ၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးလွန်းတင်၊ ဦးစိုးမြင့်နှင့် ပြောရေး ဆိုခွင့်ရှိသူဦးဉာဏ်ဝင်းတို့နှင့် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်မှ ၂ နာရီ ၄၅ မိနစ်အထိ စိမ်း လဲ့ကန်သာဇည့်ဂေဟာ၌ပင် တွေ့ဆုံခဲ့သည်။

၃၁-၁-၂၀၀၈ * ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ ကဒပွနစံပြကျေးရွာ ဖွင့်လှစ်။

၁-၂-၂၀၀၈ * ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါပိုး (H5 N1) ဗိုင်းရပ်စ်ရောဂါပိုးများ ပျံ့နှံ့နေသည်ဟု သတင်းရရှိသည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကြက်ငှက်များနှင့် ဆက်စပ်အသုံးအဆောင်ပစ္စည်းများ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းမှုစတင်တားမြစ်။

၄-၂-၂၀၀၈ * မြန်မာနိုင်ငံတွင် တရားဝင်ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များအတိုင်းမလိုက်နာဘဲ အရွယ်မရောက်သေးသူများအား အဓမ္မစစ်မှုထမ်းအဖြစ် စုဆောင်းခဲ့မှုများကိုစိစစ်အရေးယူခဲ့ရာ ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ငါးနှစ်ကာလအတွင်း

အရာရှိ စစ်သည် ၄၃ ဦးကို အရေးယူဆောင်ရွက်ခဲ့ကြောင်း ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်မောင်၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီလ ၄ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြပါရှိ။

၇-၂-၂၀၀၈* ၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆုချီးမြှင့်ပွဲ) ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံတွင် ကျင်းပ။

၁၀-၂-၂၀၀၈* နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲမှု မကြာမီပြီးစီးတော့မည်ဖြစ်၍ အဆိုပါမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးကောင်စီ၏ ဖေဖော်ဝါရီလ ၉ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာထားသော ကြေညာချက်အမှတ် ၁/၂၀၀၈ ကိုလည်းကောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ် ၂/၂၀၀၈ ကို လည်းကောင်း ထုတ်ပြန်ကြေညာ။

* ရန်ကုန်မြို့တော်ရှိ ဒုတိယမြောက် လှိုင်မြစ်ကူးတံတားတစ်စင်းဖြစ်သည့် အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ကို ဆက်သွယ်ထားသော အောင်ဇေယျကြိုးတံတားကြီး၏ လှိုင်သာယာမြို့နယ်ဘက် အဆုံးတံတားပေါ်တွင် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်အချိန်က ရွှေဥည့်သည်ယာဉ်လိုင်းမှ ယာဉ်အမှတ် ၇ခ/၇၉၄၁ နှင့် ငြိမ်းချမ်းရေး ၂၂၄ ယာဉ်လိုင်းမှ ယာဉ်အမှတ် ၂က/၂၇၃၇ (ဒိုင်နာ) တို့ အရှိန်ပြင်းထန်စွာ မျက်နှာချင်းဆိုင်တိုက်မိရာ ယာဉ်နှစ်စီးပေါ်တွင်လိုက်ပါလာသော ခရီးသည်များအနက် ကိုဦးမှာ အခင်းဖြစ်ရာနေရာတွင် ပွဲချင်းပြီးသေဆုံးပြီး ၁၈ ဦးခန့် အပြင်းအထန် ဒဏ်ရာရရှိသွားကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ရေးသားဖော်ပြ။

၁၁-၂-၂၀၀၈* ရန်ကုန်နှင့် မန္တလေးအရောင်းအဝယ်ဈေးကွက်တွင် ဖြစ်ပေါ်နေသော ရွှေဈေးနှုန်းများ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပြန်လည်မြင့်တက်လာပြီး အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ခြောက်သိန်းအထိ ပြန်လည်ရောက်ရှိ။

၁၅-၂-၂၀၀၈* မြန်မာနိုင်ငံရှိ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ခွင့်ပြုထားသည့်အစိုးရဘဏ်အချို့တွင် စင်ကာပူဒေါ်လာဖြင့် တရားဝင်ငွေစာရင်း ဖွင့်ခွင့်ပြုတော့မည့်အစီအစဉ်ကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တရားဝင်စတင်မည်ဟု မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် (MFTB) နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) တို့တွင် ဇန်နဝါရီလဆန်းပိုင်းမှစ၍ တရားဝင်ကြေညာချက်များထုတ်ပြန်။

၁၇-၂-၂၀၀၈* ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ပဲခူးမြစ်လမ်း နှင့် ဧရာဝတီလမ်းထောင့် ဓာတ်ငွေ့အရောင်းဆိုင်အမှတ် (၀၂၁) ၏ အနောက်ဘက် ပေ ၂၃၀ ခန့်အကွာတွင် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က အင်းစိန်ရွာမဓာတ်ငွေ့ထိန်းဖြန့် စခန်းမှ သာကေတဓာတ်အားခွဲရုံသို့ ပို့လွှတ်သော ၁၄ လက်မ ဓာတ်ငွေ့ပိုက်လိုင်း မီးလောင်ပေါက်ကွဲမှုဖြစ်ပွား။

၁၈-၂-၂၀၀၈* မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ သံတမန်အဆက်အသွယ် နှစ် ၆၀ ပြည့်မြောက်သည့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အပြန်အလှန်ပေးပို့သော နှစ်နိုင်ငံအကြီးအကဲများ၏ သဝဏ်လွှာများကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* လက်ရှိ CNG ပြောင်းလဲထားသော CNG မော်တော်ယာဉ်အရေအတွက် ၁၄၀၀၀ စီးကို သဘာဝဓာတ်ငွေ့လုံလောက်စွာဖြန့်ဖြူးနိုင်ရန်အတွက် ပြီးခဲ့သည့်နှစ်အတွင်းက ရပ်နားထားခဲ့သော CNG ပြောင်းလဲရေးလုပ်ငန်းများကို သက်ဆိုင်ရာက ပြန်လည်ခွင့်ပြု။

၁၉-၂-၂၀၀၈* ကချင်ပြည်နယ်ပူတာအိုမြို့မှ မြစ်ကြီးနားမြို့သို့ ပျံသန်းထွက် ခွာမည့် Air Bagan ATR 42 လေယာဉ်သည် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ပူတာအိုလေဆိပ်မှ ပျံတက်ရန် လေယာဉ်ပြေးလမ်းမှအရှိန်နှင့် ထွက်ခွာနေစဉ် လေယာဉ်ပြေးလမ်းမှ ပေ ၃၀၀ ကျော်တွင်လမ်းချော်ပြီး ပြေးလမ်းပြင်ပသို့ ရောက်ရှိသွားခဲ့ကြောင်း Air Bagan Ltd. မှ တရားဝင်သတင်းထုတ်ပြန်။

* ရန်ကုန်တိုင်း၊ မော်ဘီမြို့နယ်၊ မြောင်းတကာ၌ တည်ဆောက်လျက်ရှိသည့် တစ်ရက်တန် ၅၀၀ ကျ အမှတ် (၄) ဘိလပ်မြေစက်ရုံပန္နက်တင်။

၂၀-၂-၂၀၀၈* ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်များက မိမိတို့ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် လက်မှတ်ရေးထိုးလိုက်အတည်ပြုလိုက်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

၂၃-၂-၂၀၀၈* Orbis International မှ အဖွဲ့ဝင် ၂၉ ဦးပါဝင်သော မျက်စိကုလေယာဉ်မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး) သို့ ရောက်ရှိလာကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

၂၄-၂-၂၀၀၈* တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ ၁ ရပ်ကွက်၊ ရှမဝ ၂ လမ်း၊ အိမ်အမှတ် ၃၂–က ၌ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့် အချိန်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၉ဖြ လုံး မီးလောင်ကျွမ်းခဲ့ပြီး လူပေါင်း ၁၄၀၀ ခန့် အိုး မဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၂၅-၂-၂၀၀၈* မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၃× ၃၄ လမ်းကြား၊ ၇၇× ၇၈ လမ်းကြားရှိအဆင့်မြင့် ရတနာပုံဈေး မြေညီထပ် ဆိုင်ခန်း (ဃ) ဆောင် အမှတ် ၂၆၁ ၌ ဖေဖော်ဝါရီလ ၂၅ ရက် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်တွင် လျှပ်စစ်ဝါယာရှော့ခ်မှ

တစ်ဆင့် မီးလောင်မှုတစ်ရပ်စတင်ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြပါရှိ။

* ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်၊ (၄) ရပ်ကွက်၊ စိန်ပန်း (၅) လမ်း၊ အိမ်အမှတ် ၂၀တွင် မီးကြောင်းမီးကျန်မှတစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့ရာ အိမ် ၁၁ လုံး မီးလောင်ကျွမ်းခဲ့ပြီး လူ ၅၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ကြောင်း ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြပါရှိ။

* ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန် (၄) အနောက်ဘက် ခြမ်းရှိ သောင်ကြီးရပ်ကွက်နှင့် ရောက္ကရပ်ကွက်တို့၌ မီးလောင် ကျွမ်းမှုတစ်ရပ်ဖြစ်ပေါ်ခဲ့ရာ အိမ်ခြေ ၂၀၀ ကျော် ဆုံးရှုံးသွားပြီး လူပေါင်း ၃၀၀၀ နီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း နိုင်ငံပိုင် သတင်းစာများတွင်ဖော်ပြပါရှိ။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံအခြေစိုက် China National Offshore Oil Corporation (CNOOC) ကုမ္ပဏီ မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ကွက် M-10 တွင် အစမ်းတွင်းအမှတ် ရွေပြည်သစ် (၁) စတင်တူးဖော်။

၂၆-၂-၂၀၀၈* ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၁) ရပ်ကွက်၊ သုမိတ္တာ ၂၄ လမ်း၊ အမှတ် ၉၁၈ တွင် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က လျှပ်စစ်မီးဖိုမှတစ်ဆင့် မီးစတင်လောင်ကျွမ်းမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အိမ်သုံးလုံးမီးလောင်ပျက်စီးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ရေးသားဖော်ပြ။

* ရန်ကုန်မြို့၊ ဒဂုံမြို့နယ် မော်ကွန်းတိုက်လမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးခုတ်ခွဲမှုဆိုင်ရာဌာနအား အမျိုးသားတုပ်ကွေးရောဂါဌာနအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က တရားဝင်အသိအမှတ်ပြု။

* မန္တလေးမြို့ရှိ ရတနာပုံစျေးတွင် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က လောင်ကျွမ်းခဲ့သော မီးကြောင်းမီးကျန်များကို ရှင်းလင်းနေစဉ် မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်ခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးထပ်ဆင့် လောင်ကျွမ်းမှုတစ်ရပ်ဖြစ်ပေါ်။

၂၇-၂-၂၀၀၈* ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း ကန်ထရိုက်စာချုပ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် China Power Investment Corporation (CPI)မှ တာဝန်ရှိသူအသီးသီး နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုး။

၃-၃-၂၀၀၈* တနင်္သာရီတိုင်း မြိတ်မြို့ရှိ မြိတ်တက္ကသိုလ်ပင်မဆောင် ဖွင့်လှစ်။

၃-၃-၂၀၀၈* ရန်ကုန်မြို့တော် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း စိမ်းလဲ့ကန်သာလမ်း အမှတ် ၁၂၆ တွင် မြန်မာနိုင်ငံ၌ ပမာဏအများဆုံးစံချိန်တင်သည့် လူသတ်လုယက်မှုတစ်ခုဖြစ်ပွားခဲ့ရာ ပါလီမန်ခေတ်က မြန်မာနိုင်ငံတွင် အချမ်းသာဆုံး မိုးကုတ်ဦးမြမောင်နှင့် ဒေါ်အုံးကြည်တို့၏ တစ်ဦးတည်းသောသမီး ဒေါ်စန်းစန်းမြ၊ ခင်ပွန်းဖြစ်သူတောင်ပိုင်စော်ဘွားကြီး ဦးခွန်ပန်းစိန်၏သားတစ်ဦးဖြစ်သည့် ဦးစောကြည်ဖခေါ် ဦးချာလီနှင့် မွေးစားသမီး တူမနှစ်ဦးဖြစ်သော မြစန္ဒာနှင့် နှင်းပွင့်အေးတို့ အသတ်ခံခဲ့ရကြောင်း နိုင်ငံပိုင် သတင်းစာများနှင့် အပတ်စဉ်ထုတ်ဂျာနယ်များတွင် ဖော်ပြပါရှိ။

၁၀-၃-၂၀၀၈* အိန္ဒိယသမ္မတနိုင်ငံမှဝယ်ယူခဲ့သော မီးရထားစက်ခေါင်းစီးရေ ၁၅လုံး ဒုတိယအသုတ်အဖြစ် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိ။

၁၂-၃-၂၀၀၈* မဲခေါင်ဒေသ ခြောက်နိုင်ငံ၏ သတင်းအချက်အလက်ဆက်သွယ်ရေးအမြန်ဆက်ကြောင်းစီမံကိန်းအရ ဆောင်ရွက်ခဲ့သည့် မြန်မာ–တရုတ်နယ်စပ်ဖြတ်ကျော် ဖိုက်ဘာဆက်ကြောင်းဖွင့်ပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်၊ မူဆယ်မြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံးတွင် ကျင်းပ။

၁၄-၃-၂၀၀၈* Eleven Media Group မှစီစဉ်ထုတ်ဝေသော Bi Weekly Eleven သတင်းဂျာနယ် စတင်ထွက်ရှိ။

၁၅-၃-၂၀၀၈* တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်ဘာသာဖြင့် ထုတ်ဝေသောသတင်းစာများအနက် ထိပ်တန်းသတင်းစာကြီးတစ်စောင်ဖြစ်သော Guang Ming Daily ၏ရန်ကုန်ရုံးခွဲဖွင့်လှစ်။

၂၃-၃-၂၀၀၈* ကုမ္ပဏီပေါင်း ၈၀ ကျော်မှ ပြခန်းပေါင်း ၉၀ ကျော်ဖြင့် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၀၈ (Myanmar ICT Exhibition 2008) ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် စတင်ကျင်းပ။

* Max Myanmar Co., Ltd. ၏ နေပြည်တော် အင်္ဂါးယာဥ်လုပ်ငန်းရုံးသစ်စတင်ဖွင့်လှစ်ပြီး လုပ်ငန်းများစတင်ဆောင်ရွက်။

* ပဲခူးတိုင်း အုတ်တွင်းမြို့အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး အလျား ၉၂၀ ပေ၊ အမြင့်ပေ ၂၀၀ ရှိသော ခပေါင်းချောင်းရေလှောင်တမံဖွင့်လှစ်။

၂၄-၃-၂၀၀၈* ယာဥ်ကြောပိတ်ဆို့မှုကင်းရှင်းစေရန်၊ ယာဥ်အန္တရာယ်မဖြစ်ပေါ်စေရန်၊ လမ်းပျက်စီးမှုများမဖြစ်ပေါ်စေရန် ရည်ရွယ်၍ ရန်ကုန်မြို့တော်အတွင်း ဖြတ်သန်းမောင်းနှင်နေကြသော ကုန်သေတ္တာတင်ယာဥ်ကြီးများသွားလာရန်အတွက် သီးသန့်လမ်းကြောင်းများထုတ်ပြန်ကြေညာ။

၂၆-၃-၂၀၀၈* ရန်ကုန်–မန္တလေးကားလမ်းမကြီးအရှေ့ဘက် ရေဆင်းဆည်အနီးတွင်တည်ရှိသည့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ဖွင့်လှစ်။

၂၇-၃-၂၀၀၈* CONNECT အမည်ရှိ Tech Fashion နည်းပညာဂျာနယ်အသစ်ထွက်ရှိ။

၂-၄-၂၀၀၈* မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ဒေါ်ဂလပ်စ်ဟာဗေးမွန်ရိုးဂစ်ဘ်ဆင်အားခန့်အပ်ရန် တောင်အာဖရိကသမ္မတနိုင်ငံ၏အဆိုပြုချက်ကို မြန်မာနိုင်ငံအစိုးရမှ သဘောတူ

လိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ရေးသားဖော်ပြ။

၃-၄-၂၀၀၈* မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (MCDC) ကစီစဉ်ထုတ်လွှင့်မည့် မြန်မာနိုင်ငံ၏ ဒုတိယမြောက် မန္တလေး FM ရေဒီယို စတင်စမ်းသပ်ထုတ်လွှင့်။

၁၄-၄-၂၀၀၈* e-D Form လျှောက်ထားခြင်းအတွက် နီးစပ်ရာဘဏ်များမှတစ်ဆင့် ငွေပေးသွင်းခြင်းကို ပိတ်သိမ်းပြီးဖြစ်သဖြင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁) ရှိ စာရင်းအမှတ် CH-၀၆၃၃၂၉ သို့ ပြောင်းလဲပေးသွင်းရန် သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာ။

၉-၄-၂၀၀၈* တောင်ဥမြို့ရှိ Royal Kaytumadi Hotel ဖွင့်လှစ်။

* ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်သည် ကြေညာချက်အမှတ် (၄/၂၀၀၈) ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ။

၁၁-၄-၂၀၀၈* မန္တလေးတိုင်း အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ ခဝါတော်ရပ်နှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ တကောင်းရပ်ကြား ဆက်သွယ်တည်ဆောက်ထားသည့် စုစုပေါင်းအရှည် ၅၆၁၄ ပေရှိသည့် ဧရာဝတီတံတား (ရတနာပုံ) ဖွင့်လှစ်။

၁၆-၄-၂၀၀၈* မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ နာမည်ကျော် ဦးပိန်တံတား၏ တောင်သမန်အင်းအရှေ့ဘက်ထိပ်ရှိ အခန်းနှစ်ခန်း ပြိုကျ။

၁၈-၄-၂၀၀၈* မန္တလေးတိုင်း၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး) ဖွင့်လှစ်။

၂၃-၄-၂၀၀၈* ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာနိုင်ငံသံအမတ်ကြီး ဦးသောင်းထွန်းကို နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်။

၂၇-၄-၂၀၀၈* နေပြည်တော် ပျဉ်းမနားအနောက်မြောက်ဘက် ၂၁ မိုင်ခန့်အကွာတွင်တည်ဆောက်ထားပြီး အမြင့် ၅၇ ပေ၊ အလျား ၁၄၀၀ ပေရှိသည့် တောက်ပြုရေလှောင်တမံ ဖွင့်လှစ်။

၁-၅-၂၀၀၈* ဘင်္ဂလားပင်လယ်အော်တွင် နာဂစ်အမည်ရှိ မုန်တိုင်းကြီးတစ်ခု ဖြစ်ပေါ်လျက်ရှိပြီး တဖြည်းဖြည်းအားကောင်းလာကာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားလျက်ရှိကြောင်း၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာ့ကမ်းရိုးတန်းကို တစ်နာရီလျှင် မိုင် ၁၀၀ ခန့်ဖြင့် ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း၊ ဧရာဝတီတိုင်းမြောက်ပိုင်းဒေသများ မုန်တိုင်းဒဏ်ခံရနိုင်ကြောင်း၊ နာဂစ်မုန်တိုင်းအရှေ့ယံအစားကြီးမားမှုကြောင့် ရန်ကုန်မြို့သည်လည်း မုန်တိုင်းအရှိန်ခံစားရနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်၏ ပြောကြားချက်ကို နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြ။

၃-၅-၂၀၀၈* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကြေညာချက်အမှတ် (၄/၂၀၀၈) ဖြင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ထုတ်ပြန်ကြေညာ။

* ဆိုင်ကလုန်းမုန်တိုင်း နာဂစ်၏ဒဏ်ကြောင့် သစ်ပင်များပြိုလဲခြင်း၊ ဓာတ်တိုင်များ၊ ဆက်သွယ်ရေးဖုန်းတိုင်များ ပြိုလဲကျခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် လျှပ်စစ်မီးပြတ်တောက်ခြင်း၊ ဆက်သွယ်ရေးပြတ်တောက်ခြင်းတို့ကြောင့် အခြားဆက်စပ်ဆောင်ရွက်ရသောလုပ်ငန်းများလည်းရပ်တန့်ခဲ့ရခြင်း၊ ရန်ကုန်ဘူတာကြီးတွင် ရထားများ ဝင်ထွက်သွားလာမှုရပ်တန့်ထားရခြင်း၊ လေယာဉ်များ ပျံသန်းဆင်းသက်ရန် အခက်အခဲရှိသည့်အတွက် ပြုပြင်နေဆဲကာလတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ခေတ္တပိတ်ထားရခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင်ဖော်ပြ။

၄-၅-၂၀၀၈* ကုလသမဂ္ဂ လုံခြုံရေးကောင်စီ သဘာပတိ၏ မေလ ၂ ရက်နေ့တွင် ထုတ်ပြန်သောသဘောထားကြေညာချက်နှင့်ပတ်သက်သည့် မြန်မာနိုင်ငံအစိုးရအဖွဲ့၏ ကြေညာချက်အမှတ် ၁/၂၀၀၈ ကို ထုတ်ပြန်ကြေညာ။

* နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် အဆက်အသွယ် ပြတ်တောက်ခဲ့သော နိုင်ငံတကာတယ်လီဖုန်းဆက်သွယ်ခေါ်ဆိုမှု (IDD Call) များ ပြန်လည်ဆက်သွယ်ခေါ်ဆိုနိုင်ပြီဖြစ်ကြောင်း၊ မြန်မာတယ်လီပို့မှ ဝန်ဆောင်မှုပေးနေသော iPSTAR ဂြိုဟ်တုဆက်သွယ်ရေးဖုန်းလိုင်းမွန်းလွဲပိုင်းတွင် ပြန်လည်အသုံးပြုနိုင်ပြီဖြစ်ကြောင်း မေလ ၆ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

* ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်ကြောင့် ခေတ္တရပ်ဆိုင်းထားခဲ့ရသော ရထားခရီးစဉ်များအနက် ရန်ကုန်–မန္တလေး၊ ရန်ကုန်–နေပြည်တော်၊ ရန်ကုန်–မော်လမြိုင်–ထားဝယ် ခရီးစဉ်များ စတင်ပြေးဆွဲ။

၅-၅-၂၀၀၈* ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်တွင်း၊ ပြည်ပခရီးစဉ်များ ပုံမှန်အတိုင်း ဆင်း/တက် ပျံသန်း။

* ရန်ကုန်မြို့တွင် မိုဘိုင်းရေဒီယိုစခန်း ၂၅ ခု ပြန်လည်ဆက်သွယ်မှုရရှိ။

* အများပြည်သူသုံး တယ်လီဖုန်းဝန်ဆောင်မှု (PCO) လိုင်း ၁၀၀ ကို မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်ဖြင့် စတင်ဝန်ဆောင်မှုပေးလျက်ရှိ။

* အင်တာနက်ဆက်သွယ်မှုများ မွန်းလွဲ ၁ နာရီခွဲမှစတင်၍ပြန်လည်အသုံးပြုနိုင်ကြောင်း မေလ ၆ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

* လတ်တလောစုံစမ်းသိရှိရသောသတင်းများအရ မုန်တိုင်းဒဏ်

ကြောင့် သေကြေပျက်စီးဆုံးရှုံးမှုမှာ ဧရာဝတီတိုင်းတွင် လူအရေအတွက် သောင်းကျော်ခန့်၊ ရန်ကုန်တိုင်းတွင် ၉၅ ဦးရှိကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

* ဆိုင်းကလုန်းမုန်တိုင်းနာဂစ်ဒဏ်ကြောင့် ခေတ္တရပ်ဆိုင်းထားခဲ့ရသော ရထားခရီးစဉ်များအနက် ရန်ကုန်–ပြည်၊ ရန်ကုန် ဆင်ခြေဖုံးရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲ။

* ထိုင်းလေကြောင်းခရီးစဉ်အမှတ် TG-3069 ဖြင့် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကမ္ဘာလှည့်ခရီးသည်ဗီဇာဖြင့် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရောက်ရှိလာသော ဘီဘီစီသတင်းထောက် ဗြိတိန်နိုင်ငံသား Mr. Andrew William Harding ကို အဆိုပါ လေကြောင်းခရီးစဉ်ဖြင့်ပင် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ထိုင်းနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၆-၅-၂၀၀၈ * အစိုးရမှ တရားဝင်ထုတ်ပြန်သည့် စာရင်းဇယားများအရ နေ့လည်အချိန်အထိ မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူ ၂၂၄၆၄ ဦးနှင့် ပျောက်ဆုံးနေသူ ၄၁၀၅၄ ဦးရှိကြောင်း၊ သေဆုံးသူအများစုမှာ ဧရာဝတီတိုင်းမှဖြစ်ပြီး လူဦးရေ ၁၉၀၀၀၀ ကျော် နေထိုင်သည့် ဘိုကလေးမြို့နယ်တွင် သေဆုံးခဲ့သူ ၁၀၀၀၀ ကျော်အပါအဝင် လူဦးရေခြောက်သန်းခန့်နေထိုင်သည့် ဧရာဝတီတိုင်းတွင် သေဆုံးသူ ၂၁၇၉၃ ဦးရှိကြောင်း၊ တစ်နာရီလျှင် မိုင် ၁၀၀ ကျော်နှုန်းဖြင့် ၁၀ နာရီကျော်ကြာတိုက်ခတ်သည့် အဆိုပါမုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်းအတွင်း လူ ၆၇၁ ဦး သေဆုံးပြီး ၃၅၉ ဦး ပျောက်ဆုံးဆဲဖြစ်ကြောင်း မေလ ၉ ရက်နေ့ထုတ် မြန်မာတိုင်းမဂ္ဂဇင်းတွင် ဖော်ပြပါရှိ။

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကြေညာချက်အမှတ် ၅/၂၀၀၈ ဖြင့် ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းအတွင်းရှိ ထန်းတပင်မြို့နယ်၊ လှည်းကူးမြို့နယ်၊ မော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် ကိုကိုးကျွန်းမြို့နယ် စုစုပေါင်း ငါးမြို့နယ်၊ ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်မြို့နယ်၊ ကန်ကြီးဒေါင့်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ရေကြည်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ဟသ်ာတမြို့နယ်၊ ဇလွန်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ အင်္ဂပူမြို့နယ်၊ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ် စုစုပေါင်း ၁၉ မြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ထုတ်ပြန်ကြေညာထားခြင်းမှ ရုတ်သိမ်းလိုက်ကြောင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ တာမွေမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံ (ဆိပ်ကမ်း) မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကင်းမြို့နယ်၊ သာကေတမြို့နယ်၊ သဃ်ိန်းကျွန်းမြို့နယ်၊ ကမာရွတ်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောက်တံတားမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လသာမြို့နယ်၊ လှိုင်မြို့နယ်၊ လမ်းမတော်မြို့နယ်၊ အလုံမြို့နယ်၊ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်၊ တွံတေးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အင်းစိန်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ် စုစုပေါင်း ၄၀ မြို့နယ်၊ ဧရာဝတီတိုင်းအတွင်းရှိ ငပုတောမြို့နယ်၊ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ် စုစုပေါင်း ရ မြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ဆက်လက်သတ်မှတ်ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ကိုင်လျက်ရှိကြောင်း ထုတ်ပြန်ကြေညာ။

* ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မေလ ၆ ရက်နေ့တွင် ကြေညာချက်အမှတ် (၅/၂၀၀၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ဆက်လက်သတ်မှတ်ခဲ့သောဒေသများအတွက် ကျင်းပရန် သတ်မှတ်ထားသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ရွှေ့ဆိုင်းလိုက်ကြောင်းနှင့် ထိုမြို့နယ်များအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ၂၀၀၈ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ် (၈/၂၀၀၈) ဖြင့် ထုတ်ပြန်ကြေညာ။

* မုန်တိုင်းဒဏ်ကြောင့်သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးမှုများ ရှိခဲ့ပြီး ယနေ့မွန်းတည့် ၁၂ နာရီအထိ ရရှိသောစာရင်းအရ ဧရာဝတီတိုင်းအတွင်း သေဆုံး ၂၁၇၉၃ ဦး၊ ပျောက်ဆုံး ၄၀၆၅၅ ဦး၊ ရန်ကုန်တိုင်းအတွင်း သေဆုံး ၆၇၁ ဦး၊ ဒဏ်ရာရ ၆၇၀ ဦး၊ ပျောက်ဆုံး ၃၅၉ ဦးဖြစ်ပြီး မုန်တိုင်းဒဏ်ခံရသော ဒေသအားလုံးတွင် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၂၂၄၆၄ ဦး၊ ဒဏ်ရာရရသူ ၆၇၀ ဦးနှင့် ပျောက်ဆုံးသူ စုစုပေါင်း ၄၁၀၅၄ ဦးရှိကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

* မြန်မာနိုင်ငံအတွင်း ဒေသအချို့တွင် ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းနာဂစ် တိုက်ခတ်ခဲ့ပြီးနောက် မုန်တိုင်းဒဏ်ခံရသော နေရာများ၏ အခြေအနေများ၊ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို (အေ) ခန်းမတွင် ကျင်းပ။

* မုန်တိုင်းဒဏ်ခံရသောဒေသများတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက် ကျပ်ငွေ ၅ ဘီလီယံ (သန်း ၅၀၀၀) ခန့် ကျခံသုံးစွဲမည်ဖြစ်ကြောင်း ပြန်ကြား

ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြား။

* ဆိုင်းကလုန်းမုန်တိုင်းနာဂစ်ဒဏ်ကြောင့် ခေတ္တရပ်ဆိုင်းထားခဲ့ရသော ရထားခရီးစဉ်များအနက် ရန်ကုန်မြို့ပတ်ရထား ခရီးစဉ်များကိုလည်းကောင်း၊ ရထားခရီးစဉ်အားလုံးကိုလည်းကောင်း ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲ။

၇-၅-၂၀၀၈* * ရှမ်းပြည်နယ် (တောင်ပိုင်း) မှ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ရောက်ရှိ။

* မုန်တိုင်းဒဏ်ကြောင့် အသံလွှင့်တိုင်လဲပြိုသွားသည့်အတွက် မေလ ၃ ရက်နေ့မှစတင်၍ ရပ်နားထားခဲ့ရသော စီးတီးအက်ဖ်အမ် အစီအစဉ်များကို ပြန်လည်ထုတ်လွှင့်။

၈-၅-၂၀၀၈* ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသရှိ ဟိုင်းကြီးကျွန်းမြို့ပေါ်တွင် ဆက်သွယ်ရေးစခန်းပြန်လည်ဖွင့်လှစ်။

* ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်ခံရသောဒေသများတွင် ညနေ ၃ နာရီအထိ ရရှိသောစာရင်းများအရ သေဆုံးသူ စုစုပေါင်း ၂၂၉၉၇ ဦး၊ ဒဏ်ရာရသူစုစုပေါင်း ၁၄၀၃ ဦး၊ ပျောက်ဆုံးသူစုစုပေါင်း ၄၁၁၉ ဦး ရှိကြောင်း တရားဝင်ထုတ်ပြန်ကြေညာ။

* လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့် ဒုက္ခသည်များကို ဧရာဝတီတိုင်းအတွင်းရှိ အခြားမြို့နယ်များသို့ ကုန်းလမ်း၊ ရေလမ်း ခရီးများဖြင့် ရွှေ့ပြောင်းပေးလျက်ရှိ။

၉-၅-၂၀၀၈* နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် အမေရိကန်သံရုံးယာယီတာဝန်ခံ Ms. Shari Villarosa နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံအနေ ဖြင့် လက်ရှိကျင့်သုံးနေသောမူဝါဒအရ ကယ်ဆယ်ရေးအကူအညီ ကမ်းလှမ်းလာသည့် မည်သည့်နိုင်ငံကိုမျှ ခွဲခြားဆက်ဆံမှုပြုခြင်း မရှိကြောင်းနှင့် မြန်မာနိုင်ငံသည် မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၏ ကယ်ဆယ်ရေးပစ္စည်းနှင့် ငွေကြေးအကူအညီကမ်းလှမ်းချက်ကိုမျှ ငြင်းပယ်ခြင်းမရှိကြောင်း မြောကြားချက်ကို နိုင်ငံပိုင်သတင်းဌာနများတွင် ရေးသားဖော်ပြထား။

* ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်ခံရသောဒေသများတွင် ညနေ ၆ နာရီအထိ ရရှိသောစာရင်းများအရ သေဆုံးသူ စုစုပေါင်း ၂၃၃၃၅ ဦး၊ ဒဏ်ရာရသူစုစုပေါင်း ၁၄၀၃ ဦး၊ ပျောက်ဆုံးသူစုစုပေါင်း ၃၇၀၁၉ ဦးရှိကြောင်း တရားဝင်ထုတ်ပြန်ကြေညာ။

* ရန်ကုန်လေဆိပ်သို့ နံနက် ၅ နာရီ ၄၅ မိနစ်က ဆင်းသက်ခဲ့သည့် ကာတာနိုင်ငံမှ စေလွှတ်ခဲ့သော လေယာဉ်တစ်စင်းတွင် အရေးပေါ်အကူအညီပစ္စည်းများနှင့်အတူ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့နှင့် သတင်းပြန်ကြားရေးအဖွဲ့တစ်ဖွဲ့တို့လိုက်ပါလာခဲ့ရာ အဆိုပါအဖွဲ့များကိုလက်ခံရန် မြန်မာနိုင်ငံအစိုးရအနေဖြင့် အဆင်သင့်မဖြစ်သေးကြောင်း ပြောကြားခဲ့သဖြင့် လေယာဉ်မှာ ယင်းနေ့တွင်ပင် လေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

* ကမ္ဘာကျော်ရှာဖွေရေး Web Site တစ်ခုဖြစ်သော Google ၏ Maing Page ခေါ် အဖွင့်စာမျက်နှာတွင် မြန်မာနိုင်ငံမှ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသောပြည်သူများကို ကူညီရန်နှိုးဆော်တိုက်တွန်းထားသည့်စာတန်းတစ်ခု လွှတ်တင်ထား။

* မုန်တိုင်းဒဏ်သင့် ဒုက္ခသည်များအတွက် အထောက်အပံ့များ သယ်ဆောင်ရန် အမေရိကန်စစ်တပ် ကုန်တင်လေယာဉ်ကြီးသုံးစင်း လာမည့် မေလ ၁၂ ရက်နေ့တွင်လာရောက်ရန် မြန်မာနိုင်ငံအစိုးရကခွင့်ပြုလိုက်ကြောင်း အမေရိကန်အစိုးရက ထုတ်ပြန်ကြေညာ။

* မုန်တိုင်းကြောင့် ခေတ္တပိတ်ထားခဲ့သော ရွှေတိဂုံဘုရားပြန်လည်ဖွင့်လှစ်။

၁၀-၅-၂၀၀၈* ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို သဘာဝဘေးအန္တရာယ်ဆက်လက်သတ်မှတ်ထားသောဒေသများမှအပ တစ်နိုင်ငံလုံးတွင် နံနက် ၆ နာရီမှ စတင်ကျင်းပ။

၁၁-၅-၂၀၀၈* ရန်ကုန်မြို့ပေါ်ရှိ မိုဘိုင်းရေဒီယိုစခန်း ၅၆ ခုအနက် ၅၃ ခု ပြန်လည်ကောင်းမွန်ခဲ့ပြီး မိုဘိုင်းတယ်လီဖုန်းလိုင်းအားလုံး ပြန်လည်ဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာ။

* လေမုန်တိုင်းကျရောက်ပြီးနောက် ကယ်ဆယ်ရေးနှင့် ကူညီရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်းသည့် ရှင်းလင်းပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပ။

၁၂-၅-၂၀၀၈* ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်ခံရသောဒေသများတွင် ညနေ ၆ နာရီအထိ ရရှိသောစာရင်းများအရ သေဆုံးသူ စုစုပေါင်း ၃၁၉၃၈ ဦး၊ ဒဏ်ရာရသူစုစုပေါင်း ၁၄၀၃ ဦး၊ ပျောက်ဆုံးသူစုစုပေါင်း ၂၉၇၇၀ ဦး ရှိကြောင်း တရားဝင်ထုတ်ပြန်ကြေညာ။

* ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၌ မြို့ရွာများပြန်လည်ထူထောင်တည်ဆောက်ရေး အစည်းအဝေးကို ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင်ကျင်းပ။

၁၃-၅-၂၀၀၈* ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်ခံရသောဒေသများတွင် ညနေ ၆ နာရီအထိ ရရှိသောစာရင်းများအရ သေဆုံးသူ စုစုပေါင်း ၃၄၄၇၃ ဦး၊ ဒဏ်ရာရသူစုစုပေါင်း ၁၄၀၃ ဦး၊ ပျောက်ဆုံးသူစုစုပေါင်း ၂၈၃၃၈ ဦးရှိကြောင်း တရားဝင်ထုတ်ပြန်ကြေညာ။

၁၃-၅-၂၀၀၈* ဖြိတ်နှိုင်ငံအခြေစိုက် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းဖြစ်သော The Rotary Club of Helstone-Lizard အဖွဲ့က လေဘေးသင့်ပြည်သူများအတွက်လှူဒါန်းထားသော ပစ္စည်းစုံပါဝင်သည့် ယာယီရွှက်ဖျင်တဲ (Shelter Box) များအားတပ်ဆင်အသုံးပြုနည်းကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) တွင် သရုပ်ပြ။

* BBC သတင်းဌာနမှ မေလ ၁၁ ရက်နေ့တွင်ထုတ်လွှင့်သွား

သည့် ကယ်ဆယ်ရေးပစ္စည်းတင်လေ့တစ်စင်းနှစ်မြုပ်သွားသည်ဆို သည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၁၄-၅-၂၀၀၈* မုန်တိုင်းဒဏ်သင့်ပြည်သူများအတွင် နိုင်ငံတဝန်းရှိ စေတနာရှင်များ၏ လှူဒါန်းမှုစုစုပေါင်းမှာ မေလ ၆ ရက်နေ့မှ ၁၄ ရက်နေ့အထိ စုစုပေါင်း ကျပ် ၅,၉၈၇,၂၇၀,၀၅၄ ရှိကြောင်း တရားဝင်ထုတ်ပြန်။

* ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာစမတ် (ခ) စွန်ထော်ရဲ့နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ လာရောက်ပြီး ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများကလှူဒါန်းသည့် အမေရိကန်ဒေါ်လာ ငါးသိန်း၊ ဂြိုဟ်တုလက်ကိုင်ဖုန်း (Satellite Phone) အလုံး ၅၀ နှင့် ဘတ်ငွေ နှစ်သန်း တန်ဖိုးရှိ ဖုန်းပြောခွင့်ကတ်များကိုလည်းကောင်း၊ ထိုင်းနိုင်ငံရှိ ဗုဒ္ဓအဖွဲ့အစည်းတစ်ခုကလှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၉၂၇၈ ဒေါ်လာကိုလည်းကောင်း ပေးအပ်လှူဒါန်း။

* ရွှေတိဂုံစေတီတော်ထီးတော် လုံးဝတိမ်းစောင်းမှုမရှိ။

* ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်ခံရသောဒေသများတွင် ညနေ ၆ နာရီအထိ ရရှိသောစာရင်းများအရ သေဆုံးသူ စုစုပေါင်း ၃၈၄၉၁ ဦး၊ ဒဏ်ရာရသူ စုစုပေါင်း ၁၄၀၃ ဦး၊ ပျောက်ဆုံးသူ စုစုပေါင်း ၂၇၈၃၈ ဦးရှိကြောင်း တရားဝင်ထုတ်ပြန်ကြေညာ။

၁၅-၅-၂၀၀၈* * လေဘေးသင့်ခံရသူများအတွက် လှူဒါန်းသောငွေ၊ ပစ္စည်းများ အလွဲသုံးစားပြုခြင်းများတွေ့ရှိပါက သတင်းပို့တိုင်ကြားနိုင်ကြောင်း အမျိုးသားသဘာဝကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက သတင်းထုတ်ပြန်။

* ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်ခံရသောဒေသများတွင် ညနေ ၆ နာရီအထိ ရရှိသောစာရင်းများအရ သေဆုံးသူ စုစုပေါင်း ၄၃၃၁၈ ဦး၊ ဒဏ်ရာရသူစုစုပေါင်း ၁၄၀၃ ဦး၊ ပျောက်ဆုံးသူစုစုပေါင်း ၂၇၈၃၈ ဦးရှိကြောင်း တရားဝင်ထုတ်ပြန်ကြေညာ။

* ဥရောပကော်မရှင် ဖွံ့ဖြိုးမှုနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာ ကော်မရှင်နာ Mr. Louis Michel နှင့် အဖွဲ့ ရောက်ရှိ။

၁၆-၅-၂၀၀၈* ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်ခံရသောဒေသများတွင် စိစစ်အတည်ပြုပြီးသောစာရင်းများအရ ဝန်ထမ်း ၁၅၉ ဦးအပါအဝင် သေဆုံးသူ စုစုပေါင်း ၇၇၇၃ ဦး၊ ဝန်ထမ်း ၅၈ ဦးအပါအဝင် ပျောက်ဆုံးသူစုစုပေါင်း ၅၅၉၁၇ ဦးနှင့် ဝန်ထမ်းလေးဦးအပါအဝင် ဒဏ်ရာရသူစုစုပေါင်း ၁၉၃၅၉ဦး ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာ။

* ထိုင်းနိုင်ငံ PTT Public Company Limited မှ ဒီဇယ်ဆီလီတာ ၄၈၀၀၀၀ လှူဒါန်း။

၁၇-၅-၂၀၀၈* လေဘေးသင့်ခံရသူများအတွက် ပြည်တွင်းပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးမဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက်အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန – ရုံးအဖွဲ့မှူး – ဖုန်း ၀၆၇–၄၀၄၀၂၁၊ ၄၀၄၀၂၂ နှင့် ဒုတိယရုံးအဖွဲ့မှူး – ဖုန်း – ၀၉၈၆ ၀၁၀၀၂ သို့ တိုင်ကြားနိုင်ကြောင်း ထုတ်ပြန်ကြေညာ။

* အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက လေဘေးအတွက်ပြည်တွင်းပြည်ပမှလှူဒါန်းမှုများနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၁) ကိုလည်းကောင်း၊ လေဘေးသင့်ဒေသများသို့ အလှူငွေနှင့်ပစ္စည်းများ ပေးပို့နေခြင်းနှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက် အမှတ် (၂) ကိုလည်းကောင်း၊ လေဘေးကယ်ဆယ်ရေးရန်ပုံငွေနှင့် ပစ္စည်းများကိုအလွဲသုံးစားမပြုရန်နှင့် ဆက်လက်လှူဒါန်းနိုင်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၃) ကိုလည်းကောင်း၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိခြင်းနှင့်စပ်လျဉ်းသည့်သတင်းထုတ်ပြန်ချက်အမှတ် (၄) ကိုလည်းကောင်း အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့က တိုက်ရိုက်လက်ခံသောအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၅) ကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

၁၈-၅-၂၀၀၈* နာဂစ်မုန်တိုင်းဒဏ်သင့်ပြည်သူများကို အကူအညီများ စနစ်တကျ ဖြန့်ဖြူးရေးနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနတွင် ကျင်းပ။

၁၉-၅-၂၀၀၈* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကြေညာချက်အမှတ် ၆/၂၀၀၈ဖြင့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြည်သူများသေဆုံးခဲ့ကြရသည့်အတွက် ၂၀–၅–၂၀၀၈ နေ့မှ ၂၂–၅–၂၀၀၈ ရက်နေ့အထိ သုံးရက်တာကာလကို ဝမ်းနည်းကြောင်း အထိမ်းအမှတ်နေ့များအဖြစ်သတ်မှတ်လိုက်ကြောင်းနှင့် ယင်းနေ့များတွင် မြန်မာနိုင်ငံအလံကိုတိုင်တစ်ဝက်လွှင့်ထူရန် ကြေညာချက်ထုတ်ပြန်။

၂၀-၅-၂၀၀၈* အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် မုန်တိုင်းဒဏ်သင့်ဒေသများရှိ မိဘမဲ့ကလေးများကို စာရင်းကောက်ယူစုစည်းပြီး ဖျာပုံခရိုင်နှင့် လပွတ္တာမြို့များတွင် မိဘမဲ့ကလေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးရန်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၆) ကို ထုတ်ပြန်ကြေညာ။

* အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan ခေါင်းဆောင်သောအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ။

၂၁-၅-၂၀၀၈* ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Dr. Md. Anwarul ဦးဆောင်သော အဖွဲ့ဝင် ၃၃ ဦးပါဝင်သည့် ဆေးအကာ

အကွယ်ပေးရေးအဖွဲ့ရောက်ရှိ။

JJ-၅-၂၀၀၈* ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ရန်ကုန်မြို့သို့ရောက်ရှိ။

* နာဂစ်လေဘေးကယ်ဆယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အလှူရှင်များအားရှင်းလင်းသည့်အခမ်းအနားကို ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်တွင် ကျင်းပ။

* မစ္စတာ ယာရွန်မေယာကို မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ။

JJ-၅-၂၀၀၈* နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့အစားလုံး မြန်မာနိုင်ငံသို့ဝင်ခွင့်ပြုမည်ဟု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဘောတူလိုက်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက နေပြည်တော်တွင် ဗိုလ်ချုပ်မှူးကြီးနှင့်ဆွေးနွေးအပြီး နာရီပိုင်းအကြာတွင် ထုတ်ပြန်ကြေညာ။

* စင်ကာပူသမ္မတနိုင်ငံမှ Dr. Arif Tyebally ခေါင်းဆောင်သော အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် ဆေးအကာအကွယ်ပေးရေးအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ။

JJ-၅-၂၀၀၈* မြန်မာနိုင်ငံအတွင်းရှိ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရသောဒေသများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ထိုင်းနိုင်ငံဘန်ကောက်မြို့ရှိ နိုင်ငံတကာလေဆိပ်ဟောင်းတစ်ခု ဖြစ်သော ဒွန်မောင်းလေဆိပ်ကို တရားဝင်အသုံးပြုခွင့်ပေး။

* ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၄၀ နှင့် ဧရာဝတီတိုင်းအတွင်းရှိ ခုနှစ်မြို့နယ်တို့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများတစ်ပြိုင်တည်းကျင်းပ။

JJ-၅-၂၀၀၈* ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်တွင် ကျင်းပ။ စုစုပေါင်း ၅၁ နိုင်ငံမှ အကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အခြားအကူအညီပေးရေးအဖွဲ့အစည်းများတက်ရောက်။ ထောက်ပံ့ကူညီပေးမည့်ပစ္စည်းများကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့မှ ဝင်ခွင့်ပြုမည်ဖြစ်သော်လည်း ရေကြောင်းလမ်းမှပေးပို့ကူညီလိုသည့်ပစ္စည်းများအတွက် အရပ်ဘက်သင်္ဘောဖြင့်သာလျှင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အသိပေးပြောကြား။

* နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအရပ်ရပ်တန်ဖိုး ဒေါ်လာသန်းတစ်သောင်းကျော်ရှိကြောင်းနှင့် မုန်တိုင်းဒဏ်သင့်ဒေသများပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၄၂၃.၁၁ သန်းနှင့် အခြားအကူအညီများလိုအပ်လျက်ရှိကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုးသာ ပြောကြား။

JJ-၅-၂၀၀၈* ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်သည် ကြေညာချက်အမှတ် (၁၁/၂၀၀၈) ဖြင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၄၇ မြို့နယ်အတွက် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်နှင့် ကြေညာချက်အမှတ် (၁၂/၂၀၀၈) ဖြင့် နိုင်ငံတစ်ဝန်းလုံးတွင်ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ရလဒ်တို့ကို ထုတ်ပြန်ကြေညာ။

* ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးတွင် လျှပ်စစ်ဝါယာရှော့ခ်မှတစ်ဆင့် မီးလောင်ကျွမ်းမှုတစ်ရပ် ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်တွင် ဖြစ်ပွား။

* ဖိလစ်ပိုင်သမ္မတနိုင်ငံမှ Dr. Arnelz Rivera ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ။

JJ-၅-၂၀၀၈* အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လေဘေးသင့်ဒေသများသို့လှူဒါန်းလိုသည့် အလှူရှင်များအနေနှင့် လှူဒါန်းလိုသည့်ဒေသများသို့စနစ်တကျသွားရောက်လှူဒါန်းနိုင်ကြောင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၈) ကို ထုတ်ပြန်ကြေညာ။

* ပြင်သစ်သမ္မတနိုင်ငံမှ Dr. Tierre Souilland ခေါင်းဆောင် သော ဆေးအကာအကွယ်ပေးရေးအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ။

JJ-၅-၂၀၀၈* ရန်ကုန်တိုင်းအတွင်းရှိ လယ်သမားများအတွက် မြို့တော်စည်ပင်မှ ငွေကျပ်တစ်ဘီလီယံအထိ ထုတ်ချေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ပြောကြား။

JJ-၅-၂၀၀၈* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကြေညာချက်အမှတ် ၇/၂၀၀၈ ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ထုတ်ပြန်ကြေညာ။

၂၀-၅-၂၀၀၈* ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများကို နိုင်ငံခြားငွေကြေး လှူဒါန်းလိုသူများအတွက် နိုင်ငံခြားငွေစာရင်းများကို Rehabilitation and Reconstruction Sub-Committed Account အမေရိကန်ဒေါ်လာစာရင်းအမှတ် 1DA 06-00002၊ Rehabilitation and Reconstruction Sub-Committed Account ယူရိုစာရင်းအမှတ် 1EA 06-00016 နှင့် Rehabilitation and Reconstruction Sub-Committed Account စင်ကာပူဒေါ်လာ စာရင်းအမှတ် 1SA 06-00002 တို့ဖြင့်မြန်မာနိုင်ငံခြားကုန်သွယ်မှု ဘဏ်တွင် ငွေစာရင်းများဖွင့်လှစ်ထားကြောင်း နိုင်ငံပိုင်သတင်းစာ များတွင် ဖော်ပြ။

* အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟို ကော်မတီသည် သတင်းထုတ်ပြန်ချက်အမှတ် (၉) ဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂ ကိုယ်စားလှယ် ၃ ဦး စီဖြင့်ဖွဲ့စည်းသွားမည့် Tripartite Core Group (TCG) သုံးပွင့်ဆိုင်ဗဟိုအဖွဲ့တွင် မြန်မာနိုင်ငံကိုယ်စားလှယ်များအဖြစ် နိုင်ငံခြားရေး

ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်သူ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးတို့ အားတာဝန်ပေးလိုက်ကြောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား Tripartite Core Group (TCG) ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်ကြောင်း ထုတ်ပြန်ကြေညာ။

* စစ်ကိုင်းမြို့ မြို့မဈေးတွင် ခြင်ဆေးခွေထွန်းရာမှ မီးလောင်ကျွမ်းမှုတစ်ရပ် ညနေ ၆ နာရီကျော်တွင်ဖြစ်ပွား။

၃၁-၅-၂၀၀၈* လေဘေးသင့်ခံရသူများအတွက် ပြည်တွင်းပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးမဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက်အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန – ရုံးအဖွဲ့မှူး – ဖုန်း ဝ၆၇–၄၀၄၀၂၊ ၄၀၄၀၂၂ နှင့် ဒုတိယရုံးအဖွဲ့မှူး – ဖုန်း – ဝ၉၈၆ ဝ၁၀၀၂ သို့တိုင်ကြားနိုင်ကြောင်း ထုတ်ပြန်ကြေညာ။

* အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက လေဘေးအတွက်ပြည်တွင်းပြည်ပမှလှူဒါန်းမှုများနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၁) ကိုလည်းကောင်း၊ လေဘေးသင့်ဒေသများသို့ အလှူငွေနှင့် ပစ္စည်းများ ပေးပို့နေခြင်းနှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက် အမှတ် (၂) ကိုလည်းကောင်း၊ လေဘေးကယ်ဆယ်ရေးရန်ပုံငွေနှင့် ပစ္စည်းများကိုအလွဲသုံးစားမပြုရန်နှင့် ဆက်လက်လှူဒါန်းနိုင်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၃) ကိုလည်းကောင်း၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိခြင်းနှင့်စပ်လျဉ်းသည့်သတင်းထုတ်ပြန်ချက်အမှတ် (၄) ကိုလည်းကောင်း အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့က တိုက်ရိုက်လက်ခံသောအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အမှတ် (၅) ကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

* ကမ္ဘာကျော် အင်တာနက်ရှာဖွေရေး Web Site ဖြစ်သည့် Google ၏ သတင်းစာမျက်နှာတွင် မြန်မာနိုင်ငံအကြောင်း သီးသန့်ကဏ္ဍတစ်ရပ်ဖြင့် ထည့်သွင်းဖော်ပြ။

၁-၆-၂၀၀၈* ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အသစ်ဖောက်လုပ်မည့်လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို နိုင်ငံပိုင်သတင်းဌာနများတွင် မြေပုံနှင့်တကွဖော်ပြ။

၂-၆-၂၀၀၈* နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ပူးတွဲလေ့လာအကဲဖြတ်မှု အစီရင်ခံစာပြုစုရေးအတွက် ASEAN Emergency Rapid Assessment Team (ERAT) အဖွဲ့ဝင်များက မြန်မာနိုင်ငံရှိဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပဏာမရှင်းလင်းမှုနှင့် ပေါင်းစပ်ညှိနှိုင်းသင်တန်းပေးမှုတစ်ရပ်ကို ရန်ကုန်မြို့ရှိ ချပ်ထရီယံဟိုတယ်တွင် ကျင်းပ။

* အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Prof: Dr. Munar Lubis, S.P.A ဦးဆောင်သော အဖွဲ့ဝင်၃၀ ပါဝင်သည့် ဆေးအကာအကွယ်ပေးရေးအဖွဲ့ရောက်ရှိ။

၅-၆-၂၀၀၈* တောင်ကိုရီးယားကျန်းမာရေးဌာနမှ ဆရာဝန် ခုနှစ်ဦး အပါအဝင် အဖွဲ့ဝင် ၃၀ ပါဝင်သော ဆေးအဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

၆-၆-၂၀၀၈* မုန်တိုင်းဒဏ်ကြောင့် မိဘများဆုံးရှုံးသွားရသည့် တက္ကသိုလ်/ ကောလိပ်နှင့် အခြေခံပညာကျောင်းသား ကျောင်းသူများ ဆုံးခန်းတိုင် ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင်ထုတ်ပြန်ကြေညာ။

* မြန်မာနိုင်ငံရှိ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံဒေသများရှိ အပျက်အစီးနှင့် အရေးပေါ်လိုအပ်ချက်များကို စစ်တမ်းကောက်ယူရန်အတွက် ကျွမ်းကျင်သူ ၂၀၀ ပါဝင်သော အကဲဖြတ်အဖွဲ့ နှစ်ဖွဲ့ကို စေလွှတ်လိုက်ပြီဖြစ်ကြောင်း အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်ပြောကြား။

၇-၆-၂၀၀၈* မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်ရန် ကုလသမဂ္ဂမှ ရဟတ်ယာဉ်ငါးစီး ရန်ကုန်မြို့သို့ ရောက်ရှိ။

၁၁-၆-၂၀၀၈* မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီပေးမှုများနှင့်ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် UN Agencies, INGOs, NGOs အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့်အစီအစဉ်နှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနတွင် ကျင်းပ။

* မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့တွင် သန်းခေါင်ယံအချိန်မှ ဒွန်လ ၁၂ ရက် နံနက် ၆ နာရီအထိ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မိုးကုတ်မြို့ရှိ ရေနီချောင်းရေလျှံ၍ မြေပြိုမှုဖြစ်ပွား။

၁၀-၆-၂၀၀၈* မုန်တိုင်းဒဏ်ဆိုးဝါးစွာခံစားခဲ့ရသည့် ဧရာဝတီတိုင်းအတွင်းမုမြို့တစ်မြို့ဖြစ်သော လပွတ္တာမြို့ကိုပြောင်းရွှေ့တည်ဆောက်သွားမည်ဖြစ်ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြထားသည့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဧရာဝတီတိုင်းခရီးစဉ်အကြောင်းရေးသားထားသော ဆောင်းပါးရှင် ကျော်ရဲမင်း၏ 'မြေအုတ်တိုပြိုလဲရာ၌ ကျောက်အုတ်တိုဖြင့် အစားထိုးတည်ဆောက်နိုင်ရမည် (၂)' ဆောင်းပါးတွင်ဖော်ပြပါရှိ။

* နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးမောင်ဝိတ်နှင့် အပေါင်းပါခြောက်ဦးကို စိတ်ကြွဆေးပြား၀ယ်ယူသုံးစွဲမှုဖြင့် ဒွန်လ ၁၀ရက်နေ့တွင်သက်ဆိုင်ရာက မယ (ပ)၂/၀၈ မူး/

စိတ် ပုဒ်မ ၁၅/၁၆ (ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြား ချက်ကိုကိုးကား၍ ဧလိုင်လ ၁၁ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် ဖော်ပြပါရှိ။

၁၁-၆-၂၀၀၈* မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီပေးမှုများနှင့်ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် UN Agencies, INGOs, NGOs အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့်အစီအစဉ်နှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနတွင် ကျင်းပ။

* မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့တွင် သန်းခေါင်ယံအချိန်မှ ဇွန်လ ၁၂ ရက် နံနက် ၆ နာရီအထိ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မိုးကုတ်မြို့ရှိ ရေနီချောင်းရေလျှံ၍ မြေပြိုမှုဖြစ်ပွား။

၁၃-၆-၂၀၀၈* လေဘေးသင့်ဌာနဆိုင်ရာအဆောက်အအုံများ ဆောက်လုပ်ရန်နှင့် တန်ဖိုးနည်းအိမ်ရာများဆောက်လုပ်ရန်အတွက် သစ်တောရေးရာဝန်ကြီးဌာနမှပံ့ပိုးကူညီဖြန့်ဖြူးခဲ့သော သစ်ခွဲသားနှင့်သစ်လုံးတန်ချိန်စုစုပေါင်းမှာ ဇွန်လ ၈ ရက်နေ့အထိ စုစုပေါင်း ၁၇၆၁၇.၉၆၄ တန်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၁၄-၆-၂၀၀၈* ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် မေ ၂၈ ရက်မှ ဇွန် ၁၃ ရက်အထိကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏(၉၇) ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်ခဲ့သော အလုပ်သမားဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

* မုန်တိုင်းဒဏ်သင့်ဒေသများသို့ လှူဒါန်းမည့် အလှူငွေလက်ခံရာဌာနနှင့် အလှူပစ္စည်းလက်ခံရာဌာနများကိုခွဲခြား၍ ထုတ်ပြန်ကြေညာ။

* အာဆီအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan မြန်မာနိုင်ငံသို့ ရောက်ရှိ။

၁၅-၆-၂၀၀၈* ရာနှုန်းပြည့်နိုင်ငံသားပိုင် Air Bagan လေကြောင်းလိုင်း၏ ရန်ကုန်–ဘန်ကောက်လေကြောင်းခရီးစဉ်များ ခေတ္တရပ်နား။

၁၆-၆-၂၀၀၈* မြောင်းမြမြို့ လေဘေးကယ်ဆယ်ရေးစခန်းမှ လေဘေးသင့်ပြည်သူ ၅၅၀ ဦး နှင့် ရတနာဒီပ၊ သုံးမိုင်နှင့် ငါးမိုင်လေဘေးကယ်ဆယ်ရေးစခန်းတို့မှ လေဘေးသင့်ပြည်သူ ၇၈၇ ဦး မိမိတို့ မူလနေထိုင်ရာ ကျေးရွာ ၂၅ ရွာသို့ လပွတ္တာဆိပ်ကမ်းမှ ရေယာဉ်များဖြင့် ပြန်လည်ထွက်ခွာ။

* မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပေးပို့လှူဒါန်းလျက်ရှိကြရာ ဇွန်လ ၁၆ ရက်နေ့အထိ လက်ခံရရှိသော လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်းတန်ဖိုးစုစုပေါင်းမှာ ငွေကျပ် ၁၂၅၆၂၄၄၈၅၁ ရှိပြီဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

* ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး အရေးပေါ်ပြင်ဆင်မှုတိုးမြှင့်ဆောင်ရွက်ရန် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီပေးရေးစီမံကိန်း နှင့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါနှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ် ထိန်းချုပ်ခြင်းလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေးစီမံကိန်းများဆောင်ရွက်ရန် သဘောတူလက်မှတ်ကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) တို့မှ တာဝန်ရှိသူအသီးသီး အင်းစိန်မြို့နယ်ရှိ အထက်ပါဦးစီးဌာနအစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုး။

၁၇-၆-၂၀၀၈* မုန်တိုင်းဒဏ်သင့်ဒေသများမှ တင်ဒါပိုက်ချက်နှင့် ဘုံဝါးဖမ်းကွက်များတွင် လုပ်ကိုင်လျက်ရှိကြသော အောက်ခြေရေလုပ်သားများ အဆင်ပြေစေရေးအတွက် ဇွန် ဇူလိုင်နှင့် ဩဂုတ်လများ သုံးလအတွင်း အခမဲ့သားငါးရှာဖွေခွင့်ပြုခဲ့ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းပြောကြား။

၂၀-၆-၂၀၀၈* မြန်မာနိုင်ငံအတွင်းရှိ ရခိုင်ကမ်းလွန်ဒေသလုပ်ကွက် A-1 နှင့် A-3 တို့မှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပိုက်လိုင်းသွယ်တန်းရောင်းချနိုင်ရေးအတွက် နာလည်မှုစာချွန်လွှာကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ Daewoo International Corporation, ONGC Videsh Limited, GAIL (India) Limited, Korea Gas Corporation နှင့် China National Petroleum Corporation တို့မှတာဝန်ရှိသူများ နေပြည်တော်ရှိ စွမ်းအင်ဝန် ကြီးဌာနတွင် လက်မှတ်ရေးထိုးချုပ်ဆို။

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်အမှတ် ၂/၂၀၀၈ ဖြင့် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စောလွင်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီးအဖြစ်ပြောင်းလဲတာဝန်ပေးလိုက်ခြင်းကိုလည်းကောင်း၊ အမိန့်အမှတ် ၃/၂၀၀၈ ဖြင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းကို အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးလိုက်ခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

၂၁-၆-၂၀၀၈* ၂၀၀၈ ခုနှစ် မတ်လအတွင်းကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာ။

* ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် ကိုရီးယားလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း (KEPCO) တို့သည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် Electrical Wire 60 mm^2 ကြေးကြိုးများ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သို့

လာရောက်လျှဒါန်း။

* သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (Ph.D, D.Litt) ဦးဆောင်တော်မူသော သီတဂူသာသနာပြုအဖွဲ့သည် မုန်တိုင်းဒဏ်ခံရသော ဘိုကလေးမြို့နယ်ဆေးရုံ၊ ဖျာပုံမြို့နယ်၊ ကဒုံကနိတိုက်နယ်ဆေးရုံနှင့် အမာမြို့နယ်ဆေးရုံများသို့ ကန်ဒေါ်လာ ၁၅၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံး၊ ဆရာဝန်သုံး၊ လူနာသုံး ဆေးဝါးပစ္စည်းများ လှူဒါန်း။

၂၃-၆-၂၀၀၈* စွမ်းအင်ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးရန် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E. Lieutentant General Poonpirom Liptapanlop ဦးဆောင်သော ထိုင်းနိုင်ငံစွမ်းအင်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ လာရောက်။

* စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ထိုင်းနိုင်ငံ PTTEP International Limited နှင့် PTT Public Company Limited တို့သည် မုတ္တမကမ်းလွန်ဒေသလုပ်ကွက် M-9 မှထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့အရောင်းစာချုပ်အတွက် အခြေခံသဘောတူညီချက်ကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

* မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသည့်သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က ကမကထပြုသည့် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကွင်းဆင်းဆေးအကာအကွယ်ပေးကုသခဲ့သည့် ဆေးကုသရေးအဖွဲ့များ၏ အကြံပြုချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Tripartite Core Group Workshop on Medical Missions Feed Back) ကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယံဟိုတယ်တွင် ကျင်းပ။

၂၄-၆-၂၀၀၈* ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် အစိုးရက ထပ်မံထုတ်ပြန်ချက်များအရ ဇွန်လ ၂၄ ရက်နေ့အထိ သေဆုံးသူ ၈၄၅၃၇ ဦး၊ ပျောက်ဆုံးသူ ၅၃၈၃၆ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက် ၁၉၃၅၉ ဦးရှိကြောင်း ယင်းနေ့တွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ကျင်းပသော နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ပူးတွဲလေ့လာသုံးသပ်ရေးဆိုင်ရာ အာဆီယံစကားဝိုင်းဆွေးနွေးပွဲတွင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးကျော်သူ ပြောကြား။

* မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ် နှံမှုတိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးသဘောတူစာချုပ်ကိုလည်းကောင်း၊ အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်မှ Aluminium Conductor Steel Reinforced (ACSR) Wire ထုတ်လုပ်ရေးစက်ရုံစီမံချက်အတွက် အမေရိကန်ဒေါ်လာ သန်း၂၀ ထုတ်ချေးရေးဆိုင်ရာ ငွေချေးစာချုပ်နှင့် သူဌေးချောင်း–အုတ်ရှစ်ပင်ဓာတ်အားလိုင်း၊ သူ ဌေးချောင်း–သံတွဲ–မအီ–အမ်းဓာတ်အားလိုင်း၊ သံတွဲ–အသုတ် ဓာတ်အားလိုင်းစီမံချက်များအတွက် အမေရိကန်ဒေါ်လာ ၆၄.၁၇သန်း ထုတ်ချေးရေးဆိုင်ရာငွေချေးစာချုပ်တို့ကိုလည်းကောင်း၊ နှစ်နိုင်ငံဘဏ်များဆက်သွယ်မည့် ဘဏ်လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း နှစ်နိုင်ငံတာဝန်ရှိသူအသီးသီး နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

၂၅-၆-၂၀၀၈* * အဖွဲ့ဝင် ၂၅ ဦးပါဝင်သော မလေးရှားနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ ရောက်ရှိ။

* ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ် ဗိုလ်မှူးချုပ်ဝင်းမြင့်၏ အမည်ကို နိုင်ငံပိုင်သတင်းဌာနများ၏ သတင်းများတွင်စတင်ဖော်ပြ။

* သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့်နေရာတိုင်းတွင် အရေးပေါ်ဆက်သွယ်ရေးဆောင်ရွက်မှုကို ပံ့ပိုးပေးသည့် Telecoms Sans Frontieres (TSF) မှအဖွဲ့ဝင်များ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ။

* ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် နာဂစ်ဆိုင်ကလုန်း ပြန်လည်ထူထောင်ရေးအတွက် သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ ဦးဆောင်သည့် ရန်ပုံငွေတရားပွဲကျင်းပ။

၂၆-၆-၂၀၀၈* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဉာဏ်လင်းကို အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦးကို ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးအဖြစ်လည်းကောင်းခန့်အပ်လိုက်ကြောင်းနိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၂၇-၆-၂၀၀၈* ဂျပန်နိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဒုတိယဝန်ကြီး ဒုတိယအောက်လွှတ်တော်အမတ် Mr. Ikuzo SAKURAI ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

၂၈-၆-၂၀၀၈* ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် တည်ဆောက်ထားပြီး အမြင့် ၂၅ ပေ၊ အကျယ် ၁၅၀ ပေရှိသည့် ခပေါင်းရေလွှဆည်ဖွင့်လှစ်။

၃၀-၆-၂၀၀၈* ကမ်းရိုးတန်းဒေသသုံး CDMA 450 MHz ဖုန်းများကို တစ်နိုင်ငံလုံးတွင် လိုင်းပေါင်း ၇၁၅၀၀ တပ်ဆင်အသုံးပြုမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင်ဖော်ပြပါရှိ။

၁-၇-၂၀၀၈* မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသောပြည်သူများအတွက် လူနေအိမ်နှင့် စီးပွားရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများကို ရန်ကုန်မြို့ မီးသတ်ဦးစီးဌာနရုံးချုပ်ရှိ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းနိုင်သည့်ပစ္စည်းများ၏ အမျိုးအမည်များနှင့် ကျသင့်နှုန်းထားများကို နိုင်ငံပိုင်သတင်းဌာနများတွင် စတင်ဖော်ပြ။

* e-D-form လျှောက်ထားခြင်းအတွက် ဝန်ဆောင်ခ ၂၀၀ ကျပ် ကို မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၅) ၌ ငွေစာရင်းအမှတ် MD-000086 သို့ လိပ်မူ၍ နီးစပ်ရာဘဏ်များမှတစ်ဆင့်ပေးသွင်းရန် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

* ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ် (၆) ရပ်ကွက် ပြည်ထောင်စုကြီခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးအောက်ထပ် ရုံးခန်း အဝင်ဝတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား။

* မုန်တိုင်းဒဏ်ကြောင့် နှစ်လကြာပိတ်ထားခဲ့ရသော တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ပြန်လည်ဖွင့်လှစ်။

* မုန်တိုင်းဒဏ်ခံခဲ့ရသော ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်း အတွင်းရှိ အိုးမဲ့အိမ်မဲ့ဖြစ်သွားသော ဒေသခံများအတွက် ၁၆၀၀× ပေ ၂၀ အကျယ်ရှိ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အမြဲတမ်းနေထိုင်နိုင်သည့် လူနေအိမ်များကို စီးပွားရေးလုပ်ငန်းရှင်များ၏ လှူဒန်းမှုများဖြင့် စတင်ဆောက်လုပ်လျက်ရှိကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

* ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ပကိတ်ကြီးကျေးရွာမှ မြောင်းမြမြို့သို့ ရွေးမြစ်အတိုင်းထွက်ခွာလာသော မျိုးပပထွန်းအမည်ရှိ ခရီးသည်တင် စက်လှေတစ်စင်း နစ်မြုပ်သွားခဲ့ရာ ခရီးသည် ၃၈ ဦး သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင်ဖော်ပြပါရှိ။

၄-၇-၂၀၀၇* ၂၀၀၈–၂၀၀၉ ပညာသင်နှစ် လူစွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို မြန်မာ–ဂျပန် နှစ်နိုင်ငံမှ တာဝန်ရှိသူအသီးသီး နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးတွင်လက်မှတ်ရေးထိုး။

၆-၇-၂၀၀၈* မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း ရန်ကုန်မြို့တော်အတွင်းရှိ ပျက်စီးသွားခဲ့သော တယ်လီဖုန်းလိုင်းများ ရာနှုန်းပြည့်နီးပါး ပြန်လည်အသုံးပြုနိုင်ပြီဖြစ်ကြောင်းနှင့် ဆွတ်ယွင်းဆဲ တယ်လီဖုန်းလိုင်းများကို အထူးပြင်ဆင်ရေးအဖွဲ့များဖြင့် တစ်အိမ်ချင်း၊ တစ်လိုင်းချင်း အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

* အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်းတွင် ဇူလိုင် ၇ ရက်နေ့မှ ၁၀ ရက်အထိကျင်းပမည့် ၂၀၀၈ ခုနှစ် အာရှ–ပစိဖိတ် တရားမဝင်ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးအုပ်စု၏ နှစ်ပတ်လည်အစည်းအဝေးနှင့် နည်းပညာအကူအညီပေးရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ။

၇-၇-၂၀၀၈* ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင် လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလျက်ရှိပြီး မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေပြီး အဆိုပါလေဖိအားနည်းရပ်ဝန်းသည်ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာ။

* မေလ ၅ ရက်မှ ဇွန်လ ၃၀ ရက်နေ့အထိ မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုခဲ့သော ပြည်ပနိုင်ငံသားများမှာ UN, NGO, INGO နှင့် ပုဂ္ဂလိကဝင်ရောက်သူ ၁၀၇၆ ဦး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးအကာအကွယ်ပေးရန် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်သူ ၄၉၈ ဦး၊ UN-ASEAN အစည်းအဝေးတက်ရောက်ရန် ဝင်ရောက်သူ ၉၆ ဦးဖြစ်ရာ ဝင်ရောက်သူစုစုပေါင်း ၁၆၇၀ ဦးဖြစ်ပြီး ၎င်းတို့အနက် လုပ်ငန်းပြီးစီး၍ ပြန်လည်ထွက်ခွာသွားသူ ၉၁၃ ဦးဖြစ်ပြီး ၇၅၇ ဦးမှာ လေဘေးသင့်ဒေသများ၌ ယနေ့အထိ လုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၁၁-၇-၂၀၀၈* မုန်တိုင်းသင့်ပြည်သူများအား အထောက်အပံ့ပေးရေးဆိုင်ရာ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချတ်ထရီယံဟိုတယ်၌ ကျင်းပ။

၁၂-၇-၂၀၀၈* ရန်ကုန်–မော်လမြိုင်ကားလမ်းပေါ်၌ စစ်တောင်းမြစ်ကို ဖြတ်သန်း၍ မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ပဲခူးခရိုင် ဝေါမြို့နယ်တို့ ကိုဆက်သွယ်တည်ဆောက်ထားသည့် ပင်မတံတားအရှည် ၁၃၆၅ ပေရှည်လျားသော စစ်တောင်းတံတား (မုပွလင်) ဖွင့်လှစ်။

၁၆-၇-၂၀၀၈* မြန်မာနိုင်ငံဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာမီရ်ဂါနီ မိုဟာမက်ဆာလိကို ခန့်အပ်ရန် သဘောတူပြီးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၁၉-၇-၂၀၀၈* ရွှေတိဂုံဘုရားမြောက်ဘက်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပခဲ့သော ၆၁ နှစ်ပြည့်အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ဂူဗိမာန်၌သားကြီးဖြစ်သူ ဦးအောင်ဆန်းဦး၏ ကိုယ်စား ဦးလှဖေက လွမ်းသူပန်းခွေချ အလေးပြုကန်တော့ခဲ့ပြီး ကျန်အာဇာနည်ကြီးများ၏ ဂူဗိမာန်များတွင်လည်း သက်ဆိုင်ရာ မိသားစုဝင်များက လွမ်းသူပန်းခွေများ အသီးသီးပေးပို့ဂါရဝပြုခဲ့ကြကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

* ယခင်မြန်မာမေဖလားဝါးဘဏ်လီမိတက် (တရားရုံးတော်အမိန့်ဖြင့် ဖျက်သိမ်းဆဲ) ၏ လာရောက်မထုတ်ယူသော အပ်နှံငွေအမျိုးမျိုးနှင့် အခြားပေးရန်ကျန်ငွေများကိုအထောက်အထားပြည့်စုံစွာဖြင့် ရန်ကုန်ကော်လိတွော်အရာရှိ (Collector of Yangon) ဌာနမှူး၊ ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး (ရန်ကုန်တိုင်း) အမှတ်(၅) ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ထံတွင် လာရောက်တောင်းခံ/ထုတ်ယူနိုင်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၂၁-၇-၂၀၀၈* မြန်မာအစိုးရ အာဆီယံနှင့် ကုလသမဂ္ဂအဖွဲ့တို့ ပူးပေါင်းဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့သည် ဆိုင်ကလုန်း

မုန်တိုင်းနာဂစ်အလွန် ပူးတွဲလေ့လာအကဲဖြတ်မှုအဖွဲ့အစီရင်ခံစာ (Post-Nargis Joint Assessment- PONJA) ထုတ်ပြန်သည့် အခမ်းအနားကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပ။

* ကြွက်မှတစ်ဆင့် လူသို့ကူးစက်တတ်သော အသည်းရောင်အသားဝါရောဂါ (Leptospirosis) နှင့် ပတ်သက်သည့် သတိပေးနှိုးဆော်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာ။

၂၂-၇-၂၀၀၈* ယခင်အာရှဝန်ဘဏ်လီမိတက် (တရားရုံးတော်အမိန့်ဖြင့် ဖျက်သိမ်းဆဲ) ၏ လာရောက်မထုတ်ယူသော အပ်နှံငွေအမျိုးမျိုးနှင့် အခြားပေးရန်ကျန်ငွေများကိုအထောက်အထားပြည့်စုံစွာဖြင့် ရန်ကုန်ကော်လိတ္တော်အရာရှိ (Collector of Yangon) ဌာနမှူး၊ ကုမ္ပဏီများဆိုင်ရာအခွန်ရုံး (ရန်ကုန်တိုင်း) အမှတ် ၆၂ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ထံတွင် လာရောက်တောင်းခံ/ထုတ်ယူနိုင်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၂၆-၇-၂၀၀၈* မြန်မာတစ်နိုင်ငံလုံးနှင့် ခရီးသွားလာဆက်သွယ်မှုအများဆုံး ရန်ကုန်မြို့တော်မှ ပြည်နယ်နှင့်တိုင်းမြို့ကြီးများ အသီးသီးသို့ပြေးဆွဲနေသော အဝေးပြေးယာဉ်များ၏ ယာဉ်စီးခနှုန်းထားများကို ပြောင်းလဲသတ်မှတ်။

၂၇-၇-၂၀၀၈* မြန်မာနိုင်ငံတွင် အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အမြစ်ပြတ်ချေမှုန်းရေးမြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းစီမံကိန်း (Improvement of Prevention, Control and Education of HighlyPathogenic Avian Influenza in Myanmar Project-OSRO/MYA/801/WBK) ဆောင်ရွက်ရန် သဘောတူညီချက်ကို မြန်မာနိုင်ငံရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) တို့ ပူးပေါင်း၍ အထက်ပါဦးစီးဌာနတွင် လက်မှတ်ရေးထိုး။

၂၈-၇-၂၀၀၈* မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်တို့ရှိ တကောင်းဆောင်ဒေသ နိကယ်သတ္ထုသိုက်အား ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် ဖယ်ရိုနီကယ်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ်ကို သတ္ထုတွင်းဝန်ကြီးဌာန အမှတ် (၃) သတ္ထုတွင်းလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Nonferrous Metal Mining Nickel Co., Ltd. တို့ နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်တွင် လက်မှတ်ရေးထိုးချုပ်ဆို။

၃၀-၇-၂၀၀၈* မဲခေါင်ဒေသ ခြောက်နိုင်ငံဖြစ်သော မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ဆက်သွယ်ရေးအရာရှိကြီးများပါဝင်တက်ရောက်သော ၇ ကြိမ်မြောက် မဲခေါင်ဒေသနိုင်ငံများ သတင်းအချက်အလက်ဆက်သွယ်ရေး အမြန်ဆက်ကြောင်းတည်ဆောက်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး (GMS Information Superhighway Implementation Group Meeting No. 7) ကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပ။

၁-၈-၂၀၀၈* အိုင်တီကုမ္ပဏီများ၊ သင်တန်းများ၊ ကွန်ပျူတာပစ္စည်းအရောင်းပြခန်းများနှင့်ဘာသာ စကားသင်တန်းများဖွင့်လှစ်သွားမည့် မန္တလေးမြို့တော် ၂၆ လမ်းနှင့် ၈၅ လမ်းထောင့် ဈေးချို ပလာဇာ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်တို့ရှိ ဈေးချိုအိုင်တီဇုန်ဖွင့်လှစ်။

၄-၈-၂၀၀၈* မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတကျာမနီနိုင်ငံ၏ အထူးအာဏာကုန်လွဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာဂျူးလီးယက်ဂျော့လွိုင်အား ခန့်အပ်ရန် သဘောတူပြီးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၅-၈-၂၀၀၈* မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Thomas Ojea Quintana နှင့် အဖွဲ့သည် ဩဂုတ်လ ၃ ရက်နေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိလာကြောင်း ဩဂုတ်လ ၉ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

* မန္တလေးတိုင်းအတွင်းရှိ သမိုင်းဝင်မင်းကွန်းခေါင်းလောင်းကြီး၏ ဗိမာန်ပြာသာဒ်ရှိ မျက်နှာကြက်အချို့ ရုတ်တရက်ပြိုကျမှု ဖြစ်ပွား။

၄-၈-၂၀၀၈* လိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်မှ ဒုတိယနှစ် လျှပ်စစ်စွမ်းအားဘာသာရပ်အဓိကကျောင်းသူ မမြတ်ဆုမွန်သည် ကျောင်းဝင်းအတွင်း ကွန်ကရစ်လမ်းမပေါ်တွင်မြွေကိုက်ခံခဲ့ရပြီး ဆေးရုံလေးခုလွှဲပြောင်းပြီးချိန်တွင်ကွယ်လွန်သွားသော ဖြစ်ရပ်တစ်ခုဖြစ်ပွား။ ယင်းဖြစ်ရပ်အတွက် ကျန်းမာရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့၍ စစ်ဆေးခဲ့ပြီး တာဝန်ခံဆရာဝန်ကို အလုပ်မှရပ်စဲခြင်း၊ စီမံခန့်ခွဲမှုအားနည်းသည့်ဆေးရုံအုပ်ကြီးကို ပင်စင်ပေးခြင်း၊ တာဝန်ခံဆရာဝန်တစ်ဦးအား ပြင်းထန်စွာသတိပေးခြင်းတို့ဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၏ ပြောကြားချက်များကို ဩဂုတ်လ ၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၉-၈-၂၀၀၈* နာမည်ကျော် စီးပွားရေးလုပ်ငန်းခွဲများစွာဖြင့် လည်ပတ်လုပ်ကိုင်လျက်ရှိသော ကျော်မိသားစုကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးဌေးမြင့်အောင်နှင့် အပေါင်းပါနှစ်ဦးကို မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးအရေးယူ။

၁၂-၈-၂၀၀၈* မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဒေသအချို့တွင် မြစ်ရေချောင်းရေများမြင့်တက်ကာ ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် အိမ်ထောင်စုအချို့အားပြောင်း ရွှေ့နေရာချထားပေးခြင်း၊ စာသင်ကျောင်းအချို့ ခေတ္တပိတ်ထားပေးရခြင်း စသည်တို့ဖြစ်ပေါ်ခဲ့ကြောင်း ဩဂုတ်လ ၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများ

တွင် ဖော်ပြပါရှိ။

၁၃-ဂ-၂၀၀၈* ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း၌ ကြော်ငြာထားသည့် ဆိုင်းဘုတ်များအနက် မလုံတလုံအဝတ်အစားများဝတ်ဆင်၍ ရိုက်ကူးထားသည့် ကြော်ငြာဆိုင်းဘုတ်များကို အများအမြင်တင့်တယ်သောပုံများဖြင့် အစားထိုးကြော်ငြာစေမည်ဖြစ် ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းပြောကြား။

၁၆-ဂ-၂၀၀၈* မန္တလေးတိုင်း မိုးကုတ်မြို့နယ် တောင်ပေါ်ဘော်ဗဒန်းကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ်လ ၁၆ ရက်ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မြေပြိုပြီး ဦးညွန့်ရှိန်၏ နှစ်ထပ်အိမ်ပေါ်သို့ မြေများပိကျခဲ့ရာ အိမ်ရှင်ဦးညွန့်ရှိန်အပါအဝင် မိသားစုငါးဦး၊ ဧည့်သည်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း ဩဂုတ်လ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြ။

၁၈-ဂ-၂၀၀၈* ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibranhim Agboola Gambari နှင့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

၂၀-ဂ-၂၀၀၈* ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibranhim Agboola Gambari သည် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရန်ကြိုးစားခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်က လက်ခံတွေ့ဆုံခြင်းမရှိ။

* အင်ဂျင်ပြုပြင်ပြောင်းလဲထုတ်လုပ်မှု စီမံကိန်းဆိုင်ရာစာချုပ်ကို အမှတ် (၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China New Era International Engineering Corporation တို့မှ တာဝန်ရှိသူများ နေပြည်တော်ရှိ ရွှင်ရယ်ကုမ္ပဏီဟိုတယ်တွင်လက်မှတ်ရေးထိုး။

၂၂-ဂ-၂၀၀၈* စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ စက်သုံးဆီအရောင်းဆိုင်များတွင် ဓာတ်ဆီနှင့်ဒီဇယ်ဆီများကို ပုံမှန်နေ့စဉ်ရောင်းချသည့်ခွဲတမ်း ၂ ဂါလံထက် ပိုမိုဝယ်ယူလိုပါက FECဖြင့်လိုသလောက်အရေအတွက်ကို ရောင်းချပေးမည်ဖြစ်ကြောင်း အဆိုပါအရောင်းဆိုင်များတွင် ထုတ်ပြန်ကြေညာ။

* မစ္စတာဂမ်ဘာရီ၏ အဖွဲ့ဝင်နှစ်ဦးဖြစ်သည့် Mr. Erwan Pouchous နှင့် Ms. Hua Jiang နှင့် တာဝန်ရှိသူများနံနက် ၇ နာရီ မိနစ် ၅၀ တွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့သွားရောက်၍ တွေ့ဆုံခွင့်ရရန် ဒုတိယအကြိမ်ကြိုးစားခဲ့သော်လည်း တွေ့ဆုံခွင့်မရ။

* ၂၀၀၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်ရောင်းချပြီး အောက်တိုဘာ ၁ ရက်တွင်စတင်ဖွင့်လှစ်မည့် ၂၃၇ ကြိမ်မြောက် ထီဖွင့်ပွဲမှစ၍ ကျပ် ၁၀၀၀၀၀၀ (၁၀ သိန်း) နှင့်အောက် ဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှုးရုံးများတွင် ထုတ်ပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၂၈-ဂ-၂၀၀၈* မော်တော်ယာဉ်များကို စီအင်န်ဂျီပြောင်းလဲပေးခြင်းလုပ်ငန်းများ ယာယီဆိုင်းငံ့ထားရန် သက်ဆိုင်ရာလုပ်ငန်းများသို့ အကြောင်းကြားစာများပေးပို့။

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် ၆/၂၀၀၈ ဖြင့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ဩဂုတ်လ ၂၈ ရက်နေ့စွဲဖြင့် ပြဋ္ဌာန်း။

၂၉-ဂ-၂၀၀၈* မြန်မာ–ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဦးဆောင်သည့် စတုတ္ထအကြိမ် မူဝါဒရေးရာညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် အတွက် ဩဂုတ်လ ၂၅ ရက်မှ ၂၈ ဂုက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့သွားရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင် သောမြန်မာကိုယ်စားလှယ်အဖွဲ့ ဩဂုတ်လ ၂၉ ရက်နေ့တွင် ပြန်လည်ရောက်ရှိ။

၃၀-ဂ-၂၀၀၈* မြန်မာနိုင်ငံ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံတိရစ္ဆာန်ဥယျာဉ်များအကြား တိရစ္ဆာန်လဲလှယ်ရေးအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင်ငွင်းငှက် ၁၁ ကောင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) သို့ ရောက်ရှိ။

၁-ဇ-၂၀၀၈* အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် ရှေ့နေဦးကြည်ဝင်းနှင့် တတိယအကြိမ်တွေ့ဆုံလိုကြောင်း တင်ပြသည့်အတွက် စက်တင်ဘာလ ၁ ရက် နံနက် ၉ နာရီခန့်တွင် ဦးကြည်ဝင်းကို ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ဝင်ရောက်တွေ့ဆုံနိုင်ရန် တာဝန်ရှိသူများက စီစဉ်ပေးခဲ့ကြောင်း စက်တင်ဘာလ ၂ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

* စာပေထုတ်ဝေရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးတွင် မူပိုင်ခွင့်စနစ်၏အခန်းကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ကမ္ဘာ့ဥာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ချုပ် (WIPO) တို့ပူးပေါင်း၍ ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်တွင် ကျင်းပ။

၆-ဇ-၂၀၀၈* မြန်မာနိုင်ငံကုန်းပိုင်းလုပ်ကွက် A(ဟူးကောင်းဒေသ)နှင့် B-1 (ဥယုဒေသ) တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ (Production Sharing Contracts) ကို မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Close Joint Stock Oil Company "Nobel Oil" ကုမ္ပဏီတို့မှ တာဝန်ရှိ သူများ စက်တင်ဘာလ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနအစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုးချုပ်ဆို။

၇-၉-၂၀၀၈* ၂၀၀၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်သည့် သတင်းစာ ရှင်းလင်းပွဲ ၁/ ၂၀၀၈ ကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနတွင် ကျင်းပ။

၉-၉-၂၀၀၈* ရန်ကုန်မြို့ ဆူးလေ–စော်ဘွားကြီးကုန်း ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်ယာဉ် မထသ (၄၅) ဖူဆိုအဲယားကွန်း ဘတ်စ်တစ်စီး၏ နောက်ဆုံးခုံတန်း ရှေ့ယာဘက်ခုံအောက်မှ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး မီးလောင်မှုတစ်ခု နံနက် ၁၀ နာရီ ၄၅ မိနစ် အချိန်ခန့်က ဖြစ်ပေါ်ခဲ့ကြောင်း စက်တင်ဘာလ ၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

* ဆိုင်ခန်းပေါင်း ၂၀၀ ကျော် ပျက်စီးခဲ့ပြီး ကျပ် ၁၀၄၂ သိန်း ကျော်ဖိုးဆုံးရှုံးခဲ့သည့် ရန်ကုန်တိုင်း တွံတေးမြို့နယ်ဈေးကြီး မီးလောင်မှု ည ၁၀ နာရီအချိန်ခန့်က ဖြစ်ပွား။

* မြန်မာနိုင်ငံနှင့်ကူဝိတ်နိုင်ငံတို့အကြား လွတ်လပ်စွာ လေကြောင်းပျံသန်းမှုပြုလုပ်ရန် သဘောတူညီမှုများရရှိထားပြီးဖြစ်ကြောင်း ကူဝိတ်နိုင်ငံမြို့ပြလေကြောင်းညွှန်ကြားမှုဦးစီးဌာန (DG CA) က သတင်းထုတ်ပြန်။

၁၀-၉-၂၀၀၈* ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှု ၂၄ ကြိမ်ဖြစ်ပွားခဲ့မှုတွင် မီးဖိုမီး၊ ပေါ့ဆမီး ၁၆ ကြိမ်၊ လျှပ်စစ်မီး ၎းကြိမ်၊ အလိုအလျောက်မီး ၁ ကြိမ်၊ မသမာသူရှိမီး ၂ ကြိမ်ပါဝင်ပြီး အိမ်ခြေအဆောက်အအုံ ၁၇၇ လုံး၊ စက်ရုံအလုပ်ရုံတစ်ရုံ မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၁၁၀၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်းနှင့် ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်း တစ်နိုင်ငံလုံးတွင် ယာဉ်တိုက်မှု စုစုပေါင်း ၅၁၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၀၇ ဦး၊ ဒဏ်ရာရသူ ၉၂၄ ဦးနှင့် ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၂၅ သန်းကျော်ရှိကြောင်း ယနေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

* ရဲအရေးပိုင်သည့် မှုခင်းများနှင့်ပတ်သက်၍ အမှုအခင်းဖြစ်ပွားသည့်နေရာတိုင်းတွင် မီဒီယာများအနေနှင့် သတင်းရယူနိုင်ကြောင်း၊ ထိုသို့ရယူရာတွင် သက်ဆိုင်ရာနယ်မြေတာဝန်ခံအရာရှိထံ ဦးစွာအသိပေးရန်လိုအပ်ပြီး ခွင့်ပြုချက်ဖြင့် သတင်းရယူနိုင်ကြောင်း၊ သတင်းထောက်များသတင်းမယူရဟု ပိတ်ပင်ကန့်သတ်ထားမှုများမရှိကြောင်း၊ တာဝန်ရှိသူများကိုသာမေးမြန်း၍ ဖော်ပြစေလိုကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးတွင် ပြုလုပ်သော သတင်းဌာနယ်များနှင့်တွေ့ဆုံသည့် သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ရဲမှူးကြီးဝင်းနိုင်ကိုယ်စား တိုင်းမှူးခင်းဌာန ဌာနခွဲမှူး ရဲမှူးသိန်းဝင်း ပြောကြား။

၁၂-၉-၂၀၀၈* မြန်မာနိုင်ငံ၌ ၄င်္ဂါဖျားရောဂါကာကွယ်တိုက်ဖျက်ရေးဆိုင်ရာစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ တာဝန်ရှိသူအသီးသီး နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

၁၄-၉-၂၀၀၈* ဒေါ်အောင်ဆန်းစုကြည်အနေနှင့် စက်တင်ဘာ ၁၉ ရက် (သောကြာနေ့) နောက်ပိုင်းဆက်ဆံရေးဝန်ကြီးဦးအောင်ကြည် အဆင်ပြေမည့်တစ်ရက်တွင် တွေ့ဆုံနိုင်ရန်အတွက် စီစဉ်နိုင်ပါကြောင်း မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းမှတစ်ဆင့် စက်တင်ဘာ လ ၁၄ ရက်နေ့တွင် ပြောကြား။ (စက်တင်ဘာလ ၁၉ ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်)

၁၆-၉-၂၀၀၈* ချင်းတွင်းမြစ်ပေါ်ရှိ ထမံသီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းတို့ကို မြန်မာနိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ National Hydroelectric Power Corporation Limited (NHPC) တို့မှ တာဝန်ရှိသူအသီးသီး နေပြည်တော်ရှိ အထက်ပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုးချုပ်ဆို။

* ရန်ကုန်မြို့ပေါ်၌ မော်တော်ယာဉ်များကို ပွဲစားများမှတစ်ဆင့် ဆက်သွယ်၍ လပေးစနစ်ဖြင့် ငှားရမ်းပြီး စာရွက်စာတမ်းအတုပြုလုပ်ကာ တစ်ဆင့်ပြန်လည်ရောင်းချခြင်းများ ကျူးလွန်မှုနှင့် ပတ်သက်သည့်တရားခံများကို ဩဂုတ်လ ၂၁ ရက်နှင့် ၂၂ ရက်နေ့များတွင် ဖမ်းဆီးရမိခဲ့ကြောင်းယနေ့ထုတ် နိုင်ငံပိုင်သတင်း ဌာနများတွင် ဖော်ပြပါရှိ။

၂၀-၉-၂၀၀၈* တနင်္သာရီတိုင်းကော့သောင်းမြို့မှထွက်ခွာလာပြီး ကုန်ချိန်အပြည့်တင်ဆောင်လာသော ဖားရွေကျော်သင်္ဘောသည် ရန်ကုန်မြို့သို့ရောက်ခါနီး ပင်လယ်ဝတွင် မွန်းလွဲ ၁ နာရီခွဲခန့်က နစ်မြုပ်သွားမှုတစ်ရပ် ဖြစ်ပွား။

၂၃-၉-၂၀၀၈* မြန်မာနိုင်ငံအစိုးရသည် ၂၀၀၈ ခုနှစ်စက်တင်ဘာလ ၂၃ ရက်၊ ၁၃၇၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၉ ရက်နေ့တွင် သက်ဆိုင်ရာအကျဉ်းစခန်းအသီးသီး၌ ပြစ်ဒဏ်ကျခံနေကြရသော အကျဉ်းသား ၉၀၀၂ ဦးအား ပြစ်ဒဏ်ကျခံနေရခြင်းမှ ရပ်စဲလိုက်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

* မြန်မာဈေးကွက်အတွင်းရောင်းချရန် ဝင်ရောက်လာခဲ့သော အဆိပ်သင့် စက်မှုလုပ်ငန်းသုံးမယ်လမင်းဓာတ်ပါ တရုတ်နို့မှုန့်များကို ရန်ကုန်ဆိပ်ကမ်းတွင်စစ်ဆေးခဲ့ရာ ယနေ့အထိအဆိုပါ နို့မှုန့် ၁၆ တန်ကိုသိမ်းဆည်းရမိခဲ့ကြောင်းနှင့် ယင်းတို့ကို ဖျက်ဆီးသွားမည်ဖြစ်ကြောင်း ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု ဗဟိုဌာန (အက်ဖ်ဒီအေ) မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်လင်း၏အဆိုကိုကိုးကား၍ စက်တင်ဘာလ ၂၆ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် ဖော်ပြပါရှိ။

* အဆိပ်သင့် မယ်လမင်းဓာတ်များရောနှောထုတ်လုပ်ထားသည့်

တရုတ်နို့မှုန့်များ မြန်မာဈေးကွက်အတွင်းဝင်ရောက်ခြင်းကို တားဆီးရေးအစီအစဉ်အရ ပြည်ပမှ နို့ထွက်ပစ္စည်းများတင်သွင်းနေခြင်းကိုယာယီရပ်ဆိုင်းလိုက်ကြောင်းနှင့် လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်းသက်ဆိုင်ရာမှ သတင်းထုတ်ပြန်။

၂၄-၉-၂၀၀၈* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် ၇/၂၀၀၈ ဖြင့် မြန်မာသမိုင်းအဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်း။

၂၅-၉-၂၀၀၈* စက်တပ်ဆင်အား မဂ္ဂါဝပ် ၁၆၀ ရှိမည့် တာပိန် (၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် နှစ်ဖက်သဘောတူ နားလည်မှုစာချွန်လွှာကို အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang Yunan Hydropower Developing Co., Ltd.တို့မှ တာဝန်ရှိသူအသီးသီး နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

၂၆-၉-၂၀၀၈* အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၂၂ ရက်စွဲဖြင့် ထုတ်ပြန်သော အထူးကြေညာချက်အမှတ် ၁၈/၀၉/၀၈ နှင့်ပတ်သက်၍ အဆိုပါအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်ငါးဦးကို စက်တင်ဘာလ ၂၅ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့်အဖွဲ့က ခေါ်ယူတွေ့ဆုံသတိပေးပြောကြားခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၂၉-၉-၂၀၀၈* မုန်တိုင်းသင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အမေရိကန်ဒေါ်လာ ၁.၆၁ ဘီလီယံတန်ဖိုးရှိ အိမ်မိုးသွပ်ချပ်ရေ ငါးသိန်းခန့် အိန္ဒိယသမ္မတနိုင်ငံ ပေးအပ်လှူဒါန်း။

၃၀-၉-၂၀၀၈* ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ သဘဂရစက်မှုဇုန်တွင်တည်ရှိပြီး တစ်နှစ်လျှင် မြင်းကောင်ရေ ၂၂၀ အားရှိ SD 22-M အမျိုးအစား မြေထိုးစက် အစီး ၁၀၀ နှင့် မြင်းကောင်ရေ ၁၆၉ ကောင်အားရှိ SC 220 ဒသမ 7M အမျိုးအစား မြေတူးစက် အစီး ၂၀၀ ထုတ် လုပ်နိုင်မည့် မြေထိုး၊ မြေတူး ယန္တရားထုတ်လုပ်မှုစက်ရုံ (သဘဂရ) ဖွင့်လှစ်။

၂-၁၀-၂၀၀၈* မြန်မာနိုင်ငံ မုတ္တမကမ်းလွန်ဒေသ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ကွက်အမှတ် M-2 တွင် ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးသဘောတူစာချုပ်ကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Petrovietnam Exploration Production Corporation Ltd.,၊ Joint Venture Vietsovpetro နှင့် မြန်မာနိုင်ငံမှ Eden Group Company Limited တို့ နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

၅-၁၀-၂၀၀၈* ရန်ကုန်မြို့နှင့် မန္တလေးမြို့များဈေးကွက်များရှိ ကုမ္ပဏီ (၈) ခုမှတင်သွင်းသော နို့မှုန့် (၈) မျိုးကို စမ်းသပ်စစ်ဆေးလျက်ရှိပြီး ယင်းသို့ စစ်ဆေးနေစဉ်အချိန်အတွင်း ပြည်သူများအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကို သုံးစွဲခြင်းမပြုရန် သက်ဆိုင်ရာမှ နှိုးဆော်ကြေညာချက်ထုတ်ပြန်။

၉-၁၀-၂၀၀၈* ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၀၈ ဖြင့် အများပြည်သူများ စားသုံးရန်မသင့်သော မယ်လမင်းပါဝင်သည့်နို့မှုန့်များကို တင်သွင်းခြင်း ပြုပြင်ထုပ်ပိုး/ဖြန့်ဖြူးရောင်းချခြင်း အခြားစားသောက်ကုန်များတွင်ထည့်သွင်းအသုံးပြုခြင်းတို့အား တားမြစ်ခြင်းကို ထုတ်ပြန်ကြေညာ။

၉-၁၀-၂၀၀၈* စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀၀ ထွက်ရှိမည့် တနသင်္ဘာရီရေအားလျှပ်စစ်စီမံကိန်းကို ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ Italian-Thai Development Public Co., Ltd.၊ စင်ကာပူ British Virgin Island မှ Wind Fall Energy Services Limited တို့ နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

၁၁-၁၀-၂၀၀၈* မိုဘိုင်းဖုန်းများတွင်အသုံးပြုနိုင်မည့် မြန်မာ–အင်္ဂလိပ်နှင့် အင်္ဂလိပ်–မြန်မာ အီလက်ထရွန်နစ်အဘိဓာန်များ စတင်ရောင်းချ။

၁၃-၁၀-၂၀၀၈* တိုက်ကြီးမြို့မှ ရန်ကုန်မြို့သို့ထွက်ခွာလာသော တိုက်ကြီး–ရန်ကုန်ခရီးသည်တင်ဟိုင်းလတ်ယာဉ်အမှတ် ပ/၁၀၆၂ သည် နံနက် ၂ နာရီ ၃၅ မိနစ်ခန့်က အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနရှေ့အရောက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အဆိုပါပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူ ရှစ်ဦးအနက် ယာဉ်မောင်းဦးမျိုးအောင်အပါအဝင် အမျိုးသားလေးဦးနှင့် အမျိုးသမီး သုံးဦး သေဆုံးခဲ့ကြောင်း အောက်တိုဘာလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

*မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းရောင်းချလျက်ရှိသည့်နို့မှုန့်နှင့်နို့ထွက်ပစ္စည်း အစားအသောက်များတွင် မယ်လမင်းဓာတ် ပါဝင်မှုရှိမရှိကို ထပ်မံစစ်ဆေးခဲ့ရာ နို့မှုန့်အမျိုးအစား ၈၇ မျိုးတွင် ၇မျိုးမှာ မယ်လမင်းပါဝင်ကြောင်းထပ်မံတွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံအစိုးရမှ အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၀၈ ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာ။

၁၈-၁၀-၂၀၀၈* အောက်တိုဘာလ ၁၃ ရက်နေ့က ဖြစ်ပွားခဲ့သော တိုက်ကြီး–ရန်ကုန် ခရီးသည်တင်ယာဉ်ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဂက်စ်အိုးပေါက်ကွဲမှုဖြစ်ပေါ်ရခြင်းမှာ ဂက်စ်အိုး၏ ချို့ယွင်းချက်ကြောင့်ဖြစ်ပေါ်ရခြင်းမဟုတ်ဘဲ ယာဉ်တိမ်းမှောက်မှု

ကြောင့် ဂက်စ်အိုးအချင်းချင်းပြင်းထန်စွာရိုက်မိရာမှ အပြင်းထန်ဆုံးရိုက်ခတ်ခြင်းခံရသည့် ဂက်စ်အိုးတစ်လုံးပေါက်ကွဲသွားခြင်းကြောင့်သာဖြစ်ကြောင်းယနေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ထိခိုက်မှုဖြစ်စဉ် အခင်းဖြစ်ရပ်မြေပုံကြမ်းနှင့် တကွဖော်ပြ။

၁၉-၁၀-၂၀၀၈* မြန်မာနိုင်ငံအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့သည် မုန်တိုင်းဒဏ်သင့်ဒေသများတွင် ဆောင်ရွက်လျက်ရှိသော ကယ်ဆယ်ရေးလိုအပ်ချက်များနှင့် ဆောလျင်စွာနာလန်ထူရေးကိစ္စရပ်များအတွက် အချိန်ကာလအလိုက် ပြန်လည်သုံးသပ်ရေးစီမံချက်ကို စတင် ဆောင်ရွက်။

၂၁-၁၀-၂၀၀၈* အာဆီယံ–တရုတ်ပြန်ကြားရေးနှင့် မီဒီယာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် နိုင်ငံစုံမှ တာဝန်ရှိသူများ လက်မှတ်ရေးထိုး။

* အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မြန်မာ–အိန္ဒိယ နယ် စပ်ဒေသ မဏိပူရပြည်နယ်အင်ဖာမြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပေါ်ခဲ့ရာ လူ ၁၇ ဦး သေဆုံးခဲ့ပြီး ၂၇ ဦးကျော်ဒဏ်ရာရခဲ့ကြောင်း၊ မော်တော်ဆိုင်ကယ်တစ်စီးတွင် ထည့်သွင်းထားသော ဗုံးမှပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာ။

* ပြည်တွင်းစားသောက်ကုန်ဈေးကွက်အတွင်းရှိ နို့နှင့်နို့ထွက်ပစ္စည်းများတွင် မယ်လမင်းပါဝင်မှုရှိမရှိကို ငါးလုပ်ငန်းဦးစီးဌာနက ကျပ်သုံးသောင်းခန့်ဖြင့် စစ်ဆေးပေးမည်ဖြစ်ကြောင်း အဆိုပါဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး ပြောကြား။

* မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) အဆောက်အအုံသစ် ဖွင့်လှစ်။

၂၂-၁၀-၂၀၀၈* ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက ၂၀၀၈ ခုနှစ်ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ရောင်းချပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်မည့် (၂၄၀) ကြိမ်မြောက် အောင်ဘာလေသိန်းဆုတွင် ကျပ်သိန်းတစ်ထောင်စုတစ်ဆု ထည့်သွင်းရောင်းချပေးမည်ဖြစ်ပြီး ထီလက်မှတ်ဈေးနှုန်းများကိုတစ်စောင်လျှင် ကျပ် ၁၀၀ အစား ကျပ် ၂၀၀ အဖြစ် စတင်ရောင်းချသွားမည်ဖြစ်ကြောင်း အဆိုပါဌာနခွဲက တရားဝင်ထုတ်ပြန်ကြေညာ။

၂၃-၁၀-၂၀၀၈* မကွေးတိုင်း၊ ပခုက္ကူရိုင် ပခုက္ကူမြို့နယ် စဘေးရွာသစ်ကျေးရွာအနီး ရေငံချောင်းကိုပိတ်၍ တည်ဆောက်ထားပြီး တမံအမြင့် ၃၂ ပေ၊ အလျား ဖဖွဝဝပေရှိသည့် စဘေရေလှောင်တမံဖွင့်လှစ်။

၂၅-၁၀-၂၀၀၈* မေလဆန်းက မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော သမိုင်းဝင် နာဂစ်မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ပုံငွေ ဘောလုံးပွဲယှဉ်ပြိုင်ရန် ဘရာဇီးလက်ရွေးစင်ဟောင်းများအသင်း ရန်ကုန်မြို့သို့ရောက်ရှိပြီး ရန်ပုံငွေပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ရှိ ဟိုတယ်ရန်ကုန်တွင် ကျင်းပ။

၂၆-၁၀-၂၀၀၈* မြန်မာ–ဘရာဇီး ရန်ပုံငွေဘောလုံးပွဲ ပထမနေ့ပွဲစဉ်ကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းတွင်ကျင်းပခဲ့ရာ ဘရာဇီးအသင်းက မြန်မာဘောလုံးအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့။

၂၈-၁၀-၂၀၀၈* မြန်မာ–ဘရာဇီး ရန်ပုံငွေဘောလုံးပွဲ ဒုတိယနေ့ပွဲစဉ်ကို အောင်ဆန်းကွင်းတွင်ကျင်းပရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျ။

၂၉-၁၀-၂၀၀၈* အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Limited တို့ In-House Engineering Service အတွက် Agreement of Consulting ကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

၃၁-၁၀-၂၀၀၈* နေပြည်တော်–စောင်ညို ကားလမ်းမပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၃၅၃) ဖွင့်လှစ်။

* သတင်းအချက်နှင့်နည်းပညာပြပွဲ ၂၀၀၈ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဖွင့်လှစ်ပြသ။

၁-၁၁-၂၀၀၈* ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့သို့ပျံသန်းလာသော ပါကစ္စတန်အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း PIA မှ လေယာဉ်အမှတ် PK 893 သည် ပျံသန်းစဉ်စက်ချို့ယွင်းမှုကြောင့် နိဝင်ဘာလ ၁ ရက်နေ့ ည ၁၀ နာရီအချိန်ခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အရေးပေါ်ဆင်းသက်ခဲ့ရ။

၂-၁၁-၂၀၀၈* တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC Co., Dalian Factory မှ ဝယ်ယူတင်သွင်းခဲ့သည့် မီးရထားစက်ခေါင်း ၂၀ အနက် ပထမအသုတ်အဖြစ် စက်ခေါင်းရှစ်ခေါင်း ရန်ကုန်ဘူတာကြီးသို့ရောက်ရှိလာကြောင်းနိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

* ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဥတိုကျေးရွာအုပ်စု ရန်ကုန်–ပြည်လမ်းမကြီးပေါ်တွင်ရှိသည့် ဥတိဂေါက်ကွင်းနှင့် အပန်းဖြေစခန်းကို အသစ်ပြန်လည်မွမ်းမံ၍ဖွင့်လှစ်။

၃-၁၁-၂၀၀၈* လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (International Humanitarian Response Workshop) ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပ။

၄-၁၁-၂၀၀၈* မုန်တိုင်းသင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီးအနောက်ကျေးရွာအုပ်စု ဆိပ်ကြီးကျေးရွာ၌ အစိုးရက တည်ဆောက်ပေးလျက်ရှိသည့် လူနေအိမ်များအနက် လူနေအိမ် ၄၅ လုံးတည်ဆောက်ရန်အတွက် မြန်မာအစိုးရ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးပေါင်းဖွဲ့စည်းထားသော သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကငွေ

ကျပ်သိန်း ၂၇၀ လျှဒါန်း။

* အာရှထိပ်သီး တောင်ကိုရီးယားကလပ်အသင်းတစ်သင်း အပါအဝင် ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားအသင်းများနှင့် ယူ ၂၃ အသင်းစုစုပေါင်း ခြောက်သင်းပါဝင် ယှဉ်ပြိုင်ကြမည့် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်သည့်သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိကုန် သည်ကြီးများဟိုတယ်တွင် ကျင်းပ။

၅-၁၁-၂၀၀၈* ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် ၁၀၇ ရပ်ကွက်တွင်ရှိပြီး ပျမ်းမျှပေ ၃၄၀ အနက်ရှိ အဝီစိတွင်းပေါင်းရှစ်တွင်းမှ တစ်တွင်းလျှင်ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၀၀၀၀ နှုန်းဖြင့် ရေအောက်ရေအရင်းအမြစ်မှရေကို နေ့စဉ် ဂါလန်တစ်သန်းနှုန်း ဖြန့်ဝေပေးသွားမည်ဟုဆိုသည့် ရေပေးဝေရေးစခန်း အမှတ် (၁) ဖွင့်လှစ်။

၆-၁၁-၂၀၀၈* မြန်မာ့သီးသန့်စီးပွားရေးဇုန်အတွင်း ကျရောက်သော ရာခိုင် ကမ်းလွန်လုပ်ကွက်အမှတ် AD-7တွင် ၂၀၀၈ ခုနှစ် အောက်တိုဘာလအတွင်းက စမ်းသပ်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အဆိုပါလုပ်ကွက်မှာ ၎င်းတို့၏ ရေပိုင်နက်အတွင်းကျရောက်သည့်အတွက် မြန်မာနိုင်ငံဘက်မှ တူးဖော်နေမှုများကို ချက်ချင်းရပ်တန့်ပေးရန် တောင်းဆိုမှုများပြုလုပ်လာခဲ့ရာ ယင်းတောင်းဆိုမှုကို မြန်မာအစိုးရအနေဖြင့် လက်ခံနိုင်ခြင်းမရှိသဖြင့် ပယ်ချခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနများမှတစ်ဆင့် ထုတ်ပြန်ကြေညာ။

* ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏သံတမန် နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Touhid Hossain ဦးဆောင်သော အဖွဲ့ဝင်လေးဦးပါဝင်သည့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့လာရောက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် တွေ့ဆုံ။

၇-၁၁-၂၀၀၈* စိန်ဂေဟာ လှည်းတန်းစင်တာ ဖွင့်လှစ်။

၈-၁၁-၂၀၀၈* ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်တစ်ခုဖြစ်သော AD-7 အတွင်း မူလသတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

၁၆-၁၁-၂၀၀၈* ဘင်္ဂလားပင်လယ်အော်အတွင်း ရေပိုင်နက်သတ်မှတ်ရေးနှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ဦးဆောင်သည့် အဖွဲ့ဝင် ၁၁ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ မစ္စတာအမ်အေကေမာမွတ်နှင့် နိုဝင်ဘာလ ၁၆ရက်နှင့် ၁၇ ရက်နေ့များက ဒါကာတွင်တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဇန်နဝါရီလတွင်နောက်တစ်ကြိမ်တွေ့ဆုံရန် သဘောတူညီမှုရရှိခဲ့ကြောင်း နိုဝင်ဘာ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် ဖော်ပြပါရှိ။

* ဧရာဝတီတိုင်းသာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာ၌ တည်ရှိပြီး အဆင့်မြင့်စက္ကူတစ်နေ့လျှင် တန် ၅၀ ထွက်ရှိနိုင်မည်ဟုဆိုသည့် တန် ၅၀ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) ဖွင့်လှစ်။

၂၀-၁၁-၂၀၀၈* ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီး ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်တွင် နံနက် ၁ နာရီကျော်အချိန်က ဓမ္မစေတီလမ်းမီးပွိုင့်အလွန်၌ လမ်းဘေးဓာတ်တိုင်ကိုဝင်တိုက်မိခဲ့သော ဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့ရာ ကားပေါ်တွင်လိုက်ပါလာသည့် လူခြောက်ဦးအနက် လူလေးဦး သေဆုံး။

၂၁-၁၁-၂၀၀၈* မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန နို့နှင့်နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ်ရှိ မရှိ စစ်ဆေးရေးအဖွဲ့သည် ကြေညာချက်အမှတ် (၁/၂၀၀၈) ဖြင့် အန္တရာယ်မရှိသောနို့မှုန့်နှင့်နို့ထွက်ပစ္စည်းများစာရင်းကို နိုဝင်ဘာလ ၂၁ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါစာရင်းတွင် အများပြည်သူစားသုံးရန်မသင့်ဟုကြေညာခဲ့သည့် နာမည်ကျော် Dumex Step 1 အပါအဝင် Whole Sweet Milk Powder (Two Cows, Shi Lin)၊ နှင့် RAINBO Milk Powder များ ပါဝင်သည်။

၂၅-၁၁-၂၀၀၈* ရန်ကုန်မြို့မှ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ပြေးဆွဲလျက်ရှိသည့် အောင်မင်္ဂလာအဝေးပြေးနှင့် ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ၏ ယာဉ်စီးခအားလုံးကို တတိယအကြိမ် လျှော့ချသတ်မှတ်။

၂၀-၁၁-၂၀၀၈* လတ်တလောဖြစ်ပေါ်လျက်ရှိသော ပဲပြဿနာများကိုဖြေရှင်းနိုင်ရန်အတွက် ပဲမျိုးစုံရောင်းဝယ်တင်ပို့နိုင်ရေးညှိနှိုင်းမှုကော်မတီ စတင်ဖွဲ့စည်း။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ကူမင်းမြို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

၂၃-၁၁-၂၀၀၈* အိန္ဒိယသမ္မတနိုင်ငံအနေဖြင့် အစိုးရချင်းချိတ်ဆက်၍ မြန်မာနိုင်ငံမှ ပဲမျိုးစုံကို နိုင်ငံတကာပေါက်ဈေးအတိုင်း ပုံမှန်ဝယ်ယူလိုကြောင်းနှင့်စပ်လျဉ်းသည့်ကိစ္စအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် လူထုဖြန့်ဖြူးရေးဝန်ကြီးဌာနဒုတိယဝန်ကြီး Mr.N.K.Raghupathy ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ အထက်ပါ ဝန်ကြီးဌာနတွင် လာရောက်ဆွေးနွေး။

* (၉) ကြိမ်မြောက် မြန်မာ–အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး/အတွင်းဝန်အဆင့် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးပွဲသဘောတူညီချက်ကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယံဟိုတယ်တွင် လက်မှတ်ရေးထိုး။

၂၅-၁၁-၂၀၀၈* မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မာန်အောင်ကျေးရွာ၏

အရှေ့မြောက်ဘက်တစ်ဝိုက်တွင် သစ်ခုတ်နေသူများကို အဆိုပါ နယ်မြေရှိ မွန်ဓားပြချမ်းဒိန်နှင့်အဖွဲ့က ဓားဖြင့်ခုတ်သောဖြစ်ရပ် တစ်ခုဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရ။

၂၇-၁၁-၂၀၀၈* ၂၀၀၇ ခုနှစ်အတွက်အမျိုးသားစာပေတစ်သက်တာ ဆုနှင့် အမျိုးသားစာပေဆုရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာ။

၂၈-၁၁-၂၀၀၈* ကချင်ပြည်နယ်၊ ပူတာအိုခရိုင်ရှိ ၁၅၁၄၆ ပေမြင့် သော ထောတကောရေခဲတောင်ထိပ်ကို နိုဝင်ဘာ ၁၄ ရက်နေ့က အောင်မြင်စွာတက်ရောက်နိုင်ခဲ့ကြသော မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ်တို့မှ အဖွဲဝင်လူငယ်များအတွက်ဂုဏ်ပြုပွဲအခမ်းအနားကို နေပြည်တော်ရှိ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန တွင် ကျင်းပ။

* ၂၀၀၇ ခုနှစ်အတွက်ရရှိသော စာပေဗိမာန်စာမူဆုများကို ထုတ် ပြန်ကြေညာ။

၁-၁၂-၂၀၀၈* မော်လမြိုင်မြို့ ဖက်တန်းရပ် ကမ်းနားလမ်းနှင့် အောက်လမ်းမကြီးကြားသထုံတံတားလမ်းနှင့် စည်ပင်သာယာ လမ်းကြားတွင်တည်ရှိသော အမှတ် (၁) စည်ပင်သာယာဈေးကြီး (အောက်ဈေး) တွင် မီးလောင်ကျွမ်းမှုတစ်ရပ် ဖြစ်ပွား။

၅-၁၂-၂၀၀၈* နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ– ဂျပန် ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဗဟိုဌာနကကြီးမှူးကျင်းပသော မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှီးနှော ဖလှယ်ပွဲသို့ တက်ရောက်ရန် နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၅ ရက်အထိ ဂျပန်နိုင်ငံသို့သွားရောက်ခဲ့ပြီး ဒီဇင်ဘာလ ၅ ရက် နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

၁၂-၁၂-၂၀၀၈* ကြိုးမဲ့အင်တာနက်ဆက်သွယ်ရေးစနစ်တစ်ခုဖြစ် သည့် Wi Max စနစ်ကို မန္တလေးမြို့အတွင်းရှိ ချမ်းအေးသာစံမြို့ နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် ပြည် ကြီးတံခွန်မြို့နယ်စသည့် မြို့နယ် ၄ ခုတွင် စတင်သုံးစွဲ။

Which & Why
ဘယ်ပစ္စည်းဘာ့ကြောင့်

SHUNLEI ဖုန်စုပ်စက်

SHUNLEI အမှတ်တံဆိပ် AF-50 မော်ဒယ်လ်အမျိုးအစား ဖုန်စုပ်စက်ဖြစ်။ ကြိုးမဲ့ဖြစ်ပြီး အားသွင်း၍အသုံးပြုရခြင်းဖြစ်။ ဖုန်များကိုသိမ်းယူထားရန် စက်အတွင်း အမှိုက်ပုံးပါရှိ။ နံရံ၌လည်းချိတ်ဆွဲထား၍ရ။ စက်ကိုအသုံးပြုရာတွင် လက်ကိုင် အတိုအရှည် လိုသလို အသုံးပြုနိုင်။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းရေး ၂၆,၀၀၀ ကျပ်ဖြစ်။

LED မီးအိမ်

BN-8801 မော်ဒယ်လ်အမျိုးအစား ဆင်ရုပ်ငယ်ပုံ LED မီးအိမ် ဖြစ်။ LED မီးလုံး ၁၈ လုံးပါရှိ။ မီးအလင်းအနိမ့်အမြင့် နှစ်ဆင့်ပါရှိ။ ညအိပ်မီးအဖြစ်လည်းအသုံးပြုရန် အစိမ်းရောင်၊ အဝါရောင်မီးများ ပါရှိ။ အားသွင်း၍ အသုံးပြုရခြင်းဖြစ်။ တရုတ်နိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းရေး ၄,၀၀၀ ကျပ်ဖြစ်။

NUSHI SENSOR Alarm

NUSHI အမှတ်တံဆိပ် NS-792SC မော်ဒယ်လ်အမျိုးအစား SENSOR Alarm ဖြစ်။ အရိပ်ဖြတ်သန်းသည့်အခါ အသံမြည်ပေး။ နံရံတွင်ချိတ်ဆွဲအသုံးပြုနိုင်ပြီး AA ဓာတ်ခဲလေးလုံးဖြင့် အသုံးပြုရ။ 6 Volt Adaptor ဖြင့်လည်း အသုံးပြုနိုင်။ စင်ကာပူထုတ်ပစ္စည်းဖြစ်ပြီး ရောင်းရေး ၁၂,၀၀၀ ကျပ်ဖြစ်။

LASER & LED Light

62 မော်ဒယ်လ်အမျိုးအစား LASER & LED Light ဖြစ်။ LED ဓာတ်မီး ပါရှိသလို အနီရောင်လေဆာမီးလည်း ပါရှိ။ AG-13 ဓာတ်ခဲဖြင့် အသုံးပြုရ။ သွားဆေးရုံဝန်၊ နားဆေးရုံဝန်များ အသုံးပြုရန်သင့်လျော်။ နံရံတွင်ချိတ်ဆွဲ၍လည်း စက်ကြည့်မီးအဖြစ်လည်းအသုံးပြုနိုင်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂,၂၀၀ ကျပ်ဖြစ်။

Palito Travel Speaker

Palito အမှတ်တံဆိပ် SP-70 မော်ဒယ်လ်အမျိုးအစား ခရီးဆောင် Speaker ဖြစ်။ MP3, MP4, Walkman တို့ဖြင့် တွဲဖက်အသုံးပြုနိုင်။ AA ဓာတ်ခဲလေးလုံးဖြင့် အသုံးပြုရခြင်းဖြစ်။ Speaker ကို ခေါက်သိမ်း၍လည်းရ။ စင်ကာပူနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၉,၀၀၀ ကျပ်ဖြစ်။

Emergency Alarm

အိမ်တံခါးတွင်တပ်ဆင်အသုံးပြုရသော Emergency Alarm ဖြစ်။ တံခါးပွင့်သွားသည့်အခါ အသံမြည်။ Emergency Alarm တွင်ပါရှိသော ဂဏန်းများကို မိမိနှစ်သက်ရာနံပါတ်ပေးထားခြင်းဖြင့်တံခါးပိတ်ပေးသည့်စနစ်အပြင် အလိုအလျောက်ပိတ်ပေးသည့်စနစ်လည်းပါရှိ။ 9 Volt Battery ဖြင့် အသုံးပြုရခြင်းဖြစ်။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၉,၀၀၀ ကျပ်ဖြစ်။

PHILIPS Coffee Maker

PHILIPS အမှတ်တံဆိပ် HD-7502 မော်ဒယ်လ်အမျိုးအစား Coffee Maker ဖြစ်။ ရေနွေးနှင့်ကော်ဖီမှုန့်ထည့်ရန်ခွက်များပါရှိပြီး ကော်ဖီမှုန့်စစ်ရန်အတွက်လည်း ဆန်ခါပါရှိ။ ရေနွေးကိုခွက်ကြီး ၁၀ ခွက်နှင့် ခွက်သေးဆိုလျှင် ၁၅ ခွက်အထိအသုံးပြုနိုင်။ Watt-1000 အားရှိ။ လျှပ်စစ်ကွိုင်ပါရှိသောကြောင့် အချိန်မရွေး ကော်ဖီကို နွေးရ၍ ပိုလန်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆၅,၀၀၀ ကျပ်ဖြစ်။

Panasonic Jar Cooker

Panasonic အမှတ်တံဆိပ် SRYP-10 မော်ဒယ်လ်အမျိုးအစားထမင်းပေါင်းအိုးဖြစ်။ နို့ဆီဘူးသုံးလုံးချက်ပြုတ်နိုင်ပြီး ၂၄ နာရီနွေးထားပေးနိုင်။ ဆန်ပြုတ်၊ ဘူတ်ပြုတ်များလည်းချက်ပြုတ်နိုင်။ Timer ပေးချိန်လည်း ထမင်းချက်နိုင်။ Non-Stick ပါရှိပြီး Walt အား ၄၅၀ ဖြစ်။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၇၈,၀၀၀ ကျပ်ဖြစ်။

PHILIPS Toaster

PHILIPS အမှတ်တံဆိပ် HD-2623 မော်ဒယ်လ်အမျိုးအစားပေါင်မုန့်မီးကင်စက်ဖြစ်။ ပေါင်မုန့်ကိုကင်၍ရသလို နွေးထားပေးလည်းရ။ အပူဓာတ်အနည်းအများချိန်ရပြီး အလိုအလျောက်တက်သည့် စနစ်ပါရှိ။ Walt 1000 ရှိပြီး ပေါင်မုန့်နှစ်ချပ်ကို မီးကင်နိုင်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၅,၀၀၀ ကျပ်ဖြစ်။

KHIND (Mistral) Portable Fan

KHIND (Mistral) အမှတ်တံဆိပ် MFD-1723 မော်ဒယ်လ်အမျိုးအစား စားပွဲတင်ပန်ကာဖြစ်။ အနေးအမြန်နှစ်ဆင့်ပါရှိပြီး လေးနာရီ Timer ပေးထားနိုင်။ Walt-35 ဖြစ်ပြီး အာမခံတစ်နှစ်သတ်မှတ်ထား။ မလေးရှားနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၅,၀၀၀ ကျပ် ဖြစ်။

T-Home Air Cooler

T-Home အမှတ်တံဆိပ် THACSO90 JK မော်ဒယ်လ် အမျိုးအစား Air Cooler ဖြစ်။ ပန်ကာအနေးအမြန်သုံးဆင့်ပါရှိပြီး ခုနစ်နာရီကြာသည်အထိ Timer ပေးထားနိုင်။ ခေါင်းလည်သည့်စနစ် ပါရှိ။ Evaporator ပါရှိ၍ ရေတင်နိုင်သောကြောင့် သဘာဝလေအေးကိုရရှိနိုင်။ ရေခဲခြောက်ထည့်ရန်အတွက်လည်းဘူးနှစ်ဘူးပါရှိ။ Walt-65 ဖြစ်။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၂,၅၀၀ ကျပ် ဖြစ်။

HANABISH အသားကင်စက်

HANABISH အမှတ်တံဆိပ် HSG 2000 မော်ဒယ်လ် အမျိုးအစား အသားကင်စက်ဖြစ်။ သံကိုယ်ထည်ဖြင့်ပြုလုပ်ထားပြီး တစ်ခုချင်းစီဖြုတ်၍ ဆေးကြောပေးနိုင်။ အပူချိန်နည်းအများကိုချိန်ညှိ၍ရ။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းရေး ၄၁,၀၀၀ ကျပ်ဖြစ်။

Panasonic အပူအအေးရေချိုးစက်

Panasonic အမှတ်တံဆိပ် DH-3BS 2W မော်ဒယ်လ်အမျိုးအစား အပူအအေး ရေချိုးစက်ဖြစ်။ အညစ်အကြေးအမှုန်အမွှားများအား စစ်ယူထားနိုင်ရုံ ရေစစ်ဆန်ခါ ပါရှိ၊ လေပူဖောင်းရေတွန်းအားဖြင့် ရေဖျန်းပေးသည့်စနစ်ပါရှိခြင်းကြောင့် အညောင်းအညာကိုဖြေလျှော့ပေးနိုင်။ အပူပေးစနစ်ကို စက်မှ အလိုအလျောက်ဖြတ်တောက်ပေးခြင်းကြောင့် ရေအပူချိန်မြင့်မားမှု အပူလောင်ခြင်းကိုတားဆီးပေးနိုင်။ အာမခံသက်တမ်းတစ်နှစ်သတ်မှတ်ထား။ မလေးရှားနိုင်ငံထုတ်ပစ္စည်းဖြစ် ရောင်းရေး ၁၉၀,၀၀၀ ကျပ်ဖြစ်။

ASUS Eee BOX

စက်ခွမ်းအင်သုံးခွဲမှုထိရောက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေသည့် အသေးငယ်ဆုံး System Unit ဖြစ်။ မည်သည့် LCD Monitor နှင့်မဆို တပ်ဆင်အသုံးပြုနိုင်ပြီး မြန်နှုန်းမြင့်ဆက်သွယ်ရေးစနစ်ပါရှိကာ အသံဆူညံမှုနည်းပါးဟု ဆို။ Intel Aton N 270 CPU နှင့် Intel Chipset တို့ကို အသုံးပြုထားပြီး Memory 1GB နှင့် Storage Device 80 GB HDD သိမ်းဆည်းထားနိုင်။ အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်ရန် WiFi 802.11b/g နှင့် LAN ချိတ်ဆက်နိုင်ရန် Gbt. LAN စနစ်ပါရှိကာ USB Slots လေးခုပါရှိ။ ASUS အမှတ်တံဆိပ် တခုတ် (တိုင်ဝမ်) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး 355 US$ ဖြစ်။

ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို ရန်ကုန်ပြို့ စည်ားဒလလမ်း ဒေါအေး အဆင့်မြင့်လျှပ်စစ်ပစ္စည်း၊ ပြည်လမ်း စိန်ဂေဟာဆိုပါစင်တာနှင့် ဗဟာဇွန်လေပန်းမြို့ လမ်း Technoland Computer Co.,Ltd. တို့မှ ရယူထားပါသည်။

အယ်ဒီတာ

စျေးဝယ်လမ်းညွှန်

မြေနီကုန်းမှာ ကော်ဖီသောက်ရအောင်

စားသောက်ဖွယ်ရာဆိုင်တွေပေါများလှတဲ့ မြေနီကုန်းမှာ မယုံကြည်နိုင်လောက်အောင် စျေးနှုန်းသက်သာလှပြီး ဆိုင်အပြင်အဆင်အခင်းအကျင်း သပ်ရပ်ဆန်းသစ်ကာ ကျယ်ကျယ်ဝန်းဝန်းရှိတဲ့ ကော်ဖီနဲ့ Snack ဆိုင်တစ်ခုကို လမ်းညွှန်လိုပါတယ်။ Central Air Condition စနစ်နဲ့လေအေးပေးစက်တပ်ဆင်ထားတဲ့ အဲဒီကော်ဖီဆိုင်ကလေးရဲ့ နေအိမ်ဧည့်ခန်းသဖွယ် ခင်းကျင်းစီစဉ်ထားရှိတဲ့ စားပွဲကုလားထိုင်တွေမှာ အေးအေးဆေးဆေးစကားလက်ဆုံကျရင်း ကော်ဖီနဲ့စားသောက်ဖွယ်ရာတွေ မှာယူစားသောက်နိုင်ပါတယ်။ Cappuccino, Expresso, Expresso Con Panna, Cafe Americano, Cafe Latte, Coffee No Break, Tea No Break, Vita Tea, Jasmine Tea စတဲ့ ကော်ဖီနဲ့ လက်ဖက်ရည်အမျိုးမျိုး၊ Hot Milk, Hot Chocolate, Hot Mocha, Hazeinut, Caramel Latte, Mocha Mint Latte စတဲ့ Hot Drink အမျိုးမျိုး၊ Cold Drink အမျိုးမျိုး၊ သစ်သီးဖျော်ရည် (Juice) အမျိုးမျိုး၊ Milk Shake နဲ့ Smooties အမျိုးမျိုး၊ Ice-Cream အမျိုးမျိုး၊ ပေါင်မုန့်၊ ကိတ်မုန့်နဲ့ တခြားစားသောက်ဖွယ်ရာမုန့်အမျိုးမျိုးတို့ကို မှာယူသုံးဆောင်နိုင်ပါတယ်။ ထူးခြားတာက Cappuccino တစ်ခွက် ၁၀၀၀ ကျပ်သာကျသင့်ပြီး ကျန်ကော်ဖီ တွေလည်း စျေးနှုန်းချိုသာနေတာပါပဲ။ မိသားစုနဲ့ဖြစ်စေ၊ အပေါင်းအသင်းမိတ်ဆွေတွေနဲ့ဖြစ်စေ၊ သူငယ်ချင်းတွေနဲ့ဖြစ်စေ၊ ချစ်သူမောင်နှံပဲဖြစ်စေ အေးအေးဆေးဆေး စကားလက်ဆုံကျရင်း ဝန်ဆောင်မှုကောင်းမွန်ပြီး စျေးနှုန်းချိုသာတဲ့ကော်ဖီနဲ့စားသောက်ဖွယ်ရာတွေကို သုံးဆောင်နိုင်အောင် လမ်းညွှန်လိုက်ရခြင်းပါ။

လိပ်စာ – Mya Sabei Classic Bakery
အမှတ်– ၁၆၆/ B၊
အနောက်မြေနီကုန်းလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၇၈၅၀

မသန်စွမ်းသူများအတွက် ကျပန်နည်းပညာ စက်ချုပ်နှင့် ဆံသင်တန်း

မသန်စွမ်းသူများအတွက် ကျပန်နည်းပညာစက်ချုပ်နှင့် ဆံသအလှပြင်သင်တန်းကို AARက တစ်နှစ်မှာ သုံးကြိမ် ခေါ်ယူသင်ကြားပေးလျက်ရှိတယ်လို့ အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း AAR (Japan) မှ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ဒေါ်ယုယသူရဲ့အဆိုအရ သိရပါတယ်။

သင်တန်းအပတ်စဉ်တစ်ခုကို သုံးလခွဲကြာမြင့်မှာဖြစ်ပြီး တစ်နှစ်ပတ်လုံး သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ နယ်ကတက်ရောက်လိုတဲ့ သင်တန်းသားတွေအတွက် ဖုန်းနဲ့ဆက်သွယ်လာရင် လျှောက်လွှာပုံစံတွေကို စာတိုက်မှတစ်ဆင့် ပို့ပေးနိုင်တယ်လို့ သိရပါတယ်။

သင်တန်းသားရွေးချယ်ရာမှာ အသက် ၁၅ နှစ်မှ ၄၀ နှစ်အတွင်း ရှိရမှာဖြစ်ပြီး ဆံသသင်တန်းအတွက် စာရေးတတ်၊ ဖတ်တတ်သူနဲ့ ကျပန်နည်းပညာစက်ချုပ်သင်တန်းအတွက် သချိၤာအခြေခံနားလည်သူတွေကို ရွေးချယ်မှာဖြစ်ပြီး သင်တန်းသားတွေနေထိုင်ဖို့ အဆောင်စီစဉ်ပေးမယ်လို့ သိရပါတယ်။

သင်တန်းတစ်ခုစီတိုင်းမှာ သင်တန်းသားတိုင်းကို စာတွေ့လက်တွေ့လေ့ကျင့်ခန်းတွေနဲ့ စီးပွားရေးဆိုင်ရာကျွမ်းကျင်မှုနည်းပညာတွေကိုလည်း သင်ကြားပေးတာ တွေ့ရတဲ့အပြင် သင်တန်းပြီးဆုံးတဲ့အခါ ကိုယ်ပိုင်လုပ်ငန်းအဖြစ် ရပ်တည်နိုင်ဖို့ စက်ချုပ်သင်တန်းမှာ ပုံစံ ၁၂ မျိုး၊ ဆံသအလှပြင်သင်တန်းမှာ ဆံပင်ညှပ်ခြင်း၊ ဖြောင့်ခြင်း၊ ကောက်ခြင်း၊ အလှပြင်ပေးခြင်း စတာတွေအပြင် ကျပန်စကားပြော၊ အင်္ဂလိပ်စကားပြော၊ ခေါင်းဆောင်မှုသင်တန်းများအတွက် နံနက်ခင်းစကားပြော စတာမျိုးတွေကိုပါ နေ့စဉ်ပြုလုပ်ပေးတယ်လို့ အဆိုပါသင်တန်းထံက သိရပါတယ်။

လှည်းတန်းက ဈေးနှုန်းအသက်သာဆုံး အင်တာနက်ကဖီး

အင်တာနက်ကဖီးတွေပေါများလှတဲ့ ကမာရွတ်မြို့နယ် လှည်းတန်းတစ်ဝိုက်မှာ အင်တာနက်အသုံးပြုလိုသူများအတွက် ဈေးနှုန်းအသက်သာဆုံး အင်တာနက်ကဖီးဆိုင်တစ်ဆိုင်ကို လမ်းညွှန်ပါရစေ။ လျှပ်စစ်မီးလာသည်ဖြစ်စေ၊ မီးမလာဘဲ မီးစက်နဲ့ဖြစ်စေ တစ်နာရီအသုံးပြုခ ၃၀၀ ကျပ်သာရယူတယ်လို့ ဆိုပါတယ်။ ၁၇ လက်မ LCD IBM Monitor တပ်ဆင်ထားတဲ့ကွန်ပျူတာများနဲ့ ADSL အင်တာနက်ကိုသာမက Network ဂိမ်းပါ ကစားနိုင်ပြီး သီးသန့်ခန်းပါရှိပါတယ်။ အင်တာနက်အသုံးပြုရင်း အဆာပြေ ကော်ဖီ၊ အအေးနဲ့ ခေါက်ဆွဲပြုတ်တွေကို မှာယူသုံးဆောင်နိုင်မှာပါတယ်။ Member ဝင်ထားရင်တော့ ၁၀ နာရီစာ Member Card ကို ၂၅၀၀ ကျပ်နဲ့ နာရီ ၂၀ အသုံးပြုလိုသူများအတွက် ၅၀၀၀ ကျပ်သာကျသင့်တယ်လို့ သိရပါတယ်။ အထူးအစီအစဉ်အနေနဲ့ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက် ခရစ္စမတ်နေ့ကနေ ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိ အင်တာနက်လာရောက်အသုံးပြုသူများကို Special Borus ၂ နာရီ အခမဲ့အသုံးပြုခွင့်ပေးထားတယ်လို့ ဆိုပါတယ်။

လိပ်စာ – Silver Moon Cyber Cafe
အမှတ်– ၂၂/B၊
စံရိပ်ငြိမ် (၃)လမ်း၊
လှည်းတန်း၊
ကမာရွတ်မြို့နယ်၊
ရန်ကုန်။
ဖုန်း–၅၀၂၆၁၀
E-mail:tommyzerith@gmail.com

ပြောင်းလဲပြေးဆွဲလျက်ရှိတဲ့ မီးရထားအချိန်များ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားရဲ့ ရထားလမ်းပိုင်းတွေမှာ ဒီဇင်ဘာလ ၁ ရက်နေ့မှစပြီး ပြောင်းလဲပြေးဆွဲလျက်ရှိတဲ့ ရထားအချိန်စာရင်းတွေကို ဖော်ပြပေးလိုက်ပါတယ်။ အဲဒီရထားလမ်းပိုင်းတွေမှာ ရန်ကုန်မြို့တော်နဲ့ နေပြည်တော် ပျဉ်းမနားမှ ထွက်ခွာမယ့်ရထားချိန်တွေနဲ့ နိုဝင်ဘာလ ၃၀ ရက်နေ့မှာ ဖွင့်လှစ်လိုက်တဲ့ ပျော်ဘွယ်–ဘုရားငါးဆူလမ်းပိုင်းနဲ့ သက်ဆိုင်တဲ့ ရထားအချိန်တွေပါဝင်ပါတယ်။

စဉ်	ရထားအမှတ်	ထွက်ခွာသည့်မြို့	ထွက်ခွာချိန်	ရောက်ရှိသည့်မြို့	ဆိုက်ရောက်ချိန်
၁။	အမှတ်(၇) အဆန်	ရန်ကုန်မြို့	နံနက် ၁၁း၀၀	နေပြည်တော်ပျဉ်းမနား	ည ၇း၄၅
၂။	အမှတ်(၂၉) အဆန်	ရန်ကုန်မြို့	မွန်းလွဲ ၁၂း၁၅	နေပြည်တော်ပျဉ်းမနား	နံနက် ၄း၀၀
၃။	အမှတ်(၉) အဆန်	ရန်ကုန်မြို့	နံနက် ၈း၀၀	နေပြည်တော်ပျဉ်းမနား	ည ၉း၀၀
၄။	အမှတ်(၂၅) အဆန်	နေပြည်တော်ပျဉ်းမနား	ည ၉း၃၀	မန္တလေး	နံနက် ၅း၃၀
၅။	အမှတ်(၁) အဆန်	ရန်ကုန်မြို့	ယခင်အချိန်အတိုင်း	မန္တလေး	နံနက် ၆း၁၀
၆။	အမှတ်(၁၀) အစုန်	နေပြည်တော်ပျဉ်းမနား	နံနက် ၄း၃၀	ရန်ကုန်	ညနေ ၅း၄၅
၇။	အမှတ်(၁၄၇) အဆန်	နေပြည်တော်ပျဉ်းမနား	ည ၁၀း၃၀	လွိုင်ကော်	ည ၈း၁၅
၈။	အမှတ်(၁၄၁) အဆန်	နေပြည်တော်ပျဉ်းမနား	ည ၁၁း၀၀	ရွှေညောင်	မွန်းလွဲ ၁း၃၅
၉။	အမှတ်(၁၄၂) အစုန်	ရွှေညောင်	နံနက် ၁၁း၃၀	နေပြည်တော်ပျဉ်းမနား	နံနက် ၃း၀၀
၁၀။	အမှတ်(၁၄၈) အစုန်	လွိုင်ကော်	နံနက် ၅း၄၅	နေပြည်တော်ပျဉ်းမနား	နံနက် ၃း၃၀
၁၁။	အမှတ်(၁၄၃) အဆန်	သာစည်	နံနက် ၅း၀၀	ရပ်စောက်	ည ၇း၁၅
၁၂။	အမှတ်(၁၄၄) အစုန်	ရပ်စောက်	နံနက် ၅း၃၀	သာစည်	ည ၈း၄၅

စင်ကာပူနိုင်ငံမှာ ကုမ္ပဏီတည်ထောင်လိုပါက

မြန်မာနိုင်ငံသားတွေအနေနဲ့ စင်ကာပူနိုင်ငံမှာ ကုမ္ပဏီတည်ထောင်လိုပါက ဝန်ဆောင်မှုပေးနေတဲ့ကုမ္ပဏီတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ မိမိတို့ရွေးချယ်ထားတဲ့ကုမ္ပဏီအမည်၊ လုပ်ငန်းအမျိုးအစားနဲ့ကို ရန်ကုန်ရုံးမှာ ညှိနှိုင်းရွေးချယ်ပြီး ကုမ္ပဏီနာမည်ကျပြီးမှ စင်ကာပူကိုသွားပြီး ဘဏ်စာရင်းဖွင့်ရမှာဖြစ်လို့ အလွန်ဆုံး အချိန် နှစ်ရက်ပဲကြာမြင့်မယ်လို့ဆိုပါတယ်။ ဘဏ်စာရင်းဖွင့်ရာမှာလည်း ပါဝင်မယ့် ဒါရိုက်တာစာရင်း ကြိုတင်ပေးပြီးစာရင်းဖွင့်ခွင့်ရနိုင်၊ မရနိုင် ကြိုတင်ညှိနှိုင်းစုံစမ်းမှုများပြုလုပ်ပေးပါတယ်။ ကုမ္ပဏီတည်ထောင်ပြီးရင် နောက်ဆက်တွဲဖြစ်တဲ့ ကုမ္ပဏီစာရွက်စာတမ်းကိစ္စများ၊ စာရင်းနဲ့ အခွန်ကိစ္စတွေကို ဆက်လက်အကြံပေးဆောင်ရွက်ပေးတဲ့အပြင် EP လျှောက်ခြင်း၊ PR လျှောက်ခြင်းနဲ့ စင်ကာပူအစိုးရထံမှ ရရှိနိုင်မယ့် အကျိုးခံစားခွင့်များလုပ်ဆောင်ပေးခြင်းတို့ကိုပါ ဝန်ဆောင်မှုပေးပါတယ်။ လိုအပ်တဲ့အချက်အလက်တွေကို ရန်ကုန်ရုံးမှာ စုံစမ်းမေးမြန်းနိုင်တဲ့အတွက် အချိန်ကုန်သက်သာမှာ ဖြစ်ပါတယ်။

ရန်ကုန်လိပ်စာ

အမှတ် 30-B၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၅၃၆၅၁၁

စင်ကာပူလိပ်စာ

111 North Bridge Road # 16-05 A Peninsula Plaza
Singapore 179098
ph: 63369912, Fax: 63362725

နယ်ထွက်ငရုတ်သီးမှုန့်စစ်စစ်လိုချင်ရင်

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ်ကထွက်ရှိတဲ့ ငရုတ်သီးတွေကို စုဆောင်းနေလှန်း၊ အညှာခွေပြီး ကြိတ်ထားတဲ့ ငရုတ်သီးမှုန့်တွေဖြစ်တဲ့အပြင် ဆိုးဆေးနဲ့ အရောအနှောမပါတဲ့ ငရုတ်သီးမှုန့် စစ်စစ်ဖြစ်တယ်လို့ဆိုထားပါတယ်။ Super Market အတော်များများမှာလည်း ဝယ်ယူရရှိနိုင်ပြီလို့ သိရပါတယ်။

သန့်သန့်လေး ငရုတ်သီးမှုန့်

အမှတ်–၇၄၊ မြေညီထပ်၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၅၃၃၃၆၆၊ ၀၄၆–၅၆၃၀၁၊ ၀၄၆–၅၆၃၀၂

နေရာပြောင်း၊ လိပ်စာသစ်

- **Excellent Creation Co., Ltd.**
  အမှတ်–၁၆၂/၁၆၄၊ ပန်းဆိုးတန်းလမ်း(အလယ်)၊
  Wai Yan Electronics၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **ရွှေပန်းတိုင် ထရေးဒင်းကုမ္ပဏီလီမိတက်ရုံးချုပ်**
  Healthy Shop (Paris) အရောင်းပြခန်း
  အမှတ်–၅၉–၆၀၊ ဗဟိုရံစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **Myanmar Consolidated Media Ltd. (မန္တလေးရုံးခွဲ)**
  အမှတ်–၁၈၀၊ ၇၄ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊
  မောရဂီဝါရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။

လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **Acer Notebook Showroom and Service Centre**
  ကမ်းနားလမ်းနှင့် လမ်းသစ်လမ်းထောင့်၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **အလှသစ် ဒီဂျစ်တယ်ဓာတ်ပုံဆိုင်သစ်**
  အမှတ်–၈၇၈၊ မြေညီထပ်၊ လယ်ယာရွှေမြေလမ်း၊
  မေတ္တာညွှန့်ရုပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **Kanebo အလှကုန်ကောင်တာသစ်**
  ပထမထပ်၊ Capital Hyper Market မင်းနန္ဒာလမ်း၊
  ဒေါပုံမြို့နယ်၊ ရန်ကုန်။
- **My Way Beauty Spa**
  Building (A) Rm# G-02, Diamond Condo၊ ပြည်လမ်း၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **Solo Men Collections Show Room**
  (ခင်ပြုံးမွန်အင်ဒိုနီးရှားပါတိတ်၊ Grand Solo ပါတိတ်)
  တိုက်–၁၂၊ အခန်း ၂/၄၊ မြေညီထပ်၊ နှင်းဆီလမ်း၊
  မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။
- **မြင့်မိုရ်နန်းမိုတယ်**
  အမှတ်–၃၃၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း (၃) ရပ်ကွက်၊
  နေပြည်တော်၊ ပျဉ်းမနား။ ဖုန်း–၀၆၇–၂၃၉၉၀၊
  Fax –၀၆၇–၂၃၁၇၁
- **Mr.Fone Telecom Centre**
  အမှတ်–၂၁၂၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဆက်သွယ်ရေးရုံးရှေ့၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၈၂၂၈၊ ၀၉–၅၁၆၀၃၇၂
- **Moon Light Beauty Spa**
  အမှတ်–၇၅၂၊ မဟာဗန္ဓုလလမ်းနှင့် ၁၆ လမ်းထိပ်၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်–၀၉–၈၆၀၃၉၉၉၊ ၂၁၆၆၇၁၊ ၂၁၆၆၇၂
- **အဆိုသီးသန့်သင်တန်း**
  (စတီရီယိုတေးသံရှင်နော်လီစာ)
  အမှတ်–၈၉၉၊ ကျောင်းလမ်း၊ ၁၀ မိုင်၊ စော်ဘွားကြီးကုန်း၊
  အင်းစိန်မြို့နယ်၊ ရန်ကုန်။
- **Shoe Gallery (၂၄) ဆိုင်ခွဲသစ်**
  စိန်ဂေဟာ၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **Emperor Chemical ရေမွှေးနှင့် အနံ့အရသာအမျိုးမျိုး ဖြန့်ချိရေး**
  (White Jasmine Co.,Ltd.)
  အမှတ်–၈၉၊ ၂၈ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၃၉၄၀၊ ဖက်စ်–၃၈၇၉၉၇
- **Serene Travels and Tours Co., Ltd.**
  အမှတ်–၆၉၊ အခန်း–၉၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **သံသုမာအလှပြင်ခန်းမ**
  အမှတ်–၈၆၄၊ သံသုမာလမ်းမကြီး၊
  တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
- **ရွှေနန်းတော်ဝင်ဖက်ရှင်**
  အမှတ်–၂၁/ SR ၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

❑ **City Mobile Service Centre**
အမှတ်–၉၂၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၂၅၆၄၉၊ ၀၉–၅၀၆၆၀၀၁

❑ **မြန်မာ့ဂုဏ်ရောင်အဆင့်မြင့်ဧည့်ရိပ်သာ**
အမှတ်–၄၆၊ ဗဟိုလမ်းနှင့် မင်းလမ်းထောင့်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၂၂၉၅၊ ၀၉–၅၀၀၃၂၈၈၊ ၀၉–၈၀၂၁၀၇၄

❑ **Com Internet & Game Centre**
Food & Drink
အမှတ်–၁၀၁၊ လသာလမ်း (အထက်)၊ လသာမြို့နယ်၊
ရန်ကုန်။ ဖုန်း–၃၈၁၈၈၃၊ ၃၉၅၇၄၂၊ ၂၅၀၈၅၄
E-mail:cominternet@cybertech.net.mm

ရှမ်းထွက်ကုန်စားစရာ

လက်ဖက်ခြောက်၊ လက်ဖက်အစိုအပါအဝင် ရှမ်းပြည်နယ်ထွက်ကုန်စားစရာအမျိုးမျိုး လက်လီလက်ကားရောင်းချပေးနေတဲ့နေရာတစ်ခုကို လမ်းညွှန်လိုပါတယ်။ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ထားတဲ့ ပင်းတယဒေသထွက်လက်ဖက်ခြောက်တွေကို အမြင့်၊ အလတ်၊ အနိမ့် သုံးမျိုးခွဲပြီး ဖြန့်ဖြူးရောင်းချတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အာလူးခြောက်၊ ကောက်ညှင်းခွက်၊ တို့ဟူးခြောက်နဲ့ ဂျူးပဲပုပ်တို့ကိုလည်းရနိုင်တယ်လို့ ဆိုပါတယ်။ ဒီစားသောက်ကုန်တွေကိုတစ်ဆင့်ယူပြီး ပြန်လည်ရောင်းချလိုရင်လည်း ရန်ကုန်မြို့တွင်းရော နယ်ဝေးကပါ ဆက်သွယ်လုပ်ကိုင်နိုင်တယ်လို့ သိရပါတယ်။

တောင်တန်းနီ လက်ဖက်ခြောက်၊ လက်ဖက်စိုနှင့် ရှမ်းပြည်နယ်ထွက်ကုန်အမျိုးမျိုး
FMI City
ပိတောက်ဝါ (၈) လမ်း၊ အမှတ် C-၅၄၊ ဖုန်း–၆၈၁၂၆၆၊
၀၉–၅၂၁၄၁၉၄

စားသောက်ဆိုင်သစ်

❑ **Western Park Ruby Restaurant**
(ယခင် Western Park (2))
သခင်မြပန်းခြံအနီး၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။

❑ **Night Star Restaurant**
(ယခင် Relax)
အခွန်လွတ်ဈေးအနီး၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်။

❑ **MIKA DO Japanese Curry & Restaurant**
အမှတ်–၃၄၁၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း(အထက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

❑ **Mya Sabei**
Classic Bakery
အမှတ်–၁၆၆ (B)၊ အနောက်မြေနီကုန်းလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၇၈၅၀

ရန်ကုန်နဲ့ မန္တလေးမြို့တော်က စိန်ရတနာဆိုင်အချို့

'ပိုက်ဆံသာရှိလို့ကတော့ တစ်ကိုယ်လုံးကို စိန်စီပစ်လိုက်မယ်' ဆိုတဲ့ စိန်ဆိုင်ကြော်ငြာ၊ 'စိန်နားကပ်အရောင်ကြောင့် ပါးပြောင်တယ်' ဆိုတဲ့ စကားစုတွေဟာ စိန်ဆိုတဲ့ မာခြင်းအဆင့် ၁၀ ရှိတဲ့ သတ္တုတစ်မျိုးပေါ်မှီတည်ပြီး ကြားရဖူးတဲ့စကားတွေပါ။ တန်ဖိုးအနည်းအများနဲ့ ပုံစံဒီဇိုင်းအမျိုးမျိုးပေါ်မူတည်ပြီး စိန်ဆိုတဲ့ လက်ဝတ်ရတနာကို ပုလဲ၊ ရွှေ၊ ပလက်တီနမ် စတာတွေနဲ့ အလှဆင်ဝတ်ကြလေ့ရှိတာတွေ တွေ့ရပါတယ်။ ကိုယ်သုံးနိုင်မယ့်ငွေပမာဏာကိုလိုက်လို့ စိန်ကို နေရာအမျိုးမျိုး၊ ရောင်းသူအမျိုးမျိုးထံမှ ဝယ်ယူလို့ရတတ်ပါတယ်။ တချို့က စိန်အကြွေဝယ်ပြီး ပန်းထိမ်မှာအပ်တာ၊ တချို့က ဝတ်ပြီးသား၊ လုပ်ပြီးသားကို ပြန်ဝယ်၊ တချို့က ဒီဇိုင်းအသစ်ထွက်တိုင်း စိန်ကို ကြိုက်လွန်းလို့ ဝယ်ယူဝတ်ဆင်ကြတာ၊ တချို့က ကိုယ့်ရဲ့ပတ်ဝန်းကျင်နဲ့လိုက်အောင် ဝယ်ယူပြရတာ၊ တချို့က လက်ဆောင်သက်သက်ပေးချင်လို့ နာမည်ကျော်စိန်ဆိုင်တွေကမှ ဝယ်ယူချင်တာ စသဖြင့်တော့ အမျိုးမျိုးကွဲပြားနိုင်ပါတယ်။

စိန်ဆိုတာမျိုးက ရွှေထက်စာရင် ချက်ချင်းရောင်းရမလွယ်တာ၊ တချို့ဆိုင်တွေက ကိုယ်ကဝယ်ပြီး သွားပြန်ရောင်းရင် အနည်းငယ်ကြာလင့်တတ်တာ၊ တချို့က အကြောင်းကြောင်းကြောင့် ရောင်းရခက်တတ်တာမျိုးလည်း စိန်ဈေးကွက်ထဲက ကြားရဖူးတာကြောင့် စုံစမ်းစဉ်းစားပြီးမှ ဝယ်ယူသင့်ပါတယ်။ ဝတ်ဆင်ရုံသက်သက်ဝယ်ယူလိုသူတွေအတွက်တော့ အာရုံညောင်းအောင် စဉ်းစားဖို့မလိုဘဲ ဒီဇိုင်းကြိုက်ရင်၊ အရည်အသွေးကြိုက်ရင် ဝယ်ယူဝတ်ဆင်လိုက်ရုံပါပဲ။ ဝယ်ချင်လို့ပဲဖြစ်ဖြစ် လေ့လာကြည့်ရှုလိုလို့ပဲဖြစ်ဖြစ် အဆင်ပြေလွယ်ကူအောင်လို့ ဈေးကွက်ထဲမှာ ကြော်ငြာတာ အတွေ့ရများတဲ့စိန်ဆိုင်တချို့ကို လိပ်စာနဲ့ ဖုန်းနံပါတ်တွေကိုပါ တစ်ပါတည်း စုစည်းဖော်ပြပေးလိုက်ပါတယ်။

လိပ်စာ–

- **The Rich Gems**
  အမှတ်–၃၀၃၊ ဦးဝိစာရလမ်း၊
  ဦးဝိစာရလမ်းနှင့် မဝိုလမ်းထောင့်၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၃၆၂၇၂၊ ၅၀၀၀၆၀
- **Jasmine Phyu**
  အမှတ်–၅၆/ A၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၆၆၁၇၆၂
- **She Shines**
  တိုက်–B၊ အခန်းအမှတ်–၀၅/ ၀၆၊
  တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၈၈၃၂
- **Thaik Diamond Shop**
  အမှတ်–၄၅၊ အတွင်းမျက်နှာစာတန်း၊
  ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၀၉၆၆ လိုင်းခွဲ–၈၀၆
- **Pwint Phyu**
  အမှတ်–၅၁၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊
  အတွင်းမျက်နှာစာတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၂၆၆၁၁
- **စိန်ကေရာဇ်**
  အမှတ်–၁၂၁၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **Paris Jewellery**
  အမှတ်–၃၈၆၊ ၈၂ လမ်း၊ ၃၁ × ၃၂ လမ်းကြား၊ မန္တလေး
  ဖုန်း–၀၂–၃၈၃၇၈၊ ၀၉–၉၀၆၀၄၅၈
- **Win & San Diamond Showroom**
  အမှတ်–၃၆/ C၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၂၉၇၇၊ ၅၀၄၆၆၉၈၊ ၀၉–၅၀၀၆၆၈၃၊
  ၀၉–၅၀၀၆၆၈၅၅၊ ၀၉–၅၀၆၂၇၇၃၊ ၀၉–၉၉၂၂၁၄၉
  E-mail: winandsan@bagan.net.mm
- **ပုလဲကေရီ စိန်ပုလဲရတနာ**
  – အမှတ်–၁၇၆၊ အရှေ့ဘက်တန်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၄၀၃၂
  – အမှတ်–၆၇၊ အလယ်ဗဟိုရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၀၉၆၆ လိုင်းခွဲ–၃၈၂
  E-mail: tiamontpearl@mptmail.net.mm
- **Elegant Gems**
  အမှတ်–၄၈၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၅၆၀၀၉၊ ၅၄၆၇၆၄ ဖက်စ်–၅၄၆၀၄၂
  E-mail: elegantgems@baganmail.net.mm
  www. elegant-gems.com
- **MK GEMS**
  Jewellery Souvenir & Handicraft
  – အမှတ်–၅၀၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၃၈၆၄၃၊ ၅၀၇၃၈၂၊ ဖက်စ်–၅၀၇၀၉၄
  – စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်၊ ရန်ကင်းစင်တာ၊
  ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၅၀၆၈
  – ဒဂုံစင်တာ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၃၄၅၇၂၊ ၅၃၄၉၅၂
  E-mail:mkgems@yangon.net.mm
  www.mkgems.com

– အမှတ်–၁၀၁၊ ၈၃ လမ်း၊ ၂၂ လမ်း × ၂၃ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၆၅၇၄၉၉၊ ၀၂–၆၉၅၆၀

❑ **ရွှေဥ**

အမှတ်–၆၁၈၊ ၂၃ လမ်းနှင့် ဗိုလ်ချုပ်လမ်းကြား၊ ပေါ်တီကိုအောက်၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၁၇၅၊ ၇၀၄၇၁၇

❑ **May & Mark Gems**

– အမှတ်–၁၂၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၀၁၆၉၁ ဖက်စ်–၅၃၄၂၆၃
– လမ်း–၃၀၊ ၇၃ × ၇၄ လမ်းကြား၊ မန္တလေး။
ဖုန်း–၀၂–၆၆၀၃၈ ဖက်စ်–၅၃၄၂၆၃

❑ **Hallmark Gems & Jewellery**

အမှတ်–၆၂(A)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၆၅၅၄၈ ဖက်စ်–၆၅၀၆၈၉

❑ **Diamond Villa**

အမှတ်–၂၂(A)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၀၅၉၂၁

❑ **Add & Plus**

အမှတ်–၁၆/၂၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၇၉၀၇၊ ၅၀၃၃၇၅ Fax –၅၀၃၃၇၅

❑ **ကာတီးယားစိန်တိုက်**

– အမှတ်–၁၃၇၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၆၈၈၉၊ ၃၈၄၉၀၅၊ ၃၇၂၃၂၇၊
– အမှတ်–၅၂၊ အတွင်းမျက်နှာစာတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၃၃၀၈

❑ **အောင်သမာဓိ**

စိန်ရွှေရတနာဆိုင်နှင့် အဆင့် (၁)

အခေါက်ရွှေဈေးဝယ်ရေး

– ၈၉ လမ်း၊ ၂၁ လမ်း × ၂၂ လမ်းကြား၊ မန္တလေး။
ဖုန်း–၀၂–၃၉၇၃၀၊ ၇၁၇၄၄
– ၈၄ လမ်း၊ ၂၉ လမ်း × ၃၀လမ်းကြား၊ မန္တလေး။
ဖုန်း–၀၂–၆၆၇၈၅
– ၂၉ လမ်း (အောက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၉၉၂၂
– ၁၄ လမ်း၊ ၈၇ လမ်း × ၈၈ လမ်းကြား၊ မန္တလေး။
ဖုန်း–၀၂–၇၃၁၀၈

❑ **MOE GOKE Jewellery**

အမှတ်–(၄၉)၊ ၅၀၊ ၅၁၊ ၅၂)၊ ယုဇန D ရပ်ကွက်၊ တတိယထပ်၊ ဈေးချို၊ မန္တလေး။

နို့ခြောက်ဝယ်မယ်ဆို

အရသာဆိမ့်တာမျိုးကို ကြိုက်နှစ်သက်သူတွေအတွက် ဧဝရက် မြန်မာ့အစားအစာလုပ်ငန်းက ထုတ်လုပ်ထားတဲ့ နို့ခြောက်ကို လမ်းညွှန်လိုက်ပါတယ်။

နို့ခြောက်ကိုကြော်၍ စားသုံးနိုင်ပြီး အမျှင်ငယ်များပြုလုပ်လို့ ပွက်ပွက်ဆူနေတဲ့ နွားနို့မှာထည့်ပြီးတော့လည်း စားသုံးနိုင်မှာပါ။

ရောင်းဈေးကတော့ 110 ဒေါ်လာကို ၁၈၅၀ ကျပ်ဖြစ်ပြီး Citymart Supermarket၊ စိန်ဂေဟာ Centre၊ ဂမုန်းပွင့်နှင့် Asia Light တို့မှာ ဝယ်ယူရရှိနိုင်တဲ့အပြင် ဖုန်း–၇၀၁၀၆၃ ကိုလည်း ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

ဖုန်း–၀၂–၆၀၉၆၆ လိုင်းခွဲ–၅၁၆၀၊ ၀၉–၂၀၀၄၀၁၃

❑ **စိန်စမွာယ်ဖူး**

အမှတ်–၁၆၉၊ ၈၄ လမ်း၊ ၃၁ × ၃၂ လမ်းကြား၊ မန္တလေး။
ဖုန်း–၀၂–၃၃၄၇၄

❑ **တော်ဝင်**

အမှတ်–၂၄၉၊ ၂၆ လမ်း၊ ၈၂ × ၈၃ လမ်းကြား၊ မန္တလေး။
ဖုန်း–၆၀၅၉၈

❑ **NEW STAR Gems & Jewellery**

အမှတ်–၁၀၊ ၇၈ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ဇောတိကလမ်း၊ မန္တလေး။
ဖုန်း–၀၂–၃၆၀၀၆၊ ၃၄၆၉၃၊ ၃၀၁၉၈
E-mail: newstar@mandalay.net.mm

❑ **Simple Jewellery**

စိန်၊ ရွှေ၊ ကျောက်မျက်ရတနာ စက်ပန်းထိမ်

အမှတ်–၃၀၁၊ ၈၁ လမ်း၊ ၂၇ လမ်းနှင့် ၈၂ လမ်းကြား၊ မန္တလေး။
ဖုန်း–၀၂–၃၂၄၃၅၊ ၇၃၇၅၅၊ ၀၉–၂၀၀၅၄၇၈၊ ၀၉–၆၉၇၀၈၀၉
E-mail: simplejewels@mandalay.net.mm

❑ **ထွန်းညီနောင် စိန်ရွှေရတနာလုပ်ငန်း**

အမှတ်–၂၁၄၊ ၇၆ (စည်သာ) လမ်း၊ ၉ လမ်းနှင့် ၁၀ လမ်းကြား၊ ရှစ်ဝိုင်းမဏ္ဍာရုံလမ်းသွယ်၊ ၃၄ ရပ်ကွက်၊ မြောက်ပြင်၊မန္တလေး။
ဖုန်း–၀၉–၂၀၂၂၇၂၂၊ ၀၉–၂၀၂၅၄၄၇

❑ **GREAT DIAMOND Jewellery**

အမှတ်–၂၇၃ (A)၊ ၈၀ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ မန္တလေး။
ဖုန်း–၀၂–၇၁၂၂၂ ဖက်စ်–၃၅၂၃၅၊ ၀၉–၅၀၀၈၆၉၉၊ ၀၉–၅၁၀၁၈၁၃
E-mail : greatdiamond@myanmar.com.mm

ဘက်ထရီနဲ့ပတ်သက်ရင်

ပြည်ပကတင်သွင်းတဲ့ဘက်ထရီမျိုးစုံကို လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနေတဲ့ နေရာတစ်ခုပါ။ ဘက်ထရီနဲ့ပတ်သက်လို့ အင်ဗာတာသုံး၊ ကားသုံး၊ တရုတ်မော်တော်ဆိုင်ကယ်သုံး၊ UPS သုံး၊ TV သုံး၊ စက်လှေကားသုံး စတဲ့နေရာတွေမှာသုံးတဲ့ ဘက်ထရီအတော်များများကို ဝယ်ယူနိုင်တာ တွေ့ရပါတယ်။ ဒါ့အပြင် ကလေးစီးဘက်ထရီကား၊ Lighting စတဲ့နေရာတွေမှာ အသုံးပြုဖို့အပြင် CDMA ဖုန်းတွေမှာသုံးတဲ့ ဘက်ထရီအမျိုးအစား အတော်များများကိုလည်း ဝယ်ယူနိုင်မှာပါ။ ကိုယ်တိုင်သုံးဖို့မဟုတ်ဘဲ တစ်ဆင့်ပြန်လည်ရောင်းချလိုသူတွေအတွက် ပစ္စည်းအတော်များများကို တစ်နေရာတည်းမှာ ကြိုက်ရာရွေးချယ်ဝယ်ယူနိုင်မှာမို့ လမ်းညွှန်ပေးလိုက်ရခြင်းပါ။

လိပ်စာ–
ဦးမြင့်လွင်အီလက်ထရောနစ်
U MYINT LWIN TRADING Co.,Ltd.
အမှတ်–၁၄၆၊ ၂၃ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၁၈၉၂၊ ၃၂၅၅၂

CDMA တွေ Service ပျောက် ပါဝါပျောက်ဖြစ်ရင်

အခုတစ်လော ကမ်းရိုးတန်းဖုန်းလို့ ဈေးကွက်ကခေါ်တဲ့ CDMA-450MHZ ဖုန်းတွေဟာ ကမ်းရိုးတန်းဒေသတွေမှာသာမက မြန်မာနိုင်ငံမြို့တော်ရန်ကုန်မှာပါ လိုင်းကောင်းကောင်းမိပြီး အသုံးပြုရအဆင်ပြေတာကြောင့် ဒီစနစ်နဲ့အသုံးပြုလို့ရတဲ့ Hand Set အရောင်းဆိုင်တွေအတော်များများဖွင့်လှစ်လာတာ တွေ့ရပါတယ်။ အခုလမ်းညွှန်လိုက်တာက ဒီ CDMA-450 Handset အထိုင်ဖုန်းတွေ Service ပျောက်တာမျိုး၊ Power ပျောက်တာမျိုးဖြစ်ရင် အဆင်ပြေအောင်ဆောင်ရွက်ပေးနေတဲ့ဆိုင်တစ်ခုပါ။ ဒီဆိုင်မှာ Hardware နဲ့ Software ပိုင်းဆိုင်ရာကိစ္စရပ်တွေကိုလည်း သင့်တင့်တဲ့နှုန်းထားနဲ့ပြုပြင်ဆောင်ရွက်ဝန်ဆောင်ပေးတဲ့အပြင် နယ်ဆိုင်တွေက Mobile Phone တွေကိုလည်း အာမခံနဲ့ပြုပြင်ပေးတာ တွေ့ရပါတယ်။

လိပ်စာ – City Mobile Service Centre
အမှတ်–၉၂၊ ဘုန်းကြီးလမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၂၅၆၄၉၊ ၀၉–၅၀၆၆၀၀၁

အကျော်ကြားဆုံး Website တွေသုံးပြီး စမတ်ကျတဲ့ Online User ဖြစ်ဖို့

နှစ်သစ်မှာ စတိုင်သစ်နဲ့ Online ကမ္ဘာမှာ ဝင်ဆံ့နိုင်ဖို့ အပျံစား Website တွေကိုလမ်းညွှန်လိုက်ပါတယ်။ ဒီ Site တွေကို ဝင်လေ့လာကြည့်၊ သုံးကြည့်၊ မေးမြန်းကြည့်၊ ကိုယ့်သတင်းအချက်အလက်တွေ၊ ဓာတ်ပုံတွေ သိမ်းထားဝေမျှကြည့်ပြီးရင်တော့ တကယ်နှစ်ခြိုက်ပျော်ရွှင်ဖွယ်ကောင်းတဲ့ အဆင်ပြေမယ့် နှစ်သစ်တစ်နှစ်ကို ပိုင်ဆိုင်နိုင်မှာပါလို့ အထူးညွှန်းဆိုလိုက်ပါရစေ။ ဒီ Site တွေကို စုစည်းပေးထားတာကတော့ www.ehow.com ကပါ။ ehow ထဲက How To (Tab) ထဲက Internet ဆိုတဲ့ Category ထဲက Popular Website ထဲမှာရှိတာပါ။

နာမည်ကျော် လူသုံးများပြီးသား Site တွေ စုစည်းထားတာဖြစ်လို့ သတင်းအချက်အလက်တွေရှာဖွေနိုင်တဲ့ Technorati လို အပျံစား Website တွေ၊ ကိုယ့်ရဲ့ ကိုယ်ပိုင် Online Space ရနိုင်မယ့် Website တွေ၊ Wiki လို ကမ္ဘာကျော် Online စွယ်စုံကျမ်းတွေ၊ မေးချင်ရာမေး ဖြေပေးတဲ့ Answerbag တို့လို Site နဲ့ Online ပေါ်က ကိုယ်ပိုင်ဘဝတစ်ခုစိတ်ကြိုက်ဖန်တီးတည်ဆောက်နိုင်တဲ့ Second Life လိုမျိုး Site တွေပါတာတွေ့ရပါတယ်။

Site တွေ အကုန်လုံးက တစ် Site တစ်မျိုးအသုံးဝင်တာမို့ ကိုယ်မသုံးဖြစ်သေးတဲ့ Site တစ်ခုကိုသုံးကြည့်ပြီးတာနဲ့ တကယ်အသုံးဝင်မှန်းသိပြီး အမြဲဆက်သုံးဖြစ်နေမှာပါလို့ဆိုပါရစေ။ ehow ထဲကို အမြန်ဝင်ကြည့်ပြီး စမတ်ကျကျနဲ့ ၂၀၀၉ ကို ဖြတ်သန်းကြည့်ကြပါစို့။

Amazon (100)	Answerbag (30)
Blogger.com (221)	Craigslist (199)
Del.icio.us(73)	Digg (79)
ebay (641)	eHow (587)
Facebook (170)	Flickr (43)
Go Daddy (31)	Linkedin (21)
Monster.com (29)	MSN (35)
My Space (407)	Other Websites (817)
Photobucket (40)	Second Life (56)
Sina.com (6)	Slashdot (15)
Technorati (18)	Trails.com (25)
Wikipedia (126)	Yahoo (355)
You Tube (182)	

မန္တလေးက ကမ္ဘာသုံးတရုတ်အသံထွက်နဲ့ စနစ်တကျသင်ကြားပေးတဲ့နေရာ

မြန်မာနိုင်ငံမှာတော့ နိုင်ငံတကာသုံး အင်္ဂလိပ်စကားပြောပြီးရင် တရုတ်ဘာသာဟာ ဒုတိယသင်ယူမှုအများဆုံးလို့တောင် ဆိုရပါမယ်။ ဒါကြောင့် ပြည်တွင်းပြည်ပမှာအသုံးပြုနေတဲ့ နိုင်ငံတကာသုံးတရုတ်ဘာသာစကား (မန်ဒရင်း) ကို အချိန်တိုအတွင်း တတ်မြောက်လိုသူတွေအတွက် စနစ်တကျသင်ကြားပေးမယ်လို့ ဆိုထားတဲ့သင်တန်းတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ ဒါ့အပြင် ကမ္ဘာသုံးတရုတ်အသံထွက် (hanyu Pinyin)ကို အဓိကထားပြီး အခြေခံကစလို့ သင်ပေးမှာဖြစ်တယ်လို့ ဆိုထားတာမို့ တရုတ်စာ တရုတ်စကားကို လေ့လာသင်ယူလိုသူတွေအတွက် အထူးလမ်းညွှန်ပေးလိုက်တာပါ။

လိပ်စာ–
Chinese Language Centre
(ဒေါ်ချောစုနိုင် Chinese High School Graduate)
အမှတ်–၃၀၅၊ Ray World Complex၊ တတိယထပ်၊ ၃၂ လမ်းနှင့် ဧောတိကလမ်းသွယ်ကြား၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၇၂၄၆၇၊ လိုင်းခွဲ–၃၀၅၊ ၀၉–၅၃၁၂၁၁၄

အလင်းအနည်းငယ်ရှိရုံနဲ့ ကြွက်ပြေးအောင်လုပ်နိုင်မယ့် ကြွက်ပြေးစက်

ကြွက်တွေဟာ ရောဂါပိုးတွေ သယ်ဆောင်လာတတ်တာရယ်၊ အသုံးအဆောင်တွေကို ကိုက်ဖဲ့ဆုတ်ဖြဲတတ်ကြတာရယ်ကြောင့် အတော်များများက ကြွက်ဆိုရင် ကြောက်တတ်ကြတာတွေ့ရပါတယ်။ ကြွက်တွေဟာ ကြောင်ရှိတဲ့အိမ်မှာဆို မနေတတ်ကြဘူးလို့ ဆိုလေ့ရှိပေမယ့် ကြွက်လည်းကြောက်တယ်၊ ကြောင်လည်းလန့်တယ်ဆိုသူတွေအတွက် စမ်းသပ်ကြည့်ချင်စရာ ကြွက်ပြေးနိုင်မယ့်နည်းလမ်းတစ်ခုပါ။ ကြွက်ဆေးကျွေး၊ ထောင်ချောက်ဆင်ပြီး အသက်သတ်စရာမလိုလို့ စိတ်လည်းမညစ်ရဘဲ စိတ်အနှောင့်အယှက်မဖြစ်ရတော့ဘူးပေါ့။

ဒီစက်လေးကို အလင်းရောင်အနည်းငယ်ရတဲ့နေရာမှာ ချပေးထားရုံနဲ့ ကြွက်တွေပြေးကုန်မှာဖြစ်တယ်လို့ ဒီပစ္စည်းရောင်းချသူတွေရဲ့အဆိုအရ သိရပါတယ်။ ဒီဆိုလာပတ်စ်မှာ ဒစ်ဂျစ်တယ်စနစ်ပါဝင်လို့ လျှပ်စစ်ဓာတ်အားမလိုတဲ့အပြင် အလင်းအနည်းငယ်ရှိရုံနဲ့ အလိုအလျောက်အားသွင်းနိုင်တယ်လို့ ဆိုပါတယ်။ မီးမရှိတဲ့နေရာတွေ၊ ကျေးလက်ဒေသက တောင်သူဦးကြီးတွေအတွက်လည်း ကိုယ့်ရဲ့လယ်ယာတွေမှာ အသုံးပြုနိုင်မှာမို့ လမ်းညွှန်ပေးလိုက်ရခြင်းပါ။

ဝယ်ယူနိုင်မယ့်နေရာက–
အမှတ်–၂၅၉၊ မဟာဗန္ဓုလပန်းခြံလမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၀၁၉၃၂၉၊ ၀၉–၉၉၂၁၄၉၁၊ ၃၈၉၁၃၁

၁၀ ရာခိုင်နှုန်းလျှော့ပေးမယ့် ရွှေနန်းတော်ဝင်

နိုဝင်ဘာလနောက်ဆုံးပတ်ကမှ အသစ်ဖွင့်လှစ်လိုက်တဲ့ ရွှေနန်းတော်ဝင်ဖက်ရှင်ဆိုင်သစ် ဖြစ်ပါတယ်။ ဒီဆိုင်မှာ ထိုင်းနိုင်ငံရဲ့နာမည်ကျော်အမှတ်တံဆိပ်တွေဖြစ်တဲ့ Mikiko၊ Again၊ Ella Moss နဲ့ Veroni Qa အမှတ်တံဆိပ်အဝတ်အထည်တွေကို ရောင်းချပေးမှာပါ။ အလားတူဆိုင်မျိုးကို မန္တလေးမှာလည်း ဆိုင်ခွဲဖွင့်လှစ်ဖို့ စီစဉ်ထားတယ်လို့လည်း သိရတာကြောင့် မန္တလေးက ဖက်ရှင်ကျသူတွေအတွက်လည်း အဆင်ပြေမှာပါ။ အထူးအစီအစဉ်အနေနဲ့ တစ်လအတွင်း ငွေကျပ်နှစ်သိန်းဖိုးနဲ့အထက် ဝယ်ယူသူတွေကိုလည်း ၁၀ ရာခိုင်နှုန်းလျှော့ပေးတဲ့ကတ်ကို လက်ဆောင်ပေးသွားမယ်လို့ သိရပါတယ်။ လိပ်စာ–

ရွှေနန်းတော်ဝင်ဖက်ရှင်
အမှတ်–၂၁/SR၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

စင်ကာပူမှာ ကျောင်းတက်ဖို့ ဆေးစစ်တော့မယ်ဆိုရင်

စင်ကာပူနိုင်ငံမှာ ကျောင်းသွားတက်မယ့်ကျောင်းသားတွေအတွက် ရန်ကုန်မှာတင်ဆေးစစ်သွားလို့ရတဲ့နေရာတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ ဒီမှာစစ်သွားတဲ့ အဖြေရလဒ်အတိုင်း အသိအမှတ်ပြုလက်ခံတယ်လို့ဆိုပါတယ်။ ရန်ကုန်မှာစစ်သွားခြင်းအားဖြင့် ကြိုတင်ဆေးသောက်ခြင်းပြုလုပ်နိုင်ပြီး ဆေးစစ်မအောင်လို့ ပြန်လာရခြင်းမျိုးမဖြစ်တော့ဘူးလို့ဆိုပါတယ်။ ကျောင်းသားတွေအတွက်သာမကဘဲ အလုပ်သွားလုပ်မယ့်သူတွေအတွက်ပါ ဝန်ဆောင်မှုပေးတယ်လို့ သိရပါတယ်။

လိပ်စာ–
အခန်း(၂၀)၊ IHBC(ပ)ထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၁၃၆၅၈၄၊ ၅၃၆၅၃၃

Online ကနေ နှိုးစက်ပေးထားမယ်

ကွန်ပျူတာသုံးလွန်းလို့ မျက်စိတွေညောင်း ခါးတွေညောင်းလာတာမျိုးမဖြစ်အောင် ကူညီသတိပေးပေးမယ့် Online Alarm Clock ကလေးကို လမ်းညွှန်လိုက်ပါတယ်။ ကွန်ပျူတာကို အကြာကြီးမသုံးဖြစ်အောင် ကိုယ့်ကိုယ်ကိုယ်သတိပေးဖို့ဖြစ်စေ၊ ကွန်ပျူတာသုံးနေရလို့ ချိန်းထားတာတွေမေ့မသွားအောင်ဖြစ်စေ အွန်လိုင်းမှာနှိုးစက်ပေးပြီး မမေ့အောင် လုပ်လို့ရပါပြီ။ အဲဒါကတော့ www. kukuklock.com ကနေ သုံးလိုက်ရုံပါပဲ။

ဒီ Website ကို ဝင်လိုက်တာနဲ့ တန်းပြီး သူ့မှာပါတဲ့နာရီကို အချိန်မှတ်ပြီးရင် ကိုယ်ကြိုက်တဲ့နှိုးစက်မြည်သံကိုရွေးပြီး နှိုးစက်ပေးထားရုံပါပဲ။ Website ကို ဝင်ရတာလည်းလွယ် သုံးရတာလည်းလွယ်လို့ အားလုံး ကြိုက်နှစ်သက်ကြမှာပါ။

ကိုယ့်ရဲ့စက်ထဲမှာ Adobe Flash Player မရှိသေးရင်တော့ ဒီ Site က Adobe Flash Player ကို Download လုပ်ခိုင်းပါလိမ့်မယ်။ Download လုပ်ပြီးရင် တကယ်လို့ ကိုယ်က Mozilla Firefox သုံးထားတယ်ဆိုရင်တော့ Mozilla ကို အရင်ပိတ်ခိုင်းပါလိမ့်မယ်။ Mozilla ပိတ်ပြီးမှ Flash Player က Run လို့ရပါလိမ့်မယ်။

အားလုံးပြီးလို့ kukuklock ကို ပြန်ဖွင့်ပြီးသုံးမယ်ဆိုရင်တော့ အဲဒီ Page မှာ အခုလက်ရှိအချိန်ကို နာရီရဲ့ညာဘက်အပေါ်ထောင့်မှာပြထားလို့ အဲဒီအချိန်ပေါ်မူတည်ပြီး ကိုယ်ကနောက် ဘယ်နှနာရီ ဘယ်နှမိနစ်အကြာမှာ Wake Up လုပ်စေချင်တယ်ဆိုတာမှတ်ပါ။

ပြီးရင် မြည်သံလေးမျိုးရှိတဲ့အထဲက ကိုယ်ကြိုက်တဲ့အသံကို ရွေးပါ။ ရွေးစရာက ကြက်တွန်သံ၊ Ring သံမြည်တဲ့နာရီသံ၊ Time Bomb တွေမှာလို တတီတီမြည်တဲ့အသံနဲ့ သီချင်းသံရယ်ဆိုပြီး လေးမျိုးရှိပါတယ်။ ကိုယ်ကြိုက်တာတွေအားလုံးရွေးပြီးရင် Set Alarm လုပ်လိုက်ပါ။ အချိန်ရောက်လို့ကိုယ့်ကို Wake Up လုပ်နေ ပြီဆိုရင်တော့ အဲဒီ Wake up ရဲ့ အောက်တည့်တည့်က Stop ကို နှိပ်ပြီး ပိတ်လိုက်ရုံပါပဲ။ ဒါဆိုရင် Online မှာ အချိန်တွေအများကြီးမကုန်တော့အောင် ကူညီပေးမယ့် Swiss Made လို့ သူ့ကိုယ်သူ ညွှန်းထားတဲ့ kukuklock ကိုသုံးပြီး အချိန်တွေစုဆောင်းနိုင်ပြီပေါ့။ ကိုယ်သုံးလို့ အဆင်ပြေရင် သူငယ်ချင်းတွေဆီကို လက်ဆင့်ကမ်းပေးလိုက်ပါဦး။

ဖုန်းနဲ့ ကွန်ပျူတာ ပြုပြင်ပေးမယ်

MSI အမှတ်တံဆိပ် Laptop များ၊ Desktop ကွန်ပျူတာများကို ကိုင်တွယ်အသုံးပြုသူများအတွက် ဖုန်းနဲ့ ကွန်ပျူတာ ပြုပြင်ပေးတဲ့ ဝန်ဆောင်မှုတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။

MSI အမှတ်တံဆိပ် ကွန်ပျူတာဆက်စပ်ပစ္စည်းများကိုအသုံးပြုနေတဲ့ ကုမ္ပဏီလုပ်ငန်းတွေ၊ ရောင်းဝယ်ရေးလုပ်ငန်းတွေ၊ သုံးစွဲသူတွေ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာရင် ကွန်ပျူတာသုံးစွဲသူကိုယ်တိုင်ပြုပြင်တတ်စေဖို့ရည်ရွယ်ပြီး ဝန်ဆောင်ပေးခြင်းဖြစ်တယ်၊ Hardware ပြဿနာနဲ့ Software ပြဿနာနှစ်မျိုးစလုံးကို ဖြေရှင်းပေးမှာဖြစ်တယ်၊ နည်းပညာတိုးတက်လာတာနဲ့အမျှ ကွန်ပျူတာဆက်စပ်ပစ္စည်းတွေကို ကိုင်တွယ်သုံးစွဲတတ်ရုံသာမကဘဲ မိမိကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းတတ်စေဖို့ရည်ရွယ်တယ်လို့ သိရပါတယ်။

အသေးစားကွန်ပျူတာချို့ယွင်းချက်တွေကို ပြန်လည်ကောင်းမွန်တဲ့အထိ ဖုန်းနဲ့ ဝန်ဆောင်မှုပေးမှာလို့လည်း ဆိုထားပါတယ်။ ဒီဝန်ဆောင်မှုကို ဖုန်း နံပါတ် ၀၉-၈၅၇၈၂၆၅ မှတစ်ဆင့် ၂၄ နာရီ ဝန်ဆောင်မှုပေးမယ်လို့ဆိုထားပေမယ့် ဒီနေ့အချိန်အထိတော့ ခေါ်ဆိုရာမှာ ဖုန်းပိတ်ထားချိန်သာများနေတယ်လို့ လက်တွေ့ခေါ်ဆိုခဲ့တဲ့ သုံးစွဲသူတစ်ဦးက ဆိုပါတယ်။

ဘာသာစကားသင်တန်း တက်မလား

နိုင်ငံခြားဘာသာစကား လေ့လာနေသူတွေ၊ နိုင်ငံခြားသွား မယ့်သူတွေအတွက် မြန်မာနိုင်ငံမှာ ရေပန်းစားနေတဲ့ အင်္ဂလိပ်စာ၊ ပြင်သစ်၊ တရုတ်၊ ဂျပန်နဲ့ ကိုရီးယား

ဘာသာစကားတွေကို သင်ကြားပို့ချပေးနေတဲ့ သင်္ကန်းကျွန်းမြို့နယ်က သင်တန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ သင်တန်းမှာ Starter, Beginner, Elementary, Pre-Intermediate, Intermediate နဲ့ Upper Level ဆိုပြီး Level ခွဲခြားသတ်မှတ်ထား ပြီး ဝါရင့်နည်းပြဆရာ ဆရာမတွေကိုယ် တိုင် Reading, Writing, Listening, Speaking Skill လေးမျိုးအပြင် Gram- mer, Translation နဲ့ Phonetics Skill တွေကိုပါ ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့် သင်ကြားပေးတယ်လို့ဆိုပါတယ်။ သင်တန်းတိုင်းကို အခြေခံကနေ စနစ်တကျလေ့ကျင့်သင်ကြားပေးပြီး Section တစ်ခုအပ်နှံထားရုံနဲ့ အခြား မိမိနဲ့သက်ဆိုင်တဲ့ဘာသာရပ် Section တွေကိုပါ တက်ရောက်ခွင့်ရှိတယ်လို့ သိရပါတယ်။ သင်တန်းကြေးက တစ်လကို ၇၀၀၀ ကျပ်သာကျသင့်ပြီး ရုံးသမားတွေအတွက် စနေ၊ တနင်္ဂနွေတွေမှာ သီးသန့် စီစဉ်ထားပါတယ်။

လိပ်စာ–

FLC Langnage Centre

အမှတ်–၃၀၁၊ ငမိုးရိပ် (၇) လမ်း၊
ကညနလိုင်စင်ရုံးဝင်ပေါက်၊
စံပြဈေးအနီး၊
သင်္ကန်းကျွန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း–၅၇၉၃၉၈၊ ၅၆၂၆၂၁၊
၀၉–၅၀၃၀၇၁၇

ပတ်ဝန်းကျင်ကိုလှပအောင်ထိန်းသိမ်းရင်း စွမ်းအင်ချွေတာရေးမီးလုံးရနိုင်မယ့်အစီအစဉ်

ကိုယ်နေထိုင်တဲ့ပတ်ဝန်းကျင်ကို အမှိုက်သရိုက်ကင်းတဲ့၊ လှပတဲ့ပတ်ဝန်းကျင်ဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ကြဖို့ဆိုတာ နိုင်ငံသားတိုင်းမှာရှိတဲ့ တာဝန်ပါ။ အဲဒါကြောင့် ဒီလိုထိန်းသိမ်းစောင့်ရှောက်ကြတဲ့နေရာမှာ တစ်နည်းတစ်လမ်းနဲ့ပါဝင်ပတ်သက်နိုင်မယ့်အစီအစဉ်တစ်ခုကို လမ်းညွှန်ပေးလိုက်ရခြင်းပါ။

အဲဒါကတော့ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်တဲ့ ကြွပ်ကြွပ်အိတ်တွေရဲ့နေရာမှာ လျှော်ပြီးပြန်သုံးနိုင်တဲ့ ဈေးဝယ်အိတ်တွေကို အစားထိုးအသုံးပြုနိုင်မယ့်အစီအစဉ်ပါပဲ။ ဒီအစီအစဉ်ကို နာမည်ကျော် City Mart Supermarket ဆိုင်တွေက ပြုလုပ်တာဖြစ်ပြီး ဒီအိတ်တွေကို ကျပ် ၇၀၀ နဲ့ လိုသလောက်ရောင်းချပေးမယ်လို့ ဆိုထားပါတယ်။ ကြွပ်ကြွပ်အိတ်ကိုအသုံးမပြုလိုသူတွေအနေနဲ့ ဒီအိတ်တွေကိုအသုံးပြုပြီး ဈေးဝယ်နိုင်မှာပါ။ ဒီအိတ်ရောင်းရင်ငွေကို တစ်အိတ်ရောင်းရတိုင်း အိတ်ရဲ့တန်ဖိုး ၅၀ ရာခိုင်နှုန်းဖြစ်တဲ့ ၃၅၀ ကျပ်ကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအဓိကလုပ်ကိုင်နေတဲ့ မင်္ဂလာမြန်မာအဖွဲ့ကို လှူဒါန်းသွားမှာဖြစ်တယ်လို့ City Mart က ဆိုထားပါတယ်။

ကြွပ်ကြွပ်အိတ်ကိုမသုံးဘဲ ဝယ်ထားတဲ့ငွေရှင်းဖြတ်ပိုင်းကို Service Counter မှာပြပြီး ပွိုင့်လေးတွေစုဆောင်းနိုင်ပါတယ်။ ကတ်တစ်ကတ်ထဲမှာ ပွိုင့် ၄၀ စုမိတိုင်း Super Lamp အမှတ်တံ ဆိပ်စွမ်းအင်ချွေတာရေးသုံးမီးလုံးတစ်လုံးကို ထုတ်ယူနိုင်ပါသေးတယ်။ ရက်ကိုတော့ သြဂုတ်လ ၁၁ ရက်နေ့ကနေ ဖေဖော်ဝါရီလ ၁၁ ရက်နေ့အထိသတ်မှတ်ထားပါတယ်။

City Mart ဆိုင်ခွဲတိုင်းမှာ ဒီအစီအစဉ်က အကျုံးဝင်ပါတယ်။ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မယ့်အပြင် ကိုယ်ဝယ်လိုက်တဲ့ငွေကြေးက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကိုလည်း တစ်နည်းတစ်ဖုံ သွားရောက်ထောက်ပံ့နိုင်တာမို့ အထူးလမ်းညွှန်ပေးလိုက်ရခြင်းပါ။

ဝယ်ယူမှုပမာဏအလိုက်ရမယ့် ပွိုင့်တွေကတော့ –

ကျပ် ၈၀၀၀ မှ ၁၅၀၀၀ အတွင်း	၁ ပွိုင့်
ကျပ် ၁၅၀၀၁ မှ ၃၀၀၀၀ အတွင်း	၂ ပွိုင့်
ကျပ် ၃၀၀၀၁ မှ ၄၅၀၀၀ အတွင်း	၃ ပွိုင့်
ကျပ် ၄၅၀၀၁ မှ အထက်	၅ ပွိုင့်

ခေတ္တခဏ သီးသီးသန့်သန့်တည်းခိုလိုသူတွေအတွက်

တိုက်ခန်းတစ်လွှာကို အခန်းတစ်ခန်းအဖြစ်သတ်မှတ် ထားတာမို့ ကိုယ့်ရဲ့အိမ်လိုသဘောထားပြီး ခေတ္တခဏတည်းခိုလိုရင်ပဲဖြစ်ဖြစ်၊ ရက်ပိုင်းလပိုင်းနေထိုင်လိုရင်ပဲဖြစ်ဖြစ် သီးသီးသန့်သန့် တည်းခိုနေထိုင်ဖို့ အဆင်ပြေတဲ့ ဧည့်ရိပ်သာတစ်ခုပါ။ ဒါ့အပြင် နှစ်သစ်မိတ်ဆုံစားပွဲပြုလုပ်ရင်ပဲဖြစ်ဖြစ်၊ လုပ်ငန်းကိစ္စအတွက် အင်တာနက်သုံးဖို့ ဧည့်သည်တွေ အပြင်ကိုမသွားလိုရင်ပဲဖြစ်ဖြစ် အဆင်ပြေအောင် စီစဉ်ပေးထားတာတွေ့ရပါတယ်။ ဒီဧည့်ရိပ်သာက အာရှတော်ဝင်ဆေးကုခန်းနဲ့ မလှမ်းမကမ်းမှာရှိတာကြောင့် လာရောက်ဆေးကုသမှုခံယူတဲ့ရပ်ဝေးဧည့်သည်တွေအတွက်လည်း သင့်တော်တာ တွေ့ရပါတယ်။ အခန်းတစ်ခန်းကို ၁၅ ပေ× ၅၀ ပေပတ်လည် ကျယ်ဝန်းလို့ လွတ်လွတ်လပ်လပ်တည်းခိုနိုင်မှာပါ။

လိပ်စာ–

မြန်မာ့ဂုဏ်ရောင်အဆင့်မြင့်ဧည့်ရိပ်သာ

အမှတ်–၄၆၊ ဗဟိုလမ်းနှင့်
မင်းလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်။ ဖုန်း–၅၁၂၂၉၅၊
၀၉–၅၀၀၃၂၈၈၊ ၀၉–၈၀၂၁၀၇၄

ပညာရေးလမ်းညွှန်



Power နဲ့ Point တွေ ထုတ်ပြောဖို့ မကြောက်ပါနဲ့ Power Point သုံးဖို့လိုတဲ့အခါ ဒါတွေကို သတိရလိုက်ပါ

လူကြားသူကြားမှာ စကားထွက်ပြောရတဲ့အလုပ်ဟာ လွယ်သယောင်နဲ့ခက်ပါသတဲ့။ ပြောတဲ့အကြောင်းအရာတစ်ခုခု ပါးစပ်ထဲမှာ အဆင်သင့်ရှိနေရုံနဲ့တော့ အလုပ်မဖြစ်ပါဘူး။ လူအများကြား စကားထွက်ပြောရတဲ့သူဟာ ကိုယ်ရဲ့ရောင်းကုန်ကို အစွဲထုတ်ရတဲ့ကုမ္ပဏီ Marketing ဝန်ထမ်းလိုပါပဲ။ ရတဲ့အခွင့်အရေးကို အပိုင်အသုံးချပြီး ကိုယ့်ကိုယ်ကိုယ် အစွဲထုတ်ရမှာလေ။

မိမိရရှိတဲ့ အချိန်လေးအတွင်းမှာ ပြောလိုတဲ့အချက်အလက်တွေကို အများနားလည်သွားအောင် တစ်ချိန်တည်းမှာပဲ တန်ဖိုးရှိတဲ့စကားမျိုးဖြစ်သွားအောင်၊ တစ်ချိန်တည်းမှာပဲ ကိုးရိုးကားရား ဒါမှမဟုတ် ရွဲ့တွန့်တွန့်ဖြစ်နေတဲ့အမူအရာမျိုးမရှိဖို့ကလည်း လိုသေးတယ်။ လူရှေ့သူရှေ့မှာ စကားထွက်ပြောတာကို ကမ္ဘာ့အဆင့်အတန်းမီတက္ကသိုလ်ကြီးတွေမှာ မဖြစ်မနေလေ့ကျင့်ပေးပါတယ်။ ဆိုလိုတာက ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွေမှာ ဟောပြောသူအနေနဲ့ရော၊ ဟောပြောပွဲကို တက်ရောက်ပြီး ဝင်ရောက်ဆွေးနွေးသူအနေနဲ့ရော အထစ်အငေါ့မရှိအောင်လို့ပါ။ ဒါမှလည်း နောင် လုပ်ငန်းခွင်ဝင်တဲ့အခါ ဒီလိုတာဝန်မျိုးထမ်းဖို့ ကြုံလာရင် အူကြောင်ကြားဖြစ်မနေတော့ဘူးပေါ့။

နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ ကွန်ပျူတာနဲ့ အခြားဆက်စပ်ပစ္စည်းတွေကလည်း ဒီလိုဟောပြောရတာတွေကို အထောက်အကူပြုပေးတယ်လေ။ Microsoft ရဲ့ Power Point Software ဟာ ဒီအတွက်ပဲ ရည်ရွယ်တီထွင်ခဲ့တာမဟုတ်လား။ အခုတော့ Power Point ဟာ Windows Vista Version နဲ့အတူ ခေတ်မီဆန်းသစ်လို့နေပြန်ပါပြီ။ လှပတဲ့ဒီဇိုင်းအသွယ်သွယ်၊ အရောင်အသွေးစုံစုံနဲ့ Power

Point Slideလုပ်ရတာဟာ ကြီးကြီးငယ်ငယ် ဘယ် အရွယ် အတွက် မဆို ပျော်စရာ ကောင်းပါတယ်။ အကြောင်းအရာနဲ့လိုက်ပြီး ဒီဇိုင်းနဲ့စာလုံးအရောင်ကို ပြောင်းသွားလို့ရတာမို့ ကိုယ်ကိုယ်တိုင်လည်း စိတ်ဝင်စားသလို ကြည့်တဲ့ပရိသတ်ကလည်း နှစ်ခြိုက်ကြမှာပါ။

ဒါပေမဲ့ "ပြင်လွန်းရင် ဖင်ချွန်းတယ်" ဆိုတာကိုလည်း မမေ့နဲ့ပေါ့။ ကိုယ့်ရဲ့ Power Point Slide တွေက သူများမျက်စိနောက်စရာတော့ မဖြစ်စေသင့်ဘူးပေါ့၊ သိပ်ပြီးရိုးရှင်းနေပြန်ရင်လည်း နားထောင်ရတဲ့သူအတွက် ပျင်းစရာကောင်းမယ်။ သိပ်ပြီး ရှုပ်ထွေးပွေလီနေပြန်ရင်လည်း ပြောတဲ့အကြောင်းအရာကို စိတ်မဝင်စားတော့ဘဲနေမယ်။

ဒီလိုအလျှော့အတင်းလေးတွေနဲ့ ချိန်ဆပြီးလုပတိကျတဲ့ Slide တွေ ရေးနိုင်ဖို့ ဒီ Slide တွေရဲ့ အကူအညီနဲ့ ဟန်ပါပါ ပြောနိုင်ဖို့ သတိထားစရာအချက်ကလေးတွေကို ဒီတစ်လ တင်ပြလိုက်ပါတယ်။

– သင်ပြောတာကို နားထောင်မယ့် ပရိသတ်ဟာ ဘယ်လိုလူတွေလဲဆိုတာ ကြို့လေ့လာထားပါ။

– ပြောတဲ့အခါ လိုရင်းကို မပျောက်သွားအောင် တိုတိုရှင်းရှင်းပြောရမယ်ဆိုတာ မမေ့နဲ့။ ပြီးတော့တောင်ရောက်မြောက်ရောက်ငှက်လမ်းလျှောက်ပုံစံမျိုးလည်း မဖြစ်စေနဲ့ပေါ့။

– Powerpoint ပေါ်က စာကြောင်းတွေရဲ့အရောင်ကို အထူးဂရုစိုက်ပါ။ အဲဒီအရောင်တွေဟာ သူယူထားတဲ့နောက်ခံဒီဇိုင်းနဲ့ မတိမ်းမယိမ်းရောထွေးနေတဲ့ အရောင်တစ်ခုမဟုတ်ဘဲ ထင်းခနဲပေါ်နိုင်တဲ့အရောင် ဖြစ်ရပါမယ်။ ဥပမာ–အဖြူကနောက်ခံဆိုရင် စာလုံးက အနက်ပေါ့။ အညိုရောင်နောက်ခံဆိုရင် အဝါရောင်စာလုံးမျိုးပေါ့။ ဒါပေမဲ့ နောက်ခံအပြာရောင်ရဲ့ အပေါ်မှာ အနီရောင်စာလုံးမျိုးထည့်လိုက်ရင်တော့ ခရမ်းရောင်နဲ့ ရောသွားတတ်တယ်နော်။ နောက်ထပ် သူ့ထက်အမြင်ဆိုးတဲ့အရောင်ရှိသေးတယ်။ အနီရောင်တောက်တောက်နောက်ခံပေါ်မှာ အစိမ်းပုပ်ပုပ်စာလုံးအရောင်ပေါ့။ ပြီးတော့ စာလုံး 'Font' ကိုရွေးတဲ့အခါ Power Point နဲ့ အလိုက်ဖက်ဆုံး Font တွေကတော့ Calibri,Arial, Verdana နဲ့ Tahema ပါပဲ။ Arial ဆိုဒ် ၂၈ ဆိုရင် အဝေးအနီးကောင်းကောင်းမြင် ရတဲ့ဆိုဒ်ပေါ့။ Verdana ၂၈ လည်း ဒီလိုပဲ။ ဒါပေမဲ့ စာရိုက်တဲ့အခါ အများဆုံးသုံးတဲ့ Times New Roman နဲ့ Courier က တော့ ပရိသတ်ဖတ်ရခက်မယ့် စာလုံးပါးပါးလေးတွေပဲ။ Projector ပေါ်မှာ မိုန်နေလိမ့်မယ်။ အဆန်းထွင်ဖို့ သင့်တော်တယ်လို့ ထင်တဲ့အခါမှာတော့ Word Art နဲ့ Cemic Sans လို Font မျိုး သုံးဖို့လိုရင်လိုမှာပေါ့။ ဖန်စီစာလုံးကလေးတွေလေ။ စာလုံးအရွယ်အစားကိုရွေးတဲ့အခါ တစ်ခန်းလုံးဖတ်လို့ရတဲ့အရွယ်ကိုရွေးနော်၊ 'သေးလွန်းရင်မလှတဲ့'။ ဒါပေမဲ့ ရွေးလွန်းရင်လည်း အချိန်မရဘဲဖြစ်သွားမယ်နော်။

နောက်ပြီး မလိုအပ်ဘဲ စာတစ်ကြောင်းတည်းနဲ့ Slide တစ်ချပ်လုံး အပြည့်ရေးထားတာမျိုးမလုပ်နဲ့နော်။ ဟောပြောပွဲကိုလာတဲ့သူတွေက စာဖတ်ချင်သူတွေမဟုတ်ဘူး။ နားထောင်ချင်သူတွေသာဖြစ်တယ်။ Slide ပေါ်က စာတွေကို ဖတ်စေချင်ရင်တော့ သူတို့ကို Projector နဲ့ Power Point ကို ဘာလို့ထိုးပြနေမှာလဲ။ စာကြည့်တိုက်ထဲခေါ်သွားလိုက်ရုံပေါ့။ ဒီလိုစာရှည်ရှည်ကြီးတွေနဲ့ ပရိသတ်ကို ငြီးငွေ့စေမယ့်အစား Bullet Point ကလေးတွေနဲ့ အမြင်အာရုံကောင်းသွားအောင် ကူညီလိုက်ပါလား။ Bullet Point သုံးတဲ့အခါမှာလည်း နည်းကောင်းလေးတွေရှိသေးတယ်။ တတ်နိုင်သလောက် ဝါကျတစ်ကြောင်းလုံးမရေးပါနဲ့။ လိုရင်းတိုရှင်းစကားစုကလေးတွေပဲ သုံးပါ။ ပြီးတော့ Slide တစ်ချပ်မှာ စတိုင်က နှစ်မျိုး သုံးမျိုးကွဲနေတာမျိုး မဖြစ်စေနဲ့။

Bullet သုံးရင် ခြောက်သုံးလုံးကို မမေ့နဲ့နော်။ အဲဒီခြောက်သုံးလုံးကတော့ အင်္ဂလိပ်လိုရေးရင်ပေါ့။

ခြောက် (၁) – Bullet တစ်ခုရဲ့ အနောက်မှာ စာလုံးရေခြောက်လုံးထက် မကျော်စေနဲ့နော်။ ဥပမာ– The King Never Smile At All ပေါ့။

ခြောက် (၂) – Slide တစ်ခုကို Bullet ခြောက်ခုထက်မကျော်ဖို့ သတိထားနော်။ ဒီထက်များရင် မျက်စိရှုပ်သွားမှာစိုးလို့ပါ။

ခြောက် (၃) – စာသားတွေချည်းပဲ ရေးထားတဲ့ Slide မျိုးကို ဆက်တိုက်ခြောက်ခုထက် ပိုပြီးမဖော်ပြမိစေနဲ့နော်။ ငြီးငွေ့မှာစိုးလို့။ ကြားမှာ ရုပ်ပုံတစ်ခုဖြစ်ဖြစ်၊ အခြားအသံတစ်ခုဖြစ်ဖြစ် အပြောင်းအလဲဖြစ်အောင် ထည့်လိုက်ပေါ့။ ဒီဇိုင်းအမျိုးမျိုးရှိတဲ့ Bullet ကလေးတွေသုံးရင် အဆင်ပြေကြပါစေ။ ဒါထက် အရေးကြီးတာရှိသေးတယ်။ Spelling ပါ။ စာလုံးပေါင်းစစ်ကြည့်ဖို့ မမေ့နဲ့နော်၊ စာလုံးပေါင်းမှားရင် ရှက်စရာကြီး။

Power Point ရဲ့ အားသာချက်ကပုံတွေရော၊ အသံတွေရောထည့်လို့ရတာပဲ။ ကိုယ်သုံးချင်တဲ့ပုံတွေ ကွန်ပျူတာထဲမှာ မရှိရင် google Home Page ကိုသွားပြီး Image ကို ကလစ်နှိပ်လိုက်ပေါ့၊ အလွယ်လေးရယ်။ ဒါမှမဟုတ်ရင်တော့ ကိုယ့်ဘာသာဓာတ်ပုံရိုက်ပြီး ကင်မရာထဲကနေ ပြောင်းယူလိုက်ပေါ့။ ဒါပေမဲ့ Slide တစ်ခုထဲမှာ အရုပ်ကတစ်မျိုး ဂရုပ်ကတစ်သွယ် ဇယားကတစ်ပိုင်းနဲ့ ပြွတ်သိပ်ပြီးတော့ မထည့်ဖို့လိုတယ်နော်။ ဒါမှ မိမိရဲ့ Point တွေ Powerful ဖြစ်စေမှာပေါ့။

Power Point အကြောင်းပြောရရင် ဒီထက် ထပ်ချဲ့စရာတွေရှိသေးတယ်။ ဒါပေမဲ့ အချို့အချို့သော လူထုဟောပြောပွဲတွေမှာ ဟောပြောရတာ သိပ်ကျွမ်းကျင်တဲ့သူတွေကတော့ ဒီလိုနည်းပညာအသစ်တွေကို အားမကိုးပါဘူး။ ဒီလို Slide တွေ သုံးရင် သူတို့ကို လူတွေအာရုံစိုက်တာ လျော့သွားမှာစိုးလို့တဲ့။ တချို့ကလည်း နည်းပညာနောက်လိုက်နေရတာ ပင်ပန်းလွန်းလို့တဲ့။ နည်းပညာရဲ့ မင်းမဲ့စရိုက်ဆန်ဆန်အလေ့အထ 'Tyrannny of the Technology' ကနေ ထွက်ပြေးချင်လိုတဲ့လေ။ Power Point

မသုံးကြဘဲ ပါးစပ်နဲ့ လက်ဟန်ခြေဟန်ကိုပဲ အားကိုးကြတယ်။ ဒီလိုဆိုတော့လည်း Power Point သုံးတဲ့သူကပဲ တောဆန်နေသလိုလို ဖြစ်သွားပြန်ရော။ ကမ္ဘာကြီး ပူနွေးလာမှုအကြောင်းကို ရုပ်ရှင်ရိုက်ပြီး ဆွေးနွေးတဲ့ အမေရိကန်ဒုတိယသမ္မတကြီး အယ်လ်ဂိုးကတော့ Power Point သုံးတဲ့နေရာမှာ မာစတာပါ။ သူရဲ့တင်ပြပုံကို Public Speaking အတန်းတွေမှာ ကျောင်းသားတွေလေ့လာဖို့ တောင်ပြရတယ်ဆိုပဲ။ အခုဆိုရင် Power Point ရဲ့အသုံးဟာ တွင်ကျယ်လာလို့ အရင်တုန်းက ကွန်ပျူတာမပေါ်ခင်ခေတ်ကတည်းက ပါမောက္ခဖြစ်နေတဲ့ နိုင်ငံတကာဆရာကြီးတွေတောင့် ခေတ်မီဖို့ Power Point ပြန်သင်ရသတဲ့။ ဒါမှ သူတို့ရဲ့ လက်ရှိအလုပ်က မပြုတ်မှာလေ။ ဒီလောက်ဆိုရင် Power Point ရဲ့အရေးပါပုံ ထင်ရှားလောက်ပါပြီနော်။ Power Point ကိုသုံးပြီး Powerful ဖြစ်တဲ့သူတွေ ဖြစ်ကြပါစေ။

နာမည်ကျော် အမှတ်တံဆိပ် ဂျင်းအဝတ်အထည်တွေ ဝယ်ယူနိုင်မယ့် EVER JEANS

အမျိုးသမီး အမျိုးသားမရွေး၊ အသက်ငယ်ငယ် အသက်ကြီးကြီးမရွေး ခုံခုံမင်မင်ဝတ်ဆင်လေ့ရှိကြတဲ့ အဝတ်အထည်တွေထဲမှာ ဂျင်းအဝတ်အထည်တွေဟာ ထိပ်တန်းနေရာမှာပါနေမယ်ဆိုတာ ငြင်းဆိုသူ ခပ်များများရှိမယ်မထင်ပါဘူး။ အဲဒါကြောင့် အမျိုးသမီး အမျိုးသားဝတ်ဂျင်းအင်္ကျီ ဂျင်းဘောင်းဘီတွေ ဝယ်ယူနိုင်မယ့်နေရာတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ ဒီဆိုင်မှာ Lee၊ Lois၊ Wrangler စတဲ့ နိုင်ငံတကာက နာမည်ကျော်အမှတ်တံဆိပ် ဂျင်းအဝတ်အထည်တွေကို ဝယ်ယူနိုင်မှာပါ။

လိပ်စာ–

EVER JEANS အရောင်းပြခန်း

– အမှတ်–B1၊ ၇၈ လမ်း၊ ၂၇× ၂၈ လမ်းကြား၊ မန္တလေး။

ဖုန်း–၀၂–၇၃၅၄၃

ဖြန့်ချိရေး

– အမှတ်–၄၅/၄၆၊ ဘီရုံ၊ ဈေးချို၊ မန္တလေး။ ဖုန်း–၀၂–၃၆၅၈၃

စာအုပ်လမ်းညွှန်

Editor's Choice

မြတ်တရားကိုရှာဖွေတွေ့ရှိသူ

ဦးနု

လွတ်လပ်ရေးရပြီး ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပြည်သူလူထုက ဆန္ဒပြုမဲပေး၍ ရွေးကောက်တင်မြှောက်သည့် အစိုးရအဖွဲ့၏ ပထမဦးဆုံးဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သူ ဦးနု အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည်ကို ဦးမြင့်ဆွေ မဟာဝိဇ္ဇာ (လန်ဒန်) က မြန်မာဘာသာပြန်ဆိုထားခြင်းကို ဦးနု နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ထုတ်ဝေသောစာအုပ်ဖြစ်သည်။

ဗုဒ္ဓဘာသာကို လက်တွေ့ကျကျထဲထဲဝင်ဝင်လေ့လာလိုက်စားခဲ့သူ ဦးနုသည် ၎င်းကိုယ်တိုင်သိသော အသိကို ကျမ်းဂန်လာ ငါးရာ့ငါးဆယ်နိပါတ်များဖြင့် ပမာပြု၍ အခန်း ၂၈ ခန်းခွဲကာ ရေးသားပြုစုထားသည်။ မူလစာအုပ်၏ အင်္ဂလိပ်အမည်မှာ The Discoverer ဖြစ်ပြီး ဦးနု၏သမီးအကြီးဖြစ်သူ ဒေါ်စန်းစန်းနုက 'မြတ်တရားကိုရှာဖွေတွေ့ရှိသူ' ဟု အမည်ပေးခဲ့ကြောင်း သူရေးသည့် ပထမအကြိမ်ပုံနှိပ်ခြင်းအမှာတွင် တွေ့ရသည်။

စာမျက်နှာ ၁ မှ ၄၁ အထိ နိဒါန်းခေါင်းစဉ်အောက်မှ ခေါင်းစဉ်ခွဲ ၃၄ ခုဖြင့် ရေးသားထားသောအကြောင်းအရာများမှာ စာရေးသူ သဘောပေါက်နားလည်သော ဗုဒ္ဓ၏ ဓမ္မကိုတစ်ဆင့်ပြန်လည်ရှင်းပြခြင်းနှင့် ဗုဒ္ဓ၏တရားတော်များ ပြန့်ပွားရေးအတွက် ကိုယ်တိုင်ပံ့ပိုးဆောင်ရွက်ချက်များ ဤစာအုပ်ရေးသားဖြစ်ပေါ်ရခြင်းတို့ကို ဖော်ပြထားခြင်း ဖြစ်သည်။ အခန်း (၁) မှ အခန်း (၂၈) အထိမှာ ဂေါတမဗုဒ္ဓ၏ ဖြစ်စဉ်ကို ပါရမီတော်ဖြည့်ကျင့်ခြင်း၊ ဗုဒ္ဓအ

မကောင်းမှုကို နှိမ်နင်းပြီး ကောင်းမှုကိုကျင့်သုံးသောမင်းသည် ကောင်း၏။ စာတတ်ပြီး ပညာရှိသောပုဂ္ဂိုလ်သည် ကောင်း၏။ မိတ်ဆွေတို့အား သဒ္ဓါမဲ့ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကောင်း၏။ မကောင်းတာကိုကျူးလွန်ခြင်းမှရှောင်ကြဉ်ခြင်းသည် စိတ်ချမ်းသာမှု၏အကြောင်းရင်းဖြစ်၏။

ဖြစ်သို့ ကျင့်ကြံရောက်ရှိခြင်း၊ ဗုဒ္ဓ၏ ဓမ္မကိုပြန့်ပွားခြင်း၊ ဆုံးမကယ်ချွတ်ထိုက်သူများကို ကယ်ချွတ်ခြင်းနှင့် ပရိနိဗ္ဗာန်ပြခြင်းတို့ကို စာရေးသူနားလည်သည့်ရှုထောင့်မှ ရှုမြင်၍ ရေးသားပြုစုထားခြင်း ဖြစ်သည်။

ဗုဒ္ဓရုပ်ဖွေတွေ့ရှိခဲ့သော ဓမ္မနှင့် လက်တွေ့ကျင့်ကြံမှုများသည် 'ဧဟိပဿိကော' ဟူသည့် လာ၍ကြည့် ရှုစမ်းသပ်နိုင်ကြောင်း၊ အစမ်းသပ်ခံနိုင်ကြောင်း၊ လက်တွေ့ကျကျဖိတ်ခေါ်နိုင်သော ဂုဏ်တော်နှင့် ပြည့်စုံခြင်းကို ဦးစွာ နိဒါန်းချီထားသည်။ ဤဂုဏ်တော်အတိုင်း ဗုဒ္ဓ၏ဓမ္မအပေါ် လက်တွေ့စမ်းသပ်မှုအားလုံးတို့တွင် ရိုးရိုးကလေးနှင့် စစ်မှန်သည့်တန်ဖိုးရှိသဖြင့် စာရေးသူကို နှစ်ခြိုက်စေခဲ့ကြောင်း၊ ထို့ကြောင့် သူကိုယ်တိုင် လေးကြိမ်တိုင်တိုင် စမ်းသပ်ခဲ့သည်များကို အကိုးအကား၊ ဥပမာ၊ ပုံဝတ္ထု၊ ကျမ်းအထောက်အထားတို့ဖြင့် ရှင်းပြထားခြင်းဖြစ်သည်။

အခန်း (၁) သစ္စာလေးပါးကိုတွေ့ရှိသူမှ အခန်း ၂၈ ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်တော်မူခြင်းအထိ ဗုဒ္ဓဝင်ဖြစ်စဉ်သည် ယခင့်ယခင် ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များရေးသားမှတ်တမ်းပြုခဲ့သော ဗုဒ္ဓဝင်နှင့် အခြေခံအားဖြင့် တူညီသော်လည်း တင်ပြပုံ၊ ရှုမြင်ပုံနှင့် ချဉ်းကပ်စီစဉ်ပုံမှာ အတန်ငယ်ကွဲပြားသည်ကိုတွေ့ရသည်။ ဗုဒ္ဓ၏ ဓမ္မကိုယုံကြည်သူတို့အဖို့ မရိုးနိုင်သည့် ဘုရားဟောအတိတ်သာဓက ပုံဝတ္ထုများကိုလည်း သူ့အခန်းနှင့်သူ ထည့်သွင်းအသုံးပြုသွားသည်။

အခန်း (၃) ပါရမီဆယ်ပါး ခေါင်းစဉ်အောက်မှ သီလပါရမီအကြောင်းတွင် ငှက်တစ်ကောင်ကိုသတ်သည့်ရဟန်းတစ်ပါးနှင့်ပတ်သက်၍ ဗုဒ္ဓက ကုရုဓမ္မဇာတ်တော်ကို ဟောကြားခဲ့သည်။ ထိုဇာတ်တော်သည် ဘုရားအလောင်းမင်းအဖြစ် အုပ်ချုပ်စီရင်သော ဣန္ဒပတ္ထပြည်တွင် မင်းနှင့်တကွ မူးမတ်ပြည်သူအပေါင်း ကုရုဓမ္မမည်သောအကျင့်ဆိုင်ရာ ဓမ္မသတ်ကို တိကျစွာလိုက်နာဆောက်တည်ကာ အကျင့်သီလကောင်းမွန်ခြင်းကြောင့် တိုင်းပြည်၏ ရာသီဥတုပါအထူးကောင်းမွန်ကြောင်း ကြားသိရသည့်အတွက် ပြင်းထန်စွာမိုးခေါင်ခြင်းဒဏ်ခံနေရသည့် ကလိင်္ဂတိုင်း၏မင်းက ၎င်း၏ပုဏ္ဏားအချို့ကို ဣန္ဒပတ္ထပြည်သို့ စေလွှတ်စုံစမ်းစေကြောင်း အခြေပြုထားခြင်းဖြစ်သည်။ ထိုပုဏ္ဏားတို့၏ စုံစမ်းလေ့လာချက်အရ အကျင့်သီလကိုတိကျစွာစောင့်ထိန်းနေသည့်ကြားက ၎င်းတို့၏ သီလအပေါ်တွင်ပင် ဒွိဟဖြစ်နေကြသူ မင်းကြီး၊ မယ်တော်မိဖုရား၊ မင်းကြီး၏ မိဖုရားကြီး၊ အိမ်ရှေ့မင်း၊ ပုရောဟိတ်၊ ကြိုးကိုင် (မြေတိုင်း) အမတ်၊ ရထားထိန်း၊ သူဌေးကြီး၊ ဘဏ္ဍာစိုး၊ တံခါးမှူး၊ ပြည့်တန်ဆာမတို့သည်ပင် ၎င်းတို့စောင့်ထိန်းနေသည့် ကုရုဓမ္မကို ဖောက်ဖျက်မိမှန်းမသိဘဲ ကျူးလွန်မိသည်များ ကိုယ်စီရှိနေခြင်းကြောင့် ပုဏ္ဏားတို့က ၎င်းတို့၏ သိက္ခာပိုဒ်များကို ရယူရန်မသင့်ဟု ငြင်းပယ်ကြသည်ကို တွေ့ရသည်။ မင်းမှအစပြုကာ ပြည့်တန်ဆာအထိ အကျင့်သီလကို လေးနက်ရှိသေစွာ စောင့်ထိန်းကြသောထိုတိုင်းပြည်သည် အေးချမ်းသာယာဝပြောခဲ့ကြောင်း ပမာပြုဟောကြားခဲ့ခြင်းဖြစ်သည်။ စင်စစ်အားဖြင့် ထိုမင်းနှင့် ပြည်သူတို့ စောင့်ထိန်းသော အကျင့်သီလမှာ အခြားမဟုတ် ယနေ့ဗုဒ္ဓဟောကြားခဲ့သည့် ငါးပါးသီလပင် ဖြစ်သည်။ ထိုသီလကို မြဲမြံစွာဆောက်တည်ကျင့်သုံးသော မင်းနှင့် တိုင်းပြည်ကို အောက်ပါအရေးအသားက ထင်ရှားစေသည်။

"ထို အကျင့်ဆိုင်ရာဓမ္မသက်ကို ကလိင်္ဂတိုင်း၏ ဘုရင်နှင့် ပြည်သူတို့က တိကျစွာစောင့်ထိန်းကြ၏။ ဤစောင့်ထိန်းခြင်းအကျိုးအားဖြင့် မိုးရွာသွန်း၏။ ကောက်ပဲသီးနှံသည် အစာအလုံအလောက်ပြုပေး၏။ အစာခေါင်းပါးမှုဖြစ်တုန်းက မင်းမူခဲ့သည့် အထွေထွေမငြိမ်သက်မှုသည် အလိုလို ပျောက်ကွယ်သွား၏။

သီလဆောက်တည်ခြင်းသည် မိမိနှင့်တကွ မိမိပတ်ဝန်းကျင်ရှိ မိမိအားမှီခိုနေသူများကိုရော၊ ပတ်ဝန်းကျင်ကိုပါ အကျိုးဖြစ်ထွန်းစေကြောင်း ဤအခြေအနေနှင့် ဆန့်ကျင်ဘက်ရှိနေသူများနှင့် နှိုင်းယှဉ်ကြည့်လျှင် သိသာထင်ရှားလှ၏။

ထိုအခန်းမှပင်လျှင် အလှဘုရင် ဥမ္မာဒန္တီအကြောင်း ပုံဝတ္ထုမှ သိဝိမင်းကြီးနှင့် ဥမ္မာဒန္တီ၏ခင်ပွန်းသည် အဘိပါရက စစ်သူကြီးတို့နှစ်ဦး အချီအချစကားပြောခန်းက ယနေ့ ဤနေရာတွင်ရှိသူတို့သာမက မည်သူမဆို အတုယူထိုက်လှသည်။ အကြောင်းက စစ်သူကြီး၏ဇနီးဖြစ်သူ ဥမ္မာဒန္တီကို မြင်လိုက်ရပြီးနောက် ခေတ္တမျှ ရူးသွတ်သည်အထိဖြစ်သွားသော သိဝိမင်းကြီးသည် စစ်သူကြီးက သူ့ဇနီးအားသိမ်းပိုက်နိုင်ကြောင်း မည်သို့ပင်ဖျောင်းဖျပြော ဆိုသော်ငြား လက်မခံဘဲ သူတော်ကောင်းတရားလက်မလွှတ်ဘဲ စစ်သူကြီးကိုပင် ပြန်ဆုံးမခြင်းမှာ များစွာလေးစားလောက်သည်။ ထိုအထဲမှ အောက်ပါ အချီအချစကားတို့က တန်ဖိုးရှိလှသည်။

စစ်သူကြီး ။ ။ ကျွန်ုပ်သည် မိမိမယားကို သင်မင်းကြီးအား တကယ်ဆက်သပါ၏။ သူမကိုလက်ခံတော်မူပါ။

သိဝိမင်းကြီး ။ ။ ပညာရှိသူတော်မြတ်တို့သည် ဒုက္ခရောက်သည်ဖြစ်စေ၊ ကြီးပွားတိုးတက်သည်ဖြစ်စေ မိမိတို့၏ အကျင့်လမ်းကြောင်းမှ ဘယ်တော့မှ သွေဖည်ကြမည်မဟုတ် . . . .

သူတို့သည် မကောင်းမှုကိုပြုပြီးနောက် နောင်တမရကြကုန်။ ထိုကဲ့သို့သောအုပ်ချုပ်သူတို့သည် အသက်ရှည်မည်

မဟုတ်၊ နတ်တို့သည် ထိုသို့သောပုဂ္ဂိုလ်များကို စက်ဆုပ်ရွံရှာ အထင်အမြင်သေးကြကုန်။ . . . ” စသဖြင့် သိဝိမင်းကြင်းဆိုနေပါသော်ငြား စစ်သူကြီးကလည်း မလျှော့စတမ်းပေးအပ်နေသောကြောင့် နောက်ဆုံးတွင် သိဝိမင်းက သူ့အားဖျက်ဆီးလိုရွေလော။ အခြားမင်းတစ်ပါးပါးကို အားကိုးရာမြင်ထား၍လောဟုဟန်ဆောင်ဒေါသထည့်၍ တုံ့ပြန်မှုသာ စစ်သူကြီးက ဥမ္မာဒန္တီကို ထပ်မံမဆက်သံတော့ပေ။ ထိုအခါမှ သိဝိမင်းက စစ်သူကြီးကိုပြောကြားသော အောက်ပါဆုံးမစကားမှာ လေးစားလိုက်နာဖွယ်ကောင်းလှ၏။

“အဘိပါရက၊ မကောင်းမှုကို နှိမ်နင်းပြီး ကောင်းမှုကိုကျင့်သုံးသောမင်းသည် ကောင်း၏။ စာတတ်ပြီး ပညာရှိသောပုဂ္ဂိုလ်သည် ကောင်း၏။ မိတ်ဆွေတို့အား သဒ္ဓါမဲ့ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကောင်း၏။ မကောင်းတာကို ကျူးလွန်ခြင်းမှရှောင်ကြဉ်ခြင်းသည် စိတ်ချမ်းသာမှု၏အကြောင်းရင်း ဖြစ်၏။

. . . အဘိပါရက နွားတန်၏ထိပ်၌ရှိသော ရှေ့ဆောင်နွားလားသည် ကောက်ကွေ့စွာသွားလျှင် သူ့နောက်က နွားတို့လည်း ကောက်ကွေ့စွာသွားကြ၏။ ဘုရင်သည် အကျင့်သီလ (ကောင်းမှု) လမ်းကြောင်းမှသွေဖည်လျှင် တစ်နိုင်ငံလုံးသည် ဒုက္ခပင်လယ်ထဲ၌ နစ်မြုပ်သွားလိမ့်မည်။

အဘိပါရက နွားကန်၏ ထိပ်၌ရှိသော ဦးဆောင်နွားလားသည် ဖြောင့်ဖြောင့်သွားလျှင် သူ့နောက်ကနွားတို့လည်း ဖြောင့်ဖြောင့်သွားကြ၏။ ထိုနည်းတူစွာပင် နိုင်ငံ့ခေါင်းဆောင်ဟု ယူဆထားသည့် ဘုရင်သည် ကောင်းမှုကိုကျင့်ကြံလျှင် နိုင်ငံ၌ဘာဖြစ်မည်ဆိုတာ ထင်ရှားသည့်အချက်ဖြစ်၏။ ပြည်သူတို့လည်း ကောင်းမှုကို ပြုကျင့်ကြပေမည်။ ဘုရင်သည် အကျင့်သီလ (ကောင်းမှု) လမ်းကြောင်းအတိုင်း လျှောက်သွားလျှင် နိုင်ငံအေးချမ်းမှု၊ ဝပြောမှုပျော်ရွှင်မှု ရှိလာလိမ့်မယ်”

အချုပ်အားဖြင့်ဆိုရသော် ဦးနှက်အင်္ဂလိပ်လိုရေးထားသည်ကို မြန်မာဘာသာပြန်ထားခြင်းဖြစ်၍ ယခင်ဦးနုစာအုပ်များကဲ့သို့ စကားပြေမည်ကောသည်မှအပ ဗုဒ္ဓရှာဖွေတွေ့ရှိခဲ့သော သစ္စာတရားကို လေ့လာဆည်းပူးလိုသူများအတွက် အခြားအခြားသော ဗုဒ္ဓဝင်များနှင့်မတူခြားနားသည့် ရှုထောင့်အမြင်ကို တွေ့မြင်ရပေမည်။ ဝန်ကြီးချုပ်တာဝန်ယူစဉ် သာသနာတော်နှင့်ပတ်သက်၍ သယ်ပိုးထမ်းဆောင်ခဲ့သည်များနှင့် ယခုစာအုပ်ပြုစုခဲ့သည့် ဦးနုကို နှစ် ၁၀၀ ပြည့်အခါသမယအတွက် Living Color က လေးစားစွာ သာဓုအနုမောဒနာ ပြုပါ၏။ စီစဉ်ထုတ်ဝေသောစာပေလောကဓ၏ စေတနာကိုလည်း အသိအမှတ်ပြုပါ၏။

ထုတ်ဝေတိုက် – စာပေလောက
မျက်နှာဖုံးဒီဇိုင်း – ဇော်မောင်
ထုတ်ဝေသည့်နှစ် – ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်
အုပ်ရေ – ၅၀၀
တန်ဖိုး – ၃၀၀၀
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၇၀၄၀၆၁၁

အသစ်စက်စက် ဖေဖေ၊ မေမေနဲ့ ပေါက်စလေး

ဒေါက်တာမာမာဆွေ

စုစုပေါင်းအခန်း (၇) ခန်းခွဲပြီး ခေါင်းစဉ်ခွဲပေါင်းများစွာဖြင့် အသေးစိတ်လမ်းညွှန်ပေးထားသည့် ဤစာအုပ်သည် မင်္ဂလာဦးဇနီးမောင်နှံများမဖြစ်မနေ ဝယ်ဖတ် မှတ်လေ့လာကာ လက်တွေ့လိုက်နာကျင့်သုံးရမည့်အချက်များ ဖြစ်သည်။

လူဘောင်လောကသို့ ရောက်ရှိလာသော လူသားတစ်ဦးအနေနှင့် သဘာဝအရရော မိမိလူ့အဖွဲ့အစည်းအတွက်ပါ မျိုးဆက်တာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်ကြရသည်။ Evolution ခေါ် ဆင့်ကဲတိုးတက်ပြောင်းလဲမှုဖြစ်စဉ်သဘောအရ လူသားသမိုင်းဦးအစမှသည် ယနေ့ကာလအထိ လူသတ္တဝါတို့၏ သဘာဝအရတုံ့ပြန်ဆောင်ရွက်မှုသဘောမှ ယဉ်ကျေးမှုအရ ထုံးတမ်းစဉ်လာသဘောအသွင်လက်ခံကျင့်သုံးလာကြသည်မှာ အိမ်ထောင်သားမွေးခြင်းဖြစ်သည်။

လက်ထပ်ထိမ်းမြားခြင်းနှင့် တစ်ဆက်တည်း မျိုးဆက်တာဝန်အလို့ငှာ သားသမီးရတနာများမွေးဖွားခြင်း၊ ပြုစုပျိုးထောင်ခြင်းတို့မှာလည်း စင်စစ်အားဖြင့် မိမိမျိုးဆက်တာဝန်တစ်ခုသာမက မိမိ၏ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ တာဝန်ကို သွယ်ဝိုက်၍ ထမ်းဆောင်ခြင်းမည်ပေသည်။ အကြောင်းမှာ မိမိတို့မွေးဖွားပြုစောင့်ရှောက်၊ လေ့ကျင့်သင်ကြားပေးလိုက်သော မိမိ၏မျိုးဆက်သည် လူ့အဖွဲ့အစည်းအကျိုးကို ခေါင်းဆောင်နေရာမှ စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်သူများ ဖြစ်လာနိုင်သောကြောင့်ပင်။ ထို့အတွက် ခံယူတတ်ပါက အိမ်ထောင်ပြုခြင်း သားသမီးမွေးဖွားခြင်းသည် သာမန်ပြုရိုးပြုစဉ်တစ်ခုထက်ပို၍လေးနက်ကာ အဓိပ္ပာယ်ပြည့်ဝသော လူ့သားတာဝန်တစ်ရပ်ထမ်းဆောင်ခြင်းမည်ပေသည်။

ဒေါက်တာမာမာဆွေ ရေးသားပြုစုသော ယခုစာအုပ်သည် ဆိုခဲ့ပါတာဝန်ကို ထမ်းဆောင်ကြမည့် အသစ်စက်စက်မိခင်၊ ဖခင်လောင်းများအတွက် အထူးတလည် အသုံးဝင်လှသည့် လမ်းညွှန်ချက်များ အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရသည်။ စာရေးသူ၏အမှာစာတွင် ယနေ့ကာလသည် ယခင်ယခင်အတိတ်ကာလများနှင့် စာလျှင် အဘက်ဘက်က တိုးတက်နေသောကြောင့် အရာရာလွယ်လင့်တကူ အဆင်သင့်ရနိုင်သည်ဆိုသော အားသာချက်ရှိနေလင့်ကစား အသစ်အသစ်သော စိန်ခေါ်မှုများကိုလည်း မိဘတိုင်းကြုံတွေ့ရနိုင်ကြောင်း နိဒါန်းချီထားသည်။ မှန်ပါသည်။ အသစ်အသစ်သောစိန်ခေါ်မှုများသည် ယခင်ယခင်ခေတ်များကမရှိခဲ့သော သဘာဝဘေးအန္တရာယ်၊ ကမ္ဘာကြီးပူနွေးမှု၊ စစ်မက်ထူပြောမှု၊ ဘာသာရေး၊ လူမျိုးရေးအစွန်း

ရောက် အကြမ်းဖက်မှု၊ ကူးစက်ရောဂါ ဘေး၊ ပြင်းထန်သောပြိုင်ဆိုင်မှုတို့အပါ အဝင် လူပီသသော လူသားဆန်သော လှုစရိုက်သဘာဝကို စမ်းသပ်စစ်ဆေးနေ သည့် စိန်ခေါ်မှုပေါင်းများစွာက အသင့် စောင့်ကြိုနေပါသည်။

လူသားမျိုးနွယ်တစ်ခုလုံး၏ မိခင် များအဖို့ ကိုယ်ဝန်ဆောင်စဉ်ကာလကပင် ဤတာဝန်ကို အထုပ်အထည်နှင့်ခံယူကြရ သည်။ ဤအတွက် ကိုယ်ဝန်ဆောင်စဉ် ကာလသည် အမျိုးသမီး၊ ဇနီးမယားတို့၏ တာဝန်သာဖြစ်သည်ဟု မှတ်ယူ၍မရ။ အိမ် ထောင်ဖက်အမျိုးသားတွင်လည်း တာဝန် ရှိသည်။ မဟာပုရိသဝါဒကို ယနေ့အထိ မသိမသာလက်ခံနေကြဆဲ အရှေ့တိုင်း သားတို့အဖို့ မိမိ၏ အိမ်ထောင်ဖက်ဇနီး ကိုယ်ဝန်ဆောင်နေစဉ်နှင့် မီးဖွားပြီး မွေး ကင်းစကလေးပြုစုပျိုးထောင်ရေးမှာ မဟာ ပုရိသတို့၏ တာဝန်မဟုတ်ဟု တလွဲမာန ဖြင့် ထင်မှတ်မှားလျက်ရှိနေကြသည်။ စင်စစ် လက်ထပ်ထိမ်းမြားသည့်အချိန်မှစ၍ ခင်ပွန်းနှင့် ဇနီးမယားနှစ်ဦးစလုံးတွင် အညီ အမျှတာဝန်ရှိကြသည်။ ဒေါက်တာမာမာ ဆွေ၏ စာအုပ်က ဤအတွေးအခေါ်ကို ဦးစွာဖော်ထုတ်ပေးထားနိုင်သည်။ ဤ အချက်ကို အောက်ပါအရေးအသားက ထင်ရှားစေသည်။

"နွေးနွေးထွေးထွေး ပွေ့ပိုက်ချစ်ခင် ယုယတဲ့သူဟာ မိခင်ဖြစ်ရမယ်တို့၊ ဖခင် ဖြစ်ရမယ်တို့ သတ်မှတ်ထားချက်မရှိသလို ဘယ်သူကမှလည်း အကဲဖြတ်နေတာမ ဟုတ်ပါဘူး။ နို့ချိုတိုက်ကျွေးတဲ့တာဝန်က လွဲရင် ကျန်အလုပ်အားလုံး ဖခင်လုပ်နိုင်တဲ့ အလုပ်ချည်းပါပဲ"

ဒေါက်တာမာမာဆွေအနေနှင့် မူ ရင်းစာရေးသူ Dr.Miriam Stoppard ၏ First-time Parents စာအုပ်ကို ဘာသာပြန် ဆိုထားသည်ဆိုသော်လည်း '၏' 'သည်' မရွေး တိုက်ရိုက်ပြန်ထားတာမျိုးမဟုတ်သည့် အပြင် မြန်မာများ၏ လက်တွေ့ဘဝများနှင့် ကိုက်ညီစေရန် မြန်မာဆန်ဆန် စဉ်းစား

ပေးပြီး စေတနာပါပါ လမ်းညွှန်ပေးထား သည်ကို သတိပြုမိသည်။

လက်တွေ့ကျကျဆိုရင် ခေါင်းစဉ်ခွဲ အောက်ရှိ "ဝင်ငွေထွက်ငွေအခြေအနေ၊ အကုန်အကျခံနိုင်မှုတို့ကို စဉ်းစားပြီး အကောင်းဆုံးဖြစ်အောင် စဉ်းစားရမှာပေါ့။ သက်သာနိုင်သမျှ သက်သာအောင်လည်း ထည့်သွင်းစဉ်းစားရမှာပါ" ဟူသော အရေး အသားက ထိုအချက်ကိုပေါ်လွင်စေသည်။ (စာ–၁၀)

အခန်း(၁) 'မိခင်ဖခင်အဖြစ် ခံယူ ကြတော့မယ်လို့ ဆုံးဖြတ်ပြီးပြီဆိုရင်' အောက်တွင် ဖခင်ဆိုတာ၊ မိဘဆိုတာ၊ လက်တွေ့ကျကျဆိုရင်၊ လုပ်ငန်းခွင်အကျိုး သက်ရောက်မှု၊ မိဘစိတ်ထား ခေါင်းစဉ်ခွဲ များကို သေချာစွာဖတ်ရှုလိုက်နာနိုင်လျှင် အကျိုးရှိနိုင်သည်။

အခန်း (၂) သည် မိခင်ရော ဖခင် ရောအတွက် ကိုယ်ဝန်ဆောင်စဉ် ကျန်းမာ ရေးအရ မဖြစ်မနေသိထားသင့်၊ ဆင်ခြင်၊ လိုက်နာဆောင်ရွက်သင့်သည်များကို စုံစုံ စေ့စေ့တင်ပြထားသည်။ အထူးသဖြင့် မွေး ဖွားလာမည့် ရင်သွေးကျန်းမာကြံ့ခိုင်ရေး အတွက် ကိုယ်ဝန်ဆောင်မိခင်တစ်ယောက် ၏ ကိုယ်၊ စိတ်နှလုံး၊ ကျန်းမာရေးမည်မျှ အရေးကြီးသည်ဆိုခြင်းကို ဤအခန်းပါ ခေါင်းစဉ်ခွဲအားလုံးက ရှင်းပြထားသည်။

အခန်း (၃) မှာမူ မွေးဖွားခါနီးဆဲဆဲ၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးစအခြေအနေ အားလုံးကို ဆရာဝန်တစ်ယောက်သိထား သလောက်နီးပါး ပြန်မျှဝေထားပုံရသည်။ ဆရာဝန်တစ်ဦးထက်ပိုသည်မှာ ဖခင်က ထိုကာလတွင် မည်သို့ကူညီနိုင်သည်၊ မည် သို့ပြင် ဆင်ထားသင့်သည်၊ ထို့အပြင် မိဘ အသစ်စက်စက်နှစ်ဦး အပြန်ပြန်အလှန် လှန်လိုလားတောင့်တချက်ကဲ့သို့ စိတ်ပိုင်း ဆိုင်ရာခံစားမှုနှင့် လိုလားချက်တို့ကိုပါ စိတ်ပညာရှုထောင့်မှ ထဲထဲဝင်ဝင် ဖော်ထုတ်သတိပေးထားသည်။ မွေးကင်းစ ကလေးတွင် ဖြစ်ပေါ်လေ့ရှိသည့် ခန္ဓာ ကိုယ်ပြင်ပအခြေအနေ၊ အတွင်းစိတ်သ ဘောသဘာဝ၊ အာရုံကြောတုံ့ပြန်မှုကအစ မွေးစကလေးငယ်တစ်ယောက်၏ သွင်ပြင် လက္ခဏာကြီးငယ်အားလုံး စေ့စွာ ဖော်ပြ ပေးထားသည်။ ယုတ်စွအဆုံး မွေးဖွားမည့် ဆေးရုံ ဆေးခန်းများတွင် မဖြစ်မနေရှိနေ ရမည့် နည်းပညာ ပစ္စည်းပစ္စယများကိုပင် အသေးစိတ်ဖော်ပြပေးထားသည်။ ကလေး တင်သာမက မွေးဖွားပြီးစ မိခင်တစ်ဦး ခံစားရနိုင်သော ဝေဒနာများနှင့် ၎င်းတို့ကို သက်သာပျောက်ကင်းစေရန် ပြုလုပ်ရမည့် လေ့ကျင့်ခန်းနှင့် နေထိုင်စားသောက်မှုတို့ ကိုပါ လမ်းညွှန်ပေးသည်။

အခန်း (၄) သည် မွေးဖွားပြီးစ ရင် သွေးကို ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ များကို အဓိကဖော်ပြထားသည့်အတွက် အရေးကြီးလှသည်။ အထူးသဖြင့် အရာရာ သင်ယူလေ့လာစပြုနေပြီဖြစ်သည့် ကလေး ငယ်များအပေါ် မှန်မှန်ကန်ကန်ပြုစုထိန်း သိမ်းတတ်မှသာ တတ်နိုင်သမျှ လူသား ဆန်၍ လူပီသသော လူတစ်ယောက်ဖြစ် လာနိုင်သည်။

'ကလေးအကြိုက်လိုက်ပါ' ခေါင်း စဉ်အောက်တွင်ဖော်ပြထားသော ကလေး စိတ်ပညာဆိုင်ရာအယူအဆသည် ယနေ့ က လေးမိခင် ဖခင်များ အထူးသတိပြုရ မည် ဖြစ်သည်။ ငိုသောကလေးတစ်

လက်ထပ်ထိမ်းမြားခြင်းနှင့် တစ်ဆက်တည်း မျိုးဆက်တာဝန်အလို့ငှာ သားသမီးရတနာများမွေးဖွားခြင်း၊ ပြုစုပျိုးထောင်ခြင်းတို့မှာလည်း စင်စစ်အားဖြင့် မိမိမျိုးဆက်တာဝန်တစ်ခုသာမက မိမိ၏ လူ့အဖွဲ့အစည်းတစ်ခုလုံး၏တာဝန်ကို သွယ်ဝိုက်၍ထမ်းဆောင်ခြင်းမည်ပေသည်။ အကြောင်းမှာ မိမိတို့မွေးဖွားပြုစုစောင့်ရှောက် လေ့ကျင့်သင်ကြားပေးလိုက်သော မိမိ၏မျိုးဆက်သည် လူ့အဖွဲ့အစည်းအကျိုးကို ခေါင်းဆောင်နေရာမှ စွမ်းစွမ်းတမံသယ်ပိုးထမ်းရွက်သူများ ဖြစ်လာနိုင်သောကြောင့်ပင်။

ယောက်ကို ချက်ချင်းအရေးတယူလုပ်ဆောင်သင့်သည်။ ဤသို့ဆောင်ရွက်ခြင်းအားဖြင့် လိမ္မာသောကလေးတစ်ယောက်ဖြစ်လာနိုင်သည်ဆိုခြင်းကို ရှင်းပြထားပြီး ငယ်ရွယ်စဉ် ရိုက်နှက်ခြင်း၊ ဆူပူခြောက်လှန့်ခြင်း၊ အတင်းအကြပ်ပုံသွင်းခြင်းတို့သည် ကလေးကိုဖျက်ဆီးနေခြင်းဟု ဆိုထားသည်။

ဤအခန်းတွင် နောက်ထပ်အရေးကြီးသည်မှာ မိခင်နို့တိုက်ကျွေးခြင်းဖြစ်သည်။ မွေးမွေးချင်းကလေးကို မိခင်နို့တိုက်ကျွေးခြင်းအားဖြင့် မိခင်နှင့်ကလေးအကြားသံယောဇဉ်နှောင်ကြိုးကို ပြသခြင်းဖြစ်သည့်အပြင် ကလေးကျန်းမာရေးအတွက်ပါ အထူးအရေးကြီးလှသည်။ ဘာသာပြန်ဆိုထားသောစာအုပ်တွင်ပါသည့် အကြောင်းအရာဖြစ်သည့်အတွက်ရော အကြောင်းကြောင်းကြောင့် နို့ဘူးတိုက်သည့် မိခင်များအတွက်ကိုပါ ရည်ရွယ်ကာ နို့ဘူးတိုက်ခြင်းနှင့်ပတ်သက်၍ ရေးသားလမ်းညွှန်ထားသော်လည်း သူကိုယ်၌ကမူ အားမပေးကြောင်း အောက်ပါစာပိုဒ်က ဖော်ညွှန်းနေသည်။

"မိခင်နို့တိုက်တာကိုတော့ ဘယ်လိုမှ မယှဉ်နိုင်တာမို့ နို့ဘူးတိုက်တာကို အပြစ်မတင်လိုသော်လည်း အားမပေးပါဘူး။ နို့ဘူးတိုက်သင့်မသင့် မဆုံးဖြတ်ရသေးဘူးဆိုရင်တော့ မိခင်နို့ရဲ့ ကောင်းကြောင်းများကို အရှေ့စာပိုဒ်တွေမှာ လေ့လာကြည့်ပါဦးလို့ တိုက်တွန်းလိုပါတယ်"

အခန်း (၅) သည်လည်း မိဘဝတ္တရားကျေပွန်လိုသူမိဘတိုင်း မဖြစ်မနေဖတ်သင့်မှတ်သင့် လိုက်နာသင့်သည့်အချက်များချည်း ဖြစ်သည်။ အထူးသဖြင့် ရင် အုပ်မကွာပြုစုသင့်သော အရွယ်ဖြစ်နေသည့်ကလေးငယ်တို့အဖို့ ဤအခန်းပါအချက်များကို သေချာစွာလိုက်နာခြင်းအားဖြင့် မိခင်တို့၏ မေတ္တာပြည့်ပြည့်ဝဝရှိသော ကြင်နာနွေးထွေးမှု၊ ဂရုစိုက်မှု၊ ယုယပိုက်ထွေးမှုရရှိကာ အရွယ်ရောက်လာသည့်အခါ တစ်ပါးသူအပေါ် မေတ္တာစိတ်ထားနိုင်သူများ ကိုယ်ချင်းစာ၊ အကြင်နာစိတ်ထားနိုင်သူများ ဖြစ်လာနိုင်သည်။

ကလေးကြီးထွားမှုအဆင့်ဆင့်ကို အသက်အရွယ်အလိုက် လအလိုက် ဇယားနှင့်တကွ အစီအစဉ်တကျ ဖော်ပြပေးထားပြီး ကလေးစနစ်တကျကြီးထွားဖွံ့ဖြိုးလာစေရန်၊ ကာယဉာဏဆိုင်ရာ အချိုးညီညီတိုးတက်လာစေရန် မိခင်ဖခင်တို့အနေဖြင့် ကလေးနှင့် ဆော့ကစားပေးခြင်းကထိရောက်သော ပံ့ပိုးမှုဖြစ်ကြောင်း ထွေညီစွာ ရှင်းလင်းပေးထားသည်။ အထူးသဖြင့် ကလေးငယ်၏ အမြင်အာရုံ၊ အကြားအာရုံ၊ အထိအတွေ့အာရုံ၊ အရသာခံနိုင်မှုအာရုံစသော အာရုံများ သဘာဝအတိုင်း ဖွံ့ဖြိုးကြီးထွားမှုရှိ မရှိနှင့် ယင်းကိုသိနိုင်ရန် မည်သို့စစ်ဆေးနိုင်သည်တို့ကိုလည်း ညွှန်ပြပေးသည်။

နောက်ဆုံးအခန်း (၅) ၌ လုပ်ငန်းခွင်သို့ အသီးသီးပြန်လည်ဝင်ရောက်ရမည့် မိဘနှစ်ဦးစလုံးအတွက် လိုလေသေးမရှိလမ်းညွှန်ပေးထားသည်။ မီးဖွားခွင့်စရိတ်စက၊ နောက်ထပ်ကလေးယူရန်၊ ကလေးကျန်းမာရေးအလို့ငှာ ဆက်သွယ်အကူအညီ ယူသင့်သူများ အစရှိသဖြင့် အဘက်ဘက်က ပြည့်စုံလုံလောက်စွာ စဉ်းစားလမ်းညွှန်ပေးထားသည်။

အချုပ်ဆိုရလျှင် ယနေ့မျက်မှောက်ကာလ အရွယ်ရောက်ကြီးပြင်းလာသူ မည်သူမဆို ငယ်ဘဝဖြတ်သန်းမှုက များစွာအရေးကြီးလှသည်။ မိခင်ဖခင်နှစ်ဦးအပါအဝင်၊ အဘိုးအဘွား၊ ဆွေမျိုးသားချင်းများ၏ချစ်ခြင်းမေတ္တာအပြည့်အဝရရှိရန်၊ နည်းမှန်လမ်းမှန်ကြီးထွားဖွံ့ဖြိုးလာစေရန် ရှေ့ဆောင်လမ်းပြနေရာမှ မိမိလူ့အဖွဲ့အစည်းတာဝန်ကို ထမ်းဆောင်နိုင်သူဖြစ်လာစေရန် ထိမ်းမြားလက်ထပ်ပြီးစ ဇနီးမောင်နှံများသာမက သက်ဆိုင်ပတ်သက်သူအားလုံး မဖြစ်မနေ လက်ကိုင်ပြုရမည့်စာအုပ်ဖြစ်သည်။ စာအုပ်နောက်ကျောဖုံးနှင့် အတွင်းရှေ့ ဒုတိယစာမျက်နှာတွင်သာ မူရင်းစာအုပ်အမည်ကို ဖော်ပြပေးထားပြီး စာရေးသူ(ဘာသာပြန်သူ) ၏အမှာစာတွင်မူ ၎င်းကိုယ်တိုင် ရေးသားပြုစုထားသယောင် ဖြစ်နေခြင်းမှလွဲလျှင် စာရေးသူ၊ ထုတ်ဝေတိုက်၏စေတနာကို Living Color က အသိအမှတ်ပြုသည်။

ထုတ်ဝေတိုက် – တူဒေး
မျက်နှာဖုံးဒီဇိုင်း – မုတ်သုန်
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်
ထုတ်ဝေသည့်ခုနှစ် – ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၄၅၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ် – ၄၀၁၁၆၀၁၀၀၈ ■

၂၀၀၈ ခုနှစ် နိဝင်ဘာ၊ ဒီဇင်ဘာအတွင်း ထွက်ရှိသောစာအုပ်များ

စဉ်	စာအုပ်အမည်	စာရေးသူ	အုပ်ရေ	တန်ဖိုး (ကျပ်)	ထုတ်ဝေတိုက်	ထုတ်ဝေနှစ်	စာအုပ် အမျိုးအစား
၁။	စီးပွားဖျက်သူလျှို၏ ဖြောင့်ချက် စာမူခွင့်ပြုချက်အမှတ် – ၄၀၀၆၉၂၀၆၀၈	နေဇင်လတ်	၅၀၀	၂၈၀၀	စိတ်ကူးချိုချို	၂၀၀၈၊ ဒီဇင်ဘာ (ပ–ကြိမ်)	စီးပွားရေး
၂။	မှန်၏မောင်အရိပ် စာမူခွင့်ပြုချက်အမှတ် – ၅၀၁၄၈၂၁၀၀၈	ကြည်အေး	၅၀၀	၂၇၀၀	စိတ်ကူးချိုချို	၂၀၀၈၊ ဒီဇင်ဘာ (ဒု–ကြိမ်)	ဝတ္ထု
၃။	မာနဝပုံရိပ် စာမူခွင့်ပြုချက်အမှတ် – ၄၀၀၇၀၄၀၆၀၈	ပါရဂူ	၅၀၀	၃၀၀၀	စိတ်ကူးချိုချို	၂၀၀၈၊ ဒီဇင်ဘာ (ပ–ကြိမ်)	ရုပ်ပုံလွှာများ
၄။	လောက၊ ဓမ္မ၊ ဘဝနိဗ္ဗာန်တိုင်အောင် စာမူခွင့်ပြုချက်အမှတ် – ၃၂၀၃၆၂၀၇၀၈	ပါရဂူ	၅၀၀	၁၅၀၀	စိတ်ကူးချိုချို	၂၀၀၉၊ ဇန်နဝါရီ (ပ–ကြိမ်)	ဘာသာရေး
၅။	အမေနှင့်ကျွန်တော် စာမူခွင့်ပြုချက်အမှတ် – ၄၀၁၀၂၉၀၉၀၈	ပါမောက္ခ ခင်မောင်ဝင်း (အသည်း)	၅၀၀	၂၅၀၀	နန်းဒေဝီ	၂၀၀၈၊ ဒီဇင်ဘာ (ပ–ကြိမ်)	မိဘမေတ္တာဖွဲ့ ဆောင်းပါး ပေါင်းချုပ်
၆။	ဒေါက်တာရေချမ်း စာမူခွင့်ပြုချက်အမှတ် – ၅၀၀၈၀၅၀၇၀၇	ဗန်းမော်တင်အောင်	၅၀၀	၂၀၀၀	ယဉ်မျိုး	၂၀၀၈၊ ဒီဇင်ဘာ (ပ–ကြိမ်)	ဝတ္ထု
၇။	အမှတ်တရတိုက်ပွဲများ အမှတ်(၁) စီစီဝမ်တာပန်တိုက်ပွဲကြီး စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၇၃၁၀၀၈	သောင်းဝေဦး	၁၀၀၀	၁၅၀၀	မြရတနာ	၂၀၀၈၊ ဒီဇင်ဘာ (ပ–ကြိမ်)	ဖြစ်ရပ်မှန်
၈။	အောင်ပွဲခံသူဖြစ်ဖြစ်ပါစေ	ချစ်နိုင် (စိတ်ပညာ)	၂၀၀၀	၁၀၀၀	နိုင်	၂၀၀၈၊ ဒီဇင်ဘာ (ပ–ကြိမ်)	ဆောင်းပါး ပေါင်းချုပ်
၉။	မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းများ စာမူခွင့်ပြုချက်အမှတ် –၃၁၀၀၅၈၀၈၀၈	တက္ကသိုလ် စိန်တင်	၁၁၀၀	၆၀၀၀	အားမာန်သစ်	၂၀၀၈၊ နိဝင်ဘာ (ပ–ကြိမ်)	နိုင်ငံရေး
၁၀။	လူသုံးယောက်မှတ်တမ်း စာမူခွင့်ပြုချက်အမှတ်–၅၀၁၅၁၈၁၀၀၈	လူနေ	၅၀၀	၁၅၀၀	ရွှေအိမ်မျူး	၂၀၀၈ ၊ နိဝင်ဘာ (ပ–ကြိမ်)	ဝတ္ထု
၁၁။	သီချင်းလူ၊ ပုံပြင်လူ၊ ငြိမ်းချမ်းလူ စာမူခွင့်ပြုချက်အမှတ်–၄၀၀၃၃၁၀၀၃၀၈	ဒေါက်တာ အောင်ကြီး	–	၁၅၀၀	သီရိဂန္ဓမာ	၂၀၀၈၊ စက်တင်ဘာ (ပ–ကြိမ်)	အတွေ့အကြုံ
၁၂။	သေမင်းနှင့်စစ်ခင်းသူ စာမူခွင့်ပြုချက်အမှတ်–၅၀၁၄၁၆၀၉၀၈	ဒဂုန်ရွှေမျှား	၅၀၀	၂၅၀၀	Quality Publishing House	၂၀၀၈၊ ဒီဇင်ဘာ (ပဉ္စမ–ကြိမ်)	သိပ္ပံဝတ္ထု

၁၃။	ဝတုတ်ဟင်းလျာငါးနှင့် ပင်လယ်စာချက်ပြုတ်နည်း စာမူခွင့်ပြုချက်အမှတ်-၄၀၁၀၈၉၁၀၀၈	မမကြီး	၅၀၀	၁၅၀၀	စိတ်ကူးချိုချို	၂၀၀၈၊ ဒီဇင်ဘာ (ပ-ကြိမ်)	တရုတ်ဟင်းချက်နည်း
၁၄။	မေးကြမယ်၊ ဖြေကြမယ် ပျော်ရွှင်စရာသုတကမ္မာ စာမူခွင့်ပြုချက်အမှတ်-၄၀၀၃၉၇၀၃၀၈	Unity	–	၁၂၀၀	အိပ်မက်ရိပ်	၂၀၀၈၊ အောက်တိုဘာ (ပ-ကြိမ်)	ကလေးစာပေ
၁၅။	ကျွန်တော်နှင့် ကျွန်တော့်ပတ်ဝန်းကျင် စာမူခွင့်ပြုချက်အမှတ်-၄၀၁၁၄၁၁၀၀၈	နိုင်ဇော် Lazy Club	၅၀၀	–	အာကာဖြူစင်	၂၀၀၈၊ ဒီဇင်ဘာ (ပ-ကြိမ်)	ဆောင်းပါး ပေါင်းချုပ်
၁၆။	မြတ်တရားကိုရှာဖွေတွေ့ရှိသူ စာမူခွင့်ပြုချက်အမှတ်-၃၂၀၇၀၄၀၆၁၁	ဦးနု	၅၀၀	၃၀၀၀	စာပေလောက	၂၀၀၈၊ အောက်တိုဘာ (ပ-ကြိမ်)	ဘာသာရေး
၁၇။	ကျွန်တော်ခရီးသွားသောအခါ စာမူခွင့်ပြုချက်အမှတ်-၄၀၁၀၆၁၀၉၀၈	မောင်မိုး	၁၀၀၀	၂၈၀၀	Treasure Publishing House	၂၀၀၈၊ နိုဝင်ဘာ (ပ-ကြိမ်)	ခရီးသွား ဆောင်းပါးများ
၁၈။	၄ာက်လျာထမ်း၍ခရီးကြမ်းနှင့် အခြားဘဝဖြစ်ရပ်များ စာမူခွင့်ပြုချက်အမှတ်-၄၀၀၉၅၁၇၀၅၀၈	ကေသီပန် ဦးလှမြင့်	၅၀၀	၂၀၀၀	–	၂၀၀၈၊အောက်တိုဘာ (ပ-ကြိမ်)	အတွေ့အကြုံ
၁၉။	ပုဂံစေတီပုထိုးများသမိုင်းနှင့် ခရီးသွားလမ်းညွှန် စာမူခွင့်ပြုချက်အမှတ်-၃၂၀၄၈၆၈၀၉၀၈	တင်နိုင်တိုး	၅၀၀	၁၀၀၀	ယုံကြည်	၂၀၀၈၊ ဒီဇင်ဘာ (ပ-ကြိမ်)	သမိုင်း
၂၀။	အမှတ်တမဲ့အချစ် ထာဝရမေတ္တာ မပြယ်သောအလွမ်းနှင့် သံယောဇဉ် ကောင်မလေးတစ်ယောက် စာမူခွင့်ပြုချက်အမှတ်-၅၀၀၃၉၈၀၃၀၈	အညီ(သီပေါ)	၁၀၀၀	၅၀၀	လွိုင်ဆမ်ဆစ်	၂၀၀၈၊ ဒီဇင်ဘာ (ပ-ကြိမ်)	ရသ

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

တစ်ဦးတည်းကိုယ်စားလှယ်

စဉ်	ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ	ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ	ဆက်သွယ်ရမည့် ပုဂ္ဂိုလ်	အထက်မြန်မာပြည် ကိုယ်စားလှယ်
၁။	FINETECT Mini LED Projector (ကိုရီးယား)	LINK MASTER အခန်းအမှတ်–၇၀၃၊ ၇ လွှာ၊ Excel Tower၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင် လမ်းဆုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၉၃၇၇၊ လိုင်းခွဲ–၆၉၀၁၊ ၆၉၀၂	ဦးညွန့်ဝင်း (Product Director)	မရှိ
၂။	EUSHIDO & INSIN Professional Hair Care Series (ဂျပန်)	RDC Co., Ltd. အခန်းအမှတ်–၁၀၀၆၊ ၁၀ လွှာ၊ ယုဇနာတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၇၉၃၇၊ ၅၅၂၇၃၃၊ ၀၉–၅၁၁၆၅၀၈	ဦးဝေလင်းထွန်း (Assistant General Manager)	RDC Co., Ltd. အမှတ်–၆၅၂၊ ၇၈ လမ်း၊ ၃၇ × ၃၈ လမ်းကြား၊ မဟာ အောင်မြေမြို့နယ်၊ မန္တလေး။ ဖုန်း–၀၉–၅၁၁၆၄၁၀၊ ၀၂– ၇၂၆၃၀၊ ၇၂၆၃၁ လိုင်းခွဲ–၁၃၃
၃။	Color Play Cosmetics (ကိုရီးယား)	AQUA LAND CO., LTD. အမှတ်–၂၇၊ ကမ္ဘောဧရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၄၁၄၅၊ ၅၀၂၁၇၀၊ ၇၂၅၂၈၆၊	ဦးအောင်ကျော်ဌေး (Sales Manager)	AQUA LAND CO., LTD. အမှတ်–၅၆၊ ၇၅ လမ်း၊ ၂၇ × ၂၈ လမ်းကြား၊ ချမ်း အေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၃၄၆၀၈
၄။	YP ချုပ်ရိုးပျော်ဂယောဆော် စက် (မြန်မာ)	Young Power Electric (YP) အမှတ်–၁၇၊ ပြည်ထောင်စုလမ်းမကြီး၊ (၂၄) ရပ်ကွက်၊ (မယကရုံးနှင့် မျက်နှာချင်းဆိုင်) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၉၀၇၈၇၊ ၀၉–၈၀၂၀၄၀၅၊ ၀၉–၅၁၈၇၅၄ E-mail:younglumaw@gmail.com	ဦးလူမော် (လုပ်ငန်းအကြီးအကဲ)	မရှိ
၅။	Vicee ဗီတာမင်စီငုံဆေးပြား (ဖိလစ်ပိုင်)	UNITED PHARMA CO., LTD. အမှတ်–၁၆၊ အင်းလျားလမ်း၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၈၀၈၆၊ ၅၃၈၀၉၅၊ ၅၃၅၄၈၄	ဒေါ်မိုမိုအိ (Brand Manager)	UNITED PHARMA CO., LTD. အမှတ်–(A–၄)၊ ပထမထပ်၊ ၇၈ လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၃၆၁၃၃၊ ၃၁၂၅၅၊ ၆၀၃၃၆

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို စေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

D & D Group Co., Ltd.

မြန်မာနိုင်ငံ၌ အိမ်တွင်းအိမ်ပြင်အလှဆင်ခြင်း (Decoration)နှင့် ဒီဇိုင်းရေးဆွဲပေးခြင်း၊ ခေတ်မီသန့်စင်ခန်းသုံးပစ္စည်း (Sanitary Ware)များတင်သွင်းခြင်း၊ အင်တာနက်ကဖီးနှင့် စားသောက်ဆိုင် (Food & Drink) လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီလုပ်ငန်းစု ဖြစ်သည်။

- ကုမ္ပဏီကို ၂၀၀၆ ခုနှစ် နစ်ဆန်းပိုင်းတွင် ရန်ကုန်မြို့၌ တည်ထောင်ခဲ့ပြီး နေအိမ်အဆောက်အအုံအတွင်းအပြင်အလှဆင်ခြင်း (Decoration & Landscaping) ဝန်ဆောင်မှုများဖြင့် လုပ်ငန်းစတင်ခဲ့သည်။
- ကုမ္ပဏီတည်ထောင်သူနှင့် အကြီးအကဲမှာ ဒေါ်မိမိခိုင်ဖြစ်ပြီး ဝါရင့်ပြည်ပ Designer နှင့် ကျွမ်းကျင်အင်ဂျင်နီယာများ၊ လုပ်ငန်းခွဲအသီးသီးမှဝန်ထမ်းများအပါအဝင် ဝန်ထမ်းအင်အား ၃၀ ဦးကျော်ရှိသည်။
- နေအိမ်အဆောက်အအုံအတွင်းအပြင်၊ ကုမ္ပဏီရုံးခန်း၊ စားသောက်ဆိုင်၊ ပရိဘောဂဒီဇိုင်းများ၊ အဆောက်အအုံပြင်ပ Landscape ဒီဇိုင်းများရေးဆွဲခြင်း၊ အလှဆင်ဝန်ဆောင်မှုပေးခြင်း၊ ဆက်စပ်ပစ္စည်းများ တင်သွင်းရောင်းချခြင်း စသည်တို့ကို အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးလျက်ရှိသည်။
- အဆောက်အအုံအတွင်းအပြင် အလှဆင်ဝန်ဆောင်မှုပေးခဲ့သော ထင်ရှားသည့် အဆောက်အအုံအချို့မှာ ကျောက်တံတားမြို့နယ်ရှိ IHBC စင်တာ၊ လမ်းမတော်မြို့နယ်ရှိ High Tech Tower ၊ သဃ်နိုးကျွန်းမြို့နယ်ရှိ မေခမလိခအိမ်ရာ စသည်တို့ဖြစ်သည်။
- ၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် Shining Home Decoration Material Sale Center ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်တွင်ဖွင့်လှစ်ခဲ့ပြီး နေအိမ်အဆောက်အအုံအလှဆင်ပစ္စည်းများ၊ ကော်ဇောဒီဇိုင်းအမျိုးမျိုးတို့အပြင် တရုတ်(တိုင်ပေ) မှ တစ်ဦးတည်း

ကိုယ်စားလှယ်အဖြစ် ISO 9001-2000 Certificate ရရှိထားသည့် ခေတ်မီရေအိမ်နှင့် ရေချိုးခန်းသုံးပစ္စည်း (Stanitary Wares) အမျိုးမျိုးတို့ကို တင်သွင်းဖြန့်ချိခြင်း၊ တပ်ဆင်ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

- ၂၀၀၈ ခုနှစ် မေလတွင် Com Internet & Game Centre ကိုလည်းကောင်း၊ ဂူလိုင်လတွင် ယင်းစင်တာနှင့်တွဲဖက်၍ Food and Drink Centre ကိုလည်းကောင်း လသာမြို့နယ် လသာလမ်းတွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

- အင်တာနက်နှင့် ဂိမ်းဝန်ဆောင်မှုအဖြစ် ADSL Broadband နှင့် WiMax Broadband Wireless အင်တာနက်နှစ်မျိုးစလုံးကို ချိတ်ဆက်ထားပြီး Webcam နှင့် Video ကြည့်ရှုနိုင်သည့် ကွန်ပျူတာ ၄၀ လုံးကျော် တပ်ဆင်ထားရှိသည်။

- စင်တာအဆောက်အအုံလေးထပ်ပါရှိပြီး မြေညီထပ်တွင် ဟောင်ကောင်စတိုင်မြေအိုးထမင်း၊ ထိုင်းအစားအစာ၊ ဥရောပအစားအစာ၊ ကော်ဖီနှင့် Drink အမျိုးမျိုးတို့ကို မှာယူသုံးဆောင်နိုင်သည့် Food & Drink ဆိုင်ကိုလည်းကောင်း၊ ပထမထပ်တွင် အင်တာနက်ကဖီးဝန်ဆောင်မှုကိုလည်းကောင်း၊ ဒုတိယထပ်တွင် သီးသန့်အင်တာနက်အသုံးပြုနိုင်သည့်အခန်းများ (Privacy Internet Rooms) ကိုလည်းကောင်း၊ တတိယထပ်တွင် နောက်ဆုံးပေါ်ဂိမ်းမျိုးစုံကို Network ချိတ်ဆက်အသုံးပြုနိုင်သည့် Game Centre ကိုလည်းကောင်း အသီးသီးဖွင့်လှစ်ဝန်ဆောင်မှုပေးလျက် ရှိသည်။

- အင်တာနက်နှင့် Game Centre အခန်းများကို ခေတ်မီဒီဇိုင်းဖြင့် ပြည့်ပပညာရှင်များကိုယ်တိုင်ဦးစီးပြီး Decoration အလှဆင်ထားရှိသည်။

- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

– ဒေါ်သင်းသင်းအောင် (အထွေထွေမန်နေဂျာ)
D & D Group Co., Ltd.
အခန်း–၂၀၃၊ Central Tower ၊ ၃၉ လမ်းနှင့်
အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၃၈၁၉၅၅၊ ၃၈၁၉၄၄၊ ၃၈၁၉၄၃ (လိုင်းခွဲ–၁၂၀၃)၊
ဖက်စ်–၃၈၁၉၄၆
E-mail:ddhou@mptmail.net.mm,hkn 770122@gmail.com.

– ဒေါ်ဝင်းမင်းဦး (မန်နေဂျာ)
Shining Home Decoration Material Sale Centre
အခန်း–၀၀၅/၀၀၆၊ Central Tower၊ လမ်း ၄၀ ၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၁၉၄၄၊ ၃၈၁၉၅၅၊ ဖက်စ်–၃၈၁၉၄၆
E-mail:shininghome 2008@gmail.com

– ဒေါ်ယဉ်ယဉ်မိုး (မန်နေဂျာ)
Com Internet & Game Centre, Food & Drink
အမှတ်–၁၀၁၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၁၈၈၃၊ ၃၉၅၇၈၂၊ ၂၅၀၈၅၄
E-mail:cominternet@cybertech.net.mm,
com-net-cafe@myanmar.com.mm

"အမေရိကန်ဖြစ်ဖြစ်၊ တရုတ်ဖြစ်ဖြစ်၊ အိန္ဒိယဖြစ်ဖြစ် အားလုံးဟာ သူ့ကိုယ်ကျိုးအခြေခံပြီးလုပ်နေတာပါပဲ"

ပါမောက္ခဒေါက်တာတင်စိုးနှင့် တွေ့ဆုံခြင်း

Powerful Press

နိဒါန်း **တကာတွင် ယနေ့ကြုံတွေ့နေရသည့် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းသည် Globalization သဘော အရ ကမ္ဘာ့နိုင်ငံအသီးသီးသို့လည်း ရိုက်ခတ်မှုရှိပါသည်။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ဘဏ္ဍာရေးကွန်ရက်နှင့် တိုက်ရိုက်ချိတ်ဆက်ထားခြင်းမရှိစေကာမူ လုံးဝလွတ်ကင်း၍မရဘဲ သွယ်ဝိုက်၍ ထိခိုက်သက်ရောက်မှုရှိပါသည်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးအပါအဝင် ရေမြေသယံဇာတ၊ စက်မှုကုန်ကြမ်းသီးနှံ၊ ကုန်ပစ္စည်းများကို အဓိကတင်ပို့၍ ဝင်ငွေရှာဖွေနေရသည့်နိုင်ငံဖြစ်သည့်အတွက် ဝယ်လက်နိုင်ငံများ၏ ဘဏ္ဍာရေးအကျပ်အတည်းကြောင့် နိုင်ငံ၏ပို့ကုန်ကဏ္ဍအပေါ် ကြီးစွာရိုက်ခတ်မှုရှိပါသည်။ နိုင်ငံလူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်ရှိနေသော တောင်သူလယ်သမားများအပါအဝင် နိုင်ငံ၏ လူထုလူတန်းစားအသီးသီး၊ ကဏ္ဍအားလုံးနှင့်ချိတ်ဆက်နေသော စီးပွားရေးကဏ္ဍများ ယိမ်းယိုင်မသွားစေရန် မည်သို့ပြင်ဆင်ဆောင်ရွက်သင့်သည်ကို စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ ပါမောက္ခဒေါက်တာတင်စိုးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။**

LC ။ ။ အရှ ဆရာ ဒီ Global Recession ရဲ့ ဂယက်ကြောင့် ကျွန်တော်တို့ဆီမှာ သိသိသာသာထိတဲ့အပိုင်းကို ရောက်လာပါပြီ။ သစ်၊ ပဲ၊ ရော်ဘာ စသဖြင့်ပေါ့ဆရာ။ ဒီအပိုင်းကို ပထမဆုံးဆရာ ဘယ်လို Recover လုပ်နိုင်မလဲပေါ့။

Dr.TS ။ ။ ဒါကတော့ ကမ္ဘာနဲ့ယှဉ်ပြီးထိတဲ့ကိစ္စပါ။ ဒီဟာကိုရှင်းဖို့ အစိုးရကဏ္ဍနဲ့ နိုင်ငံပိုင်ကဏ္ဍ ဒီထက်ပူးပေါင်းလုပ်ကိုင်ဖို့လိုပါမယ်။ အထူးသဖြင့် ပုဂ္ဂလိကကို ပိုပြီးလုပ်ပိုင်ခွင့်ပေးရမယ်လို့ ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပုဂ္ဂလိကက ဈေးကွက်ကို တွန်းတွန်းတိုက်တိုက်နဲ့ အလျင်အမြန်ဝင်နိုင်လို့ပဲဖြစ်ပါတယ်။ အပြိုင်အဆိုင်အချိန်မီ ဝင်နိုင်ထွက်နိုင်ခြေရှိတာပေါ့ဗျာ။ အခုအနေအထားက နိုင်ငံတိုင်းကသုံးငွေ၊ ထွက်ငွေတွေ လျော့နေရတဲ့အချိန်လေ။ သူလည်းလျော့၊ ငါလည်းလျော့တဲ့အချိန်။ အကုန်လျော့နေတဲ့အချိန်။ ဒီတော့ G to G လို့ခေါ်တဲ့ အစိုးရချင်းရောင်းတာတစ်ခုထဲနဲ့ သိပ်မဖြစ်တော့ဘူး။ ပုဂ္ဂလိကကုန်သည်တွေကို အခုထက်ပိုပြီးအခွင့်အရေးပေးရမယ်။ တခြားတိုင်းပြည်တွေကလည်း ပိုက်ဆံမရှိတာတော့ မဟုတ်ပါဘူး။ ရှိတယ်။ ငွေအထွက်နည်းအောင် လုပ်နေတာပါ။ ဒီပြဿနာက Export ကုမ္ပဏီ အားလုံး ထိတာ၊ Export ထိတော့ Import ပါထိရော။ ဒါပေမဲ့ ကျွန်တော်တို့ကံကောင်းတာက စားနပ်ရိက္ခာရောင်းတဲ့ တိုင်းပြည်။ စားနပ်ရိက္ခာဆိုတာက မစားမဖြစ်၊ မဝယ်မဖြစ်တဲ့ကုန်စည်တွေဖြစ်လို့ ရောင်းတတ်ရင် (ဖြစ်နိုင်ခြေရှိတဲ့ နည်းလမ်းတွေရှာကြံရောင်းရင်) ဖြစ်နိုင်ခြေရှိပါတယ်။ ပိုက်ဆံမရှိလို့ မဝယ်ကြတာမဟုတ်လို့ပါ။ ဈေးကွက်ရှိတယ်။ Demand ရှိတယ်။ ရောင်းတတ်ရင် မရစရာမရှိဘူးလို့ ထင်ပါတယ်။ လုပ်ရမယ့်ကိစ္စက တွန်းတွန်းတိုက်တိုက်နဲ့ ရုတ်တရက် ဆုံးဖြတ်ရတာမျိုး ဖြစ်ကောင်းဖြစ်မယ်။ အလျော့အတင်း၊

တကယ် သွက်သွက်လက်လက် ထိထိရောက်ရောက်ဖြစ်အောင်လုပ်နိုင်တာက ပုဂ္ဂလိကပဲ။ ပုဂ္ဂလိကမှာလည်း အချောင်သမားတွေ အခွင့်အရေးသမားတွေတော့ ရှိမှာပေါ့။ လုပ်ရင်းကိုင်ရင်းနဲ့သိရင်သော်လည်းကောင်း၊ မလုပ်ခင်ကတည်းကသိရင်သော်လည်းကောင်း ဖယ်ထားပေါ့။ သူတို့ကို အပြစ်ပေးပေါ့။ သို့သော် အဲဒီလို ဆိုးတဲ့လူတစ်ယောက်နှစ်ယောက်ကြောင့် ကျန် ကောင်းတဲ့လူအားလုံးကို သိမ်းကျုံးပြီးခံကြရတာမျိုးကတော့ မဖြစ်သင့်ဘူး။

အပေးအယူလုပ်ရတာမျိုးရှိကောင်းရှိမယ်။ အခြေအနေကြည့်ပြီး ဆုံးဖြတ်ရမယ်။ အဲဒီလိုအခြေအနေကြည့်ပြီး အမြန်ဆုံးဖြတ်ရမယ့် အခါကျတော့ ဌာနဆိုင်ရာနဲ့ သိပ်မကိုက်ဘူး။ တစ်ဆင့်ပြီး တစ်ဆင့် တင်ပြနေတာနဲ့ ဈေးကွက်အခြေအနေက ပြောင်းသွားပြီ။ ဈေးနှုန်းတွေပြောင်းသွားပြီ။ ဒါကြောင့် ပုဂ္ဂလိကကဏ္ဍကို ပိုပြီး အားပေးရမယ်။ အခုထက် ပိုအားပေးရမယ်လို့ ပြောတာပါ။

LC ။ ။ အခုအချိန်မှာ ဒီလိုမျိုးထိနေတဲ့အချိန်မှာ 10 Percentကိစ္စကိုရော ဆရာ ဘယ်လိုကိုင်တွယ်သင့်သလဲ။

Dr.TS ။ ။ အခွန်ပြင်ပါ၊ ပြောင်းပါဆိုတာထက် Tax Rebate လို့ခေါ်တဲ့ အခွန်ပြန်အမ်းတာမျိုး လုပ်သင့်တယ်လို့မြင်ပါတယ်။ အခွန်ပြင်ဖို့၊ ပြောင်းဖို့က လုပ်ရကိုင်ရ ပိုခက်ပါတယ်။ အခွန်ပြန်အမ်းတာက လုပ်ရကိုင်ရပိုလွယ်ပါတယ်။ မလိုတော့တဲ့ အခါ မူလနဂိုအတိုင်း ပြန်ကျင့်သုံးလို့ရတယ်။ ဥပဒေတွေ ဘာတွေ ပြဋ္ဌာန်းဖို့၊ ပြင်ဖို့မလိုဘူး။ ယာယီသဘောဆောင်ပါတယ်။

LC ။ ။ အခု တရုတ်က လုပ်နေတာမျိုးပေါ့။

Dr.TS ။ ။ ဟုတ်တယ်။ သူက အရှင်ထားလို့ရတယ်။ တစ်ချိန်မှာလိုအပ်ရင် ပြန်လည်ကျင့်သုံးလို့ရတယ်လေ။ Tax ကို ပြောင်းပြီဆိုရင်တော့ ဥပဒေအကန့်အသတ်နဲ့ဆိုတော့ ပြန်ပြင်ဖို့ မလွယ်တော့ဘူး။ ဒါကြောင့် ပထမဆုံးအချက်က ပုဂ္ဂလိက ကဏ္ဍကိုပိုပြီး လုပ်ပိုင်ခွင့်ပေးရမယ်။ Market ၊ ဈေးနှုန်းတွေနဲ့ ပတ်သက်တဲ့ Information တွေကို အစိုးရက ပံ့ပိုးပေးရပါမယ်။ ပုဂ္ဂလိကကဏ္ဍတကယ် လှုပ်ရှားတဲ့အခါမှာ ဌာနဆိုင်ရာအပိုင်းက Logistic Support ပေးဖို့လိုပါလိမ့်မယ်။ ဒါမှ ကုန်စည်သယ်/ပို့မှုနဲ့ လည်ပတ်စီးဆင်းမှု ထိရောက်မြန်ဆန်ပါမယ်၊ ချောမွေ့ပြေပြစ်မယ်။ သွားလာစရာ၊ သယ်ပို့စရာရှိရင် ချက်ချင်းသွားလာ/ သယ်ပို့နိုင်အောင် စီစဉ်ပေးနိုင်ရမယ်။ တစ်ပတ်အတွင်း စပါးတန်ချိန် ဘယ်လောက်ပို့ပါဆိုရင် ပို့နိုင်ရမယ်။ ဝဘယ်လောက်ပို့ပါဆို ပို့နိုင်ရမယ်။ အဲဒီလိုလုပ်နိုင်ဖို့ အစိုးရနဲ့ ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ဖို့ အပြန်အလှန်ကူညီဖို့လိုပါမယ်။ ဆိုရှယ်လစ်ခေတ် ကောင်းစားခဲ့တဲ့အခါတုန်းကတော့ နိုင်ငံပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍတွေ အစေးမကပ်ခဲ့ကြဘူး။ Public Sector ရှိရင် Private Sector မရှိရဘူး။ ဒီလိုယူဆခဲ့ကြပါတယ်။ အခုက အဲဒီလိုမဟုတ်တော့ဘူး။ တရုတ်ပြည်အပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးမှာ Private နဲ့ Public တို့ဟာ တစ်ခုနဲ့တစ်ခု အစားထိုးစရာ (Substitute) မဟုတ်တော့ဘူး။ Complement တွေဖြစ်သွားပြီ။ အပြန်အလှန် အထောက်အကူပြုနေကြတာတဲ့။ အဲဒီတော့ ပုဂ္ဂလိကချည်းပဲ မလုပ်နိုင်တဲ့ကိစ္စတွေရှိမယ်။ အစိုးရချည်းပဲ မလုပ်နိုင်တဲ့နယ်ပယ်ကဏ္ဍတွေရှိမယ်။ ပုဂ္ဂလိကချည်းလုပ်နိုင်တဲ့ကိစ္စတွေမှာ ပုဂ္ဂလိကကို အားပေး၊ အစိုးရကလုပ်မှဖြစ်မယ့်အလုပ်တွေကို အစိုးရကလုပ်၊ နှစ်ယောက်ပေါင်းပြီးလုပ်နိုင်မယ့်နေရာတွေမှာ နှစ်ယောက်ပေါင်းလုပ်ဆိုတဲ့သဘောပါ။ တစ်ခုတော့ရှိတယ်။ အဲဒီလိုအားပေးတဲ့နေရာမှာ



လည်းပဲ အမိန့်ပေး အမိန့်ခံသဘောမျိုးမဟုတ်ဘဲနဲ့ တန်းတူအခွင့်အရေးပေးရမယ်။ ဒီကုမ္ပဏီက နိုင်ငံပိုင်။ ဒါကြောင့်မို့ Monopoly အခွင့်အရေးပေးမယ်။ ပုဂ္ဂလိကဖြစ်တဲ့အတွက် ဘာအခွင့်အရေးမှ မပေးဘဲလုပ်ကြဆိုပြီး လုပ်ပိုင်ခွင့်ပေးလိုက်မယ်ဆိုရင်လည်း ထိရောက်မှာမဟုတ်ဘူး။ အစိုးရကကူညီရမယ်။ အထူးသဖြင့် Logisticကိစ္စတွေမှာ အစိုးရကကူညီရပါမယ်။ စင်စစ် လူ့ဘောင်ကြီး တိုးတက်လာတာ ကျွမ်းကျင်ရာလိမ္မာလုပ်လာခဲ့ကြလို့ တိုးတက်လာတာလို့ထင်ပါတယ်။ ကိုယ်မကျွမ်းကျင်ရာ သွားလုပ်တော့ အလေအလွင့်များတာပေါ့။ အလေအလွင့်များမှတော့ ဆုံးမယ်ရှုံးမယ်။ ဆုံးရှုံးမယ်ဆိုတာကလည်း အဖိုးမတန်တဲ့ဟာဆုံးရှုံးရင်တော့ အကြောင်းမဟုတ်တော့ဘူးပေါ့။ အရင်းအနှီးအတော်များများက အဖိုးတန်တယ်လေ။

LC ။ ။ ဟုတ်ကဲ့ဆရာ . . . ။ နောက်ပြီး ကျွန်တော်တို့ဆီက Primary Product တွေပဲ ထုတ်တာများတယ်။ သာမန်စီးပွားရေးအခြေအနေမှာဆိုရင်တော့ နောက်တစ်ဆင့်တက်ကိုတက်သင့်တဲ့အနေအထားပေါ့ဆရာ။ ဒါပေမဲ့ အခု Recession ကာလမှာဆိုရင် ဒီအနေအထားက ဘယ်လိုအားသာချက်တွေ ရသွားနိုင်သလဲဆရာ။

Dr.TS ။ ။ ဘယ်နိုင်ငံမဆို မစားလို့မဖြစ်ဘူး။ စားကို စားရမယ်လေ။ စားကိုစားရမယ်ဆိုတဲ့အဓိပ္ပာယ်က Demand ရှိပြီးသား။ အဲဒီ Demand ကို ရအောင်ယူ။ လက်တွေ့အကောင်အထည်ဖော်နိုင်အောင်လုပ်ရမယ်။ အဲဒီလိုလုပ်ဖို့ကျတော့ တကယ်

သွက်သွက်လက်လက် ထိထိရောက်ရောက်ဖြစ်အောင်လုပ်နိုင်တာက ပုဂ္ဂလိကပဲ။ ပုဂ္ဂလိကမှာလည်း အချောင်သမားတွေ၊ အခွင့်အရေးသမားတွေတော့ ရှိမှာပေါ့။ လုပ်ရင်းကိုင်ရင်းနဲ့သိရင်သော်လည်းကောင်း၊ မလုပ်ခင်ကတည်းကသိရင်သော်လည်းကောင်း ဖယ်ထားပေါ့။ သူတို့ကို အပြစ်ပေးပေါ့။ သို့သော် အဲဒီလိုဆိုးတဲ့လူ တစ်ယောက် နှစ်ယောက်ကြောင့် ကျန်ကောင်းတဲ့လူအားလုံးကို သိမ်းကျုံးပြီး ခံကြရတာမျိုးကတော့ မဖြစ်သင့်ဘူး။ အဲဒီလိုမျိုးပဲ အခု Export/ Import လုပ်ငန်းမှာလည်း မဟုတ်တာလုပ်တဲ့ Exporter/ Importer တချို့ရှိမှာပဲ။ သူတို့ကို ဥပဒေအရ အရေးယူပေါ့။ ဒါကြောင့် တစ်ဖက်က ပုဂ္ဂလိကအားပေးတယ်ဆိုတဲ့နေရာမှာ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိက အခွင့်အရေးပေးရင်လည်း တန်းတူပေး။ အရေး ယူရင်လည်း တန်းတူအရေးယူရမယ်၊ အပြစ်ရှိရင်ပေါ့။

LC ။ ။ အခု Transaction Cost တွေနဲ့ ပတ်သက်လို့ရောဆရာ။

Dr.TS ။ ။ လုပ်ငန်းတိုးတက်ရေး၊ စွမ်းဆောင်ရည်တိုးတက်ရေးတို့ကို အထောက်အကူပြုဖို့ဆိုရင် Transaction Cost သက်သာသည်ထက်သက်သာအောင် လွယ်ကူချောမွေ့အောင် စိစစ်ပြီး လျှော့ချဖို့နည်းလမ်းရှာသင့်တာပေါ့။

LC ။ ။ အဲလိုဆိုရင် အလွတ်စီးပွားရေးပညာရှင်တွေ၊ Think Tank တွေရဲ့ အခန်းကဏ္ဍက အရေးပါလာ တယ်။ ဒီမှာရော ဆရာ။

Dr.TS ။ ။ သိပ်အရေးပါတာပေါ့။ အဲဒါသိပ်အရေးပါကြောင်း ကျွန်တော်တို့ပညာရှင်တွေ၊ သုတေသီတွေ ပြောလာခဲ့တာ လွန်ခဲ့တဲ့နှစ်အတန်ကြာကတည်းကပါ။ သူများနိုင်ငံတွေမှာ၊ တက္ကသိုလ်တွေမှာ Research Center တွေ Research Organization တွေ၊ Research Institution တွေ အမြောက်အမြားရှိကြပါတယ်။ ကျွန်တော်တက်ခဲ့တဲ့ တိုကျိုတက္ကသိုလ်၊ ဆစ်ဒနီတက္ကသိုလ်၊ ဆစ်ဒနီတက္ကသိုလ်ဆိုရင် Research စင်တာပေါင်း ၂၀ ကျော်ရှိသလို တိုကျိုတက္ကသိုလ်ဆိုရင်လည်း ၂၀ ကျော်ရှိတယ်။ ဝီကင်းတက္ကသိုလ်မှာဆိုရင် ၂၀ နီးပါးရှိတယ်။ အဲဒါတွေ သင်ကြားရေး ဌာနတွေမဟုတ်ဘူးနော်။ Research နဲ့ တခြားကျွမ်းကျင်မှုဆိုင်ရာ Institute တွေပါ။ ကျွန်တော်တို့နိုင်ငံမှာ ဆိုရှယ်လစ်စနစ်နဲ့အံဝင်အောင်ဆိုပြီး Specialist တွေ မွေးထုတ်ဖို့ ဦးတည်ချက်နဲ့ ၁၉၆၄ ခုနှစ်မှာ စီးပွားရေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ဆေးတက္ကသိုလ် စသည်ဖြင့် ခွဲခြားတည်ထောင်လုပ်ကိုင်ခဲ့ကြတာ။ အခုဆိုရှယ်လစ်မရှိတော့တာ အနှစ် ၂၀ ရှိလာပြီ။ ကျောင်းတွေက ဒီအတိုင်းပဲ၊ လေ့ကျင့်သင်ကြားနေပုံလည်း ဒီအတိုင်းပဲ။ မဖြစ်သင့်တော့ဘူး ထင်ပါတယ်။ အဲဒီတော့ Reform ဆိုရင် အကုန်ပါရမယ်။ Productive ရော Unproductive ရော။ ဟိုနားတစ်ကွက် ဒီနားတစ်ကွက်လုပ်လို့ မထိရောက်နိုင်ပါဘူး။

LC ။ ။ Productive နဲ့ Unproductive ဟန်ချက်ညီရမှာပေါ့နော်။

Dr.TS ။ ။ အဲဒီနှစ်ခု ဟန်ချက်ညီဖို့လိုတာပေါ့ဗျာ။ Productive Sector နဲ့ Unproductive Sector တို့ကိုလည်း လိုက်လျောညီထွေစွာ အားပေးဖို့လိုပါလိမ့်မယ်။ ဒြပ်ရှိရုပ်ဝတ္ထုထုတ်လုပ်တာမဟုတ်လို့ဆိုပြီး Unproductive Sector ကို ထိုက်သင့်သလောက်အားမပေးရင် ဟန်ချက်ပျက်သွားမှာပေါ့။ ဥပမာ–ပညာရေးအဆင့်မြင့်မှ သုတေသနအဆင့်မြင့်မယ်။ ခုနက စီးပွားရေးပြဿနာမှန်သမျှ သုတေသနမပါဘဲ ထိရောက်တဲ့ဖြေရှင်းမှု ဘယ်လုပ်နိုင်မလဲ။ ဒါတွေက ထင်ကြေးနဲ့လုပ်လို့ရတာတွေ မဟုတ်ဘူး။ Observation လို့ခေါ်တဲ့ လိုက်ကြည့်ပြီးတော့ ဆုံးဖြတ်လို့ရတာတွေလည်းမဟုတ်ဘူး။ အကုန်လုံး Research တို့ Survey တို့နဲ့ သွားရတာ။ ထိရောက်ပြည့်စုံတဲ့ Research တို့ Survey တို့မရှိဘဲ ဆုံးဖြတ်ရင် ဆုံးဖြတ်ချက်တော်တော်များများဟာ မမှန်ကန်နိုင်ပါဘူး။ ဌာနဆိုင်ရာ Report တွေလည်း အရေးမကြီးတာမဟုတ်ပါဘူး။ ဒါပေမဲ့ ပြည့်ပြည့်စုံစုံမှန်မှန်ကန်ကန်ရေးဖို့တော့ လိုမှာပေါ့။ နည်းနည်းအောင်မြင်တာကို များများချဲ့ကားရေးတာတို့၊ ပြဿနာတွေကို ထိန်ချန်ရေးတာတို့၊ လျှော့ရေးတာတို့ မဖြစ်သင့်ဘူးပေါ့။

LC ။ ။ ၁၉၉၀ နောက်ပိုင်းမှာ Economic Reform က စခဲ့တယ်လို့ ပြောလို့ရမလားဆရာ . . . ။

Dr.TS ။ ။ အစိုးရတိုင်းက သူတို့ရဲ့ခေတ်အသီးသီးမှာ Economic Reform လုပ်ခဲ့တယ်လို့ပြောတဲ့ မှတ်တမ်းတွေရှိတာပဲ။ ၁၉၉၀ နောက်ပိုင်းမှာလည်း Economic Reform တွေလုပ်ခဲ့ပေမယ့် ပြီးပြည့်စုံမှုမရှိသေးဘူးလို့ သုံးသပ်ပါတယ်။

တရုတ်ပြည်က ဘောဂပေဒပညာရှင်တွေနဲ့ ဆွေးနွေးခန်းတွေ မကြာခဏထုတ်လွှင့်တာ နားထောင်ရတယ်။ ပြောတာက တရုတ်လိုဆိုပေမယ့် အင်္ဂလိပ်စာတန်းထိုးပေးလို့ နားထောင်ဖြစ် ကြည့်ဖြစ်တယ်။ အဲဒီမှာ တော်တော် လွတ်လပ်တာပဲ။ အင်္ဂလိပ်စာတန်းထိုးဆိုတော့ တစ်ကမ္ဘာလုံးက တော်တော်များများ နားထောင်ကြ ကြည့်ကြမှာပါ။ တော်တော်များများနားထောင်တာကို ခွင့်ပြုထားတယ်ဆိုကတည်းက လက်ခံတယ်ဆိုတဲ့သဘောပေါ့။ ဒါကြောင့်လည်း သူတို့မှာ အောင်မြင်နေကြတာလို့ဆိုရရင် မမှားဘူးလို့ ထင်ပါတယ်။

LC ။ ။ အခုဆို ဆရာ တရားဝင်ပြောခွင့်ရတဲ့ ပညာရှင်တွေရှိမယ်။ ဥပမာ– Think Tank တွေလိုမျိုးပေါ့။ သူတို့ရဲ့ အခန်းကဏ္ဍကရော ဆရာ။

Dr.TS ။ ။ Think Tank ရဲ့ အခန်းကဏ္ဍကတော့အင်မတန်အရေးပါတယ်။ အထူးပြောစရာမလိုပါဘူး။ အဲဒါကြောင့်မို့လည်း တရုတ်လို ဗီယက်နမ်လို ကွန်မြူနစ်နိုင်ငံတွေမှာတောင်မှ တရားဝင် Think Tank တွေ ဖွဲ့စည်းလုပ်ကိုင်နေကြတာပေါ့။ သူတို့လည်း စည်းလွတ်ဝါးလွတ်ရေးလို့၊ ပြောလို့ မရပါဘူး။ ဒါပေမဲ့ အတွေးအခေါ်လွတ်လပ်ခွင့်တော့ ပေးထားတယ်။ တွေးတယ်။ ခေါ်တယ်။ ဒါမြင်တယ်၊ အဲဒီလိုမျိုးမြင်တယ်ဆိုတာတွေကို တင်ပြခွင့်ရှိတယ်။ လက်ခံတယ်။ လက်ခံလို့လည်း သူတို့ဆီမှာ တင်ပြခွင့်တွေ အများကြီးရတာပေါ့။ တရုတ်ပြည်က ဘောဂဗေဒပညာရှင်တစ်ယောက်နဲ့ မြန်မာပြည်က ဘောဂဗေဒပညာရှင်တစ်ယောက် သင်ထားတဲ့ပညာ အတူတူပဲ။ သို့သော် ပြောခွင့်ရတာမတူဘူး။ သုံးသပ်ခွင့်ရတာ မတူဘူး။ အခုဆို Channel News Asia မှာ တရုတ်ပြည်က ဘောဂဗေဒပညာရှင်တွေနဲ့ ဆွေးနွေးခန်းတွေ မကြာခဏထုတ်လွှင့်တာ နားထောင်ရတယ်။ ပြောတာက တရုတ်လိုဆိုပေမယ့် အင်္ဂလိပ်စာတန်းထိုးပေးလို့ နားထောင်ဖြစ်၊ ကြည့်ဖြစ်တယ်။ အဲဒီမှာ တော်တော်လွတ်လပ်တာပဲ။ အင်္ဂလိပ်စာတန်းထိုးဆိုတော့ တစ်ကမ္ဘာလုံးက တော်တော်များများ နားထောင်ကြ၊ ကြည့်ကြမှာပါ။ တော်တော်များများနားထောင်တာကို ခွင့်ပြုထားတယ်ဆိုကတည်းက လက်ခံတယ်ဆိုတဲ့သဘောပေါ့။ ဒါကြောင့်လည်း သူတို့မှာ အောင်မြင်နေကြတာလို့ဆိုရရင် မမှားဘူးလို့ထင်ပါတယ်။

ဒါကြောင့် Think Tank အရေးကြီးပါတယ်။ ဒါပေမဲ့ ထိရောက်ဖို့ဆိုရင် Think Tank နဲ့ Research တွဲရမယ်။ Research Institution ဘာမှမရှိဘူးဆိုရင်တော့ တစ်ခုခုသိချင်ရင် အင်တာနက်ထဲ ဝင်ကြည့်ရမယ်။ အင်တာနက်ဆိုတာက အားလုံး ဝင်ကြည့်လို့ရတာပဲ။ အဲဒါကို (အားလုံးသိနေတဲ့ဟာကို) ပြန်ပြောရင် ပညာရှင်မဟုတ်ဘူး။ Research ပါမှ Diagnosis (ရောဂါရှာတာ) မှန်နိုင်မယ်။ တကယ့်ကို လေးလေးနက်နက်နဲ့ ပြဿနာရဲ့အရင်းခံအကြောင်းကို ရှာတွေ့နိုင်မယ်။ Diagnosis မှန်လို့ရှိရင် ညွှန်းတဲ့ဆေး၊ ပေးတဲ့ဆေးလည်းမှန်ပြီး ရောဂါပျောက်တော့မှာပေါ့။ ဆေးတစ်ခွက်နှစ်ခွက်နဲ့ ပျောက်သွားမယ်။ ရောဂါရှာတာကို ဇဝေဇဝါဖြစ်ပြီးတော့ ဟိုစမ်းဒီစမ်းနဲ့ စမ်းတဝါးဝါးဖြစ်နေရင် မရဘူး။ Diagnosis မှန်ဖို့ဆိုရင်တော့ Research နဲ့ တွဲမှရမှာ။ တချို့က လည်း ပြောကြမှာပေါ့၊ ကိုယ်ကျိုးအတွက်လုပ်တဲ့လူတွေ ရှိမယ်လို့။ အဲလိုဆို ကိုယ်ကျိုးအတွက်လုပ်တဲ့သူတွေ ဖယ်လိုက်ပေါ့။ အရေးကြီးတာက တိုင်းပြည်တိုးတက်ဖို့အတွက် Contribution ဝိုင်းလုပ်ကြဖို့ပါ။

တရုတ်တို့၊ ဗီယက်နမ်တို့ Liberalize လုပ်တဲ့အပိုင်းမှာ ဟန်ပြမဟုတ်ဘူး။ ကွက်ကွက်လေးလုပ်တာမဟုတ်ဘူး။ ကွက်ကွက်လေးလုပ်တာဟာ မထိရောက်ဘူး။ Reform လုပ်ရင် ဟိုတစ်ကွက် ဒီတစ်ကွက် ငါးပွက်ရာ ငါးစာချပြီးတော့လုပ်လို့ မရဘူး။ အခုက Recession ဂယက်ကိုသုံးသပ်ဖို့ ဒီဂယက်က ကာကွယ်ဖို့ဆိုရင် Research က ပိုလို့တောင်အရေးကြီးလာပြီပေါ့။

LC ။ ။ နောက်ပြီးတော့ ဆရာ . . . အခုအချိန်မှာ စီးပွားရေးနဲ့ပတ်သက်တဲ့အသင်းအဖွဲ့တွေရဲ့ အခန်းကဏ္ဍကရော၊ အခုလက်ရှိဖြစ်နေတဲ့ သူတို့ရဲ့အနေအထားကို တကယ်အရှိအတိုင်းပြောပြ ဆိုပြဖို့လိုတာပေါ့။

Dr.TS ။ ။ စီးပွားရေးနဲ့ ပတ်သက်တဲ့အသင်းအဖွဲ့ဆိုလို့လည်း မြန်မာနိုင်ငံမှာ သိပ်များများစားစားမရှိပါဘူး။ တောင့်တင်းအချမ်းသာဆုံးဆိုလို့ ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) ပဲရှိတာ။ ဒီအသင်းချုပ်ကို လူတွေက အများကြီး မျှော်လင့်ထားကြပါတယ်။ ဒါပေမဲ့ ဒီအသင်းချုပ်လည်း အခုထပ်အားထားနိုင်အောင်၊ အခုထက် ပိုမိုထိရောက်အောင်လုပ်ဖို့၊ ပြုပြင်ဖို့လိုမယ်ထင်ပါတယ်။

LC ။ ။ နောက် ကျွန်တော်တို့ဆီမှာတော့ သိပ်ပြီး လူသိမများသေးဘူးလို့ထင်တယ်။ Resources Curse နဲ့ ပတ်သက်ပြီး ဆရာ။ အဲဒီအပိုင်းကို နည်းနည်းလောက်ရှင်းပြပါဦး။

Dr.TS ။ ။ ဒါကိုတော့ တချို့က စာရေးတဲ့အခါမှာ ထည့်ရေးသူတွေရှိကြပါတယ်။ ဟောပြောပွဲတွေမှာလည်း ပြောတယ်။ Resources Curse ကလည်း မှန်သလိုဖြစ်နေတာပါပဲ။ ဒီမှာ

လောက် သယံဇာတပေါတာ တစ်ကမ္ဘာလုံးမှာ တခြားတိုင်းပြည်မရှိဘူး။ ဒီလောက်ပေါတဲ့ကြားက ဆင်းရဲနေပြီး သယံဇာတရှားတဲ့ နိုင်ငံတွေက ချမ်းသာနေကြတယ်လေ။

LC ။ ။ ပေါတယ်ဆိုတာထက် စုံတာပေါ့နော် ဆရာ။

Dr.TS ။ ။ စုံတာပါ၊ အခုသိပ်မပေါတော့ပါဘူး။ ကျွန်တော်တို့ ခဏခဏပြောသံကြားနေရပါတယ်။ We are rich in natural resources ဆိုတာလေ။ ခက်တာက အဲဒီလိုပြောရင်းပြောရင်းနဲ့ ငါတို့နောက်မှာ ဘယ်သူမှမရှိတော့ဘူးဖြစ်နေတယ်။ Resources ဆိုတဲ့အထဲမှာ Natural Resources ရှိတယ်၊ Human Resource ရှိတယ်၊ Financial Resourse ရှိတယ်။ အဲဒီအထဲမှာ လူ့အရင်းအနှီး သယံဇာတ (Human Resource) လောက် အရေးကြီးတာ ဘာမှမရှိပါဘူး။ တရုတ်ပြည်မှာ လူဦးရေများလွန်းပေမယ့် သူတို့က များတယ်လို့ မပြောဘူး။ အိန္ဒိယလည်း ဒီအတိုင်းပဲ။ Natural Resource တွေကို သုံးမှာက လူတွေ။ လူတွေ အရည်အသွေးမရှိရင် Natural Resource တွေ တစ်လွဲသုံးတာ၊ အသုံးမမှန်တာတွေ ဖြစ်လာမယ်၊ Natural Resource တွေ ကုန်ခန်းလာမှာပဲ။ နိုင်ငံတိုင်းမှာ လိုတာတစ်ခုက Expertise ပါ။ အဲဒါကို ပညာရေးစနစ်က ပေးနိုင်ဖို့လိုတယ်။ Human Resource အရည်အသွေးမြင့်မှ Natural Resource တွေ အသုံးမှန်မယ်၊ ထိထိရောက်ရောက်နဲ့ အကျိုးရှိရှိသုံးနိုင်မှာ ဖြစ်တယ်။

LC ။ ။ ၁၉၃၀ က ကမ္ဘာ့စီးပွားပျက်ကပ်ဖြစ်ခဲ့ဖူးတာ ပေါ့ဆရာ။ အခုအခြေအနေနဲ့ရော ဆရာ။

Dr.TS ။ ။ အဲဒီအခြေအနေနှစ်ခုကို နှိုင်းယှဉ်ဖို့ မသင့်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ အချိန်နဲ့အခြေအနေတွေ လုံးဝမတူတော့ဘူးလေ။ ဟိုတုန်းကတော့ စစ်ရေး နိုင်ငံရေးအရ နယ်ချဲ့အရင်းရှင်စနစ်ရှိခဲ့ပြီး စီးပွားရေးပေါ်လစီကလည်း လက်စီဖယာ (Laissezfaire) လို့ခေါ်တဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ချင်တာလုပ်ပါစေ၊ အစိုးရကဝင်မစွက်နဲ့ဆိုတဲ့မူဝါဒအောက်မှာ ကုန်ပိုထုတ်တာတို့ ကုန်လျှော့ထုတ်တာတို့ဆိုတဲ့ ပရမ်းပတာကုန်ထုတ်လုပ်မှုကြောင့် ဖြစ်ခဲ့တာပါ။

အခုတော့ အဲလိုမဟုတ်ဘူးလေ။ အမေရိကန်တစ်နိုင်ငံထဲကစခဲ့တာပါ။ ဘဏ်တွေဘာလုပ်နေလဲဆိုတာ သက်ဆိုင်ရာဝန်ကြီးဌာနကမသိဘူး။ နောက်တစ်ခုက အခုဟာက Banking သာမက Financial Market လည်းပါတယ်။ ဟိုတစ်ချိန်တုန်းက ရိုးရိုး Production ပဲ ကုန်ပိုထုတ်မိတယ်။ အဲဒါ အနုတ်အသိမ်းမရှိဘူး။ ထုတ်သူရှုံးတယ်။ လျှော့ချပြန်တော့လည်း Demand တက်လာတော့ မလိုက်နိုင်တော့ဘူး။ ပြဿနာတွေက အဲဒီကနေ 'ကပ်' ကို ရောက်သွားတာ။ အခုက Banking က ချေးငွေတွေ အကွပ်အထိန်းမဲ့ ဗုံးပေါလအောထုတ်ချေးတယ်။ ငွေချေးယူသူတွေက ချေးယူငွေတွေကို အချိန်မီပြန်မဆပ်ကြဘူး။ ပြန်မဆပ်လောက်အောင်ဆို ဘယ်လောက်နမော်နမဲ့နိုင်လဲ။

LC ။ ။ အဲဒီ ၁၉၃၀ တုန်းကလည်း Primary Product ပဲ ထုတ်တယ်။ အခုလည်း ဒီအတိုင်းပဲဆိုတဲ့ နိုင်ငံတွေအတွက်ရော ဆရာ . . . ။

Dr.TS ။ ။ ဟိုတုန်းကတော့ စီးပွားဒဏ်ကို လယ်သမားတွေ တော်တော်ခံခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ စပါးကို ဝယ်ပြီးပို့တဲ့ကုမ္ပဏီတွေက နိုင်ငံပိုင်မဟုတ်ဘူး။ စပါးကို လက်ဝါးကြီးအုပ်ထားတဲ့ဘူလင်ဂျာပူးလ်လိုအဖွဲ့တွေရှိတယ်။ ဒီကကုန်သည်တွေက အဲဒီကိုရောင်းပြီးမှ နိုင်ငံခြားပို့တာဖြစ်တယ်။ အဲဒီအခါကျတော့ အလုံးအရင်းထိတဲ့အခါ ဒီအဖွဲ့အစည်းတွေက ဘာမှ မလုပ်ပေးနိုင်ဘူး။ အခုလုပ်နေတာက နိုင်ငံပိုင်အဖွဲ့အစည်း (ဝါ) နိုင်ငံတော်ရဲ့ ထိန်းကျောင်းမှုအောက်မှာ လုပ်နေတဲ့အဖွဲ့အစည်းနဲ့ စည်းနဲ့ဘောင်နဲ့ လုပ်နေရတာဖြစ်လို့ Control လုပ်ရတာလွယ်တယ်။ ၁၉၃၀ တုန်းကနဲ့မတူပါဘူး။ နောက်တစ်ခုက စောစောကပြောခဲ့သလို နိုင်ငံတိုင်းနိုင်ငံတိုင်းက စားသုံးဖို့တော့လိုမယ်။ အခုတော့ (Primary Product ထုတ်တာ) အဆိုးထဲကအကောင်းလို့ပဲ ဆိုရမလားပဲ။ ဒါပေမဲ့ ရောင်းတတ်ဖို့၊ လုပ်တတ်ဖို့တော့လိုပါမယ်။ ပြီးတော့ Primary Product အပေါ် အမြဲအားထားနေလို့မဖြစ်ဘူး။ Policy ပြုပြင်ရေးလုပ်ရမှာတွေ၊ မဟာဗျူဟာပြောင်းရမှာတွေ၊ နည်းဗျူဟာ ပြောင်းရမှာတွေ၊ အဲဒါတွေကို အလျင်မီမီနဲ့ စွမ်းဆောင်မှုရှိရှိ မပြောင်းနိုင်ရင်တော့ ဒီအခွင့်အလမ်းလည်း လက်လွတ်သွားနိုင်တယ်။ လက်လွတ်ခံခဲ့ရတဲ့ အခွင့်အရေးတွေမနည်းတော့ဘူး။

အခု ဒါ ကျွန်တော်တို့ရဲ့ အခွင့်အရေးဆိုတာကလည်း အဆိုးထဲကအကောင်းအနေနဲ့ပြောတာပါ။ နိုင်ငံအတော်များများခံနေရတာတွေနဲ့စာရင် ကျွန်တော်တို့မှာ အကောင်းတွေရှိသေးတယ်။ ဘဏ်လုပ်ငန်းတွေအနေနဲ့ Potential ရှိသလောက် လုပ်မပြနိုင်သေးဘူး။ ကုန်ထုတ်/ကုန်သွယ်နယ်ပယ်က Potential ရှိတဲ့ လုပ်ငန်းတွေရွေးထုတ်ပြီး အားပေးရင် အတော်လေးခုသာခံသာ ရှိနိုင်ပါတယ်။ အခုအချိန်မှာ အမြတ်အများဆုံးရဖို့ထက် အရှုံးအနည်း

အမေရိကန်သမ္မတတစ်ယောက် ပြောင်းမယ်။ အဲဒီမှာ လုပ်ပုံကိုင်ပုံ မတူဘူးပေါ့ဗျာ။ ဘွတ်ရှ်ကတော့ ဇွတ်သမား။ အိုဘားမားကတော့ ညှိညှိနှိုင်းနှိုင်း ဆင်ဆင်ခြင်ခြင်လုပ်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါပေမဲ့ မြန်မာပြည်အတွက်တော့ ဘာမှ ပြောင်းလဲမယ်မထင်ဘူး။ အိုဘားမားတို့ဘက်က တောင်းဆိုညှိနှိုင်းတာတွေ၊ ဖိအားပေးတာတွေ ကျွန်တော်တို့ဘက်က မလိုက်လျောနိုင်ရင်တော့ အရင်အတိုင်းပဲလာမှာပဲ။

ပါမောက္ခဒေါက်တာတင်စိုး၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း

အမည် – ဒေါက်တာတင်စိုး

မွေးသက္ကရာဇ်နှင့်ဇာတိ – ၁၉၄၅ ခုနှစ် ဇူလိုင်လ ၄ ရက်၊ ကျိုက္ကမရောမြို့နယ်။

ပညာအရည်အချင်း – B.A(Hons.)(၁၉၆၇၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)
M.A(၁၉၇၆၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)
C.J.L(၁၉၇၇၊ အိုဆာကာနိုင်ငံခြားဘာသာသင်တက္ကသိုလ်၊ အိုဆာကာမြို့)
Post-Graduate Research Fellow(၁၉၈၀၊ တိုကျိုတက္ကသိုလ်)
Ph.D (Dissertation)(၁၉၈၀၊ တိုကျိုတက္ကသိုလ်)
R.L(၁၉၈၄၊ ရန်ကုန်တက္ကသိုလ်)
Ph.D(၁၉၉၂၊ ဆစ်ဒနီတက္ကသိုလ်)
JSPS Fellow(၁၉၉၇–၉၈၊ တိုကျိုတက္ကသိုလ်)

အလုပ်အကိုင် – လက်ရှိအလုပ်အကိုင်
ပညာရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့
ပညာရှင်အဖွဲ့ဝင်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်။
Reader & Editor, TCG Periodic Review Team
ဥက္ကဋ္ဌ၊ Way, Truth & Light Company Ltd.
Technical Advisor, ARD Consultants

– ယခင်အလုပ်အကိုင်များ
ဧည့်ပါမောက္ခ၊ ကိုဘေးတက္ကသိုလ်၊ ဂျပန်နိုင်ငံ (၂၀၀၇)။
ဂုဏ်ထူးဆောင်ပါမောက္ခ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်။
ပါမောက္ခ (ဌာနမှူး)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ (၁၉၉၄–၉၈)။
ပါမောက္ခ(ဌာနမှူး)၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ (၁၉၉၈–၂၀၀၀)
ပါမောက္ခ (ဌာနမှူး)၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ (၂၀၀၀–၂၀၀၆)။
နည်းပြ၊ ဘောဂဗေဒဌာန၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင် (၁၉၆၉–၁၉၇၃)။

သင်ကြားရေးနှင့် အခြားအတွေ့အကြုံများ – (၁) ပြည်တွင်းပြည်ပတက္ကသိုလ်များတွင် ပါမောက္ခ/ဧည့်ပါမောက္ခအဖြစ် ပညာသင်ကြားခဲ့၊ သင်ကြားဆဲဖြစ်။
(၂) အစိုးရ/ဝန်ကြီးဌာနကိုယ်စားလှယ်အဖြစ် ပြည်တွင်းပြည်ပကွန်ဖရင့်များ၊ ဆွေးနွေးပွဲများသို့ တက်ရောက်၍ စာတမ်းများအကြိမ်ကြိမ်တင်ပြဆွေးနွေးခြင်းများပြုလုပ်ခဲ့။
(၃) နိုင်ငံတကာအဆင့်သုတေသနစာတမ်းများပြုစုပြီး ပြည်တွင်းပြည်ပကွန်ဖရင့်များ၊ ဆွေးနွေးပွဲများသို့ တင်ပြဖတ်ကြားခဲ့။
(၄) နိုင်ငံတကာအဆင့်ဂျာနယ်များတွင် ဘာသာရပ်၊ ပညာရပ်ဆိုင်ရာ စာတမ်း/ဆောင်းပါးရေးသားခဲ့၊ ရေးသားဆဲ။
(၅) သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများ FAO, UNDP, AFMA စသော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ BCIM, GMS စသော ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် အမျိုးသားအတိုင်ပင်ခံ၊ အကြံပေး၊ ကျွမ်းကျင်ပညာရှင် (National Consultant, Resource Person, Expert,) အဖြစ်ဆောင်ရွက်လျက်ရှိ။

စာအုပ်/စာပေရေးသားထုတ်ဝေခြင်း – (၁) ၁၉၆၆ ခုနှစ်မှစ၍ ယနေ့အထိ ပြည်တွင်း၊ ပြည်ပစာနယ်ဇင်းများတွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် နိုင်ငံတကာအဆင့်မီပညာရပ်ဆိုင်ရာ စာတမ်း၊ ဆောင်းပါးများစွာရေးသားခဲ့၊ ရေးသားဆဲဖြစ်။
(၂) ယနေ့အထိ မြန်မာဘာသာဖြင့် သုတေသနနှင့် သုတစာပေစာရင်းဝင်စာအုပ်ခြောက်အုပ်နှင့် ရန်ကုန်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များအတွက် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းစာအုပ်ပေါင်းများစွာ ရေးသားပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်။

ဆုံးဖြစ်ရေးကိုလည်း အာရုံစိုက်ရမယ့်အချိန်ဖြစ်နေပါတယ်။ ဒါကြောင့် Potential ရှိတာတွေနဲ့ less Potential ရှိတာတွေ ခွဲခြားရွေးထုတ်ပြီး တချို့ကို တွန်းတင်ဖို့၊ တချို့ကိုဆွဲတင်ဖို့ လိုမယ်ထင်ပါတယ်။ Push and Pull Strategy ပေါ့။ ကျွန်တော်တို့လို အကုန်လုံးက အားနည်းနေသေးတဲ့အခြေအနေမှာ ဘဏ်တွေအားကိုးဖို့လိုလာပြီထင်ပါတယ်။ ဘဏ်တွေက စီးပွားရေးလုပ်ငန်းတွေကို အခုအချိန်ထိ ထိထိရောက်ရောက်ငွေမချေးရသေးဘူး။ ပြည်တွင်းလုပ်ငန်းငယ်/လတ်တွေ ခြေကုတ်ယူအရှိန်မြှင့်ဖို့ ဘဏ်တွေက ပီပြင်တဲ့စည်းစနစ်ချမှတ်ပြီး ချေးငွေထုတ်ချေးပေးဖို့ လိုပါလိမ့်မယ်။ တချို့ကပြောကြမယ်။ အမေရိကန်မှာ ဘဏ်ချေးငွေတွေကြောင့် ပြဿနာတက်သွားတာလို့။ ဒါပေမဲ့ အခြေအနေတွေ မတူကြပါဘူး။ အမေရိကန်မှာက ဘဏ်တွေလုပ်ချင်တာလုပ်၊ အစိုးရကလည့် မကြည့်တဲ့အနေအထားမျိုးကြောင့် မဖြစ်သင့်ဘဲဖြစ်သွားရတာ။ ဒီမှာက ဘဏ်တွေကို တင်းတင်းကျပ်ကျပ်ထိန်းချုပ်ထားမှုကြောင့် လုပ်နိုင်စွမ်းရှိသလောက် မလုပ်နိုင်တာပါ။ အလုပ်လုပ်ဖြစ်တဲ့အခြေအနေမျိုးဖြစ်အောင် ထိန်းကျောင်းတဲ့နည်းလမ်း (regulation) နဲ့လုပ်ရင် ဖြစ်နိုင်တယ်လို့ သုံးသပ်ပါတယ်။

LC ။ ။ နောက်တစ်ခုက ဆရာ အခုလက်ရှိ ထိုင်းနိုင်ငံရေးနဲ့ပတ်သက်လို့ပေါ့။ ကျွန်တော်တို့ဆီက ပို့ကုန်အများစုက ထိုင်းကဝယ်နေတာလေဆရာ။ ပြီးတော့ ထိုင်းမှာလည်း မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအများကြီး။ အဲဒီတော့ ဆရာ အဲဒီ Impact ကရော ဘယ်လိုဖြစ်နိုင်သလဲ။

Dr.TS ။ ။ ထိုင်းရဲ့ Politics က သူ့အခြေအနေနဲ့သူသွားနေတာ။ သူ့ရဲ့ ပြည်တွင်းစျေးကွက်ကိုတော့ ထိခိုက်တာပေါ့။ တစ်ဖက်က Tourism ကိုလည်း ထိခိုက်မယ်။ ဒါပေမဲ့ ဒါတွေက ယာယီပြဿနာတွေလို့ မြင်ပါတယ်။ ကျန်တဲ့ဟာကတော့ သိပ်ပြီး ထိခိုက်မှုမရှိဘူးထင်တာပဲ။ သူတို့နိုင်ငံရေးပြဿနာဟာ မကြာမကြာဖြစ်လိုက် ပြန်ပြေလည်လိုက်နဲ့ Temporary Phenomenon ယာယီသဘောဆောင်တယ်လို့ မြင်ပါတယ်။

LC ။ ။ အဲဒီကိုရောက်နေတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေနဲ့ပတ်သက်ပြီးတော့ရောဆရာ။ ဒီနေ့မနက်သတင်းမှာတော့ ဝန်ကြီးချုပ်ကတော့ (နိုင်ငံစုံက အလုပ်သမားတွေ) ပြန်လာရင် ကူညီမယ်လို့ ပြောထားတယ်။

Dr.TS ။ ။ ပြန်လာရင် အလုပ်အကိုင်ဖန်တီးဖို့အတွက်ရော၊ ပုံမှန်စီးပွားရေးတိုးတက်ရေးအတွက်ပါ ပြည်တွင်းထုတ်လုပ်မှုကို အားပေးရပါမယ်။ အဓိကအားဖြင့် SME (Small and Medium Enterprises) တွေ မြန်မြန်တိုးတက်ဖို့ အားပေးရပါမယ်။ ဒါမှ ပြည်တွင်းအလုပ်အကိုင်နဲ့ ဝင်ငွေတွေရရှိပြီး ပြည်ပမှာ အလုပ်လုပ်ရင်း လွှဲပြောင်းပို့ပေးငွေတွေ (Remittance) လျော့သွားတာကာမိမယ်။ ကုန်ထုတ်လုပ်မှုအခြေအနေ တိုးတက်ဖို့လိုတယ်။ အလုပ်အကိုင်အခွင့်အလမ်းအတွက်ပေါ့။

LC ။ ။ ဟုတ်ကဲ့ဆရာ။ နောက်ပြီးတော့ လာမယ့် ဧန်နဝါရီလဆို အမေရိကန်သမ္မတအသစ်ဖြစ်တော့မယ်။ အဲဒီမှာရော ကျွန်တော်တို့စီးပွားရေးအပေါ် ဘယ်လို Impact တွေလာနိုင်သလဲ။ ဥပမာ–Sanction လိုဟာမျိုးပေါ့။

Dr.TS ။ ။ အမေရိကန်သမ္မတတစ်ယောက်ပြောင်းမယ်။ အဲဒီမှာ လုပ်ပုံကိုင်ပုံမတူဘူးပေါ့ဗျာ။ ဘွတ်ရှ်ကတော့ ဇွတ်သမား။ အိုဘားမားကတော့ ညှိညှိနှိုင်းနှိုင်း ဆင်ဆင်ခြင်ခြင်လုပ်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါပေမဲ့ မြန်မာပြည်အတွက်တော့ ဘာမပြောင်းလဲမယ်မထင်ဘူး။ အိုဘားမားတို့ဘက်က တောင်းဆိုညှိနှိုင်းတာတွေ၊ ဖိအားပေးတာတွေ ကျွန်တော်တို့ဘက်က မလိုက်လျောနိုင်ရင်တော့ အရင်အတိုင်းပဲလာမှာပဲ။ Sanction လည်း လွယ်လွယ်နဲ့ မပျောက်ဘူးထင်တာပဲ။ ကျွန်တော့်အမြင်ကတော့ အမေရိကန်ဖြစ်ဖြစ်၊ တရုတ်ဖြစ်ဖြစ်၊ အိန္ဒိယဖြစ်ဖြစ် အားလုံးဟာ သူ့ကိုယ်ကျိုးအခြေခံပြီး လုပ်နေတာပါပဲ။ အဲဒီတော့ ကိုယ်ကများများရအောင် လုပ်တတ်ရင် များများရမယ်။ နိုင်ငံငယ်လို့ မလုပ်နိုင်ဘူးဆိုတာမျိုးလည်း ပုံသေမှတ်လို့မရပါဘူး။ ထိုင်း၊ မလေးရှား၊ စင်ကာပူ စတဲ့နိုင်ငံတွေလည်း ငယ်ငယ်လေးပဲ။ သူတို့ကစားတာ သိပ်လှတယ်။ ပန်းပန်လျက်ပဲမဟုတ်လား။

LC ။ ။ တော်တော်လည်းများနေပြီဆရာ။ အခုနောက်ဆုံးအနေနဲ့ ဒီ Recession ရှိမယ်။ ခုနကပြောခဲ့တဲ့နိုင်ငံရေးအပြောင်းအလဲတွေရှိမယ်။ အဲဒီထဲက ကျွန်တော်တို့ရနိုင်မယ့် Chance ပေါ့ဆရာ။ အဲဒါလေး ဆရာ့အမြင်သိချင်ပါတယ်။

Dr.TS ။ ။ သိပ်များများစားစားတော့မမြင်ပါဘူး။ ထိတော့ထိမယ်။ တိုက်ရိုက်မထိဘူး။ သွယ်ဝိုက်ပြီးထိမယ်။ အထူးသဖြင့် တရုတ်နဲ့အိန္ဒိယ ဒီနိုင်ငံတွေ ဘယ်လောက်ထိမလဲ။ အဲဒီအပေါ် မူတည်ပြီး သုံးသပ်ရမှာဖြစ်တယ်။ အများဆုံးအားကိုးနေရတာက အာဆီယံ၊ တရုတ်၊ အိန္ဒိယ။ ဒါပေမဲ့ အာဆီယံဆီက ပြောပလောက်အောင် ရစရာမရှိဘူးထင်ပါတယ်။ တရုတ်နဲ့ အိန္ဒိယက အဓိကပဲ။ အိန္ဒိယနဲ့ တရုတ်ဘာသာပြန်လည်ထူထောင်ဖို့ နည်းနည်းကြာသွားမယ်ဆိုရင် ကျွန်တော်တို့ သူတို့ဆီကရတဲ့ဟာတွေ ပိုဆိုင်းသွားမယ်။ ပိုဆိုင်းသွားရင် ကျွန်တော်တို့ နာလန်ထူဖို့က လည်း နှေးမှာပဲ။ ဒီအချိန်မှာ ကျွန်တော်တို့က တတ်နိုင်သရွေ့ Primary Products ထုတ်လုပ်မှု၊ ပြည်ပသို့တင်ပို့မှုတွေကို ဆက်လက်တိုးချဲ့ထိန်းသိမ်းထားရင်း ပြည်တွင်း SME ထုတ်လုပ်မှုတိုးချဲ့ရမယ်။ SME များများထုတ်ပြီး Value added တွေများများရောင်းနိုင်အောင် လုပ်ရမယ်။ ဒါမှ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေတွေ တိုးနိုင်မယ်။ အလုပ်အကိုင်ဘယ်လောက်တိုးတက်သလဲဆိုတဲ့အပေါ် မူတည်ပြီးတော့ ပြည်သူတွေရဲ့ ဝင်ငွေတိုးလာမယ်။ ဝင်ငွေတိုးလာတာနဲ့အမျှ ဝယ်လိုအား တိုးလာစေခြင်းမှတစ်ဆင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမှာဖြစ်ပါတယ်။

LC ။ ။ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဆရာ။

Powerful Press

ကုန်ဈေးနှုန်း

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

ကားဈေးနှုန်း (၃၁-၁၂-၂၀၀၈)

ကားအမျိုးအစား	မော်ဒယ်	အကွာရာ	ဈေးနှုန်း (သိန်း)
Suzuki Wagon	R+	စတီ(အနက်)	၃၀၀
Suzuki Wagon	R+	(ဇ)(ဇီးရော်င်)(ပစ္စည်းစုံ)	၂၆၀
Corolla 1.5 Limited	86/87	(သ)	၂၄၀
Corolla 1.5 Limited	88/89	(ဘ)	၂၉၀
Corolla 1.5 Limited	91	(ဖ)	၃၆၀
Corolla 1.5 Limited	90/91	(ဘ)	၃၀၀
Corolla 1.8 Van (ဒီဇယ်)	86/87	(သ)	၂၁၀
Corolla 1.8 Van (ဒီဇယ်)	88/89	(ု)	၃၀၀
Corolla 1.8 Van (ဒီဇယ်)	88/89	(အ)	၂၇၀
Corolla 1.8 Van (ဒီဇယ်)	90/91	(ခ)	၃၄၀
Corolla 1.3 Dx Van (ဓာတ်ဆီ)	86/87	(အ)	၂၁၀
Toyota Publica	81	(ဒ)	၈၅
Toyota Publica	86	(ဘ)	၁၁၅
Toyota Publica	88	(ဖ)	၁၄၀
Sunny Pick-up	86/87	(ဘ)	၁၁၀
Sunny Pick-up	90/91	(ု)	၁၂၅
Sunny Super Saloon (1.5)	86/87	(သ)	၂၁၀
Sunny Super Saloon (1.5)	86/87	(ဘ)	၂၂၀
Sunny Super Saloon (1.5)	88/89	(ဘ)	၂၀၀
Sunny Super Saloon (1.5)	88/89	(သ)	၂၀၀
Sunny Super Saloon (1.5)	92	(ဖ)	၃၈၀
TOYOTA LANDCRUISER	2004	(ဇ)	၂၇၀၀
TOYOTA LANDCRUISER	2007	(ဂ)	၃၅၀၀
TOYOTA PRADO	97	(၃)	၁၄၅၀

* အထက်ပါကားများသည် အကွာရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာ ဖြစ်သည်။

တီဗီရောင်စုံ

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	မော်ဒယ်	အရွယ်	နှုန်း(ကျပ်)
STAR	29185	29"	၂၆၀,၀၀၀
STAR	21T88	21"	၁၄၀,၀၀၀
LG	21 FB5RG	21"	၁၅၄,၀၀၀
LG	21FS2CL	21"	၂၄၆,၅၀၀
LG	21FU6RL	21"	၂၂၅,၀၀၀
SONY	KV-SZ292M80	29"	၃၁၀,၀၀၀
SONY	KV-SW14M51	14"	၂၀၅,၀၀၀
SONY	KV-BZ213M50	21"	၂၁၅,၉၀၀
SAKURA	21 SHF2M2	21"	၁၄၁,၀၀၀
SAKURA	29 F29 M2	29"	၂၁၄,၀၀၀

ရေခဲသေတ္တာ

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
MITSUBISHI	MR-F25R	၄၈၀,၀၀၀
MITSUBISHI	14T-GYN	၂၃၉,၀၀၀
MITSUBISHI	MR17U(onedoor)	၂၄၅,၅၀၀
MITSUBISHI	MR445R(2 door)	၅၃၉,၀၀၀
MITSUBISHI	MR-F/62T18DR4H+A(2door)	၄၆၀,၀၀၀
STAR(2 door)	R-130	၂၅၅,၀၀၀
STAR	R-170	၂၄၀,၀၀၀
Daewoo(Two door)	FR 360	၄၅၉,၀၀၀
Daewoo(One door)	FR 064	၁၄၉,၀၀၀
Daewoo(Two door)	FR 291	၃၆၀,၀၀၀
LG	GC-051SNS	၂၂၀,၀၀၀
LG	GC-151SNA	၁၈၀,၀၀၀
SAMSUNG (Two door)	RT-24MHBBK	၃၈၆,၀၀၀
SAMSUNG (Two door)	RT-21 MGBB/K	၃၉၅,၀၀၀
SAMSUNG (One door)	RA 18FHSS/K	၂၃၅,၀၀၀

DVD ပြစက်

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
LG	351	၆၅,၀၀၀
LG	387K	၇၈,၀၀၀
LG	298H	၁၀၀,၅၀၀
STAR	B-096	၄၆,၀၀၀
STAR	B-096(MP4+DC)	၅၇,၀၀၀
STAR	T52DC	၄၉,၆၀၀
STAR	T11	၅၅,၀၀၀
Daewoo	DV 1400S	၆၁,၅၀၀
Panasonic	DV DS2	၃၉,၀၀၀

လေအေးစက်

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
SAMSUNG	AW-09P/HDA	၂၄၅,၀၀၀
SAMSUNG	AW-12P/HDA	၃၁၅,၀၀၀
SAMSUNG	AS-09 WHWD	၃၃၄,၀၀၀
SAMSUNG	AS-12 WHWD	၃၂၈,၀၀၀
SAMSUNG	Aw-07FISDA	၃၆၅,၀၀၀
STAR	MS-12	၂၃၅,၀၀၀
STAR	MS-09	၂၄၈,၀၀၀
Daewoo(Splite Type)	1HP DSB 095L	၂၉၅,၀၀၀
LG	CO964F73	၃၅၈,၅၀၀
LG	CO96QDA3	၄၉၅,၀၀၀

အဝတ်လျှော်စက်

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
LG	WP-750 (Semi Auto)	၁၈၉,၀၀၀
LG	WP-900 (Semi Auto)	၂၉၆,၀၀၀
LG	WP.S 650(Full Auto)	၃၁၀,၅၀၀
SAMSUNG	WA-90R3	၂၈၁,၅၀၀
SAMSUNG	WA-90F3	၃၄၅,၀၀၀
SAMSUNG	WA-90J7	၃၅၆,၀၀၀
STAR	WT-75 H2	၁၅၀,၅၀၀

ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	နှုန်း(ကျပ်)
Horlick (900g)	၆,၄၀၀
Horlick (200g) (အိန္ဒိယ)	၁,၉၀၀
Junior Horlick (400g)	၃,၄၀၀
Milo (400g) ခဲထုပ်	၂,၈၀၀
Milo (400g) (ပုလင်း)	၃,၃၀၀
Maltova (450g) (နို)	၃,၅၀၀
Ovaltine (400g) နို	၃,၅၀၀
Ovaltine (200g) နို	၁,၉၀၀

Ovaltine 400g (ဖြူ)	၃,၉၀၀
Ovaltine 200g (ဖြူ)	၂,၂၀၀
Ovaltine 400g (စက္ကူဘူးဖြူ)	၃,၅၅၀

နိုင်ငံခြားအရက်

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	နှုန်း(ကျပ်)
J&BJet(75Cl) (12YearsOld)	၁၁,၅၀၀
VAT 69 (75Cl)	၁၀,၈၀၀
Jonnie Walker (Red)(75Cl)	၁၁,၇၀၀
Jonnie Walker (Red)(37.5Cl)	၈,၁၀၀
Jonnie Walker (Red)(1Liter)	၁၆,၀၀၀
Jonnie Walker (Black)(37.5Cl)	၁၃,၂၀၀
Jonnie Walker (Black)(75Cl)	၂၃,၇၀၀
Jonnie Walker(Black)(1Liter)	၃၁,၄၀၀
Black & White (1Liter)	၁၄,၀၀၀
Black & White (75Cl)	၁၁,၀၀၀
Gold Label (75Cl)	၄၆,၂၀၀
SCOTTISH LEADER	၆,၈၀၀
Grand Royal (အပြား)ရွှေပတ်ကြီး/သေး	၂,၈၀၀/ ၁,၅၀၀
SPY(CLASSIC)(Red) (Wine)	၅,၂၀၀
Mekhong (75CL)	၅,၈၀၀
Mekhong (37.5CL)	၂,၃၀၀
SPEY ROYAL (70Cl)	၇,၂၀၀

မုန့်ပုံးသံဘူး

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	နှုန်း(ကျပ်)
မိသားစု	၆,၉၀၀
Cream Crackers(Hup Seng)	၇,၆၀၀
(KHIAN GUAN) Top Choice	၇,၂၀၀
(HWA TA) Choice	၅,၅၀၀
(Munchys) Funmix	၈,၈၀၀
Hwa Tai Wonderful	၅,၄၀၀
Lee Daily Delight	၅,၅၀၀
Every Time	၅,၈၀၀
Summer Day	၃,၅၀၀
(Shan Fatl) Party	၅,၅၀၀
(Julie's) Biscuit Assorties	၆,၅၀၀
(Julie's) Love letters	၄,၉၀၀

ခေါက်ဆွဲခြောက်

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	နှုန်း(ကျပ်)
Yum Yum (ကြက်ပေါင်)	၁၅၀
Yum Yum ချဉ်စပ်(ပုစွန်)	၂၀၀
Yum Yum (ဘဲသားဆီချက်)	၁၅၀
Yum Yum (သီးစုံခေါက်ဆွဲ)	၁၅၀
MAMEE ကြာဆံ	၂၅၀
MAMEE (ရိုးရိုး)(ဆီချက်)	၂၀၀
MAMEE (ကြက်သားချဉ်စပ်)	၂၀၀
MAMEE (ကြက်ခေါက်ဆွဲပြုတ်)	၁၅၀
MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ)	၂၀၀
MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်)	၂၀၀
MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်)	၂၀၀
Wai Wai (ကြာဆံ) (ပြာ)	၂၀၀
Shin Shin (ကြာဆံ)	၂၀၀
Yum Yum ပုစွန်မလိုင်ချဉ်စပ်	၂၀၀
Yum Yum ကြက်သားချဉ်စပ်	၂၀၀
MA MA ညှပ်ခေါက်ဆွဲ(စိမ်း)	၂၅၀
MA MA ညှပ်ခေါက်ဆွဲ(နီ)	၂၅၀

သွားတိုက်ဆေး

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	နှုန်း(ကျပ်)
Fresh Up ဘူးကြီး ရိုးရိုး/ Gel	၇၀၀/ ၇၅၀
Best-T (125g) White	၆၅၀
Colgate (40g) Double Cool Stripe	၄၅၀
Col gate (160g) Double Cool Stripe	၁,၅၀၀
Close-Up (New)(18 g)	၂၀၀
Close-Up (160g) ပြာ	၁,၇၀၀
Colgate Fresh Cool Mint 200g	၁,၅၀၀
Colgate Great Regular 200 g	၁,၅၀၀
Colgate Whitening 160g	၂,၆၅၀
Colgate gel (စိမ်း) 160g	၁,၉၀၀
3D	၄၀၀

ကိုယ်တိုက်ဆပ်ပြာ

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	နှုန်း(ကျပ်)
Imperial Leather (65g)	၂၃၀
Imperial Leather (125g)	၄၅၀
Fashion	၃၀၀
Miss	၃၀၀
DOVE	၉၀၀
Kanebo	၁,၁၃၀
YOKO WHITENING Herbal 110g	၁,၄၀၀
Family Care 125g	၄၅၀
ASEPSO	၆၀၀
CAMAY	၅၀၀
Spa	၃၅၀

E-Lan	၄၀၀
LUX 100g	၄၀၀
KAO	၅၀၀
Parrot	၄၀၀
Paris 135g	၄၀၀
A21 (နက်)70g	၃၀၀
A21 (နက်)125g	၄၀၀
DG Soap 100g	၃၀၀

ခေါင်းလျှော်ရည်

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	နှုန်း(ကျပ်)
Head and Shoulder 400g	၄,၃၅၀
Head and Shoulder 200g	၂,၃၀၀
Head and Shoulder 100g	၇၅၀
Pantene 400g	၄,၃၀၀
Pantene 200g	၂,၂၅၀
Pantene 100g	၇၅၀
Clinic Clear 350g	၃,၈၀၀
Clinic Clear 90g	၁,၁၀၀
Palmolive 100 g	၁,၂၀၀
Palmolive 200 g	၂,၇၀၀
Rejoice 100 g	၅၀၀
Rejoice 200 g	၁,၆၅၀

ခြင်ဆေးခွေ

(၂၆-၁၂-၂၀၀၈)

အမျိုးအစား	နှုန်း(ကျပ်)
Jumbo (12)coils	၃၅၀
Fumakilla (10) coils	၂၅၀
MARS	၂၅၀
Fuji	၃၀၀
Raid	၃၅၀
ATAK	၄၀၀
FIGHTER	၂၅၀
GO!	၂၅၀
ပါရမီ	၃၀၀
MOSFLY	၂၅၀
ကေဒီလာ	၃၅၀
Spider	၂၅၀
Golden Lion	၂၅၀
Special	၃၀၀

ကြော်ငြာ

(၂၃-၁၂-၂၀၀၈)

❑ Lucky Bird P4 Budget PC 775

- Intel Pentium 4-775 Dual Celerom 1.8 GH2
- Memory 512 MB DDR2 667
- 80 GB HDD SATA
- 15" CRT (Samsung/ Viewsonic) Monitor
- AOPEN PS2 Keyboard & Opital Mouse & PAD
- P4 ATX Tower Casing
- Free 1GB Pendrive

Price 279 US$

❑ TOSHIBA Satellite L300 Notebook (PSLBGL-00600L)

- Intel Celeron M 575 2.0 GHz
- 1 GB DDR 667
- 15.4" WXGA 200 NIT CSV (Latest Clear Super View) Dispaly
- Intel 4500 M Graphic
- 160 GB HDD
- W Lan
- 56K Fax & Data Modem
- DVD RW Super, Card Reader, Web Camera
- 1 Year International Warranty

Price 599 US$

❑ KMD Basic Model

- Intel Celeron 1.8 GHz (430)(512 KB L2 Cache, 800 MHz)
- MSI G31 M3L Pentium 4 Motherboand (775/DDR2/1066) with PCIE + Sound + LAN
- 80 GB HDD (Seagate, 7200 RPM) SATA
- 512 MB DDR2 RAM (PC 667, Kingston)
- 17" Color Digital Monitor (Dyna)
- Prolink Combo Multimedia Keyboard and Optical Mouse & Pad
- P4 Casing (Normal Light)

Price 331,000 Ks

❑ Compaq V3839 TU Presaria Notebook

- Intel Dual Core 2.0 GHz Processor (5750)
- 14.1" WXGA High Definition Bright View Widescreen
- 1GB DDR2 RAM
- 160GB HDD [SATA]
- 8 x DVD Writer SuperMulti DL
- Wireless LAN 802.11 b/g, Modem
- Intergrated Bluetooth 2.0 Webcam
- Intel Graphics Media Accelerator X3100 w
- 5 in 1 Card Reader, Express Card Slot

Price 1,000,000 Ks

❑ Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core 2 Dual 2.66 GHz (775 CPU)
- ASUS P5KPLAM
- 1GB DDR RAM
- 160 GB HDD SATA
- 15" CRT Samsung/ View Sonic Monitor
- AOPEN PS2 Keyboard & Optical Mouse & Mouse Pad
- P4 ATX Tower Casing
- Free Speaker

Price 379 US$

❑ KMD CLASSIC MODEL

- Intel Pentium Dual Core 2.2 GHz E2200(1MB, L2 Cache, 800 MHz)
- GIGA 945 GCM-S2C Pentium4 Motherboard (775/DDR2/1333) (With PCIE+Sound+LAN)
- 512 MB DDR RAM (PC 400 MHz) Kingston
- 80 GB HDD (Seagate, 7200 RPM) SATA with HDD Fan
- 17" SVGA Color Monitor (Dyna)
- Prolink Combo Multimedia Keyboard & PS II Optical Scroll Mouse
- Optical Mouse Pad
- P4 Casing (Handle Light)

Price 366,000 Ks

❑ KMD Innovator Model

- Intel Core2 Quad 2.4 GHz Q 6600 (8 MB L2 Cache, 1066 MHz)
- GIGA EP43 DS3L Pentium 4 Motherboard (775/ DDR2/ 1333) (with Sound + LAN)
- 2GB DDR2 RAM (PC 800 MHz) Kingston
- PCIE 256 MB (N 7200 GS) ASUS
- 160 GB HDD (Seagate, 7200 RPM) SATA with HDD Fan
- 17" SVGA Digital Control Color Monitor (NEC)
- Prolink Combo Multimedia Keyboard and Optical Mouse
- Optical Mouse Pad
- P4 Casing (Light High)

Price 718,000 Ks

(ပြီးခဲ့သည့်လအတွင်း ခရစ္စမတ်နှင့် နှစ်သစ်ကူးအထိမ်းအမှတ် ကွန်ပျူတာဈေးနှုန်းများကို အထူးနှုန်းဖြင့် လျှော့ချရောင်းခဲ့ကြသည်။ အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

❑ Multimedia

16x DVD ROM (Sony) SATA	29,000 KS
52 x 32 x 52 x 16 Combo (Benq)	20,000 Ks
52 x 32 x 52 x 16 Combo (Sony)	31,500 Ks
Sony 20 x 8x 48 x 24 DVD Writer SATA	37,500 Ks
20 x 10x 40x 32 DVD Writer (ASUS) SATA	40,500 Ks
Microlab M 119 Speakers with sub woofer	28,000 Ks
Microlab M-666 Speakers with sub woofer	36,000 Ks
Microlab M900 Speakers with sub woofer	46,000 Ks

❑ Memory

512 MB (DDR RAM) PC 400 MHz (Kingston)	22,500 Ks
512 MB (DDR 2 RAM) PC 667 MHz (Kingston)	12,500 Ks
1GB (DDR 2 RAM) 667 MHz (Kingston)	15,500Ks
1GB (DDR 2 RAM) 800 MHz (Kingston)	15,500Ks
2GB (DDR 2 RAM) 800 MHz (Kingston)	27,000Ks

❑ Storage Device

160 GB (Hitachi) IDE	60,000 Ks
160 GB (Seagate) IDE	62,000 Ks
320 GB (Hitachi) SATA	71,000 Ks
320 GB (Seagate) SATA	73,000 Ks
320 GB (Samsung) SATA	71,000 Ks

❑ Monitor

15" SVGA Color Monitor (Philips)	134,000 Ks
17" SVGA Monitor (LG)	125,000 Ks
17" SVGA Monitor (View Sonic)	118,000 Ks
17" SVGA Color Monitor (Dyna)	84,000 Ks
17" SVGA Color Monitor (NEC)	137,000 Ks
17" LCD Color Monitor (Samsung)	179,000 Ks
17" LCD Color Monitor (Philips)	197,000 Ks
17" LCD Color Monitor (Acer)	170,000 Ks
19" LCD Color Monitor (View Sonic) Wide View 1962W	233,000 Ks
19" LCD Color Monitor (ASUS)Wide View 193T	225,000 Ks

❑ Printer

Canon PIXMA- iP 1880 Printer (USB)	59,000 Ks
Canon PIXMA- iP 1980 Printer (USB)	62,000 Ks
Canon Laserjet 3050 Printer (USB)	112,000 Ks
HP Laserjet 2015 Printer (USB)	295,000 Ks
HP Color Laserjet 2600N Printer (USB)	495,000 Ks
HP Laserjet 1005 A Printer (USB)	118,000 Ks
EPSON T x 101 Printer	125,000 Ks
EPSON Dot Matrix Printer-LQ 300+	255,000 Ks
EPSON T11 Inkjet Printer	80,000 Ks
EPSON TX 400 SPC Printer	198,000 Ks
EPSON SP 230 Photo Printer	200,000 Ks
EPSON SP 1390 Photo Printer (A3)	570,000 Ks
EPSON TX 200 SPC Printer	165,000 Ks
EPSON 6200 L Laser Printer	195,000 Ks
EPSON R290 Photo Printer	225,000 Ks
EPSON PM270 Printer	300,000 Ks
Fuji Xerox Color Laser DPC 1110 Network Ready	605US$
Fuji Xerox Colour Laser DPC 1110B	480US$
Fuji Xerox Colour Laser Multifunction 2090Fs	1350US$
Fuji Xerox Multifunction WC PE 220	500US$

❑ Toner

HP 1100/ 1200/ 5L / 6L Toner	62,500 Ks
HP 1010/ 1320/ 1300 Toner	72,000 Ks
HP 2015 Toner	82,000 Ks
Canon 2900 Toner	58,500 Ks
Canon 1120 Toner	58,500 Ks

❑ Scanner

EPSON Perfection V30 Scanner	120,000 Ks
EPSON Perfection V300 Scanner(A4 Film)	196,000 Ks
HP Flatbed Scanner 2410 (USB)	105,000 Ks
Canon Flatbed Scanner Lide 25 (USB)	70,000 Ks

❑ UPS

650 VA (Power Tree) Basic	50,000 Ks
1250 VA (Power Tree)	90,000 Ks

မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group ၊ Lucky Bird Co., Ltd.၊ Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။

(အယ်ဒီတာ)

တွေ့ဆုံဆွေးနွေးမှုများ

၅-၁၁-၂၀၀၈

* Korea International Cooperation Agency (KOICA) မှ President Representative, Mr. Cho Kwang Geol ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တွေ့ဆုံဆွေးနွေး။
* အာရှဖွံ့ဖြိုးရေးဘဏ်အမှုဆောင်ဒါရိုက်တာ Mr. Md. Saad Hashim သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် တွေ့ဆုံဆွေးနွေး။

၆-၁၁-၂၀၀၈

* ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ သံတမန်နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Touhid Hossain ဦးဆောင်သော အဖွဲ့ဝင်လေးဦးပါဝင်သည့် ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

၇-၁၁-၂၀၀၈

* ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္ဒိုင်းမြို့၌ ကျင်းပသည့် တတိယအကြိမ် ACMECS (အက်မက်စ်) ထိပ်သီးအစည်းအဝေးနှင့် စတုတ္ထအကြိမ် CLMV (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံဝန်ကြီးချုပ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတမစ္စတာ ငုယင် မန်ကျစ်နှင့်လည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် Mr. Somchai Wongsawat နှင့်လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္ဒိုင်းမြို့တွင် အသီးသီး တွေ့ဆုံဆွေးနွေး။

၈-၁၁-၂၀၀၈

* မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်ယုံအီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) နှင့် တွေ့ဆုံဆွေးနွေး။

၁၀-၁၁-၂၀၀၈

* China New Era Co., Ltd. မှ Director, Mr. Shou Jinsong ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

၁၂-၁၁-၂၀၀၈

* မြန်မာနိုင်ငံဝန်ကြီးချုပ်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် တွေ့ဆုံဆွေးနွေး။
* ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူများသည် အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် တွေ့ဆုံဆွေးနွေး။
* အစည်းအဝေးတက်ရောက်၍ အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဥာဏ်ဝင်းသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် Dr. Iftekhar Ahmed Chowthury နှင့်လည်းကောင်း၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Upentra Yadar နှင့်လည်းကောင်း၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. R. Bogollagama နှင့်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

၁၃-၁၁-၂၀၀၈

* မြန်မာနိုင်ငံဝန်ကြီးချုပ်သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်နှင့်လည်းကောင်း၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda နှင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖှတ်ဂျင် အာမက်နှင့်လည်းကောင်း အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။
* ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha သည် ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် တွေ့ဆုံဆွေးနွေး။
* ထိုင်းနိုင်ငံ ဘန်ကောက်မြို့အခြေစိုက် ဆွီဒင်နိုင်ငံသံရုံးမှ သံမှူးကြီး Mr. Benet Ekman သည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

၁၄-၁၁-၂၀၀၈

* မြန်မာနိုင်ငံတွင်ရောက်ရှိနေသော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Manuchehr Mottaki ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဝန်ကြီးချုပ်နှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Yasuaki Nogawa သည် အမျိုးသား သဘာဝဘေးကာကွယ်ရေးဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တွေ့ဆုံဆွေးနွေး။

၁၈-၁၁-၂၀၀၈

* အီတလီသမ္မတနိုင်ငံ ရောမမြို့၌ကျင်းပသည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ (၃၅) ကြိမ်မြောက် အထူးညီလာခံသို့တက်ရောက်ရန် သွားရောက်ခဲ့သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အီတလီသမ္မတနိုင်ငံအခြေစိုက် FOCSIV-INGO အဖွဲ့မှ ဒါရိုက်တာ Mr.Alberto Zamber Letti နှင့်လည်း ကောင်း၊ FAO ညွှန်ကြားရေးမှူးချုပ် Dr.Jaeques Diouf နှင့်လည်းကောင်း အီတလီသမ္မတနိုင်ငံ ရောမမြို့တွင် အသီးသီး တွေ့ဆုံဆွေးနွေး။
* ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့နှင့် ကမ္ဘာကုန်သွယ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ စက်မှုဖွံ့ဖြိုးရေးညီလာခံသို့ တက်ရောက်ရန်သွားရောက်ခဲ့သည့် အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ကမ္ဘောဒီးယားနိုင်ငံ စက်မှုနှင့်စီးပွားရေးရာဝန်ကြီးဌာနဝန်ကြီး မစ္စတာချမ်းပရာဒစ်ရှ်နှင့် ကမ္ဘောဒီး ယားနိုင်ငံ ဆီရမ်ရိမြို့တွင် တွေ့ဆုံဆွေးနွေး။

၁၉-၁၁-၂၀၀၈

* မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တိယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီဗဟိုကော်မတီအတွင်းရေးမှူး H.E.Mr.Zhang Gadi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။
* အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင် တွေ့ဆုံဆွေးနွေး။

၂၂-၁၁-၂၀၀၈

* အိန္ဒိယသမ္မတနိုင်ငံ နာဂလန်ပြည်နယ်အစိုးရအဖွဲ့မှ Mr.M.K. Mero (Officer on Special Duty. I & C) ခေါင်းဆောင်သော အဖွဲ့ဝင် ၁၁ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန် သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (UMFCCI) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

၂၄-၁၁-၂၀၀၈

* တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာ နိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ သံအမတ်ကြီး H.E.Mr.Tran Van Tung သည် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

ဤကဏ္ဍတွင် . . . . .
၁၃၆ ရလဒ်
၁၄၀ ငွေက စကားပြောတတ်လျှင်
၁၄၄ အဖေခွဲဝေပေးသောအမွေ
၁၄၈ တောင်ကြီးသို့ နောက်တစ်ခေါက်
၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၁၆)

ယခင်လမုအဆက်

ရလဒ်

မြသန်းသန်းနု



Rajeshမိခင်လည်း အများနည်းတူ အိမ်သုံးအိမ်မှာ အိုးတိုက်၊ ပန်းကန်ဆေး၊ တံမြက်လှည်း၊ ကြမ်းတိုက် စတဲ့အလုပ်တွေကို အချိန်ပိုင်းနဲ့လုပ်ပါတယ်။ ဖခင်က တွန်းလှည်းပေါ် ဟင်းသီးဟင်းရွက်တင်ပြီး အနီးအနားလှည့်ပတ်ရောင်းချပါတယ်။ Rajeshအစ်မက ၁၈ နှစ်။ သူလည်း မိခင်နည်းတူ အိမ်သုံးအိမ်မှာ အချိန်ပိုင်းအလုပ်လုပ်ပါတယ်။ အလယ်တန်းအောင်တဲ့အထိ ကျောင်းနေဖူးတယ်လို့ပြောပါတယ်။ ညီလေးက ၈ တန်းပါ။ အစိုးရ အထက်တန်းကျောင်းမှာ ပုံမှန်ကျောင်းသားဖြစ်တယ်လို့ သိရပါတယ်။ Rajeshလည်း Kalajiအစိုးရအထက်တန်းကျောင်းက ဆယ်တန်းကို ၇၂ ရာခိုင်နှုန်းနဲ့အောင်တယ် လို့သိရပါတယ်။ ဝမ်းသာစရာပါပဲ။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက ဒီနှစ် ၁၁ တန်းကို အလွတ်ဖြေရမယ်လို့ပြောပါတယ်။ ၁၀ တန်းမှာ တခြားဘာသာရပ်တွေ အမှတ်ကောင်းပေမယ့် အင်္ဂလိပ်စာ ၆၀ ရာခိုင်နှုန်းပဲရတယ်လို့ ပြောပါတယ်။ ဒါလည်း အမှတ်မနည်းပါဘူး။ ဒါပေမဲ့ Rajeshက ကြိုးစားပြီး ရည်မှန်းချက်ကြီးသူပီပီ အမှတ်ကောင်းကောင်းရလိုပါတယ်။ ဖခင်က မနက် ၃ နာရီထပြီး ဟင်းသီးဟင်းရွက်ဝိုင်မှာ ဈေးဝယ်ထွက်ရပါတယ်။ အိမ်ကို ၆ နာရီလောက် ပြန်ရောက်တဲ့အခါ တွန်းလှည်းပေါ်မှာ ဟင်းသီးဟင်းရွက်တွေစီ၊ လက်ဖက်ရည်တစ်ခွက်သောက်ပြီး ဈေးရောင်းထွက်ရတယ်လို့ ပြောပါတယ်။ အိန္ဒိယနိုင်ငံမှာ စောစောစီးစီးဈေးရောင်းလေ့မရှိပေမယ့် Rajesh ဖခင်ကတော့ စောစောဈေးထွက်ရင် စောစောထလမ်းလျှောက်ထွက်သူတွေ၊ ကလေးတွေနဲ့အတူ ကျောင်းကားထွက်စောင့်သူတွေရှိတာကြောင့် ဈေးဦးဖောက်သူတွေရှိတယ်လို့ပြောပါတယ်။ လမ်းကြိုလမ်းကြား ဝင်ပြီးရင်တော့ Rajesh ဖခင်ဟာ Kalaji ရပ်ကွက်မှာရှိတဲ့ Desh Bandhu ကောလိပ်ကျောင်းနံဘေး အုတ်တံတိုင်းကို မှီပြီး ဈေးဆက်ရောင်းပါတယ်။ နေ့လယ်တစ်နာရီလောက်မှာ အချိန်ပိုင်း အိမ်ဖော်အလုပ်လုပ်တဲ့ ဇနီးနဲ့သမီးလည်း ပြန်ရောက်နေပါပြီ။ သားနှစ်ယောက်လည်း ကျောင်းက ပြန်ရောက်နေတာကြောင့် နေ့လယ်စာ အတူစား၊ ခဏနားပြီး ကျန်တဲ့ဟင်းသီးဟင်းရွက်ရောင်းဖို့ ကောလိပ်ကျောင်းနံဘေး လမ်းကြားလေးဆီ သွားရပြန်ပါတယ်။ “အဖေက ဒီနှစ် နည်းနည်းနေမကောင်းပါဘူး။ အသက်ကြီးပြီလေ။ ဒါ့ကြောင့် ကျွန်တော်က ၁၁ တန်းကို အလွတ်ဖြေမှာပါ။ အခုဒီမှာ ကျွန်တော် ကလေးတွေကို စောင့်

Jadhav ဟာ ငယ်ရွယ်စဉ်က လူဆိုးဂိုဏ်းဝင်ဖြစ်ချင်ပေမယ့် နည်းနည်းကြီးလာတော့ မင်းစေလုပ်ရရင် လခပုံမှန်ရတယ်ဆိုပြီး မင်းစေလုပ်ချင်ပြန်ပါတယ်။ အဲဒီကနေ ကျောင်းဆရာဆိုရင်ကောင်းမယ်လို့ စိတ်ကူးရပြန်ပါတယ်။ အသက် ၁၃ နှစ်သားရောက်တော့ စာရေးဆရာလုပ်ချင်စိတ်ပေါ်လာပြန်ပါတယ်။

ရှောက်ရင်း အင်္ဂလိပ်စာသင်ခွင့်လည်း ရပါတယ်။ Mrs.Sharma က ကျွန်တော်တို့ ကျောင်းသား ၃ ယောက်ကို တစ်လရူပီး၄၀၀၀ စီ ပေးပါတယ်။ ဒီကတာဝန်ပြီးရင် အိမ်ပြန်ထမင်းစားပြီး အဖေ့ကိုယ်စား ဟင်းသီးဟင်းရွက်ရောင်း ထွက်ရပါမယ်" လို့ ရှင်းပြပါတယ်။ တကယ်တော့ Rajesh ဖခင်ဟာ အသက်မကြီးသေးပါ။ အလုပ်ပင်ပန်းပြီး အာဟာရချို့တဲ့လို့ အရွယ်အိုမင်းတာသာ ဖြစ်ပါတယ်။

ဒီနေရာမှာ ဝမ်းသာစရာကောင်းပြန်တာက Rajesh ရဲ့ မိဘအပေါ် ကျေးဇူးသိတတ်မှုပါပဲ။ "ကျွန်တော် ၁၁ တန်း ၁၂ တန်း အမှတ်ကောင်းအောင်ကြိုးစားပြီး အခုကျွန်တော်စျေးရောင်းတဲ့နေရာက Desh Bandhu ကောလိပ်ကျောင်းမှာ ဝင်ခွင့်ရအောင်ကြိုးစားမယ်" လို့ တက်တက်ကြွကြွပြောပါတယ်။ ၁၁ တန်းက ကျောင်းစစ်ဖြစ်ပါတယ်။ ၁၀ တန်းနဲ့ ၁၂ တန်းက အစိုးရစစ်ဖြစ်ပါတယ်။ အိန္ဒိယမှာတော့ Board Exams လို့ခေါ်ပါတယ်။ ကျွန်မနဲ့ အယ်လီနာလည်း 'ပံခီယန်း' မှာ ကလေးတွေနဲ့ အချိန်ကုန်မှန်းမသိကုန်သွားလိုက်တာ တစ်နှစ်ပြည့်ပါပြီ။ ၁၀ တန်းကလေးတချို့ စာမေးပွဲအောင်ပြီး နှစ်ယောက်ကျပါတယ်။ ၁၂ ယောက်တန်းမှာလည်း နှစ်ယောက်သာ အောင်ပြီး ကျသူကျ၊ စာမေးပွဲဝင်မဖြေသူလည်းရှိတာကြောင့် ဝမ်းနည်းဝမ်းသာစရာသတင်းအမျိုးမျိုးကြားခဲ့ရပါတယ်။ Rajesh ကတော့ ၁၁ တန်းစာမေးပွဲကို ၉၀ ရာခိုင်နှုန်းနဲ့အောင်ပြီး အင်္ဂလိပ်စာ ၈၆ ရာခိုင်နှုန်းရတယ်လို့ ဝမ်းသာအားရပြောပြပါတယ်။ ကျွန်မကျေးဇူးကြောင့်ပါလို့ပြောပြီး သူတို့ယဉ်ကျေးမှုအတိုင်း ကျွန်မခြေဖမိုးကို သူ့လက်နှစ်ဖက်နဲ့ထိပြီး ဂါရဝပြုပါတယ်။ "တခြားဘာသာရပ်တွေမှာလည်း အမှတ်ကောင်းတယ်ဆိုတော့ မင်းရဲ့ကြိုးစားမှုပေါ်မှာသာမူတည်ပါတယ်။ အခုကတည်းက ၁၂ တန်းအတွက် ပြင်ဆင်ပေတော့" လို့ ကျွန်မ အားပေးစကားပြောလိုက်ပါတယ်။ Rajesh ၁၂ တန်းဘုတ်စာမေးပွဲ အောင်စာရင်းမထွက်ခင် ကျွန်မ 'ပံခီယန်း' က အနားယူခဲ့ပါတယ်။ အယ်လီနာတစ်ယောက် ကလေးတွေ သံယောဇဉ်နဲ့ နောက်တစ်နှစ်ဆက်ပြီး 'ပံခီယန်း' မှာ တာဝန်ယူပေးခဲ့ပါတယ်။ Rajesh ၁၂ တန်းကို ၉၂ ရာခိုင်နှုန်းနဲ့ အောင်မြင်ပြီး သူ့ရည်မှန်းချက်အတိုင်း Desh Bandhu ကောလိပ်မှာ နိုင်ငံရေး သိပ္ပံ၊ သမိုင်းဘာသာတွဲနဲ့ ဝိဇ္ဇာဂုဏ်ထူးတန်းတက်ဖို့ လျှောက်လွှာတင်သွင်းထားတယ်လို့ နောက်ဆုံး သိရှိခဲ့ရပါတယ်။

မကြာခင်က ဖတ်လိုက်ရတဲ့ဆောင်းပါးတစ်ခုမှာ အိန္ဒိယနိုင်ငံအနောက်ပိုင်း Maha Rashtra ပြည်နယ် PUNE (ယခင် ပူးနားမြို့) တက္ကသိုလ် ဒုတိယအဓိပတိ Mr.narendra Jadhav အကြောင်းဖတ်လိုက်ရပါတယ်။ Mr.Jadhav ဟာ ဒီတာဝန်မထမ်းဆောင်ခင် အိန္ဒိယဗဟိုဘဏ်ကြီးရဲ့ စီးပွားရေးပညာရှင်များအဖွဲ့မှာ ဦးစီးခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပါတယ်။ Mr. Jadhav အခုလို ဂုဏ်ရောင်ပြောင်တဲ့ PUNE တက္ကသိုလ်ကြီးမှာ ဒုတိယအဓိပတိအဖြစ် တာဝန်ထမ်းဆောင်ရခြင်းဟာ Mr.Jadhav တစ်ဦးတည်းအတွက်သာမဟုတ်ဘဲ "ဒါလစ်–DALIT" ဇာတ်နိမ့်မျိုးနွယ်တစ်ခုလုံးအတွက် ဂုဏ်ယူစရာဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်က ဒါလစ်ဇာတ်နိမ့်နွယ်ဝင်တွေဟာ ပူးနေး (PUNE) မြို့ထဲမှာ နေထိုင်ခွင့်မရှိဘဲ အမှောင်မျိုးမီ မြို့ထဲကထွက်ကြရပါတယ်။ မြို့ကခွာတဲ့အခါမှာလည်း တံမြက်စည်းကိုယ်စီကိုင်ပြီး ကိုယ့်အရိပ်ကျရာတစ်လျှောက်လုံးကျင်းသွားရတယ်လို့ ဆိုကြပါတယ်။ ဇာတ်နိမ့်ဆိုရင် 'အရိပ်' ပါ ညစ်ညမ်းတယ်ဆိုတဲ့သဘောပါ။

Narendra Jadhav ဟာ ပူးနေးမြို့ပြင်က 'ဝါဒလာ' ဆင်းရဲသားရပ်ကွက်မှာ ကြီးပြင်းခဲ့ရသူပါ။ မှတ်မှတ်ရရ သူအသက်ရှစ်နှစ်သားအရွယ်မှာ "ကြီးရင် ဘာလုပ်ချင်သလဲ" လို့ လူကြီးတွေမေးတဲ့အခါ "လူဆိုးဂိုဏ်းထဲဝင်မယ်" လို့ပြောခဲ့ဖူးပါတယ်။ Jadhav ရဲ့ ထူးခြားတဲ့အောင်မြင်မှုကိုကြည့်ရင် "ပညာရေး" ဟာ ဘယ်လောက်အရေးပါသလဲဆိုတာကို ပြသတဲ့တန်ဖိုးအရှိဆုံးဥပမာဆိုတာ သိရှိနိုင်ပါတယ်။ Jadhav ကြီးပြင်းလာခဲ့တဲ့ ဆင်းရဲသားရပ်ကွက်နဲ့ လမ်းကြိုလမ်းကြားတွေဟာ သူ့ကို အနိုင်မခံ အရှုံးမပေးစိတ်ဓာတ် မွေးဖွားပေးခဲ့တယ်ဆိုရင် မမှားနိုင်ပေမယ့် Jadhav ကို အောင်မြင်မှုလမ်းပေါ်တင်ပေးခဲ့သူဟာ 'ဖခင်' ဖြစ်သူပါပဲ။ Jadhav ရဲ့ ဖခင်ဟာ Jadhav တို့ ညီအစ်ကိုနှစ်ယောက် ငယ်ရွယ်စဉ်က ဘုံဘောဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှာ သာမန်အလုပ်သမားတစ်ဦးသာဖြစ်ပါတယ်။ အခြေခံစာရေး၊ စာဖတ်လောက်သာတတ်ပေမယ့် သားနှစ်ဦးကိုတော့ ထိပ်တန်းပညာသင်ကြားနိုင်အောင် အားပေးခဲ့ပါတယ်။

Jadhav ဟာ ငယ်ရွယ်စဉ်က လူဆိုးဂိုဏ်းဝင်ဖြစ်ချင်ပေမယ့် နည်းနည်းကြီးလာတော့ မင်းစေလုပ်ရရင် လခပုံမှန်ရတယ်ဆိုပြီး မင်းစေလုပ်ချင်ပြန်ပါတယ်။ အဲဒီကနေ ကျောင်းဆရာဆိုရင် ကောင်းမယ်လို့ စိတ်ကူးရပြန်ပါတယ်။ အသက် ၁၃ နှစ်သားရောက်တော့ စာရေးဆရာလုပ်

ချင်စိတ်ပေါ်လာပြန်ပါတယ်။ အစ်ကိုဖြစ်သူကိုပြောပြတော့ "မင်းတော်ချင်သလား" လို့ စိတ်ဆိုးပြီး အအော်ခံခဲ့ရပါတယ်။ အဲဒီလို ညီအစ်ကိုနှစ်ယောက်ပြောဆိုနေသံကြားတော့ ဖခင်ဖြစ်သူက "မင်း ဘာဖြစ်ရမယ်၊ ဘာလုပ်ရမယ်ဆိုတာ သူများပြောတာ နားထောင်စရာမလိုဘူး။ တချို့က မင်းကို ဆရာဝန်၊ ရှေ့နေ၊ အင်ဂျင်နီယာ စတာတွေဖြစ်အောင်လုပ်ဖို့ ပြောလိမ့်မယ်။ ဒါပေမဲ့ ကိုယ့်ခံစားချက်၊ ကိုယ့်ယုံကြည်ချက်အတိုင်းသာလုပ်ပါ။ ဘယ်နေရာရောက်ရောက် မင်းထိပ်တန်းရောက်ရင် ငါကျေနပ်ပြီ။ မင်းအတွက် မင်းမှာ ကိုယ်ပိုင်ရွေးချယ်ခွင့်ရှိတယ်။ ဒုတိယတန်းစားတော့ မဖြစ်စေနဲ့။ စကားကုန်ပြောမယ်။ သူခိုးဖြစ်ရင်တောင် မင်းဟာ နိုင်ငံတကာမှာ သိမ့်သိမ့်တုန်ရမယ့်သူ သေချာပေါက်ဖြစ်ပါစေ" လို့ ပြောပါတယ်။

မင်း ဘာဖြစ်ရမယ်၊ ဘာလုပ်ရမယ်ဆိုတာ သူများပြောတာ နားထောင်စရာမလိုဘူး။ တချို့က မင်းကို ဆရာဝန်၊ ရှေ့နေ၊ အင်ဂျင်နီယာ စတာတွေဖြစ်အောင်လုပ်ဖို့ ပြောလိမ့်မယ်။ ဒါပေမဲ့ ကိုယ့်ခံစားချက်၊ ကိုယ့်ယုံကြည်ချက်အတိုင်းသာလုပ်ပါ။ ဘယ်နေရာရောက်ရောက် မင်းထိပ်တန်းရောက်ရင် ငါကျေနပ်ပြီ။ မင်းအတွက် မင်းမှာ ကိုယ်ပိုင်ရွေးချယ်ခွင့်ရှိတယ်။ ဒုတိယတန်းစားတော့ မဖြစ်စေနဲ့။ စကားကုန်ပြောမယ်။ သူခိုးဖြစ်ရင်တောင် မင်းဟာ နိုင်ငံတကာမှာ သိမ့်သိမ့်တုန်ရမယ့်သူ သေချာပေါက်ဖြစ်ပါစေ။

Jadhavဟာ ဖခင်ရဲ့စကားကို အထူးလေးလေးနက်နက် မှတ်ယူခဲ့ပါတယ်။ တက္ကသိုလ်ဝင်အထက်တန်းစာမေးပွဲဖြေတဲ့အခါ Jadhav ဟာ သင်္သကရိုက် (Sanskrit) ဘာသာမှာ အိန္ဒိယတစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိခဲ့ပါတယ်။ သင်္သကရိုက်ဘာသာကို Jadhavအန်တုတဲ့အနေနဲ့ ယူခဲ့တာပါ။ ဒီဘာသာစကားဟာ အိန္ဒိယနိုင်ငံမှာ အထက်တန်းစား ဘရာမင် (Brahmins) တွေသာ ပြောပိုင် သုံးစွဲခွင့်ရှိတဲ့ စကားအဖြစ် ယူဆခဲ့တာကြောင့် ရှေးနှစ်ပေါင်းများစွာက ဇာတ်နိမ့်ဒါလစ်တွေ လေ့လာပြောဆိုပိုင်ခွင့်မရှိခဲ့ပါဘူး။ Jadhavဟာ အထက်တန်းအောင်ပြီး Mumbai မြို့ (အရင်ကဘုံဘေမြို့) Ruiaကောလိပ်ကနေ B.A ဘွဲ့ကို စာရင်းအင်းဘာသာ၊ ဘောဂဗေဒဘာသာရပ်တွေမှာ ဂုဏ်ထူးနဲ့အောင်မြင်ရရှိခဲ့ပါတယ်။

Jadhavဟာ မွန်ဘိုင်းတက္ကသိုလ်မှာ ဘောဂဗေဒဘာသာရပ်နဲ့ M.A ပထမနှစ်တက်နေခိုက် အိန္ဒိယနိုင်ငံတော်ဘဏ် (State Bank of India) မှာ ယာယီအစမ်းခန့်အရာရှိအဖြစ် အလုပ်ရရှိခဲ့ပါတယ်။ M.A ဒုတိယနှစ်မှာ အချိန်ပြည့် ပုံမှန်အလုပ်ရရှိပါတယ်။ အစ်ကိုဖြစ်သူက အလုပ်တစ်ဖက်နဲ့ကျောင်းတက်ရင် အမှတ်ကောင်းမှာမဟုတ်ဘူးလို့ သတိပေးခဲ့ပါတယ်။ Jadhav က ဖခင်ရဲ့ဆုံးမစကားအတိုင်း ဒုတိယတန်းစား မဖြစ်ခဲ့ပါဘူး။ M.A ဘောဂဗေဒကို အမှတ်အများဆုံးနဲ့ ပထမရရှိပြီး အောင်မြင်ခဲ့ပါတယ်။ ဒါဟာ ဇာတ်နိမ့်ဒါလစ်တွေ တစ်ခါမှမကြုံဖူးတဲ့ စံချိန်တင်မှုပဲ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံတော်ဘဏ်မှာ သုံးနှစ်အလုပ်လုပ်တဲ့အတောအတွင်း Jadhavဟာ Maharashtra ပြည်နယ်အနှံ့ မကြာ ခဏ ခရီးထွက်ခဲ့ရပါတယ်။ အဲဒီကနေ အိန္ဒိယဗဟိုဘဏ်ကြီး Reserve Bank of Indiaမှာ အလုပ်ဝင်ခဲ့ပါတယ်။ အဲဒီအချိန် က Jadhav ဟာ အသက် ၂၄ နှစ်သာရှိသေးပြီး ဗဟိုဘဏ်ကြီးရဲ့ အသက်အငယ်ဆုံး သုတေသီ ဖြစ်ခဲ့ပါတယ်။ Jadhav ဟာ ပညာဆက်ပြီးသင်ယူချင်သေးတာကြောင့် အိန္ဒိယအစိုးရ စကောလားရှစ်လျှောက်ပြီး အမေရိကန်ပြည် ထောင်စု Indiana တက္ကသိုလ်ကနေ Public Financeဘာသာရပ်နဲ့ Ph.D ပါရဂူဘွဲ့ရရှိခဲ့ပါတယ်။ Jadhav ဟာ အထူးချွန်ဆုံး နိုင်ငံတကာကျောင်းသားဆုချီးမြှင့်ခံရတဲ့အပြင် ထူးခြားတဲ့စီးပွားရေးသီအိုရီတစ်ရပ် ဖော်ထုတ်နိုင်ခဲ့လို့လည်း ဆုချီးမြှင့်ခံရပြန်ပါတယ်။ Jadhav ဟာ ပါရဂူဘွဲ့ရပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ အများအပြား ကမ်းလှမ်းခံခဲ့ရတဲ့ကြားက ခုနစ်ရက်အကြာမှာ အိန္ဒိယကို ပြန်လာခဲ့ပါတယ်။ အဲဒီအချိန်က အိန္ဒိယလူမျိုးတွေ အနောက်နိုင်ငံတွေမှာ ဘွဲ့ရ၊ အလုပ်ရကြပြီးရင် ကိုယ့်ပြည်ကိုယ့်မြေ ပြန်လာလေ့မရှိကြပါဘူး။ ရောက်ရာအရပ်မှာသာ အခြေစိုက်လေ့ရှိကြပါတယ်။ Jadhav ကတော့ သူ့သူငယ်ချင်းတွေ အံ့သြကြရတဲ့

ကြားက "ဘယ်လိုမှအစားထိုးမရတဲ့ အမိမြေ" ကို ပြန်လာခဲ့ပါတယ်။ Jadhav က သူဟာ "အဖိနှိပ်ခံလူတန်းစားက ဆင်းသက်လာသူဖြစ်ပေမယ့် ကျွန်တော့်နိုင်ငံသားတွေအတွက် အလုပ်လုပ်ပေးရမယ်ဆိုတဲ့ စိတ်ဓာတ်ပြင်းပြလွန်းတာကြောင့် အမိမြေကလွဲပြီး ဘယ်နေရာမှာမှ ပျော်ရွှင်နိုင်မှာမဟုတ်ပါဘူး" လို့ ပြောပါတယ်။

Jadhav အထက်တန်းကျောင်းအောင်ချိန်က အင်္ဂလိပ်လိုဖြစ်ဖြစ်မြောက်မြောက် မပြောတတ်ခဲ့ပါဘူး။ သူပြည်နယ်စကားဖြစ်တဲ့ Marathi လို့ပဲ ပြောလေ့ရှိတာကြောင့် အင်္ဂလိပ်စကားပြောရတာ အခက်အခဲရှိခဲ့ပေမယ့် ဘဝဆိုတာ အခက်အခဲနဲ့ ရင်ဆိုင်ရစမြဲပါ။ ကိုယ့်ရဲ့ဇာတိ ကိုယ့်ရဲ့နောက်ကြောင်းကို ဆင်ခြေပေးပြီး ဘဝတက်လမ်းအတွက် မကြိုးစားရင် သူများနောက်လိုက်သာဖြစ်ဖို့ရှိပါတယ်။ "ဆင်းရဲသားရပ်ကွက်မှာကြီးပြင်းပြီး Marathi ဘာသာနဲ့သာ စာသင်ခဲ့ရတဲ့ဖြစ်ရပ်ဟာ နိုင်ငံရပ်ခြားမှာ အထက်တန်းပညာရပ်တွေ ဆက်လက်သင်ကြားဖို့ ကျွန်တော့်အတွက် အဟန့်အတားမဟုတ်ပါဘူး" လို့ Jadhav က ပြောပါတယ်။

Jadhav ပါရဂူဘွဲ့ရပြီး အိန္ဒိယ ပြန်ရောက်တော့လည်း အရင်လိုပဲ အလုပ်ကိုကြိုးစားလုပ်ကိုင်ပါတယ်။ "ပါရဂူဘွဲ့ရတယ်ဆိုရင် အေးအေးဆေးဆေးနေလို့မရဘူးလား။ အလုပ်လုပ်စရာလိုသေးလား" လို့ မိခင်ဖြစ်သူက ရိုးရိုးသားသားမေးရှာပါတယ်။ "Ph.D ပါရဂူဘွဲ့ရတယ်ဆိုတာ မော်တော်ကားမောင်းခွင့်လိုင်စင်နဲ့တူတယ်။ လိုင်စင်ရပြီးတာနဲ့ မော်တော်ကားမောင်းတာ ရပ်မလား၊ လိုင်စင်ရတော့မှ မော်တော်ကားစပြီး မောင်းကြရတယ်မဟုတ်လား" လို့ စာအနည်းကျဉ်းတတ်တဲ့ဖခင်က လုံးဝစာမတတ်ရှာတဲ့ မိခင်ကို Ph.D တန်ဖိုး ရိုးရိုးလေး ရှင်းပြခဲ့ပါတယ်။ "ဒီထက်ထူးကဲပြီး ဘယ်လိုရှင်းပြနိုင်ဦးမလဲ" လို့ Jadhav က ပြောပါတယ်။

Jadhav က ဖခင်ကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ ဖခင်ကြီးဘဝဖြစ်စဉ်ကို Marathi ဘာသာနဲ့ ရေးသားခဲ့ပါတယ်။ အိန္ဒိယဘာသာပေါင်းများစွာနဲ့ ဘာသာပြန်ဆိုထုတ်ဝေခဲ့ပါတယ်။ Jadhan Indiana တက္ကသိုလ်မှာ ပညာဆည်းပူးနေစဉ် တစ်ချိန်မှာ ဖခင်ကြီး အသဲအသန် မကျန်းမာဖြစ်ခဲ့ပါတယ်။ တက္ကသိုလ်ကနေခွင့်ယူပြီး ကမန်းကတမ်းပြန်လာတဲ့အခါ "ပညာတစ်ပိုင်းတစ်စနဲ့ ဘာကြောင့် အချိန်ဖြုန်းရသလဲ။ မင်းဘွဲ့ရပြီးမှ ပြန်လာခဲ့။ မင်းဘွဲ့မရခင် ငါမသေသေးဘူး" လို့ ဆူပူပြီးပြန်လွှတ်ခဲ့ပါတယ်။ ဖခင်ကြီး ကတိတည်ပါတယ်။ သားဖြစ်သူ Dr.Narendra Jadhav အဖြစ် ပါရဂူဘွဲ့ရအပြီး အိန္ဒိယနိုင်ငံကိုပြန်ရောက် လို့ သုံးနှစ်ကြာပြီးမှ ဖခင်ကြီး ကွယ်လွန်ခဲ့ပါတယ်။ ငယ်ရွယ်စဉ်ကလေးဘဝမှာ လူဆိုးဂိုဏ်းဝင်ဖြစ်ချင်ခဲ့ရာ ဂုဏ်ရောင်ပြောင်တဲ့ ပူးနေးတက္ကသိုလ်ကြီးရဲ့ ဒုတိယအဓိပတိအဖြစ် လတ်တလောတာဝန်ယူနေရသူ Dr.Narendra Jadhav ရဲ့ စိတ်ဝင်စားဖွယ်ဖြစ်ရပ်ကြောင့် နယူးဒေလီမြို့ Kalkaji ဆင်းရဲသားရပ်ကွက်က Rajesh ကို မြင်ယောင်လာပြန်ပါတယ်။ တွန်းလှည်းနဲ့ ဟင်းသီးဟင်းရွက် လည်ပြီးရောင်းခဲ့ရတဲ့ Rajesh ကနေ အိန္ဒိယနိုင်ငံတော်ရဲ့ အရေးပါတဲ့ကဏ္ဍတစ်ခုခုမှာ ထိပ်တန်းတာဝန်ယူနေရပြီဆိုတဲ့သတင်းကောင်း မျှော်လင့်လျက်ပါ။

မြသန်းသန်းနု

■

စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်း – သန်းသန်းနု

မိဘ – ဦးနု(ဝန်ကြီးချုပ်ဟောင်း)–ဒေါ်မြရီ

မွေးသက္ကရာဇ် – ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

ပညာအရည်အချင်း– ၁၉၆၄–၆၈ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရ။

အလုပ်အကိုင် – ၁၉၈၀ ခုနှစ်မှ ၂၀၀၃ အထိ အိန္ဒိယနိုင်ငံ All India Radio (AIR) နိုင်ငံပိုင်အသံလွှင့်ဌာနတွင် ဘာသာပြန်/အသံလွှင့်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

စာပေလောကဝင် ရောက်သည့်နှစ် – ၂၀၀၇ ခုနှစ်တွင် ပြည့်စုံစာပေမှ မျက်စိအကြောင်းသိကောင်းစရာ ဘာသာပြန်စာအုပ်ထုတ်ဝေခဲ့။ ကလောင်အမည် သန်းသန်းနုဖြစ်ပြီး ယခု မြသန်းသန်းနု ကလောင်အမည်ထားရှိ။

ခင်ပွန်း – ဦးအောင်ငြိမ်း
သားနှစ်ဦးရှိရာ မောင်ရှိန်မင်း (MBA) (အမေရိကန်ပြည်ထောင်စု လော့စ်အိန်းဂျလိစ်မြို့ အစိုးရဌာနတွင် Management Administrator အဖြစ် တာဝန်ထမ်းဆောင်နေ) နှင့် ဒေါက်တာအောင်စည် Ph.D (NEURO SCIENCES) RESEARCHER, AUSTRALIAN NATIONAL UNIVERSITY CANBERRA တို့ဖြစ်။

ငွေက စကားပြောတတ်လျှင်

ယူနီဗာစီတီစံမောင်

ကျွန်တော် အလုပ်တာဝန်တစ်ရပ်ဖြင့် တလောက တနင်္သာရီဘက်သို့ ခရီးထွက်ခဲ့သည်။ ယင်းတွင် လက်ဖျားငွေသီးနေသူများနှင့် တွေ့ခဲ့သည်။ ဝင်ငွေကောင်းလုပ်ငန်းများနှင့် အနာဂတ်သေချာသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများရှိရာ ဒေသဖြစ်၍ အခြားမြို့ရွာများမှ လာရောက်လုပ်ကိုင်သူများအဖို့ ငွေအရချောင်နေကြခြင်း ဖြစ်သည်။

ငွေစကားဝေးကွက်

အလုပ်လုပ်ရင် လုပ်သလောက် ကြိုးစားသလောက် ဝင်ငွေရကြသည်။ လက်ဖွာအသုံးအဖြုန်းကြီးတာမရှိဘဲ တစ်နှစ်တစ်နှစ်ခွဲလောက် ဇွဲခတ်ကြိုးစားလိုက်နိုင်ပါက ချမ်းသာကြွယ်ဝသော လူကုံထံအသိုင်းအဝိုင်းထဲကို ရောက်သွားမည်ဖြစ်သည်။ ဝေးကွက်ထဲတွင် ငွေစကားငွေမျက်နှာက ကြီးထွားနေပြီး အချိန်တိုင်းလိုလို အလုပ်လုပ်နေကြသည်ကို တွေ့ရသည်။

ပျံကျဝေးကွက်

ယင်းမှာ နေရာတိုင်းမဟုတ်ပါ။ ငွေကြေးရင်းနှီးမြှုပ်နှံနိုင်ကြသည့် ငွေရှင်လက်ကြီးများအသိုင်းအဝိုင်းတွင်သာ ဖြစ်သည်။ သာမန်ဝေးကွက်အရောင်းအဝယ်သမား ကလေးများ၏ ပျံကျအသိုင်းအဝိုင်းမှာကတော့ ဒီလိုငွေစကားငွေမျက်နှာကို အလေးမထားနိုင်ပါ။ ခုချ၊ ခုတွေ့၊ ခုရောင်းနဲ့ မြန်မြန်ငွေပေါ်ဖို့သာ အဓိကအရေးကြီးနေကြပါသည်။

ငွေကြေးဗဟုယ်မူအဆင့်အတန်း

ကျွန်တော်ရောက်ခဲ့သည့် ဘုတ်ပြင်း၊ ကော့သောင်းမြို့နယ်တို့နှင့် ကျွန်းများပေါ်



က ဈေးကွက်တွေထဲမှာ ငွေကြေးဖလှယ်သုံးစွဲနေကြတာ အထူးအဆန်းတွေ့ တွေ့ရပါသည်။ ငွေစက္ကူကို **ကြေးပြား** ဟုခေါ်ကြသည်။ တစ်နိုင်ငံလုံးမှာ မတွေ့ဖူး မကြုံဖူးသည့် ငွေကြေးဖလှယ်မှုအသစ်အဆန်းတစ်မျိုးပါ။

ငွေဟာရှားပါးပစ္စည်းလား

သူတို့ဆီတွင် ငွေရှင်ကြေးရှင်လက်ကြီးများ၏ လက်ထဲ၌ ငွေတွင်း ပြည့်လျှံပေါကြွယ်နေသော်လည်း နေ့စဉ်သာမန်သုံးငွေတစ်ခုတည်းသာရှိသည့် လက်လုပ်လက်စားများနှင့် အောက်ခြေလူများ လက်ထဲတွင်မူ ငွေသည် ရှားပါးကုန်တစ်ခုလို ဖြစ်သည်။

အသပြာငွေကြေးဆိုသည်မှာ

ငွေကြေး သို့မဟုတ် အသပြာဟုခေါ်သည့် ပစ္စည်းဆိုသည်မှာ ကုန်စည်ကူးသန်းရောင်းဝယ်ပြုကြရာတွင် တန်ဖိုးအလိုက် တရားဝင်သတ်မှတ်ပြီး သုံးစွဲသည့် ကြားခံပစ္စည်းတစ်ခုကို ခေါ်ပါသည်။

အသပြာစနစ်

လက်ရှိအသပြာများက တစ်ပြား တန်ဒင်္ဂါပြားလေးမှအစ ဒင်္ဂါးပြား ၁၀၀ တန်အထိပါ။ ငွေစက္ကူများလည်း အကျုံးဝင်နေပါသည်။ စနစ်၏ အကျိုးသက်ရောက်မှုမှာလည်း ပမာအားဖြင့် ပုဆိုးတစ်ထည် ၆၀၀၀ ကျပ်၊ စက်ဘီးတစ်စီး ၅၀၀၀၀ ကျပ် တန်ဖိုးကွာခြားမှုအရ နှိုင်းယှဉ်ကြည့်လျှင် အတိအကျ သိရသည်။

ငွေအသပြာသုံးစွဲခြင်းအကျိုး

ယင်းကိုသုံးပြီး မြေဝယ်၊ အိမ်ဆောက်၊ ဥစ္စာပစ္စည်းစုဆောင်းခြင်းများ လုပ်နိုင်ပါသည်။ ယင်းအတိုင်းလည်း စုနိုင်ပါသည်။ အချိန်ကာလကြာကြာစုထားနိုင်ပြီး တန်ဖိုးမလျော့ပါ။ ယင်းစနစ်ထဲတွင် ကူးသန်းဘဏ်များနှင့် စီးပွားဘဏ်များက ထုတ်ဝေသော ချက်လက်မှတ်များ၊ ငွေစုလက်မှတ်များ၊ ငွေလွှဲငွေပို့လွှာများလည်း ပါဝင်ပါသည်။

ဘာတာစနစ်နှင့် ရွှေတုံးငွေခဲ

ကျွန်တော်ကြားသိသမျှမှာ ရှေးကာလကပင် ကမ္ဘာပေါ်တွင် ကုန်စည်ကူးသန်းရာတွင် ပစ္စည်းချင်းဖလှယ်စနစ်စတင်ခဲ့သည်။ ယင်းနောက် တဖြည်းဖြည်းတိုးတက်လာကြသည်နှင့် ရွှေပန်းထိမ်ဆရာများလက်ထဲတွင် တန်ဖိုးဖြတ်တောက်ပြီး ချိန်တွယ်ကာ ငွေအသပြာအဖြစ် အသုံးပြုခဲ့ကြသည်။ အားလုံးကလည်း အလွယ်တကူချိန်တွယ်ဖြတ်တောက်နိုင်သလို မပေါများသည့် သယံဇာတတွင်းထွက်ပစ္စည်းလည်းဖြစ်သည်။

ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးခေတ်

ထို့နောက် အုပ်ချုပ်ရေးစနစ်များ တိုးတက်လာသည့် ပြယုဂ်တစ်ခုအဖြစ် တံဆိပ်ခတ်နိုပ်ထားသော ဒင်္ဂါးပြားများထုတ်လုပ်သုံးစွဲလာကြပါသည်။ ရွှေနှင့်ငွေများသည် တန်ဖိုးကြီးသည့်အတွက် အလွယ်သုံးရန် ဒန်သတ္တု၊ ကြေးဝါ၊ ကြေးနီ၊ ခဲ၊ ဘော်တို့လည်း အကြွေအနုတ်နေရာကို သွန်းလုပ်ပြီး အသေးအဖွဲရောင်းဝယ်ဖောက်ကားနိုင်ရန် ထုတ်လုပ်ထားကြသည်။

ငွေစက္ကူခေတ်

ရှေးခေတ် ဗြိတိန်နိုင်ငံ၏ ရွှေဒင်္ဂါးတစ်ပေါင်တန်ဟု ခေါ်ခဲ့ရာမှ ဆင်းသက်လာသော အာဏာစကားဖြစ်ပါသည်။ ငွေစက္ကူအစားထိုးသုံးလာသည့်အခါတွင် တာဝန်ယူထုတ်ဝေသည့်အစိုးရများသည် အာမခံပေးကြရပါသည်။ ယခုကဲ့သို့ အာမခံနိုင်ခြင်းသည်ပင် နိုင်ငံတစ်နိုင်ငံသည် စီးပွားရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးအရ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း သက်သေပြထုတ်ဝေခြင်းလည်းဖြစ်ပါသည်။ ယနေ့ရှေ့ဆောင်ငွေစက္ကူများဖြစ်သည့် ယူရို၊ ဒေါ်လာတို့ကို ကျွန်တော်တို့ကိုင်တွယ်ရာတွင် မကျိုးမကျေ၊ မတွန့်မစုတ်၊ ယုတ်စွအဆုံး ခေါက်ရိုးကျိုးမှာကိုပင် သတိထားနေရခြင်းမှာ သူတို့အချုပ်အခြာအာဏာကို အသိအမှတ်ပြုခြင်းပေလောဟု ထင်မှတ်စရာပင်။

သမိုင်းကပြောနေခြင်း

သတ်မှတ်စည်းကမ်းတစ်စုံတစ်ရာကို မလိုက်နာဘဲ ဒလကြမ်းငွေစက္ကူထုတ်ဝေရာမှ တန်ဖိုးမရှိသည့်ဘဝရောက်ခဲ့သည့် ကာလများလည်း ကမ္ဘာ့ဓာတ်ခုံတွင် အထင်အရှားရှိခဲ့သည်။

၁၉၁၅–၁၈ ခုနှစ်များအတွင်းက ဂျာမန်ငွေစက္ကူတွေ တန်ဖိုးမရှိဖြစ်ခဲ့ရခြင်းနှင့် ၁၉၄၂–၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်ငွေစက္ကူများ တန်ဖိုးမရှိသုံးစွဲမရတော့အောင် ဖြစ်ခဲ့ရခြင်းတို့ကို သမိုင်းကပြောပြနေသည်။

ယခုအခြေခံယူနစ်များ

ကျွန်တော်၏ နှမ မူလတန်းပြဆရာမလေးအဖြစ်ကို ပြောပြရန်တိုက်ဆိုင်လာသည်မှာ သူ့ကျောင်းတွင် မြန်မာ့ငွေကြေးစနစ်ကို ကလေးများကို ရှင်းပြရန်လိုလာပါသည်။ အခြေခံယူနစ်များဖြစ်သည့် တစ်ပြား၊ ငါးပြားနှင့် အခြားဒင်္ဂါးပြားအဆင့်ဆင့်ကို လိုက်ရှာပါသည်။ သူအခက်တွေ့သည်က ယင်းတို့ကိုမည်သည့်နေရာတွင်မှ ရှာမရနိုင်ပါ။ ယနေ့အခြေခံယူနစ်က ၅၀ တန်မှ ၁၀၀ ဖြစ်နေသည်ကို သူရှင်းပြ၍ မရပါ။ ကန်စွန်းတစ်စည်း ၁၀ ပြားကို ယနေ့ ၁၀၀ ကျပ်နှင့် သင်ပြနိုင်ပါသည်။ အခြေခံယူနစ်စနစ်ကို သူသင်ပြစရာလိုနေခြင်းသည် လက်တွေ့ကျမကျဆိုခြင်းပင်။ ကလေးများကလည်း သင်ပေးလျှင်တတ်ကြမည်။ သို့ရာတွင် နေ့စဉ်သုံးငွေဖလှယ်စနစ်တွင် ထိတွေ့ခွင့်မရသည့် ယူနစ်စနစ်ဖြစ်လျှင် ကလေးများ မှတ်မိရန်မလွယ်ပါ။ စာရေးသူတို့ငယ်စဉ် ပဲဆုပ်တစ်လုံး ငါးပြား၊ ဓားလှီးမုန့်တစ်တုံး ၁၀ ပြား၊ ရေခဲချောင်းတစ်ချောင်းကို ၁၀ ပြားခေတ်တွင်

ယင်းယူနစ်ကို အားလုံးစိတ်ဝင်စားစေသည်မှာ မဆန်း။ အားလုံးမှတ်မိသည်။

သူဌေးသဘော်မောက်တာ သူတောင်းစားခွက်ထဲကငွေနဲ့ကယ်

ယခုတလော အမေရိကန်ငွေကြေးစျေးကြီးသည် အိမ်ခြံမြေမှတစ်ဆင့် အားလုံးလျော့ကျကုန်သည့်ပြဿနာနှင့် သူတို့ငွေကြေးအခက်အခဲကိုသူတို့ပြန်ကယ်သည့် နည်းလမ်းစုံတွင် သူတောင်းစားသာသာစုထားရသည့် အခွန်ထမ်းပြည်သူများအားလုံး၏ငွေနှင့် အစိုးရကသူဌေးများကို ကယ်မည့်စီမံကိန်းများ တစ်ခုပြီးတစ်ခုပေါ်လာသည်။ မည်သူတွေတက်တက် နိုင်ငံတစ်ခုတွင်ထာဝရအမာခံအုပ်စုသည် ဝန်ထမ်းများဖြစ်ပြီး ၎င်းတို့၏ရပိုင်ခွင့်ကို အလွန်မာကျောသည့်စနစ်ဖြင့်၊ ဥပဒေဖြင့်အကာအကွယ်ပေးထားရာ ယင်းက သူတို့ကာထားသည့် အစိုးရစီမံကိန်းများကို ပြန်ကယ်နိုင်သည်ဟု ယူဆမိပါသည်။ ကျွန်တော်တို့ငွေကြေးစနစ်တွင်လည်း ထိုကဲ့သို့ဥပဒေနှင့် အညီပေါ်လာတော့မည့် နောင်အစိုးရအဆက်ဆက် ငွေကြေးအခက်အခဲပေါ်လာပါက ပြန်ကယ်မည့်အမာခံငွေကြေးရန်ပုံငွေစနစ်ကို ဝန်ထမ်းများနှင့် ပင်စင်စားများချည်းပါသည့် ငွေကြေးရန်ပုံငွေစနစ်တစ်ရပ် ယခုကပင် စနစ်တကျဥပဒေပြုပြီး တည်ထောင်ထားနိုင်လျှင် အလွန်ကောင်းလေစွဟု စိတ်ကူးမိပါသည်။ စိတ်ကူးသူကျွန်တော်ပင်လျှင် လုပ်သက် ၂၈ နှစ် တာဝန်ထမ်းချိန်အတွက် ပင်စင်လစာမှာ ကျပ် ၂၀၀၀ မပြည့်ပါ။ သို့သော် ခြအုံနှင့် ပုရွက်ဆိတ်တို့ပမာဆောင်သော် ကျဖန်များသော် စဉ်အိုးကြီးပြည့်သကဲ့သို့ အလွန်ခမ်းနားကြီးကျယ်ပြီး တောင်အာရှတွင် သူများတွေလေးစားလောက်သည့် ဝန်ထမ်းရန်ပုံငွေတစ်ရပ်ထူထောင်နိုင်မည်ဟု ယူဆမိပါသည်။ အကြောင်းမှာ သယံဇာတအချမ်းသာဆုံးနိုင်ငံ၏ ဝန်ထမ်းများဖြစ်ခဲ့သည်မဟုတ်ပါလော။ လွန်ခဲ့သည့်သုံးနှစ်က ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင်ကို ပြဿနာဖြစ်စေသည့် သူပိုင် ဂြိုဟ်တုအရောင်းအဝယ်တွင် ဝယ်လက်မှာ စင်ကာပူနိုင်ငံလုံးဆိုင်ရာသက်ကြီးရုန်ပုံငွေမှ ငွေကြေးများဖြင့် ရင်းနှီးမြှုပ်နှံထားသည့် ဂြိုဟ်တုပိုင်ဝန် ထမ်းသက်သာရန်ပုံငွေစနစ် ဖြစ်လာစေသည်။ အာရှတွင် ဂြိုဟ်တုပိုင်သည့် ဝန်ထမ်းသက်သာစနစ်ပင်။ သို့ရာတွင် သက်ဆင်ခမျာ ဝေဿန္တရာမင်းကြီး ဆင်ဖြူ လှူမိသလို ကိန်းဆိုက်ရသည်။ ဂြိုဟ်တုဆိုသည်မှာလည်း အမျိုးသားရေးဥပဓိရှပ်တစ်ခုပင် မဟုတ်ပါလား။

ဟောင်ကောင်ကပလတ်စတစ်ငွေ

ငွေစက္ကူစတ်ရွက်ကို စုတ်လွယ်ပြွလွယ်မဖြစ်စေရန် ပလတ်စတစ်ထုပ်သုံးနေစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဟောင်ကောင်၌ ပလတ်စတစ်ငွေစက္ကူများထုတ်ဝေလိုက်သည်ကို အင်တာနက်တွင် ဖတ်လိုက်ရသည်။ ငွေတုကိုကာကွယ်ဖို့ နည်းပညာအသစ်လည်း ပါနိုင်ပါသည်။ ၁၀ ဒေါ်လာတန်ကိုလည်းထုတ်ပြီး အခြေခံလက်ပြောင်းလက်လွှဲလူတန်းစားကို ရည်ရွယ်သည်ဟုလည်း ကြားသိရသည်။

ယင်းသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇ နှင့် ညီမျှသည်ဟုလည်း သိရသည်။

ယင်းကိုထုတ်ဝေရခြင်းသည် ဟောင်ကောင်၌ထုတ်ဝေထားသည့် အမေရိကန်ဒေါ်လာ ၁၂၈ နှင့်ညီမျှသော ဟောင်ကောင်ဒေါ်လာ ၁၀၀၀ တန် ငွေစက္ကူများကို မသမာသူများ အတုပြုလုပ်သုံးစွဲကြခြင်းကို ဖော်ထုတ်ဖမ်းဆီး၍ လူထုထံအသိပေးပြီး ယင်းပလတ်စတစ်ငွေ ၁၀ တန်နှင့် လဲလှယ်ပေးခြင်းဖြစ်သည်။

ယင်းငွေများအားလုံးနီးပါးကို ပလတ်စတစ်အဆင့်မြင့်နည်းပညာသုံးမည်ဟုလည်း သိရှိသည်။ တရုတ်နိုင်ငံတွင် ၁၀၀၀ တန်အတုများမိသဖြင့် ၁၀ တန်များဖောဖောသီသီထုတ်သည်ကိုက စိတ်ဝင်စားစရာကောင်းမည် ထင်ပါသည်။

ယူနီဗာစီတီစံမောင်

အဖေခွဲဝေပေးသောအမွေ

မောင်မောင်တင်

မာတာပီတုဥပဋ္ဌာန်၊ ပုတ္တဒါရဿသင်္ဂဟာဆိုသည့် စာပိုဒ်ကို ဘုန်းကြီးကျောင်းနေစဉ် ငယ်စဉ်ဘဝက အလွတ်ကျက်မှတ်ခဲ့ရာ ယခုအချိန်အထိ မှတ်မိသတိရနေပါသည်။

ကျွန်တော် မိဘနှင့်ခွဲခွာပြီး ကိုယ့်အိုး ကိုယ့်အိမ်နှင့်ဖြစ်လာသည့်အခါ "မာတာပီတုဥပဋ္ဌာန်" ၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာသိရှိလာပြီး အမိအဖကို ကျေးမွေးစောင့်ရှောက်ရန် ကြိုးစားခဲ့ပါသည်။ တစ်နှစ်၊ နှစ် နှစ်၊ သုံးလေးနှစ်ကြာသော်လည်း ပြုစုကျွေးမွေးနိုင်ခြင်းမရှိပါ။ ၁၀ နှစ်ကျော် ၁၅ နှစ်ခန့်တွင် အထိုက်အလျောက် ပြုစုကျွေးမွေးလာနိုင်ပါသည်။ ကြိုးစားအားတင်း၍ လုံလဝီရိယဖြင့် ဆောင်ရွက်ခဲ့ရာ အဖေနှင့် အမေတို့အသက် ၇၀ ပတ်ဝန်းကျင်ရောက်မှကောင်းစွာပြုစုစောင့်ရှောက်နိုင်ခဲ့ပါသည်။

ကျွန်တော် အဖေနှင့်အမေကို ပြုစုစောင့်ရှောက်နေစဉ် တစ်နှစ်ခန့်အကြာတွင် အမေသည် ကျွန်တော့်အိမ်တွင် ကွယ်လွန်ခဲ့ပါသည်။ မိဘကိုပြုစုစောင့်ရှောက်နိုင်ပြီဟု စိတ်တွင်ကျေနပ်ပီတိဖြစ်နေစဉ် အမေဆုံးရှုံးသွား၍ ယုကြုံးမရဖြစ်ခဲ့ရပါသည်။ ကျွန်တော် အားမလျှော့ပါ။ အမေ့ကိုမပြုစုရရင် အဖေ့ကိုပိုပြီး ပြုစုစောင့်ရှောက်သွားမည်ဟု ဆုံးဖြတ်၍ အဖေ့ကို ကျွန်တော် နေထိုင်ရာ ရန်ကုန်သို့ခေါ်ပြီး ပြုစုစောင့်ရှောက်နေပါသည်။

ကျွန်တော် အဖေ့ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားပြုစုသော်လည်း အဖေသည် ကျွန်တော့်ထံ စွဲစွဲမြဲမြဲမနေနိုင်ပါ။ အခွင့်အခါပေးတိုင်း ရွာကိုပြန်သွားပြီး ရွာတွင်စိတ်ကျေနပ်သလောက်နေပြီးမှ ပြန်လာပါသည်။ ကျွန်တော်က "အဖေ ရွာကို ခဏခဏမပြန်ပါနဲ့ ကျွန်တော့်အိမ်မှာနေရတာဘာအခက်အခဲရှိလို့လဲ" မေးမြန်းရာ "လူလေးရေ မင်းအိမ်မှာ ဘာမှအခက်အခဲမရှိ အားလုံးပြည့်စုံပါတယ်။ ဒါပေမဲ့ ငါက တစ်သက်လုံး ရွာမှာ ဆွေမျိုးတွေ၊ သားသမီးတွေနဲ့နေလာတာ သူတို့ကိုမတွေ့ရတော့ ငါမနေတတ်ဘူး။ ဒါကြောင့်ပြန်ချင်တာကွ" တဲ့ အဖေက ပြန်ပြောပါသည်။

အမှန်တော့ အမေမရှိသည့်နောက် အဖေ့ကို ကျွန်တော်ခေါ်ထားသည်မှာ အဖေတစ်ယောက်တည်း အဖော်မပါ၊ ဆွေမျိုးမပါပါ။ စားရေး၊ သောက်ရေး၊ ဝတ်ရေးတွေကို လိုလေသေးမရှိပြုစုနိုင်ပေမယ့် အဖေ့ကို

ကျွန်တော်တို့မိသားစု တွေ့ဆုံဆွေးနွေးစကားလက်ဆုံကျပြီး အဖေပေးမည့် အမွေကို အဖေစီစဉ်ချင်သည့်အတိုင်း သဘောတူကြပြီး ညီအစ်ကိုမောင်နှမများက ရွာကိုပြန်သွားကြပါသည်။ အဖေသည် သူပေးချင်သောအမွေကို သားသမီးများအား အသိပေးထားခြင်းသာဖြစ်ပါသည်။ အမှန်တကယ်ခွဲဝေပေးခြင်း မရှိသေးပါ။ အမှန်တကယ်ခွဲဝေပေးမည့် ရက်လနှစ်ကိုလည်း မပြောဘဲထားပါသည်။

အဖော်လုပ်စကားပြောမည့် အဖော်ကို ကျွန်တော် စီစဉ်မပေးနိုင်ခဲ့ပါ။

အဖေရွာကိုပြန်ရသည့်အကြောင်းများတွင် ဆွေမျိုးများ၊ သားသမီး၊ မြေးမြစ်များ အပြင် အဖေ့တွင်ခြံကျယ်ကြီးနှင့် နေအိမ်အကြီးကြီးရှိပြီး အဖေခြံထဲတွင် မာလကာ၊ သြဇာ၊ သံပုရာ၊ သရက်၊ အုန်းသီးမျိုးစုံနှင့် စားမကုန်သောက်မကုန် ထွက်ကုန်တွေကလည်း စုံလှသည့်သံယောဇဉ်ကလည်းရှိနေပါသေးသည်။ အဖေခြံထွက်အသီးအနှံများ၊ မြို့တင်ပို့ရောင်းချနိုင်လျှင် စီးပွားလမ်းဖြောင့်နိုင်သော်လည်း အဖေကသူ့ဆွေမျိုး၊ ရွာသူရွာသားများကို ဝေငှပေးရသည်လောက် စိတ်မဝင်စားပါ။ ကျွန်တော်က "အဖေခြံထွက်တွေဘယ်လောက်များလို့လဲလို့" မေးရာ "သံပုရာသီးက တစ်နှစ် ၂၀၀၀ လောက်ထွက်တယ်။ ကီလိုမာလကာသီးက တစ်နှစ် ၂၀၀ ကျော်တယ်။ အုန်းသီးက မခူးနိုင်လောက်အောင်ပဲကွ။ ရှမ်းနံနံပင်တွေဆိုရင် စားမယ့်သူလည်းမရှိဘူး။ ခူးမယ့်သူလည်းမရှိဘူး။ အုံနဲ့ကျင်းနဲ့ပွားလာလို့ ဓားနဲ့ယမ်းပစ်ရတယ်" လို့ အဖေကပြန်ပြောပါသည်။

အဖေသည်မွေးရပ်မြေ၊ ဆွေမျိုးများ၊ သားသမီး၊ မြေးမြစ်များ သံယောဇဉ်တွေကြောင့် ရွာကိုခဏခဏပြန်နေခြင်းကိုပြောင်းလဲလိုပါသည်။ သို့ဖြစ်၍ အဖေ့ကို ကျွန်တော်က "နှစ်လတွင် တစ်ကြိမ်ရွာကိုပြန်ပို့ပေးမယ်၊ ရွာမှာ နှစ်ပတ်နေပြီးရင် ကျွန်တော်ပြန်ခေါ်မယ်၊ အဖေတစ်ယောက်တည်းတော့ မသွားပါနဲ့ ကျွန်တော်စိတ်မချဘူး" ပြောရာ "ကောင်းသားပဲ၊ မင်းပို့ပေးနှစ်ပတ်ကြာရင်မင်းလာခေါ် အဖေမြို့မှာစောင့်နေမယ်" ဟု ပြောရာ သားအဖနှစ်ယောက်သဘောတူလိုက်ကြပါသည်။

ဒီလိုနှင့် အဖေနှင့် ကျွန်တော်အတူနေခဲ့သည်မှာ လေး ငါးနှစ်ကြာလာပါသည်။ တစ်နေ့တွင်အဖေက "လူလေး မင်းအစ်မနဲ့ ညီတွေညီမတွေ ရန်ကုန်ကိုခေါ်လိုက်ကွာ" တဲ့ ကျွန်တော်က "အဖေဘာလုပ်မလို့လဲ" မေးရာ "အမွေခွဲဖို့ကိစ္စတိုင်ပင်ရအောင်ပေါ့ကွာ။ အဖေ့ကျန်းမာရေးကောင်းတုန်း စုံစုံညီညီစကားပြောရတာ ကောင်းတယ်။ အဖေမရှိရင် မင်းတို့တွေ အဆင်မပြေမှာစိုးတယ်" ဟု ပြောပါသည်။

အဖေ့အသက် ၈၀ ကျော်လာပြီးနောက် ကျန်းမာရေးကောင်းမွန်နေသော်လည်း ဇရာ၏အကြောင်းကို သိထားပြီးဖြစ်၍ ကြိုတင်စီစဉ်နေခြင်းဖြစ်ဟန်တူပါသည်။ အဖေ့တွင် အိမ်၊ ခြံ၊ လယ်တွေရှိသော်လည်း ကျွန်တော်နှင့် လာနေစဉ်အတွင်း လယ်များကိုခွဲဝေရောင်းချပြီး အေးအေးဆေးဆေးနေနေပါသည်။ အဖေ့အတွက် ဘာမှပူစရာမရှိအောင် ပြုစုစောင့်ရှောက်၍ အဖေသောကကင်းဝေးပြီး စိတ်ချမ်းသာနေသည်ကို တွေ့ရပါသည်။ ယခုအမွေခွဲရန်စကားပြောမည်ဟုပြောလာရာ ကျွန်တော်က "အဖေအမွေခွဲရင် ကျွန်တော် မပါဘူး။ ကျန်တဲ့သားသမီးငါးယောက်ကိုပဲခွဲပေးလိုက်ပါဟု" ပြောရာ "လူလေး မင်းဘာပြောလိုက်တာလဲ။ မင်းလည်း သားသမီးတစ်ယောက်ပဲ အတူတူရရမှာပေါ့။ မင်းမပါလို့ ဘယ်ဖြစ်မလဲ" ဟု ချက်ချင်းပြန်ပြောပါသည်။ ကျွန်တော်က "သားသမီးခြောက်ယောက်တွင် ပညာအတတ်ဆုံး စီးပွားရေးလည်း အထိုက်အလျောက် ပြည့်စုံတယ်။ လယ်သမားဘဝကနေပြီး မြို့မှာနေနိုင်အောင်လည်း ထူထောင်ပေးတယ်။ အဲဒီအမွေတွေရထားပြီးလို့ နောက်ထပ်မယူတော့ဘူးလို့ ပြောတာပါ" အဖေက ကျေနပ်ပုံမပေါ်ပါ။ ဒါကြောင့် အဖေက "ကဲကဲ . . . အဖေပြောတာနားထောင် အဖေ့မှာရှိတဲ့ပစ္စည်းတွေ အားလုံးခြောက်ပုံပုံပါ။ တစ်ယောက်တစ်ပုံယူရမယ်။ ဒါ အဖေ့ဆန္ဒပဲ" ဟု ပြောပါသည်။ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမအားလုံး ငြိမ်နေကြစဉ် ကျွန်တော့်အစ်မကြီးက "မောင်လေးအဖေ လုပ်ချင်တဲ့အတိုင်း မောင်လေးက လုပ်ပေးလိုက်။ ဒါမှအဖေလည်းစိတ်ချမ်းသာမှာ" ဟုပြောပြီး အဖေ့စကားကိုနားထောင်ပါမည်ဟု ကတိပေးကာ ညစာထမင်းအတူစား၍ အမွေကိစ္စ ရပ်ထားလိုက်ပါသည်။

ထိုနေ့ကို ကျွန်တော်မမေ့နိုင်ပါ။ အဖေနှင့် ကျွန်တော်တို့ညီအစ်ကိုမောင်နှမခြောက်ယောက်စကားပြော အမွေကိစ္စဆွေးနွေး၊ ထမင်းအတူစား၊ အမှတ်တရဓာတ်ပုံတွေရိုက်နှင့် ပျော်နေပါသည်။ အဖေကတော့ သူ့ဘဝမှာ အိုဇာတာကောင်းကြောင်း၊ ငယ်စဉ်မှစ၍ လယ်သမားဘဝဖြင့် အသက်မွေးလာရာ သားကိုပညာတတ်အောင်ထားပြီး တိုးတက်လာ၍ သူယခုလို ကိုယ်ရောစိတ်ပါ စိတ်ချမ်းသာစွာနေရကြောင်း ပြောပါသည်။

ကျွန်တော်တို့မိသားစု တွေ့ဆုံဆွေးနွေးစကားလက်ဆုံကျပြီး အဖေပေးမည့် အမွေကို အဖေစီစဉ်ချင်သည့် အတိုင်း သဘောတူကြပြီး ညီအစ်ကိုမောင်နှမများက ရွာကိုပြန်သွားကြပါသည်။ အဖေသည် သူပေးချင်သောအမွေကို သားသမီးများအား အသိပေးထားခြင်းသာ ဖြစ်ပါသည်။ အမှန်တကယ်ခွဲဝေပေးခြင်း မရှိသေးပါ။ အမှန်တကယ်ခွဲဝေပေးမည့် ရက်၊ လ၊ နှစ်ကိုလည်း မပြောဘဲထားပါသည်။

ကျွန်တော့်ညီအစ်ကိုမောင်နှမများ ပြန်သွားပြီးမကြာမီရက်အတွင်း အဖေက "လူလေး၊ အဖေတိုင်ပင်ချင်တာ တစ်ခုရှိတယ်" "ပြောပါအဖေ၊ ဘာကိစ္စများလဲ၊ အဖေတိုင်ပင်ချင်တာကို ကျွန်တော်ပြန်ပြီးဆွေးနွေးမယ်" ကျွန်တော် ဒီလိုပြောလိုက်တော့မှ အဖေက "ဒီလို လူလေးရဲ့ မင်းတို့

ကိုအမွေခွဲပေးမယ်လို့ တိုင်ပင်ပြီးမှအဖေသတိရတာတစ်ခုရှိတယ်။ အဲဒါကအဖေ့ မှာလယ်တွေ မရှိတော့ဘူး။ အိမ်ရယ်၊ ခြံ ရယ်၊ ငွေရယ် ရှိတယ်။ အဲဒီအထဲက အိမ်နဲ့ အိမ်ဆောက်ထားတဲ့ခြံက မင်းညီအကြီး

(သားလတ်၊ အဖေနှင့်အတူနေသူ) ကို ပေးချင်တယ်" (ကျွန်တော့်စိတ်ထဲ၊ ရင်ထဲ) တွင် ဒါဆို ဘာကျန်သေးလို့လဲလို့ တွေးလိုက်မိပါသည်။) အဖေကဆက်၍ "ငွေသားရယ်၊ ခြံအပိုရယ်ရှိတာကို ကျန်တဲ့သားသမီးတွေခွဲဝေယူကြပေါ့" တဲ့။ ကျွန်တော် ခဏစဉ်းစားပြီးမှ "အဖေ့သဘောပါ။ အဖေ့ပစ္စည်းတွေပဲ၊ သားသမီးတွေကလည်း ချို့ချို့တဲ့တဲ့မဟုတ်ကြပါဘူး။ အဖေအသက်ရှင်လျက်ရှိတုန်း စိတ်ချမ်းချမ်းသာသာနဲ့ အဖေလုပ်ချင်တာတွေလုပ်ပါ။ သားအားလုံးစီစဉ်ပေးပါမယ်" ဟု ပြောလိုက်ပါသည်။ အဖေလည်း တိတ်ဆိတ်ငြိမ်သက်စွာနေပြီး သားအဖတိုင်ပင်ဆွေးနွေးမှုကို ရပ်လိုက်ပါသည်။

ကျွန်တော့်စိတ်ထဲတွင် အဖေ့ဆန္ဒနှင့် ပတ်သက်၍ မည်သို့မျှခံစားမှုမရှိပါ။ သို့သော် အစ်မကိုတော့ ပြောပြသင့်သည်။ အစ်မသဘောထားသိရင် ကျန်ညီအစ်ကို မောင်နှမတွေကို ပြောပြမည်ဟုစိတ်ကူးထားပါသည်။ ကျွန်တော့်တွင် စီးပွားရေးလုပ်ငန်းတစ်ဖက်နှင့် အဖေ့အမွေကိစ္စမှေနေပါသည်။ ညီအစ်ကိုမောင်နှမများနှင့်လည်း မဆွေးနွေးဖြစ်ပါ။ ဒီလိုနှင့် လမှနှစ်သို့ ပြောင်းခဲ့ပါသည်။ ၂၀၀၆ ခုနှစ် နှစ်ဦးပိုင်းတွင် အဖေ အမွေကိစ္စပြန်စလာပါသည်။ ကျွန်တော်သတိရသည်နှင့် ကျွန်တော့်အစ်ကြီးနှင့် ညီအငယ်ကို ပြောပြပါသည်။ အားလုံးသောဆန္ဒတွေက ကျွန်တော်ကဲ့သို့ပင် "ဒါဆို ဘာကျန်သေးလဲ၊ သူတစ်ယောက်တည်း အများကြီးရမှာပေါ့" ဆိုတဲ့ အတွေးပါသော ဆွေးနွေးမှုများ ပေါ်လာပါသည်။

ကျွန်တော့်အလှည့်သို့ရောက်လာပါသည်။ အဖေသည် သားသမီးခြောက်ယောက်ရှိရာ ကျွန်တော့်ကို ပညာတတ်အောင်ထား၊ ကျွန်တော့်ကိုအားကိုး၊ အစစကျွန်တော့်ကို ဦးစွာတိုင်ပင်လေ့ရှိပါသည်။ ကိစ္စအတော်များများတွင် ကျွန်တော်က အဆုံးအဖြတ်ပေးရပါသည်။ ကျွန်တော် ပြောလျှင် အစ်မကြီးနှင့် ညီ ညီမများက လက်ခံကြသည်။ ယခုလည်း ညီအစ်ကို မောင်နှမများရင်ထဲတွင်ဖြစ်နေသော ပုထုဇဉ်စိတ် (လောဘစိတ်) ကို ကျွန်တော် ဖြေဖျောက်ပေးရပါတော့မည်။ ဒါကြောင့် မိမိကိုယ်ကိုယ်ယုံကြည်စိတ်ချစွာဖြင့် အစ်မကြီးနှင့် ညီ ညီမများကို "အားလုံးစုံညီတုန်းအဖေ့ဆန္ဒကို လိုက်လျောကြဖို့ ပြောချင်ပါတယ်။ ပစ္စည်းက အဖေ့ပစ္စည်းတွေပါ။ အဖေအသက်ရှင်လျက်ရှိနေတုန်း အဖေ့သဘော၊ အဖေ့ဆန္ဒတွေသာ မှန်ပါတယ်။ ကျွန်တော်တို့ သိတတ်တဲ့အရွယ်ကစပြီး အဖေ့ကိုဆန့်ကျင်ပြီး ဘာတစ်ခုမှပြန်လည်ပြောကြားခြင်း ဝေဖန်ခြင်း မလုပ်ခဲ့ပါဘူး။ အခုအဖေ့အသက် ၈၀ ကျော် ၉၀ နားနီးမှ အဖေလုပ်ချင်တဲ့ဆန္ဒကို ကျွန်တော်တို့ ဆန့်ကျင်တာ ကန့်ကွက်တာ မဖြစ်သင့်ဘူး။ ဒါကြောင့် အဖေ့သဘောအတိုင်းလုပ်ဖို့ ဆန္ဒပြုလိုက်ကြရအောင်" ကျွန်တော်က အားလုံးကိုပြောပြပြီး စကားအဆုံးသတ်လိုက်ပါသည်။

ကျွန်တော်ပြောပြသောစကားကို အစ်မကြီးကစ၍ ထောက်ခံပြောကြားပါသည်။ "အေးပါ မောင်လေးရယ်၊ အဖေစိတ်ချမ်းသာသလိုလုပ်ပါစေ။ တို့ကတော့ အဖေပေးသလောက်နဲ့ ကျေနပ်ကြပါတယ်။ ဘာပဲဖြစ်ဖြစ် အားလုံးစိတ်ချမ်းချမ်းသာသာရှိကြဖို့ပါပဲ။ အဖေစိတ်မချမ်းသာဖြစ်မှာပဲစိုးပါတယ်" အစ်မကြီးစကားပြောလိုက်သည်ကိုကြားရသော မောင်၊ ညီမများ အားလုံးတိတ်ဆိတ်နေသည်ဖြစ်၍ သဘောတူကြကြောင်း အတည်ဖြစ်သွားပါသည်။

ကျွန်တော်တို့ တရားဝင်အမွေခွဲကြပါသည်။ အဖေ့ခြံသည် ပေ ၁၀၀ ခန့်ကျယ်၍ ပေ ၂၅၀ ခန့်ရှည်လျားပါသည်။ ခြံအလယ်တွင် ၂၇ ပေ× ၄၀ ပေ အိမ်ဆောက်ထားပါသည်။ အဖေက အိမ်နှင့် အိမ်ဆောက်ထားသည့် မြေဆိုသည်မှာ ပေ ၄၀× ပေ ၂၅၀ လို့ ပြောခြင်းဖြစ်ပါသည်။ ကျွန်တော်က အိမ်နှင့်အိမ်ဆောက်သည့် မြေပေးလျှင် တော်သဘဝ ခြေရင်း

မိသားစုအားလုံးတွင် အဘိုးအဘွား၏အမွေ မိဘ၏အမွေများကို ဆက်ခံကြစမြဲဖြစ်ပါသည်။ အမွေသည် မိသားစုအတွင်း အေးချမ်းစွာ ခွဲဝေခံစားရသူတို့အတွက် စိတ်ချမ်းသာ ကိုယ်ကျန်းမာနေရသော်လည်း စကားများ ရန်ဖြစ် တုတ်ဆွဲမားဆွဲ ခွဲဝေရသောအမွေလည်း ရှိကြပါသည်။

ခေါင်းရင်းတွင် ခြံကာ၍မရ၊ ခြံကာပါက လူသွား၍မရနိုင် ဖြစ်ပါမည်။ သို့ဖြစ်၍ အိမ်နှင့်အိမ်ဆောက်သည့်မြေတွင် ခြေရင်း၊ ခေါင်းရင်းတွင် ခြောက်ပေစီထပ်ပေးရန် အဆိုပြုရပါသည်။ အဖေကလည်း ပေးချင်သော သားလတ်အတွက် မြေ ၁၂ × ၂၅၀ ပေ ပိုရသွား၍ ကျေနပ်သွားပြီး အိမ်ရသည့် ညီအလတ်ကလည်း ပို၍ဝမ်းသာသွားပါသည်။

ကျန်နေသည့် ညီအစ်ကိုမောင်နမင်းယောက်မှာ အဖေ့အိမ်၏ခြေရင်း ၁၅ ပေ× ၂၅၀ ပေခန့်နှင့် ခေါင်းရင်းပေ ၃၀× ပေ ၂၅၀ ကို ခွဲဝေယူရန် တန်ဖိုးဖြတ်ကြပါသည်။ ခြေရင်း ၁၅ ပေ× ၂၅၀ ပေကို အစ်မကြီးက ငွေပေးချေ၍ ခေါင်းရင်း ၃၀ ပေ× ၂၅၀ ပေကို ကျွန်တော်က ငွေပေးချေပြီး စုစုပေါင်းရငွေကို ငါးယောက်ဝေယူကြပါသည်။ အဖေ့တွင် အခြားရရန်ရှိသော ငွေသုံးလေးသိန်းကို ခြံဖိုးထဲပေါင်း၍ ခွဲဝေယူကြပါသည်။ အဖေကသူ့လက်ထဲတွင် ငွေတစ်ဖြားမှမထားပါ။ ငွေကိစ္စပြောလျှင် "လူလေးမှာ ငွေရှိနေတာပဲ အဖေ့မှာ ပူစရာမရှိဘူး" ပြော၍ ငွေကြေးကိစ္စ ခေါင်းထဲတွင် ထည့်သွင်းစဉ်းစားခြင်းမရှိပါ။

အဖေသည် သူဖြစ်ချင်သောကိစ္စတွေ ပြီးဆုံးသွားသောအခါ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် နေသွားနိုင်ပြီဟု ကျွန်တော်က ယုံကြည်နေပါသည်။ သို့သော် အမွေခွဲဝေပြီး များမကြာမီလများအတွင်း အဖေ့အစာအိမ်ရောဂါ (ကင်ဆာ) ပြန်လည်ခံစားလာရပြီး ခွဲစိတ်ကုသခံရင်း ကွယ်လွန်ခဲ့ပါသည်။ ကျွန်တော်သည် အဖေ့အား ၁၂ နှစ်တိုင်တိုင် ကိုယ်တိုင်ပြုစုကျွေးမွေးခွင့်၊ ဆေးဝါးကုသခွင့်များရ၍ ကျေနပ်မိပါသည်။ အဖေလည်း "ငါ့သားကို ပညာတတ်အောင်ထားရတာ ကျေနပ်ပါတယ်" ဟု ဆွေမျိုးအသိုင်းအဝိုင်းကို တွေ့တိုင်း ပြောခဲ့ပါသေးသည်။

အဖေကွယ်လွန်ပြီးနောက် ကျွန်တော်တို့မောင်နမတွေ အခါအားလျော်စွာ တွေ့ဆုံစကားပြောကြပါသည်။ တစ်ခါတစ်ရံ အဖေ့အကြောင်းပြောရင်း အဖေအမွေခွဲဝေတာကို ရောက်သွားပါသည်။ "သားသမီးခြောက်ယောက် ခြောက်ပုံပုံပြီးခွဲမယ်။ လူလေးလည်း မယူဘဲမနေရဘူး" ပြောပြီးမှ "လူလေးရေ အိမ်နဲ့ အိမ်ဆောက်တဲ့မြေကို သားအလတ်ကိုပေးချင်တယ်" လို့ ကျွန်တော့်ကိုတိုင်ပင်ပြီး သူ့ဆန္ဒအတိုင်း ခွဲဝေပေးခဲ့ပုံကို ကျွန်တော်တို့ပြော၍ ရယ်ကြပါသည်။ အဖေ့အိမ်နှင့်မြေ စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၁၅၀ ခန့်ရှိပါသည်။ အိမ်နှင့် အိမ်ဆောက်သည့်မြေက တောရွာပေါက် ဈေးသိန်း ၁၀၀ ရှိပါသည်။ သို့ဖြစ်၍ ကျပ် သိန်း ၁၀၀ ကို သားလတ်ပေးပြီး ကျပ်သိန်း ၅၀ တန်သောမြေကို ကျန်ညီအစ်ကိုမောင်နမများ ခွဲဝေယူခြင်းကို အဖေသတိမ့်သွားဟန်တူပါသည်။ ကျွန်တော်တို့မောင်နမများ အဖေစိတ်ချမ်းသာနေသည်ကို မြင်နေရ၍ ဝမ်းသာနေကြပါသည်။ တစ်ခါတစ်ရံ အဖေနှင့်စကားလက်ဆုံကျ၍ အဖေအမွေခွဲဝေပုံအကြောင်းကို ကျွန်တော်နောက်ပြောင်၍ပြောရာ အဖေက "လူလေး မင်းညီကဆင်းရဲတယ်။ အဖေနဲ့လည်း အကြာကြီးနေလာပြီး အဖေ့ကို ချက်ပြုတ်ကျွေးမွေးနေတာကွ" လို့ ပြောပါသည်။ ကျွန်တော်က "အဖေ့ကိုစတာပါ။ ကျွန်တော်တို့အားလုံး ကျေနပ်ကြပါတယ်။အဖေစိတ်ချမ်းသာနေတာမြင်နေရတော့လည်း သားသမီးတွေအားလုံးစိတ်ချမ်းသာပါတယ်" ပြန်ပြောပြတော့ အဖေကပြုံးနေပါသည်။

ဤဆောင်းပါးသည် မိသားစုတစ်စု၏ အရေးကိစ္စဖြစ်ပါသည်။ မိသားစုအားလုံးတွင် အဘိုးအဘွား၏အမွေ၊ မိဘ၏အမွေများကို ဆက်ခံကြစမြဲဖြစ်ပါသည်။ အမွေသည် မိသားစုအတွင်း အေးချမ်းစွာ ခွဲဝေခံစားရသူတို့အတွက် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနေရသော်လည်း စကားများ၊ ရန်ဖြစ်၊ တုတ်ဆွဲမားဆွဲခွဲဝေရသော အမွေလည်းရှိကြပါသည်။ ကျွန်တော်တွေ့ကြုံခဲ့ရသော အမွေခံစားမှုတစ်ခုတွင် မိဘထားခဲ့သောအမွေကို မောင်နမနှစ်ဦးရလိုမှုဖြင့် အစ်ကိုက နှမကို လူငှားသတ်ရယူ၍ ကြိုးစားခဲ့ပါသည်။ ညီမသေဆုံးပြီးနောက် အစ်ကိုက လူငှားသတ်မှုပေါ်ပေါက်လာသော အခါ အမွေသည် ရလိုမှုလောဘကြောင့် ဒေါသနှင့် နှမကိုသတ်ရတဲ့အထိဖြစ်ရပုံကို ကျွန်တော်သတိရမိပါသည်။

ကျွန်တော်တို့ညီအစ်ကိုမောင်နမ ခြောက်ယောက်ကတော့ အဖေ့မျက်နှာညိုးငယ်မှုမဖြစ်ရအောင် ပြိုးပြိုးရွှင်ရွှင် ကျေကျေနပ်နပ်လက်ခံလိုက်ခြင်းဖြင့် အဖေသည် ကျေနပ်စိတ်ချမ်းသာပြီး ဘဝတစ်ပါးပြောင်းသွားသည်ဟု ကျွန်တော်တို့ ယုံကြည်ခံစားမိပါတော့သည်။

အဖေ့ကို ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ ည ၈ နာရီတွင် ခွဲစိတ်ကုသပါသည်။ ခွဲစိတ်ကုသမှုသည် စက်တင်ဘာလ ၁၈ ရက်နေ့ နံနက် ၁ နာရီခွဲတွင် အောင်မြင်စွာပြီးဆုံးသော်လည်း ယင်းနေ့ နံနက် ၉ နာရီတွင် အဖေကွယ်လွန်ခဲ့ပါသည်။ အဖေ့ကျေးဇူးနှင့် မေတ္တာတရားတွေကို သတိရနေ၍ ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

မောင်မောင်တင်
(၃-၁၁-၂၀၀၈)

ယခင်လမှအဆက်



တောင်ကြီးသို့ နောက်တစ်ခေါက်

သခင်တင်မြ

ညစာကို ညနေ ၆ နာရီထိုးကာမှ သီသီဟန်တို့အိမ်ဆင်းစားကြသည်။ သီသီဟန်က မနက်ဖြန် မွေတော်ကတ္တူဘုရားသွားဖို့ တက္ကစီကားမှာပြီးကြောင်း ပြောသည်။

ထမင်းစားရင်း "ကတ္တူဘုရားက ကျောက်တစ်လုံးသွားတဲ့လမ်းမှာလား" မေးလိုက်သည်။ "ဟုတ်ပါတယ်" ဟု သီသီဟန်က ဖြေသည်။

ကျောက်တစ်လုံးသို့ ကျွန်တော် မရောက်ဖူးပါ။ ပအိုဝ်းများနေသည့် ကျောက်တစ်လုံးရွာကို အစိုးရနှင့် ငြိမ်းချမ်းရေးယူထားသည့် ဦးအောင်ခမ်းထီတို့အခြေစိုက်ကာမှ နိုင်ငံတော်အစိုးရက မြို့နယ်ခွဲအဆင့်တိုးမြှင့်ပေးခဲ့ကြောင်း သတင်းစာပါဆောင်းပါးအရ သိခဲ့ရခြင်းဖြစ်သည်။ ၂-၅-၂၀၀၈ ရက်နံနက် ၆ နာရီခန့် သီသီဟန်တို့အိမ်တွင် စားသောက်နေစဉ် တက္ကစီကားရောက်လာသည်။ ကြည့်လိုက်တော့ တောင်ကြီးရောက်သည့်နေ့က တောင်ပေါ်ဘုရားဖူးလိုက်ပို့သည့် ကားဝါကလေး ဖြစ်နေသည်။ ဟောင်းပေမယ့် ကားကစက်ကောင်းသည်။ ဆေးအသစ်၊ ထိုင်ခုံများကလည်း အသစ်။ ကားဆရာက ကားကို အတော်သထားပုံရသည်။

ကော်ဖီကို အမြန်သောက်ပြီး ကားပေါ်တက်ကြသည်။ ရှေ့ခန်းက ဒရိုင်ဘာနှင့်ယှဉ်ပြီး ဝေမိုးဦး၊ နောက်ခန်းက ကျွန်တော်၊ အလယ်က သန်းသန်းညွန့်၊ သန်းသန်းညွန့်ဘေးက ကြည်ကြည်ဟန်ရဲ့သားငယ် ပြည်သိန်း။ ချယ်ရီလမ်းက ဈေးကြီးကို ပတ်မောင်းပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းရောက်တော့ စူဠာမဏိဘုရားဘက်မောင်းခဲ့သည်။ ဘုရားလွန်တော့ ဂေါက်ကွင်း၊ ပြီးတော့ အဆောက်အအုံကြီးဖြင့် တောင်ကြီးကောလိပ်၊ မြို့အထွက် ဈေးကလေးတစ်ဈေးကို ကျော်ဖြတ်ခဲ့သည်။ ဘယ်ဘက်ဘေးက တောင်နံရံကို တူးထားသည့် ကျောက်မိုင်းတစ်ခုကို တွေ့ရသည်။ ကားညာဘက်တစ်နေရာတွင် တဲတစ်တဲ အောက်က ထုံးပုံနှင့် ကျောက်အုတ်ပြားများစီ၍ ပုံထားသည်ကိုတွေ့တော့ "ဘာတွေလဲ" ဟု သန်းသန်းညွန့်က မေးသည်။

"ကွန်ကရစ်အုတ်တွေလေ" ဟု ပြောလိုက်သည်။ "အုတ်တွေက ဘာကြောင့် ဖြူညို့ဖြစ်နေတာလဲ" ဟု သန်းသန်းညွန့်က ဆက်မေးသည်။

"တောင်ပေါ်မှာက ထင်းရှားတယ်။ မြေပြန့်မှာလို စပါးခွံလည်း များများမရှိဘူး။ ဒါကြောင့် တောင်ခြေမှာ တူးလိုက်ရင် လွယ်လွယ်ရတဲ့ကျောက်မှုန့်နဲ့ အင်္ကတေအုတ် လုပ်ကြရတယ်။ အင်္ကတေအုတ်က မြေအုတ်ထက် ပိုခိုင်ခံ့တယ်" ဟု ရှင်းပြရသည်။ တောင်ကြီးမြို့နယ်ဆုံးတော့ ကားလမ်းက အကွေ့အကောက်နှင့် အနိမ့်အမြင့် ပိုများလာပါသည်။ တစ်ရွာနှင့်တစ်ရွာ ဝေးကွာလာပါသည်။ တစ်ရွာနှင့်တစ်ရွာအကြား ယာများ၊ ဝါးရုံတောများ၊ ဟိုအဝေးက ဘယ်ဘက်အနိမ့်ပိုင်းတွင် စိမ်းစိုစိုလယ်ကွက်နှင့် ရေမြောင်းများ တွေ့ရသည်။ ရွာတစ်ရွာရောက်တော့ ကားလမ်း

နှင့်ယှဉ်လျက် ရထားလမ်းကို တွေ့သည်။

"ဒီရထားလမ်းက ဘယ်ရောက်သလဲ" မေးကြည့်တော့ ဒရိုင်ဘာက ဘန်းယင်တဲ့။ ဘန်းယင်က ဘယ်မှာရှိမှန်း ကျွန်တော် မသိပါ။ ဘယ်ဘက်ရွေ့က မှိုင်းညို့ညို့တောင်တန်းကိုမြင်တော့ "ဒီတောင်တွေက မဲနယ်တောင်လား" ဟု မေးလိုက်သည်။ ရွေ့ကဒရိုင်ဘာက ပြန်ဖြေသည်။ နားလေးသူ ကျွန်တော်က စက်သံကြောင့် သဲကွဲစွာ မကြားရ။

သန်းသန်းညွန့်က သူ့တံတောင်နဲ့ ကျွန်တော့်ဘေးကို အသာတွက်လိုက်သည်။ သိလိုက်ပါပြီ။ ကားမောင်းနေစဉ် ဒရိုင်ဘာကို အနှောင့်အယှက်မပေးရဆိုသည့် စည်းကမ်း။ ကျွန်တော်ဆိုသည့်ကောင်က "ကျောချမှ ဓားပြမှန်းသိသူ" ဖြစ်သည်။ ပါးစပ်ကို ပိတ်ထားလိုက်သည်။

ရွာတစ်ရွာဝင်တော့ လမ်းဘေးတွင် ကလေးကို ချီပြီးသွားသည့် ပအိုဝ့်မတစ်ယောက်။ ခေါင်းမှာ တဘက်ပေါင်းလို့ အင်္ကျီနှင့်ထဘီက အနက်ရောင်။ သည်နယ်က ပအိုဝ့်ရွာတွေ ဖြစ်သည်။ အိမ်တစ်အိမ်ရှေ့တွင် ထရော်လာဂျစ်တစ်စီး၊ တိုက်တစ်လုံးကို ထပ်တွေ့ရသည်။ ဈေးဆိုင်ဟု ထင်သည်။ ရောင်စုံ ဂျင်ဗယ်လာခေါင်းလျှော်ရည်ကြော်ငြာကပ်ထားသည်။ ဂလိုဘယ်ဈေးကွက်က တောကြိုအုံကြားအထိ ရောက်နေပြီလေ။ ရွာလွန်တော့ လမ်းညာဘက်က မြေနီလမ်း၊ လမ်းဆုံတွင် မြင်းလေးကောင်ပေါ်က ရှင်လောင်းလေးပါး၊ အုန်းပွဲ၊ ငှက်ပျောပွဲများရွက်ထားသည့် ပအိုဝ့်မိန်းမငယ်များက ပြောင်လက်နေသည့် ခေတ်အဝတ်အစားများနှင့်၊ အမျိုးသမီးကြီးများကတော့ ပအိုဝ့်ရိုးရာအဝတ်အစားများဖြင့် အပြောင်းအလဲမရှိ။

အဲဒီနေရာကလွန်တော့ ဒရိုင်ဘာက "ကက္ကူမွေတော်ရောက်တော့မယ်" ဟု ပြောသည်။

စကားစရလာသဖြင့် "တောင်ကြီးနဲ့ ကက္ကူဘယ်လောက်ဝေးလဲ" ဟု မေးလိုက်မိသည်။ တုံးတိတိအဖြေက "၂၆ မိုင်" တဲ့။ မကြာပါ။ ဘယ်ဘက်တွင် အမိုးမရှိသည့် တဲတန်းလျားများ။ ကပ်လျက်က အစီအရီ ဖွေးတွေ့ရသည့် စေတီများ။ မုခ်အရှေ့တွင် ကားရပ်လိုက်သည်။ ဘယ်ဘက်သစ်ပင်ကြီးများအောက် ရှေ့နောက်ရပ်လိုက်သည်။ ဘုရားဖူးမှန်လုံကားကြီးနှစ်စီးကို မြင်ရသည်။ ဘုရားမဖူးမီ အဝေးက ရေအိမ်ဆီ သန်းသန်းညွန့်နှင့်အတူ လျှောက်ခဲ့ကြသည်။ ရေအိမ်မရောက်မီ သစ်ပင်ကြီးများအောက် မြေပြင်တွင် ပလတ်စတစ်ခင်းထားသည့် ကြက်သွန်ဖြူရောင်းသူ ပအိုဝ့်မကလေး လေးယောက်တွေ့ရသည်။ ရှေ့က အပုံလိုက်ဥတစ်လုံးကြက်သွန်ဖြူများ။ "အစ်မ ဝယ်သွားပါဦး" ဟု ပအိုဝ့်သံဝဲဝဲနှင့် ဖိတ်ခေါ်သည်။ သန်းသန်းညွန့်က "အပြန်မှ" "အပြန်မှ" ဟု ပြန်ပြောခဲ့သည်။

ရေအိမ်ရှေ့ရောက်ပြန်တော့ ငွေကောက်ခံသူကို သန်းသန်းညွန့်က ၂၀၀ တန်တစ်ချပ်ပေးလိုက်သည်။ အရေးထဲ ပအိုဝ့်မက "ဘယ်ကလာကြိုပါသလဲ" စပ်စုပြန်ရော။ ကျွန်တော် စိတ်တိုတို အသံပြတ်ပြတ်ဖြင့် "ရန်ကုန်က" ဟု ဖြေပြီး ရေအိမ်မြန်မြန်ပြေးရသည်။ လမ်းမှာပေါက်ကျသွားမှဖြင့်။

ပြန်ထွက်လာပြီး လမ်းဖြတ်ကူး၊ သန်းသန်းညွန့် ကြက်သွန်ဖြူဝယ်။ အပြန်အလှန် စျေးစကားပြော။ ဝယ်ပြီးသည့် ကြက်သွန်ဖြူအိတ်ကို ဆွဲထွက်ခဲ့။ "ဘယ်စျေးလဲမေးကြည့်တော့ "ရန်ကုန်ထက် အများကြီး သက်သာတယ်" ဟု ပြန်ဖြေသည်။ မုခ်ဝရောက်သည်နှင့် ဘုရားဝင်းထဲဝင်၊ ညာဘက်မှာ ဥပါသကာရုံး။ ဗီရိုထဲတွင် ကက္ကူ မွေတော်သမိုင်းစာအုပ်များတွေ့သဖြင့် တစ်အုပ် ၁၀၀၀ နှင့် ဝယ်ခဲ့သည်။ အုတ်လမ်းက အနိမ့်မှအမြင့်သို့ အုတ်လမ်းအတိုင်း လျှောက်ခဲ့ကြသည်။ စေတီများ အထပ်ထပ် ပြုပြင်လှူဒါန်းပြီးသည့်စေတီက အများစု။ 'မူလအလှူရှင်ကိုရည်စူး၍ ထပ်မံပြုပြင်လှူဒါန်းပါသည်။ နတ်လူသာခုခေါ်စေသော်။ အောက်က ထပ်မံပြုပြင်သည့် အလှူရှင်၏အမည်များကို ကမ္ဘည်းထိုးထားသည်။ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သဖြင့် မူလအလှူရှင်၏အမည်ကို ဖော်ပြနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

မုခ်ဝမှ တန်ဆောင်းအရောက် အုတ်လမ်းပြေပြေအထက်ကို တက်ခဲ့ကြသည်။ တန်ဆောင်ကြီးက အမိုးက အစိမ်းရောင်၊ အလယ်က လိုဏ်ဂူပွတ်လုံးတိုင်များတွင် တရုတ်၊ အင်္ဂလိပ်၊ မြန်မာစာများဖြင့် အလှူရှင်အမည်ကမ္ဘည်းထိုးထားသည်ကို ဖတ်ခဲ့ရသည်။ ပိန်ဆရာတော်နှင့် စင်ကာပူရောက်အလှူရှင်များ ၂၀၀၇ ခုနှစ်တွင် မွမ်းမံတည်ဆောက်ပြီးစီးသည်။ ဂူပေါက်ညာဘက်တွင် ပဆစ်တုတ်ထိုင်လျက် ဘဝနာရှူနေသူရဟန်းတစ်ပါးကို တွေ့ရသည်။ အနှောင့်အယှက်မဖြစ်ရန်သတိပြုပြီး ဘုရားရှိခိုးခဲ့သည်။ တန်ဆောင်းအတွင်း လက်ယာရစ်ထွက်ခဲ့ရာ အရှေ့ဘက်မုခ်ဝမှ အပြင်သို့ရပ် ကြည့်မိသည်။ မုခ်အလွန်တွင် ကားလမ်း၊ ကားလမ်းဘေးက ချောက်ကမ်းပါး။ ဟိုအဝေးက စိမ်းစိုနေသည့်လယ်ကွက်များကို လှမ်းမြင်နေရသည်။ ရိုးပြတ်ငုတ်တို များ၏ အစိမ်းရောင်ဖြစ်မည်။ စိုက်ပျိုးရန် အချိန်မကျသေး။ (ရှုခင်းကို အတန်ကြာကြည့်ပြီး မူလတန်ဆောင်းဝရောက်အောင် ပတ်လျှောက်ခဲ့ကြသည်။ တန်ဆောင်းဝလိုဏ်ဂူဘုရားကို ဦးချပြီး ဘုရားတန်ဆောင်းမှ ပြန်ထွက်ခဲ့ကြသည်။

မုခ်ဝရောက်တော့ ညာဘက်ကို လှမ်းကြည့်လိုက်သည်။ မှန်လုံကားကြီးနှစ်စီး မရှိတော့။ ပြန်ထွက်သွားကြပြီ။ ကျွန်တော်တို့လည်း ကားပေါ်တက်ပြီး ပြန်ထွက်ခဲ့ကြသည်။ အပြန်ခရီးလမ်းတွင် တွေ့ခဲ့သည့် ရှင်လောင်းလှည့်ပွဲကို ပြန်တွေ့သည်။ အလာတုန်းက မြင်းလေးစီး၊ ရှင်လောင်းက လေးပါး။ ခုတော့ မြင်း ၁၅ စီး၊ ရှင်လောင်းက ၁၅ ပါးဖြစ်နေပြီ။ ပရိသတ်ကလည်း ပိုများလာသည်။ မနက်က ရှင်လောင်းလှည့်တာမဟုတ်။ လှည့်ရန် လူစုနေခြင်းဖြစ်မည်။ ခုတော့ ရွှေထီးဆောင်းရှင်လောင်းများက ရှေ့က၊ အတီးအမှုတ်အ

ကအခုနှစ်များက နောက်က တန်းစီလျှောက်နေသည့် လူထုပရိသတ်များ လူတန်းဆုံးအောင် အတန်ကြာ ကားရပ်စောင့်ခဲ့ရသည်။ သည်လိုနှင့် တောင်ကြီးကို နံနက် ၁၁ နာရီတွင် ပြန်ရောက်ခဲ့သည်။ တောင်ကျောင်းကြီးနားအရောက်တွင် ကားက ဘယ်ကွေ့၊ ညာချိုး၊ ဘယ်ထပ်ကွေ့သည်နှင့် တောင်ကျောင်းကြီးနှင့် မလှမ်းမကမ်းရှိ ဦးကျော်သူအိမ်ရှေ့ ရောက်သွားသည်။ ခြံတံခါးဖွင့်၊ ဧည့်ခန်းကိုကြည့်လိုက်တော့ ထိုင်လျက်စာကြည့်နေသည့် ဦးကျော်သူကို တွေ့ရသည်။

"ကိုကျော်သူ နေကောင်းလား" နှုတ်ဆက်လိုက်သည်။ ဦးကျော်သူက မော့ကြည့်ပြီး "မနက်ကတည်းက သီသီဟန် ဖုန်းဆက်ထားလို့ ခင်ဗျားကို မျှော်နေတာ။ ဗိုလ်မှူးရဲထွဋ် နေကောင်းရဲ့လား"

ဗိုလ်မှူးရဲထွဋ် နေမကောင်းဘူး၊ ဆီးချိုရောဂါကြောင့် သတိမေ့ပြီး မနှစ်က ဆေးရုံကြီးကို ရောက်သွားခဲ့တယ်။ ဆီးချိုချလိုက်တော့မှ သတိပြန်ရတယ်။ အဲဒီက တည်းက ရုစ်လအတွင်းမှာ ကိုယ်အလေးချိန် ပေါင် ၃၀ ကျသွားတယ်။ လူကယ့်ယ့်ရှိတော့တယ်။ တလောကလည်း ဗိုလ်ချုပ်အထူပြုတ္တိအစည်းအဝေးသုံးကြိမ်မတက်နိုင်ဘူး။ အဖြစ်က နေ့လယ်ဘက် ကုလားထိုင်ပေါ်ထိုင်နေရင်း ပြုတ်ကျသွားတာ မျက်နှာနဲ့ကြမ်းပြင်ခိုက်မိပြီး မျက်နှာမှာ ဒဏ်ရာရသွားတယ်။ ကျွန်တော့်မင်္ဂလာဆောင်ဖိတ်စာသွားပေးတော့ နေကောင်းနေပြီ။ မျက်နှာက ဒဏ်ရာတွေလည်း ပျောက်နေပြီ" ဟု ရှင်းပြရသည်။

"ခင်ဗျားတို့ ဗိုလ်မင်းလွင်ဆီ ရောက်သေးလား" ကိုကျော်သူရဲ့အမေး။

"ရောက်ပါတယ်၊ သုံးကြိမ်ရောက်တယ်။ ၂၀၀၃ ခုနှစ်က ဗိုလ်မှူးရဲထွဋ်နဲ့ တစ်ကြိမ်၊ နောက်နှစ်ကြိမ် ထပ်ရောက်သေးတယ်။ သူ့ဆီက အဖြစ်အပျက်တချို့နဲ့ ရှားပါးဓာတ်ပုံနှစ်ပုံ ရခဲ့တယ်။ ဇွန်လကုန်မှာ ဗိုလ်ချုပ်အထူပြုတ္တိကို အပြီးသတ်နိုင်မယ်လို့ မျှော်လင့်တယ်" ဟု ပြောလိုက်သည်။

"ခင်ဗျားလာမယ်ဆိုတာနဲ့ ဗိုလ်ချုပ်



တို့ ဘိလပ်သွားတုန်းက ရိုက်ထားတဲ့ ဓာတ်ပုံ အသင့်ရှာထားတယ်။ ရှားပါးဓာတ်ပုံပဲ"

သူပေးသည့်ဓာတ်ပုံကိုကြည့်လိုက်တော့ 'အောင်ဆန်းအက်တလီ' စာချုပ်လက်မှတ်ရေးထိုးပြီး လန်ဒန် အမှတ် (၁၀) ဒေါင်းနင်လမ်း ဝန်ကြီးချုပ်ရုံးရှေ့တွင် စုပေါင်းရိုက်ထားသည့်ဓာတ်ပုံ ဖြစ်နေသည်။ ဓာတ်ပုံက ရှားပါးမဟုတ်။ အက်တလီ၏ အောက်ခြေစာတမ်းက ရှားပါးခြင်းဖြစ်ပါသည်။ ဤဓာတ်ပုံကော်ပီကို ပေးလိုက်သဖြင့် ဦးကျော်သူကို ကျေးဇူးတင်ရသည်။

ဦးကျော်သူအကြောင်းရေးရဦးမည်။ တောင်ကြီးတွင်နေသူ ဦးကျော်သူမှာ ရန်ကုန် မအူကုန်းလမ်းကျယ်တွင်နေသူ ဗိုလ်မှူးမင်းလွင် (ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဆိုင်ရာအပါးတော်မြဲ) နှင့် ခမည်းခမက်တော်သူဖြစ်သည်။ သူ့ဓာတိုက ပျော်ဘွယ်မြို့။ အမည်ရင်းက ကိုလှ၊ ၁၉၄၈–၄၉ ခုနှစ် ဗ.က.ပ မြို့နယ်ခေါင်းဆောင်။ ၁၉၄၈ ခုနှစ် မတ်လတွင် အဖမ်းခံခဲ့ရပြီး သာယာဝတီထောင်ရောက်လာသူ။ သာယာဝတီထောင်တွင် သူနှင့်ကျွန်တော်အတူနေခဲ့ရသည်။ ၁၉၄၉ ခုနှစ် မေလ ၅ ရက် သာယာဝတီထောင်အပွင့်တွင် အတူလွတ်မြောက်ခဲ့ပြီး ပဲခူးခရိုင် ဝေမြို့နယ် မြစ်ကျိုးရွာအနီးမှ ဆင်ရွာရှိ အောက်ဗမာပြည်ဗျူရိုသို့ ကျွန်တော်တို့ အတူရောက်ခဲ့သည်။ ရေချိုးလျှင် သူ့ရင်အုပ်တွင် တောင်ပံဖြန့်ထားသည့်လင်းယုန်ငှက်ပုံဆေးမင်ကြောင်ကို တွေ့ရသည်။ ရောက်လေရာတွင် ကြံဖန်အလေးမသူ ကာယဗလသမားဖြစ်သည်။ ၁၉၆၅ ခုနှစ် မ.ဆ.လ ခေတ်တွင် မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးသိပ္ပံသို့ တက်ခဲ့သည်။ ကျောင်းဆင်းတော့ တောင်ကြီးမြို့နယ် လမ်းစဉ်ပါတီစည်းရုံးရေးမှူး။ ၁၉၇၄ ခုနှစ် ပြည်သူ့ကောင်စီပေါ်လာသောအခါ တောင်ကြီးမြို့နယ် ကောင်စီဥက္ကဋ္ဌ။ ထိုစဉ်ကတည်းက သူ့အမျိုးသမီးက သိုးမွေးထည်အမျိုးမျိုးထိုး၍ ဝင်ငွေရှာခဲ့ရသည်။ ခုတော့ သူ့ဇနီးမရှိတော့ပြီ။ တောင်ကျောင်းကြီး ဥပသကာအဖွဲ့ခေါင်းဆောင်။ ရပ်ရွာ သာရေးနာရေးကိစ္စများတွင် ကမကထပြုသူ တောင်ကြီးတစ်မြို့လုံး လူကြီးမှန်သမျှ သူ့ကို သိရှိလေးစားကြသည်။ ယခုသူ့ အသက် ၈၇ နှစ်ရှိပြီ။ မနှစ်က ပျော်ဘွယ်သား ဦးဘသိန်း ခေါ် အဘဗိုလ်မှူးကြီး မင်းသိန်း၊ အသက် ၉၁ နှစ်တွင် လူကြီးရောဂါဖြင့် မင်္ဂလာဒုံလေတပ်အနီးမှ ထန်းပင်ကုန်းရပ်ကွက်မှာ ကွယ်လွန်ခဲ့သည့်အကြောင်း ဦးကျော်သူကို ပြောပြခဲ့ရသည်။

"ဒီမှာ ထမင်းစားသွားပါလား" ဟု ဦးကျော်သူက ပြောသေးသည်"

"သီသီဟန်တို့လည်း ထမင်းချက်ထားတယ်၊ အဲဒီကျမှပဲ စားတော့မယ်" ပြောပြီး နှုတ်ဆက်ထွက်ခဲ့သည်။

ချယ်ရီလမ်း သီသီဟန်တို့အိမ်ပြန်ရောက်တော့ ကက္ကူဘုရားသွားတက္ကစီကား ခ ၃၅၀၀ ကို သန်းသန်းညွှန့် ရှင်းပေးခဲ့သည်။

၁၂ နာရီလည်းထိုးပြီ။ လမ်းခရီးကြောင့် ပင်ပန်း၊ ထမင်းလည်း ဆာနေသဖြင့် သီသီဟန်တို့ပြင်ပေးသည့်ထမင်းကို ကမန်းကတန်းစား၊ ပြီးသည်နှင့် ဟိုတယ်ပေါ်တက် အိပ်လိုက်ကြသည်။

နေ့လယ် ၂ နာရီမှာ နိုးလာသည်။ ရေမိုးချိုးကြပြီး သီသီဟန်တို့အိမ်ဆင်းခဲ့သည်။ ကွယ်လွန်သူ ဦးထွန်းမြင့်လေးရဲ့ သမီး ဒေါက်တာစပယ်မြင့်ကြူအိမ် ဖုန်းဆက်ခိုင်းလိုက်သည်။ 'စပယ်မြင့်ကြူ အိမ်မှာရှိသည်။ မကြာမီ သူ့ခင်ပွန်း မောင်တင်ကြူ ကားဖြင့်လာခေါ်မည်၊ ခဏစောင့်ပါ' ဟု ဖုန်းပြန်လာကြောင်း ကြည်ကြည်ဟန်

က ပြောသည်။

နာရီဝက်ခန့်အကြာ မောင်တင်ကြူ ကားဖြင့်ရောက်လာသည်။ "မင်္ဂလာဆောင်ကအပြန် ဝင်ခေါ်ရတာ" ဟု ပြောသည်။ သန်းသန်းညွန့်နဲ့နှစ်ယောက်အတူ ကားပေါ်တက်လိုက်သွားသည်။ ရေအေးကွင်းရပ် ခရစ်ယာန်အသင်းခြံဝင်းဘေးရှိ ဦးထွန်းမြင့်လေးခြံသို့ ရောက်သွားသည်။ ခြံဝင်းက အခြေအနေမပြောင်း။ ပြောင်းခဲ့သည်က ပိုင်ရှင်ဦးထွန်းမြင့်လေး မရှိတော့ခြင်းဖြစ်သည်။ အိမ်တွင် ဒေါက်တာစပယ်မြင့်ကြူကို အသင့်တွေ့ရသည်။ သူတို့သားကြီးက အမေရိကားမှာ၊ ဝတ်မှုံနှင့်ကျောင်းနေဖက်၊ သားငယ်ကတော့ လျှောက်လည်နေသဖြင့် အိမ်မှာမရှိ။ ဒေါက်တာစပယ်မြင့်ကြူက ရောက်သည်နှင့် နူတ်ဆက်ပြီး ဆေးခန်းကို ထွက်သွားသည်။

မောင်တင်ကြူရဲ့မိတ်ဆွေ မိုက်ကယ်ဆိုသူ ရောက်လာနှုတ်ဆက်သည်။ သူက 'အန်ကယ့်ကို အမည်သာကြားဖူးပြီး ခုမှ တွေ့ရသည်။ အန်ကယ့်စာတွေ အမြဖတ်ပါသည်'ဟု ပြောသည်။ အိမ်ဖော်မလေးက ကော်ဖီနှင့် မုန့်ပန်းကန်များ လာချပေးသည်။

အပြန်အလှန်စကားပြောကြသည်။ နာရီဝက်ခန့်ကြာခဲ့သည်။ ၁၉၄၅ ခုနှစ် ဧနနဝါရီလ ဖ.ဆ.ပ.လ အလယ်ပစ္စယံပြည်လုံးကျွတ်ညီလာခံတက်ရန် ရန်ကုန်အလာ နိုင်ငံရေးသင်တန်းပေးသူများနှင့် သင်တန်းတက်သူ ကိုတင်အေး၊ ကိုထွန်းမြင့်လေးတို့ စုပေါင်းရိုက်ထားသည့်ဓာတ်ပုံရှိသေးလားဟုမေးကြည့်သည်။ မောင်တင်ကြူက 'ရှိသေးသည်' ဟု ပြောသဖြင့် ကော်ပီကူးပြီး တစ်ပုံ ရန်ကုန်ပို့ပေးရန် ကျွန်တော် ပြောခဲ့သည်။ အပြန် ဦးစံအောင်ဆိုဝင်ရန်ရှိသေးသည်ပြောပြီး မိုက်ကယ်ကို နူတ်ဆက်၊ အိမ်ရှေ့ထွက် ကားပေါ်တက်လိုက်သည်။ မောင်တင်ကြူ "အန်ကယ်ခဏ" ဟု ပြောပြီး အိမ်ထဲပြန်ဝင်သွားသည်။ ထွက်လာတော့ အိုဗာတင်းတစ်ပုလင်းကိုင်လို့။ ကားပေါ်တက်ပြီး ကားမောင်းရင်း "အိမ်မှာရှိတာ သတိရလို့ လက်ဆောင်ပေးလိုက်တာပါ" ဟု မောင်တင်ကြူက ပြောသည်။ 'ကျေးဇူးပဲ' ဟု မိမိတုံ့ပြန်ခဲ့သည်။

ရောက်သည့်နေ့က အပြန်စီးမည့် ရန်ကြီးအောင်ကားရုံးရှေ့ကဖြတ်ပြီး ဈေးအောက်လမ်းကို မောင်းခဲ့သည်။ ဦးစံအောင်တိုက်ရှေ့တွင် ကားရပ်လိုက်သည်။ မောင်တင်ကြူ လက်ဆွဲနှုတ်ပြီး ပြန်သွားသည်။ ဦးစံအောင်ရဲ့တိုက်က သုံးထပ်အောက်ထပ်ဈေးဆိုင်မှ လူငယ်တစ်ယောက်က "အဘ ဧည့်သည်လာပါတယ်" ဟု လှမ်းအော်လိုက်သည်။ ဦးစံအောင်မျက်မှန်တပ်လျက် တံခါးမှန်နောက်က ပေါ်လာသည်။ ပထမထပ်သို့ တက်ခဲ့သည်။ ဧည့်ခန်းတွင် ထိုင်မိသည်နှင့် ဦးစံအောင်က "တစ်နေ့ကတည်းက ကိုချစ်လှိုင်ဖုန်းဆက်တယ်။ ခင်ဗျားတို့ တောင်ကြီးကို ရောက်နေလောက်ပြီလို့ ပြောတာနဲ့ မျှော်နေတာ။ ဘယ်နေ့က ရောက်ကြလဲ"

"၃၀ ရက်နေ့ မနက် ၆ နာရီလောက်မှာ ရွှေငါးဟိုတယ်ကို ရောက်တယ်။ ၁၁ ရက်နေ့မှာ အင်းလေးသွားခဲ့တယ်။ ဒီနေ့ မနက်ကတော့ မွေတော်ကက္ကူဘုရား ရောက်ခဲ့တယ်"

"ကျွန်တော်က အင်းလေးကို ပို့ပေးဖို့ အင်းလေးက မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးမယ်လို့ စီစဉ်ထားတာ" ဟု ဦးစံအောင်က ပြောသည်။

ရန်ကုန်က သူ့မိတ်ဆွေများအကြောင်း၊ အထူးသဖြင့် ဦးရွှေအုန်းအကြောင်း မေးသည်။ ဦးစံအောင်နှင့် ဦးရွှေအုန်းက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ပင်လုံညီလာခံအောင်မြင်ရေးအတွက် မြန်မာ့အလင်းသတင်းစာ သတင်းသမားများအဖြစ် အတူပူးပေါင်းဆောင်ရွက်ခဲ့သူများ ဖြစ်သည်။

ဦးစံအောင်ကို တောင်ကြီးရောက်ပြီး ဖူးခဲ့သည့်ဘုရားများနှင့် ရောက်ခဲ့သည့်နေရာများ၊ တွေ့ခဲ့သည့် မိတ်ဆွေများအကြောင်း ပြောပြခဲ့သည်။

"ဒါနဲ့ စကားမစပ် သထုံဦးလှဖေနဲ့ ဦးအောင်ခမ်းထီ ဘာတော်သလဲ" ဟု ကျွန်တော် မေးကြည့်သည်။

ဦးစံအောင်က "ဘာမှမတော်ဘူး၊ ဦးလှဖေက သထုံပအိုင့်၊ ဦးအောင်ခမ်းထီက ကျောက်တစ်လုံးဇာတိ။ ဦးအောင်ခမ်းထီက သထုံဦးလှဖေရဲ့တပည့်။ ပအိုင့်ဖြူတစ်ဖွဲ့တည်းပဲ။ ဦးလှဖေရဲ့သားက ခုဆိုရင် ဦးအောင်ခမ်းထီရဲ့ နိုင်ငံရေးလက်ရုံးဖြစ်နေတယ်"

ဦးစံအောင်က သူ့သားနှင့် မိတ်ဆက်ပေးသည်။ ယခင်တစ်ခေါက်ကတည်းက သူ့သားနှင့်မိတ်ဆက်ပေးပြီးဖြစ်၍ သိကျွမ်းပြီးဖြစ်ပါသည်။

"ပင်းတယက သဘာဝမြေသြဇာလုပ်ငန်းအတွက် သင်တန်းဆက်ဖွင့်နေသေးလား" ဟု မေးကြည့်သည်။

ဦးစံအောင်က "သင်တန်းဆက်ဖွင့်နေတယ်။ ဂျပန် NGO တွေတော့ ပြန်ကုန်ပြီ။ သူတို့သင်ပေးခဲ့သူတွေက ဆရာပြန်လုပ်ပြီး ဆက်သင်နေတယ်။ ကုန်ကျစရိတ်ကိုတော့ ဂျပန်က ဆက်ပေးနေတယ်။ ဦးစံအောင်က လက်ဖက်ရည်တိုက်မည် လုပ်နေသဖြင့် "ညစာထမင်းစားတော့မယ်၊ မသောက်တော့ဘူး" ဟု ပြောခဲ့ရသည်။

ဦးစံအောင်အိမ်မှထွက်ပြီး ရွှေငါးဟိုတယ်သို့ ပြန်ခဲ့သည်။ ဟိုတယ်မှာ ခေတ္တနားပြီး ညနေ ၆ နာရီမှာ သီသီဟန်တို့အိမ်ထမင်းဆင်းစားနေစဉ် သီသီဟန်ဆီ ရန်ကုန်ကဝတ်မှုထံမှ ဖုန်းလာသံကြားရသည်။ "ဘာတို့ အဆင်ပြေရဲ့လား" မေးသည် ဟု ကြည်ကြည်ဟန်လာပြောသည်။ ဝတ်မှုံက "မုန်တိုင်းသတင်းကြောင့် ဒီည ၁၆ လမ်းအိမ်မပြန်တော့ ဒေါ်အုန်းမြိုင်တို့ အိမ်မှာအိပ်မယ်" ဟု ပြောကြောင်း သိရသည်။ မုန်တိုင်းသတင်းကြောင့် သူ့သမီး ဝတ်မှုံအတွက် သီသီဟန် စိုးရိမ်နေပုံရသည်။

မနက်ဖြန်မနက် အောင်ပန်းမြို့ဈေးလမ်းဆုံ မိခိုင်ထမင်းဆိုင်က စောင့်နေမည်ဟု အောင်ပန်းမှ ဒေါ်မြသက်မော်က ဖုန်းဆက်အကြောင်းကြားလာကြောင်း ကြည်ကြည်ဟန်က ပြောပြန်သည်။

ရွှေငါးဟိုတယ်အပေါ်ထပ်ပြန်ရောက်ပြီး ရေဒီယိုနားထောင်နေစဉ် ဟိုတယ်မှ သူငယ်တစ်ယောက်က အောက်မှာ ဧည့်သည်

ရောက်နေကြောင်း လာပြောသည်။ ဘယ်သူများပါလိမ့်။ အံ့သြစိတ်ဖြင့် နှစ်ယောက်အတူ ဆင်းတွေ့ကြသည်။ ဧည့်ခန်းတွင် ထိုင်နေသည်က ဦးစံအောင်၊ လက်တစ်ဖက်က တုတ်ကောက်နဲ့ တစ်ဖက်က အထုပ်တစ်ထုပ်ဆွဲလို့။

"ဦးစံအောင်ကိုး၊ ဘယ်သူလဲလို့" ဟု ပြောလိုက်မိသည်။ ဦးစံအောင်က "လမ်းလျှောက်ရင်း သတိရတာနဲ့ ကြက်သွန်ဖြူ လက်ဆောင်လာပေးတာ"

ကျေးဇူးတင်ပါကြောင်း ပြန်ပြောလိုက်သည်။ "နားကြဦး" ဟု ပြောပြီး ဦးစံအောင်နှုတ်ဆက်၍ တုတ်ကောက်တစ်ဒေါက်ဒေါက်ဖြင့် ပြန်ထွက်သွားသည်။

မုန်တိုင်းသတင်း

အခန်းပြန်ရောက်သည်နှင့် မုန်တိုင်းသတင်းသိရန် နားကြပ်ရေဒီယိုနဲ့ နားထောင်လိုက်သည်။ ည ၈ နာရီခွဲဆိုတော့ ဗီအိုအေသတင်းကို မီသေးသည်။ ခဏကြာတော့ မြစ်ဝကျွန်းပေါ်မုန်တိုင်းသတင်းကြေညာသည်။ "ဆိုင်ကလုံးမုန်တိုင်းသည် ဟိုင်းကြီးကျွန်းကိုဖြတ်ဝင်ပြီး ဧရာဝတီတိုင်းကို တိုက်ခတ်မည်။ မုန်တိုင်း၏ ဦးတည်ရာမှာ ဧရာဝတီတိုင်းမှ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ဖြစ်သည်။ လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၁၂၀ ဖြစ်သည်" ဟု ကြေညာသွားသည်။ "ဘုရား ဘုရား မုန်တိုင်းကြီးပါလား" ဟု ဘုရားတမိသည်။ ရန်ကုန်မှ ဖုန်းပြောလာသည်။ ဝတ်မှုံထံမှ မုန်တိုင်းသတင်းကြားရကတည်းက ရန်ကုန် အရှေ့ဒဂုံမြို့သစ်ရှိ ညီမအေးအေးမာနှင့် တူမမီးငယ်တို့အတွက် စိုးရိမ်စိတ် မျက်နှာတွင် အထင်းသားပေါ်နေသည့် သန်းသန်းညွန့်ကို ရေဒီယိုမုန်တိုင်းသတင်း အမှန်ပြော၍မဖြစ်။ ပြောပါက စိုးရိမ်စိတ်ဖြင့် တစ်ညလုံးအိပ်မည်မဟုတ်။ ညာပြောမှ ဖြစ်တော့မည်။ ချောင်းအသာဟန့်လိုက်ပြီး "ခုနက ဗီအိုအေက မုန်တိုင်းသတင်းကြေညာသွားတယ်။ မုန်တိုင်းက ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းက ဖြတ်မယ်။ မုန်တိုင်းက အားမပြင်းလှဘူး။ လေ



တိုက်နှုန်းက တစ်နာရီ ၄၅ မိုင်နှုန်းတဲ့။ ဒီလေတိုက်နှုန်းက ပုံမှန်လေတိုက်နှုန်းထက် ဆယ်မိုင်ပဲပိုတယ်။ ဆယ်မိုင်ပဲပိုတဲ့လေတိုက်နှုန်း မပြင်းလှဘူး။ စိုးရိမ်စရာ မရှိဘူး" ဟု ပြောရသည်။ လင်ပြောသမျှ ယုံသည့်မယား။ သန်းသန်းညွန့်မျက်နှာ ခုမှပဲ အနည်းငယ်လန်းသွားသည်။ မုန်တိုင်းသတင်းဆက်မမေးနိုင်အောင် တီဗီဖွင့်ခိုင်းလိုက်ရတယ်။ တီဗီက ကိုရီးယားဇာတ်လမ်းတွဲလာနေသည်။ တီဗီကိုကြည့်နေရသော်လည်း ကျွန်တော့်အဖို့ "ဘာဇာတ်တော်လေမှန်းမသိ' ဖြစ်နေမိသည်။ ၉ နာရီထိုးသည်နှင့် "မနက်စောစော အောင်ပန်းသွားရမယ်၊ အိပ်ကြရအောင်" ပြောပြီး အိပ်ကြသည်။

ပင်းတယဘုရားဖူး

မနက် ၅ နာရီထိုးတွင် နိုးလာသည်။ ကော်ဖီတစ်ခွက်စီဖျော်သောက်။ အထုပ်အပိုးများထုပ်ပိုးပြီး အောက်ဆင်းခဲ့ကြသည်။ သန်းသန်းညွန့်က ကောင်တာတွင် အခန်းသော့အပ်။ တစ်ရက် ၇၀၀၀၊ သုံးရက်အတွက် ၂၁၀၀၀ ရှင်းပြီး မှတ်ပုံတင်များပြန်ယူကာ လမ်းတစ်ဖက်က သီသီဟန်တို့အိမ်ကူးခဲ့သည်။

နံနက်စောစော ရှမ်းထမင်းချဉ်စားကြသည်။ တက္ကစီကားရောက်လာသဖြင့် အားလုံးကို နှုတ်ဆက်ပြီးထွက်ခဲ့သည်။ တက္ကစီကားက တောင်ကြီးမြို့စွန်က မောရှမ်းပြည် ဘတ်စ်ကားဂိတ်အထိသာဖြစ်သည်။ ကားဂိတ်တွင် အောင်ပန်းသွားမည့်ခရီးသည် သုံးလေးရောက်သာ တွေ့ရသေးသည်။ ကားက ရောက်မလာသေး။ ရဟန်းတစ်ပါး ရောက်လာသည်။ အတန်ကြာမှ ဟိုင်းလတ်စ်ကား အဖြူတစ်စီးဝင်လာသည်။ ကားထိပ်က ဆိုင်းဘုတ်တွင်

"တောင်ကြီး–အောင်ပန်း အမြန်ယာဉ်" တဲ့။ သန်းသန်းညွန့်က ဦးခန်းက နေရာရမလားဟု စပယ်ယာကို သွားမေးသည်။ "မရပါအစ်မ" တဲ့။

ဆီးသွားချင်လာတာကြောင့် ဆီးသွားဖို့နေရာ စပယ်ယာကိုမေးလိုက်သဖြင့် "ဈေးတန်းအလွန် ညာကွေ့ကုန်းပေါ်တက်သွားရင် တွေ့မယ်" ဟု ညွှန်လိုက်သည်။ ကမန်းကတန်း ရေအိမ်သို့သွားခဲ့သည်။ ပါလာသည်က ငါးရာတန် အကြေကို အပြန်မှယူမည်ပြောပြီး ဆီးသွားခဲ့သည်။ ဝင်သွားကတည်းက ရေအိမ်စောင့်အမျိုးသမီး စပယ်ပန်းများသီနေသည်ကို တွေ့ခဲ့သည်။ ပန်းတစ်ကုံး ၁၀၀ နှင့် နှစ်ကုံး၀ယ်ခဲ့သည်။ သန်းသန်းညွန့်က "ဘယ်ကဝယ်ခဲ့သလဲ" မေးသဖြင့် ရေအိမ်ဆီညွှန်လိုက်ရသည်။ "သန်းသန်းညွန့် ရေအိမ်သွားသည်။ သန်းသန်းညွန့်ပြန်ရောက်လာသည်။ ကားက ကုန်သွားတင်ဦးမည်ဟုပြောပြီး ပြန်ထွက်သွားသည်။ နာရီဝက်ခန့်အကြာ ကားမှာကုန်တွေနဲ့ ကားပြန်ရောက်လာသည်။ ကားပေါ်အမြန်တက်ကြ။ လူမပြည့်သေးသဖြင့် ထပ်စောင့်ရပြန်သည်။ ကားပေါ် လူအပြည့်အသိပ်ရကာမှ ကားထွက်သည်။ ရှမ်းပြည်နယ်တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှေ့ရှိ လမ်းသုံးခွဆုံက တောင်ကြီးမြို့မှ နှုတ်ဆက်ပါသည်ဆိုတဲ့ ဆိုင်းဘုတ်ကို မြင်ခဲ့ရသည်။ အဆင်းလမ်းကို ဖြတ်ကူးထားသည့် မိုးပေါ်က ကြိုးတံတားကိုလည်း ဖျတ်ခနဲမြင်ခဲ့သည်။ တောင်ကြီးက ကားစထွက်တော့ နံနက် ၇ နာရီခွဲ။ ရွှေညောင်အဝင်ဓာတ်ဆီဆိုင်တွင်ကားရပ်။ ခရီးသည်များဆင်းကြ။ ကျွန်တော့်ကို သန်းသန်းညွန့်လမ်းအကူးတွင်လက်ဆွဲခေါ်။ ဆီးသွားနေရာအနားရောက်တော့ သန်းသန်းညွန့်လမ်း ဘေးတွင် ရပ်ကျန်ရစ်သည်။

ရွှေညောင်မြို့အဝင် ညာဘက်ကလမ်းခွဲရောက်တော့ ဗထူးမြို့နှင့် ရပ်စောက်လမ်းခွဲဆိုင်းဘုတ်ကို အသေအချာပြခဲ့သည်။ ရပ်စောက်သည် သူ့အစ်ကိုကြီးကိုသန့်စင် အလုပ်လုပ်ခဲ့သည့် ကျောက်မီးသွေးတွင်းတည်ရာ တီကျစ်နှင့်အနီးကလေးဖြစ်သည်။ ယခုတော့သူ့အစ်ကိုကြီး ကိုသန့်စင်တစ်ယောက် မြစ်ကြီးနားရောက်နေပေပြီ။

ရွှေညောင်ပြီးတော့ တောင်သုံးလုံး။ ဒီတောင်သုံးလုံးတွင် ၁၉၅၁ ခုနှစ်လောက်က ဗိုလ်လက္ခ်ာ (ရဲဘော်သုံးကျိပ်) နဲ့ ဗိုလ်မှူးကြီးစောကြာဒိုး (ငြိမ်း) တို့အတူ ပြောင်းဖူးစိုက်ကြပြီး ပြောင်းဆံများ နိုင်ငံခြားပို့ခဲ့ပုံကို သန်းသန်းညွန့်ပြောပြရသည်။ တောင်ကြီးမှ အောင်ပန်း ဘယ်နှမိုင်ဝေးမှန်းမသိ။ ဟိုင်းလတ်စ်ကားဖြင့် သုံးနာရီခန့်သွားခဲ့ရသည်။

အောင်ပန်းရောက်ပြီး ကားအဆင်းမှာ ညပ်နေသည့်ဖိနပ်ကို အတင်းဆွဲထုတ်လိုက်သဖြင့် သန်းသန်းညွန့်ဖိနပ်တစ်ဖက်ခွာလန်သွားသည်။ မော့ကြည့်လိုက်တော့ မိခိုင်ထမင်းဆိုင်တဲ့၊ ဆိုင်ရှေ့ကြည့်လိုက်တော့ ပြုံးနေသည့် ဒေါ်မြသက်မော်။ ကားပေါ်ကဆင်းပြီး သန်းသန်းညွန့်က ဒေါ်မြသက်မော်ကို "ဖိနပ်တစ်ရန်ဝယ်ချင်လို့ ဘယ်မှာဝယ်ရမလဲ" မေးသည်။ ဒေါ်မြသက်မော်က သန်းသန်းညွန့်ကို ဈေးဘက်ခေါ်သွားသည်။ ဆီးသွားချင်သဖြင့် ကလောဘက်အထွက်အတန်ငယ်လျှောက်ပြီး လမ်းဘေးတွင်ရပ်ထားသည့်ကားကြီးအကွယ်တွင် ဆီးသွားခဲ့သည်။ မိခိုင်ထမင်းဆိုင်ရှေ့ပြန်ရောက်တော့ ဒေါ်မြသက်မော်ရဲ့သမီးငယ် ဟယ်မီကောတစ်ယောက်နဲ့ ကားဒရိုင်ဘာသာတွေ့ရသည်။ "ပြန်မရောက်ကြသေးဘူးလား" မေးစဉ်မှာပင် ကားလမ်း ဖြတ်လာသည့် သန်းသန်းညွန့်နှင့် ဒေါ်မြသက်မော်ကို တွေ့ရသည်။ သန်းသန်းညွန့်လက်ထဲမှာက ခွာလန်သည့်ဖိနပ်တစ်ရန်ကိုင်လို့။

တက္ကစီကားပေါ်တက်ကြပြီး မြို့စွန်က ဒေါ်မြသက်မော်တို့ခြံကိုသွားကြသည်။ ခြံဝတွင်ကားရပ်ပြီး ခြံထဲဝင်ဈေးဝယ်ရင်း ဒေါ်သန်းသန်းညွန့် စည်းရုံးခဲ့ပုံရသည်။ ပင်းတယဘုရားဖူး ဒေါ်မြသက်မော်တို့သားအမိလိုက်မယ်တဲ့။

ဒေါ်မြသက်မော်က ပင်းတယမသွားမီ သူ့အိမ်တွင် ထမင်းစားသွားရန်ပြောသေးသည်။ ကျွန်တော်က ထမင်းမစားဘဲ လက်ဖက်ရည် သာသောက်မည် ပြောသည်။ လက်ဖက်ရည်တစ်ခွက်စီသောက်ကြသည်။ လက်ဖက်ရည်တည်ခင်းသည့် မိန်းကလေးကိုတွေ့တော့ ဒေါ်မြသက်မော်နဲ့ မျက်နှာချင်းဆင်သည်။ တောင်ကြီးတွင် သူ့ခင်ပွန်းဦးအယ်ဘေကောနှင့်အတူ တွေ့ခဲ့သူက သမီးကြီး။ ယခုအိမ်မှာတွေ့ရသူတွေက သမီးလတ်နှင့် သမီးငယ်တို့ ဖြစ်သည်။

တက္ကစီရှေ့ခန်းက ဒေါ်မြသက်မော်နှင့် ဒရိုင်ဘာ၊ နောက်ခန်းက ကျွန်တော်တို့သုံးယောက်၊ ရှေ့ခန်းက ဒေါ်မြသက်မော်နှင့် ဒရိုင်ဘာ စကားအပြန်အလှန်ပြောကြရာ စက်သံကြောင့်ရော နားလေးတာကြောင့်ပါ သဲသဲကွဲကွဲမကြားရပါ။

အောင်ပန်းမြို့အထွက် ဘယ်ဘက်တွင် မြေပြုပြင်ဆဲ ကျောင်းဝင်းတစ်ခုကို တွေ့ရသည်။ ဒေါ်မြသက်မော်က မဟာစည်သာသနာ့ရိပ်သာကျောင်းခွဲဟုညွှန်ပြသည်။ ကတ္တရာလမ်းက အသွားအလာများလွန်းသဖြင့် ပျက်နေပြီ။ ယခင်လိုကားမြန်မြန်မောင်းမရ။ မှန်မှန်ထိန်းမောင်းနေရသည်။ ကားလမ်းက အနိမ့်အမြင့်၊ အကွေ့အကောက်တွေများသည်။ မိုးကတဖွဲဖွဲရွာနေသည်။ လမ်းဘေးဝဲယာတွင် တောင်ကုန်းနိမ့်လျောတွင် ယာကွက်များ၊ ခြောက်နေသည့် ငုတ်တိုများက ဂျုံပင်ငုတ်တိုများဖြစ်မည်။ အချို့ရွာများတွင် ဂေါဖီမျိုးပင်ငယ်များကို စိမ်းစိမ်းစိုစိုတွေ့ခဲ့ရသည်။ ရွာတိုင်းလိုလိုတွင်တွေ့ရသည်က ဝါးရုံပင်များဖြစ်သည်။

သန်းသန်းညွန့်က "ဘာဝါးတွေလဲ" မေးသည်။ "ဝါးရား" ဟု မှန်းပြောလိုက်သည်။ ဝါးဘိုးမဟုတ်တာတော့သေချာသည်။ လမ်းဘေးမြေနီနီတွင် မရမ်းရောင်ပန်းပင်ငယ်များအလေ့ကျပေါက်နေသည်ကို မကြာခဏတွေ့ရသည်။ ဟိုအဝေးတောင်ပေါ်တွင်လည်း စေတီပုထိုးများအစီအရီဖြင့်တွေ့ရသည်။

(ရှေ့လဆက်ပါမည်။)

သခင်တင်မြ

ယခင်လမှအဆက်

အလှမယ်ဘွဲ့ရ Oprah Winfrey

သူဌေးဖြစ်နည်း လှုပ်ရှားချက် ၁၆

ဦးလှဝင်း (လေသူရဲတစ်ဦး)

ကသိ အထူးဦးစားပေးပြီး အများအကျိုးအတွက် လုပ်ခဲ့တာတွေကတော့ မိန်းမတွေအတွက်ပါ။ မိန်းမတွေအထဲမှာမှ အထူးသူဦးစားပေးခဲ့တာကတော့ အိမ်ထောင်ရှင်အမျိုးသမီးတွေအတွက်ပါ။

သူလုပ်ခဲ့တဲ့ ကောင်းမှုတွေကတော့ သမိုင်းတွင်မယ့်လုပ်ရပ်တွေအဖြစ်တောင် သတ်မှတ်နိုင်ပါတယ်။

သူမ အဓိကဆော်ဩ (Advocate) လုပ်ပေးခဲ့တာကတော့ အမြတ်အစွန်း လုံးဝမရှာတဲ့ အဖွဲ့အစည်း (Non-profit Organization) တွေအတွက်ပါ။

ကသိဟာ အလွန်လည်း စကားပြောကောင်းတဲ့ အမျိုးသမီးပါ။ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့မှာ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးရဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့လူငယ်စည်းဝေးပွဲ (4th Annual Youth Assembly) မှာ လူငယ်တွေရဲ့ အနာဂတ်မျှော်မှန်းနိုင်တဲ့ အောင်မြင်မှုတွေနဲ့ပတ်သက်ပြီး မိန့်ခွန်းတက်ပြောခဲ့ဖူးပါတယ်။ ODSS အမျိုးသမီးညီလာခံ၊ Ernst and Young Entrepreneur Awards ဆုပေးပွဲ၊ Comerica Bank's Womens Initiative ပွဲနှင့် Women in the Millionaire Zone ပွဲတွေမှာ သူမဟာ အဓိက ဖွင့်ပွဲအမှာစကားပြောခဲ့ရတဲ့ အမျိုးသမီးပါ။ Carnival Cruise Lines ဆိုတဲ့ သင်္ဘောလိုင်းကြီးဟာ ကရေဗီယံပင်လယ်ပြင်မှာသွားနေတဲ့ ကမ္ဘာ့ကျော် အကြီးဆုံးဧဒိမ်ခံသင်္ဘောလိုင်းကြီးပါ။ သူမဟာ ဒီနာမည်ကြီးဧဒိမ်ခံသင်္ဘောလိုင်းကြီးရဲ့ ၂၂ စင်းမြောက် M.S. Carnival Freedom ဆိုတဲ့ သင်္ဘောကြီးရဲ့ Godmother အဲ . . . မိခင်ဘွဲ့ကို အပ်နှင်းခြင်းခံထားရပါတယ်။

UCLA အမျိုးသမီးအဖွဲ့ကြီးက ကသိကို အမေရိကန်ပြည်ထောင်စုရဲ့ အမျိုးသမီးကျန်းမာရေးနှင့်ပတ်သက်ပြီး စွမ်းဆောင်သူများတွင် အမြင့်ဆုံး ၁၀ ဦးအဲ . . . Top 10 မှာ ပါဝင်သူတစ်ဦးအဖြစ် သတ်မှတ်ထားပါတယ်။

သူမကို ဖျော်ဖြေမှုလုပ်ငန်းရှင်များအဖွဲ့ (Entertainment Industry Foundation)၊ နောက် အမျိုးသမီးကျန်းမာရေး ကူညီစောင့်ရှောက်သူများအဖွဲ့ (Women's Health Issues)၊ နောက် အမေရိကန် အမျိုးသမီးကင်ဆာသုတေသန တပ်ပေါင်းစု (National Women's Cancer Research Alliance) အဖွဲ့တွေရဲ့သံအမတ်ကြီးအဖြစ် ခန့်အပ်ထားပါတယ်။ နောက် အမေရိကန်ကလေးများ အားကစားနှင့် ဖျော်ဖြေရေးအဖွဲ့မှာလည်း သူမဟာ ဥက္ကဋ္ဌဖြစ်ပါတယ်။ Hope မြို့ရဲ့သံအမတ်ကြီး (Ambassador of Hope, for the City of Hope) ဟာလည်း သူမပါပဲ။ သူမဟာ အမေရိကန် အမျိုးသမီးများ နောက် ကလေးများရဲ့ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး အလွန်စိတ်ဝင်စားပါတယ်။ တက်တက်ကြွကြွ အမြဲပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

ကသိဟာ မော်ဒယ်လ်ဘဝ အဲ . . . အလှမယ်ဘဝကစပြီး နာမည်ကြီးလာခဲ့တဲ့ ပုဂ္ဂိုလ်ဆိုပေမယ့် ဒီနေ့ အမေရိကန်ပြည်ထောင်စုရဲ့ အများအကျိုးဆောင်ရွက်တဲ့လုပ်ငန်းဇာတ်ခုံမှာလည်း အလွန်နာမည်ကြီးပါတယ်။

အဲ . . . ဒါဖြင့်ရင် ကေသီကို ဒီနေ့ အမေရိကန်ပြည်ထောင်စုရဲ့ အနုပညာလောကမှ သူဌေးကြီးဖြစ်လာတဲ့ အမျိုးသမီးတွေအထဲမှာ အထင်ရှားဆုံး အမျိုးသမီးကြီး အဖြစ် သတ်မှတ်လို့ရနိုင်မလား။

မရဘူး ခင်ဗျာ။

ဒီနေ့ အမေရိကန်ပြည်ထောင်စုမှာ သူမထက်ပိုပြီး နာမည်ကြီးတဲ့ အနုပညာလောကမှ ပေါ်ထွက်လာတဲ့ တခြားသူဌေးမကြီးတစ်ဦး ခံနေပါတယ်။

Oprah Winfrey ဆိုတဲ့ အမျိုးသမီး သူဌေးမကြီးပါ။ သူမကို အမေရိကန်တစ်နိုင်ငံလုံးက အော်ပရာ (Oprah) လို့ပဲ ခေါ်ကြတယ်၊ သိကြတယ်။

ကေသီက ဒီနေ့ အသက် ၄၄ နှစ် . . အော်ပရာက ဒီနေ့ ၅၄ နှစ်။ ကေသီထက် ဆယ်နှစ် အသက်ပိုကြီးပါတယ်။

နောက် လူဖြူမဟုတ်ဘူးခင်ဗျာ။

ကပွလီ လူမည်းပါ။

နောက် ဘဝစလာပုံ၊ ဘဝကိုရုန်းကန်လာပုံမှာလည်း ကေသီထက်ပိုဆိုးပါတယ်။ ကေသီထက် ပိုအခက်အခဲတွေ့ခဲ့ပါတယ်။

ကေသို့ဘဝက သုညက စခဲ့တယ်ဆိုရင် အော်ပရာဘဝက သုညအနုတ် (Zero-minus) က စခဲ့တယ်လို့ ပြောရပါမယ်။

ကေသီက မိစုံဖစုံ၊ နောက် မောင်စုံညီမစုံနဲ့ မွေးခဲ့တာ။

အော်ပရာက တရားဝင် လက်ထပ်မထားတဲ့ကလေးသာသာအရွယ် လူငယ်မိဘနှစ်ပါးက မွေးခဲ့တာ။ ပိုပြီးပေါ်လွင်အောင် ရေးပြရရင်တော့ အရွယ်မရောက်သေးတဲ့ မိန်းကလေးနဲ့ ယောကျ်ားလေး မှားကြပြီး အော်ပရာကို သန္ဓေတည်တာ၊ မွေးတာ။ အလုပ်အကိုင်တွေကိုလည်း ကြည့်ပါဦး။ အမေက အိမ်ဖော်၊ အဖေက ကျောက်မီးသွေးတွင်းအလုပ်ကြမ်းသမား၊ နောက် ဆံပင်ညှပ်သမား . . . ။

ကေသီက ကျောင်းနေနိုင်တယ်။

အော်ပရာက ကျောင်းမနေနိုင်ဘူး။

ဘဝစလာပုံ၊ လူ့လောကထဲ စတိုးရပုံ အခန်းမှာ အော်ပရာက ကေသီထက် အများကြီးပိုဆင်းရဲတယ်။ အများကြီး ဒုက္ခတွေ့ခဲ့တယ်။

ဘယ်လောက်တောင်ဆိုးတဲ့ဒုက္ခတွေလည်းဆိုရင် အသက်ကိုးနှစ်အရွယ်မှာ မုဒိမ်းကျင့်ခံထားရပြီးပြီ။

၁၄ နှစ်သမီးအရွယ်မှာ ယောကျ်ားလက်ညှိုးထိုးပြစရာမရှိဘဲ ကလေးမွေးတယ်။ သူ့ကလေးက မွေးစအရွယ်မှာပဲ ဆုံးတယ်။

ဒါပေမဲ့ အော်ပရာဟာ ကေသီထက် ဒီနေ့ ပိုနာမည်ကြီးတယ်။ ပိုချမ်းသာတယ်။ သြဇာအာဏာပိုရှိတယ်။

၂၀၀၇ ခုနှစ်အတွင်းမှာ အော်ပရာရဲ့ တစ်နှစ်လစာဟာ ဒေါ်လာ သန်း ၂၆၀ ရှိတယ်။

အော်ပရာဟာ အာဖရိကန္နယ်ဖွား အမေရိကန်တွေအထဲမှာ အချမ်းသာဆုံး ပုဂ္ဂိုလ်ပါ။ သူမကို ၂၀ ရာစုရဲ့ အချမ်းသာဆုံး အာဖရိက–အမေရိကန် (the richest American of the 20th century) လို့ သတ်မှတ်ထားတယ်။

အများအကျိုးဆောင်ရွက်တဲ့ဆီမှာလည်း အထင်ရှားဆုံး အာဖရိကန္နယ်ဖွား အမေရိကန် (the most philanthropic African American of all time) လို့ သတ်မှတ်ထားပါတယ်။

သုံးနှစ်ဆက်ပြီး တစ်ယောက်ထဲရှိတဲ့ ကမ္ဘာ့လူမည်းကုဋေကြွယ်သူဌေးကြီး (the world only black billionaire for three straight years) လို့ သတ်မှတ်ခံထားရပါတယ်။

အနုပညာနဲ့ပတ်သက်ပြီး ရခဲ့ဖူးတဲ့ဆုတွေ အများကြီး။ ရုပ်မြင်သံကြားမှာ သူမသရုပ်ဆောင်တဲ့ talk show ကတော့ ရုပ်မြင်သံကြားသမိုင်းမှာ အကောင်းဆုံး၊ အမြင့်ဆုံး talk show အဲ . . . the highest - rated talk show in the history of television

The Oprah Magazine **မျက်နှာဖုံးပေါ်က** Oprah

လို့ သတ်မှတ်ထားပါတယ်။

သူမ ဘယ်လို ကုဋ္ဌေကြွယ်သူဌေးကြီး ဖြစ်လာရတာလဲ။

သူမဘဝက အလွန်စိတ်ဝင်စားဖို့ ကောင်းတယ်ခင်ဗျာ။ ကေသီရဲ့ အောင်မြင်မှုများနဲ့ယှဉ်ပြီး အော်ပရာရဲ့ အောင်မြင်မှုတွေကို အလွန်စနစ်တကျ လေ့လာသင့်ပါတယ်။

သူဌေးဖြစ်နည်း လျှို့ဝှက်ချက်တွေက ဘာလဲဆိုတာကိုလည်း အထင်အရှားမြင်တွေ့လာမှာ ဖြစ်ပါတယ်။

'အစကောင်းမှ အနှောင်းသေချာမယ်' ဆိုတဲ့ မြန်မာစကားပုံရှိပါတယ်။

လူဘဝကိုလည်း စမွေးလာပုံ၊ စကြီးပြင်းလာပုံတွေမှန်မှ ကျန်ဘဝမှာ အောင်မြင်လိမ့်မယ်လို့ ထင်ခဲ့ကြပါတယ်။

အော်ပရာဘဝရဲ့ စပုံက အလွန်ဆိုးပါတယ်။ လုံးဝမကောင်းခဲ့ပါဘူး။ မွေးဖွားခဲ့ပုံလည်းမကောင်းဘူး။ ကလေးဘဝ ဖြတ်သန်းခဲ့ရပုံတွေလည်း လုံးဝမကောင်းဘူး။

ကြည့်ပါ။

အော်ပရာကို ၁၉၅၄ နှစ်မှာ မွေးပါတယ်။ မွေးတဲ့ သက္ကရာဇ်အတိအကျကတော့ ၂၉-၁-၁၉၅၄ ဖြစ်ပါတယ်။

Oprah Winfrey ရဲ့ နာမည်အမှန်က Oprah မဟုတ်ပါဘူး။ Orpah ပါ။ ခရစ်ယာန် ဓမ္မသကျမ်းစာထဲမှာပါတဲ့ အမည်တစ်ခုပါ။ Orpah ဆိုတဲ့အမည်က အသံထွက်ရခက်နေလို့ အော်ပရာ Oprah ဖြစ်သွားပါတယ်။

အများအကျိုးဆောင်ရွက်သူတစ်ဦးလည်းဖြစ်သည်

အော်ပရာကို အမေရိကန်ပြည်ထောင်စု Missisippi ပြည်နယ် Kosciusko မြို့မှာ မွေးပါတယ်။ အော်ပရာ မိခင်နဲ့ ဖခင်က သူမကိုမွေးတဲ့အချိန်မှာ လက်ထပ်ခွင့်မရသေးတဲ့ အရွယ်မရောက်ကြသေးတဲ့ လူပျိုပေါက်၊ အပျိုပေါက်အရွယ်တွေပါ။ သူမရဲ့မိခင်နာမည်က Vernita Lee ။ သူမဖခင်နာမည်က Vernon Winfrey ပါ။ အမေက အိမ်ဖော်လုပ်ပါတယ်။ အဖေက သူမအမေနဲ့ မှားတဲ့အချိန်မှာ ကျောက်မီးသွေးတွင်းအလုပ်ကြမ်းသမား။ သူမအဖေက နောက်ပိုင်းမှာ ဆံပင်ညှပ်သမားလုပ်တယ်။ နောက် စစ်သားဖြစ်သွားတယ်။

အော်ပရာရဲ့ အဖေနဲ့ အမေက သူမကိုမွေးပြီးကတည်းက အတူမနေကြပါဘူး။ ကွဲနေပါတယ်။ အော်ပရာက သူ့မိခင်နဲ့ လိုက်နေရပါတယ်။ သူမရဲ့မိခင်က အိမ်ဖော်လုပ်ရတဲ့အတွက် အိမ်မှာလည်းမနေရဘူး။ အော်ပရာကိုမွေးပြီး ပထမခြောက်နှစ်လုံးလုံး အဘွားနဲ့အတူ အလွန်ဆင်းရဲတဲ့ဘဝမှာ နေခဲ့ရပါတယ်။ ကလေးဘဝက ဘယ်လောက်ဆင်းရဲသလဲဆိုရင် အင်္ကျီအဝတ်အစားကို အဝတ်ကောင်းနှင့်မချုပ်ဝတ်နိုင်ဘူး။ အာလူးထည့်တဲ့အိတ်အဟောင်းကို ပိတ်စလုပ်ချုပ်တဲ့အဝတ်တွေကိုပဲ ဝတ်ခဲ့ရပါတယ်။ ဒီလို အဝတ်စုတ်ဝတ်ပြီး သွားလာနေရတဲ့အတွက် အော်ပရာဟာ ကလေးဘဝက အလွန်မျက်နှာငယ်ပါတယ်။ ကလေးချင်းစတာ၊ ပြောင်တာတွေကိုလည်း အမြဲခံရတယ်။ ငယ်စဉ်က ကျောင်းမနေနိုင်ဘူး။ ဒါပေမဲ့ သူမရဲ့အဘွားက သူမကို သုံးနှစ်သမီးအရွယ်ကစပြီး စာရေးစာဖတ်ကို အိမ်မှာသင်ပေးပါတယ်။

အော်ပရာ မွေးစက နေရတဲ့ရပ်ကွက်က Kosciusko မြို့နဲ့ တော်တော်ဝေးပါတယ်။ ခြောက်နှစ်သမီးအရွယ်ရောက်မှ မြို့အစပ်ကို ပြောင်းခဲ့ရပါတယ်။

အော်ပရာရဲ့ ပြန်ပြောပြချက်တွေအရ သူမကိုးနှစ်သမီးအရွယ်မှာ လူသုံးယောက်ရဲ့ မုဒိမ်းကျင့်တာကို ခံခဲ့ရပါတယ်။ မုဒိမ်းကျင့်တဲ့လူတွေက သူမရဲ့ ဦးလေးအရင်း၊ နောက် သူမရဲ့အစ်ကိုဝမ်းကွဲ၊ နောက် သူမမိသားစုနဲ့ ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်တဲ့။

Time **မဂ္ဂဇင်းမျက်နှာဖုံးပေါ်က** Oprah

သူမရဲ့ဘဝအစက လုံးဝအဆင်မပြေပါဘူး။ အမေနဲ့လည်း တစ်ခါမှအတူ မနေရဘူး။ အဘွားနဲ့ပဲ အတူနေခဲ့ရတယ်။ သူမကံကောင်းတာက ဉာဏ်သိပ်ကောင်းတယ်။ ကျောင်းနေတော့ အတန်းနှစ်တန်းကို ကျော်ပြီးနေရတယ်။ ၁၃ နှစ်သမီးမှာ Nicolet ဆိုတဲ့ အထက်တန်းကျောင်းရဲ့ ပညာသင်ဆုကို ရတယ်။ ဒီကျောင်းက Kosciusko မြို့ရဲ့ မြို့စွန်ရပ်က ကျောင်းပါ။ ကျောင်းမှာလည်း စာတော်တဲ့အတွက် အော်ပရာဟာ နာမည်ကြီးကျောင်းသူတစ်ဦးပါ။ ၁၄ နှစ်သမီးအရွယ် အဲ . . . အပျိုပေါက်အရွယ်မှာ လူငယ်တစ်ယောက်နဲ့မှားပြီး ကိုယ်ဝန်ရှိပါတယ်။ ကလေးတစ်ယောက် မွေးတယ်။ ကလေးက မွေးစအရွယ်မှာဆုံးသွားတယ်။

အဲဒီ ကလေးမွေးတဲ့ပြဿနာဖြစ်လာတဲ့အတွက် အော်ပရာ့အမေက အော်ပရာကို သူမဖခင်ရှိတဲ့ တနစ်စီပြည်နယ်မှာရှိတဲ့ Nashville မြို့ကို ပို့လိုက်ပါတယ်။ ဆက်မမွေးထားနိုင်လို့ အဖေ့ဆီပို့ပစ်လိုက်တယ်ဆိုပါတော့။ အော်ပရာ့ အဖေက သူ့သမီးက စာတော်တယ်၊ ဉာဏ်ကောင်းတယ်ဆိုတာကို သိတဲ့အခါ ပညာရေးကို အားပေးတယ်။ အော်ပရာကလည်း ကျောင်းစာကို ကြိုးစားတယ်။ တစ်တန်းလုံးမှာ အတော်ဆုံးကျောင်းသူဖြစ်လာတယ်။ စကားစစ်ထိုးပွဲတွေမှာ ဝင်ပြိုင်တယ်။ အော်ပရာနိုင်တယ်။ စကားပြောသိပ်ကောင်းတယ်လို့ အများကချီးကျူးတာကို ခံရတယ်။ နောက် တနစ်စီပြည်နယ် တက္ကသိုလ် Tennessee State University ကပေးတဲ့ ပညာသင်ဆုရတယ်။ ဒီတက္ကသိုလ်က အမေရိကန်မှာ လူမည်းတွေရဲ့ သမိုင်းဝင် တက္ကသိုလ်။ အဲဒီတက္ကသိုလ်ကို ဆက်တက်တယ်။ ၁၈ နှစ်သမီးအရွယ်မှာ တနစ်စီပြည်နယ် လူမည်းအလှမယ်ဘွဲ့ကိုရတယ်။

အဲဒီအလှမယ်ဘွဲ့ကို ရလိုက်တာ အော်ပရာဘဝကို ဆွဲတင်ပေးလိုက်တာပဲခင်ဗျာ။ သူမရဲ့တက္ကသိုလ်မှာ သူမဟာ နာမည်ကြီးအလှမယ်ဖြစ်လာတယ်။ WVOL လို့ ခေါ်တဲ့ လူမည်းရေဒီယိုအသံလွှင့်ဌာနတစ်ခုက သူမကို အချိန်ပိုင်းအလုပ်ပေးလိုက်တယ်။

အော်ပရာဟာ သတင်းအသံလွှင့်တဲ့ အလုပ်ကို အလွန်ဝါသနာပါတယ်။ သူမဟာ အဲဒီအချိန်က အသက်အငယ်ဆုံး သတင်းအသံလွှင့်တဲ့သူပါ။ နောက် WLAC ရုပ်မြင်သံကြားက သူမကိုအလုပ်ပေးတယ်။ ပထမဆုံး လူမည်းအမျိုးသမီး တီဗီအသံလွှင့်ပညာသည်ဖြစ်လာတယ်။ နောက် WJZ-TV တီဗီက အလုပ်ပေးတယ်။

တကယ်တော့ အော်ပရာဟာ မီဒီယာ အလုပ်ကို မွေးကတည်းက ပါရမီရှိခဲ့သူလို့ ပြောနိုင်ပါတယ်။ သူမငယ်စဉ်ဘဝ အဘွားနဲ့ ဆင်းဆင်းရဲရဲနေခဲ့ရတဲ့အချိန်ကတည်းက လည်း တနင်္ဂနွေ ဘုရားကျောင်းသွားရင် စင်မြင့်ပေါ်တက်ပြီး အမြဲသီချင်းဆိုခဲ့ရပါတယ်။ သူမအသံကို လူတိုင်းချီးကျူးတာကို ခံခဲ့ရပါတယ်။

ဒါကြောင့်လည်း အော်ပရာဟာ ရုပ်မြင်သံကြား (တီဗီ) လောကမှာ အချိန်တို့ကလေးနဲ့ အောင်မြင်မှုတွေ အမျိုးမျိုးရခဲ့တယ်ခင်ဗျာ။

၁၉၈၃ ခုနှစ်မှာ သူမ ချီကာဂိုမြို့ ရုပ်ရှင်အသံလွှင့်ဌာနကိုပြောင်းပြီး အမှုထမ်းရတယ်။ သူမ အမှုထမ်းရတဲ့ တီဗီက WLS-TV။ အစပိုင်းမှာ မနက်ဘက် လူတွေ အိပ်ရာမထကြသေးတဲ့ အချိန်မှာ နာရီဝက် လောက်လွှင့်တဲ့သတင်းမျိုးကို ကိုင်ရတယ်။

၁၉၈၄ ခုနှစ် ဇန်နဝါရီလကစပြီး

ယနေ့အသက် ၅၀ ကျော်အရွယ် Oprah

AM Chicago ဆိုတဲ့ အစီအစဉ်ကို သူမဦးဆောင်ပြီး လွှင့်ခွင့်ရတယ်။ လပိုင်းအတွင်းမှာ သူမကိုင်တဲ့ အစီအစဉ်က သိပ်အောင်မြင်သွားတယ်။ ချီကာဂိုမြို့မှာ လူကြိုက်အများဆုံးအစီအစဉ်တစ်ခု ဖြစ်လာတယ်။

ချက်ချင်းပဲ သူမကိုင်တဲ့ အစီအစဉ်ကို 'The Oprah Winfrey Show' ဆိုပြီး အမည်ပြောင်းလိုက်တယ်။ လူအများက ဝိုင်းတောင်းဆိုတဲ့အတွက် နေ့စဉ်နာရီဝက်သာ အသံလွှင့်ခွင့်ပေးထားတဲ့ အစီအစဉ်ကို တစ်နာရီအစီအစဉ်အဖြစ် ပြောင်းလိုက်ရတယ်။ ချီကာဂိုမြို့ဆိုတာ အမေရိကန်ပြည်ထောင်စုမှာ အလွန်ကြီးတဲ့ မြို့ကြီးခင်ဗျာ။ ဒါကြောင့် Oprah Winfrey ဆိုတဲ့အမည်ကလည်း ချက်ချင်း လူအများသိတဲ့ နာမည်ဖြစ်လာပြီ ဆိုပါတော့။

အဲဒီအစီအစဉ်ကို ပြည်နယ်အတွင်း လွှင့်တဲ့ အစီအစဉ်ကနေပြီး ၁၉၈၆ ခုနှစ် စက်တင်ဘာလကစပြီး တစ်နိုင်ငံလုံးကို လွှင့်တဲ့ အစီအစဉ်အဖြစ် ပြောင်းလိုက်ပါတယ်။

အော်ပရာဟာ ချက်ချင်းနိုင်ငံသိ ပညာရှင်ဘဝကို ရောက်သွားခဲ့တာပေါ့ခင်ဗျာ။

(ဆက်လက်ဖော်ပြပါမည်။)

ဦးလှဝင်း (လေသူရဲတစ်ဦး)